ရွှေသာပေါင်းစာစဉ်(၈)

သမားဆိုဒိုမှ သကြားဆိုချိုမှ

# တရားဆိုတိုမှ

ဆိုတဲ့ ......

# လက်ရွေးစင်

တရားတော်များ

အရှင်ဉာဏဝရ(သာပေါင်း) စုစည်းပူဇော်သည်

# ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက် ◉ ၃၂၀၆၇၉၀၂၀၈

မျက်နှာဖုံးခွင့်ပြုချက် ◉ ၃၂၀၆၈၇၀၂၀၈

မျက်နှာဖုံးပန်းချီ ◉ ကိုမြင့်စိုး(လင်း)

အကြိမ် ◉ ပထမအကြိမ်
၂၀၀၈ခုနှစ်၊ စက်တင်ဘာလ

အုပ်ရေ ◉ ၁၀၀၀

ကွန်ပျူတာစာစီ ◉ ရွှေလမင်းကွန်ပျူတာ
(သာကေတ)

ထုတ်ဝေသူ ◉ ဦးကျော်ဟင်း (ယုံကြည်ချက်စာပေ)
အမှတ်(၁၁)၊ (၃၃) လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ◉ ဦးတင်အောင်ကျော်
စွယ်တော်ပုံနှိပ်တိုက်
အမှတ်(၈၇)၊ (၅၆)လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

ဖြန့်ချိရေး ◉ ဇမ္ဗူဒီပစာပေ
ရွှေတိဂုံဘုရားအရှေ့မုခ်
ဗဟန်း၊ ရန်ကုန်။
ဖုန်း– (ဆိုင်) ၃၇၈၆၂၃
(အိမ်) [illegible]၁၈၃၃/၂၃၇

တန်ဖိုး ◉


# မာတိကာ


✦ စိစဉ်သူအမှာစကား
၁။ အကျိုးကြီးလှ ဆွမ်းဒါန တရားတော် ➡ ၁
၂။ ရောဂါကင်းလိုကျောင်းဆောက်လှူ တရားတော် ➡ ၆
၃။ မသေခင်က နတ်ဗိမာန်ရ တရားတော် ➡ ၁၅
၄။ ခြေလှမ်းတိုင်းကြွ ကုသိုလ်ရ တရားတော် ➡ ၂၁
၅။ အလှူနည်းလည်း ချမ်းသာမြဲ တရားတော် ➡ ၂၈
၆။ ပန်းတစ်ပွင့်လှူသွား အကျိုးများ တရားတော် ➡ ၃၁
၇။ ဆေးတစ်ခွက်လှူက အကျိုးရ တရားတော် ➡ ၃၄
၈။ ဆေးလှူစွမ်းအား နိဗ္ဗာန်သွား တရားတော် ➡ ၃၇
၉။ သစ်သီးတစ်လုံးလှူက အပါယ်မကျ တရားတော် ➡ ၄၀
၁၀။ ရေတစ်ခွက်ကြောင့် နိဗ္ဗာန်ရောက် တရားတော် ➡ ၄၂
၁၁။ မီးတစ်ပွင့်လှူက အကျိုးရ တရားတော် ➡ ၄၄
၁၂။ ဝမ်းမြောက်စရာ ရှင်ရဟန်းဒကာ တရားတော် ➡ ၄၈
၁၃။ ရှင်ပြုရဟန်းခံ အကျိုးမြန် တရားတော် ➡ ၅၃
၁၄။ အကျိုးပေးသန် ရှင်ပြုရဟန်းခံ တရားတော် ➡ ၅၅
၁၅။ ချီးမြှောက်တရား နိဗ္ဗာန်သွား တရားတော် ➡ ၅၈
၁၆။ မသေခင်က နတ်ရထားပြင် တရားတော် ➡ ၆၆
၁၇။ သာသနာအမွေခံ အကျိုးမြန် တရားတော် ➡ ၇၉
၁၈။ အမြတ်ဆုံးက သာသနာ့အမွေ တရားတော် ➡ ၈၇
၁၉။ မြတ်လှကထိန် လှူချိန်ဝယ် တရားတော် ➡ ၉၈

၂၀။ ကထိန်လှူဒါန်း နိဗ္ဗာန်လှမ်း တရားတော် ➡ ၁၀၄
၂၁။ သက်နှင်းမလှူ ဟောဘိကျွ အခေါ်မခံရ တရားတော် ➡ ၁၁၉
၂၂။ ကထိန်လှူပြား အကျိုးပွား တရားတော် ➡ ၁၃၄
၂၃။ သင်္ကန်းလှူက လိုတရ တရားတော် ➡ ၁၄၂
၂၄။ ပေး၍မကုန် ကထိန်ဂုဏ် တရားတော် ➡ ၁၅၃
၂၅။ ဘုရားသော်မှ မလွတ်ရ တရားတော် ➡ ၁၆၈
၂၆။ သေခြင်းပူပန် မဖြစ်ရန် တရားတော် ➡ ၁၇၁
၂၇။ အသုဘရှုပွား ရွှေငွေတိုးသွား တရားတော် ➡ ၁၇၅
၂၈။ သေမင်းမလာခင် ကြိုတင်ပြင် တရားတော် ➡ ၁၈၈
၂၉။ သားသေရှုပွား နိဗ္ဗာန်သွား တရားတော် ➡ ၁၉၁
၃၀။ ဆင်းရဲကင်းပျောက် ချမ်းသာရောက် တရားတော် ➡ ၁၉၉
၃၁။ အချစ်သောက တရားရ တရားတော် ➡ ၂၀၆
၃၂။ သားသေသောက ဉာဏ်အမြင်ရ တရားတော် ➡ ၂၁၃
၃၃။ သေမင်းလွတ်မှ ချမ်းသာရ တရားတော် ➡ ၂၁၉
၃၄။ သချိုင်းဟောင်းလွတ်ရာ ရှာမရ တရားတော် ➡ ၂၂၂
၃၅။ တွေ့ဆုံကြိုကြွဲ ဝမ်းမနည်းနဲ့ တရားတော် ➡ ၂၂၈
၃၆။ နေ့ညမကွာ သေကြမှာ တရားတော် ➡ ၂၄၀
၃၇။ သေရေးဆင်ခြင် နိဗ္ဗာန်မြင် တရားတော် ➡ ၂၄၃
၃၈။ သီလစွမ်းအား နိဗ္ဗာန်သွား တရားတော် ➡ ၂၄၈
၃၉။ နေ့ဝက်သီလ အကျိုးပြ တရားတော် ➡ ၂၅၁
၄၀။ စောင့်ကြသီလ အကျိုးပြ တရားတော် ➡ ၂၅၇
၄၁။ သီလစောင့်က ချမ်းသာရ တရားတော် ➡ ၂၆၁
၄၂။ သီလကျူးလွန် အပြစ်ရှ တရားတော် ➡ ၂၆၄
၄၃။ သီလပစ်က ဒုက္ခပြ တရားတော် ➡ ၂၇၁
၄၄။ သီလလုံခြုံ အကျိုးထူး တရားတော် ➡ ၂၇၅
၄၅။ သီလစွမ်းအင် နိဗ္ဗာန်မြင် တရားတော် ➡ ၂၇၉
၄၆။ သံသရာဝဋ်တွင်း လွတ်ကင်းအောင် တရားတော် ➡ ၂၈၂


# အရှင်ဉာဏဝရ (သာပေါင်း)
## ရေးသားပြုစု စီစဉ်ထုတ်ဝေသော စာအုပ်များ


























# အရှင်ဉာဏဝရ (သာပေါင်း)
## ရေးသားပြုစု စီစဉ်ထုတ်ဝေသော စာအုပ်များ






















# ကျေးဇူးတော်ဝင်

ဤကျမ်းစာဖြင့် ဗုဒ္ဓ ဓမ္မ သံဃာ ရတနာမြတ်သုံးပါးနှင့် ကျေးဇူး အထူးရှိကြသော ညောင်လွန့်ဆရာတော် အရှင်သောဘိတာစာရ အားလည်းကောင်း၊ ပဲခူး သာသနာ့မဏ္ဍိုင်ကျောင်းတိုက် ဆရာတော် အရှင်ပညာဇောတ အားလည်းကောင်း၊ အမရပူရ မဟာဂန္ဓာရုံ နာယကချုပ် ဆရာတော် အရှင်ကုဏ္ဍလာဘိဝံသ အားလည်းကောင်း၊ ကျိုက္ကလော့ဆရာတော် ဒေါက်တာ အရှင်စန္ဒာဝရာဘိဝံသ အားလည်းကောင်း၊ ခြောက်ထပ်ကြီး မဏိရတနာကျောင်းဆရာတော် အရှင်ပဏ္ဍိတ အားလည်းကောင်း၊ သာပေါင်းမြို့ မြို့ဦးဆရာတော် အရှင်ကေလာသ အားလည်းကောင်း၊ ခမည်းတော် ဦးတင်ရှိန်နှင့် မယ်တော် ဒေါ်ထားရင်တို့အား လည်းကောင်း၊ သင်ဆရာ မြင်ဆရာ ကြားဆရာများ ကျေးဇူး အနန္တ ဘဝအဆက် ရှိခဲ့ဖူးသော ကျေးဇူးရှင်များ၊ ယခုဘဝမှာ တော်စပ်နေသော ကျေးဇူးရှင်များ၊ အထူး ကျေးဇူး တင်ထိုက်သော ပုဂ္ဂိုလ်များအားလုံး အသခေျ် အနန္တ. များပြားလှစွာသော ကျေးဇူးရှင်များကို ဤကျမ်းစာဖြင့် ကျေးဇူးသိမြင်ပြီး ဂုဏ်ကျေးဇူးကို အထူး ဂါရဝပြုလျက်...

*အရှင်ဉာဏဝရ(သာပေါင်း)*

# စီစဉ်သူ့အမှာစကား

သင်စာရှုသူများလက်ဝယ် ရောက်ရှိနေသော **"တရားဆိုတိုမှ"** ဆိုတဲ့ လက်ရွေးစင်တရားတော်များက ညောင်လွန့်ဆရာတော် အရှင်သောဘိတာစာရ မဟာထေရ်၊ ပဲခူး သာသနာ့ပဋ္ဌာန်ကျောင်းတိုက် ဆရာတော် အရှင်ပညာဇောတ မဟာထေရ်၊ အမရပူရ မဟာဂန္ဓာရုံ နာယကချုပ် ဆရာတော် အရှင်ကုဏ္ဍလာဘိဝံသ မဟာထေရ်၊ ကျိုက္ကလော့ဆရာတော် ဒေါက်တာအရှင်စန္ဒာဝရာဘိဝံသ မဟာထေရ်၊ ခြောက်ထပ်ကြီး မဏိရတနာကျောင်း ဆရာတော် အရှင်ပဏ္ဍိတ မဟာထေရ်တို့ရဲ့ တရားတော်များကို စုစည်းပူဇော်ထားခြင်း ဖြစ်ပါတယ်။

ထိုသို့ ပူဇော်ခြင်းက အနယ်နယ် အရပ်ရပ်တွင် သီတင်းသုံးနေကြသော ညီတော် နောင်တော် သံဃာတော်များနှင့်တကွ စာရှုသူ ဓမ္မမိတ်ဆွေများအတွက် တိုတိုထွာထွာ လိုရာလေးကို အလွယ်တကူ ယူငင်သုံးနိုင်အောင် တင်ပြလိုက်ခြင်း ဖြစ်ပါတယ်။ ထိုသို့ တင်ပြတဲ့နေရာမှာလည်း ဆွမ်းစား ကွမ်းစား၊ သာရေးနာရေး၊ နေ့ပွဲညပွဲ တရားပွဲများကို အကယ်၍ ဒါနနဲ့စပ်သော တရားတော်များ၊ ရှင်ပြုရဟန်းခံနဲ့စပ်တဲ့ တရားတော်များ၊ ဝါဆိုပွဲ၊ ကထိန်ပွဲ စသော သင်္ကန်းအလှူနဲ့စပ်တဲ့ တရားတော်များ၊ နာရေးကိစ္စနဲ့စပ်တဲ့ တရားတော်များ၊ သီလပွဲနဲ့စပ်တဲ့ တရားတော်များ စသဖြင့် တရားတော်များကို စုံလင်စွာ စုစည်းထားပါတယ်။

တရားချစ်ခင် စိတ်ကောင်းဝင်ကြကုန်သော ဗုဒ္ဓဘာသာဝင် သူတော်စင်များ လွယ်ကူစွာ ဖတ်ရှု နာကြား၍ လိုက်နာ မှတ်သား ကျင့်ကြံ ပွားများနိုင်ရန်အတွက် မွန်မြတ်သောစေတနာဖြင့် စုစည်း တင်ပြလိုက်ပါသတည်း။

**အရှင်ဉာဏဝရ(သာပေါင်း)**

# အကျိုးကြီးလှ ဆွမ်းဒါန တရားတော်

ဆွမ်းလှူဒါန်းရင် အကျိုးဒါနငါးပါး ရတယ်ဆိုတာ အားလုံးသိကြပါလိမ့်မယ်။ ဒီအထဲမှာ တစ်ပါး အပါအဝင်ဖြစ်တဲ့...

**အန္နဒေါ ဗလဒေါ ဟောတိ။** ဆွမ်းကိုလှူက အားဗလ၊ မှုချလှူသည်မည်။

ဆိုတဲ့အတိုင်း ဆွမ်းကောင်းဘောဇဉ်စသည်ကို လှူဒါန်းကြတဲ့ သူများမှာ နိဗ္ဗာန်ရောက်ရသည်တိုင်အောင် လူနတ်တို့၏ ချမ်းသာကို ခံစားကြရစဉ် ကိုယ်အား ပစ္စည်းဥစ္စာအား ဉာဏ်အားဆိုတဲ့ အားဗလအမျိုးမျိုးတို့ကို ရစေနိုင်တယ်ဆိုတဲ့ ရှင်တော်ဘုရား၏ ဒေသနာတော်ဟာ အလွန်မှန်ကန်အားကိုး ထိုက်ပေတယ်နော်။

ထိုအကြောင်းနှင့်စပ်၍ ဝတ္ထုသာဓကလေးတစ်ခု ထုတ် ပြရပါလျှင် ငါတို့၏ ဂေါတမမြတ်စွာ ဘုရားရှင် သာသနာ ထွန်းလင်းတောက်ပရာ ဘဒ္ဒကမ္ဘာမှ ပြန်၍ရေတွက်လေသော် ကိုးဆယ့်တစ်ကမ္ဘာထက်ကာလက ဗန္ဓုမတီနေပြည်တော်ကြီး၌ ဗန္ဓုမာမင်းကြီး စိုးစံအုပ်ချုပ်၍ နေလေရာ ထိုဗန္ဓုမာမင်းကြီး၏ မိဖုရားကြီးတစ်ယောက်သည် ရတနာသုံးပါးနှင့်စပ်၍ ဝါသနာမပါ၊ ကုသိုလ်ရေးရာကို လက်လွှတ်ပြီး စားကာ သောက်ကာ နေထိုင်၍ ဝတ်ဆင်ဖြီးလိမ်းရေး၌သာ အချိန်ဖြုန်းတီးလျက် နေ့ရှိတိုင်း အာရုံငါးပါး ကာမဂုဏ်တရားတို့နှင့်သာ လိုက်စား မူးမေ့ပျော်ပါးနေခဲ့လေရာ "ချမ်းသာဟူသမျှသည် ဆင်းရဲခြင်းသာလျှင် အဆုံးရှိခဲ့သည်" ဆိုတဲ့ ရှေးစကား

အတိုင်း အို, နာ, သေရေး ဒုက္ခဘေးတွေနှင့် ရောထွေးရှုပ်ယှက်၍နေသော လောကအတွင်း တည်နေကြသော ဝေနေယျသတ္တဝါများ၏ တွေ့ရမြဲအတိုင်း မိဖုရားကြီးမှာ အပျော်ကြီးပျော် အချမ်းသာကြီး ချမ်းသာနေတဲ့ အဆုံး၌ အိုရခြင်းဆိုတဲ့ ဇရာမီးကြီးက ဖိစီးလောင်မြှိုက်လာတဲ့အခါမှာ နောက်ဘဝ ကောင်းစားရေးအတွက် မိမိသန္တာန် ကောင်းမှုကုသိုလ်ရှိမရှိ စစ်တမ်းထုတ်ခဲ့လေတယ်တဲ့။

ထိုသို့ စစ်တမ်းထုတ်တဲ့အခါမှာ မိမိ၏သန္တာန်၌ ကောင်းစားချမ်းသာမှု ကုသိုလ်ရေးထက် မကောင်းစား ဆင်းရဲဒုက္ခရောက်ကြောင်း အကုသိုလ် ဘက်က အလေးသာ လျှာထွက်နေတာကို တွေ့ရလေတော့ တုန်လှုပ် ချောက်ချား သတိသံဝေဂတရားများ ရလာသတဲ့။ သတိသံဝေဂတရားများ ရပုံမှာ–

**အာဒါယ ဂမနီယံ ဟိ၊ ကုသလံ နတ္ထိ မေ ကတံ။**

**နိရယံ နူန ဂစ္ဆာမိ၊ နတ္ထိ မေ တ္တေ့ သံသယော။**

**ဟိ၊** နောင်ခါအရေး ကြံကာတွေး၍ စိတ်လေးစရာ ကောင်းလိုက် ပုံကား။ **မေမယာ၊** ထိပ်ခေါင်တင်ဟု ခေါ်တွင်ပါရ ကျွန်တော်မသည်။ **ကတံ၊** နောင်ချမ်းသာရေး ဉာဏ်မျှော်တွေး၍ စိတ်အေးဖို့ရန် ရှာကြံပြုစု၍ ထားအပ်သော။ **အာဒါယ ဂမနီယံ၊** နောင်ဖြစ်လေရာသံသရာ၌ ချမ်းသာဖို့ အရေး ကြံတွေး မပြတ် ယူဆောင်၍ သွားအပ်သော။ **ကုသလံ၊** ဒါန, သီလာ ဘာဝနာစုစု မြတ်ကောင်းမှုသည်။ **နတ္ထိ၊** ဘယ်ဟာတစ်ခုမှ အားပြု စရာ မရှိပါချေ။ **အဟံ၊** ပျော်ပါးချိန်ကုန် ကာမဂုဏ်လိုက် ပြုလိုက်မိမှား ငါမိဖုရားသည်။ **နိရယံ၊** လူမိုက်တို့၏ ကျခံရာ ချမ်းသာလွန်နည်း ပါယ်ငရဲသို့။ **နူန ဂစ္ဆာမိ၊** အမှန်မုချ သွားရောက်ကျခံရပေတော့အံ့သတည်း။ **မေ၊** ငါမိဖုရား၏။ **တ္တေ့၊** ဤအပါယ်လေးဝ ဘုံဌာနတွင်း ကျရောက်ခြင်း၌။ **သံသယော၊** လွတ်မြောက်ဖို့အရေး ကြံတွေးမှန်းဆ ယုံမှားသံသယမျိုးသည်။ **နတ္ထိ၊** မုချပိုင်ပိုင် မရှိနိုင်တော့သည်သာတည်း။

ငါသည် မိဖုရားကြီးဟဲ့၊ ထိပ်ခေါင်တင်ကြီးဟဲ့ အစရှိသော ရောမ နာမည်ကြီးတွေနှင့် နှစ်သိမ့်အားရ ပျော်မြူးမေ့မော၍နေကာ ရတနာသုံးပါးနှင့် စပ်၍ ဘာကောင်းမှုကုသိုလ်ကိုမှ မပြုဘဲ အလွန်ရခဲတဲ့ လူ့ဘဝကြီးကို

ဖြန်းတီးပြီးလာလိုက်တာ ယခုအခါ အိုရခြင်းဆိုတဲ့ ဇရာဖိစီးလို့မှ သေရဖို့ အရေးသို့ပင် ပြေးဝင်နီးကပ်၍ နေခဲ့လေပြီ။

သို့ နှစ်ပေါင်းများစွာ လူ့ဘောင်မှာနေခဲ့ပါသော်လည်း နောင်သံသရာ တစ်လွှား၌ ကောင်းစား ချမ်းသာရေးအတွက် အားကိုးအားထားအနေနှင့် ယူဆောင်၍ သွားထိုက်သော ဒါန, သီလ, ဘာဝနာ ကောင်းမှုတို့တွင် ဘာတစ်ခုကိုမှ ငါပြုထားသည်ဟူ၍ မရှိခဲ့ပေ။

ထိုကဲ့သို့ ကောင်းမှုကုသိုလ်ဟူ၍ မယ်မယ်ရရမရှိ၊ မကောင်းတဲ့ အကုသိုလ်တွေကသာ တအားဖိများနေခဲ့လျှင်ဖြင့် ငါသေသောအခါ အပါယ် ငရဲမှတစ်ပါး သွားရောက်ရာ မရှိတော့ပေ။ အမှန်မုချ လေးဝသော အပါယ်တွင်းသို့သာ သက်ဆင်းကျရောက်ရပေတော့မည်ဟူ၍ သတိသံဝေဂ များရရှိကာ ဆွမ်းခံကြွနေသော ရဟန်းတော်တစ်ပါးကို မိမိနန်းတော်သို့ ပင့်ဆောင်၍ ဆွမ်းတစ်သပိတ်နှင့် သင်္ကန်းတစ်စုံကို လှူဒါန်းလိုက်ရှာလေ တယ်တဲ့နော်။

ထိုကဲ့သို့ ဆွမ်းတစ်သပိတ် သင်္ကန်းတစ်စုံကို တစ်ခါမျှလှူဒါန်းခဲ့ဖူးသော ကုသိုလ်ကောင်းမှုကြောင့် အပါယ်လေးပါးသို့ တစ်ခါတစ်ခေါက်မျှ မကျရောက် ရဘဲ ကိုးဆယ့်တစ်ကမ္ဘာ ကြာအောင် လူနတ်တို့၏ ချမ်းသာအမျိုးမျိုးတို့ကို ခံစားရ၍ နတ်မင်းမိဖုရားအဖြစ်က အကြိမ် ၃၀၊ စကြာမင်း၏မိဖုရား အဖြစ်က ၂၀၊ တင့်တယ်ပြည့်ဝ လိုတိုင်းရသော အထက်တန်းစား စည်းစိမ် ချမ်းသာများကို ခံစားပြီးလာလိုက်တာ ငါတို့ဘုရားရှင် လက်ထက်တော်၌ အမျိုးကောင်းသမီးကလေး တစ်ယောက်ဖြစ်၍ တောထွက်ပြီး ရဟန်းပြုကာ မဂ်ဖိုလ်ကို ရတယ်။ ရဟန္တာမတို့၏ ထုံးတမ်းစဉ်လာအတိုင်း မိမိတို့၏ ရှေးကဖြစ်ခဲ့ဖူးသော ဘဝအစဉ်ကို အကုန်ပြန်၍ ဟောထားသော ကိုယ်ရည် သွေး အတ္တုပ္ပတ္တိအကျဉ်းကလေးမှာ အောက်ပါအတိုင်းဖြစ်တယ်။

**ကောနာဂမတိတော ကပ္ပေ၊ ယံ ဒါနံ မဒဒိံ တဒါ။**
**ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ပိဏ္ဍပါတဿိဒံ ဖလံ။**
**တိံ သက္ကတ္တံစ ကာရေသိံ၊ မဟေသိတ္တံ လဘာမဟံ။**
**ဝီသတိ စက္ကဝတ္တီနံ၊ ဝိသေသံ ပဝရံ သိရိံ။**

**အဟံ၊** ပိဋကပါတိကာ ဘွဲ့သညာဖြင့် ခေါ်ကာတွင်သ ငါရဟန်းမသည်။ **ဣတော၊** ဤ ငါတို့ဖြစ်ရာ ဘဒ္ဒကမ္ဘာမှ။ **ကောနာဝုတိကပ္ပေ၊** နေ့, လ, နှစ်ရက် စစ်တွက်မရ ကိုးဆယ့်တစ်ကမ္ဘာထက် ကာလ၌။ **ယံဒါနံ၊** အကြင် ဆွမ်း တစ်သပိတ် သင်္ကန်းတစ်စုံ စွမ်းဂုဏ်ကြီးလှ အလှူဒါနကို။ **အာဒဒိံ၊** နောင်ရေးနောင်တာ ချမ်းသာရည်ရွယ် သဒ္ဓါထူးဖြင့် ကြည်နူးရွှင်ပျ ပေးလှူခဲ့ရလေပြီ။ **တေန၊** ထိုဆွမ်းတစ်သပိတ်စာ သင်္ကန်းတစ်စုံ စွမ်းဂုဏ်ကြီးလှ လှူဒါနကြောင့်။ **ဒုဂ္ဂတိံ၊** ဆင်းရဲမျိုးစုံ ဒုဂ္ဂတိဘုံဘဝကို။ **နာဘိဇာနာမိ၊** တစ်ကြိမ်တစ်ခေါက်မျှ မကျရောက် မခံရဖူးပေ။ **ဣဒံ၊** ဤကဲ့သို့ ကိုးဆယ့်တစ်ကမ္ဘာ ကာလကြာအောင် အပါယ်ဘောင် ဝဋ်ဒုက္ခအတွင်းသို့ တစ်ခါတစ်ခေါက်မှ မကျရောက်ရဘဲ လူနတ်တို့စည်းစိမ်ကို ခံစားပျော်ရွှင် တော်ဝင်တစ်ယောက် ခေါ်စလောက်ပမာ ချမ်းသာသုခကို ရရှိခြင်းသည်။ **ပိဏ္ဍပါတဿ၊** ဆွမ်းတစ်သပိတ် သင်္ကန်းတစ်စုံ စွမ်းဂုဏ်ကြီးလှ လှူဒါန၏။ **ဖလံ၊** ကောင်းကျိုးထူး အစစ်အမှန်ပင် ဖြစ်ပါပေသတည်း။

**အဟံ၊** ပိဏ္ဍပါတိကာဘိက္ခုနီ နာမည်တွင်သ ငါရဟန်းမသည်။ **ဣတ္ထနာနံ၊** နတ်နှစ်ပြည်စိုး တန်ခိုးကြီးမား နတ်သိကြားတို့၏။ **တိံသကပ္ပတ္တံ၊** ရေတွက်များလှ အကြိမ်သုံးဆယ် ကာလပတ်လုံး။ **မဟေသိတ္တံ၊** ထွတ်မှူးဦးသျှောင် မိဖုရားခေါင်အဖြစ်ကို။ **လဘာမိ၊** မုချမှန်စွာ ရခဲ့ပါပေ၏။ **စက္ကဝတ္တီနံ၊** လေးကျွန်းပိုင်နင်း စကြာမင်းတို့၏။ **ဝီသတိကပ္ပတ္တံ၊** တွက်ရေများလှ အကြိမ်နှစ်ဆယ် ကာလပတ်လုံး။ **မဟေသိတ္တံစ၊** ထွတ်မှူးဦးသျှောင် မိဖုရားခေါင်၏ အဖြစ်ကိုလည်းကောင်း။ **ဝိသေသံ၊** သူတကာ တို့ထက် အရာရာ ထူးမြတ်သော။ **ပဝါရံသိရိံစ၊** ပဒေသရာဇ်, ကေရာဇ်မင်းတို့၏ မိဖုရား သူဌေး သူကြွယ်ကတော် စသည့် မွန်မြတ်သော စည်းစိမ်ချမ်းသာထူး အပေါင်းကိုလည်းကောင်း။ **လဘာမိ၊** ဆွမ်းလှူဒါန မြတ်ပုညကြောင့် မုချမှန်စွာ ခံစံခဲ့ရပါပေသတည်း။

ဤငါတို့၏ ဘဒ္ဒကမ္ဘာမှ ပြန်ကာရေတွက် ကိုးဆယ့်တစ် ကမ္ဘာထက် ဗန္ဓုမာမင်းကြီး၏ မိဖုရားကြီးဖြစ်ရစဉ်အခါ တစ်နပ်စာသော ဆွမ်းတစ်သပိတ်၊ သင်္ကန်းတစ်စုံကို ရဟန်းတော်တစ်ပါးအား တစ်ကြိမ်တစ်ခါမျှ လှူဒါန်းခဲ့ရသော ကုသိုလ်ကောင်းမှုကြောင့် အပါယ်ငရဲ ဝဋ်ဆင်းရဲသို့ တစ်ကြိမ်တစ်ခါမျှ

မကျရောက်ရဘဲ လူ့ပြည်နတ်ပြည် အလီလီတို့၌ အမျိုးမျိုးသော ကောင်းကျိုးချမ်းသာများကို ရရှိခဲ့ရ၍ သိကြားမင်း မိဖုရားကြီးအဖြစ်က အကြိမ်သုံးဆယ်၊ စကြာမင်း မိဖုရားကြီးအဖြစ်က အကြိမ်နှစ်ဆယ်၊ ပဒေသရာဇ်၊ ကေရာဇ်၊ သူဌေး သူကြွယ် ကတော်စသည့် ထူးမြတ်သော စည်းစိမ်ချမ်းသာများကို ခံစားစံစား၍ လာခဲ့လေရာ ငါတို့၏ဘုရားရှင်လက်ထက်တော်မှာ ချမ်းသာကြွယ်ဝသော အမျိုးကောင်းသမီးကလေး ဖြစ်လာရလို့မို့ သာသနာတော်ကို ကြည်ညိုလေးစားကာ အိမ်ရာတည်ထောင် လူ့တို့ဘောင်မှ ခွာရှောင်ကြဉ်၍ သာသနာတော်တွင်းဝင်ပြီး ရဟန်းပြုလေရာ မကြာခင်ဘဲ အာသဝေါကုန်ခန်း ရဟန္တာမကြီးဖြစ်လေ၏။ ရဟန္တာမကြီးဟာ သာသနာတစ်လျှောက်မှာ ပိဋကပါဠိတော်ကာ ဘိက္ခုနီဟူသော နာမည်ဖြင့် ထင်ရှား ကျော်ကြားလျက် ဝဋ်ဒုက္ခချုပ်ငြိမ်း ခန္ဓာကိုယ် ဇာတ်သိမ်း၍ အေးငြိမ်းရာနိဗ္ဗာန်သို့ ဝင်စံတော်မူခဲ့လေပြီ။

ကဲ... ယခု ဟောပြောခဲ့သော ဒေသနာအစဉ်က ဆင်ခြင်သော အားဖြင့် တစ်ကြိမ်တစ်ခါတမျှ လှူဒါန်းရသော ဆွမ်းဒါန၏ အကျိုးကြီးမြတ်ပုံကို သိရှိကြကာ သာသနာတော်ကြီးနှင့် ကြုံတွေ့ခိုက်ကာလ နောင်အစဉ် အရှည်အကြာ ချမ်းသာရေးကို မျှော်တွေး ဆင်ခြင်ကြလျက် ဒါန၊ သီလ၊ ဘာဝနာ စသော ပါရမီကုသိုလ်များကို စွမ်းအားရှိသမျှ ကြိုးစားအားထုတ်နိုင်ကြပါစေသတည်း။

# ရောဂါကင်းလို ကျောင်းဆောက်လှူ တရားတော်

ရောဂါကင်းလိုလား…။ တချို့ဆိုလျှင် အိမ်ထဲမှ အိမ်ပြင် မထွက်ရဲကြပါဘူး။ အနာတွေပေါက်လို့၊ အတိတ်ကံက အကျိုးဆက်တွေလား။ ဒါကြောင့် မည်သူမဆို အတိတ်ကံက အကျိုးဆက်ဖြစ်စေ၊ ယခုလက်ရှိကံကြောင့်ဖြစ်စေ မိမိတို့ ခန္ဓာကိုယ် ရထားသူတိုင်း အနာရောဂါရလာမှာကြောက် လျှင်တော့…

**“သောစ သဗ္ဗဒေါ ဟောတိ”** ဆိုတဲ့ ဒေသနာတော်အတိုင်း နေရာကျောင်း စသည်ကိုလှူရသော ဒကာ, ဒကာမများမှာ ချမ်းသာအားလုံးကို လှူရာရောက်သည်ဖြစ်၍ မိမိတို့သည်လည်း လောကီ, လောကုတ္တရာ ချမ်းသာအမျိုးမျိုးတို့ကို ရရှိခံစားကြရသော ဝတ္ထုအကြောင်းရာတစ်ခုမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။

ငါတို့၏ ဘုရားရှင်လက်ထက်တော်၌ အခါတစ်ပါး ရှင်တော်ဘုရား၏ တပည့်ကြီး ဖြစ်တော်မူသော ရှင်အနုရုဒ္ဓါ ကိုယ်တော်မြတ်သည် နောက်လိုက် သံဃာတော်များနှင့် အတူတကွ ကပ္ပိလဝတ်နေပြည်တော်သို့ ကြွချီတော်မူလေရာ မင်းညီမင်းသား ဆွေတော်မျိုးတော် အများအပြားပင် ထေရ်အရှင်ထံ လာရောက်၍ နှုတ်ခွန်းဆက်သ ဖူးမြင်ကြပါသော်လည်း နှမတော် ရောဟိနီမင်းသမီးကို မတွေ့မြင်ရတာနှင့် အကျိုးအကြောင်း မေးမြန်းလေလျှင် အရေပြားရော့ဂါခေါ်တဲ့ ကုဋ္ဌနူနာများ စွဲကပ်နေသဖြင့် ရှက်လှသည့်အတွက် မလာ ရောက်ကြောင်းသိရသောကြောင့် မထေရ်မြတ်သည် နောက်ထပ်

ခေါ်ယူကာ ရှေ့တော်သို့ ရောက်လာသော နှမတော်ရောဟိနီအား မိန့်ကြားတော်မူသည်မှာ...

"နှမတော် ရောဟိနီ... သင်သည် ရှေးအကြောင်းကံ မလှ၍ ရောဂါဘယ်များ စွဲကပ်လာသည်ဖြစ်၍ ပူဆွေးသောက စိတ်မချမ်းမြဘဲ နေထိုင်ခြင်းဖြင့် ဘာမှ ကျေးဇူးမရှိနိုင်ပေ၊ ဆိုးညစ်ယုတ်မာ ထိုရောဂါ ပျောက်ကင်းကြောင်း ကောင်းမှု ကုသိုလ်များကို ကြိုးစားပြုလုပ်မှသာ ချမ်းသာပျောက်ကင်း နိုင်ပေမည်" ဟူ၍ အားပေးစကား မိန့်ကြားတော်မူလေတယ်တဲ့။

ဘယ်လို ကုသိုလ်မျိုးများ ပြုလုပ်ရပါမည်နည်းဟူ၍ ရောဟိနီက လျှောက်ထားတဲ့အခါ ကျောင်းတစ်ဆောင် ဆောက်လုပ်ရန် မထေရ်မြတ်က မိန့်ကြားတော်မူသည့်အတွက် ရောဟိနီသည် မိမိဝတ်ဆင်နေကျတန်ဆာများကို ရောင်းချ၍ တစ်သောင်းမျှသော အသပြာတို့ကို ကျောင်းဆောက်ရန်အတွက် လှူဒါန်းလိုက်လေတယ်။

ထိုအခါ ရှင်အနုရုဒ္ဓါက မိမိကိုယ်တိုင်လည်း တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးမည့်အပြင် တခြားဆွေတော်မျိုး တော်များကိုလည်း ကူညီဝိုင်းဝန်းပြီး ဆောင်ရွက်ပြုလုပ်ကြစေရန် မိန့်ကြားတော်မူပြီးလျှင် နှမတော် ရောဟိနီကိုလည်း အောက်ပါအတိုင်း မှာကြားစေခိုင်းတော်မူလေတယ်တဲ့။

"ရောဟိနီ၊ သင်၏ကျောင်းကို ဘုံခုနစ်ဆင့်ဖြင့် ဆောက်လုပ်စေမည်ဖြစ်ရာ အထက်ဆုံးအထပ်က အချင်, ဒိုင်းမြားနှင့် အမိုးအခင်းများ ပြီးဆုံးသည်ကာစ၍ သင်သည် ထိုကျောင်းကို တံမြက်စည်းလှည်းရမည်၊ သံဃာတော်များ ဆွမ်းစားရန် နေရာများကို ခင်းရသိမ်းရမည်၊ သောက်ရေသုံးရေ ထွေးခံ၊ လက်သုတ်ပဝါ၊ ရေစစ်၊ ဇရွက်စသည်များကို ခပ်ရဖြည့်ရ၊ ချထားရ၊ ပြင်ဆင်၍ထားရမည်။ တခြားဆွမ်းစားကျောင်း၌ ပြုလုပ်ဆောင်ရွက်ဖွယ်များကို လိုလေသေးမရှိရအောင် တတ်နိုင်သမျှ ဆောင်ရွက်ပြုလုပ်ရမည်" ဟူ၍ မိန့်ကြား စေခိုင်းတော်မူလေတယ်တဲ့။

ရောဟိနီကျောင်းအမကလေးကလည်း မောင်တော် အနုရုဒ္ဓါ မှာထားသည့်အတိုင်း ဝမ်းမြောက်ဝမ်းသာ အမှုကိစ္စအဖြာဖြာတို့ကို တတ်နိုင်သမျှ

ကြိုးစားပြုလုပ်ဆောင်ရွက်နေလေရာ မိမိကိုယ်၌ စွဲကပ်နေသော ရောဂါများသည် တစ်နေ့တခြား လျော့ပါးမေးမှိန်၍ သွားကြလေတယ်။

**ဝိဟာရေ သမ္မဇ္ဇိတ္ဂွာန၊ အတ္ထရိ အာသနံ တဒါ။**

**ပူရေတွာ ပါနီယံ သဗ္ဗံ၊ ဝိလာယီ ကုဠဝေဒနာ။**

**တဒါ၊** အရှင်အနုရုဒ္ဓါထေရ်အရှင်က စီစဉ်ညွှန်ပြ ထိုအခါကာလ၌။ **သာ၊** ရောဂါအတွက် စိတ်လက်မကြည် ထိုရောဟိနီသည်။ **ဝိဟာရေ၊** ဆောက်လုပ်ဆဲဖြစ်သော ဆွမ်းစား ကျောင်းတော်ကြီး၌။ **သမ္မဇ္ဇိတ္ဂွာန၊** နေ့စဉ်ရက်ဆက် တံမြက်လှည်းမှု မှန်မှန်ပြု၍။ **အာသနံ၊** သံဃာတော်များ ဆွမ်းစားကြရန် အမှန်သန့်ရှင်း နေရာထိုင်ခင်းကို။ **အတ္ထရိ၊** လုံးစုံပြည့်ဝ ကုန်စေငှာအောင် မုချမသွေ ခင်းထားရာလေသတည်း။ **သဗ္ဗံ ပါနီယံ၊** သုံးရေ သောက်ရေ အထွေထွေ အဝဝ ဟူသမျှကိုလည်း။ **ပူရေတွာ၊** ထမ်းဆောင်နေ့ရက် မပျက်ကုန်စေ့ ခပ်ဖြည့် လောင်းလှူသည်ရှိသော်။ **ကုဠဝေဒနာ၊** လူရာမဝင် အမြင်ဆိုးလှ စိတ်မချမ်းမြေ့ဖွယ်ရာ ကုဠနူနာသည်။ **ဝိလာယီ၊** သွေးပြည်မသန်း ကုန်ခြောက်ခန်း၍ ညှိုးနွမ်းမှန်စွာ သက်သာရရှာလေသတည်း။

အနုရုဒ္ဓါထေရ်အရှင်၏ **စီစဉ်ချက်အတိုင်း မဆိုင်းနေ့ည** ရွှင်ပျသော စိတ်ထားဖြင့် မခြားရက်ဆက် တံမြက်လှည်းခြင်း၊ နေရာထိုင်ခင်း သန့်ရှင်းကြည်လင် စီစဉ်ခင်းထားခြင်း၊ သောက်ရေ သုံးရေ အထွေထွေတို့ကို မနေမနား ခပ်ထား ကောင်းဖြည့်ခြင်းအစရှိတဲ့ ဝေယျာဝစ္စ ကုသိုလ်များကို ဆောင် ရွက်ပြုလုပ်လေရာ မိမိကိုယ်မှာ စွဲကပ်နေသော ရောဂါဝေဒနာ အဖြာဖြာတို့သည် တစ်စတစ်စ ဆုတ်ယုတ်ကြ၍ သွေးပြည်စ ကင်းပြတ်ခြောက်ကပ် ညှိုးမှိန်၍ သက်သာပျောက်ကင်း ချမ်းသာခြင်း ရရှိလေသတဲ့။

ကျောင်းကြီးပြီးတဲ့အခါမှာ ဘုရားအမှူးရှိသော သံဃာ တော်များကို ပင့်ဆောင်၍ ရေစက်ချပွဲသဘင်ကြီးကို ဆင်ယင်ကျင်းပကြလေရာ မြတ်စွာဘုရားသခင်ကိုယ်တိုင် ကြွရောက် ချီးမြှောက်တော်မူလေတယ်တဲ့။ ရေစက်ချခါနီးမှာ ကျောင်းအမ ရောဟိနီကို မမြင်မတွေ့ရသဖြင့် ရှေ့တော်သို့ လာစေခြင်းငှာ ရှင်တော်ဘုရားက အခေါ်ခိုင်းတာနှင့် ထံတော်ပါးသို့ ရောဂါအတွက် စိတ်လက်မကြည်သာ ရောက်၍လာသော ရောဟိနီအား

တရားရေအေး တိုက်ကျွေးတော် မူလိုသည့်အတွက် သိလျက်နှင့် မေးမြန်းတော်မူလိုက်သည်မှာ "ရောဟိနီ သင်သည် ဘယ်အတွက်ကြောင့် မလာရောက် မဖူးမြော်ဘဲ အခန်းထဲမှာ နေထိုင်ဘိသနည်း"ဟု မေးလေရာ...

"အရေပြားရောဂါခေါ်တဲ့ ကုဋ္ဌနူနာများ စွဲကပ်နေပါသဖြင့် လူပုံအလယ် မတင့်တယ် မသန့်ရှင်း ရှက်နိုးခြင်းကြောင့် မလာရောက် မဖူးမြော်ကြောင်း"

ဟိနီက လျှောက်ထားလေလျှင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ရောဟိနီ၏ ရှေးကုသိုလ်ကံအကြောင်းကို မိန့်တော်မူသည်မှာ–

"ရောဟိနီတဲ့... သင့်ခန္ဓာကိုယ်၌ ယခုဘဝ အနာကြီး ရောဂါစွဲ၍ လာရခြင်းသည် အကြောင်းမဲ့ မဟုတ်ပေ၊ ဟိုရှေးအခါက သင် ပြုလုပ်ကျူးလွန်ခဲ့သော မကောင်းမှုအကုသိုလ် ကံကြောင့်သာလျှင် နှိပ်စက်ဖြစ်ပေါ်လာရပေသည်၊ သင် စိတ်ပူပင်မနေနှင့်"ဟူ၍ မိန့်တော်မူကာ အောက်ပါအတိုင်း ရှေးအကြောင်းအရာကို ဟောကြားတော်မူလေတယ်တဲ့။

"ရောဟိနီ ရှေးအခါက ဗာရာဏသီ မင်းတစ်ပါး၏ မိဖုရားခေါင်ကြီးတစ်ဦးဖြစ်ရလေရာ ဘုရင်မင်းကြီး မြတ်နိုး ချစ်ခင်တော်မူသော ကချေသည်မတစ်ဦးအပေါ်၌ မကြည့်ရက် မနာလို ဝန်တိုက္ကသသာများ ဖြစ်သည့်အတွက် ရန်ငြိုးဖွဲ့ကာ ပျက်စီးရာပျက်စီးကြောင်း မကောင်းသောအကြံဖြင့် ကချေသည်မကလေး၏ အိပ်ရာပေါ်မှာ ယားယံစေတတ်သော ခွေးလှေးယားသီးမှုန့်များကို ပက်ဖြူး၍ ဆင်းရဲဒုက္ခ ရောက်စေခဲ့ဖူးပါတယ်။

ထိုကဲ့သို့ မိမိကိုယ်တိုင် ပြုလုပ် ကျူးလွန်ခဲ့သော မကောင်းမှုအကုသိုလ်ကံကြောင့် ယခုဘဝ သင်ခံစားတွေ့ရှိ ရပေသည်"ဟု မိန့်တော်မူကာ ကောဓံဇဟေ– အစရှိသော ဂါထာတော်ဖြင့် တရားရေအေးတိုက်ကျွေးတော်မူလေတယ်တဲ့။

ဒီနေရာမှာ ဂါထာကိုတော့ အရွတ်ခက်သည့်အတွက် မထည့်တော့ဘဲ ဂါထာ၏အဓိပ္ပာယ်သွားကို ဆောင်ပုဒ်လင်္ကာကလေး စီကုံး၍ ပြလိုက်ရတော့မှာပေါ့နော်။

**အမျက်ဒေါသ၊ မာန်မာန၊ လုံးဝစွန့်ပယ်ရာ။**

ဆိုတဲ့အတိုင်း သူတစ်ပါးများ ရိုက်နှက် ဆဲဆို ဖျက်ဆီးခြင်း၊ ဒေါသ, မျက်မာန်ပွားခြင်း၊ သတ်ဖြတ် ညှဉ်းဆဲခြင်း၊ ရန်ငြိုးဖွဲ့ခြင်းအစရှိတဲ့

ဒေါသတရားဆိုးကြီးနှင့် မော်ကြွား ပလွှားခြင်း၊ အထင်ကြီးခြင်း၊ ဘယ်သူနဲ့မှ မတူမတန်ဟု စိတ်ကြီးဝင်ကာ ဘဝင်မြင့်ခြင်းအစရှိတဲ့ မာန်မာနတရားဆိုး ကြီးများကို ပယ်စွန့်ရှောင်ရှားရမည်တဲ့။

**သံယောဇဉ်ကြိုး။ တရားဆိုး။ ပယ်ချိုးလွန်မြောက်ရာ။**

ဆိုတဲ့အတိုင်း မြတ်နိုးချစ်ခင် လိုချင်တာစွဲခြင်း ကာမ၊ အယူအဆ လွဲမှားခြင်း ဒိဋ္ဌိ၊ ရတနာသုံးပါး သစ္စာတရားတို့၌ ယုံမှားမှု ဝိစိကိစ္ဆာ၊ တွေဝေမိုက်မဲမှု အဝိဇ္ဇာ အစရှိတဲ့ ဝဋ်ဘဝ နှောင်ကြိုး သံယောဇဉ်ခေါ်တဲ့ တရားဆိုးများကိုလည်း တစ်စတစ်စ ပယ်ချိုး လွန်မြောက်စေရမည်ဟု ဆိုလိုပေတယ်။

**ရုပ်နာမ်ခန္ဓာ၊ ကိလေသာဖြင့်၊ တွယ်တာကပ်ငြိ။**
**မရှိသူအား။ ဆင်းရဲများ။ ပယ်ရှားလွတ်ကင်းကွာ။**

ဆိုတဲ့အတိုင်း ရုပ်နာမ်နှစ်ပါး တရားအစုအဝေးသာဖြစ်သော ခန္ဓာငါးပါး အပေါင်း၌ မြိတယ် ချမ်းသာတယ်၊ ငါပဲ ငါအစရှိသည်ဖြင့်– ကိလေသာ စွမ်းအင် ထင်မြင်တပ်စွဲ ကပ်ငြိခြင်းမရှိတဲ့ ယောဂီ သူတော်စင်အား အို့,နာ,သေကွဲ ဆင်းရဲဒုက္ခ ဟူသမျှတို့သည် ကင်းပလွင့်စဉ် ကြည်လင်အေးမြ နိဗ္ဗာန်အောင်စခန်းသို့ ဖြောင့်တန်းလျှင်စွာ ရောက်ရလိမ့်မည်ဟူ၍ ဟောပြ သိစေလိုတော်မူလိုရင်းပေါ့နော်။ ဉာဏ်အမြင် စေစား၍ကြည့်က တကယ် အဖိုးတန်တဲ့ တရားဒေသနာတော်မြတ်ကြီးပေါ့။

ဒေသနာတော်၏အဆုံးမှာ တရားနာလာ များစွာသောင်းသောင်း ဝေနေယျာအပေါင်းတို့သည် မဂ်ဖိုလ်ဉာဏ် အလင်းရ၍ အေးမြချမ်းသာ ခေမာသောင်ကမ်း နိဗ္ဗာန်နန်းကို ရည်မှန်းရွှင်ပျ မျက်မှောက်ပြုကြရလေ တယ်တဲ့။ ကျောင်းအမ ရောဟိနီကလေးမှာလည်း မိမိကိုယ်မှာ စွဲကပ်နေ သော အနာကြီးရောဂါများ အမြစ်ပြတ်ပျောက်ကင်း၍ ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အဆင်းအရောင်များ တောက်ပပြီးလျှင် မိုးနတ်မယ်တမျှ လှပတင့်တယ် ရှုချင်စဖွယ်ကလေးဖြစ်ရ၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် အလင်း ပေါက်ပြီး နိဗ္ဗာန်ကိုပင် မျက်မှောက် ပြုရလေတယ်တဲ့နော်။

**တဒါ ပုညနုဘာဝေန၊ အရောဂါ ဟောမဝဏ္ဏိကာ။**
**အရိယာဇာတိကာ ဟုတွာ၊ နိဗ္ဗာနမှိ သန္တိကတာ။**

**တဒါ၊** ကျောင်းရေစက်ချပွဲ ဆင်နွဲပြီးရာ ထိုခါကာလ သမယ၌။ **ပုညနုဘာဝေန၊** ခုနစ်ထပ်ကျောင်းတော် ရှင်ပျော်လှူရ မြတ်ဒါန၏ ပုညရှိန်စော် အာနုဘော်ကြောင့်။ **သာ၊** ရောဂါအတွက် ရတာက်မအေး ပူဆွေးရောက်ရ ထိုရောဟိနီ ကျောင်းအမကလေးသည်။ **အရောဂါ၊** ခန္ဓာကိုယ်တွင် စွဲဝင်ငြိတွယ် မဖွယ်ရာဆိုးလှ ကုဋ္ဌနူနာ ရောဂါဆိုးခပ်သိမ်း ကင်းပြတ်ငြိမ်းသည်ဖြစ်၍။ **ပေါမဝဏ္ဏိကာ၊** ဖမ္ဗူရစ်ရွှေအဆင်းကဲ့သို့ ဝါဝင်းထိန်လက် နှစ်သက်ဖွယ်သော ရုပ်အဆင်း ရှိသည်ဖြစ်၍။ **အရိယဓာတိကာ၊** မဂ်ဖိုလ်ဉာဏ်ရအေးမြကြည်လင် အရိယာသူတော်စင်မ တစ်ဦးသည်။ **ဟုတွာ၊** စင်စစ်မှန်စွာဖြစ်ရပါ၍။ **နိဗ္ဗာနမ္ဘိ၊** ဝဋ်ဒုက္ခခပ်သိမ်း လွတ်ငြိမ်းအေးမြ နိဗ္ဗာနမည်တွင်ချမ်းသာသုခအစဉ်ကိုလည်း။ **သစ္ဆိကာတာ၊** မဂ်ဖိုလ်ဉာဏ်ရောင်အလင်းဖြင့်ချဉ်းနင်းကပ်ရောက် မျက်မှောက်ပြုရှာလေသတည်း။

ဤဂါထာ၏ ဆိုလိုရင်းအဓိပ္ပာယ်မှာ ရောဟိနီ မင်းသမီးလေး ဆောက်လုပ်လှူဒါန်းလိုက်သော ဘုံခုနစ်ဆင့် ဆွမ်းစားကျောင်းတော်ကြီးပြီးမြောက်၍ ရေစက်ချပွဲသဘင် ဆင်ယင်ကျင်းပတဲ့အချိန်အခါမှာ ကျောင်းအနုမောဒနာ အနေအားဖြင့် ရှင်တော်မြတ်ဘုရားက တရားရေအေးများတိုက်ကျွေးတော် မူလိုက်ရာ ဒေသနာတော်အဆုံးမှာ စည်းဝေးရောက်လာကြသော ပရိသတ်အပေါင်းတို့ မဂ်ဖိုလ်ဉာဏ် အလင်းရကြသည့်ပြင်ကျောင်းအမရောဟိနီကလေးမှာလည်း စွဲကပ်နေသော အနာကြီးရောဂါများချက်ချင်း ယှူပစ်လိုက်သလိုပျောက်ကင်း၍ ရွှေအဆင်းပမာ ခန္ဓာကိုယ်မှဝင်းဝါထိန်လက် အရောင်များ ထွက်ဂဲ့မှို့ နတ်မယ်တမျှ လှပတင့်တယ်ရှုချင်စဖွယ် ဖြစ်ရရှာရုံမက မဂ်ဖိုလ်ဉာဏ်ရောင် အလင်းများကိုလည်းရရှိကာ နိဗ္ဗာန်ချမ်းသာထူးကို ရှင်မြူးကျန မျက်မှောက်ပြုရ ရှာလေတယ်တဲ့နော်။

> **“ရောဂါခပ်သိမ်း ပျောက်ငြိမ်းလေရာ၊**
> **ရွှေရောင်အဆင်း၊ ပဝင်းခန္ဓာ၊**
> **မဂ်ဖိုလ်ဉာဏ်ရ၊ အေးမြချမ်းသာ၊**
> **ကျောင်းလှူကျိုး၊ ပွားတိုးဂုဏ်ဝေဝေ။”**

ရောဟိနီမင်းသမီး ကျောင်းအမကလေးသည် ရောဂါပျောက်ကင်း ချမ်းသာခြင်းရရှိ၍ အသက်ထက်ဆုံး ကြည်လင် အေးမြ သုခအဖြာဖြာတို့ကို ခံစံပြီးလျှင် သေလွန်သည့်အခါမှာ တာဝတိံသာ နတ်ပြည်ဝယ် နတ်သား လေးယောက်တို့၏ နယ်ခြားအရပ်ဒေသ၌ လှပတင့်တယ် ရှုချင်စဖွယ်သော မိုးနတ်မယ်ကလေး ဖြစ်ရလေတယ်တဲ့။

နတ်သမီးကလေး၏ လှပတင့်တယ်ပုံတို့ကို တွေ့ရှိကြသော နတ်သား လေးယောက်တို့သည် ခင်မင်စွဲလမ်း အချစ်ပန်း ကိုယ်စီစိုက်ပျိုးကြသည်ဖြစ်၍ ရောဟိနီ နတ်သမီးကလေးအတွက် သူ ရထိုက်တယ်၊ ငါပိုင်ထိုက်တယ် ဟူ၍ အငြင်း အခုန်များ ဖြစ်ကြကာ လွှတ်တော်ချုပ် တရားသူကြီးဖြစ်သော နတ်သိကြားမင်းအထံ အဆုံးအဖြတ် နာခံဖို့ရန် တက်ကြရလေတယ်တဲ့။

လွှတ်တော်ချုပ် တရားသူကြီးဖြစ်သော သိကြားမင်းမြတ်သည်လည်း နတ်သမီးကလေးကို မြင်ရသည်နှင့် တစ်ပြိုင်နက် တားဆီးမရလောက် အောင် ချစ်ခင်ယုယ မြတ်နိုးလှတာကြောင့် နတ်သားများ၏ ဖြစ်ကြပုံ အကြောင်းအရာကို မေးမြန်းချင့်မျှော်ပြီး သင့်တော်မည်ဆိုက ကိုယ်တော်တိုင် သိမ်းပိုက်ရန် ကြံရွယ်ချက်ဖြင့် မေးသည်မှာ...

"အမောင်နတ်သားတို့... ဤနတ်သမီးကညာကလေးကို တွေ့ကြတဲ့ အခါမှာ အမောင်တို့၏ စိတ်ထဲ၌ ဘယ်လိုများ ဖြစ်ကြသလဲ အသီးသီး လျှောက်ထား သံတော်ဦး တင်ကြလေစမ်း"

ဟူ၍ စစ်ဆေး မေးမြန်းတော်မူလိုက်ရာ နတ်သားလေးယောက်တို့က အောက်ပါအတိုင်း မိမိတို့၏ ဖြစ်ပျက်ပုံတို့ကို လျှောက်ထားလေတယ်တဲ့။

### ❖ *စစ်မြေပြင်တီး၊ စည်တော်ကြီးသို့၊ တားဆီးမရ၊ ချစ်စိတ်ပ၊ ဖြစ်ရကျွန်ုပ်မှာ။*

ဟူ၍ ပထမနတ်သားက လျှောက်ထားလေတယ်။

"အရှင်သိကြားမင်း... အကျွန်ုပ်သည် ရောဟိနီ နတ်သမီးကလေးကို တွေ့မြင်ရသည်နှင့် တစ်ပြိုင်နက် စစ်မြေပြင်မှာ တီးခတ်တဲ့ စည်ကြီးပမာ ဆီးမနိုင်၊ တားမရ ချစ်လှသော စိတ်အစဉ်များဖြစ်ရပါသည်"ဟု လျှောက် ထား လေတယ်။

❖ ***တောင်ပေါ်မှစီး၊ ရေတံခွန်ကြီးသို့၊ တားဆီးမနိုင်၊ ဖြိုင်ဖြိုင်စီးဆင်း၊ ချစ်ခင်ခြင်း၊ ထင်လင်းဖြစ်ရသည်။***

ဒုတိယ နတ်သားကတော့ နတ်သမီးကလေးကို တွေ့ရလျှင်ပဲ တောင်ထိပ်ပေါ်က စီးဆင်းလာတဲ့ ရေတံခွန်ကြီးကဲ့သို့ မိမိ၏သန္တာန်မှာလဲ ချစ်ခင်တပ်စွဲခြင်း ဆိုတဲ့ တဏှာရာဂ စိတ်အစဉ်များ တသွင်သွင် စီးဆင်းယိုထွက်လာကြောင်း လျှောက်ထားရှာလေတယ်တဲ့။

❖ **သူ့ကိုမြင်လျှင်၊ ပုစွန်အသွင်သို့၊ အပြင်ထွက်လာ၊ မျက်လုံးမှာ၊ ဆီးကာမရပြီ။**

တတိယ နတ်သားကတော့ နတ်သမီးကလေးကို မြင်ကတည်းက သူ၏မျက်စိများဟာ ပုစွန်မျက်လုံးများကဲ့သို့ အပြင်ဘက်ကိုသာ ပြူးထွက်လာလောက်အောင် ချစ်ခင်ကြောင်း လျှောက်လေတယ်တဲ့။

❖ ***တံခွန်ကြက်လျှာ၊ ပုံပမာသို့၊ မြင်ရာကာလ၊ လှုပ်ရှားကြွ၊ ဖြစ်ရ ကျွန်ုပ်မှာ။***

စတုတ္ထနတ်သားကလေးတော့ နတ်သမီးကလေးကို မြင်ရကတည်းက သူ၏ချစ်စိတ်များမှာ တံခွန်ကြက်လျှာများ လေခတ်၍ လှုပ်ရှားနေသလို အမြဲတမ်း လှုပ်ရှားနေကြောင်း လျှောက်ထားရှာလေတယ်တဲ့။

နတ်သားလေးယောက် ပြောဆို လျှောက်ကြပြီးတဲ့နောက် သိကြားမင်းက အပိုင်စီးရန်သဘောဖြင့် အချက်ကျကျ ပြောလိုက်သည်မှာ–

❖ ***သူ့ကိုရလျှင်၊ အသက်ရှင်လိမ့်၊ အဆင်မသင့်၊ သူနှင့်ကွဲကွာ၊ ကျွန်ုပ်မှာ၊ သေရှာလိုက်ရမည်...တဲ့။***

တယ်အပြောပိုင်တဲ့ သိကြားမင်းပဲနော်။

"အမောင်တို့... သင်တို့စိတ် ဖြစ်တာက အပေါ်ရံကလေးသာဖြစ်၍ ဖြေဖျောက်မည်ဆိုလျှင် ရနိုင်ပါသည်၊ ကျွန်ုပ်သည်ကား သူကလေးကိုရမှသာ အသက်ရှင်ရပါမည်၊ ကံမကောင်း အကြောင်းမသင့်၍ သူကလေးနှင့်များ

လွှဲချော် ကွဲကွာသွားရလျှင်ဖြင့် ကျွန်ုပ် သိကြားမင်းသည် ကေန်မုချ သေရချေတော့မည်”

ဟု ပြောလိုက်တဲ့အခါမှာ နတ်သားလေးယောက်က လက်လျှော့ပြီး နတ်သမီးကလေးကို သိကြားမင်းအား အပ်နှံ ဆက်သကြ၍ ပြန်သွားကြလေတယ်တဲ့။

ရောဟိနီ နတ်သမီးကလေးသည်လည်း နတ်သား လေးယောက်တို့က သိကြားမင်းထံ အပ်နှံခဲ့ကြသည့်အတွက်ကြောင့် မကြုံရှယ်ဘဲနှင့် သိကြားမင်း၏ မိဖုရားကြီးဖြစ်ရကာ ချမ်းသာ သုခအမျိုးမျိုးတို့ကို ခံစားရလေတယ်တဲ့။ သိကြားမင်းကလည်း ရောဟိနီအပေါ်မှာ အလွန်တရာ မြတ်နိုးလှသည်ဖြစ်၍ သွားလေရာ အရပ်တိုင်းကိုပဲ ရောဟိနီကလေးကို ခေါ်ဆောင်ပြီးသကာလ သွားလာလှည့်လည် ပျော်ပါးလေ့ ရှိလေတယ်တဲ့နော်။

ကဲ... ဝတ္ထုဇာတ်ကြောင်းကို ကြားနာရသောအားဖြင့် ကျောင်းလှူဒါန၏ ယခုဘဝ နောင်ဘဝ အကျိုးကြီးမြတ်ပုံနှင့် မဂ် ဖိုလ် ဉာဏ် အလင်းပေါက်၍ နိဗ္ဗာန်တိုင်အောင်ပင် ဝင်ရောက်ခံစားရကြောင်း အစုံအလင်ကို ဉာဏ်အမြင် ရှုမှတ်သားကြ၍ အစားစားသော ကောင်းမှုတရားတို့ကို ကြိုးစားမကွာ အားထုတ်နိုင်ကြပါစေ။

ကြိုးစားမသုတ် အားထုတ်နိုင်ကြပြီးလျှင် လောကီ, လောကုတ္တရာ အဖြာဖြာသော ချမ်းသာသုခများကို ခံစားနိုင်ကြ၍ အမတခေါ် ရွှေပြည်တော်ကြငှန်း နိဗ္ဗာန်နန်းသို့ ငြင်လန်းကြည်သာ ကူးမြောက်နိုင်ကြပါစေသတည်း။

# မသေခင်က နတ်ဗိမာန်ရ တရားတော်

ဒီတရားကို အားလုံးသိပြီးသား ဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် နာဖူးထပ်မံ နတ်ထံတင်ရန် ဆိုသလို မသေခင်က နတ်ဗိမာန်မြင်ရတဲ့ အကြောင်းက တော့...

**“ဒါနံ သဂ္ဂဿ သောပါဏံ”** အစရှိသော ဒေသနာတော်အရ လူ့ပြည်၌ ဒါနစသော ကောင်းမှုကုသိုလ်တို့ကို ပြုကြကုန်သော သူတို့သည် အနည်းဆုံးအကျိုး နတ်ပြည်သို့ ရောက်နိုင်ကြသည်ဖြစ်၍ ပီပီတို့ ပြုထား သမျှသော ဒါနစသော ကောင်းမှုတရားတို့သည် နတ်ပြည်သို့ တက်ရောက် ကြရန် စောင်းတန်းလှေကားများကို ထောင်ထားသည့်ပမာ နောင်အလိုရှိ သောအခါ၌ အလွယ်တကူ တက်ရောက် ဆိုက်ကပ်နိုင်လေတယ်တဲ့။

ထိုအကြောင်းအရာကို ထင်ရှားအောင် ဝတ္ထုသာဓကတစ်ခုကို ထုတ်ပြရပါလျှင်... ငါတို့ဘုရားရှင်လက်ထက်တော်အခါ ဗာရာဏသီပြည်၌ ဥစ္စာဓနေ ကြွယ်ဝပေါများ သဒ္ဓါတရားနှင့် ပြည့်စုံတဲ့ နန္ဒိယအမည်ရှိသော သူကြွယ်သားတစ်ယောက် ရှိလေတယ်တဲ့။ ထိုသူကြွယ်သား နန္ဒိယသည် လိမ္မာရေးခြား ရှိလှသည်ဖြစ်၍ မိဘများကို ရှိသေလေးစား ထက်သန်သော စိတ်ထားဖြင့် လုပ်ကျွေးပြုစုလေ့ရှိသည့်အပြင် ရဟန်းသံဃာ တော်များကို လည်း လေးစားကြည်ညို မှီခိုအားထား အစားစားသော လှူဖွယ်ဝတ္ထု ပစ္စည်းများဖြင့် လှူဒါန်းပူဇော်လေ့ ရှိပေတယ်တဲ့။

ထိုနန္ဒိယ သတို့သားကလေးသည် အချိန်အရွယ် ရောက်တဲ့အခါ မိဘများက အိမ်နီးနားချင်းဖြစ်သော ဦးရီးတော်၏သမီး ရေဝတီခေါ်သော သတို့သမီးကလေး တစ်ယောက်နှင့် ထိမ်းမြားလက်ထပ်ကြရန် နားချပြောဆိုကြလေရာ ထိုရေဝတီသည် သဒ္ဓါတရားမရှိ အကျင့်သီလနှင့် မပြည့်စုံသည့်အတွက်ကြောင့် ထိုရေဝတီသတို့သမီးကို မိမိ အလိုမရှိကြောင်း နန္ဒိယက ပယ်ရှားတားမြစ်လေတယ်တဲ့။

ထိုအခါ မိခင်ကြီးက ရေဝတီကိုခေါ်၍ ရဟန်းများ ဆွမ်းဘုဉ်းပေးရန် နေရာများခင်း၍ ရေများကိုစစ်ပြီး ကပ်ရန်နှင့် ဆွမ်းစားပြီးတဲ့အခါ သပိတ်များ ဆေးဖို့ရန် ပြောဆိုသင်ထားကာ ခိုင်းစေလေတယ်တဲ့။ ရေဝတီကလည်း သဒ္ဓါတရား မရှိလှသော်လည်း နန္ဒိယ၏ချစ်မြတ်နိုးရေးအတွက် ဟန်ဆောင်၍ လုပ်ရရှာလေတယ်။ ထိုသို့ လုပ်ကိုင်နေသော ရေဝတီကို မိခင်ကြီးက သားတော်အား ပြသ၍ "ပင်ကိုက သဒ္ဓါတရား မရှိသော်လည်း ဖျောင်းဖျပြောဆိုဆုံးမပြလျှင် လိုက်နာပြုလုပ် သည်ဖြစ်ရကား လိမ္မာပါသည်၊ သားတော် လက်ခံသဘော တူပါ၊ နောင် တဖြည်းဖြည်း ပြုပြင်ပေးလျှင် လွယ်ကူပါသည်"ဟု ဖျောင်းဖျပြောဆို နားချပြန်ရှာလေတယ်တဲ့။

နန္ဒိယသတို့သားသည်လည်း မိဘများ၏စကားကို မပယ်လိုတာနှင့် ရေဝတီသတို့သမီးနှင့် ထိမ်းမြားခြင်းကို သဘောတူ လက်ခံရရှာလေတယ်တဲ့။ မိဘများကလည်း ဝမ်းမြောက်ဝမ်းသာနှင့် နေ့ရက်များ သတ်မှတ်ကြကာ လက်ထပ်ထိမ်းမြားသော ပွဲသဘင်ကို ဆင်ယင်ကျင်းပ၍ ပေးကြလေတယ်။

လက်ထပ်ပြီး၍ မကြာခင်ပဲ နန္ဒိယသတို့သားက ဇနီးသည် ရေဝတီအား ပြောကြားဆုံးမသည်မှာ–

"ချစ်နှမရေဝတီ... သင်သည် ယနေ့မှစ၍ နေ့စဉ်မပြတ် ရဟန်းသံဃာတော်များကို ဆွမ်းဟင်းခဲဖွယ်ဘောဇဉ်များဖြင့် ရိုသေသမှု လုပ်ကျွေးပြုစုရမည်၊ ငါ၏ မိဘများကိုလည်း အရာရာ လိုလေသေးမရှိအောင် ဝတ္တရားကျေပွန်စွာ ကြိုးစား၍ ပြုစုစောင့်ရှောက်ရလိမ့်မည်၊ သည်လိုမှ မပြုလုပ်, မဆောင်ရွက်လိုလျှင်ဖြင့် ငါ၏အိမ်မှာလည်း သင်နေရမည်မဟုတ်ပေ၊ ကြိုးစား၍သာ ငါ သဘောကျဖြစ်အောင် ဆောင်ရွက် ပြုစုလုပ်ကျွေးပေတော့" ဟူ၍ သတိပေး မှာကြားထားရှာလေတယ်။

ရေဝတီသည် ခင်ပွန်းသည်ပြောသမျှကို ကောင်းပါပြီဟု ဝန်ခံပြီး၍ နှစ်ရက်၊ သုံးရက်လောက်သာ ဟန်ဆောင်၍ လုပ်ကျွေးပြုစုလျက် နောင် အခါမှာ ပေါ့ပျက်ပျက်နေခဲ့လေရာ သားနှစ်ယောက်မျှ ရရှိခဲ့လေတယ်တဲ့။ နန္ဒိယ၏ မိဘများလည်း နောင်အခါကာလ သံသရာ သဘောတရားတို့မှ မလွန်ဆန်နိုင်ရှာကြဘဲ စုတိပျက်ကြွေ သေပွဲသို့ ဝင်ကြရရှာလေတယ်။

နန္ဒိယသူကြွယ်သည်လည်း မိဘများ ကွယ်လွန်သွား ကြပြီးနောက် ဒါန, သီလ စသော ကောင်းမှုကုသိုလ်များကို ပြုစုလေရာ ရဟန်း, သံဃာ၊ ဆင်းရဲသား စသူတို့အား နေ့စဉ်မပြတ် လှူဒါန်းချီးမြှောက်လေတယ်။

နန္ဒိယသူကြွယ်သည် သာသနာတော်ကို ချီးမြှောက်လိုတဲ့အတွက် ကြောင့် ဗာရာဏသီပြည် မိဂဒါဝုန်တောမှာ သံဃာတော်များ နေထိုင်ဖို့ရာ အသပြာများစွာကို စွန့်လွှတ်၍ လေးဆောင်ပြိုင် ကျောင်းတော်ကြီးကို ဆောက်လုပ်စေကာ ဘုရား အမှူးရှိသော သံဃာတော်များကို ပင့်ဖိတ်ပြီး၍ ကြီးစွာသော ဒါနပွဲသဘင်ကို ဆင်ယင်ကျင်းပလျက် ကျောင်းတော်ကို ရေစက်ချလှုဒါန်းလေတယ်။

ဘုရားရှင်၏လက်တော်သို့ ရေစက်သွန်းချ၍ ကျောင်းတော်ကြီးကို လှူဒါန်းလိုက်သည်နှင့်တစ်ပြိုင်နက် တာဝတိံသာ နတ်ပြည်၌ တစ်ဆယ့်နှစ် ယူဇနာကျယ်ပြန့်၍ အမြင့်အားဖြင့် ယူဇနာတစ်ရာရှိသည့် ရတနာခုနစ်ပါး တို့နှင့်ပြီးသော နတ်ဘုံ နတ်နန်းကြီး ပေါက်ရောက်ကာ နတ်သမီးပေါင်း များစွာတို့နှင့် ပြည့်ကျပ်၍နေလေတယ်တဲ့။

ထိုအခါ ရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးသည် တာဝတိံသာ နတ်ပြည်သို့ လှည့်လည်သွားလာတော်မူလေရာ ထိုဘုံဗိမာန်ကြီးကို မြင်ရ တာနှင့် အကျိုးအကြောင်းကို မေးမြန်းလေလျှင် ဗိမာန်တွင် ရှိကြသော နတ်သမီးများက နန္ဒိယ သူကြွယ်၏ ဘုံဗိမာန်ဖြစ်ကြောင်း လျှောက်ထား ကြပြီးနောက် ဆက်လက်၍ "မိမိတို့မှာ နန္ဒိယ၏ အလုပ်အကျွေးများ ဖြစ်ကြသော်လည်း ဗိမာန်ရှင် မရှိကြသည့်အတွက်ကြောင့် ခြောက်တီး ခြောက်ကပ် ပျော်ရွှင်စိုပြည်ခြင်း မရှိကြဘဲ ပျင်းရိ၍သာ မောင်တော်အလာကို မျှော်ကိုးစောင့်စားလျက် နေကြရပါသည် ဘုရား၊ သို့ပါ၍ အရှင်မြတ် လူ့ပြည်ရောက်တဲ့အခါ မောင်တော်နန္ဒိယအား မြေခွက် မြေအိုးနှင့်တူစွာ

စက်ဆုပ်ရွံရှာ ဖွယ်ဖြစ်သော လူ့ခန္ဓာကိုယ်ကြီးကို အမြန်ပယ်စွန့်၍ ရွှေအိုးရွှေခွက်ကဲ့သို့ ရောင်ထွက်ကြည်လင် ချစ်ချင်စဖွယ် တင့်တယ် ကောင်းမြတ်သော နတ်ခန္ဓာကိုယ်ကြီးကို အမြန်ကူးပြောင်း ယူပြီးကာ နတ်၌ဖြစ်သော စည်းစိမ်ချမ်းသာများကို ခံစားလှည့်ဖို့ရန် တပည့်တော်မများက မှာလိုက်ကြောင်းကို တစ်ဆင့် မိန့်ကြားတော်မူလိုက်ပါဘုရား" ဟူ၍ မှာကြားလိုက်ကြလေတယ်တဲ့။

**ပရိဝါရာ မယံ အယျ၊ နန္ဒိယဿ သမိဒ္ဓိနော။**
**ကထေတု မတ္တိကံ ပရိစ္စ၊ သောဝဏ္ဏံ ဒေဟ ဓာရိတုံ။**

**အယျ၊** တန်ခိုးဂုဏ်အင် စုံလင်တောက်ကြွား အို... အရှင်မြတ်ဘုရား။ **မယံ၊** ပိုင်ရှင်ကင်းမဲ့ ဗိမာန်တွင်း၌ လွန်မင်းပျင်းရိ မချိရှည်ကြာမျှော်ကာနေရ တပည့်တော်မတို့သည်။ **သမိဒ္ဓိနော၊** ပြုစုလှူဒါန်း ကုသိုလ်စွမ်းကြောင့် တင့်ဆန်းမှန်စွာ အဖြာဖြာသော စည်းစိမ်ချမ်းသာတို့ကို ပြီးစေနိုင်ထသော။ **နန္ဒိယဿ၊** ဗာရာဏသီ တိုင်း၌ာနီ၌ စုံညီပြည့်ဝ နန္ဒိယမည်သာကျောင်းဒါယကာ သူကြွယ်ကြီး၏။ **ပရိဝါရာ၊** ခြွေရံသင်းပင်း ခြေရင်းတော်အလုပ်အကျွေးတို့သည်။ **ဘဝါမ၊** ရေးကုသိုလ်ကံ အလျောက် ပေါ်ပေါက်မှန်စွာ ဖြစ်ကြရပါ၏ဘုရား။ **တုမှေ၊** ဘုန်းကံကြီးမား အရှင်မြတ်ဘုရားတို့သည်။ **တဿ၊** ဒါနရှင်ပျော် ဂုဏ်မော်ထင်ရှား ထိုမောင်တော်နန္ဒိယအား။ **မတ္တိကံ ဒေဟံ၊** မြေအိုးမြေခွက်ပမာ ခဏတာပြိုကွဲ၍ အလွန်ပဲ စက်ဆုပ်ဖွယ်ဖြစ်သော လူ့ခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကြီးကို။ **ပရိစ္စ၊** ငဲ့ကွက်မနေ စွန့်ပစ်ခဲ့လေ၍။ **သောဝဏ္ဏံ ဒေဟံ၊** ရွှေရောင်အဆင်း လွန်မင်းချစ်စရာ နတ်တို့၏ ကိုယ်ခန္ဓာမြတ်ကို။ **ဓာရိတုံ၊** အမြန်ချက်ချင်း ယူဆောင်ခြင်းငှာ။ **ကထေတု၊** ကျိုးကြောင်းဖြစ်အင် စုံလင်ဖော်ပြ ကုန်စေ့ငအောင် မုချမှန်စွာ မိန့်ကြားတော်မူလိုက်ပါ အရှင်ဘုရား။

အရှင်မြတ်ဘုရား... လူ့ပြည်ကိုရောက်တဲ့အခါ မောင်တော် နန္ဒိယကျောင်းဒါယကာ သူကြွယ်ကြီးအား မပျက်မကွက် ဆက်ဆက်သာလျှင် မြေအိုးမြေခွက်ပမာ လူ့ခန္ဓာကိုယ်ကောင်ကြီးကို ပယ်စွန့်ပစ်ခဲ့၍ ရွှေရောင်အဆင်း လှပတင့်တယ်ခြင်းရှိသော နတ်တို့၏ခန္ဓာကိုယ်အဖြစ်ကို လာရောက်

ပြောင်းရွှေ့ ယူငင်ရန် တပည့်မများက မှာလိုက် ကြောင်း အမိန့်ရှိတော်မူရန် ဖြစ်ပါသည်ဘုရား ဟူ၍ လျှောက်ထားလိုက်ကြလိုရင်း ပေါ့နော်။

**"မြေအိုးခွက်သို့၊ ကွဲပျက်လေတာ၊ ရှုံ့ဖွယ်ရာ။**
**ငဲ့ကွက်မတား၊ ပယ်ရှားစွန့်ခွာ၊ လူ့ခန္ဓာ။**
**ရွှေရောင်အဆင်း၊ လွန်မင်းချစ်စရာ၊ နတ်ကိုယ်သာ။**
**မောင်တော်မြတ်၊ ဆိုက်ကပ်ယူဖို့ရာ၊ မိန့်မြွက်ပါ"**

ရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးလည်း တာဝတိံသာ နတ်ပြည်မှ ဆင်းသက်ခဲ့၍ ဘုရားရှင်ထံမှောက်သို့ ဝင်ရောက်ဖူးမြော်ကာ အကျိုးအကြောင်း လျှောက်ထားတဲ့အခါ ရှင်တော်မြတ်ဘုရားက...

"ချစ်သားမောဂ္ဂလာန်... အလှူရှင်မသေခင်က နတ်ပြည်မှာ နတ်သမီး ပေါင်းများစွာ ခြံရံလျက် ရတနာခုနစ်ပါးဖြင့် ပြီးသော နန္ဒိယသူကြွယ် ကျောင်းဒါယကာ၏ ဘုံဗိမာန်ကြီးကို သင်ကိုယ်တိုင်ပဲ တွေ့ပြီမဟုတ်လား၊ အထူးအထွေ ပြောနေစရာ မလိုတော့ပါ၊ လူ့ပြည်က ကုသိုလ်ကောင်းမှု ပြုသူများ မိမိတို့က လူ့ခန္ဓာ မစွန့်ရသေးသော်လည်း နတ်ပြည်မှာတော့ သေလွန်သည့်အခါ အဆင်သင့် ခံစံဖို့ရန် နတ်ဘုံနတ်နန်းများ ပေါ်ပေါက် နိုင်ကြရုံမျှမက ကြာမြင့်စွာ ကွဲကွာနေသော ဆွေမျိုးများ ပြန်လာသည့်အခါ ခရီးဦးကြိုဆို၍ ဆွေမျိုးအပေါင်းတို့က ချစ်ခင်စွာ စောင့်မျှော်နှုတ်ခွန်းများ ဆက်ကြသကဲ့သို့ လူ့ပြည်မှ ကုသိုလ်ကောင်းမှုပြုထားကြသည့် ကောင်းမှုရှင် သူတော်စင်များ နတ်ပြည်သို့ သွားရသည့်အခါ နတ်ပြည်ရှိ ချမ်းသာအပေါင်း တို့က ချစ်ခင်လေးစားစွာ ခရီးဦးကြိုဆို နှုတ်ခွန်းဆက်လေ့ရှိကြတယ်" တဲ့နော်။

ထိုအကြောင်း အရာကို ရှင်တော်မြတ်ဘုရားက ပရိသတ်အား သိစေတော် မူလိုတဲ့အတွက် အောက်ပါ ဂါထာတရားတော်ကို မိန့်ကြားတော် မူတယ်တဲ့။

**တထေဝ ကတပုညံပိ၊ အသ္မာလောကာ ပရံ ဂတံ။**
**ပုညာနိ ပဋိဂဏှန္တိ၊ ပိယဉာတိဝ အာဂတံ။**

**ပိယဉာတိ၊** ချစ်ခင်ကြတောင်း ဆွေမျိုးအပေါင်းတို့သည်။ **အာဂတံ၊** ကာလရှည်ကြာ ကွဲကွာနေငြား အရပ်တစ်ပါးမှ ထင်ရှားပြန်ရောက်လသော

ဆွေမျိုးကို။ **ပဋိဂ္ဂဏှန္တိ ဣဓ၊** စုကာပိုင်းအံ့ လက်ခံကြိုဆိုကြကုန်သကဲ့သို့။ **တထေဝ၊** ထိုနည်းမခြား အလားတူသာလျှင်။ **အသ္မာလောကာ၊** ဤ ငါတို့နေရာ လူ့ရွာလောက ဘုံဌာနမှ။ **ပရံ ဂတံ၊** နောင်တမလွန်ဘဝ ခြောက်ဌာနရှိလေ ထက်နတ်ပြည်သို့ အတည်မုချ သွားရောက်ရသော။ **ကတပုညံပိ၊** ကောင်းမှုကုသိုလ် ထိုထိုများစွာ ပြုကာစုဆောင်း သူတော်စင် ပုဂ္ဂိုလ်အပေါင်းတို့ကိုလည်း။ **ပုညာနိ၊** ကောင်းမှုစွမ်းဟုန် တန်ခိုးဂုဏ်ကြောင့် လုံးစုံများစွာ စည်းစိမ်ချမ်းသာ အပေါင်းတို့သည်။ **ပဋိဂ္ဂဏှန္တိ၊** ရာရာမလင့် မကြာမြင့်အောင် အသင့်မသေွ လက်ခံကြိုဆိုကြလေကုန်သတည်း။

အဝေးအရပ်မှာနေ၍ ကြာမြင့်စွာ ကွဲကွာနေသောသူကို ပြန်ရောက် လာတဲ့အခါ ဆွေမျိုးသားချင်းများ ချစ်ခင်ယုယ ကြိုဆိုကြသည့်ပမာ လူ့ပြည်က ကုသိုလ်ကောင်းမှုပြုပြီး နတ်ပြည်သို့ သွားရောက်ရတဲ့သူကိုလည်း နတ်ပြည်မှာရှိသော စည်းစိမ်ချမ်းသာ အမျိုးမျိုးများက လိုလေသေးမရှိရ ကုန်စေအောင် ပြည့်ဝစေကာ ကြိုဆိုလာကြလေတယ်တဲ့။

ဒေသနာတော်၏အဆုံးမှာ နန္ဒိယနှင့်တကွ များစွာသောသူများသည် မဂ်ဖိုလ်ဉာဏ်အလင်းရ၍ နိဗ္ဗာန်ကို မျက်မှောက် ပြုကြရလေတယ်တဲ့။

နန္ဒိယသူကြွယ်သည်လည်း လူ့ပြည်မှာ အသက်ထက်ဆုံး နေထိုင်ပြီး၍ သေလွန်သည့်အခါ အဆင်သင့် ပေါက်ရောက်နေသော ရတနာဗိမာန်ကြီး အတွင်းမှာ နတ်သမီးပေါင်း များစွာခြံရံလျက် ကြီးကျယ် ခမ်းနားသော တာဝတိံသာ နတ်ချမ်းသာကို ခံစံရလေတယ်။

ကဲ... အခု ဟောပြောခဲ့ပြီးသော ဒေသနာအစဉ်ကို နားဆင်ကြ ရသော သူတော်စင်အပေါင်းတို့သည် ကျောင်းဒါန စသော ကောင်းမှု ကုသိုလ်၏ အကျိုးကြီးမြတ်ပုံကို ဉာဏ်မြင် ရှုစား သိမှတ်သား၍ များစွာ သော ကုသိုလ်ကောင်းမှုတို့ကို အားကျပြုစုနိုင်ကာ ခေမာမည်မှန်း နိဗ္ဗာန်နန်းသို့ ကွမြန်း စံပျော်နိုင်ကြပါစေကုန်သတည်း။

## ခြေလှမ်းတိုင်းကြွ ကုသိုလ်ရ တရားတော်

ခြေလှမ်းတိုင်းကြွ ကုသိုလ်ရဆိုတာ ဘယ်လိုခြေလှမ်းတိုင်းကြွလို့ ကုသိုလ်ရသလဲဆိုတော့...

**ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။**

**ဒေသေန သစ္စဝဇ္ဇေန၊ သုခိတာ ဟောန္တု သာဓဝေါ။**

**လောကေ၊** သတ္တ, ဩကာသ, သင်္ခါရဟု သုံးဖြာသတ်မှတ် လောကစက်ကြီးအတွင်း၌။ **ဗုဒ္ဓေါ၊** သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီး မြတ်ဘုရားသည်။ **သဗ္ဗပါဏိနံ၊** သုံးတိုက်ဗိုလ်ခြေ ဝေနေများစွာ သတ္တဝါအပေါင်း တို့၏။ **ဟိတာယ၊** လောကီ, လောကုတ္တရာ နှစ်ဖြာအကျိုး ပွားတိုးကြစေခြင်းငှာ။ **သမုပ္ပန္နော၊** ကောင်းစွာမသွေ ပွင့်ထွန်းပေါ်ပေါက်၍ လာပါပေသတည်း။ **ဒေသေန သစ္စဝဇ္ဇေန၊** ဤသို့ထုတ်ပြန် ဟုတ်မှန်စွာဆိုရသော သစ္စာစကားကြောင့်။ **သာဓဝေါ၊** တရားသဘင် ဆင့်ယင်ကျင်းပ ဤဌာနသို့ ညီညာဖျဖျ စည်းဝေးရောက်လာကြကုန်သော သူတော်စင် အပေါင်းတို့သည်။ **သုခိတာ၊** ကိုယ်, စိတ်နှစ်ဖြာ ဘယာမငြိ ကျန်းမာချမ်းသာခြင်း ရရှိကြကုန်သည်။ **ဟောန္တု၊** ဤနေ့ကစ နိဗ္ဗာန်ရောက်ရသည့် ဘဝတိုင်အောင် မုချမှန်စွာ ဖြစ်နိုင်ကြပါစေကုန်သတည်း။

လောကစက်ကြီးအတွင်း၌ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ပွင့်ထွန်းပေါ်ပေါက်၍ လာတယ်လို့ ဆိုတာဟာ အားလုံးသော ဗုဒ္ဓသာသနာဝင် သူတော်စင်အပေါင်းတို့၏ ကံကောင်းကြဖို့ ဖြစ်ပါပေတယ်။ တို့ဘုရား

သာသနာတော်ကြီး ဆိုတာဟာလည်း ဆရာတော်ဘုရားတွေ မိန့်ခွန်းတော်မူကြသည့်အတိုင်း လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းအတွင်းမှာ မြတ်စွာဘုရားပေါင်း နှစ်ကျိပ်ရှစ်ဆူသာ ပွင့်တော်မူလာရသဖြင့် သာသနာတော်ခေတ်ပေါင်းလည်း ၂၈ မျိုးသာ ပွင့်ထွန်းလာနိုင်ခဲ့တယ်လို့ ဆိုရပါမယ်။

အဲဒီတော့ လေးသင်္ချေကို ဖယ်ထားပြီး ကျန်တစ်သိန်းကိုပဲ ၂၈ နှင့်စားလိုက်ပါက ကမ္ဘာပေါင်းသုံးထောင်ကျော် လောက်မှ သာသနာတော်ခေတ်တစ်ခုသာ ထွန်းကား ပေါ်ပေါက်နိုင်ပါတယ်။ အဲဒီလို မြတ်စွာဘုရားများပွင့်တော်မူမလာကြတဲ့ အခါမှာလည်း မိမိတို့က သာသနာတော်ကြီးနဲ့တွေ့နိုင်ဦးမှ၊ သာသနာတော်ကြီးနဲ့ တွေ့ကြုံရပြန်ရင်လည်းပဲ လူ့အဖြစ်ဆိုတဲ့မနုဿဘာဝ လူ့ဘဝ ခန္ဓာကိုယ်ကိုလည်း ရဦးမှ၊ လူ့အဖြစ်ကို ရပြန်ရင်လည်းသာသနာတော်ကို ကြည်ညိုနိုင်တဲ့ သဒ္ဓါတရားကို ရရှိဦးမှ၊ သဒ္ဓါတရားကိုရရှိရင်ကော မိမိတို့၏ သဒ္ဓါတရားအတိုင်း နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်တဲ့ဒါန အလှူပေးမှု၊ သီလ ဆောက်တည် စောင့်ထိန်းမှု၊ ဘာဝနာများပွားများစီးဖြန်းမှု စတဲ့ ကောင်းမှုကုသိုလ်များကို ပြုလုပ်ကျင့်ပွား ကြိုးစားမယုတ်အားထုတ်နိုင်ကြရုံမျှမက ဆရာတော်ဘုရားကြီးများ၏ ဟောဖော်ညွှန်ပြဆိုဆုံးမတော်မူကြသည့်အတိုင်း ယခုဘဝမှာပင် မဂ်ဖိုလ်ဆိုတဲ့ ချမ်းသာထူးချမ်းသာမြတ်ကို ရရှိခံစံနိုင်စေတဲ့ ဝိပဿနာအကျင့်တရားမြတ်တွေကိုလည်းကြိုးစားရှုမှတ်နိုင်ကြမှ သာသနာတော်ကြီးနဲ့ တွေ့ကြုံရကျိုး နပ်ကြပေမယ်တဲ့။

ယခုအခါ စည်းဝေးရောက်လာကြတဲ့ ပရိသတ်ကတော့ သာသနာ့ရိပ်သာထဲမှာ ဖြစ်သည့်အားလျော်စွာ သာသနာ့ရိပ်သာနှင့် စပ်သွယ်လာကြတဲ့အများအားဖြင့် ယောဂီသူတော်စင်များသာ ဖြစ်ကြသည့်အတွက်ကြောင့်ယခုပြောခဲ့တဲ့ ဒါန, သီလ, သမထ, ဝိပဿနာ အပြာဖြာသော ကောင်းမှုကုသိုလ် အားလုံးတို့နှင့် ပြည့်စုံနေကြပြီးလို့ ဘုန်းကြီးက ဝမ်းမြောက်အားရစရာ မင်္ဂလာစကားကို ပြောကြားရပါတယ်။

အဲဒီလို ကမ္ဘာပေါင်းများစွာကြာမှ တစ်ကြိမ်တစ်ခါသာ ပွင့်ထွန်းလာတဲ့ သာသနာတော်မြတ်ကြီးနှင့် ကြုံတွေ့လာကြရတဲ့ သူတော်စင်အပေါင်းများသည် သာသနာတော်အတွင်းမှာ ပြုသင့်ပြုထိုက်သော ပါရမီကောင်းမှု ကုသိုလ်များကို ပြုနိုင်ကြရပါတယ်။

နောက်ပြီးတော့ ကမ္ဘာပေါင်း သုံးထောင်ကျော်လောက်မှ ဘုရားတစ်ဆူ ကျလောက်သာ ပွင့်နိုင်တယ်ဆိုတော့ ကျန်တဲ့ နှစ်ထောင်ကိုးရာကိုးဆယ်နဲ့ကိုး ကမ္ဘာတွေမှာ ဘုရားမပွင့်နိုင်ကြဘူးပေါ့။ ဘုရားမပွင့်ရင်ကော သတ္တဝါတွေ မရှိကြဘူးလား၊ လူတွေ, နတ်တွေ, ဗြဟ္မာတွေ မရှိကြဘူးလား လို့ ဆိုရင် ရှိကြတာပဲ။ ရှိကြသော်လည်း အားလုံးသော လူတွေဟာ လူမှုရေးရာ လောကီကိစ္စတွေနဲ့သာ အချိန်ကုန်နေကြရပြီးတော့ တဖြည်းဖြည်း ကြီးရင့် ပျက်ပြုန်း သေဆုံး၍သာ သွားကြရပါတယ်။ မိမိတို့အတွက် ဘဝသံသရာမှ ထွက်မြောက်ကြောင်း ထွက်မြောက်ရာ လောကုတ္တရာကောင်းမှုကုသိုလ် တရားများကို ပါရမီရင့်ညောင်း အလောင်းတော်များမှအပတခြား ဘယ်သူမှ ပြုလုပ်နိုင်ခြင်း မရရှိကြပါဘူးတဲ့။ အဲ... ယခုအခါမှာတော့ ပြောဆိုခဲ့တဲ့ အဖြစ်ဆိုးကြီးတွေ ကျော်လွန်ပြီးတော့ သာသနာတော်ကြီးနဲ့ တွေ့နေရတာဟာ အားလုံး အင်မတန် ကံကောင်းကြတာပါပဲ။

သာသနာတော်ကြီးနဲ့ တွေ့ကြုံရတဲ့ အခါမှာလည်း တွေ့ကြုံရကျိုး နပ်ကြလေအောင် နိဗ္ဗာန်ရောက်ကြောင်း ကုသိုလ်ကောင်းမှုများကို ပြုနိုင်ကြ ဖို့ရန် သာမန်ပုဂ္ဂိုလ်များအနေနဲ့ ခဲယဉ်းကြမည် ဖြစ်သော်လည်း ယခု စည်းဝေး ရောက်လာကြတဲ့ သူတော်စင် အပေါင်းတွေကတော့ အားလုံး စုံအောင် ပြုလုပ်နေကြရသူများ ဖြစ်ကြသဖြင့် အားရရွှင်လန်း ဝမ်းပန်းတသာ ရှိကြဖို့ပါပဲ။

အဲဒီလိုပြုလုပ်ကြရတာဟာ ငါကို့သာသနာတော်ကြီးနှင့် တွေ့ကြုံရတဲ့ အတွက်ကြောင့် အကျိုးရှိရာ အကျိုးရှိကြောင်း ကောင်းမြတ်တဲ့ အလုပ်တွေနဲ့ အချိန်ကုန်ကြရတာပဲလို့ စဉ်းစားပြီးတော့ ဝမ်းမြောက်ဝမ်းသာ ရှိကြဖို့ပါပဲ။ ထို့အပြင် သံသရာမှာ သတ္တဝါရယ်လို့ ဖြစ်လာကြရတဲ့သူတွေမှာ ခန္ဓာ ကိုယ်နှင့်မကင်းနိုင်ကြပါဘူး။ ခန္ဓာကိုယ်ကြီး ရလာကြလို့ရှိရင်လည်း အဲဒီ ခန္ဓာကိုယ်ကြီးကပဲ အရာရာမှာ ပြုစုစောင့်ရှောက် ကြရပြီး ကိစ္စအားလျော်စွာ အသုံးချရပါတယ်။

ဒီခန္ဓာကိုယ်ကြီးကလည်း အဆိပ်ပင် အဆိပ်တုံးကြီးနဲ့ တူတဲ့အတွက် ကြောင့် မျက်စိ, နား, နှာ စသည့် အရာတို့မှ အဆိပ်နိုးတွေ တဖွားဖွား တထောင်းထောင်းထွက်၍ နေတတ်ကြသဖြင့် မိမိတို့က သတိမထားမိကြဘဲ

မသင့်မတင့် နှလုံးသွင်းမိခဲ့ကြပါလျှင် မျက်စိက စပြီးတော့ အကုသိုလ် အဆိပ်ခိုးတွေ ဖြစ်လာတတ်ကြပါတယ်။

အဲဒီ အကုသိုလ် တရားဆိုးတွေကြောင့် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်တွေ ဖြစ်ကြရကာ အပါယ်ဘေးဒုက္ခ အဝဝတွေကို တွေ့ကြုံ ခံစားကာ နေကြရတတ်ပါတယ်။ ထိုနည်းအတူပဲ နားက, နှာခေါင်း က, လျှာက, ကိုယ်က, စိတ်ကလည်း စပြီးတော့ အကုသိုလ် တရားတွေ ဖြစ်ပေါ်လာကာ အဆိပ်ခိုးသင့်ကြလျက် ဆင်းရဲဒုက္ခအမျိုးမျိုးများကို တွေ့ကြုံ ခံစားကြရတတ်ပါတယ်။

အကျဉ်းချုပ်အားဖြင့် ဒွါရခြောက်ပါးမှာ ယောနိသောကင်းပ အသုံး မချတတ်ကြရင်ဖြင့် အမြဲတမ်း ဒီဒွါရခြောက်ပါးမှ အကုသိုလ်အဆိပ်တွေ သင့်ခံနေကြမည်ဖြစ်၍ ဒီခန္ဓာကိုယ်ကြီးဟာ အဆိပ်တုံး အဆိပ်ပင်ကြီးနဲ့ တူပါတယ်တဲ့။ အဲဒီလို အဆိပ်တုံး အဆိပ်ပင်ကြီးနဲ့တူတဲ့ ခန္ဓာကိုယ်ကြီးထဲမှာ ယောနိသော အရင်းခံ ပညာဉာဏ်ဖြင့် ရှာကြံကန့်သတ် ယူတတ်ကြမယ် ဆိုလို့ရှိရင်တော့ ကောင်းမြတ်တဲ့ အသီးကလေး နှစ်လုံးမျှသာ တွေ့ရှိနိုင် ပါတယ်တဲ့။ တွေ့ရှိနိုင်ပုံကလေးက...

**သံသာရ ဝိသဝက္ခဿ၊ ဒွေယောဝ မဓုရာ ဖလာ။**
**ပရိယတ္တျာ နုယောဂေါ စ၊ ယော ဂေါ စ ပဋိပတ္တိယာ။**

သံသရာတည်းဟူသော (သို့မဟုတ်) ခန္ဓာကိုယ် တည်းဟူသော အဆိပ်တုံး အဆိပ်ခဲ အဆိပ်ပင်ကြီး၌ခဲမှာ ကောင်းမြတ်တဲ့ အသီးကလေး နှစ်လုံးကတော့—

၁။ စာပေကျမ်းဂန် သင်အံပို့ချ ဟောညွှန်ပြခြင်း၊ နာခံ မှတ်သားခြင်း ဟူသော ပရိယတ္တိအနုယောဂ။

၂။ ဒီစာပေကျမ်းဂန်များမှ လာရှိတဲ့အတိုင်းပဲ လမ်းမှန်တဲ့ ကျင့်ကြံ အားထုတ်ပုံ အားထုတ်စဉ်များကို ဆရာကောင်းများ၏ ညွှန်ပြချက် များကို နာခံ၍ဖြစ်စေ၊ မိမိဉာဏ်စွမ်းဖြင့် ကြံဖန်၍ဖြစ်စေ ပြုလုပ် စောင့်ထိန်း ပွားများရှုမှတ်ခြင်း ဟူသော ပဋိပတ္တိ အနုယောဂဆိုတဲ့ အသီးကလေးများ ဖြစ်ကြပါတယ်။

ဒီမှ ကြွင်းကျန်တဲ့ လုပ်ကိုင်ပြောဆို ကြံဖန်မှု ဟူသမျှတွေကတော့ အဆိပ်သီး အဆိပ်ပွင့် အဆိပ်ရွက်တွေ ပမာတွေသာ ဖြစ်ကြတဲ့အတွက် ကြောင့် သတိမထားနိုင်ကြဘဲ လုပ်ကိုင်ပြုကျင့်ပြောဆိုမိကြပါလျှင် အဆိပ်နိုးတွေ သင့်ပြီးတော့ အပါယ်လေးဝ ဝဋ်ဒုက္ခထဲမှာ ကျင်လည်ပြေးသွား အပူပွားလျက် နေကြရတတ်ပါတယ်တဲ့။

တို့ယောဂီ သူတော်စင်အပေါင်းတွေကတော့ ဒီအကုသိုလ် အဆိပ်အတောက်တွေ၏ ဖြစ်ပေါ်ရာ မိမိတို့၏ခန္ဓာကိုယ်နှင့်တကွ ဒွါရခြောက်ပါးတို့ကို ပိတ်ဆို့ထိန်းသိမ်းခြင်းဆိုတဲ့ သတိပဋ္ဌာန်အကျင့်လမ်းစဉ် တရားတွေကို ဆရာ ကောင်းများအထံ ချဉ်းကပ်နာခံကြ၍ ကြိုးစားအားထုတ် ရှုမှတ်ပြီးဖြစ်ကြသောကြောင့် ငါတို့၏သန္တာန်မှာဖြင့် ရာဂ, ဒေါသ, မောဟဟူသော အဆိပ်တွေအားလုံး မကုန်ကြသေးသော်လည်း ခေါင်းပါးသလောက်တော့ ခေါင်းပါး အားပေးစေနိုင်ကြပြီး အရာရာမှာ သက်သာမှု ချမ်းသာမှုများကို ရသင့်သလောက် ရရှိကြပြီဖြစ်ကြ၍ ခုတင်ကဟောခဲ့တဲ့ ဒေသနာတော်အတိုင်း ပရိယတ္တိအနုယောဂ, ပဋိပတ္တိ အနုယောဂ ဆိုတဲ့ ချိုမြိန်ကောင်းမြတ်သော အသီးများကို စားသုံးကြရသည့်ပမာ မဂ်, ဖိုလ်, နိဗ္ဗာန်၏ အရသာထူးများကိုလည်း မိမိတို့၏ ပါရမီဉာဏ်ဖွမ်းရှိသလောက် ခံစားသုံး ဆောင်ကြရပေပြီဟူ၍ စဉ်းစားဆင်ခြင်ကြကာ ကြည်လင်ရွှင်ပျဝမ်းမြောက်နိုင်ကြဖို့အရေးကို အားပေး တိုက်တွန်းလိုက်ရပါတယ်။

အဲဒီလို သာသနာတော်ကြီးနဲ့ ငပ်ပြီးတော့ ပြောဆို လုပ်ကိုင်ကြရတဲ့ ကောင်းမှု ကုသိုလ်များ၏ အကျိုးကြီးပုံ အလုံးစုံကို ပြောဆိုနေမည်ဆိုပါက ဆုံးနိုင်မည် မဟုတ်ပါဘူးနော်။ ဒါပေမယ်လို့ တို့ယောဂီ အပေါင်းတွေ ခြေနဲ့ လက်နဲ့ ကိုယ်နဲ့ စပ်၍အမျိုးမျိုး ဆောင်ရွက်ကြရတဲ့ ဝေယျာဝစ္စကုသိုလ်တွေ၊ စိတ်နဲ့ ဆောင်ရွက်မှတ်သားကြိုးစားရကြတဲ့ ကောင်းမှုကုသိုလ်တွေကို မိမိတို့ ကိုယ်အား ဉာဏ်အားရှိသမျှ ဆောင်ရွက်၍ နေကြရပေတယ်။ အဲဒီလို ရတနာသုံးပါးနဲ့စပ်ပြီးတော့ ဆောင်ရွက်ရ လှူပ်ရှားရတဲ့ ခြေတစ်လှမ်းကာလ အခိုက်အတန့်မှာ ရနိုင်တဲ့ ကုသိုလ်၏တန်ဖိုးရှိပုံများကို ဝိနည်းပိဋကတ် စူဠဝဂ္ဂပါဠိ အနာထပိဏ်သူဌေးကြီး၏ ဝတ္ထုမှာပါတဲ့အတိုင်း ဟောပြလိုပါတယ်။

ဘုန်းကြီးတို့ရဲ့ ဘုရားသာသနာမှာ လွန်စွာကျေးဇူးများတဲ့ ဇေတဝန်ကျောင်းကြီးဒါယကာ အနာထပိဏ်သူဌေးကြီးသည် မိမိနေရပ်ဌာနီ သာဝတ္ထိပြည်မှ ရာဇဂြိုဟ်ပြည်သို့ ခေတ္တလာခိုက်မှာ လောက၌ မြတ်စွာဘုရားသခင်တို့၏ ပွင့်ထွန်းပေါ်ပေါက်နေကြောင်းကို ကြားရတာနဲ့ ဘုရားအပေါ်မှာ ကြည်ညိုလေးစားတဲ့ သဒ္ဓါတရားတွေ ဖြစ်နေလိုက်တာ အိပ်လို့မပျော်နေလို့မရ ထိုင်လို့မရ ကြက်သီးတွေ တဖြန်းဖြန်းထကာ ကိုယ်ခန္ဓာမှ အရောင်အလင်းများပင် ထွက်၍လာကြလေတယ်တဲ့။

အဲဒီလို အရောင်အလင်းတွေရဲ့ အစွမ်းကြောင့် မနက်မိုးသောက် အလင်းရောက်ပြီထင်တာနဲ့ အိမ်ကထွက်၍ ဘုရားကျောင်းရှိရာသို့ ရည်မှန်းပြီး လာလိုက်တာ လမ်းခုလတ်က သုသာန်ကိုပင် ရောက်လာခဲ့လေတယ်။ ရှေးအခါက ရာဇဂြိုဟ်ပြည်ကြီးဟာ လူဦးရေက အလွန်များပြီးနေတဲ့အတွက်ကြောင့် ညအခါ သေကြတဲ့အလောင်းကောင်တွေကို မမြှုပ်နိုင်ကြသေးဘဲ သုသာန်မှာ စွန့်ပစ်ထားတတ်ကြသဖြင့် သူဌေးကြီး ရောက်သွားတဲ့အခါ ထိုအလောင်းတွေကို တိုးမိ တိုက်မိသဖြင့် ဘုရားအပေါ်၌ ကြည်ညိုမှုအားနည်း အလင်းရောင်ပျောက်၍ ကြောက်စိတ်တွေ ဝင်ရောက်လာလေတယ်တဲ့။

အဲဒီအခါမှာ သချိုင်းစောင့်ဘီလူးကြီးက အောက်ပါ ဂါထာကလေးဖြင့် အားပေးစကား ပြောကြား တိုက်တွန်းလိုက်လေတယ်။

**သတံ ဟတ္ထီ သတံ အဿာ၊ သတံ အဿတရီရထာ။**
**သတံကညာ သဟဿာနိ အာမုက္က မဏိကုဏ္ဍလာ။**
**ဧကဿ ပဒဝီဟာရဿ၊ ကလံ နာဂ္ဃန္တိ သောဠသိံ။**

**မဟာသေဋ္ဌိ** အနာထပိဏ် သဒ္ဓါရှိန်ထန်သည်း အို… သူဌေးကြီး။ **ယောကောစိ၊** အမှတ်မထင် အကြင်တစ်စုံ တစ်ယောက်သောသူသည်။ **သတံ ဟတ္ထိ၊** ဆင်ယာဉ်တစ်သိန်း တို့ကိုလည်းကောင်း။ **သတံ အဿာ သဟဿာနိ၊** မြင်းယာဉ်တစ်သိန်းတို့ကိုလည်းကောင်း။ **သတံ အဿတရီရထသဟ သဿာနိ၊** သိန္ဓောမြင်းယာဉ် တပ်ယှဉ်အပ်ပြော မြတ်ရထား တစ်သိန်းတို့ကိုလည်းကောင်း။ **အာမုက္က မဏိကုဏ္ဍလာ၊** ပြည့်ဝစုံလင် တန်ဆာဆင်လျက် ပြောင်စင်ထိန်လျှပ် စိန်နားကပ်, စိန်ဆံထိုး အမျိုးမျိုး

ရှိကြကုန်သော။ **သတံကညာ သဟာသာနို၊** သတို့သမီးကညာ တစ်သိန်း တို့ကို လည်းကောင်း။ **လဘာတိ၊** ဆုမြတ်အနေ ရရှိပါပေ၏။ **တောနို၊** ဤသို့စုံညီ သိန်းလေးလီကို အတည်ရရှိ ဆုလာဘ်မျိုးတို့သည်။ **ကေသသ ပဒဝီဟာရသသ၊** ကောင်းမှုပြုရန် ရည်သန်စိတ်မှန်း ခြေတစ်လှမ်းကာလ ရရှိနိုင်ရိုး ကုသိုလ်အကျိုး၏။ **သောဠသိ ကလံ၊** တစ်ဆယ့်ခြောက်စိတ် ခွဲဝေစိတ်ကာ တစ်စိတ်စာလောက်မျှပင်။ **န အဂ္ဃန္တိ၊** မှန်းဆရည်သန် မထိုက်တန်ကြသည်သာတည်း။

## အရှင်ဉာဏဝရ(သာပေါင်း)

### ✍ ရေးသားပြုစုထုတ်ဝေသောစာအုပ်များ ✍


| | | |
|---|---|---|
| ၁။ | ငရဲသားရဲ့ ရင်ခုန်သံ | (ထွက်ပြီး) |
| ၂။ | ကာမဂုဏ်အာရုံဆွေ့ဆွေ့ခုန် | (ထွက်ပြီး) |
| ၃။ | ဆန္ဒရာဂပယ်နိုင်သလား | (ထွက်ပြီး) |
| ၄။ | တဏှာဝလေ့ လိုမပြည့် | (ထွက်ပြီး) |
| ၅။ | သေပြီးနောက်ဝယ် | (ထွက်ပြီး) |
| ၆။ | သေမှုကြုံရခြင်းရုပ | (ထွက်ပြီး) |
| ၇။ | ကျေးဇူးသိမြင် ကျေးဇူးရှင် | (ထွက်ပြီး) |
| ၈။ | ဥပမာလေးနဲ့ တရားနာမယ် | (မကြာမီထွက်မည်) |
| ၉။ | ခန္ဓာဉာဏ်ရောက်နိဗ္ဗာန်ပေါက် | (စီစဉ်ဆဲ) |
| ၁၀။ | ဆင်းရဲမှုတရားခံ | (စီစဉ်ဆဲ) |
| ၁၁။ | မီးတစ်ပွင့်ရဲ့ စွမ်းအား | (စီစဉ်ဆဲ) |
| ၁၂။ | လူငယ်များနဲ့ ဗုဒ္ဓဘာသာ | (စီစဉ်ဆဲ) |
| ၁၃။ | ကိုယ်ယုံကြည်ရာ | (စီစဉ်ဆဲ) |
| ၁၄။ | ငရဲကြီးမှာ ကြောက်ရဲ့လား | (စီစဉ်ဆဲ) |
| ၁၅။ | ရည်မှန်းချက်ကိုယ်စီ | (စီစဉ်ဆဲ) |
| ၁၆။ | လူငယ်များရဲ့ ဘဝမှန်တိုင်း | (စီစဉ်ဆဲ) |

# အလှူနည်းလည်း ချမ်းသာမြဲ တရားတော်

အလှူဆိုတာ တချို့က များများလှူနိုင်မှ လှူမယ်လို့ တွေးထားကြတယ်။ အမှန်က နည်းသည်၊ များသည် အဓိကမဟုတ်ပါဘူး။ စေတနာသည်သာ အဓိကကျပါတယ်။ ဒါကြောင့်...

ငါတို့၏ဘုရားရှင် ကိုယ်တော်မြတ်ကြီး လက်ထက်တော်အခါက သာဝတ္ထိပြည်ကြီးမှာ လမ်းတစ်လမ်း၌ နေကြသည့် လူအပေါင်းတို့သည် အားလုံးစု၍ ဘုရားအမှူးရှိသော သံဃာတော်များကို ပင့်ဖိတ် ဆွမ်းဘောဇဉ်များ လှူဒါန်းကြလေတယ်။

ထိုအခါ သူဆင်းရဲတစ်ယောက်သည် သူများနည်းတူ ယာဂုဆွမ်းစသည်ကို မကပ်လှူနိုင်တာနှင့် ဆန်ကွဲများကိုထောင်း၍ နေနှင့်နယ်ပြီးလျှင် မရိုးရွက်ဖြင့်ထုပ်ကာ မီးနှင့်ဖုတ်၍ ထိုဆန်ကွဲ မုန့်ထုပ်ကို မြတ်စွာဘုရားအား လှူဒါန်းရတော့မည်ဟု ကြံလျက် ဘုရားရှင်၏အနီးမှာ မုန့်ထုပ်ကလေးကို အသင့်ပြင် ရပ်နေလေတယ်တဲ့။

အချိန်ကျ၍ ဘုရားရှင်က မုန့်ဆွမ်းယူခဲ့ဟု မိန့်တော်မူသည်နှင့် တစ်ပြိုင်နက် မိမိယူထားသော မုန့်ထုပ်ကလေးကို ဘုရားရှင်သပိတ်ထဲသို့ လောင်းလှူလိုက်လေရာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကလည်း သူဆင်းရဲလှူတဲ့ ဆန်ကွဲမုန့်နှပ်ကို မြိန်ရေရှက်ရေ ဘုဉ်းပေးတော်မူလေတယ်တဲ့။ မဟာဒုက် သူဆင်းရဲ၏မုန့်ကို ဘုဉ်းပေးပြီးသည့်အချိန်မှာ တခြား သူဌေးသူကြွယ်များက ဘုရားရှင်အား ကောင်းမွန်သော မုန့်အမျိုးမျိုးတို့ကို ကပ်လှူကြသော်လည်း ဘုရားရှင် ကိုယ်တော်မြတ် မဘုဉ်းပေးတော့ဘဲ

သူဆင်းရဲ၏မုန့်များကို ဘုဉ်းပေးပြီးကြောင်း မိန့်ကြားကာ ပယ်ရှားတော်မူလေတယ်။ မြတ်စွာဘုရားသည် သူဆင်းရဲ၏ ဆန်ကွဲမုန့်နှပ် ဘုဉ်းပေးတော်မူသည့်သတင်းသည် တစ်မြို့လုံး ပျံ့နှံ့၍သွားသည်ဖြစ်ရာ ဘုရင်မင်းနှင့်တကွ မှူးကြီး မတ်ကြီး သူဌေး သူကြွယ်စသည်တို့သည် သူဆင်းရဲထံ သွားရောက်ကြ၍ ကောင်းမှုကုသိုလ်၏အဖို့ကို တောင်းကြလေတယ်။

ထိုအခါ "မဟာဒုဂ္ဂတ"သူဆင်းရဲသားသည် ဘုရားရှင်အား အကျိုးအကြောင်းကို လျှောက်ထားရာ ဘုရားရှင်က အားလုံးသော သူအပေါင်းတို့အား မျှပေးရန် မိန့်တော်မူသည့်အတွက် သူဆင်းရဲသည် ကုသိုလ်အဖို့ကို လာသမျှသူတို့အား ပေးလေတယ်။

မင်းကြီးနှင့်တကွ မှူးမတ်သေနာပတိ သူဌေး သူကြွယ်မှစ၍ အားလုံးသော လူအပေါင်းတို့သည် တစ်ရာ, တစ်ထောင်, တစ်သောင်း စသည်ဖြင့် မိမိတို့ဂုဏ်ထူးအလိုက် အခကြေးငွေပေးပြီး သူဆင်းရဲထံမှ ကုသိုလ်ကောင်းမှု၏ အဖို့ကို ဝယ်ယူကြ၍ သာဓုခေါ်ကြလေရာ မဟာဒုဂ္ဂတခေါ်သော သူဆင်းရဲသား မုန့်ဆွမ်းဒါယကာမှာ တစ်ခဏချင်းဖြင့်ပဲ 'ကိုးကုဋေသော' ငွေအသပြာတို့ကို ရရှိသည်ဖြစ်၍ ချက်ချင်းပဲ သူဌေးကြီး ဖြစ်သွားတယ်တဲ့နော်။

ရှေးအခါ၌ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုတော်မူစဉ် ဘုရားအလောင်းတော်သည် တစ်နေရာ၌ ကြက်ဆူပင်စောင့် နတ်တစ်ပါး ဖြစ်နေရလေတယ်။

ထိုစဉ်အခါက လူတို့သည် နတ်များကို တင်မြှောက် ပူဇော်လေ့ရှိကြရာ ဆင်းရဲသားတစ်ယောက်သည် ကြက်ဆူပင်တစ်ပင်ကို ရှင်းလင်းပြီး သူများနည်းတူ မည်မည်ရရ မတတ်နိုင်ရာနှင့် ဆန်ကွဲမုန့်နှင့် ရေတစ်မှုတ်ကို ယူလာကာ ကြက်ဆူပင်စောင့်နတ်အား တင်မြှောက်မည်ပြုပြီးမှ နတ်တို့မည်သည် ကောင်းမြတ်တဲ့ နတ်သုဓာကိုသာ စားလေ့ရှိကြသည်ဖြစ်၍ ငါ၏ ဆန်ကွဲမုန့်ကို စားကြမည်မဟုတ်ပါ၊ သို့အတွက် ငါ မတင်တော့ဘဲ ကိုယ့်ဟာကိုယ် စားအံ့ဟူ၍ ကြံစည်ပြီးလျှင် ပြန်လှည့်၍ လာခဲ့လေတယ်တဲ့။

ထိုအခါ ကြက်ဆူပင်စောင့်နတ်က သူဆင်းရဲအား အောက်ပါဂါထာကလေးဖြင့် ရွတ်ဆိုကာ တင်မည်ကြံပြီးသားကို တင်မြှောက်ဖို့ရာ ပြောဆို လိုက်လေတယ်တဲ့။

**ယထန္နော ပုရိသော ဟောတိ၊ တထန္နာ တဿ ဒေဝတာ။**
**အာဟာရေ တံ ကုဏ္ဍာပူဝံ၊ မာ မေ ဘာဂံ ဝိနာသယ။**

**သော၊** ထိုအမောင်။ **ပုရိသော၊** နတ်ကို တင်မြှောက်လေ့ရှိသော ယောကျ်ားသည်။ **ယထန္နော၊** အကြင်သို့ သဘောရှိသော စားသောက်ဖွယ် ရှိသည်။ **ဟောတိ၊** ဖြစ်ပေ၏။ **တဿ၊** တင်မြှောက်သော ထိုယောကျ်ား၏။ **ဒေဝတာ၊** အတင်မြှောက်ခံရသောနတ်သည်။ **တထန္နာ၊** ထိုယောကျ်ား နှင့်တူသော စားသောက်ဖွယ်ရှိသည်။ **ဟောတိ၊** ဖြစ်နိုင်ပါ၏။ **တွံ၊** သင်သည်။ **တေံကုဏ္ဍာပူဝံ၊** ထိုတင်မြှောက်မည်ဟု ကြံစည်ပြီးသော ဆန်ကွဲမုန့်ကို။ **အာဟာရေ၊** ယူခဲ့ပါလော။ **မေဘာဂံ၊** ငါ့ဖို့မှန်းထားသော ဆန်ကွဲမုန့်ကို။ **မာဝိနာသယ၊** မသောက်မစား စိတ်ထင်မှား၍ ပယ်ရှားယူကာ မဖျက်ဆီး သင့်သည်သာတည်း။

အို... အမောင်ယောကျ်ား ဆင်းရဲသား ကိုးကွယ်တဲ့ နတ်များဆိုတာ ကိုးကွယ်သူစားသမျှ အစာအာဟာရကိုသာ စားသောက်ရမှာပေါ့၊ စိတ်ပျက် မနေပါနဲ့၊ ငါ့ဖို့ရည်မှန်းထားတဲ့ ဆန်ကွဲမုန့်ကို တင်မြဲ တင်မြှောက်ပါ၊ မပျက်ကွက်ပါစေနဲ့ ဟူ၍ အားပေးစကား ပြောကြားလိုက်တဲ့အခါ ဆင်းရဲသား က အားတက်လာပြီး မုန့်ကို တင်မြှောက်လေတယ်တဲ့။

ကြက်ဆူပင်စောင့် နတ်သားကလည်း ဆန်ကွဲမုန့်ကို စားသောက်ပြီး နောက် ဆင်းရဲသားအား မုန့်တင်ရခြင်း၏ အကြောင်းကို မေးမြန်းလေရာ ဥစ္စာလိုချင်၍တင်ကြောင်း သိရတာနှင့် မိမိနေသော ကြက်ဆူပင်၏ ဘေးပတ်လည်မှာရှိသော ရွှေအိုးကြီးများကို တူးယူရန် မှာကြားလိုက်လေရာ သူဆင်းရဲလည်း ဘုရင့်အထံ အကြောင်းကြားပြီး နတ်မင်းပြသည့်အတိုင်း တူးလေရာ များစွာသော ရွှေအိုး, ငွေအိုးတို့ကို ရရှိ၍ သူဌေးကြီး ဖြစ်ရဖူး လေတယ်တဲ့နော်။

ကဲ... ယခုပြခဲ့တဲ့ အကိုင်းပဲ အနည်းငယ်မျှသော မုန့်လှူရခြင်း၏ အကျိုးကြီးမြတ်ပုံကို သိမြင် စဉ်းစားကြ၍ နိဗ္ဗာန်ကို တောင့်တကြလျက် မုန့်ဒါနစသည်များကို ယုံကြည် စိတ်ချစွာ ကြိုးစား အားထုတ်နိုင်ကြပါစေ သတည်း။

## ပန်းတစ်ပွင့်လှူသွား အကျိုးများ တရားတော်

ပန်းလှူတာက နည်းသည် များသည်မဟုတ်ပါဘူး။ တစ်ပွင့်လှူလည်း အကျိုးများတယ်ဆိုတာကို သိခီဘုရားရှင်လက်ထက်က ဖြစ်ခဲ့ပုံကို ကိုးကား၍ တင်ပြချင်ပါတယ်။ ဒါကြောင့်...

ဤကမ္ဘာမှ ရေးသုံးဆယ့်ကမ္ဘာထက်၌ သိခီဘုရားရှင် လက်ထက်တော်ဝယ် ပန်းသည်တစ်ယောက်သည် တောထဲမှ မြတ်လေးပန်းများကို ခူးပြီး ရောင်းဖို့ရာယူဆောင်၍ ပြန်လာစဉ် ဆွမ်းခံကြွလာသော သိခီမြတ်စွာဘုရားကို လမ်းခရီးအကြား၌ ဖူးတွေ့ရလေရာ အလွန်တရာ ကြည်ညိုလှတာနှင့် ပန်းတောင်းကိုချ၍ လက်ခုပ်ဖြင့် ပန်းများကိုယူကာ ဘုရားရှင်အား ရိုသေလေးစားစွာ လှူဒါန်းပူဇော်လေတယ်တဲ့။ သိခီမြတ်စွာ ဘုရားသည်လည်း ပန်းများကို အလှူခံတော်မူကာ ပန်းလှူသောဒါယကာ သဒ္ဒါတရားထက်သန်စေခြင်းငှာ ပန်းများကို တန်ခိုးတော်ဖြင့် ဦးခေါင်းတော်ပေါ်မှာ ပန်းဆိုင်းပိမာန် မျက်နှာကြက်ဖြစ်အောင် ဖန်ဆင်းကာ ယူဆောင်သွားပြီးလျှင် ကျောင်းတော်ဝင်မှ ပျောက်စေလေတယ်တဲ့။

ပန်းဒါယကာလည်း ထိုအခြင်းအရာစုံကို တွေ့မြင်ရသည့်အတွက် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ရပြီး လူ့ပြည်မှာ အသက်ထက်ဆုံးနေထိုင်၍ သေလွန်တဲ့အခါ နတ်ပြည်၌ ဖြစ်ရလေတယ်တဲ့။

ထိုနောက်မှ လူဖြစ်တုံ နတ်ဖြစ်တုံ သုံးဆယ့်တစ်ကမ္ဘာကာလပတ်လုံး အပါယ်လေးပါးသို့ မသွားရောက် မကျခံရဘဲ ချမ်းသာအမျိုးမျိုးတို့ကို

ခံစားပြီးလာခဲ့ရာ ငါတို့၏ ဘုရားလက်ထက်တော်ဝယ် အမျိုးကောင်းသား တစ်ယောက် ဖြစ်လာရ၍ သာသနာတွင်းသို့ ဝင်ရောက်ရဟန်း ပြုလေရာ မကြာခင်ပဲ ပဋိသမ္ဘိဒါ ဈာန်အဘိညာဉ်တို့နှင့်တကွ ရဟန္တာအဖြစ်ကို ရရှိသည်ဖြစ်၍ မိမိရှေးကောင်းမှုကုသိုလ်ကို အောက်ပါအတိုင်း ဟောပြ မိန့်ကြားတော်မူခဲ့လေတယ်တဲ့။

**ကောတိံသေ ဣတော ကပ္ပေ၊ ယံ ပုပ္ဖ မဘိရော ပယိံ။**
**ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ပုပ္ဖဒါနသိဒံ ဖလံ။**

**ဣတော၊** ဤငါတို့နေရာ ဘဒ္ဒကမ္ဘာမှ။ **ကောတိံသေ ကပ္ပေ၊** သင်္ချာ ရေတွက် သုံးဆယ့်တစ်ကမ္ဘာထက်၌။ **ယံ ပုပ္ဖ၊** အကြင်လက်တစ်ခုပ်မျှရှိသော မြတ်လေးပန်းကို။ **အဘိရော ပယိံ၊** သိခီမည်တွင် သုံးခွင်ကျော်ကြား ရှင်တော်မြတ်ဘုရားအား လေးစားကော်ရော် ပူဇော် လှူဒါန်းခဲ့ဖူးလေပြီ။ **တေန ကမ္မေန၊** တစ်လက်ဆွမ်းမျှ ပန်းလှူရသော ထိုကုသိုလ်ကောင်းမှုကြောင့်၊ **အဟံ၊** သုမနမည်တွင် ထေရ်ရှင်သမုတ် အကျွန်ုပ်သည်။ **ဒုဂ္ဂတိံ၊** အပါယ် လေး၀ ဒုက္ခသိုင်းအုံ ဒုဂ္ဂတိဘုံကို။ **နာဘိဇာနာမိ၊** တစ်ခါတစ်ခေါက်မျှ မသွားရောက် မတွေ့ရှိရဖူးပေ။ **ဣဒံ၊** ဤကဲ့သို့ သုံးဆယ့်တစ်ကမ္ဘာတိုင်တိုင် အပါယ်မျှ ချမ်းသာရပေ ကိလေပယ်ဖြတ် ရဟန္တာမြတ် အဖြစ်တိုင်အောင် သော ကောင်းကျိုးထူးများကို ရရှိခြင်းသည်။ **ပုပ္ဖဒါနဿ၊** သိခီ မည်တွင် သုံးခွင်ကျော်ကြား မြတ်ဘုရားအား ပန်းတစ်ခါမျှ လှူဒါန်းပူဇော်ရခြင်း၏။ **ဖလံ၊** အကျိုးရင်းအစစ် အဖြစ်ကြီး ဖြစ်ပါပေသတည်း။

သုံးဆယ့်တစ်ကမ္ဘာထက်က သိခီဘုရားအား မြတ်လေးပန်း လှူခဲ့ ရသည့်အတွက်ကြောင့် တစ်ခါမျှ အပါယ်မကျရဘဲ ချမ်းသာအမျိုးမျိုးတို့ကို ခံစားကာ ဤငါတို့၏ ဘုရားသာသနာတော်၌ ရဟန္တာဖြစ်သည်အထိ ပန်းလှူရခြင်း၏ အကျိုးများကို ရရှိခံစားရသည့် အကြောင်းများကို သိစေ လိုရင်းပေါ့နော်။

ကဲ...ဤဒေသနာတော်အရ ပန်းလှူဒါန၏အကျိုးဖြစ်ပုံကို သိရှိရ၍ နိဗ္ဗာန်ရည်စူး အထူးထူးသော ပန်းစသည်တို့ကို လှူဒါန်းဆက်ကပ်နိုင်ကြ ပါစေကုန်သတည်း။

**ကေပုပ္ပံ ပုဗ္ဗိတွာန၊ သဟာသ ကပ္ပကောဋိယော။**
**အဝေသု မနုဿေသု စ၊ သေသေန ပရိနိဗ္ဗုတော။**

**ကေပုပ္ပံ၊** ကောင်းဆိုးမချင့် ပန်းတစ်ပွင့်ကိုမျှ။ **ပူဇိတွာန၊** နိဗ္ဗာန်ကို ရည်စူး၍ ကြည်နူးရွှင်ပျ လှူဒါန်းပူဇော်ရခြင်းကြောင့်။ **သဟာသ ကပ္ပကော–ဋိယော၊** ကမ္ဘာများမြောင် ကုဋေတစ်ထောင်တို့ ကာလပတ်လုံး။ (ဝါ–ကမ္ဘာတွက်ရေ သိန်းကုဋေတို့ ကာလပတ်လုံး)။ **အဝေသု စ၊** မြင့်မြတ်ထိုက်၍ နတ်ပြည်, ဗြဟ္မာ့ပြည်တို့၌သော်လည်းကောင်း။ **မနုဿေသု စ၊** မြင့်မြတ်ချမ်းသာ လူတို့ပြည်ရွာ၌သော်လည်းကောင်း။ **ရမိတွာန၊** ချမ်းသာအဝဝ အေးမြကြည်လင် ပျော်ရွှင်စံစားပြီး၍။ **သေသေန၊** ပန်းလှူကုသိုလ် ထိုထိုများပြား ကျန်လျက်သားဖြင့်သာလျှင်။ **ပရိနိဗ္ဗုတော၊** ပါရမီစာတ်ခံ ရင့်သန်ပြည့်ဝ မဂ်ဖိုလ်ရ၍ အမတမည်တွင် နိဗ္ဗာန်ခွင်သို့ ကြည်လင်အေးမြ ဝင်စံရလေသတည်း။ ။

၎င်းဂါထာ၏ ဆိုလိုရင်း အဓိပ္ပာယ်မှာ ပန်းကလေး တစ်ပွင့်မျှကို နိဗ္ဗာန်ရည်မှန်း၍ လှူဒါန်းလိုက်ရသော ကုသိုလ် စေတနာ၏ အကျိုးသည် ကမ္ဘာ ကုဋေထောင်ပေါင်းများစွာ အကျိုးပေးသည်၏ အစွမ်းအားဖြင့် လူ့ရပ်နတ်ဌာန် ကြိမ်ဖန်များစွာ ချမ်းသာအများ ခံစားပြီး နောက်ထပ် ဖြည့်ကျင့်ရသော ပါရမီစာတ်ခံများ ရင့်သန်ပြီး လာသည့်အတွက်ကြောင့် ပန်းလှူ ကုသိုလ် မကုန်သေးဘဲနှင့်ပင် နိဗ္ဗာန်ကို စံဝင်ရလေတယ်တဲ့။

## ပန်းတစ်ပွင့်လှူရကျိုး

**"ပန်းတစ်ပွင့်မျှ လှူရစေတနာ၊**
**လူ့ပြည်နတ်ရပ် ကောင်းမြတ်ဖြာဖြာ။**
**ကမ္ဘာကုဋေထောင်မျှ စံရချမ်းသာ၊**
**ကျန်လျက်ပ ရောက်ရနိဗ္ဗုတာ"**

အထက်ပါ ဂါထာလင်္ကာများအရ ပန်းလှူကုသိုလ်များ၏ မြင့်မြတ်ပုံကို သိရှိကြ၍ နိဗ္ဗာန်ရည်မှန်း အဖြာဖြာသော ပန်းတို့ကို လှူဒါန်းပူဇော်နိုင်ကြပါစေသတည်း။

## ဆေးတစ်ခွက်လှူက အကျိုးရ တရားတော်

ယခုခေတ် ဆေးဝါးခေတ်စာ ဆေးတွေ လှူကြပါတယ်။ ဆေးလှူဒါန်းတဲ့နေရာမှာလည်း တစ်ခွက်စာလှူလှူ၊ နှစ်ခွက်စာလှူလှူ အကျိုးကြီးမားပါတယ်။ ဘာကြောင့်လဲဆိုတော့ ဆေးလှူဒါန်းမှုသည် အကျိုးတရား ဆယ်မျိုးရရှိပါတယ်။ အဲဒီဆယ်မျိုးက ဘာတွေလဲဆိုတော့...

**"သက်ရှည်ဆင်းလှ၊ စေနချမ်းသာ၊ ပညာခွန်အား။ လွန် ကြီးမား၍ များပြားခြွေရံ၊ ဘေးရန်နှင့်လွဲ၊ ဆင်းရဲမကပ်၊ လူ နတ်ရှိသေ၊ မကွေချစ်သူ၊ ဆယ်ပါးမူ၊ ဆေးလှူကျိုးပလ။"**

ဟူသော လက်ာဆောင်ပုဒ်အတိုင်း ရှင်ပိလိန္ဒဝစ္ဆမထေရ် အလောင်းတော်သည် ကမ္ဘာတစ်သိန်းထက်ကာလ ပဒုမုတ္တရဘုရားရှင် လက်ထက်တော်ဝယ် ပဒုမုတ္တရဘုရားရှင်နှင့်တကွ သံဃာတော်များအား အနာရောဂါ ပျောက်ကင်းစေတတ်သော လျက်ဆား၊ အစာကြေဆေး၊ ဝမ်းလျှောဆေး၊ အားတိုးဆေး၊ ဘဖျားပျောက်ဆေး အစရှိသော စားဆေး၊ သောက်ဆေး၊ ရှူဆေးများကို လှူဒါန်းခဲ့ဖူးသောကြောင့် ကမ္ဘာတစ်သိန်းတိုင်တိုင် အပါယ်လေးပါး မကျရောက်ရအဲနှင့် လူ့ပြည်နတ်ရပ် ကောင်းမြတ်ချမ်းသာ ဘုံဌာနတို့၌သာဖြစ်ရ၍ ဖြစ်လေရာဘဝတိုင်းမှာ ဆယ်ပါးသော အချိုးထူး တရားတို့ကို ရရှိဖူးလေတယ်တဲ့။ အထက်ပါလက်ာအတိုင်း...

(၁) သူများထက်ပိုပြီး အသက် ရှည်ရခြင်း။

(၂) ရုပ်ဆင်းလှပတင့်တယ်ခြင်း။

(၃) ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာရခြင်း။
(၄) ဉာဏ်ပညာထက်မြက်ကြီးမြတ် ခြင်း။
(၅) အားဗလကြီးမားရခြင်း။
(၆) အခြွေအရံပေါ်များ ခြင်း။
(၇) ဘေးရန်ကင်းရှင်းမြတ်နိုးရခြင်း။
(၈) ကိုယ်စိတ် ဆင်းရဲခြင်းမရှိရခြင်း။
(၉) လူနတ်တို့ ရှိသေမြတ်နိုးရခြင်း။
(၁၀) ချစ်ခင်သောသူများနှင့် မကွဲမကွာ ရာသက်ပန် ပျော်ရွှင်စွာနေထိုင်ရခြင်း။

အစရှိသော အကျိုးထူးတရားများကို ရရှိလေ၍ ပါရမီတရားတို့ကို အေးချမ်းသာယာ ဖြည့်ကျင့်ပြီး လာခဲ့လေရာ ငါတို့ဘုရားရှင်လက်ထက်၌ အမျိုးကောင်းသားတစ်ယောက် ဖြစ်လာပြီးလျှင် သာသနာတော်တွင်းသို့ ရဟန်း ဝင်ရောက်ပြုပြီးလျှင် တရားဓမ္မတို့ကို ကြိုးစား အားထုတ်ကာ အာသဝေါကင်းကွာ ရဟန္တာတစ်ဆူ ဖြစ်တော်မူ၍ ပဋိသမ္ဘိဒါ လေးပါး၊ အဘိညာဉ်ခြောက်ပါး၊ သမာပတ်ရှစ်ပါးတို့ကို ရရှိတော်မူကာ သာသနာ တစ်လျှောက်လုံး၌ ထွန်းလင်းတောက်ပသော ဂုဏ်ထူးကိုပြင့် ကျော်စော ထင်ရှားကာ မိမိ၏ ရှေးကုသိုလ် ပြုစဉ်အကြောင်းကို ဟောကြားတားသည်မှာ အများအပြားဖြစ်သော်လည်း ဂါထာကလေးတစ်ပုဒ်မျှ ပြရပါလျှင် အောက်ပါ အတိုင်း ဖြစ်ပေတယ်။

**အဟော မေ သုကတံ ကမ္မံ၊ ပုညခေတ္တ အနုတ္တရေ။**
**ယတ္ထ ကာရံ ကရိတွာန၊ ပတ္တောမှိ အစလံ ပဒံ။**

**ပုညခေတ္တ၊** ကောင်းမှုတည်းဟူသော မျိုးစေ့တို့၏စိုက်ပျိုးရာ လယ်ယာ မြေကောင်းနှင့်တူသော။ **အနုတ္တရေ** တုဖက်စံကင်း လွန်မင်းမြတ်စွာ ဘုရားရှင်၏ သာသနာတော်၌။ **သုကတံ၊** နိဗ္ဗာန်ရည်ကာ ကောင်းစွာမပြတ် ပြုလုပ်အပ်သော။ **ကမ္မံ၊** ပါရမီဉာဏ် ရင့်သန်စေကြောင်း ကောင်းမှုထိုထို မြတ် ကုသိုလ်အမှုသည်။ **မေ၊** ငါ့အား။ **အဟော၊** ချီးကျူးမကုန် ဂုဏ်ပေါင်းစုံဖြင့် မွမ်းထုံပြန့်ပြော အံ့ဩဖွယ်ရာကြီး ဖြစ်ပါပေ၏။ **ယတ္ထ၊**

ပဒုမုတ္တရ လောကထင်ရှား မြတ်ဘုရား၏ တည်ထား မိန့်မှာ အကြွင်သာသနာတော်၌။ **ကာရံ** ပြုဖွယ်သမျှ များလှထိုထို ပါရမီကုသိုလ်ကို။ **ကရိတ္ဝာန၊** နိဗ္ဗာန်ရည်စူး ကြည်နူးရွှင်ပျ ပြုလုပ်ရသည်ဖြစ်၍။ **အမတံ ပဒံ၊** မအို, မနာ, မသေရာမှန် မြတ်နိဗ္ဗာန်သို့။ **ပတ္တောအမှိ၊** မဂ်ဖိုလ်ဉာဏ်လင်းရ မှောင်ကင်းပ၍ မုချမှန်စွာ ရောက်ရပါပေသတည်း။

ကောင်းမှုမျိုးစေ့များကို စိုက်ပျိုးရာ ပြုလုပ်ရာဖြစ်သော ပဒုမုတ္တရဘုရားရှင် လက်ထက်တော်မှာ အံ့သြချီးမွမ်းလို့မကုန် အလုံးစုံသောပါရမီကုသိုလ်များကို ပြုလုပ် ဖြည့်ကျင့်ခဲ့သည့်အတွက်ကြောင့် ကမ္ဘာတစ်သိန်းမျှ ကာလပတ်လုံး အပါယ်ဆင်းရဲ ကင်းရှင်းချမ်းသာခြင်း သုခအဝဝတို့ကို ခံစား စံစားခဲ့ရပြီးနောက် ဤငါတို့၏ ဂေါတမဘုရားရှင် လက်ထက်တော်မှာ အာသဝေါကုန်ခန်း ရဟန္တာစစ် ကေန်ဖြစ်ရ၍ အမတမည်ခေါ် နိဗ္ဗာန်တည်းဟူသော ရွှေပြည်တော်သို့ စံပျော်တော်မူရလေသတည်း။

# ဆေးလှူစွမ်းအား နိဗ္ဗာန်သွား တရားတော်

ဆေးလှူတာက သောက်ဆေးလှူလှူ၊ လိမ်းဆေးလှူလှူ အကျိုးများပါတယ်။ ဘယ်လောက်အထိ အကျိုးများလည်းဆိုတာကို တင်ပြရလျှင်တော့...

ရှင်ဗာကုလ အလောင်းတော်သည် ကမ္ဘာတစ်သိန်းထက်ကာလ၌ ရသေ့တစ်ပါးဖြစ်ရစဉ် အနောမဒဿီ မြတ်စွာဘုရားအား လေနာရောဂါ နှိပ်စက်နေသည်ကို တွေ့ရသည်နှင့် တောင်ပေါ်မှ ဘူးဖော်စုဆောင်း၍ လေနာပျောက်ဆေး တစ်ခွက်ကို လှူဒါန်းခဲ့သည့်အတွက်ကြောင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး အပါယ်လေးပါးသို့ မကျရောက်ရဘဲ လူနတ်တို့၏ ချမ်းသာတို့ကို ခံစားရလေတယ်။ လူနက်ဖြစ်စဉ်အခါမှာလည်း အနာရောဂါ ကင်းရှင်းအေးမြ ချမ်းသာခြင်းရရှိသည်ဖြစ်ရာ ဟပ်ချိုးဟူ၍ ချေဆတ်ရခြင်းသည် ရောဂါအကြီးဆုံး ဖြစ်လေတယ်ကဲ့နော်။

စကြာမင်း၏အဖြစ်မှာ အကြိမ်တစ်ထောင်ဖြစ်၍ ထိုစကြာမင်း၏ တန်ခိုးအာဏာသည် တာဝတိံသာ နတ်ပြည်ရောက်အောင် ပျံ့နှံ့စိုးပိုင်ရလေတယ်တဲ့။ ထိုကဲ့သို့ ကမ္ဘာတစ်သိန်းကြာအောင် ချမ်းသာအမျိုးမျိုးတို့ကို ခံစားလာရပြီးနောက် ငါတို့ဘုရားရှင်လက်ထက်တော်မှာ ဗာကုလ ဟူသောအမည်ဖြင့် အမျိုးကောင်းသားကလေးဖြစ်ရလေရာ သာသနာတော်တွင်းသို့ ဝင်ရောက် ရဟန်းပြုလေသော် အာသဝေါကုန်ခန်း ရဟန္တာဖြစ်ရ၍

မိမိ၏အကြောင်းစုံကို ဂါထာများဖြင့် မိန့်ကြားဟောပြခဲ့သည်မှာ အစုံအလင် ဖြစ်ပေသည်။ ထိုဂါထာများမှ ဂါထာတစ်ပုဒ်ကို ထုတ်ပြရပါလျှင် အောက်ပါအတိုင်း ဖြစ်ပေတယ်။

**အပရိမေယျေ ကပ္ပေ၊ ယံ ကမ္မံ ပကရိံ တဒါ။**
**ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဘေသဇ္ဇဿ ဣဒံ ဖလံ။**

**ဣတော၊** ဘဒ္ဒမည်သာ ဤငါတို့ကမ္ဘာမှ။ **အပရိမေယျေ ကပ္ပေ၊** နှစ်,လ,နေ့ရက် ရေတွက်မရ ကမ္ဘာတစ်သိန်းထက် ကာလ၌။ **တဒါ၊** အနောမဒဿီ နာမည်ကျော်ကြား မြတ်ဘုရား၏ ထင်ရှားပွင့်ရာ သာသနာတော်၌။ **ယံ ကမ္မံ၊** အကြင် အနောမဒဿီမြတ်ဘုရားအား တစ်ခွက်စာမျှသော လေနာပျောက်ဆေး ပေးလှူဒါန်းရ မြတ်ဒါနကို။ **အကာရိံ၊** ရောဂါပျောက်ရန် စိတ်ရည်သန်၍ ကောန်မှုချ လှူဒါန်းခဲ့ရပေပြီ။ **တေန ကမ္မေန၊** ထိုကဲ့သို့ လေနာပျောက်ဆေး တစ်ခွက်စာ လှူဒါန်းပါရ ဒါနမြတ်ရှိန်စော် အာနုဘော်ကြောင့်။ **ဒုဂ္ဂတိံ၊** ဆင်းရဲကြီးလှ ဒုဂ္ဂတိဘဝကို။ **နာဘိဇာနာမိ၊** တစ်ကြိမ်တစ်ခါမျှ မတွေ့ရှိ မခံစားခဲ့ရဖူးပေ။ **ဣဒံ၊** ဤကဲ့သို့ ကမ္ဘာတစ်သိန်းမျှ အပါယ်မကျဘဲ လူနတ်ချမ်းသာ အဖြာဖြာကို ခံစားကာဖြင့် ရောဂါဝေဒနာတွေ ကင်းရှင်း ရပာန္တာဖြစ်ရသည့် တိုင်အောင်သော အကျိုးထူးမြတ် အရပ်ရပ်နှင့် ပြည့်စုံခြင်းသည်။ **ဘေသဇ္ဇဿ၊** လေနာပျောက်ကင်းဆေး လှူရခြင်း၏။ **ဖလံ၊** ကြောင်းကျိုးထူး အစစ်အမှန်ပင် ဖြစ်ပါပေသတည်း။

ကမ္ဘာတစ်သိန်းထက်ကာလ အနောမဒဿီဘုရားရှင်အား လေနာသည်ကို တွေ့ရှိရ၍ တစ်ခွက်စာသော လေနာပျောက်ဆေးကလေးကို ဖျော်ပြီး ကပ်လှူခဲ့ရသည့် ကောင်းမှုကြောင့် ကမ္ဘာတစ်သိန်းတိုင်တိုင် အပါယ်ဒုက္ခမတွေ့ရဘဲ နှစ်ဝသော လူနတ်တို့၏ ချမ်းသာအဖြာဖြာကို ခံစားစံစားပြီးလျှင် ငါတို့ဘုရားလက်ထက်တော်မှာ အာသဝေါကုန်ခန်း ရဟန္တာကြီးဖြစ်ရ၍ ဟပ်ချိုးဟူ၍ ချေဆတ်ရခြင်းသာ ရောဂါအကြီးဆုံး ခံစားရသည့် အတွက်ကြောင့် ရှင်တော်မြတ်ဘုရားက ရှင်ဗာကုလအား "အနာရောဂါကင်းသည့်အရာမှာ အမြတ်ဆုံး အထူးဆုံး" ဟူ၍ သတ်မှတ်ကာ

တေဒဂ်ရာထူးဖြင့် ချီးကျူးခြင်း ခံယူရပြီးလျှင် အသက် တစ်ရာ့ရှစ်ဆယ် ရှည်ကြာအောင် နေထိုင်ရသည့်အတွက် သာသနာ၀င်တစ်လျှောက်မှာဖြင့် အသက်ရှည်ဆုံး အကြီးဆုံး နေထိုင်လျက် သာသနာရေးရာ အဖြာဖြာတို့ကို ကြိုးစားပြုစုတော်မူပြီးလျှင် ခေမာသောင် နိဗ္ဗာန်နန်းသို့ စံမြန်းတော်မူရလေ တယ်တဲ့။

ကဲ... ယခုဟောခဲ့တဲ့ ဝတ္ထုကြောင်းရာ အဖြာဖြာတို့ကို ကြားနာရသောအားဖြင့် ဆေးလှူရသော ကောင်းမှုကုသိုလ်၏ ကြီးမြတ်သော အကျိုးရပုံကို အလုံးစုံ ဉာဏ်ဝယ်ရှုစား၍ ထူးခြားသော ဆေးပစ္စည်းတို့ကို လှူဒါန်း ချီးမြှောက်နိုင်ကြပါစေသတည်း။

ချီးမြှောက် လှူဒါန်းကြသည့်အတိုင်းလည်း နိဗ္ဗာန်တိုင်အောင်သော ချမ်းသာအမျိုးမျိုးတို့ကို ရရှိခံစားနိုင်ကြပါစေသတည်း။

# သစ်သီးတစ်လုံးလှူက အပါယ်မကျ တရားတော်

ယနေ့ ပန်းသီးတွေ၊ သစ်သီးတွေ လှူဒါန်းတဲ့နေရာမှာ တစ်လုံးလှူသည်၊ နှစ်လုံးလှူသည်ဖြစ်စေ အကျိုးများပါတယ်။ ဘယ်လောက်အကျိုးများလည်းဆိုလျှင် အပါယ်မကျအောင် ကာကွယ်ပေးနိုင်ပါတယ်။ ဒီအကြောင်းကို ဖုဿဘုရားရှင် လက်ထက်က ဖြစ်ရပ်တစ်ခုကို ကိုးကားပြီး တင်ပြချင်ပါတယ်။

ဤကမ္ဘာမှ ပြန်၍ ရေသည်ရှိသော် ကိုးဆယ့်နှစ်ကမ္ဘာ ထက်အခါ ဖုဿဘုရားရှင် ပွင့်တော်မူရာ သာသနာတော်၌ ခရာဖိနပ်ရမည့်သော ရသေ့တစ်ပါးသည် ဟိမဝန္တာတောတွင်း ဝယ် သစ်သီးရှာ သွားလာနေခိုက် ဖုဿမြတ်စွာဘုရားအား ဖူးတွေ့ရသည်နှင့် ကြည်ညိုလေးစား သစ်သီးများကို လှူဒါန်း ပူဇော်ခဲ့လေတယ်တဲ့။

ထိုကဲ့သို့ သစ်သီးများကို လှူဒါန်းခဲ့ရသော ကောင်းမှု ကုသိုလ်ကံကြောင့် ကိုးဆယ့်နှစ်ကမ္ဘာတိုင်အောင် အပါယ်လေးပါး မကျရောက် မခံစားရဘဲ လူနတ်တို့၏ ချမ်းသာ အဖြာဖြာတို့ကို ခံစားရသည့်အပြင် ဖြစ်လေရာ ဘဝတိုင်း၌ သစ်သီးအမျိုးမျိုးတို့ကို မတောင့်မတ ရရှိခံစားရပြီးလျှင် ငါတို့၏ ဘုရားရှင်လက်ထက်တော်မှာ အမျိုးကောင်းသားဖြစ်ရ၍ သာသနာတွင်းသို့ ဝင်ရောက်ရဟန်းပြုကာ ပဋိသမ္ဘိဒါ ဈာန်အဘိညာဉ်တို့နှင့်တကွ အာသဝေါကုန်း ရဟန္တာကြီး ဖြစ်လာရ၍ မိမိ၏ အကြောင်းအတ္တုပ္ပတ္တိတို့ကို နောင်လာ နောက်သားများ မှတ်သားနည်းယူ ကြည်ဖြူရွှင်ပျ ဖြည့်ကျင့်ကြစေခြင်းငှာ ဂါထာများဖြင့် မိန့်ကြားတော်မူလေတယ်တဲ့။

**ဒွေ နဝုတေ ဣတော ကပ္ပေ၊ ယံ ဖလံ အဒဒိံ အဟံ။**
**ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဖလဒါနဿိဒံ ဖလံ။ ။**

**ဣတော၊** ဘဒ္ဒမည်သာ ဤကမ္ဘာမှ။ **ဒွေ နဝုတေကပ္ပေ၊** ကိုးဆယ့်နှစ်ကမ္ဘာ၌။ **တဒါ၊** ဖုဿဘုရား ထင်ရှားပွင့်ရာ သာသနာတော်၌။ **အဟံ၊** ဖလဒါယကာမထေရ် နာမည်သမုတ် အကျွန်ုပ်သည်။ **ယံ ဖလံ၊** အကြင်အမျိုးမျိုးသော သစ်သီးကို။ **အဒဒိံ၊** ချမ်းသာရည်စူး စိတ်ကြည်နူး၍ဆွတ်ခူးမသေွ လှူဒါန်းခဲ့ရပေပြီ။ **တေန၊** ထိုကဲ့သို့ ခရာဖိနဝရေရသေ့ ဖြစ်ရစဉ်အခါ ဖုဿရှင်တော်မြတ်ဘုရားအား သစ်သီးတို့ကို လှူဒါန်းခဲ့ရသောကောင်းမှုကြောင့်။ **ဒုဂ္ဂတိံ၊** ဆင်းရဲပါလှ ဒုဂ္ဂတိဘဝကို။ **နာဘိဇာနာမိ၊** တစ်ရံတစ်ဆစ်မျှ မတွေ့ကြုံ မခံခဲ့ရဖူးပေ။ **ဣဒံ၊** ဤကဲ့သို့ ကိုးဆယ့်နှစ်ကမ္ဘာကာ၊၂ကြာအောင် အပါယ်မကျ သုခချမ်းသာ အဖြာဖြာကို ခံစားကာလာရခြင်းနှင့် အဘိညာဉ် သမာပတ် လေးရပ်ပဋိသမ္ဘိဒါ ရရှိကာဖြင့်ရဟန္တာစစ်စစ် ဖြစ်ရခြင်း အစရှိသော ကောင်းကျိုးသည်။ **ဖလဒါနဿ၊** သစ်သီးအမျိုးမျိုးတို့ကို လှူရခြင်း၏။ **ဖလံ၊** အကျိုးထူးအစစ် ကေန်ပင်ဖြစ်ပါပေသတည်း။

ခရာဖိနဝရေ ရသေ့ဖြစ်စဉ်အခါ ဟိမဝန္တာတောတွင်း၌ ဖုဿမည်တွင်ဘုရားရှင် ကိုယ်တော်မြတ်အား သစ်သီးများကို ကပ်လှူခဲ့ရတဲ့ ကောင်းမှုကံကြောင့် အပါယ်မကျ သုခချမ်းသာ အဖြာဖြာကို ကိုးဆယ့်နှစ်ကမ္ဘာတိုင်တိုင်ခံစား၍ ယခု ဘုရားရှင် သာသနာတော်မှာ ရဟန္တာဖြစ်ကာ နိဗ္ဗာန်သို့ စံဝင်ရခြင်းစသော အကျိုးထူးဖလ အဝဝတို့ကို ခံစားရပေသည် အစရှိသည်ဖြင့် မိန့်ကြားတော် မူခဲ့ပေတယ်တဲ့နော်။

ယခုဟောခဲ့သော ဖလဒါယကာ သစ်သီးလှူခဲ့သော မထေရ်မြတ်၏အကြောင်းအရာကို နည်းယူ အတုခိုးသောအားဖြင့် နိဗ္ဗာန်တိုင်အောင်သော ချမ်းသာကိုလိုလားကြသော သူတော်စင်အပေါင်းတို့သည် အခွင့်အခါအားလျော်စွာ အဖြာဖြာသော သစ်သီးစသည်တို့ကို လှူဒါန်းဆက်ကပ်နိုင်ကြ၍လိုလားသော ချမ်းသာအမျိုးမျိုးတို့ကို ရရှိခံစားနိုင်ကြပါစေသတည်း။

# ရေတစ်ခွက်ကြောင့် နိဗ္ဗာန်ရောက် တရားတော်

ရေတစ်ခွက်လှူတာနဲ့ နိဗ္ဗာန်ရောက်နိုင်ပါ့မလားလို့ တွေးနေကြပြီလား။ ရေတစ်ခွက်လှူတာ ဘယ်လိုအကျိုးများလဲ ဆိုတော့...

ကိုးဆယ့်တစ်ကမ္ဘာထက်၌ ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူသော အခါဝယ် ရေခပ်၍ အသက်မွေးရသော ဒါယကာ တစ်ယောက်သည် သူများနည်းတူ ဆွမ်း, သင်္ကန်း စသည်များကို မလှူနိုင်တာနှင့် ကျောင်းတိုက်များမှာ နေထိုင်ကြသည့် သံဃာတော်များအား သောက်ရေ သုံးရေများကို မြစ်မှ ထမ်းဆောင်၍ လှူဒါန်းခဲ့လေတယ်။

ထိုကဲ့သို့ သံဃာတော်များ ရေကို လှူရသော ကောင်းမှုကြောင့် ကိုးဆယ့်တစ်ကမ္ဘာ ကာလပတ်လုံး အပါယ်လေးပါး မကျရောက်ရဘဲ လူ့ပြည် နတ်ပြည်တို့၌သာဖြစ်ရ၍ ဖြစ်လေရာဘဝတိုင်းမှာ အောက်ပါ အကျိုးထူးတရားတို့နှင့် ပြည့်စုံရလေတယ်တဲ့။

**"သစ်ပင်ခေါင်ဖျား။ နေလေငြားလည်း။ မရှားရေရ၊ တောင့်တ**
**မိုးရွာ၊ ပူသာအိုက်ကင်း။ ရှင်းသည့်အနာ၊ ကိလေသာဝေး။**
**ညစ်ကြေးမရစ်၊ နှံ့သာစစ်သို့၊ ခုနစ်ရေလှူ အကျိုးတည်း။"**

၁။ သစ်ပင်ဖျား၊ တောင်ထိပ်ဖျားမှာ နေသော်လည်း သုံးရေ သောက်ရေ မရှား ရရှိခြင်း။
၂။ ဘယ်အချိန်မှာမဆို အလိုရှိ၍ တောင့်တလျှင် မိုးများရွာပေးရခြင်း။
၃။ ပူခြင်း အိုက်ခြင်းမရှိ အမြဲတမ်း အေးမြချမ်းသာရခြင်း။

၄။ အနာရောဂါ ဝေဒနာများမှ ကင်းလွတ်သန့်ရှင်းခြင်း။
၅။ ကိလေသာ အကုသိုလ်တရားတို့မှ ကင်းလွတ်ရခြင်း။
၆။ ခန္ဓာကိုယ်၌ အညစ်အကြေးမတင် ဖြူစင်သန့်ရှင်းရခြင်း။
၇။ နံ့သာတုံး နံ့သာခဲများပမာ ကိုယ်ခန္ဓာ၏ မွှေးကြိုင်သော အနံ့ရှိရခြင်း

အစရှိသော အကျိုးထူးတရားတို့ကို ရရှိခံစားရလေတာယ်တဲ့။

ထိုကဲ့သို့ လူ့ပြည် နတ်ပြည် နှစ်ဌာနတို့၌ လှည့်လည်ဖြစ်ရကာ ချမ်းသာအမျိုးမျိုးတို့ကို ခံစားခဲ့ပြီး ငါတို့ဘုရားရှင်လက်ထက်မှာ ရဟန္တာဖြစ်၍ မိမိ၏အကြောင်း အတ္တုပ္ပတ္တိကို နောင်လာနောက်သားများ သိရှိ အတုယူကြစေခြင်းငှာ–

**ဥဒ္ဒါဘာ ဘဝေ သံသရာမိ၊ ဒေဝတ္တေ အထ မာနုသေ။**
**ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဥဒကဒါနဿိဒံ ဖလံ။**

**အဟံ၊** ငါသည်။ **ဒေဝတ္တေ၊** နတ်၏အဖြစ်၌လည်းကောင်း။ **အထ၊** ထိုမှတစ်ပါး။ **မာနုသေ၊** လူ၏အဖြစ်၌လည်းကောင်း။ **ဥဘောဘဝေ၊** နှစ်ဌာနသော ဘုံဘဝ၌။ **သံသရာမိ၊** လျှင်လည်ထပ်ထပ် မပြတ်ပုံသေ ဖြစ်ခဲ့ရပေ၏။ **ဒုဂ္ဂတိံ၊** ဆင်းရဲကြီးလှ ဒုဂ္ဂတိဘဝကို။ **နာဘိဇာနာမိ၊** တစ်ခါ တစ်ခေါက်မျှ မလာရောက် မခံစားခဲ့ရဖူးပေ။ **ဣဒံ၊** ဤကဲ့သို့ ကိုးဆယ့် တစ်ကမ္ဘာပတ်လုံး ဆင်းရဲလွတ်ကင်း လူ့ရပ်နတ်ဌာန်တို့၌သာဖြစ်၍ ချမ်းသာ အမျိုးမျိုးကို ခံစားရခြင်း အစရှိသော အကျိုးသည်။ **ဥဒက ဒါနဿ၊** ရေလှူရခြင်း၏။ **ဖလံ၊** အကျိုးထူးအစစ် အဖြစ်ကြီး ဖြစ်ပါပေသဘည်း။

သံဃာတော်များအား ရေလှူခဲ့ရသည့်အတွက်ကြောင့် ကိုးဆယ့် တစ်ကမ္ဘာပတ်လုံး အပါယ်မကျဘဲ လူ့ဘဝ နတ်ဘဝတို့၌သာ ချမ်းသာများစွာ ဖြစ်ခဲ့ကြ၍ နောက်ဆုံး ရဟန္တာဖြစ်ရပြီး နိဗ္ဗာန်တိုင်အောင်သော အကျိုးများကို ခံစားခဲ့ရပေသည်ဟု ဆိုလိုပေတာပေါ့နော်။

ယခုပြခဲ့သော ဒေသနာအစဉ်ဖြင့် ရေလှူရသော ကုသိုလ်၏ ကြီးမြတ်ပုံကိုသိရှိကာ နိဗ္ဗာန်ရည်စူး၍ အထူးထူးသော ရေများကို လှူဒါန်း နိုင်ပြီးလျှင် မဂ်ဖိုလ်ဉာဏ် အလင်းဓာတ်ဖြင့် ရွှေပြည်နိဗ္ဗာန်ကို အမြန်ပင် ချဉ်းကပ် ရောက်ရှိနိုင်ကြပါစေသတည်း။

# မီးတစ်ပွင့်လှူက အကျိုးရ တရားတော်

ယခု လှူဒါန်းကြတဲ့ လျှပ်စစ်မီးဖြစ်စေ၊ ဖယောင်းတိုင်မီးဖြစ်စေ၊ ဘယ်မီးမဆို တစ်ပွင့်လှူလည်း အကျိုးများတဲ့အကြောင်း တင်ပြရလျှင်တော့...

ဤငါတို့နေရာ ဘဒ္ဒကမ္ဘာမှ ပြန်၍ရေတွက်သည်ရှိသော် ကမ္ဘာတစ်သိန်းထက်၌ ပွင့်တော်မူသော ပဒုမုတ္တရမြတ်စွာ ဘုရားလက်ထက်တော်အခါမှာ သူကြွယ်တစ်ယောက်သည် မြတ်စွာဘုရား ပွင့်တော်မူရာ ဗောဓိပင်ဝယ် လူအများတို့ ပူဇော်နေသည်ကို တွေ့ရသည်အတွက်ကြောင့် မိမိသည်လည်း သူများနည်းတူ ပူဇော်လိုသည်ဖြစ်၍ ဗောဓိပင်ကို ပွတ်လုံးရာ သတ်မှတ်တိုင်တို့ဖြင့် ကာရံပြီးလျှင် ထိုပွတ်လုံးရာ သတ်မှတ်တိုင်များ အပေါ်၌ ဆီမီးများကို ညှိထွန်း ပူဇော်ခဲ့လေတယ်တဲ့။

ထိုသို့ ဆီမီးများကို ပူဇော်လှူဒါန်းခဲ့သည့် အတွက်ကြောင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး လူနတ်တို့၏ ချမ်းသာအမျိုးမျိုးတို့ကို ခံစား စံစားရသည်ဖြစ်၍ လူဖြစ်ရသည်ဖြစ်စေ၊ နတ်ဖြစ်ရသည်ဖြစ်စေ မိမိအထက်မှ မီးရှူးတန်ဆောင် အလင်းရောင်များ အမြဲတမ်း လိုက်ပါနေသည့်အပြင်–

**"ဒီပဒေါ စက္ခုဒေါ"** ဆိုသည့်အတိုင်း ဆီမီးလှူသူသည် မျက်စိကို လှူတာနှင့်တူသည်ဟု ဟောတော်မူအပ်သော ဒေသနာတော်နှင့်ညီစွာ နတ်မျက်စိနှင့်တူသော ဒိဗ္ဗစက္ခုဉာဏ်အမြင်ကို ရခြင်း၊ ကျောက်တောင်၊ နံရံ၊ တံတိုင်းတို့ကို ဖောက်ထွင်း၍ မြင်နိုင်ခြင်း၊ မိမိ၏ ဘေးပတ်လည်၌

ယုဇနာ တစ်ရာမျှဝေးကွာအောင် မြင်နိုင်ခြင်း အစရှိသော လောကီမျက်စိ အမျိုးမျိုးတို့ကို ရရှိသည်သာမကဘဲ နောက်ပိတ်ဆုံးဘဝမှာ နိဗ္ဗာန်ကိုပင် မြင်နိုင်သည့် အရဟတ္တမဂ်ဉာဏ်မျက်စိကိုလည်း ရရှိကာ ရဟန္တာတစ်ဆူ ဖြစ်ရတော်မူလေတယ်။

ထိုကဲ့သို့ အာသဝေါကုန်ခန်း ရဟန္တာ ဖြစ်ရပြီးတဲ့အခါမှာ မိမိ၏ အကြောင်း အရာစုံကို အဘိညာဉ်ဉာဏ်ဖြင့် ရှုစားဆင်ခြင် သိမြင်တော်မူသည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ၍ မဆုံးနိုင်အောင် ဖြစ်ရပြီးလျှင် မိမိ၏ အတ္တုပ္ပတ္တိသည် တစ်သာသနာလုံး တည်လျက် နောင်လာနောက်သားများ နည်းယူမှတ်သား အားပါးတရ ကြိုးစားအားထုတ်နိုင်ကြပြီးလျှင် မိမိကဲ့သို့ပင် ရဟန္တာများဖြစ်ကြ၍ နိဗ္ဗာန်ရွှေပြည်မြတ်သို့ ဝင်စံကြစေခြင်းငှာ ရည်သန် တောင့်တ စိတ်မှန်းဆ၍ အောက်ပါဂါထာများကို အပဒါန် ပါဠိတော်၌ ဟောမြွက် မိန့်ကြားထားခဲ့လေတယ်တဲ့။

**တေန ကမ္မာဝ သေသေန၊ ပတ္တောမှိ အာသဝက္ခယံ။**

**တာရေမိ အတ္တမံ ဒေဟံ၊ ဒိဗ္ဗပဒိန္နသာသ သာသနေ။ ။**

**အဟံ၊** ပဋ္ဌဒိပက နာမတွင်ခေါ် ငါမထေရ်ကျော်သည်။ **တေန ကမ္မာဝ သေသေန၊** ထိုသို့ ဗောဓိပင်အား ဆီမီးတို့ဖြင့် ပူဇော်ရသော ကောင်းမှုကုသိုလ်ကြွင်း၏ အစွမ်းသတ္တိကြောင့်။ **အာသဝက္ခယံ၊** အာသဝေါ တရားဆိုး ပယ်ချိုးကင်းပြတ် အရဟတ္တတွင်ခေါ် ရဟန္တာရှင်၏အဖြစ်သို့။ **ပတ္တောမှိ၊** မုချမှန်စွာ ရောက်ရပါသတည်း။ **ဒိဗ္ဗပဒိန္နသာသ၊** ခြေနှစ်ချောင်းရှိသူ များဗိုလ်လူတို့ကို ကယ်ယူမ,စ အစိုးရသော ဂေါတမရှင်တော် မြတ်ဘုရား၏။ **သာသနေ၊** အံ့ဖွယ်ရစ်ဖြာ သာသနာတော်၌။ **ဟုတွာ၊** ဖန်ဝါတင့်လွှန်း ရဟန်းစင်စစ် ကေန်ဖြစ်၍။ **အတ္တမံ ဒေဟံ၊** ဘဝဇာတ်သိမ်း ကင်းပြတ်ငြိမ်းရာ ရဟန္တာစင်စစ် ဖြစ်ရမှန်စွာ ကိုယ်ခန္ဓာကို။ **တာရေမိ၊** ပဋိသမ္ဘိဒါလေးရပ် သမာပတ်ရှစ်တန် အဘိညာဂုဏ်စွမ်း ရတုံ့မွမ်း၍ ရွှင်လန်းမသေွ ဆောင်နိုင်ရ ပေသတည်း။

ပဒုမုတ္တရမြတ်စွာဘုရား၏ ဗောဓိပင်အား ဆီမီးများဖြင့် ပူဇော် လှူဒါန်းခဲ့ရသော ကောင်းမှုကုသိုလ်၏ လူနတ်ချမ်းသာကို ပေးပြီးရာမှ ကြွင်းကျန်သော ကောင်းမှုစွမ်းကြောင့် ယခု ဘဒ္ဒကမ္ဘာ ဂေါတမဘုရားရှင်၏

သာသနာတော်ဝယ် အာသဝေါကင်းစင် ရဟန္တာရှင်ဖြစ်ရ၍ နောက်ဆုံးပိတ်ဖြစ်သော ရဟန္တာ၏ ခန္ဓာကိုယ်အဖြစ်ကို ဆောင်ရပေတယ်ဟု ဆိုလိုတာ ပေါ့နော်။

**ပဋိသမ္ဘိဒါ စ တသော၊ ဝိမောက္ခာပိ စ အဋ္ဌ မေ။**
**ဆဠာဘိညာ သစ္ဆိ ကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။**

**စတဿော ပဋိသမ္ဘိဒါ၊** ပဋိသမ္ဘိဒါ လေးဖြာထင်ရှား မြတ်တရားတို့ကိုလည်းကောင်း။ **အဋ္ဌ** သင်္ချာမှတ်သား ရှစ်ပါးကုန်သော။ **ဣမေ ဝိမောက္ခာပိ စ၊** ဤဝိမောက္ခခေါ် တရားတော်တို့ကိုလည်းကောင်း။ **ဆဠာဘိညာ စ၊** ဣဒ္ဓိဝိဓ စရှိထင်ရှား အဘိညာဉ် ခြောက်ပါးတို့ကိုလည်းကောင်း။ **မေ-မယာ၊** ပဋ္ဌဒီပကာမထေရ် နာမည်တွင်လတ် ငါရဟန်းမြတ်သည်။ **သစ္ဆိကတာ၊** အရဟတ္တမဂ်ဉာဏ်မြတ်နှင့်တကွ နှံ့စပ်မသွေ ထိုးထွင်း၍ သိအပ်ပေကုန်ပြီ။ **ဗုဒ္ဓဿ၊** ဂေါတမမည်တွင် ဘုရားရှင်၏။ **သာသနံ၊** သာသနာရေး ကိစ္စ အဝဝ,ကို။ **ကတံ၊** လုံးစုံပြည့်ဝ ကုန်စေငှာအောင် ကျနမသွေ ပြုလုပ်အပ်ပေသတည်း။

ရှေးအခါက ဗောဓိပင်အား ဆီမီးတို့ဖြင့် ပူဇော် လှူဒါန်းခဲ့ရသော ကောင်းမှုကံအစွမ်းသတ္တိကြောင့် ယခု နောက်ဆုံးသတ်ဖြစ်သော ဂေါတမမည်တွင် ဘုရားရှင်၏ သာသနာရေး ကိစ္စများဖြစ်သော ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးတို့ကို ဉာဏ်ဝယ်ရှေးရှု မျက်မှောက်ပြုသောအားဖြင့် လုံးစုံကိစ္စ အဝဝတို့ကို တစ်ဖမကျန် အမှန်မုချ ပြုလုပ်ဆောင်ရွက်ခဲ့ရလေပြီဟူ၍ မိန့်တော်မူလိုရင်းပေါ့။

**"ဆီမီးလှူကျိုး ညစ်မျိုးကင်းစင်၊**
**ဒီပ္ပစက္ခု ရှုနောင်ပင်။**
**ကျောက်တောင်ထွင်းလို့ အလင်းကိုမြင်၊**
**ဘယ်ကိစ္စ ခက်ရသူမထင်။**
**ဆီမီးလှူက ကြီးထပညာ၊**
**သွားရာရောင်လင်း မယွင်းလိုက်ပါ။**
**မဂ်,ဖိုလ်ဉာဏ်ရွှေ ဆွတ်ခူးမှန်စွာ၊**
**နိဗ္ဗာန်နန်း စံမြန်းရသည်သာ။"**

ဒါကြောင့် ဆီမီးလှူတဲ့ ပုဂ္ဂိုလ်များမှာ...
၁။ ကိုယ်ခန္ဓာမှ အညစ်အကြေး ကင်းစင်ခြင်း။
၂။ ဒိဗ္ဗစက္ခုအဘိညာဉ်များကို ရရှိနိုင်ခြင်း။
၃။ ကျောက်တောင်၊ တံတိုင်းတို့ကို ဖောက်ထွင်း၍ မြင်နိုင်သော မျက်စိကိုရခြင်း။
၄။ ဘယ်ကိစ္စ ဘယ်အရာဌာန မဆို မသိ, မလုပ်တတ်ဟု ခက်ခဲခြင်း မရှိခြင်း။
၅။ လောကီ, လောကုတ္တရာ ဉာဏ်ပညာကြီးမြင့်ထက်မြက်ရခြင်း။
၆။ သွားရာအရပ်မှာ မိမိအထက်မှ မီးရှူးအလင်းရောင်များ အမြဲလိုက် ပါခြင်း။
၇။ မဂ်,ဖိုလ်ဉာဏ်အလင်းရ၍ နိဗ္ဗာန်ကို ရရှိခြင်း။
စသော အကျိုးများကို ပေးစွမ်းနိုင်တယ်တဲ့။

ယခု ဟောပြောခဲ့သော ဒေသနာတော်အရ ဆီမီးလှူ ရခြင်း၏ အကျိုးထူးများကို သိရှိထင်မြင်ကြသည်ဖြစ်၍ ဆီမီး၊ ရေနံ၊ ဓာတ်မီး အင်ဂျင်မီး၊ ဖယောင်းတိုင်မီး စသော အရောင်အလင်း ဒါနများ ကြိုးစား ပြုစုနိုင်ကြသည်ဖြစ်၍ မဂ်ဖိုလ်နိဗ္ဗာန်တိုင်အောင်သော အကျိုးဘရေး ချမ်းသာ များကို ရရှိခံစားနိုင်ကြပါစေသတည်း။

# ဝမ်းမြောက်စရာ ရှင်ရဟန်းဒကာ တရားတော်

ဒီကနေ့ ရှင်ပြု ရဟန်းခံ ပြုလုပ်ကြတဲ့ ရှင်ဒကာ ရှင်အမတွေ၊ ရဟန်းဒကာ ရဟန်းအမတွေ ဝမ်းမြောက်စရာတစ်ခု ပြောရလျှင်တော့...

**လောကမှိ သာသနံ နာမ၊ ဥက္ကဋ္ဌံ အတိဒုလ္လဘံ။**

**မနုဿာဝ ပဂ္ဂဏှန္တိ၊ န ဟိ ဒေဝါ အဝိသယာ။**

**လောကမှိ၊** လူတို့လောက ဘုံဌာနဝ်၌။ **သာသနံ နာမ၊** ရှင်တော်မြတ်ဘုရား တည်ထားသတ်မှတ် သာသနာတော်မြတ်သည်ကား။ **ဥက္ကဋ္ဌံ၊** ဘယ်အရာ ဘယ်ဌာန ဘယ်သင်းနှင့်ကမှ မတူတန်အောင် အမှန်ပင်မြတ်လှပါပေ၏။ **အတိဒုလ္လဘံ၊** ကမ္ဘာများစွာ လွန်လေပါလည်း တစ်ခါတစ်ရံ တွေ့ကြိမ်ဖန်ဖို့ အမှန်မုချ ခဲယဉ်းလှပါပေ၏။ **တံ သာသနံ၊** ထိုသို့ တွေ့ကြိမ်ခဲဖွာ ရောင်ဝါထွန်းပ မြတ်ဗုဒ္ဓ၏ သုံးဝသချာ သာသနာတော်မြတ်ကြီးကို။ **မနုဿာဝ၊** လူ့ရပ်ခိုမှီ ပါရမီပြည့်စုံ ဘုန်းဟုန်ကြီးမား လူအများတို့သည်သာလျှင်။ **ပဂ္ဂဏှန္တိ၊** နေ့နေ့ညည စိတ်လိုကျအောင် မုချမှန်စွာ ချီးမြှောက်နိုင်ကြပါပေကုန်၏။ **ဒေဝါ၊** ထက်ရပ်ခိုမှီ ဘုံကိုယ်စီ၌ စုံညီပျော်ပါး နတ်ဗြဟ္မာအများကို့သည်ကား။ **အဝိသယာ၊** လောကစဉ်လာ သူတော်စွာတို့ အရာဌာနမဟုတ်ကြလေကုန်သောကြောင့်။ **န ဟိ ပဂ္ဂဏှန္တိ၊** ဘယ်လောက်ပင် သဒ္ဓါတွေရှိကြသော်လည်း "**ဘဂဝါပရမေ**" သုံးလူ့ဘုရား ရယ်က နတ်ဗြဟ္မာတွေကို သာသနာ့အမွေ ပိတ်ပင်၍ ထားခဲ့တာကြောင့် စိတ်မရှင်လက်မှိုင်ထောက်ပြီး မပြုစု မချီးမြှောက်နိုင်ကြလေကုန်သတည်း။

ဤဂါထာ ဒေသနာတော်မြတ်၏ ဆိုလိုရင်းအဓိပ္ပာယ်မှာ ကမ္ဘာ လောကဓာတ်ကြီးအတွင်း၌ မှီတင်းနေကြတဲ့ လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏

ဝပ်စင်းဦးခိုက် ပူဇော်အထူးကို ခံတော်မူထိုက်သော အစိန္တေယျ ဂုဏ်ပေါင်း ခပေသည့် သုံးလောကရာဇာ ဗောဓိဗုဒ္ဓမြတ်စွာသည် လေးသင်္ချေနှင့် ကမ္ဘာ တစ်သိန်း ကာလကြာအောင် ဆယ်ဖြာသော ပါရမီ၊ ငါးလီသော စွန့်ခြင်း ကြီးနှင့် သုံးဆင့်သော စရိယာတရားတို့ကို ခါမခြားကျင့်တော်မူ၍ ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့၏ ချမ်းသာတိုးပွား အကျိုးများဖို့ မျှော်တွေး ထောက်ရှုလျက် ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓဟု သုံးရပ်သော သာသနာတော် မြတ်ကြီးကို တည်ထား ပြုစုတော်မူခဲ့ပေတယ်။

ထိုသာသနာတော် သုံးရပ်သည် လောကဓာတ်တိုက်အတွင်း၌ အမိုက်ကိုခွင်း အလင်းကိုဆောင် နေသောင်းဘောင်မက တောက်ပ ထွန်းလင်း၍ နေလေရာ သူငါစသား သတ္တဝါ အများတို့သည် ထိုသာသနာ တော်အရောင်ကို ပျော်မြူးရွှင်ပျ ချီးမြှောက်လိုကြသော်လည်း အလိုရှိတိုင်း မချီးမြှောက်နိုင်ကြရှာပေ။ လူတို့၌ာနီ လူတို့ပြည်၌ သန္ဓေစွဲကပ် မြင့်မြတ် သော ပါရမီဓာတ်ခံရှိကြတဲ့ ပုဂ္ဂိုလ်ကျော် အာဇာနည်မော်တို့သာလျှင် ပစ္စယ,ဓမ္မ နှစ်ဖြာသော အနုဂ္ဂဟတို့ဖြင့် မကွာနေ့ည စိတ်ဆန္ဒရှိသလောက် ချီးမြှောက် ထောက်ပံ့နိုင်ကြလေတယ်။

ထက်ရပ်၌ာနီ နတ်ခြောက်ပြည်နှင့် ဗြဟ္မာပြည်မြတ်တို့၌ စွဲမှီပျော်ပါး နတ်ဗြဟ္မာအများတို့သည်ကား ရွှေနန်းရွှေအိမ် ရိပ်ငြိမ်ခမ်းနား အထက်တန်းစား အဖြစ်ဖြင့် ဘယ်ကလောက်ပင် တင့်တင့်တယ်တယ် ဖွယ်ဖွယ်ရာရာ ချမ်းသာစွာ နေနိုင်ကြသော်လည်း ကျယ်ဝန်းလှစွာ ဝဲဩဃသံသရာမှ ခဏချက်ချင်း လွတ်ကင်း ထွက်မြောက်စေနိုင်တဲ့ ဗောဓိဗုဒ္ဓသာသနာကို စိတ်လက်ပါ ခရီးရောက်အောင် မချီးမြှောက် မထောက်ပံ့နိုင်ကြ ပေဘူး။

နတ်၊ ဗြဟ္မာများ သာသနာတော်ကို ချီးမြှောက်ရန် ခဲယဉ်းကြပုံမှာ အသက်အားဖြင့် ကိုးသန်းရှည်၍ ရွှေဘုံ ရွှေနန်း ရွှေကြငှန်း၌ စံမြန်းရွှင်ပျော်ကာ နေထိုင်ကြရပဲ့ စတုမဟာရာဇ် နတ်မင်းကြီးများသည် သာသနဒါယဖွဲ့ အမွေ မှန်ကို ခံယူရရှိစေနိုင်တဲ့ ရှင်ပြုခြင်း၊ ရဟန်းခံခြင်းဟု ဆိုအပ် သော ဓမ္မာနုဂ္ဂဟကုသိုလ်မြတ်ကို ပြုစုလိုလား စိတ်ရင်းသန်သန် အမှန်အားဖြင့် ရဟန်းတော်များထံ ချဉ်းကပ်လို့ တပည့်တော်နတ်မင်းကြီးတို့သည် သာသနာ့ ဒါယဖွဲ့ အမွေခံမှုချ ဓမ္မာနုဂ္ဂဟ ကုသိုလ်ဖြစ်မြောက်ရေးကို လိုလားတောင့်တ

ကြပါသဖြင့် တပည့်တော်တို့၏ သားငယ်၊ သမီးငယ်များကို သာသနာတော်တွင်းသို့ သွတ်သွင်းချီးမြှင့်လိုပါသည်ဘုရား။

ဤသို့ ရှင်ပြု၊ ရဟန်းခံပွဲသဘင် ဆင်ယင်ကျင်းပရာ၌ အရှင်မြတ်တို့အား အလကားအကျိုးမဲ့ မဖြစ်စေရပါ။ အရှင်မြတ်တို့အား တစ်ပါးတစ်ပါးလျှင် တစ်သိန်းစီတန်သော လှူဖွယ်ဝတ္ထု ပစ္စည်းလေးပါး တို့ဖြင့် လှူဒါန်း ဆက်ကပ်ကြပါမည်ဘုရား။ ဒကာတော်များကလည်း ဓမ္မာနုဂ္ဂဟ ကုသိုလ်ပွား၍ အရှင်မြတ်များလည်း သာသနာတော်နှင့်တကွ ကျေးဇူးများကြစေရန် ရည်သန်မျှော်ရှုကြ၍ ခွင့်ပြုတော်မူကြပါမည့်အကြောင်း လာရောက်လျှောက်ထားပါသော်လည်း ရဟန်းတော်များမှာ ဘယ်နည်းနှင့်မှ ထိုတောင်းပန် လျှောက်ထားချက်ကို ခွင့်မပြုနိုင် လက်မခံနိုင်ကြပေဘူး။

ဘာကြောင့်လည်းဆိုတော့ တခြားတစ်နေရာများမှာ ရှင်တော်မြတ်ဘုရားကြီးက နတ်ပြဟ္မာများကို အခွင့်အရေးပေး၍ မြှောက်စားတော်မူခဲ့သော်လည်း ရှင်ပြု၊ ရဟန်းခံခြင်းစသည့် သာသနာရေး အားပေးကူညီတဲ့နေရာမှာတော့ တန်ခိုးကြီးမြတ်ကြတဲ့ နဂါး၊ ဂဠုန်၊ ဂုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗနှင့် သိကြား၊ ပြဟ္မာ၊ ပဇာပတိ၊ မာတလိ၊ ဝိသုကြုံ၊ အဖုံဖုံသော နတ်ပြဟ္မာအပေါင်းတို့ကို တိရစ္ဆာန်အရာ ထားတော်မူလျက်

**"တိရစ္ဆာနဂတော ဘိက္ခဝေ အနုပသမ္ပန္နော န ဥပသမ္ပာဒေတဗ္ဗော၊ ဥပသမ္ပန္နော နာသေတဗ္ဗော"**

ဟူသော ဥပဒေတော်ကြီးဖြင့် တင်းကျပ်မြဲမြံစွာ တားမြစ်တော်မူခဲ့လေတယ်။ ငါ၏ချစ်သား ချစ်သမီးကို့၊ ရှင်ရဟန်းဘောင်သို့ မထမ်းဆောင်မကပ်ရောက်ရသေးသော သူ့ရဟန်းဝန္တေ မနေကွဲပြားကြတဲ့ နဂါး၊ ဂဠုန်၊ ဂုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗနှင့် ပြဟ္မာ၊ သိကြား၊ တိရစ္ဆာန်ဂိုဏ်းဝင် ပုဂ္ဂိုလ်များကို သိလျက်နှင့် ရဟန်းခံ ရှင်ပြုမပေးရ၊ ရဟန်းတော်များမသိအောင် လူယောင်ဖန်ဆင်း၍ သာသနာတော်အတွင်းမှာ ရဟန်းပြုပြီးသား တွေ့ရှိခဲ့ပါလျှင်လည်း သင်္ကန်းကိုယ်ဝတ် ဆွဲကာချွတ်၍ သာသနာ့ဘောင်မှ ထုတ်ဆောင်နှင်ချပစ်ရမည်ဟူ၍ အမိန့်တော်မြတ်ကြီးကို တင်းကျပ်စွာ တိထွင်၍ တားမြစ်တော်မူခဲ့လေတယ်။ ထို့ကြောင့် နတ်ပြဟ္မာများကို ဘယ်လိုပင်သနား၍ သာသနာတော်မှာ ကျေးဇူးများသော်လည်း ရှင်ရဟန်းဖြစ်အောင် ချီးမြှောက်နိုင်ခွင့်မရရှိကြပေ။ ဘယ်နည်းနှင့်မှ ခွင့်မပြုကောင်းဘူးဆိုတာ မှတ်သား ယုံကြည်ရမယ်။

ထိုအကြောင်းအရာ အစုံအလင်ကိုသိရှိကြရတဲ့ ရှင်ရဟန်းနှင့်တကွ ရှင်ဒကာ, ဒကာမ၊ ရဟန်းဒကာ, ဒကာမ၊ မယ်တော်, ခမည်းတော်များ ကလည်း ငါတို့ ယခုလို ရရှိပြုလုပ်နေသော ရှင်ပြု, ရဟန်းခံမင်္ဂလာ ကုသိုလ်မြတ်ကြီးသည် တန်ခိုးကြီးမား နတ်ဗြဟ္မာများသော်မှ မပြုလုပ်နိုင်၊ မရရှိနိုင်သော ကောင်းမှုထူး ကောင်းမှုမြတ်ကြီးပါတကား ဟူ၍ အကြိမ်ကြိမ် စဉ်းစား ယုံကြည်သော သဒ္ဓါတရားဖြင့် ရွှင်လန်းနှစ်သက် အားတက်ကြဖို့ပေါ့။

စာတုမဟာရာဇ်နတ်မင်းကြီးများ၏ ရှင်ရဟန်းပြုလိုကြောင်း တောင်းပန် လျှောက်ထားချက်ကို ရဟန်းတော်များက ပယ်ရှားကာ ခွင့်မပြုသည်ကို မကျေနပ်တာနှင့် လူတို့တွက်ရေ သုံးကုဋေခြောက်သန်း အသက်ရှည်လျား၍ ယူဇနာတစ်ထောင်စီ ကျယ်ဝန်းသော စာတုမဟာရာဇ်နှင့် တာဝတိံသာ နှစ်ဖြာသောနတ်ပြည်တို့ကို ပိုင်နင်းအုပ်စိုး တန်ခိုးအာဏာ လွန်စွာထင်လင်း နတ်သိကြားမင်း ကြီးသည် ရဟန်းတော်များထံ ချဉ်းကပ်လာ၍–

"အရှင်မြတ်တို့ဘုရား... ဒကာတော် သိကြားမင်းသည် သားငယ် သမီးငယ်များကို သာသနာတော်တွင်းသို့ သွတ်သွင်း ချီးမြှင့်သောအနေဖြင့် ရှင်ပြု, ရဟန်းခံခြင်းဟူသော ဓမ္မာနုဂ္ဂဟ ကုသိုလ်မြတ်ကို ပြုစုလိုပါသည် ခွင့်ပြုတော်မူပါဘုရား။ ထိုသို့ ရှင်ပြုရဟန်းခံပွဲသဘင် ဆင်ယင်ကျင်းပရာ၌ တစ်သာသနာလုံးမှာရှိကြတဲ့ အရှင်မြတ်တို့အား တစ်ပါးတစ်ပါးလျှင် တစ်သန်းစီတန်သော လှူဖွယ်ဝတ္ထုပစ္စည်းလေးပါးများကို လှူဒါန်းပါမည်ဘုရား။ သာသနာ့မျက်နှာ ဒါယကာ့မျက်နှာများကို ထောက်ရှု ငဲ့ညှာသောအားဖြင့် ခွင့်ပြုတော်မူကြပါဘုရား"ဟူ၍ လျှောက်ထားငြားသော်လည်း ဘယ်လို နည်းနှင့်မှ ခွင့်မပြုနိုင်ဘူးတဲ့။

ထိုထက်မက ကမ္ဘာပေါင်းများစွာ အသက်ရှည်၍ လက်ညှိုးတစ်ချောင်း ထောင်ရုံဖြင့် စကြဝဠာကုဋေတစ်သိန်းတိုင်အောင် အရောင်အလင်း ပြောင်ဝင်း ထွန်းပစေနိုင်တဲ့ တန်ခိုးအစွမ်းရှိပေသည့် ဝေဟပ္ဖိုလ် ဗြဟ္မာမင်းကြီးသည် သိကြားမင်း၏ ရဟန်းတို့အား ခွင့်တောင်းပုံကို မကျေနပ်လှတာနှင့် "သိကြားမင်း၏ လှူဖွယ်ဝတ္ထုများ နည်းသည့်အတွက် ရဟန်းတော်များက ခွင့်မပြုခြင်း ဖြစ်ပေလိမ့်မည်၊ လှူဖွယ်ဝတ္ထု များများလှူခဲ့ပါလျှင် တားမြစ် ပယ်ရှားစရာမရှိ" ဟု အထင်ရှိ၍ ရဟန်းတော်များအထံ ချဉ်းကပ်လျက်–

"အရှင်မြတ်တို့ဘုရား... ဒကာတော် ပြဟ္မာမင်းပါဘုရား၊ သားငယ် သမီးငယ်ကလေးများကို သာသနာတော်တွင်းသို့ သွတ်သွင်းချီးမြှင့်လိုပါသည်၊ ခွင့်ပြုတော်မူပါဘုရား"

ထိုသို့ ရှင်ရဟန်းခံပြုလုပ်ရာ၌ "အရှင်မြတ်တို့အားလည်း အလကားမဖြစ်စေလိုပါ၊ တစ်ပါးတစ်ပါးလျှင် တစ်ကုဋေစီတန်တဲ့ လှူဖွယ်ဝတ္ထုများကို လှူဒါန်းပါမည်ဘုရား"ဟူ၍ လက်ဆယ်ဖြာ ထိပ်မှာမိုးလျက် တောင်းပန်လျှောက်ထားလာသော်လည်း ရဟန်းတော်များမှာ ဘယ်ပုံဘယ်နည်းနှင့်မှ ခွင့်မပြုနိုင်ကြချေ။ ဘာကြောင့်ဆိုတော့ ရှင်တော်မြတ်ဘုရားက ဥပဒေတော်ကြီးဖြင့် တားမြစ်ထားတော်မူခဲ့သောကြောင့် ဖြစ်တယ်။

သာသနာရေးနှင့် စပ်တဲ့နေရာမှာ ရှင်တော်မြတ်ဘုရားက ပြဟ္မာများကို တိရစ္ဆာန်အရာ ထားတော်မူခဲ့ကြောင်း လင်္ကာကတော့-

***"တန်ခိုးကြီးမား နတ်သိကြား ပြဟ္မာ၊***
***သာသနာရေး အားပေးဘယ်မှာ။***
***တိရစ္ဆာန်များ မခြားတူစွာ၊***
***ရှင်ဘုရား ထင်ရှားဟောခဲ့ပါ"***

ထိုအကြောင်းအရာအစုံကို သိကြရသော ရဟန်း၊ သာမဏေများနှင့် ရဟန်းဒကာ၊ ဒကာမ၊ ရှင့်ဒကာ၊ ဒကာမ၊ မယ်တော်၊ ခမည်းတော်များမှာ သာသနာတော်၏ ဘယ်ကလောက် မွန်မြတ်လှ၍ ချီးမြှောက်ဖို့ရာလည်း ဘယ်ကလောက် ခဲယဉ်းသလဲဆိုတာ ဉာဏ်အစဉ်မှာ ထင်မှန်းဆကြပေတော့။ ဒါကြောင့်မို့ ကဲယဉ်းမွန်မြတ်လှတဲ့ သုံးရပ်သော သာသနာတော်ကြီးကို ငါတို့ ယခုအခါ ကိုယ်ထိလက်ရောက် ချီးမြှောက်၍နေကြရပေပြီ၊ အရတော်ပေစွ၊ အစရှိသည်ဖြင့် ဝမ်းမြောက်ဝမ်းသာ ရှိကြရမယ်။

ချီးမြှောက်ပြီး ပုဂ္ဂိုလ်များလည်း ငါတို့သည် ဘယ်နှစ် ဘယ်လ ဘယ်အခါက ဒီလောက်မွန်မြတ်တဲ့ ဗုဒ္ဓါနုဂ္ဂဟ ကုသိုက်မြတ်ကြီးတွေကို ပြုစုချီးမြှောက်ခဲ့ကြပေပြီ၊ အရတော်ပေစွ၊ အစရှိသည်ဖြင့် ပြန်ပြောင်းစဉ်းစား စာဂါနုဿတိ ကမ္မဋ္ဌာန်းတရား ဖြစ်ပွားအောင် ကြိုးစား ဝမ်းမြောက်နိုင်ကြပါစေသတည်း။ (ဂါထာရွတ်ပြီး ဝတ္ထုဆက်လိုက ဆက်ပါရန်။)

# ရှင်ပြုရဟန်းခံ အကျိုးမြန် တရားတော်

ယနေ့ ပြုလုပ်နေကြတဲ့ ရှင်ရဟန်းအဖြစ်၊ ရှင်ရဟန်းဒကာ,ဒကာမ, မယ်တော်, ခမည်းတော်တို့၏အဖြစ်၊ မွန်မြတ်ပုံ ခဲယဉ်းပုံကို အတော်ပင် သိကြပေပြီ။ သို့ပေမယ့်လို့ မွန်မြတ်လှသော ဓမ္မာနုဂ္ဂဟ ကုသိုလ်တော်မြတ်၏ အကျိုးကျေးဇူး ကြီးမားမွန်မြတ်ပုံမှာ...

တန်ခိုးကြီးမား နတ်သိကြားသည် ကောင်းကင်ပမာဏရှိတဲ့ ဘော သင်ပုန်းကြီး ဆယ့်ရှစ်ချပ်တို့ကို ပြုလုပ်ဖန်ဆင်း၍ ထိုဘောသင်ပုန်းကြီး များအပြင်၌ မုန်ညင်းစေ့မျှသေးငယ်သော အက္ခရာစာလုံးများဖြင့် "ဤကား ရှင်,ရဟန်း၊ ရှင်,ရဟန်းဒကာ, ဒကာမ၊ မယ်တော်၊ ခမည်းတော်များ၏ ခံစံရသော အကျိုးများပေတည်း" စသည်ဖြင့် စကြာမင်းအဖြစ်က မည်ရွေ့၊ သိကြားမင်းအဖြစ်ကမည်ရွေ့၊ သိကြား, ဗြဟ္မာမင်းတို့၏အဖြစ်ကား ဘယ် လောက်စီ၊ လူ့အဖြစ်, နတ်အဖြစ်, ကေရာဇ်, ပဒေသရာဇ်, မင်းမိဖရားနှင့် တကွ သူဌေး သူကြွယ် ကုန်သည် လယ်လုပ်စသည်ဖြင့် တစ်ခုစီ တစ်ခုစီ ရေးသား၍ ရေတွက်ပြသော်လည်း ထိုတစ်ဆယ့်ရှစ်ချပ်သော သင်ပုန်းကြီး များပင် ပြည့်ရမည်၊ ရှင်ရဟန်းအဖြစ်နှင့် ရှင်ရဟန်းဒကာ, ဒကာမ၊ မယ်တော်၊ ခမည်းတော်တို့၏ နိဗ္ဗာန်မရောက်မီ ခံစား စံစားရမည့် အကျိုးတွေကား မကုန်ပေဘူးတဲ့။ ဒါကြောင့်...

**မာပေတွာ ကာသပ္ပမာဏော၊ သံပုဋ္ဌေ အဋ္ဌာရသကော။**

**သီဒ္ဓတ္တပ္ပမာဏကျွရေ၊ လိခံ ဝဏ္ဏေ မဟိဒ္ဓိကော။**

**နသက္ကောတိစ ဂဏေတုံ၊ ပဗ္ဗဇ္ဇာ ဥပသမ္ပဒါ။**

**မဟိဒ္ဓိကော၊** တန်ခိုးကြီးမား နတ်သိကြားသည်။ **အာကာသပ္ပမာဏော၊** ကောင်းကင် မိုးပြင်တမျှ ကျယ်ဝန်းလှစေကုန်သော။ **အဋ္ဌာရသကော၊**

ရေတွက်သတ်မှတ် တစ်ဆယ့်ရှစ်ချပ်မျှ ရှိကြပေကုန်သော။ **သံပုဋ္ဌေ** ကျောက်သစ်သားစု တစ်ခုခုဖြင့် ပြုစုကာထား ဘော,သင်ပုန်းကြီးတို့ကို။ **မာပေတွာ၊** တန်ခိုးအစွမ်း ထူးဆန်းလှစွာ ဖန်ဆင်းပြုလုပ်ခဲ့ပါ၍။ **တတ္ထ၊** တစ်ဆယ့်ရှစ်သွယ် ကြီးကျယ်ခမ်းနား ထိုသင်ပုန်းများ၌။ **သိဒ္ဓတ္ထုပ္ပမာဏာက္ခရေ၊** မှန်ညင်းစေ့သဖွယ် သေးငယ်လှစွာ စာလုံးအက္ခရာတို့ကို။ **လိခံ–လိခန္တော၊** မကြားမလပ် နှံ့စပ်မလစ် ရေးကာခြစ်၍။ **ဝဋ္ဋေတ္တ–ဝဋ္ဋေတ္တယျ၊** တစ်သက်တာတွင် နေ့စဉ်ရက်ဆက် မပျက်မနား ချီးမွမ်းရေတွက်ငြားအံ့။ **ဝေါ၊** ဤကဲ့သို့ နေ့စဉ်ရက်ဆက် မပျက်ကွက်ဘဲ အသက်ကုန်ခန်း ချီးမွမ်း ရေတွက်ငြားသော် လည်း။ **ပဗ္ဗဇ္ဇာဝ၊** ရှင်သာမဏေအဖြစ်၏ လည်းကောင်း။ **ဖလံ၊** အကျိုးထူး ဂုဏ်အင် ကုန်အစင်ကို။ **ဂဏေတုံ၊** ရေတွက်ချီးမွမ်းခြင်းငှာ။ **နသက္ကောတိ၊** ဘယ်ပုံ ဘယ်နည်းနှင့်မှ မကုန်မခန်း မစွမ်းနိုင်တော့သည်သာတည်း။

ကုသိုလ်ရေးရာဟာ အလွန်တရာမှ ဆန်းကြယ်လှတယ်နော်။ သည်နေရာမှာ တန်ခိုးကြီးမား နတ်သိကြားသော်မှ တစ်သက်လုံး ကုန်ဆုံး အောင် ရေတွက်ရေးသား ပြောဆိုသော်လည်း ရှင်ရဟန်းများနှင့် ရှင်ရဟန်း ဒကာ, ဒကာမ၊ မယ်တော်, ခမည်းတော်တို့၏ ခံစားစံစားရတဲ့ အကျိုး ဂုဏ်တို့ကို ကုန်စုံအောင် မရေတွက်နိုင်ဘူးလို့ဆိုသဖြင့် ယခု တရားဟောနေတဲ့ ပုဂ္ဂိုလ်တွေ ရေတွက်ဟောပြတာ, ချီးမွမ်းပြတာတွေဟာ အပုံအသချေပုံမှ တစ်ပုံမျှရှိမည်မဟုတ်ပေဘူး စဉ်းစားဆင်ခြင်၍ ကြည့်ကြပေတော့။

ကဲ... ရဟန်းခံ ရှင်ပြုနှင့် စပ်၍ အကျိုးကျေးဇူး များပုံကလေးကို မှတ်မိအောင် မြန်မာကဗျာကလေး ရွတ်လိုက်ဦးမယ်။

> **"ကောင်းကင်တမျှ ကြီးလှပေတာ၊**
> **ဘောဆယ့်ရှစ်စင်း ဖန်တီးပြီးကာ။**
> **မှန်ညင်းစေ့မျှ သေးလှအက္ခရာ၊**
> **ရေးစီတန်း ချီးမွမ်းမကုန်နိုင်ပါ။"**

ဌင်းလင်္ကာကဗျာကလေးအရ ရဟန်းခံ, ရှင်ပြုခြင်းနှင့်စပ်၍ အကျိုး ကြီးပုံတွေကို သိရှိကြသောအားဖြင့် မိမိတို့၏ ကုသိုလ်ကောင်းမှုတို့၏ မွန်မြတ်ပုံကိုပါ ဆက်လက်သိရှိကြလျက် ဝမ်းမြောက်ဝမ်းသာ ရှိကြပါစေ သတည်း။

# အကျိုးပေးသန် ရှင်ပြုရဟန်းခံ တရားတော်

ယနေ့ ရှင်ပြု ရဟန်းခံနဲ့ ပတ်သက်၍ ဘယ်လောက်အကျိုးပေး သန်သလဲလို့ တင်ပြရလျှင်တော့ ရှင်ပြု ရဟန်းခံနှင့်စပ်၍ ကြီးကျယ်မွန်မြတ်ပုံ တစ်မျိုးမှာ အသက်တမ်းအားဖြင့် တစ်ကမ္ဘာရှည်ကြာတဲ့ တန်ခိုးထင်လင်း မြဟ္မာမင်းကြီးတစ်ပါးသည် ဦးခေါင်းအရေအတွက် တစ်ထောင် ဖန်ဆင်း၍ ထိုဦးခေါင်းတစ်ခုတစ်ခုမှာလည်း ပါးစပ်ခံတွင်း အရေအတွက် တစ်ရာစီ ဖန်ဆင်းပြီးလျှင် ထိုပါးစပ်ခံတွင်းတစ်ခုမှာလည်း လျှာအရေအတွက် တစ်ရာစီ ဖန်ဆင်းလျက် မိမိအသက်တမ်းရှည်ကြာ တစ်ကမ္ဘာကာလပတ်လုံး နေ့မနား၊ ညမနား ထက်သန်သောစိတ်ထားဖြင့် ရှင်ရဟန်းနှင့် ရှင်, ရဟန်း ဒကာ, ဒကာမ၊ မယ်တော်, ခမည်းတော်တို့၏ အကျိုးဂုဏ်အင်တွေကို ရေတွက် ပြားသော်လည်း ထိုဗြဟ္မာမင်းကြီးဟာ အသက်တမ်း တစ်ကမ္ဘာ ကုန်စေ၍ သေကျေပျက်စီးဖို့သာ ရှိပေတယ်။ ရှင်ရဟန်းနှင့်စပ်၍ ခံစား စံစားရတဲ့ အကျိုးထူးတွေကား မကုန်စင်နိုင်သေးဘူး။ ဘယ်လောက်များပြားတယ် ဆိုတာ စဉ်းစားသာ ကြည့်ကြပေတော့။

ဒါကလည်း နိဗ္ဗာန် မရောက်သေးခင်ပါနော်။ နိဗ္ဗာန်ရည်မှန်းပြီး ပြုလုပ်သည်ဖြစ်၍ ပါရမီအဆင်သင့်ဖြည့်ကျင့်ပြီး ရှိသူများမှာတော့ ကုသိုလ် အနန္တတွေ ကျန်ရစ်သားနှင့်ပဲ ရွှေပြည်နိဗ္ဗာန်ကို အမြန်ပင်ရောက်နိုင်ကြ ပါတယ်။

ဒါကြောင့် –

**သဟာသမ္ပိ စ စေ ပေါသော၊ သီသောသီသော သတံမုခေ။**
**မုခေမုခေ သတံဗီဇေ၊ ဗီဝိတာကပ္ပေါ် မဟိဒ္ဓိကော။**
**န သကေကာတိ စ ဂဏောတုံ၊ ပဗ္ဗဇ္ဇာ ဥပသမ္ပဒါ။ ။**

**မဟိဒ္ဓိကော၊** ကလ္ပဒ္ဓိတန်ခိုး ဖွံ့ဖြိုးနှံ့စပ် ကြီးမြတ်သော။ **ဗီဝိတာကပ္ပေါ၊** ရေတွက်များးစွာ တစ်ကမ္ဘာတည့် မြင့်ရှည်တင့်ဆန်း အသက်တမ်းလည်း ရှိပေထသော။ **ပေါသော၊** ရှုမခန်းလင့် ဘုံနန်းမြင့်၌ အသင့်ပျော်လျှင်း နတ်ပြဟ္မာမင်းသည်။ **သဟာသမ္ပိ စ သီသာနိ၊** ရေတွက်မြားမြောင် ဦးခေါင်း တစ်ထောင်တို့ကိုလည်း။ **မာပေတွာ၊** ဈာန်ရှိန်တန်ခိုး ပွားတိုး ထင်လင်း ပြုဖန်ဆင်း၍။ **သီသောသီသော၊** ရေတွက်မြားမြောင် တစ်ထောင်တိကျ ဦးခေါင်းဟူသမျှတိုင်း၌။ **သတံမုခေ၊** ရေတွက်များလတ် တစ်ရာသော ခံတွင်း ပါးစပ်တို့ကိုလည်းကောင်း။ **မုခေမုခေ၊** ပါးစပ်ခံတွင်းတိုင်း၌လည်း။ **သတံဗီဇေ၊** ရေတွက်များစွာ တစ်ရာတစ်ရာသော လျှာတို့ကိုလည်းကောင်း။ **မာပေတွာ၊** ဈာန်ရှိန်တန်ခိုး ပွားတိုးထင်လင်း ပြုဖန်ဆင်းလျက်။ **စေ ဂဏေယျ၊** နေ့စဉ်မစဲ အမြဲမကွာ အကယ်ပင် ရေတွက် ပြောဆိုခဲ့ပါအံ့။ **ဧဝံ၊** ဤသို့ ရေတွက်ပြောဆိုသည်ရှိသော်။ **ပဗ္ဗဇ္ဇာ စ၊** ရှင်သာမဏေအဖြစ်၏ လည်းကောင်း။ **ဥပသမ္ပဒါ စ၊** ဖန်ရေတင့်လွှမ်း မြတ်ရဟန်းအဖြစ်၏ လည်းကောင်း။ **ဖလံ၊** အကျိုးဂုဏ်အင် စုံအလင်ကို။ **ဂဏောတုံ၊** ပိုင်းခြား ထင်လင်း ရေတွက်ချီးမွမ်းခြင်းငှာ။ **န သက္ကောတိ၊** ဘယ်ပုံဘယ်နည်းနှင့်မှ မစွမ်းနိုင်တော့သည်သာတည်း။

တယ်ဆိုတဲ့စာပါလား။ ဒီစာအတိုင်းသာဆိုလျှင် အသက်တစ်ကမ္ဘာ ရှည်တဲ့ ပြဟ္မာမင်းကြီးစဉ်လျက် လျှာကုဋေ ဖန်ဆင်းပြီးတော့ ရှင်ရဟန်းနှင့် ရှင်ရဟန်းဒကာ, ဒကာမ၊ မယ်တော်, ခမည်းတော်များ ခံစားရတဲ့ အကျိုး တွေကို အသက်ရှည်သမျှ နေ့ညမစဲ အမြဲမကွာ ရေတွက်ချီးမွမ်းသော်လည်း မကုန်ခန်းနိုင်ဘူးလို့ဆိုတော့ ယခု တရားဟော ဓမ္မကထိကများ ဟောသမျှ သည် ဘာမှ ပြောပလောက်စရာ မရှိတော့ဘူးပေါ့။

ကဲ… ဆိုခဲ့ပြီးသော အကြောင်းများကို လင်္ကာကလေး ပြုလုပ်ပြလိုက်ရဦးမယ်။ မှတ်သားထားကြပေတော့။

*"သက်ကမ္ဘာချဉ်း ဖြဟ္မာမင်းတန်ခိုးရှင်၊*
*လျှာကုဋေဖန်ဆင်း နေ့ခင်းညစဉ်။*
*ရှင်ရဟန်းနှင့်စပ် ကျိုးမြတ်စုံလင်၊*
*သူ့တစ်သက် ရေတွက်မကုန်ပင်။"*

အဲဒီ လင်္ကာစကားကလေးအတိုင်းပဲ ရှင်ရဟန်းနှင့်စပ်၍ ရတဲ့ အကျိုးတွေကို ဉာဏ်မှာထင်မြင်ကြပြီးလျှင် ရွှင်လန်းကြည်သာ အဖြာဖြာသော ကောင်းမှုကုသိုလ်များကို ကြိုးစား အားထုတ်နိုင်ကြပါစေသတည်း။

# အရှင်ဉာဏဝရ(သာပေါင်း)

## ✍ စီစဉ်ထုတ်ဝေစုစည်းပူဇော်သောစာအုပ်များ ✍


၁။ ဂုဏ်ယူထိုက်သူတို့၏ မှတ်သားစရာရွှေစကား (ထွက်ပြီး)
၂။ ယနေ့ရဲ့ မနက်ဖြန် (ထွက်ပြီး)
၃။ စိတ်ကြိုက်ဓမ္မရသတရားတော်များ(၁–၂) (ထွက်ပြီး)
၄။ ဓမ္မလက်ရွေးစင်တရားတော်များ (ပ–ဒု–တွဲ) (ထွက်ပြီး)
၅။ ကြိုက်ရာရွေးသုံးအမြတ်ဆုံးတရားတော်များ(၁) (ထွက်ပြီး)
၆။ ကြိုက်ရာရွေးသုံးအမြတ်ဆုံးတရားတော်များ(၂) (စီစဉ်ဆဲ)
၇။ ကြိုက်ရာရွေးသုံးအမြတ်ဆုံးတရားတော်များ(၃) (စီစဉ်ဆဲ)
၈။ စိတ်ကြိုက်ဓမ္မရသတရားတော်များပေါင်းချုပ် (စီစဉ်ဆဲ)
၉။ တရားဆိုတို့မှလက်ရွေးစင်တရားတော်များ (ယခု)
၁၀။ ငါးပွင့်တစ်ခိုင် တရားမြိုင် လက်ရွေးစင် တရားတော်များ (စီစဉ်ဆဲ)
၁၁။ မေတ္တာမှန်သော မြတ်ဆရာ (စီစဉ်ဆဲ)
၁၂။ လူငယ့်အားမာန်လမ်းညွှန်သံ (စီစဉ်ဆဲ)
၁၃။ ဗုဒ္ဓစာပေလာ နတ်ဒေဝီများ (စီစဉ်ဆဲ)

## ချီးမြှောက်တရား နိဗ္ဗာန်သွား တရားတော်

ယနေ့ လှူဒါန်းကြတဲ့ ရှင်ဒကာ ရှင်အမတွေ၊ ရဟန်းဒကာ ရဟန်းအမတွေ မြတ်စွာဘုရားရှင်က ချီးမြှောက်လို့ ဘယ်သူတွေ နိဗ္ဗာန်ရောက်သွားသလဲဆိုလျှင်တော့...

ရှင်ပြု ရဟန်းခံတာနဲ့စပ်၍ ပြုလုပ်ရသော ကုသိုလ်ကောင်းမှုများ မြင့်မြတ်အဖိုးတန် လှသည့်အတွက် ရှေးအခါက ဘုန်းကံရှင် သူတော်စင် အပေါင်းတို့သည် ရှင်ရဟန်းဖြစ်အောင် ချီးမြှောက်ထောက်ပံ့ကြပုံ အကြောင်းအရာများကို ဝတ္ထုသက်သေ သာဓကဖြင့် ပြရပါလျှင်...

ငါတို့ဘုရားရှင်လက်ထက်တော်မှာ ကပိလဝတ်တိုင်းပြည်ကို စိုးအုပ်ပိုင်နင်း ဘုရားရှင်၏ခမည်းတော် ဘုရင် သုဒ္ဓေါဒနမင်းတရားသည် ရှေးဦးပထမ သိဒ္ဓတ္ထမင်းသားကို စကြာမင်းအရာဖြင့် မြှောက်စား၍ စကြာမင်း၏ ခမည်းတော်အဖြစ်ကို ခံယူရန် ရည်စူးလျက် ရွှင်မြူးအားတက် နှစ်သက်ဝမ်းမြောက်၍နေစဉ် သားတော် သိဒ္ဓတ္ထမင်းသားက တောထွက်ပြီး ဘုရားရှင်တစ်ဆူ ဖြစ်တော်မူသည့်အတွက်ကြောင့် အစီအစဉ်များကို လက်လျှော့ခဲ့ရပေတယ်။

သို့သော်လည်း သားကြီးမရှိလျှင် သားငယ်ဖြစ်တဲ့ ညီတော် နန္ဒမင်းသားကိုပဲ စကြာမင်းပြုလုပ်စေ၍ "စကြာမင်းတရား၏ ဖခမည်းတော်" ဟူသော ဘွဲ့ဂုဏ်ထူးကို ဆွတ်ခူးရတော့မည်ဟု ကြံစည်စဉ်းစား တိုင်ပင်သင့်သော မှူးမတ် သေနာပတိများနှင့် နှီးနှောတိုင်ပင်ပြီးလျှင် ထိီးညွှန့်နန်းမွေ

အထွေထွေတို့ကို လွှဲအပ်ပျူငှာ အဘိသိက်သွန်းလောင်းခြင်း မင်္ဂလာနှင့် တကွ ဖမိမခြား သည်းချာသက်နှင်း ဇနပဒကလျာဏီ သမီးတော်ရင်းနှင့် ထိမ်းမြားခြင်း မင်္ဂလာတဝ နှစ်ကိစ္စ ပြီးမြောက်အောင် ကြံစည်ပြုပြင် ဆင်ယင်ကျင်းပတော်မူခဲ့ပေတယ်။

ထိုအခါ နောင်တော်ဘုရားဖြစ်တဲ့ သုံးလောကထွတ်ထား ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ မင်းနန္ဒ၏ နောင်ရေးကို မတွေးဘဲ မနေနိုင်၊ ဉာဏ်မြင်တော်ရှေ့သွား၍ စဉ်းစားဆင်ခြင်တော်မူသည်မှာ ညီတော်နန္ဒမင်း သည် ယနေ့နံနက်မှာပင် ကပိလဝတ် ပြည်ကြီးသေဌနင်း ဘုရင်မင်းဖြစ်လို့မို့ စကြာမင်း၏ စည်းစိမ်တမျှ ခမ်းနားလှသော စိုးရရှိပ်ငြိမ် စည်းစိမ်များ၏ အလယ်တွင် တင့်တယ်ရွှင်ပျ ခံစားရရှာတော့မယ်။

သို့ဖြစ်ခဲ့ပါလျှင် တစ်သက်တာကလေးအတွက် သေးငယ် တိုတောင်း လှစွာသော မင်းစည်းစိမ်ကို ခံစားမှုကြောင့် ရလုဆဲဖြစ်သော ကြီးကျယ်ထိုထို မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော ချမ်းသာများနှင့် အလှမ်းကွာသည့်ထက်ကွာပြီး ပရမ်းပတာ သံသရာ ရေယာဉ်ကြောမှာ မျောခြင်းကြီးမလှ မျောရရှာပေ တော့မယ်။

ထိုသို့ဖြစ်ခဲ့ပါလျှင် ငါဘုရား၏ ညီတော်ရင်းချာဖြစ်ရကျိုး၊ သာသနာ တော်နှင့် တွေ့ရကျိုး နပ်ရှာတော့မည် မဟုတ်သည့် အပြင် နောင်အစဉ် မှာလည်း "ဘုရားရှင်၏ ညီတော်ရင်းချာ ဖြစ်ပါလျက်နှင့် မဂ်ဖိုလ်နှင့်လွဲ ပါယ်ငရဲသို့ ဆင်းရဲလှစွာ ကျရချက်နာပေသည်" ဟု နောင်လာနောက်သား ပုဂ္ဂိုလ်များတို့ ကဲ့ရဲ့ပြစ်တင်ဖွယ်သာ ဖြစ်ချေတော့မယ်။

ထိုသို့ နောင်ရေး မအေးနိုင်ဖွယ်သော အရာကြောင့် မနေ့အစဉ် ယနေ့ပင်သွားရောက်လျက် ကျောင်းတော်သို့ ခေါ်ဆောင် သာသနာ့ဘောင် အမြန်ရောက်လေအောင် ချီး မြှောက်တော်မူကာ သံသရာဝဋ်နှောင်ဘေးမှ လွတ်မြောက်ရေး လမ်းစဉ်ကို တစ်ခန်းပင်ဖွင့်လို့မှ တော်ချေတော့မည်ဟု စဉ်းစားဆင်ခြင်တော် မူခဲ့လေတယ်။

ထိုအခိုက် ကပိလဝတ် နေပြည်တော် နန်းမဆောင်အတွင်းမှာ မင်းခမ်းမင်းနား စုံလင်စွာဖြင့် အဘိသိက်သွန်းနှင့် ထိမ်းမြားလက်ထပ်ပွဲသဘင် ဆင်ယင်နေခိုက်ဖြစ်လေရာ နန်းတွင်းသူ, နန်းတွင်းသား မှူးကြီးမတ်ရာ

သေနာပတိများနှင့်တကွ တိုင်းသူပြည်သားလူအများတို့သည် ခမ်းနားကြီးကျယ် ဖွယ်ရာ လှစွာသော အဘိသိက်ခံပွဲသဘင်ကို အမြဲ့ရွှင်စွာ ပျော်ပါးလျက် ရှိကြပါတယ်။

ထိုအခါ ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်လည်း ရဲရွှေတော် သံဃာတစ်သင်းနှင့် ဆွမ်းခံခြင်းလမ်းအစဉ်ဖြင့် နန်းအပြင်သို့ ကြွချီတော်မူလျက် လောင်းလှူပြီး ဆွမ်းဘောဇဉ်ကို ချစ်ညီခင် နန္ဒမင်းအား အတင်းသာ သပိတ်ထမ်းစေလျက် စံမြန်းရာ ကျောင်းဝိဟာသို့ အတွင်သာလိုက်ခဲ့ရမည့် အကြောင်းကိုသာ ညွှတ်ပျောင်း နှုတ်ဝစီဖြင့် ထုတ်ချီကာ မိန့်ဆိုတော်မူလိုက်လေတယ်။

ညီတော်နန္ဒမင်းသားလည်း နောင်ဘုရား၏ မိန့်စကားကို မပယ်ရှားမလွှဲသာလှတာနှင့် အသည်းပမာဏ ချစ်သက်လျာ ကို ပစ်ထွက်ကာ သပိတ်တော်ထမ်း၍ မရွှင်မလန်း နောင် ဘုရား၏ နောက်တော်ပါးက စဉ်မကွာ ကျောင်းတော်သို့ လိုက်ပါသွားရရှာပါတယ်။

နန္ဒမင်းသားသည် နောင်ဘုရား၏ နောက်တော်ပါးက လိုက်ပါသွားကြောင်းကို ပွဲကော်လာ ပရိသတ် အပေါင်းတို့က ထူးခြားရှုပ်ထွေး စိတ်မအေးဖွယ်ရာဖြစ်နေတဲ့ အခိုက်အတန့်မှာ အထိန်းတော် ခမျာကလည်း မရွှင်အား စိတ်ပူစွာဖြင့် မင်္ဂလာပွဲသဘင်နွှဲဆင်ရန် စိတ်ထားဖြင့် တအားပျော်ရွှင် ဝတ်ဆင်ဖြိုးလိမ်း၍ နေသော သတို့သမီး ဇနပဒကလျာဏီ အထံတော်သို့ အမြန်ပင် သွားရောက်၍ အကြောင်းစုံကို လျှောက်ထား သံတော်ဦး တင်ရှာလေတယ်တဲ့။

ဇနပဒခမျာ ချစ်သက်လျာ၏ အကြောင်းစုံလင် အကုန်ပင် ကြားသိရတာနှင့် သတို့သားအတွက် ရတက်မအေး စိတ်လက်လေး၍ အပြေးကလေး နန်းမဆောင် လေသာပြတင်းမှ မကင်းသော စိုးရိမ်ချက်ဖြင့် နှုတ်ဆက်မှာကြားလိုက်သည်မှာ...

**တုဝဋ္ဋ ခေါ် အယျပုတ္တ၊ အာဂစ္ဆေယျာသိ ဘာဏိနီ။**

**သာ ဂိဝံ ပသာရေတွာန၊ ဩလောကေသိ ဝိယံ ပတိ။**

**အယျပုတ္တ၊** မင်္ဂလာပွဲသဘင်တွင် နွှဲဆင်ရန် ရည်စူးလျက် ကြည်နူးအားထား အို... မယ့်မောင်တော် အရှင်မြတ်ဘုရား။ **တုဝဋ္ဋ ခေါ် တုဝဋ္ဋ**

**၁၀၊** ဆောလျှင်မကြာ ယခုသာလျှင်။ **တွံ၊** မယ့်မောင်တော် အရှင့်သားသည်။ **အာဂစ္ဆေယျာသိ၊** နောင်တော့်ထံရင်း သပိတ်နှင်း၍ မယွင်းမှန်စွာ ပြန်လည်၍ ကြွတော်မူခဲ့ပါဘုရား။ **ဣတိ၊** ဤသို့။ **ဘာဏိနီ၊** ချိုသာစကား သကာများသို့ မှာကြားမြွက်ဟတတ်ပေသော။ **သာ၊** ထိုဇနပဒကလျာဏီ နာမည်တွင်ရှာ နန်းညွန့်လျာသည်။ **ဂီဝံ၊** အရစ်သုံးသွယ် ဆန်းကြယ်ဝါဝင်း ရွှေလည်ပင်းကို။ **ပသာရေတွာန၊** ရွှေမရိုးစည်ပမာ သာယာညင်းပျော့ မော့တော်မူသည်ဖြစ်၍။ **ဝိယံမတိ၊** နောင်တော်ဘုရား နောက်တော်ပါးမှ လိုက်သွားရရှာ ချစ်သက်လျာကို။ **ဩလောကေသိ၊** ဆံပင်ဖြန့်ကြဲ ပူကြေကွဲ၍ လိုက်လှဲမသာ ကြည့်ရှုတော်မူလိုက်ရှာလေသတည်း။

ထိုဂါထာ၏ ဆိုလိုရင်းကတော့ အသက်၊တမျှ ချစ်မဝသည့် နန္ဒမည်တွင် မယ့်ထိပ်တင် အရှင်မြတ်ဘုရား။ ကျောင်းတော်သို့ ရောက်ပါလျှင် စောထွတ်ချာ နောင်တော်ရင်းအား သပိတ်တော် အပ်ကာနှင်း၍ ခုချက်ချင်း မနှေးကန်ဘဲ နှမလေးထံ အမြန်ပြန်ကြွလာခဲ့ပါမည့်အကြောင်းကို ပြီးလိမ်းဆဲ ဆံပင် မကုန်စင်တစ်ဝက်တစ်ကွဲကို ကိုင်ကာဆွဲလျက် အသည်းအူထဲမှ ထုတ်ချင်းခတ် ထွက်ပေါ်လာပေသည့် ဝမ်းနည်းကြေကွဲ ရှာသော အသံသဲ့ ကလေးဖြင့် ပြောဆို မှာကြားလိုက်ခြင်း ဖြစ်ပေတ.ယ်။

> **“ချစ်သက်လျာအာ၊ သနားညှာတာ၊**
> **သပိတ်တော်နှင်း ချက်ချင်းကြွပါ။**
> **စိုးရိမ်ကြောင့်ကြ နန္ဒသက်လျာ၊**
> **သာယာညင်း အားတင်းမှာ၊သိုက်ရှာ။”**

သို့ကလို ချစ်သက်လျာ၏ ရတက်ဖြာမှာပုံခင်းကို နန္ဒမင်း သူ့ခမျာ မှာ မရှုသာ အရေးအမှုကြောင့် ပူဆွေးသည်း မခွဲချင်စရာ စိတ်ဖြာ၍ ဘဝပင်ပန်းလျက် သပိတ်အစဉ်ထမ်း နောက်တော်ပါးက ကောက်ကောက် သားလိုက်ပါ၍ သွားရရှာလေတယ်တဲ့။ ကျောင်းတော်သို့ ရောက်လေလျှင် ချစ်ရှင်ပင် နောင်ဘုရားက ရဟန်းများ ပြုမည်လားဟု နန္ဒအား မေးမြန်းလေ တယ်။ ထိုသို့ အတင်းအကြပ် မေးမြန်းချက်ကို တွေးရတက်မကောင်း နန္ဒမင်း သူ့ခမျာမှာ မကြည်သာမရွှင်ပျ စိတ်လိုပင် မကျလှသော်လည်း နောင်ဘုရား စောထွတ်ပရမေကို ချစ်ရိုသေ မြတ်လေးစား၍ ရဟန်းများ

ပြုပါမည့်အကြောင်းကို ယောင်ယောင်မှားမှား မစဉ်းစားဘဲ လျှောက်ထားမိရှာလေတယ်တဲ့။

ထိုအခါ နောင်တော်ဘုရားက နန္ဒမင်း ချစ်ညီခင်အား ရဟန်းပြုပေးဖို့ရာ အကြောင်းအရာကို ရှင်သာရိပုတ္တရာအား စေခိုင်း မိန့်ကြားတော်မူလိုက်တဲ့အတွက်ကြောင့် ဆက်ဆက်မနေး ရှင်ရဟန်းပြု၍ ပေးလိုက်လေရာ မင်းနန္ဒ သူ့ခမျာမှာ မလွှဲသာလွှဲသာ အသည်းနာလျက်နှင့်ပင် ရှင်ရဟန်းအဖြစ်ကို ရရှာလေတယ်တဲ့။

သို့ကလို ရှင်ရဟန်းအဖြစ်ကို ရပါသော်လည်း သာသနာတော်မှာ ပျော်ပိုက်သည်မရှိလှဘဲ "မောင်တော်ဘုရား၊ မယ်မယ့်ထံသို့ အမြန်ပင် ပြန်ကြွလာတော်မူခဲ့ပါ" ဆိုတဲ့ ဇနပဒခမျာ ချစ်သက်လျာ၏ စကားအစဉ်ကလေးကိုသာ နားတွင်းမှာ တရေးရေး ကြားယောင်ပြီး နေလေတော့ ဘယ်မှာလျှင် ကမ္မဋ္ဌာန်းတရားကို အားထုတ်ကြိုးစားနိုင်ရှာတော့မှာလဲ။

မိတ်ဆွေ သူငယ်ချင်း ရဟန်းကိုရင်များက နန္ဒရဟန်း ခမျာကို တမှိုင်မှိုင်နေတာ တွေ့ရတာနဲ့ အကြောင်းအရာ စုံလင်ကိုခုံမင်စွာ မေးမြန်းကြတဲ့အခါမှာ နန္ဒရဟန်းကလေးက မိမိ သာသနာတော်မှာ မပျော်ပိုက်တဲ့အရေးကို ဂါထာလေး ရွတ်ဖတ်ကာဖြင့် အကြောင်းအရာစုံ ပြောကြားလိုက်သည်မှာ–

**ဥက္ကဏ္ဍိတောဟံ အာဝုသော၊ စရာမိ ဇိနသာသနံ၊**
**သန္ဓာရေတုံ န သက္ကောမိ၊ ဟိနွာ ဝဍ္ဎာမိ သာသနာ။**

**အာဝုသော၊** တပည့်ဟောက်တာ ကူညီညာဖို့ ဝိုင်းကာမေးငြား အို... အရှင်မြတ်တို့ဘုရား။ **အဟံ၊** နန္ဒမည်ခေါ် ဘုရားတပည့်တော်သည်။ **ဥက္ကဏ္ဍိတော၊** ဇနပဒကလျာ သူ့တွက်တာကြောင့် ချမ်းသာကင်းရှင်းပျင်းရိခြင်းရှိသည်ဖြစ်၍။ **ဇိနသာသနံ၊** နောင်ဘုရား၏ တည်ထားမိန့်မှာ ရတနာသတ်မှတ် သာသနာတော်မြတ်ကြီးကို။ **စရာမိ၊** စိတ်လက်မပါ မကြည်သာဘဲ စဉ်လာမပျက် ညည်းနေရက်တို့ ဆက်လက်မှန်စွာ အားထုတ်၍ နေရပါသည်ဘုရား။ **သန္ဓာရေတုံ၊** လူမထွက်ရန် သည်းညည်းခံ၍ အမှန်ပြီးစီး ချုပ်တည်း၍နေခြင်းငှာ။ **န သက္ကောမိ၊** မရွှင်မလန်း ဘဝင်ကျွမ်းမည့် အခင်းရယ်ကြောင့်, အလျှင်မှန်စွာ, မစွမ်းနိုင်တော့ပါဘုရား။ **အဟံ၊** နန္ဒ

မည်ခေါ် ဘုရားတပည့်တော်သည်။ **သာသနာ၊** နောင်ဘုရား၏ တည်ထား မိန့်မှာ သာသနာတော်မြတ်ကြီးမှ။ **ဟိနံ၊** ယုတ်ညံ့အောက်ကျ ဆင်းရဲလှတဲ့ ကြောက်စရာ့မိုက်မှောင် လူတို့ဘောင်သို့။ **အာဝဋ္ဋာမိ၊** ချစ်သူညွှတ်ကွင်း မလွတ်ကင်း၍ မငြင်းမဖယ်သာ ကျဆင်းရပါတော့အံ့သတည်း။

ဘုရားတပည့်တော်သည် နောင်တော်ဘုရားတို့က ဘယ်လိုပင် တားကြပါသော်လည်း သာသနာတော်အတွင်းမှာ ပျော်ပိုက်ခြင်းမရရှိပါ၍ အရိယာသူတော်စင်တို့၏ ပျော်ရွှင်ရာအစစ် ဧကန်ဖြစ်ပေသော ရတနာ သတ်မှတ် သာသနာတော်မြတ်ကြီးကို မငဲ့မညှာ စွန့်ပယ်ခွာ၍ ဘယ်ခါမစဲ ဆင်းရဲခြင်း အဝဝဘေးရန်တွေ ရှုပ်ထွေးလှတဲ့ ယုတ်စွာ့မိုက်မှောင် လူတို့ဘောင်သို့ မရှောင်သာမျိုးသိပ် မျက်လုံးကိုစုံမှိတ်လျက် ကျိတ်၍သာ သက်ဆင်းကျရောက်ရပါတော့မည်ဟူ၍ သီတင်းသုံးဖော် သူငယ်ချင်းတို့အား ပြောဆိုလိုရင်း ဖြစ်ပေတယ်တဲ့။

**“ပျင်းရိနွမ်းပါး နောင်ဘုရားသာသနာ၊**
**စိတ်မရွှင်လန်း ကျင့်ထမ်းရပါ။**
**သာသနာတွင်းမှ ဖွတ်အတင်းရှောင်ခွာ၊**
**မိုက်မှောင်တွင်း သက်ဆင်းလူတို့ရွာ။”**

ရှင်တော်မြတ်ဘုရားကလည်း နန္ဒရဟန်းကလေး သာသနာတော်မှာ မပျော်ရွှင်တဲ့အကြောင်းကို ကြားသိတော်မူတဲ့အခါမှာ မပျော်ပျော်အောင် အမျိုးမျိုးချော့မော့တော် မူရှာလေတယ်။ လူတို့ပြည်တွင်ပင်မက နတ်ပြည် ကိုပင် ခေါ်ဆောင်၍ နတ်သမီး အချောကညာလေးများကို ပြသတော် မူလျက် “ညီတော်မင်းနန် သည်လိုချောမောလှပတဲ့ နတ်သမီး ကညာကလေး တွေနှင့် ပျော်ပျော်ပါးပါး နေလိုပါလျှင် ရဟန်းဝတ်နှင့်ပင် ပျော်ရွှင်စွာနေလျက် ကမ္မဋ္ဌာန်းတရားများကို ကြိုးစားရမည်” ဟု ဖျောင်းဖျပြောဟောတော်မူရရှာ လေသည်တဲ့။

နန္ဒရဟန်းကလေးလည်း မိမိ၏ အသည်းစွဲဖြစ်သော ဇနပဒကလျာဏီ မင်းသမီးထက် အဆအရာအထောင်မက ချောမော လှပကြသော တာဝတိံသာသူ နတ်သမီးကညာဖြူတို့ကို တွေ့စကပင် ချစ်ခင်စွဲလမ်းပြီး နေခဲ့လေရာ နောင်တော်ဘုရား၏ ပြောစကားကို ကြားလိုက်ရတဲ့အခါမှာ

အလွန်တရာ ဝမ်းမြောက်ဝမ်းသာ ရှိလှတာနှင့် ပျင်းစိတ်ကို ရှောင်လွှဲ ရဟန်းဘောင်မှာ စွဲမြဲစွာ ဖြေဖျော်လျက် ကမ္မဋ္ဌာန်းတရားတော်ကိုသာ ရွှင်ပျော်မယုတ် အားထုတ်ကြိုးစားခဲ့လေတယ်တဲ့။

အဲဒီအခါ ရှင်တော်မြတ်ဘုရားက ရဟန်းတော်များကို စေလွှတ်တော်မူ၍ နန္ဒရဟန်းကလေးဟာ နတ်သမီးကညာများကို ရလိုဇောနှင့် အမောသား ရဟန်းတရားများကို အားထုတ်နေကြောင်း ပြောင်လှောင်ကာ ပြောဆိုနိုင်းလေရာ ရဟန်းတော်များက သွားရောက် ပြောင်လှောင်ကြတယ်တဲ့။

နတ်ကညာအတွက် စိတ်မက်အာသာ၊ နန္ဒရဟန်း မျှော်မှန်းတ,ကာ။ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းနေရှာ လူပုံထဲ ရှက်ပဲရှက်စရာ။

နန္ဒရဟန်းကလေးလည်း ရဟန်းတော်များ၏ ပြောင်လှောင်မှုကြောင့် အလွန်တရာ ရှက်လှတာနှင့် နတ်သမီးတို့အား စွဲလမ်းသော အာသာကို ပယ်ဖျောက်လျက် ရှေ့သို့ဆက်ကာ ထက်မြက်သောစိတ်ထားဖြင့် ကမ္မဋ္ဌာန်းတရားတို့ကို အားထုတ်ကြိုးစားလိုက်လေရာ မကြာခင်ပင် အာသဝေါကုန်ခန်းတဲ့ ရဟန္တာတစ်ဆူ ဖြစ်တော်မူလေတယ်။

တရားတော်ဆိုတာ အလွန်တရာမှ အဖိုးတန်လှပေတယ်နော်၊ နတ်သမီးများကို ရလိုချက်ဖြင့် မပျက်မကွက် တရားကို အားထုတ်နေသော်လည်း မှားယွင်းတဲ့စိတ်အစဉ်ကလေးက ဖြောင့်မှန်အောင် ပြောင်းရွှေ့ပေးလိုက်တယ်ဆိုရင်ပဲ မကြာခင် လမ်းမှန်ရလျက် လိုလားတဲ့ မဂ်ဖိုလ်ခရီးသို့ မပျက်အလိုလို နီးနိုင်ရနိုင်ကြလေတယ်။

သည်နေရာမှာ "စိတ်သာရှင်စော ဘုရားဟော" ဆိုတဲ့ စကားကလေးဟာ အလွန်တရာ မှန်ကန်လှပေသနော်။

မသိခင်က လွဲမှားနေသော်လည်း အရင်းခံစိတ်ထားက အကောင်းအမှန် ဖြစ်လေတော့ အမှန်လမ်းစကလေးကို ရသည်နှင့် တစ်ပြိုင်နက်ခရီးပေါက်ရောက်စေနိုင်တဲ့အကြောင်းကို ကောင်းကောင်းကြီး မှတ်သားကြလျက် ဖြူစင်သောစိတ်ထား ရှိကာ ကုသိုလ်အရေး အားပေး ချီးမြှောက်နိုင်ကြပါစေနော်။

သို့ကလို နန္ဒမင်းသားသည် နောင်ဘုရား၏ ထောက်ထားမြော်မြင် ပြုပြင်မှု အတန်တန်တို့ကြောင့် ကိလေသာရန် ပယ်သတ်၍ ရဟန္တာ

မြတ်တစ်ဆူ ဖြစ်တော်မူလျက် ပူပင်စရာကုန်ခန်းတဲ့ နိဗ္ဗာန်နန်း အမတ ရွှေပြည်သို့ ကြွချီစံပျော်တော်မူရလေတယ်။

**ဂဟေတွာ ဘာတုပဂ္ဂဟံ၊ လဒ္ဓါ သာမညမုတ္တမံ။**

**ကိလေသာ ပဇဟိတွာန၊ သ ဂမိ အမတံ သိဝံ။**

**သ သောနတ္ထေရော၊** ညီတော်ရင်းမှန် သတင်းလျှံသည့် မင်းနန်ခေါ်လတ် ထိုမထေရ်မြတ်သည်။ **ဘာတု–ဘာတုနော၊** သုံးလူ့သင်းကျစ် ဓမ္မရာဇ် ထွတ်ထား နောင်တော်ဘုရား၏။ **ပဂ္ဂဟံ၊** အရာရာတွင် ကယ်တင် စောင့် ရှောက် ချီးမြှောက်ချက်ကို။ **ဂဟေတွာ၊** စိတ်လက်မပါ မရှောင်သာဘဲ အားနာစစ ဆုံးမနာယူ ကျင့်တော်မူရသည်ဖြစ်၍။ **ဥတ္တမံ၊** သာသနာ တစ်လျှောက် ဂုဏ်ရောင်တောက်၍ မြင့်မောက်ကျော်စောတော်မူထသော။ **သာမညံ၊** သာသနာ့ဝန်ဆောင် ထွတ်ခေါင် ရှေ့တန်း ရှင်ရဟန်းအဖြစ်ကို။ **လဒ္ဓါ၊** ကောင်းစွာလှလှ ရရှိတော်မူသည်ဖြစ်၍။ **ကိလေသေ၊** ရာဂ,ဒေါသ, မောဟစထွေ ကိလေမြူမှေး ညစ်အကြေးတို့ကို။ **ပဇဟိတွာန၊** မဂ်ဝရဇိန် စက်ပုဆိန်ဖြင့် ကြိမ်ကြိမ်ခုတ်ကွပ် ပယ်စွန့်သတ်၍။ **သိဝံ၊** ဘေးရန်ပကွာ အေးမြရာအစစ်အမှန်ဖြစ်သော။ **အမတံ၊** မအိုမနာ မသေရာမှန် မြိုက်နိဗ္ဗာန် သို့။ **အဂမိ၊** အရဟတ္တဖ် မြတ်ရောင်လျှံတင့် အောင်လံလွှင့်၍ မလင့်မှန်စွာ ကူးမြောက်တော် မူခဲ့ပါပေသတည်း။

အဲ... ဤကဲ့သို့ ဟောကြားခဲ့ပြီးသော အကြောင်းအရာ အစုံအလင် ကို ဉာဏ်ထင်မြင်ရှုစားကြ၍ သုံးပါးသော သာသနာတော်၏ တွေ့ကြုံနိုင်ခဲ ချီးမြှောက်နိုင်ခဲလုပုံတွေနှင့်တကွ သူမြတ်သူမွန်တို့ မရမနေ ကြိုးစား ချီးမြှောက်ကြပုံ စဉ်အလာကို နည်းမှီကာ သဒ္ဓါဓာတ်ဖြင့် သာသနာမြတ် ခေတ်ကာလအတွင်းမှာ ပဗ္ဗဇ္ဇရှင်ရဟန်းအဖြစ်ကို မလွတ်တမ်း ချီးမြှောက်သော အနေဖြင့် ရှာကြံဖွေ စိတ်ရွှင်ပျလျက် မြတ်ပုည ကောင်းမှု အတန်တန်ကို တောင်းဆုပန် ဝိဇ္ဇာန်မမှားဘဲ နိဗ္ဗာန်သွား ခရီးပေါက်၍ အပြီးတိုင်ရောက် နိုင်ကြပါစေသတည်း။

# မသေခင်က နတ်ရထားပြင် တရားတော်

ယနေ့ပြုလုပ်ကြကုန်သော အလှူရှင်များအနေဖြင့် မသေခင်က ဘယ်လို နတ်ရထားပြင်သလဲဆိုတော့...

သာသနာတော်တွင်းသို့ သားကလေးကို သွတ်သွင်း ချီးမြှောက်ရသည့်အတွက် ခရောနောင်ပါ ဘယ်ခါမလပ် အကျိုးကြီးမြတ် ထူးကဲလှပုံဝတ္ထုသက်သေ သာဓကတစ်ခုမှာ...

ကဿပရှင်တော်မြတ်ဘုရား၏ သာသနာရောင်ရှိန် ထွန်းလင်းချိန် အခါကာလ သမယ၌ အမျိုးအမည်အားဖြင့် မထင်ရှားသော ဒါယိကာမ တစ်ယောက်သည် မိမိရင်၌ဖြစ်သော သားရတနာကလေးကို သာသနာတော်တွင်းသို့ သွတ်သွင်းချီးမြှင့်ခြင်းဟု ဆိုအပ်သော ရှင်ပြုခြင်းမင်္ဂလာ ကုသိုလ်ကို ပြုလုပ်လျက် ထိုသားမောင်ရှင်ကလေးအား နေ့စဉ် ဆွမ်းခဲဖွယ်ဘောဇဉ်တို့ဖြင့် ကျွေးမွေးပြုစုလှူဒါန်းလျက် မိမိကုသိုလ်ကို အမြဲတမ်းဝမ်းမြောက်၍ နေလေတယ်တဲ့။

ထိုရှင့်ဒါယိကာမကြီးသည် မိမိသား ကိုရင်ကလေးကို အကြောင်းပြုပြီးလျှင် ကျောင်းတိုက်ရှိ သံဃာတော်များကိုလည်း ပစ္စည်းလေးပါးဘက်က လိုလေသေးမရှိရန် ချီးမြှောက် ထောက်ပံ့ပြီးနေလေရာ ရဟန်းတော်များလည်း ပစ္စည်းလေးပါးဘက်က ပူပင်စရာမရှိကြရဘဲ သာသနာတော်သုံးရပ်ကိုသာလျှင် စိတ်လက်ချမ်းသာစွာ အားထုတ်ကြိုးစား ဖြည့်ကျင့်နိုင်တော်မူကြလေတယ်။

သာသနာတော်မှာ နေကြတဲ့ ရဟန်းသံဃာတော်များဆိုတာ အသီးသီးသော သစ်ပင်များနှင့် တူသတဲ့နော်။ ထိုသစ်ပင်ကလေးများဟာ စိုက်ပျိုးတဲ့သူကို အမှီပြုပြီး နေရတဲ့အတွက်ကြောင့် ပြုစုသူကောင်းမှ ကြီးထွားဖွံ့ဖြိုးနိုင်ကြလေတယ်။ ပြုစုသူမရှိသည်ဖြစ်စေ၊ ပြုစုသော်လည်း အချိုးတကျဖြစ်အောင် မပြုစုတတ်သည်ဖြစ်စေ ကြီးပွားသင့်သလောက် မကြီးပွားနိုင်၊ မပွင့်မသီးနိုင်ကြသည့်အပြင် ပြုစုရတဲ့သူများလည်း ဘာအသီးအပွင့်ကိုမှ မသုံးဆောင်ရဘဲ အကျိုးမရ အလဟဿဖြစ်ရတာလို၊ ထိုနည်းအတူ သာသနာ့ဝန်ထမ်း ရဟန်းတော်များဆိုတာလည်း ဒကာ၊ ဒကာမများကို အမှီပြုပြီး နေရတဲ့အတွက်ကြောင့် ဒကာ, ဒကာမ အပြုစုကောင်းမှ ချမ်းချမ်းသာသာ သာသနာ့အကျိုးကို သည်ပိုးရွက်ဆောင် နိုင်ကြလေတယ်။

ဒကာ, ဒကာမများက မပြုစုသည်ဖြစ်စေ၊ အချိုးတကျ မပြုစုတတ်သည်ဖြစ်စေ ကိုယ်စိတ်ချမ်းသာမှု မရရှိကြဘဲ သာသနာ့အရေးကိုလည်း အားပေးပြုစု ရွက်ဆောင်အားထုတ်မှု မရှိကြသောကြောင့် သာသနာတော်၏ တန်ခိုးအရှိန်များသည် တဖြည်းဖြည်း ညှိုးမှိန်ကွယ်ပျောက်၍ သွားတတ်လေသည့်အပြင် ဒကာ, ဒကာမ အပြုစု အမြောက်စား လွန်သွားပြန်လျှင်လည်း ရဟန်း ကိုရင်ကလေးများသည် စိတ်ဆန္ဒပျက်ပြား၍ သာသနာတော်မှ လွင့်ပါးပြီး သွားတတ်ကြပြန်လေတယ်။ ဒါကြောင့် သာသနာ့ဝန်ထမ်းရှင်, ရဟန်းများကို ပြုစုတဲ့အခါမှာ အချိုးတကျ ပြုစုတတ်ဖို့ အရေးကြီးလှပေတယ်။

သာသနာတော်ကို အားပေးချီးမြှောက်ကြရာ၌ အတုခိုး နည်းယူဖွယ်ဖြစ်ကြတဲ့ အာဇာနည်ခေါင်းဆောင် ပုဂ္ဂိုလ်ကြီးများမှာ ဘုရားရှင်လက်ထက်အခါက အနာထပိဏ်သူဌေးကြီးနှင့် ဝိသာခါကျောင်းအမကြီးများပေါ့နော်။

ထိုကျောင်းဒါယကာ, ဒါယိကာမကြီးများသည် နေ့စဉ် သံဃာတော်ငါးရာစီ မိမိတို့အိမ်ကို ပင့်ဖိတ်ကြ၍ ဆွမ်းခဲဖွယ်ဘောဇဉ်တို့ဖြင့် ကျွေးမွေးပြုစုရုံမျှမက စေတဝန်ကျောင်းတော်ကြီး၊ ပုဗ္ဗာရုံကျောင်းတော်ကြီးများကိုပင်ဆောက်လုပ် လှူဒါန်းကာ ထားကြပြီးလျှင် ညနေခင်းမှာလည်း အဖျော်ရည်တို့ စတုမဓုတို့ဖြင့် လိုလေသေးမရှိကြရလေအောင် ပြုစုကြတဲ့အတွက်ကြောင့် သာသနာ့ဝန်ထမ်း ရဟန်းတော်များမှာ ပစ္စည်းလေးပါးနှင့်စပ်၍ ဘာမှ

ပူပင်စရာ မရှိကြဘဲ စိတ်အေးလက်အေးဖြင့် သာသနာတော် သုံးရပ်ကို တကယ်တမ်း ကြိုးစားအားထုတ်တော်မူနိုင်ကြပြီးလျှင် သာသနာတော်၏ အဆီအနှစ်ဖြစ်သော နိဗ္ဗာန်ရွှေပြည်ကြီးကို အရဟတ္တမဂ်, အရဟတ္တဖိုလ် ဉာဏ်ပညာဖြင့် ကိုယ်တော်တိုင် သိရှိတော်မူနိုင်ကြသော ရဟန္တာ အရှင်ကောင်း အရှင်မြတ်ကြီးများ ဖြစ်တော်မူကြလေတယ်တဲ့။

ဒါကြောင့် ရှေးရှေးက ပညာရှိသူတော်ကောင်းကြီးများကို နည်းမှီပြီး အားကျ အတုယူကြစေရန် တိုက်တွန်းချက် ဂါထာလေးကို ရွတ်ဆိုလိုက်ရဦးမှာပေါ့နော်။

**ယထာ ပုရေ ပဂ္ဂဏှိံသု၊ သာသနံ သုဒါယကံ။**

**ဣဒါနိ ပဂ္ဂဏှေယျာထ၊ သုခကာမာပိ ဒါယကာ။**

**ပုရေ၊** ငါတို့ဘုရား ထင်ရှားပွင့်စဉ် ရှေးယခင်ကာလ လက်ထက်တော် သမယ၌။ **အနာထပိဏ္ဍိကာဒယော၊** အနာထပိဏ် ဂုဏ်သိန်ပျံ့သင်း သူဌေးမင်းနှင့် ကောင်းခြင်းစုံစွာ ဝိသာခါကျောင်းအမ စသထင်ပေါ် ပုဂ္ဂိုလ်ကျော်တို့သည်။ **သုခဒါယကံ၊** လူ, နတ်, နိဗ္ဗာန် ချမ်းသာမှန်ကို ကေန်ဆတ်ဆတ် ပေးစွမ်းနိုင်ပေတတ်သော။ **သာသနံ၊** သုံးလူ့ထွတ်တင် ဘုရားရှင်၏ တီထွင်သတ်မှတ် သာသနာတော်မြတ်ကြီးကို။ **ပဂ္ဂဏှိံသု ယထာ၊** စနစ်တကျ မလစ်ရအောင် ချစ်စွာစိတ်ထား ရှိအင်အားဖြင့် ထင်ရှားလောက်လုံ ချီးမြှောက်ကြကုန်ဘိသကဲ့သို့။ **ဣဒါနိပိ၊** ယခုအခါကာလ သမယ၌လည်း။ **သုခကာမာ၊** မဂ်ဖိုလ်နိဗ္ဗာန် ချမ်းသာမှန်ကို အာသာပြင်းပြ လိုလားတောင့်တ ကြကုန်သော။ **တုမှေ၊** များးစွာသောင်းသောင်း သင်သူတော်ကောင်းတို့သည်။ **ပဂ္ဂဏှေယျာထ၊** ရှိသည့်အင်အား ကိုယ်စီထား၍ လေးစားကြည်သာ ချီးမြှောက်လိုက်ကြလေကုန်ရာသတည်း။

ဤဂါထာလာတဲ့အတိုင်း ရှေးဘုရားရှင် လက်ထက်တော် အခါကာလ၌ အနာထပိဏ်သူဌေးကြီးနှင့် ဝိသာခါ ကျောင်းအမကြီး အစရှိတဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးတွေကို နည်းမှီပြီးသကာလ မိမိတို့ ယခုတွေ့ကြုံဆဲဖြစ်သော သာသနာတော်မြတ်ကြီးကိုလည်း ရှိသမျှအင်အားဖြင့် ခရီးပေါက်လေအောင် ချီးမြှောက်နိုင်ကြပါစေဆိုတာ အထူးပဲ ဆုတောင်းပါတယ်နော်။

သာသနာရေးကို အားပေးချီးမြှောက်တဲ့နေရာမှာလည်း **“တင်းလွန်းလျှင်ပြတ်၊ လျော့လွန်းလျှင်ပတ်”** ဆိုတဲ့အတိုင်း မတင်းလွန်း–မလျော့လွန်း ရလေအောင် သတိတရားကြီးစွာ ထားပြီးသကာလ ချီးမြှောက်ထောက်ပံ့ တတ်ကြဖို့ပေါ့။

ကဲ... ဝတ္ထုကြောင်းကလေးကို ဆက်ကြဦးစို့။ အညတရ နာရီခေါ်တဲ့ ရှင့်ဒါယိကာမကြီးမှာလည်း မိမိ၏သား ကိုရင်ကလေးကို အကြောင်းပြုပြီးလျှင် ရဟန်းတော်များကိုလည်း လိုလေသေး မရှိရအောင် ဆွမ်းခဲဖွယ်ဘောဇဉ် စသည်ဖြင့် အချိုးတကျ ချီးမြှောက် ထောက်ပံ့ရသည်ဖြစ်၍ မိမိကုသိုလ် ကောင်းမှုများကို အမှတ်တမဲ့ ပြီးပြီးပျောက်ပျောက် မရှိစေဘဲ စာဂါနုဿတိ ကမ္မဋ္ဌာန်းအနေမျိုးဖြင့် အဖန်ဖန်ကြံစည် ဝမ်းမြောက်ပြီး တစ်သက်ပန်လုံး နေခဲ့လေရာ ဘဝဇာတ်ကုန်ဆုံး၍ ဘုရားရဟန္တာများသော်မှ မလွန်ဆန် နိုင်သော မရဏလက်တွင်းသို့ သက်ဆင်းရခါနီး အခါကာလမှာ သူ၏ ကုသိုလ်ကောင်းမှု၏ တန်ခိုးအစွမ်းသတ္တိကြောင့် နတ်ပြည်ခြောက်ထပ်မှ နတ်မြင်းပျံက,သော ရထားကြီးခြောက်စင်း ဆိုက်ကပ်လာပြီးလျှင် သူ့ရထား တက်ပါ ကိုယ့်ရထားစီးလှည့်ပါ အစရှိသည်ဖြင့် တစာစာခေါ်ယူပြီး နေကြ လေတယ်တဲ့။

**တဿာ ပုညာနုဘာဝေန၊ ရထာ အာဒဿယုတ္တကာ။**
**ဝိစိတ္တာ ဆဒေဝလောကာ၊ ဟာရဏတ္တ မုပါဂတာ။**

**တဿာ၊** အညတရနာရီ မည်သည်ဖြင့် ဂုဏ်ရည်တင့်ဆန်း ထိုရှင် ရဟန်းဒါယိကာမကြီး၏။ **ပုညာနုဘာဝေန၊** သားရင်းသည်းချာ ရတနာကို သာသနာ့ဘောင်ရောက်အောင် သွတ်သွင်း ရှင်ရဟန်းခံခြင်းဟု ဆိုအပ်သော ဓမ္မာနုဂ္ဂဟ ပုညရှိန်စော် အာနုဘော်ကြောင့်။ **ဆ ဒေဝလောကာ၊** စာတုမဟာ, တာဝတိံသာနှင့် မာယာ, တုသိ စရှိလုံးစုံ နတ် ခြောက်ဘုံမှ။ **ဝိစိတ္တာ၊** ရတနာသွယ်သွယ် ခြယ်လှယ်ပြုပြင် တန်ဆာဆင်၍ ရှုချင်စဖွယ် တင့်တယ်ခမ်းနား လွန်ဆန်းပြား ကြပေကုန်သော။ **အာဇညယုတ္တကာ၊** သိန္ဓောမင်းပျံ ဝန်းရံလှည့်ပတ် ကယှဉ်အပ်ကုန်သော။ **ရထာ၊** ဘုန်းကံ အလျောက် ဖြစ်မြောက်လာကြား နတ်ရထားတို့သည်။ **တံ၊** ထိုအညတရနာရီ ဂုဏ်လီလီဖြင့် စုံညီတင့်ဆန်း ရှင်ရဟန်းအမကြီးကို။ **ဟာရဏတ္ထံ၊** နတ်တို့စံရာ ထက်နတ်ရွာသို့ မကြာချက်ချင်းဆောင်ယူခြင်းငှာ။ **ဥပါဂတာ၊** တက်ပါလာပါ

ကြွခဲ့ပါဟု စာစာကွန့်မြူး သူ့ထက်ဦးအောင် ကြည်နူးပျူငှာ ဆိုက်ရောက်၍ လာကြလေကုန်သတည်း။

အညတရနာရီ ဥပါသိကာမကြီးလည်း ဟိုကတက်ပါ ဒီကတက်ပါ တစာစာနှင့် နတ်ရထားခြောက်စင်းတို့က အတင်းအလုအယက် သူ့ထက်ဦးအောင် ခေါ်ဆောင်ပြီးနေကြတဲ့ အတွက်ကြောင့် ဟိုရထားတက်ရတော့ မလိုလို ဒီရထားတက် ရတော့မလိုလိုနှင့် အတော့်ကို ဗျာများနေရရှာလေတယ်။ အတန်ငယ်ကြာတော့မှ စဉ်းစားဉာဏ်တစ်ခု ပေါ်လာသည်မှာ နတ်ပြည် အမျိုးမျိုးတွေထဲမှာ "တုသိတာ" လို့ခေါ်တဲ့ လေးဘုံမြောက် နတ်ပြည်ဆိုတာ နောင်အခါ ပွင့်တော်မူလတ္တံ့သော ဘုရားရှင်အလောင်းတော်များ၏ ပျော်စံနေထိုင်ရာဖြစ်တဲ့ အတွက်ကြောင့် တရားဟောသံ ပြောသံကိုလည်း နာကြားရ ကုသိုလ်ကောင်းမှုကိုလည်း ပြုရနှင့် အလွန်တရာ ပျော်မွေ့ဖွယ်ရာ ကောင်းလှပေတယ် ဆိုတဲ့အကြောင်းကို ရဟန်းတော်များမှတစ်ဆင့် ကြားနာဖူးပေတယ်။

သို့အတွက်ကြောင့် ငါသည် အလောင်းတော်များ၏ ပျော်စံရာ တုသိတာနတ်ပြည်ကိုသာ သွားရောက်မည်ဟု ကြံစည် စဉ်းစားပြီးလျှင် တုသိတာသွား နတ်ရထားတစ်စီးသာ နေရစ်၍ ကျန်နတ်ပြည်သွားမည့် ရထားများ မိမိတို့၏ပြည်သို့ ပြန်ကြဖို့အကြောင်းကို ပြောလိုက်ရာ တုသိတာ နတ်ရထား တစ်စင်းသာ ကျန်ရစ်ခဲ့၍ ကြွင်းရထားများမှာ ချက်ချင်း ကွယ်ပျောက်၍ သွားကြလေတယ်တဲ့။

ကုသိုလ်ကောင်းမှု ရှိတဲ့သူများကတော့ ဘယ်လောက် အားကျဝမ်းသာစရာကောင်းသလဲနော်။ ကိုယ်လိုသူလို သာမန် လူစားများမှာဖြင့် နတ်ရထားရောက်ဖို့ နေနေသာသာ မိမိကျန်ရစ်တဲ့အလောင်းကို သုသာန်သင်္ချိုင်း ရောက်အောင်သွားဖို့ ရထားပြာသာဒ်ကလေးတောင် အတော်ရဖို့ခဲယဉ်းပေတယ်နော်။ ရလာသည့်တိုင်အောင်ပင် အသစ်ကျပ်ချွတ် မဟုတ်သေးဘူး၊ သူများစီးပြီးသား တစ်ခါပြန် နှစ်ခါပြန် ပြာသာဒ်ရထားနှင့် တွေ့တွေ့ပြီး နေရတတ်တဲ့အတွက် အတော်ကြောက်စရာ ကောင်းပေတယ်နော်။

အညတရနာရီခေါ်တဲ့ ရှင်ရဟန်းအမကြီးလည်း တကယ့် ကောင်းမှုရှင်ကြီးဖြစ်တဲ့အတွက်ကြောင့် သေရမည်ကို ကြောက်ဖို့ နေနေသာသာ

တုသိတာနတ်ရထားကြီးကို စီးနင်းပြီး လိုက်ရမည့်အရေးကြောင့် တွေးတွေးပြီး ဝမ်းမြောက်ဝမ်းသာလို့ မဆုံးဖြစ်၍ နေလေတယ်တဲ့။ ဒီနေရာမျိုးဟာ တစ်ဘဝအတွက် တကယ့်ကို အရေးကြီးဆုံးပေါ့နော်။ သေခါနီး ရွှင်ပျနိုင်ဖို့ အရေးမှာ ကောင်းမှုကုသိုလ်ရရှိသော သူများသာလျှင် မိမိတို့၏ ပြုစုပြီး ထားကြတဲ့ ကုသိုလ်ကောင်းမှုကို အားကိုးအားထားပြုပြီး မကြောက်မရွံ့ ရဲဝံ့ရွှင်ပျနိုင်ကြလေတယ်။

ကုသိုလ်ကောင်းမှု လက်ကိုင်မရှိကြတဲ့ သူများမှာတော့ ခြေမကိုင်မိ လက်မကိုင်မိ အိမ်မြှောင်အမြီးပြတ်ပမာ တစာစာ တပူပူနှင့် ဘာကုသိုလ် ကောင်းမှုကိုမှ အားကိုးအားထား မရှိကြရှာဘဲ မျောက်သစ်ကိုင်းလွတ် ငှက်တောင်ကျွတ်ပုံနှယ် လေးသွယ်သော အပါယ်ဘုံသာ သွားရောက် ကျဆင်းရာကြပြီးလျှင် မပြတ်မစဲ ဆင်းရဲဒုက္ခကြီးစွာ ခံရာကြလေသည်။ ထို့ကြောင့် မသေခင် ကျန်မာသန်စွမ်းစဉ်ကပင် မိမိတို့၏ နောက်ဖြစ်ရေးကို မျှော်တွေးစဉ်းစားကြလျက် သက်သာရာ သက်သာကြောင်း၊ ချမ်းသာရာ ချမ်းသာကြောင်းဖြစ်တဲ့ ဒါန, သီလ, ဘာဝနာ တည်းဟူသော ကောင်းမှု ကုသိုလ်များကို လက်ကိုင်ထား မပျက်ကွက်ရလေအောင် ရှာကြံစုဆောင်း ထားကြရန် အလွန်တရာ သင့်မြတ်လှပေတယ်။

အနတရနာရီ ဥပါသိကာမကြီးလည်း ဝမ်းမြောက် ဝမ်းသာစွာဖြင့် ကြံတွေးစဉ်းစားမိသည်မှာ လူ့ရွာလောက အသက်ရှင်နေဦးသမယ၌ ဒါန, သီလ, ဘာဝနာပေါင်းစု ကောင်းမှုကုသိုလ်ကို ပြုလုပ်ကြိုးစားကြသူများ၏ လူ့ရပ်နတ်ထံ အတန်တန်သော သုခရိပ်ငြိမ် စည်းစိမ်များကို ခံစားစံစား ကြရပုံ အလုံးစုံတို့မှာ ကိုယ်တွေ့ဖြစ်ရသည့်အတွက် အထူးအထွေ မဟုတ် တော့ပေ။

သို့သော်လည်း လူ့ရွာလောက၌ ဖြပ်ကြရစဉ်ကာလ အရက်သောက်, ဖဲရိုက်, ကြက်တိုက်, ကက်ဆွဲ မိုက်မဲသူများနှင့် ခိုးဆိုးသတ်ဖြတ် မေတ္တာ တတ် ကွာကင်း၍ သားချင်းမစာ မယားချင်းမစာ သူ့အိမ်ရာကိုဝင်ရောက် ကျူးလွန်ဖျက်ဆီး ကြသူ၊ ဆရာမိဘ သုံးဝရတနာ ဂုဏ်သိက္ခာ အသက် အဘက်ဘက်မှ သာလွန်ကြီးမြတ်သူများကို လေးစားယုံကြည်မှု ကင်းရှင်း မိုက်မဲခြင်း အမျိုးမျိုးတို့ကို ကျူးလွန်ကြသူများ၏ ကျရောက်ခံစားကြရာ ရဲအဖြာဖြာတို့၌ ဆင်းရဲကြပုံတွေကို လှည့်လည် ရှုစားလိုသည်ဖြစ်၍

ငရဲပြည်သို့ အမောင်းခိုင်းမှ တော်ပေမည်ဟု ကြံစည်စဉ်းစား၍ ငရဲရွာသို့ နတ်ရထားကြီးကို မောင်းနှင်ခိုင်းလေတယ်တဲ့။

အညတရနာရီ ဥပါသိကာမကြီး၏ ရောက်လေရာ အဖြာဖြာသော ငရဲတို့၌ အမြဲမပြတ် ဆင်းရဲဒုက္ခရောက်ပြီး နေကြတဲ့ ငရဲသူ, ငရဲသားများကို မြင်လေလျှင် မရှင်ဟာဒယ ကြင်နာသနားလှတာနှင့် ဒီဆင်းရဲဒုက္ခမျိုးတွေကို ဘယ်အခါမှ မတွေ့မြင် မခံစားရပါစေနှင့် စသည်ဖြင့် သတိသမ္ပဇဉ် ဉာဏ်အမြင်စေပွား၍ သံဝေဂတရား ကြီးစွာရရှာလေတယ်တဲ့။

ထူးဆန်းလှတဲ့အချက်တစ်ခုကတော့ အညတရနာရီရှင့် ဒါယိကာမကြီး သွားရောက်ကြည့်ရှုရာ ငရဲဘုံဌာနတိုင်းတို့မှာ ရှင်ပြုခြင်းဆိုတဲ့ ကုသိုက်တန်ခိုး သတ္တိအစွမ်းကြောင့် ခဏခေတ္တအနေအားဖြင့် မိမိတို့ ခံစားနေကြရသော ဆင်းရဲ ဒုက္ခမှ သက်သာရာရရှိလေသတဲ့နော်။ ဓားသန်လျက်တွေ မှိန်း ခက်ရင်းလုံတွေဖြင့် ခုတ်ဖြတ်ထိုးဆွ ညှဉ်းပန်းကာနေကြတဲ့ငရဲကို ရှင့်အမကြီး ရောက်သွားသည်နှင့်တစ်ပြိုင်နက် အခုတ်အထစ် အသတ်အဖြတ် အထိုးအဆွ ခေတ္တရပ်စဲပြီးလျှင် ကိုင်စွဲထားကြတဲ့ ဓား, သန်လျက်, လှံမ စသည့် လက်နက်မျိုးစုံ များမှာလည်း ကစားစရာ ပစ္စည်းပုံသဖွယ် တင့်တယ်လှပ သော ပုံအသွင်ကိုသာ ပြောင်းသွားကြလေတယ်တဲ့နော်။

အလွန်ပူပြင်းလှတဲ့ သံရည်ခဲရည် ကျေးရည်ပူငရဲများလည်း စန္ဒကူး, ရေခဲသဖွယ် တင့်တယ်အေးမြ နှစ်သက်စရာ ရေစင်ပမာ ပြောင်းရွှေ့သွားကြ လေတယ်တဲ့။ ကြိမ်ပိုက် သံဆူးကြီး မစင်ဘင်ပုပ်စတဲ့ ငရဲများလည်း အလွန်လှပ တင့်တယ်ပန်းပွင့် ပန်းပင်ပန်းချုံအသွင် ရွှေစင်အဖြစ်သို့ ပြောင်းရွှေ့သွားကြလေတယ်တဲ့။ အလွန်ပူပြင်းလှတဲ့ ငရဲမီးလျှံ များလည်း အေးမြကြည်လင် ရွှေစင်ရွှေငုံးသဖွယ် ဖြစ်သွားကြရလေတယ်တဲ့။ လိုက်လံ ထိုးဆွ ကိုက်ခဲဝါးမျိုကာနေကြတဲ့ ခွေးနက်, ခွေးအ, လင်းတ, ကျီးကန်း ကြမ်းကြုတ်ခက်ထန်လှသော သတ္တဝါများကလည်း ရွှေခွေး, ရွှေလင်းတ, ရွှေဟင်္သာ, ရွှေဒေါင်းသဖွယ် တင့်တယ်သော အသွင်အပြင်ကို ဆောင်ယူပြီး နေကြတဲ့အတွက် ရှင်ပျကြည်နူး အထူးပင် လှပချစ်ခင်သဖွယ် ကောင်းကြ ပေတယ်တဲ့။

ဘယ်ငရဲမဆို အညတရနာရီ ရှင့်ဒကာမကြီး သွားရောက် ကြည့်ရှု သည်နှင့်တစ်ပြိုင်နက် အပူဓာတ်ရပ်စဲ ဆင်းရဲကင်းပ ချမ်းသာခြင်းသုခကိုသာ

ခံစားကြရပေတယ်။ လူ့ပြည်က ပြုလုပ်ကြိုးစားထားတဲ့ ကောင်းမှုကုသိုလ်၏ အစွမ်းသတ္တိဟာ ဘယ်ကလောက် အဖိုးတန်၍ မွန်မြတ် အားကိုးရသလဲ ဆိုတာ စဉ်းစားသာ ကြည့်ကြပေတော့။

**တဒါ ပုညာနုဘာဝေန၊ သုခိတာ နိရယဂါမိနော၊**

**အာယုတာ လက်ာရာ ဂိဇ္ဈာ၊ ဟံသဝေသ မုပါဂတာ။**

**ကဏ္ဍကာ ဝေတ္တကာ ပူတီ၊ မာလာ ဂန္ဓာဒီတံ ဂတာ။**

**တဒါ၊** ထိုအညတရနာရီ ခေါ်မည်တွင်သ ရှင်ရဟန်း ဒါယိကာမကြီး၏ ရဲအုံ ထိုဤသို့ လှည့်လည်သွားရောက် ကြည့်ရှုရာကာလ သမယ၌။ **ပုညာနုဘာဝေန၊** ရင်သွေးသားချစ် ရှင်ရဟန်းဖြစ်အောင် သာသနာ့ဘောင်သို့ ကြိဆောင်သွတ်သွင်း ချီးမြှင့်ခြင်းဟု ဆိုအပ်သော ဓမ္မနုဂ္ဂဟ ရှင်ပြုမင်္ဂလာ ကုသိုလ်၏ အာနုဘော်ဟုန် ကန်နိုးဂုဏ်ကြောင့်။ **နိရယဂါမိနော၊** သတ်ဖြတ် ခုတ်ထိုး အမျိုးမျိုး အဝဝ ဆင်းရဲခြင်းဒုက္ခကို ခံစံ၍ နေကြကုန်သော ငရဲသူ ငရဲသား သတ္တဝါများတို့သည်။ **သုခိတာ၊** နှိပ်စက်ဖြတ်ညှဉ်း လွတ်ကင်းခဏ ချမ်းသာခြင်း ရရှိကြလေကုန်၏။ **အာယုတာ ဝါ** ဓား, လှံတံ, သန်လျက် နှိပ်စက်ကြောင်း အဝဝ လက်နက်မျိုး ဟူသမျှတို့သည် လည်း။ **အလက်ာရာ၊** အဆင်းတန်ဆာအဖြစ် နှစ်လိုဖွယ်ရာ အဖြာဖြာ အဝဝ ကူးပြောင်းကြရလေကုန်၏။ **ဂိဇ္ဈာ ဝါ** ထိုးဆိတ်ညှဉ်းဆဲ ငရဲ ပျော်ကြ လင်းတ,ကျီးကန်း အဆန်းဆန်း အဖြာဖြာ သဂ္ဂဝါအပေါင်းတို့ သည်လည်း။ **ဟံသဝေသံ၊** ရွှေဟင်္သာငှက်အသွင် ခံ့မင်စရာအဖြစ်မျိုးသို့။ **မုပါဂတာ၊** ခဏအနေ ပြောင်းလဲ ကပ်ရောက်ကြရလေကုန်၏။ **ကဏ္ဍကာ ဝါ** လက်ပံပင်ဆူး သံဆူးသံငြောင့် ခနောင့်ယှက်ကြောင်း အဖုံဖုံ အလုံးစုံ တို့သည် လည်းကောင်း။ **ဝေတ္တကာ ဝါ** ကြိမ်ဆူးကြိမ်ငြောင့် အစရှိသည် တို့သည်လည်းကောင်း။ **ပူတီ ဝါ** မစင်ဘင်ပုပ် စက်ဆုပ်ဖွယ်ရာ အဖြာဖြာ တို့သည်လည်းကောင်း။ **မာလာ ဂန္ဓာဒီတံ၊** ရှုကြည့်စဖွယ် ပန်းအသွယ်သွယ် နှင့် ဆန်းကြယ်လှစွာ နံ့သာရည် နံ့သာခဲ စသည်တို့၏ အဖြစ်သို့။ **ဂတာ၊** ကုသိုလ်အလျောက် ထူးဆိုလောက်အောင် ကူးမြောက်ထင်ရှား ရွှေ့ပြောင်း၍ သွားကြလေကုန်သတည်း။

အဲ... အညတရနာရီခေါ်တဲ့ ရှင်ရဟန်းမကြီးလည်း မိမိ အလိုရှိ သလောက် ငရဲအပြည်ပြည်မှာ လှည့်လည်ကာ ကြည့်ရှုပြီးလျှင် လူ့တို့ပြည်

ဘုံဌာနမှာ ပေါ်ဆဆနေလာကြသော သူများ၏ မီးလျှံမစဲ ပါယ်ငရဲ၌ ဆင်းရဲပင်ပန်းစွာ ယူပါ ကယ်ပါ တစာစာနှင့် အော်ဟစ်မြည်တမ်း၍ နေကြရှာတာတွေကို သနားခြင်းကရုဏာ၊ ထိတ်လန့်ခြင်း သံဝေဂဉာဏ် အမြင်ဖြင့် ထင်ထင်ကြီး ရှုစားပြီး၍ တုသိတာနတ်နန်းသို့ ဖြောင်းတန်းစွာ ရထားကို မောင်းနှင်စေပြီးလျှင် အပေါင်းရွှေညီတို့၏အလယ်၌ တင့်တယ်စွာ ခံစားပျော်ရွှင်ရလေသတည်း။

စာပေများ၌ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း ရောက်ကြောင်း တိုက်ရိုက်မပါ သော်လည်း သို့ကလောက် သာသနာတော်ကို အလေးဂရုပြုပြီး ချီးမြှောက် ထောက်ပံ့တဲ့ ကောင်းမှုရှင်ကြီးဖြစ်သည့်အပြင် သတိသံဝေဂ သမ္မာဒိဋ္ဌိ တရားတွေ တဖွားဖွား ဖြစ်အောင် ကြိုးစားအားထုတပြီးနေတဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ကြီး ဖြစ်လေတော့ အောက်မဂ်,အောက်ဖိုလ်လောက် ဆိုတာ တော့ အလွယ်တကူဖြင့် ရယူမည်ဆိုတာတော့ မလွဲတမ်းပဲ မှတ်ပေါ့နော်။

၁။ အညတရနာရီသည် မိမိ၏ သားရတနာကလေးကို သာသနာ့ဘောင် သို့ ရှင်, ရဟန်းအဖြစ်ဖြင့် ချီးမြှောက်ခြင်း။

၂။ ရှင်ပြုပြီးနောက်မှာလည်း မေ့လျော့ပေါ့ဆမနေဘဲ ရဟန်းသံဃာတော် များကို ပစ္စည်းလေးပါးဖြင့် ချီးမြှင့်ထောက် ပံ့ခြင်း။

၃။ သေခါနီးအခါမှာ ကုသိုလ်အစွမ်းသတ္တိကြောင့် နတ်ပြည်ခြောက်ထပ်မှ ရထားများ ဆိုက်ရောက်လာ၍ ကြောက်ရွံ့ကင်းကွာ ရွှင်လန်းစွာဖြင့် အလိုရှိသော တုသိတာနတ်ရထားကို စီး၍သွားရခြင်း။

၄။ ငရဲအမျိုးမျိုး လျှောက်၍ကြည့်တဲ့အခါ ငရဲအမျိုးမျိုးတို့၌ ဆင်းရဲ ဒုက္ခများ ခေတ္တရပ်စဲရခြင်း။

၅။ တုသိတာနတ်နန်း၌ ရွှင်လန်းစွာ စည်းစိမ်ချမ်းသာများကို ခံစားလျက် မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်း။

အစရှိသည့် အချက်အလက် အကျိုးတရားတွေကို မိမိတို့၏ ဉာဏ်အစဉ်ဝယ် ထင်မြင်အောင် ရှုဆင်ခြင်နိုင်ကြ၍ ဘေးဒုက္ခကင်းကွာ နိဗ္ဗုတာရွှေပြည်နန်းသို့ စံမြန်းကြောင်း အစစ်ဖြစ်သော ရှင်ပြုရဟန်းခံခြင်း အစရှိသော သာသနာရေးကို လေးစားရွှင်မြူး အထူးချီးမြှောက်ကြပါစေ သတည်း။

# သာသနာအမွေခံ အကျိုးမြန် တရားတော်

ယနေ့ အလှူရှင် အလှူအမတို့ တချို့က ပြောနေကြပါတယ်။ ဘုရားကြီးတွေပဲလှူလှူ၊ ဘယ်ဥစ္စာပဲလှူလှူ အကျိုးကြီးအောင် သာသနာ အမွေခံထိုက်အောင် လှူကြလို့ ပြောနေကြတာက ဘယ်လိုသာသနာ့ အမွေခံပြီး အကျိုးပေးတာ မြန်သလဲဆိုတော့...

**သာသနံ ပုညဝန္တ သာ၊ ပုညဝန္တ ာဝ လဗ္ဘရေ။**

**နပ္ပပုည ကရဟာစိ၊ ပဂ္ဂဏှိတု မဝိသယာ။**

**ပုညဝန္တ သာ၊** ကပ္ပသရိယ စသည်ခြောက်ထွေ ဘုန်းကျက်သရေနှင့် မသွေကုံလုံ ပြည့်စုံပေပြား ရှင်တော်မြတ်ဘုရား၏။ **သာသနံ၊** ရောင်ဝါနေဝန်း တက်ထွန်းရှိန်လျှံ သုံးတန်သတ်မှတ် သာသနာတော်မြတ်ကြီးကို။ **ပုညဝန္တာ၊** ရှေးရှေးခါဆီ ပါရမီပြည့်ဖြိုး တန်ခိုးကြီးလတ် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့သည် သာလျှင်။ **ပဂ္ဂဏှိတုံ၊** ပစ္စယ–ဓမ္မ နှစ်ဝလုံလောက် ချီးမြှောက်ထောက်ပံ့ ကြခြင်းငှာ။ **လဗ္ဘရေ လဗ္ဘန္တိ၊** မုချပိုင်ပိုင် ရနိုင်ကြလေကုန်၏။ **အပ္ပပုညာ၊** ပါရမီဓာတ်ခံ ဘုန်းကံနည်းပါး ပုဂ္ဂိုလ်များတို့သည်။ **ကရဟာစိ၊** တစ်ရံတစ်ဆစ်မျှ။ **ပဂ္ဂဏှိတုံ၊** ပစ္စယ–ဓမ္မ စိတ်လိုကျအောင် နှစ်ဝလုံလောက် ချီးမြှောက်ထောက်ပံ့ ကြခြင်းငှာ။ **အဝိသယာ၊** အရာဌာန မဟုတ်ကြလေကုန်သောကြောင့်။ **နလဗ္ဘရေ နလဗ္ဘန္တိ၊** စိတ်လိုသမျှ ကုန်စေ့အောင် ဆုံးစပိုင်ပိုင် မရနိုင် ကြကုန်လေသတည်း။

ဤဂါထာ ဒေသနာတော်၏ ဆိုလိုရင်းမှာ သတ္တ, သင်္ခါရ, သင်္ခါရာ သုံးဖြာလှော့က ဘုံဘဝ ဆိုတဲ့အတိုင်း သတ္တလောက, သင်္ခါရလောက,

သင်္ခါရလောက ဟူသော လောကသုံးခွင် ဘုံအပြင်၌ ဂုဏ်ထင်ကျော်ကြား သဗ္ဗညုရှင် တော်မြတ်ဘုရားကြီးတို့သည် သာမည လွယ်လွယ်ကူကူဖြင့် ပွင့်ထွန်းပေါ်ပေါက်လာကြသည် မဟုတ်ပေ။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ပါရမီဆယ်ပါး အပြားသုံးဆယ် စွန့်ခြင်းကြီးငါးပါး စရိယသုံးပါး အစရှိကုန်သော သဗ္ဗညုဘုရားဖြစ်ကြောင်း ကောင်းမြတ်သော တရားတို့ကို ခန္ဓာကိုယ်နှင့် အသက် ဘာကိုမှ မငဲ့ကွက်သောကြောင့် သုံးလူ့ထွတ်ထား သဗ္ဗညုမြတ်စွာဘုရား တည်းဟူသော ဂုဏ်ထူး ဝိသေသကို ခံယူတော်မူခဲ့ကြသည့်အတိုင်း အလွန်တရာ မြင့်မြတ်တော်မူကြလေတယ်။

ပါရမီဓာတ်ခံ ဘုန်းကံနည်းပါး အညံ့စားဖြစ်ကြသော ပုဂ္ဂိုလ်တို့မှာကား ဘယ်လိုပင် စိတ်ဆန္ဒပြင်းပြ ချီးမြှောက်လိုကြသော်လည်း ပစ္စယ, ဓမ္မ နှစ်မျိုးစလုံးပင် အလွန်တရာမှ ခဲယဉ်းလှပေတယ်။ ပါရမီဓာတ်ခံ ဘုန်းကံ ကြီးမား ပုဂ္ဂိုလ်များပင် ဖြစ်လင့်ကစား သာသနာတော်ကြီးကို ချီးမြှောက်ဖို့ရန် လွယ်ကူသောအဖြစ် မဟုတ်ပေ။

အလွန်တရာပင် ခဲယဉ်းလှပေသည်။ ခဲယဉ်းလှတဲ့အဖြစ်ကို ထင်ရှား စေရန် လောကမှာ ထင်ရှားတဲ့အကြောင်းကို သာဓက,ကလေးဆောင်၍ ပြရပါလျှင် ငါတို့၏ ဂေါတမဘုရား အလောင်းတော်သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်ကာလ ဒီပင်္ကရာမြတ်စွာဘုရား ပွင့်စဉ်အခါ သုမေဓာ ရှင်ရသေ့ ဘဝကစ၍ ဘုရားဖြစ်မည့်အကြောင်း နိယတဗျာဒိတ်တော်ကို ရရှိတော်မူခဲ့လေတယ်။

ထိုလေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလအတွင်းမှာ လောကဓာတ် ကြီးတစ်ခုလုံး ဘုရားပေါင်း နှစ်ကျိပ်ရှစ်ဆူသာ ပွင့်တော်မူခဲ့ကြပေရာ လေးသင်္ချေကိုဖယ်ထားပြီးတော့ ကမ္ဘာတစ်သိန်းဖြင့်ပဲ ရေတွက်ဝေဖန် ကြည့်ခဲ့ပါလျှင် ကမ္ဘာပေါင်း သုံးထောင်ကျော်လောက်မှ ဘုရားတစ်ဆူကျသာ ပွင့်တော် မူနိုင်သည်ဖြစ်၍ ဘုရားနှင့် တွေ့ဖို့ရာဟာ ဘယ်ကလောက် ခဲယဉ်းတယ်ဆိုတာ စဉ်းစားကြည့်ကြပါက ထင်ရှားသိသာ လှပေတယ်။

ထိုကမ္ဘာပေါင်း သုံးထောင်ကျော်မှ တစ်ဆူမျှသာပွင့်နိုင်တဲ့ ဘုရားရှင် များကို ဖူးမြင်ကိုးစား တရားဓမ္မနာကြားရခြင်း၊ ထိုဘုရားရှင်များ တည်ထား သော သာသနာတော်ကြီးကို ချီးမြှောက်ဖို့ရန် လွယ်ကူလှသောအဖြစ်

မဟုတ်လှပေ။ ခဲယဉ်းလှပုံကလေးမှာ တခြားသာမန်ပုဂ္ဂိုလ်များမှာ မဆို ထားဘိ။ နိယတဗျာဒိတ်ခံ သဗ္ဗညုဗောဓိဉာဏ် ရင့်သန်ကြပြီးသော အလောင်းအလျာများပင်လျှင် လေးသချေ်နှင့် ကမ္ဘာတစ်သိန်း အတွင်း၌ ကိုးကြိမ်သာ သာသနာတော်နှင့် တွေ့ကြိမ်ရ သာသနာ့ဝန်ထမ်း ရှင်, ရဟန်းအဖြစ်ကို ရတော်မူခဲ့ကြလေတယ်တဲ့။

**ကောဏ္ဍညော မင်္ဂလော ဖုဿော၊ သုမေဓော ဝေဿဘူ ဗိနော။**
**သုဇာတော စ ကကုသန္ဓော၊ ကောဏာဂမန ကဿပေါ။**
**နဝန္နမေသံ ဗုဒ္ဓါနံ၊ ပဗ္ဗဇ္ဇံ ဗောဓိပါစကာ။**
**ကိစ္ဆေနာဓိဂတာ တေဟိ၊ မာဒိသေသု ကထာဝကာ။**

**ကောဏ္ဍညော စ၊** ကောဏ္ဍညမည်တွင် ဘုရားရှင် ကိုယ်တော်မြတ် ကြီးသည်လည်းကောင်း။ **ကဿပေါ စ၊** ကဿပဟု မည်ရကျော်ဟီး ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်လည်းကောင်း။ **ပုရေ၊** ရှေးလွန်လေပြီး ကာလ ကမ္ဘာဟူသမျှ၌။ **ဥပ္ပဇ္ဇိသု၊** သာသနာရောင်လင်း မိုက်မှောင်ခွင်း၍ မယွင်းပုံသေ ပွင့်ထွန်းပေါ်ပေါက်၍ လာကြလေကုန်ပြီ။ **သေံ နဝန္နဗုဒ္ဓါ၊** ကောဏ္ဍညအစ ကဿပအဆုံးရှိကြကုန်သော ကိုးဆူပိုင်းခြား ထိုရှင်တော် မြတ်ဘုရားတို့၏။ **သာသနေ၊** ကိလေသာရန် ပယ်တွန်းလှန်၍ နိဗ္ဗာန်အကျိုး မျှော်ကိုး တည်လတ် သာသနာတော်မြတ်ကြီးအတွင်း၌။ **ပဗ္ဗဇ္ဇံ၊** အရဟတ္တဇ ဆောင်ကာ ရောင်ဝါသင်္ကန်း ဆင်မြန်းကျစ်လျစ် ရှင်ရဟန်းအဖြစ်ကို။ **ဗောဓိပါစကာ၊** သဗ္ဗညုဗောဓိဉာဏ် ရင့်သန်စေကြောင်း တရားပေါင်းကို စုဆောင်း ရှာမှီးတော်မူကြကုန်ပြီးသော။ **တေဟိ၊** ထိုပါရမီရင့်ညောင်း အလောင်းတော်မြတ် ဗောဓိသတ်တို့သော်လည်း။ **ကိစ္ဆေန၊** ပစ္စည်းဥစ္စာ အင်္ဂါခြေလက် ကိုယ်အသက်၌ ငဲ့ကွက်မရှု နောက်မတွန့်ဘဲ ပေးစွန့်ကြီးစား ငြိငြင်ပင်ပန်းသောအားဖြင့်။ **အဓိဂတာ၊** မပြောလောက်ဘဲ အနည်းငယ်မျှသာ ရတော်မူကြလေကုန်ပြီ။ **မာဒိသေသု၊** သူငါစသား သာမန်ပုဂ္ဂိုလ်များတို့၌။ **ကထာဝကာ၊** ပြောဆိုဖွယ်ရာ ရှာကြံမရ အလွန်ပင်ခဲယဉ်းလှပါပေသတည်း။

သဗ္ဗညုဗောဓိဉာဏ် ရင့်သန်စေကြောင်း တရားအပေါင်းတို့ကို စုဆောင်း ရှာမှီးတော်မူကြလျက် နိယတ ဗျာဒိတ်တော်ပန်းတို့ ဆင်မြန်းခံယူတော် မူကြပြီးသော သဗ္ဗညုဉာဏ်တော်သခင် ဘုရားရှင်တို့၏ အလောင်းအလျာ

များသော်မှ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလအတွင်း၌ ဉာဏ်အလင်း ထောင်ထူ ပွင့်တော်မူကြတဲ့ နှစ်ဆယ့်ရှစ်ဆူသော ဘုရားရှင်များအနက် ကောဏ္ဍညအစ ကဿပအဆုံးရှိကြတဲ့ ကိုးဆူထင်ရှား မြတ် ဘုရားတို့၏ တည်ထားမိန့်လျှင်း သာသနာတော်အတွင်းဝယ် အေးမြချမ်းသာ ဖန်ဝါ ဆင်မြန်း ရှင်ရဟန်း၏အဖြစ်ကို ကိုးကြိမ်ကိုးခါသာလျှင် ရတော်မူခဲ့ကြလေ တယ်တဲ့။

သူငါစသော ပါရမီဓာတ်ခံ နည်းပါးကြတဲ့ သာမန်ပုဂ္ဂိုလ်များမှာ တစ်ကြိမ်တစ်ခါရဖို့ရာပင် အလွန်တရာ ခဲယဉ်းလှမယ်ဆိုတာ စဉ်းစားဆင်ခြင် ကြည့်ကြပါက ထင်ရှား သိသာနိုင်ပါလိမ့်မည်နော်။

သို့အတွက်ကြောင့် စဉ်းစားဆင်ခြင် ဉာဏ်မြင်ရှိကြတဲ့ ဒကာ၊ ဒကာမတို့သည် သာသနာတော်မြတ်ကြီးကို ကောင်းစွာထင်ထင် တွေ့မြင် ကြုံကြိုက်ကြရတဲ့ ခေတ်ကောင်း အခါသမယကောင်းကြီးမှာ သတိသမ္ပဇဉ် ကင်းပါးပေါ့စား၍ မနေကြဘဲ နေ့ညမစဲ အမြဲဖန်ဖန် ရှာကြံစုဆောင်း ကြိုးစားကြရန် သင့်မြတ်လှပေတယ်။

လောကတစ်ခွင်မှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ တည်ထားအပ် သော ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဒ–ဟု ဆိုအပ်သော သာသနာတော်သုံးရပ် အတွင်း၌ ကောင်းခြင်းအကျိုး ပွားတိုးစေငြား ဒါန၊ သီလ၊ ဘာဝနာ စသည့် ကောင်းမှု ကုသိုလ်များကို တတ်အားသမျှ ကြိုးစားအားထုတ် ပြုလုပ် ကြရသော လူနတ်ဗြဟ္မာ များစွာသောင်းသောင်း သတ္တဝါအပေါင်းတို့သည် အန္တရာယ်ခပင်း ရန်စွယ်ရှင်းပေသည့် ကောင်းခြင်းဖြိုးလျှံ မြတ်နိဗ္ဗာန်သို့ ကေန်သိုက်မြိုက် နှစ်ခြိုက် ကြည်သာ သွားရောက်ကြရာပေတယ်။

ထိုသို့ ရွှေပြည်နိဗ္ဗာန်ကို စံပျော်ကြတဲ့ သတ္တဝါများမှာ ဘုရားရှင် တစ်ဆူတစ်ဆူ၏ လက်ထက်တော်၌ ၂၄–သင်္ချေ၊ ကုဋေခြောက်ဆယ်၊ ဗိုလ်ခြေတစ်သိန်းမျှ ရှိကြပေတယ်တဲ့။ သို့ကလောက် များပြားလှတဲ့ သတ္တဝါတွေဟာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးနှင့် အကြောင်းအခွင့် သင့်တော် တွေ့ကြိမ် ပေါင်းဖော်မိကြသောကြောင့် သာသနာတော်၏ အဆီအနှစ် ကျနလိုရင်းကိစ္စဖြစ်သော ဒါနမှု၊ သီလမှု၊ ဘာဝနာမှုများကို ကြိုးစား အားထုတ်ကြမှသာလျှင် အလွယ်တကူ ရယူပြည့်စုံ နိုင်ကြပေတယ်။

သာသနာတော်နှင့်ရှောင်လွှဲ အမိုက်မှောင်ထဲ ကျရောက်နေခဲ့ပါလျှင် သာမန်ပါရမီဓာတ်ခံရှိသူများ နည်းကောင်းလမ်းမှန် ရကြဖို့ရန် လွယ်ကူလှမည် မဟုတ်ချေ။ သို့အတွက်ကြောင့် သာသနာတော်နှင့် ကြုံကြိုက်တဲ့ ခေတ်ကာလမှာ သာသနာ့ အခွင့်အရေးဖြစ်သော ဒါန, သီလ, ဘာဝနာ အစရှိသော နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော ပါရမီတရားများကို တတ်အားသမျှ ကြိုးစားအားထုတ်ကြဖို့ ကောင်းလှပေတယ်။

ဘုရားရှင်၏ သာသနာတော်မြတ်ကြီးဆိုတာ အင်မတန်မှ တွေ့ကြုံရခဲလှပေတယ်တဲ့နော်။ သာသနာတော်ကြီးကို တွေ့ရစေကာမူ လူအဖြစ်ရဖို့ကလည်း လွယ်ကူသောအဖြစ် မဟုတ်ချေ။ သာသနာတွင်းမှာ လူဖြစ်လာပြန်လျှင် သာသနာတော်ကို တကယ်တမ်းကြည်ညိုနိုင်တဲ့ သဒ္ဓါတရားနှင့် ပြည့်စုံ လုံလောက်ဖို့ရန် အလွန်တရာ ခဲယဉ်းလှပေတယ်။ သာသနာအတွင်း လူဖြစ်၍ သဒ္ဓါတရားရှိစေကာမူ ထိုသာသနာ့ဝန်ကို ထမ်းဆောင်နိုင်သည့် ရှင်,ရဟန်းဘောင်ရောက်ဖို့ကလည်း လွယ်ကူလှသည်မဟုတ်ပေ။ သာသနာအတွင်း လူဖြစ်၍ သဒ္ဓါတရားနှင့် ပြည့်စုံပြီး ရှင်ရဟန်းဖြစ်များကို ရစေကာမူ ဂုဏ်ရည်ထူးချွန် သူတော်စင်ပုဂ္ဂိုလ်မွန်တို့၏ ဟောပြောပြသဆိုဆုံးမသော တရားတော်ကို နာကြား မှတ်သားဖို့ရန်နှင့် စိတ်လက်ချမ်းသာစွာဖြင့် ကျင့်ကြံပွားများ အားထုတ်နိုင်ဖို့ကလည်း အလွန်တရာမှ ခဲယဉ်းလှပေတယ်တဲ့နော်။

ထိုကဲ့သို့ တစ်ကြိမ်တစ်ခါ ကြုံတွေ့လာဖို့ အလွန်တရာ ခဲယဉ်းလှတဲ့ အဖြစ်တွေကို အကုန်အစင် သိမြင်တော်မူတဲ့ အတွက်ကြောင့် ငါတို့ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် သက်တော်ထင်ရှား ရှိတော်မူရာ ရွှေလက်ထက်တော်အခါ၌ နေ့စဉ်နေ့တိုင်း ဆွမ်းခံရာမှ ပြန်ကြွလာ၍ ကျောင်းတော်လှေကားဦး ခြေတော်ဆေးရာ ကျောက်ပျဉ်ထက်၌ မားမား မတ်မတ်တန့်ရပ်တော်မူလျက် အမြဲတစေ ဆုံးမသတိပေးလေ့ ရှိသော ရခဲစွာလှ ဒုလ္လဘမည်တွင် တရားရေစင်ပြ ဂါထာလေး ကို ရွတ်ဆိုလိုက်ရဦးမှာပေါ့နော်။

**အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ၊**
**ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသ္မိံ၊**
**မနုဿဘာဝေါ ဒုလ္လဘော၊ ဒုလ္လဘာ သဒ္ဓါသမ္ပတ္တိ၊**

**ပဗ္ဗဇိတဘာဝေါ ဒုလ္လဘော၊ သဒ္ဓမ္မဿဝနံ ဒုလ္လဘံ၊**
**ဧဝံ ဒိဝသေ ဩဝဒီ။**

**ဘိက္ခဝေ၊** ငါ၏ချစ်သား ချစ်သမီးတို့။ **တုမှေ၊** ဒုလ္လဘ ခေတ်ခါ တွေ့ကြုံလာကြား သင်ချစ်သား ချစ်သမီးများတို့သည်။ **အပ္ပမာဒေန၊** မမေ့ မလျော့ မပေါ့မဆ ကောင်းမြတ်သော သတိတရားဖြင့်။ **သမ္ပာဒေထ၊** ဒါန, သီလ, ဘာဝနာစုံညီ ပါရမီကောင်းမှု တောင်းဆုနိဗ္ဗာန် စိတ်ကြံမများ လေးစားကုံလုံ ပြည့်စုံကြစေကုန်လော့။ **လောကသ္မိံ၊** လောကသုံးခွင် ဘုံအပြင်၌။ **ဗုဒ္ဓုပ္ပါဒေါ၊** သဗ္ဗညုဘုရား ထင်ရှားပွင့်ရာ သာသနာတော်ရောင် လင်းပြောင်ထွန်းပ ခေတ်ကာလကို။ **ဒုလ္လဘော၊** ကမ္ဘာများစွာ လွန်လေ ပါလည်း တစ်ခါတစ်ရံ တွေ့ကြိမ်ဖန်ဖို့ အမှန်မုချ ခဲယဉ်းလှပါပေ၏။ **မနုဿဘာဝေါ၊** တစ်ကြိမ်တစ်ခါ လူတို့ရွာ၌ မှီကာစစ်စစ် လူ၏အဖြစ်ကိုလည်း။ **ဒုလ္လဘော၊** ရခဲလှပါပေ၏။ **သဒ္ဓါသမ္ပတ္တိ၊** သာသနာကြည်ညို မှီခိုအားထား ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံခြင်းကိုလည်း။ **ဒုလ္လဘာ၊** ရခဲလှပါပေ၏။ **ပဗ္ဗဇိတဘာဝေါ၊** သာသနာ့ဝန်ထမ်းရှင်ရဟန်း၏ အဖြစ်ကိုလည်း။ **ဒုလ္လဘော၊** ရခဲလှပါပေ၏။ **သဒ္ဓမ္မဿဝနံ၊** မဂ်,ဖိုလ်,နိဗ္ဗာန် အေးရပ်ထံသို့ အမှန်ရောက် ကြောင်း သူတော်ကောင်းတရား အစားစားကို နာကြားမလင့် ဖြည့်ကျင့်ရခြင်း ကိုလည်း။ **ဒုလ္လဘံ၊** ကမ္ဘာများစွာ လွန်လေပါလည်း တစ်ခါတစ်ရံ တွေ့ကြိမ်ဖန်ဖို့ အမှန်မုချ ခဲယဉ်းလှပါပေ၏။

**ဧဝံ၊** ဤဆိုအပ်ပြီးသော အစီအစဉ်အတိုင်း။ **ဒိဝသေ ဒိဝသေ၊** နေ့စဉ်ရက်ဆက် မပျက်မှန်စွာ အမြဲသာလျှင်။ **ဩဝဒီ၊** တပည့်အများ ကျိုးဖြစ်ပွားဖို့ သနားညှာတာ ဆုံးမတော်မူခဲ့ပါပေသတည်း။

ယခု ပြခဲ့တဲ့ ဂါထာတော်ကို နာကြားရသောအားဖြင့် ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ သတ္တဝါတို့အပေါ်၌ ထားရှိတဲ့ သနားချစ်ခင်ခြင်း မဟာကရုဏာတော်ဓာတ်ကြီးဟာ အံ့ဩလို့မဆုံး ကျေးဇူးတင်လို့ ဆုံးနိုင်မည် မဟုတ်ပေဘူးပေါ့နော်။ ကိုယ်တော်တိုင် အေးမြသာယာ ချမ်းသာအပေါင်းတို့၏ ထိပ်သီးနိဗ္ဗာန်ဆိုတဲ့ ရွှေပြည်မြတ်ကြီးကို မျက်မှောက်ပြုတော်မူပြီးဖြစ်ပါလျက် ကမ္ဘာသူ ကမ္ဘာသား သတ္တဝါများအပေါ်မှာ အမြဲတမ်း ငဲ့ညှာပြီး အပင်ပန်း ခံနေတော်မူရှာလေတယ်။

ဘာကြောင့် သို့ကလောက် အပင်ပန်းခံရပါသလဲလို့ ဆိုလျှင် လောကဓာတ်မှာရှိကြတဲ့ သတ္တဝါတွေဟာ ဆုတ်ကပ် ကာလဖြစ်သည့်အတိုင်း အစမထင် ဟိုရှေးယခင် သံသရာက ကိန်းဝပ်ပြီး လာခဲ့ကြသော ရာဂ, ဒေါသ, မောဟ, မာန, ကောဓ အစရှိသော ကိလေသာအဆိပ်တွေ တစ်နေ့တခြား တိုးပွားကြီးမြင့်ပြီး လာကြတဲ့အတွက် ကုသိုလ်တရားများ ခေါင်းပါးမှေ့လျော့ပေါ့စားပြီး မကောင်းသော အကုသိုလ် ဒုစရိုက်တရားတွေက တဖွားဖွား တိုးတက်ဖျက်ဆီးနေတာကို သေချာဂန တွေ့မြင်တော်မူရသည့် အတွက်ကြောင့် မိမိ၏ တပည့်သား သတ္တဝါများ၏ နောင်ရေးအတွက် ကြံတွေး ရွေရင်တော် လေးလှတာနှင့် ဩော်... ကိလေသာခေါင်းပါး မေ့လျော့ ပေါ့စားကာနေကြတဲ့ သတ္တဝါတွေဟာ ခေါင်းထောင်နိုင်ရှာကြ တော့မည် မဟုတ်ပေ။

အပ္ပမာဒခေါ်တဲ့ သတိတရား ရှိကြမှသာလျှင် သက်သာ ချောင်ချိ ခေါင်းထောင် အသက်ရှူစရာ ရရှိကြလေတော့မည်ဟု မဟာကရုဏာတော် ရှေ့သွား ချစ်သနားတော်မူလှတာနှင့် နေ့စဉ်နေ့တိုင်း ဆွမ်းခံရာမှ ပြန်ကြွလာ၍ ကျောင်းတော် လှေကားဦး ခြေဆေးရာ ကျောက်ပျဉ်ပေါ်မှာ မားမားမတ်မတ် ရပ်တန့်တော်မူလျက် "အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ" အစချီသော သတိပေးလက်သုံး ဒုလ္လဘာဂါထာ တည်းဟူသော ကိလေသာအဆိပ်ချ မန္တန်ကလေးဖြင့် မန်းမှုတ်ကာ ပေးတော်မူလိုရင်း ဖြစ်ပေတယ်။

၁။ ဘုရားပွင့်ရာ၊ သာသနာ၊ လွန်စွာတွေ့ခဲသည်။
၂။ သာသနာတွင်း၊ လူဖြစ်ခြင်း၊ လွန်မင်းခဲယဉ်းသည်။
၃။ ရတနာသုံးတန်၊ ယုံကြည်ရန်၊ အမှန်ခဲယဉ်းသည်။
၄။ သာသနာ့ဝန်ထမ်း၊ ရှင်ရဟန်း၊ ဆင်မြန်းဝတ်ဖို့ ခဲယဉ်းသည်။
၅။ နိဗ္ဗာန်ရောက်ရန်၊ တရားမှန်၊ နာခံကျင့်ဖို့ ခဲယဉ်းသည်။
၆။ ဒုလ္လဘငါးပါး၊ တွေ့ကြုံသား၊ ပေါ့စားလက်လွှတ် မနေသင့်ပြီ။

အို... ချစ်သား, ချစ်သမီးတို့၊ သင်ချစ်သား, ချစ်သမီးတို့သည် အလွန်တရာ တွေ့ကြုံနိုင်ခဲ ရခဲလှစွာသော ဒုလ္လဘတရား တော်များကို အခါအခွင့် သင့်တော်ကြသည့်အတွက်ကြောင့် မျက်ဝါးထင်ထင် တွေ့မြင်ရရှိ ကြုံကြိုက်၍ နေကြပေပြီ။

ထိုသို့ ရခဲလှသော အဖြစ်မျိုးဆိုတာ ရတဲ့အခိုက်က ယှူငင်သိမ်းပိုက်ထားကြမှ တော်ရုံကျပေမည်။ ရတဲ့အခိုက်မှာ ပေါ့ပျက်ပျက်နှင့် အရေးမစိုက်ဘဲ နေမိကြပါလျှင် အချိန်အခါ ကုန်သွားမှ **"ယမှိ့ နှ လဘတိ တမှိဒုက္ခံ"** ဆိုတဲ့အတိုင်း မိမိတို့၏ လိုလားချက် မပြည့်ဝကြသည့်အတွက်ကြောင့် သောက, ပရိဒေဝ, ဥပါယာသ–မီးတွေ တောက်လောင် နှိပ်စက်မှုတွေနှင့်သာ တွေ့ကြုံနေသည့်အတွက် အပါယ်ငရဲ ဝဋ်ဆင်းရဲမှ ဦးခေါင်းမထောင်နိုင်ကြတော့ဘဲ ယှူပါ ကယ်ပါ တစာစာနှင့် ဆောက်တည်ရာမရ ဆင်းရဲတွင်း နက်ရှာတော့မည်။

ထိုကဲ့သို့သော အဖြစ်အနာအဆာတွေကို ငါဘုရား ကိုယ်တော်မြတ်ကြီးက ရှေ့လာမည့်အရေး တွေးမြင်တော်မူသည့် အတွက်ကြောင့် သင်ချစ်သား, ချစ်သမီးများကို နေ့စဉ်အမှန် အပင်ပန်းခံပြီး သတိပေး နှိုးဆော်နေတော်မူရခြင်း ဖြစ်ပေတယ်နော်။ သို့ကလောက် သတိပေးပါလျက် ချွတ်ယွင်းပျက်ကွက်ကြမည်ဆိုပါလျှင် ငါဘုရားတို့၏ တာဝန်မဟုတ်တော့ချေ။ သင်ချစ်သား, ချစ်သမီးများ၏ တာဝန်သာဖြစ်ပေတော့သည်ဟု မိန့်ဆိုတော်မူလိုရင်း ဖြစ်ပေတယ်။

ဟုတ်လည်း ဟုတ်ပါပေသည်။ ယခုခေတ် အခြေအနေကို ဆန်းစစ်ကြည့်မည်ဆိုလျှင် ကမ္ဘာလောကဓာတ်အတွင်းရှိ အားလုံးသော ဗုဒ္ဓဘာသာဂိုဏ်းဝင် ပုဂ္ဂိုလ်များမှာ မြတ်ဘုရား၏ သာသနာတော်အတွင်းမှာ လူဖြစ်နေကြရသည့် သာမက သဒ္ဓါတရားလည်း အသင့်အတန်ရှိကြပေပြီ။ တရားတော်များကိုလည်း နာကြားမှတ်သား ကျင့်ကြံပွားများ အားထုတ်နိုင်ကြပေပြီ။

ယောကျ်ားများအတွက် ဆိုပါလျှင် ဘုရားရှင်သာသနာတော်တွင်းသို့ ရောက်၍ ရှင်ရဟန်း ပြုဖူးသူများသာ ဖြစ်သောကြောင့် ပဗ္ဗဇိတဘာဝ ဒုလ္လဘဆိုတဲ့ အဖြစ်ကိုလည်း အကျအန ရရှိခဲ့ကြပေပြီ။ မိန်းမသားအမျိုးသမီးများအတွက်ကတော့ ရှင်ရဟန်းအဖြစ်ကို ကိုယ်တိုင်ဝင်ရောက်ထမ်းဆောင်နိုင်သော ခေတ်ကာလ မဟုတ်သည့်အတွက်ကြောင့် ရဖို့ဟာတယ်ပြီး မလွယ်လှပေဘူးပေါ့။ သို့သော်လည်း–

**ပရိယာယေန ပန မာတာပိတူဟိ ဩရသော ပုတ္တော ပဗ္ဗဇိတော၊ အတ္တတော ပန တေ သယံ ပဗ္ဗဇိတာဝိယ ဟောန္တိ။**

ဟူသော ဝိနည်းဋီကာလာသော စကားလေးအရဆိုပါလျှင် အောက်ကျသေးပါဘူး။ မိန်းမများလည်း ရှင်ရဟန်းအဖြစ်ကို ရနိုင်ပါသေးတယ်။ အားတက်စရာကလေး ရှိပါသေးရဲ့။

ဋီကာလာ စကားပါဠိကလေး၏ ဆိုလိုရင်းအဓိပ္ပာယ်မှာ မျက်မြင်ရှိယာယ်အားဖြင့် မိဘများက သားသမီးမြေးမြစ် စသည်များကို ရှင်ပြုရဟန်းခံပေးကြရပေတယ်။ အမှန်တကယ်အားဖြင့်ကား မိဘဘိုးဘွား စသည့် ရှင်ရဟန်း ဒါယကာ, ဒါယိကာမများသည် ကိုယ်တိုင်ကိုယ်ကျပဲ သာသနာတွင်း ဝင်ရောက်၍ ရှင်ရဟန်းပြုကြ သက်န်းဝတ်ကြ ဆီးကြသည်နှင့် တူပါပေသည်ဟု ဆိုလိုရင်း ဖြစ်ပေတယ်။

***“မျက်မြင်ကြည့်ကြ မိဘဆွေညာ၊***
***မိမိသူတစ်ပါး သမီးသားရတနာ။***
***ရှင်ရဟန်းဖြစ်ဖြင့် ချီးမြှင့်ကြတာ၊***
***ကိုယ်တိုင်မြောက် ဝင်ရောက်ထမ်းဆောင်ပမာ။”***

အဲဒီ ဋီကာကျမ်းလာ ပါဠိကလေး၏ အလိုအားဖြင့်ဆိုလျှင် မိန်းများဘက်ကလည်း အားငယ်စရာမရှိကြပါ။ သူတို့က ဦးကထမ်းလျှင် တို့ကလည်းပဲက ထမ်းနိုင်ကြတာ ဖြစ်လေတော့ ယောကျ်ားများနှင့် ရင်ပေါင်တန်းအခွင့်အရေးကို ရကြတာပါပဲဟူ၍ တရေးရေးတွေးကြံကြပြီး ဝမ်းမြောက်ဝမ်းသာ ရှိကြဖို့ပေါ့။

အဲဒီ ဒုလ္လဘတရားငါးပါးထဲမှာ “ပဗ္ဗဇိတဘာဝ” ဆိုတဲ့ ဒုလ္လဘတရားက ပိုပြီးရခဲပါတယ်ဆိုတဲ့ အကြောင်းကိုလည်း–

**“ဗုဒ္ဓုပ္ပါဒေါဟိ ဒုလ္လဘော၊ တတော ဒုလ္လဘတရာ ပဗ္ဗဇ္ဇာ ဥပသမ္ပဒါစ”**

ဆိုတဲ့ ဝိနည်းပါရာဇိကကဏ် အဋ္ဌကထာ၌လာသော စကားရပ်ဖြင့်ပင် ဖိုင်လုံထင်ရှားပါပြီနော်။

**ဟိ၊** ဆိုပြီးလေဗြား စကားကြောင်းရာ မှန်လှပါ၏။ **လောကေ၊** လောကသုံးခွင် ဘုံအပြင်၌။ **ဗုဒ္ဓုပ္ပါဒေါ၊** တရားကုန်စင် သိမြင်လေဗြား

သဗ္ဗညုမြတ်ဘုရားအဖြစ်ကို။ **ဒုလ္လဘော၊** ကြောင်းကံထောက်မ တွေ့ကြုံရဖို့ မှချလွန်မင်း ခဲယဉ်းလှပါပေ၏။ **တတော၊** ထိုသုံးလူ့ထွတ်ထား ဘုရားတစ်ဆူ ဖြစ် တော်မူရသည်ထက်။ **ပဗ္ဗဇ္ဇာ စ၊** ရှင်သာမဏေ မောင်ရှင်အဖြစ် ကိုလည်းကောင်း။ **ဥပသမ္ပဒါစ၊** သာသနာ့ဝန်ထမ်း မြတ်ရဟန်း၏ အဖြစ်ကို လည်းကောင်း။ **ဒုလ္လဘာဘရာ၊** လွန်မင်းမုချ ရခဲလှပါပေသတည်း။

ဒီနေရာ၌ ဘယ်အတွက်ကြောင့် ရှင်ရဟန်းအဖြစ်က ဘုရားအဖြစ် ထက် ရခဲလှပါသနည်းဟု မေးစရာတွေ ပေါ်ပေါက်လာပေမည်။ မေးလည်း မေးထိုက်တဲ့ အရာတွေပဲကိုး။ ဘာဖြစ်လို့လဲဆိုလျှင် လောကလူသား၏ စိတ်ထဲမှာ ဘုရားအဖြစ်ဟာ ကြီးမြတ်ဆုံးပဲ။ တခြားဒုလ္လဘာတွေဟာ ဘုရားဖြစ်မှသာ ဖြစ်ပေါ်ရသည့်အတွက် နောက်လိုက် အညတရမျှသာ ဖြစ်ပေသည်။ သို့ဖြစ်လျက် ဘာကြောင့် ရှင်ရဟန်းဖြစ်က ဘုရားအဖြစ်ထက် ရခဲပေသနည်းဟု တွေးတောစရာတွေပေါ့။

အဲ... ဘာကြောင့် ဘုရားဖြစ်ရသည်ထက် ရှင်ရဟန်းအဖြစ်က ခဲယဉ်းပါသနည်းဆိုလျှင် ဘုရားဖြစ်ဖို့ရန် ပါရမီတရားတို့ကို ဖြည့်ကျင့် ကြိုးစားမှုသည် ဘယ်သူနှင့်မှ စပ်သွယ်ခြင်းမရှိ၊ မိမိတစဦးတည်းအနေဖြင့် ကြိုးစားအားထုတ်ပါက ဖြစ်နိုင်ပါတယ်တဲ့။

ရှင်သာမဏေအဖြစ်ကား ဘုရားအဖြစ်လို တစ်ဦးတည်းအနေဖြင့် မဖြစ်နိုင်ပေ။ မိမိကလည်း သရဏဂုံပြီးသ၍ ဆရာကလည်း သရဏဂုံ ပီသအောင် ရွတ်ဆိုနိုင်မှသာလျှင် ဖြစ်မြောက်နိုင်ပေတယ်။

ရဟန်းဖြစ်မှာလည်း ထိုနည်းအတူ လူဇာတ်ဖြစ်၍ အသက် ၂၀- လည်းပြည့်၊ ရဟန်းခံရာ သိမ်ကလည်းအောင်မြင်မှ အနည်းဆုံး သံဃာငါးပါး ရှိ၍ ထိုသံဃာတော်များသည် ပီသအောင် ရွတ်ဆိုနိုင်ကြ၍ သိမ်ဥတ် ကမ္မဝါများ ပြည့်စုံပြီးလျှင် အများက ဝိုင်းဝန်းကူညီ ထောက်ပံ့ကြမှသာလျှင် ဖြစ်မြောက်နိုင်ကြ ရနိုင်ကြတဲ့အတွက်ကြောင့် ဘုရား ဖြစ်ရသည်ထက် ပိုမိုရှုပ်ထွေး ခဲယဉ်းကြောင်းကို အဋ္ဌကထာဆရာကြီးများ မိန့်ဆိုလိုရင်း ဖြစ်ပေတယ်တဲ့။

*တပည့်ဆရာ နှစ်ဝ၊ ပြီသ သရဏဂုံ၊*
*သိမ်ဥတ်ကမ္မဝါများ။ စားစားပြည့်စုံ။*
*ရှင်၊ ရဟန်းဖြစ်၊ စင်စစ်ရတုံ၊*
*ဘုရားဖြစ်ထက်၊ ဘက်ဘက်ခဲယဉ်းပုံ။ ။*

ယခုပြဆိုပြီးတဲ့ အဋ္ဌကထာစကား အတိုင်းဆိုလျှင် ယနေ့ယခု ရှင်ပြုလိုက်ကြရသော ရှင့်ဒါယကာ၊ ဒါယိကာမ၊ ရဟန်းခံပွဲသဘင်ကို နွံဆင်လိုက်ကြ၍ရသော ရဟန်းဒါယကာ၊ ဒါယိကာမ၊ မယ်တော်၊ ခမည်းတော် စသည်များသည် သာမည အဆင့်အတန်း အစားမျိုးမဟုတ်။ အလွန်တရာ အထက်တန်း ရောက်တဲ့ မွန်မြတ်လှသော အဆင့်အတန်းမျိုး ဖြစ်ပေသည်ဟု သိရှိထင်မြင်ကြလျက်...


ငါတို့၏ ယနေ့ယခု ပြုစုလိုက်ကြရသော ရှင်ပြုရဟန်းခံ ခြင်းအမှုများသည် သဗ္ဗညု မြတ်စွာဘုရားဖြစ်အောင် ဆောင်ရွက်ပေးရသည်ထက်ပင် ခဲယဉ်းသော ကိစ္စဖြစ်ပေသည်။ ရှင်ရဟန်း မယ်တော်၊ ခမည်းတော်များ ကလည်း သုံးလူ့ထွတ်ထား သဗ္ဗညုမြတ်စွာဘုရား၏ မယ်တော်၊ ခမည်းတော် ဖြစ်ရသည်ထက်ပင် ခဲယဉ်းလှတဲ့ အဖြစ်မျိုးကို ငါတို့ ယနေ့ယခု ရကြပေပြီဟု သဒ္ဓါကြည်နူး အထူးပင် ဝမ်းမြောက်ဝမ်းသာ ရှိကြ ဖို့ပေါ့။

ကဲ ကဲ... ရတနာသုံးပါးနှင့် စပ်ပြီး ဝမ်းမြောက်ကြရတာ စိတ်ထဲ တွင်မက နှုတ်ကပင် ထုတ်ဆိုကျူးရင့် နိုင်ကြစေရန် မြန်မာကဗျာလင်္ကာ ကလေးတစ်ပုဒ် ရွတ်လိုက်ရဦးမှာပေါ့။ နှုတ်ရကျက်ကြ၍ တေးဆိုမည့်အစား ၎င်းကဗျာကလေးကို ရွတ်နေကြပါလျှင် ကုသိုလ်လည်းရ စိတ်လည်းပျော်ရွှင် ကြမှာပေါ့နော်။

*သုံးလူ့ထွတ်ထား ဘုရားမြတ်စွာ၊*
*မိဘဖြစ်ထက် ခဲခက်ပေတာ။*
*ရှင်ရဟန်းဒကာ၊ ဒကာမ မိဘဖြစ်မှာ၊*
*ရပြီးပေါ့ ကြံတွေးဝမ်းမြောက်ရာ။*

ကိုင်း... ရဟန်းခံ ရှင်ပြုနှင့်စပ်ပြီး ဟောလာလိုက်တာ သိသင့်သိထိုက် တဲ့ အကြောင်းအရာများလည်း အတော်ပင်စုံ၍ သွားပါပြီ။

သို့ဖြစ်၍ ယနေ့ယခု ရဟန်းခံရှင်ပြုပွဲသဘင်ကို နွဲဆင်ကြတဲ့ ဒါယကာ၊ ဒါယိကာမများနှင့် မယ်တော်၊ ခမည်းတော်များသည် သို့ကလောက် ခဲယဉ်းမွန်မြတ်လှပေသော ဓမ္မာနုဂ္ဂဟကုသိုလ်များကို အခါအခွင့် ကြုံလင့်တာနှင့် ငါတို့တစ်စု ပြုစု အားထုတ်ကြရပေပြီ။ ထိုသို့ မွန်မြတ်ခဲယဉ်း သန့်ရှင်းကောင်း မွန်သော ဓမ္မာနုဂ္ဂဟ ရှင်ပြု၊ ရဟန်းခံမင်္ဂလာကုသိုလ်ကောင်းမှုတို့ကြောင့် ဝဋ်ဒုက္ခခပ်သိမ်းတို့၏ ကင်းငြိမ်းရာအစစ်ဖြစ်ပေသော နန်းအမတမြတ်နိဗ္ဗာန်ကို မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ဖြင့် လျင်မြန်စွာ မျက်မှောက်ပြုရပါစေ ဆိုတဲ့ ပတ္ထနာ ဆုထူးဆုမြတ်ကို ပန်ဆင် ဆွတ်ခူးကြလျက် ထက်မြက်သော စိတ်အစဉ် ကြည်လင်၍ သဒ္ဓါတရား ပြန့်ပွားသော ဉာဏ်အမြင်ဖြင့် တွင်တွင်ကြီး ကြိုးစား အားထုတ်နိုင်ကြပါစေသတည်း။



# အမြတ်ဆုံးက သာသနာ့အမွေ တရားတော်

သာသနာတော်၏ အလွန်မွန်မြတ်လှ၍ အထက်တန်းကျသော ပုဂ္ဂိုလ်မြတ်တို့ ရှေးက တကယ်တမ်း ချီးမြှောက်တော်မူကြပုံနှင့် သာသနဒါယဇ္ဇ အမွေကို ကြိုးစားပမ်းစား ခံယူကြပုံ၊ ချီးမြှောက်ပုံ နည်းလမ်းမကျကလည်း ဥစ္စာပစ္စည်း အများအပြားကို စွန့်လွှတ်သော်လည်း ဒါယဇ္ဇအမွေကို မခံယူနိုင်ကြပုံကို ဝတ္ထုသက်သေထုတ်၍ ပြပါလျှင်–

ငါတို့၏ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန် စံတော်မူပြီးနောက် သာသနာသက္ကရာဇ် (၂၁၈)မြောက် အချိန်အခါလောက်မှာ အသောက မည်သော မင်းတရားကြီးသည် ဇမ္ဗူဒိပ်တစ်ကျွန်းလုံးနှင့်တကွ အထက် အောက်ဝေဟင် မြေအပြင်တို့၌ တစ်ယူဇနာဆီရောက်အောင် အာဏာတန်ခိုး စိုးမိုးပျံ့နှံ့သည်ဖြစ်၍ ပါဋလိပုတ်နေပြည်တော်ဝယ် ရွှေညီတော် အဝဝတို့ဖြင့် နတ်စည်းစိမ်တမျှ ခမ်းနားကြီးကျယ် အသွယ်သွယ်သော မင်းစည်းစိမ်ချမ်းသာကို ခံစားတော်မူလျက် ဆယ်ပါးသော မင်းကျင့်တရားနှင့်အညီ စီမံပြုလုပ် အုပ်ချုပ်လျက်နေတော်မူလေတယ်။

ထိုအသောကမင်းတရားကြီးသည် သာသနာတော်ကို အလွန်တရာ ကြည်ညိုလှတာနှင့် တစ်နေ့တစ်နေ့များ သံဃာတော်ပေါင်း ခြောက်သောင်း ခြောက်သောင်းတို့ကို နန်းတော်တွင်းသို့ ပင့်ဆောင်၍ ဆွမ်းခဲဖွယ် ဘောဇဉ်တို့ဖြင့် လှူဒါန်း ကျွေးမွေး ချီးမြှောက် အားပေးလေ့ရှိတယ်တဲ့။

တစ်နေ့သ၌ အသောကမင်းတရားကြီးသည် သံဃာတော်များထံမှ ဘုရားရှင်ဟောထားသော တရားတော်သည် ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်ရှိကြောင်း ကြားသိရလေရာ အလွန်တရာ ဝမ်းမြောက်ဝမ်းသာကြည်ညိုလှတာနှင့် ဓမ္မက္ခန္ဓာ တစ်ဆူတစ်ဆူကို ကျောင်းတစ်ဆောင်စီဖြင့် ပူဇော်ရတော့မည်ဟု ကြံစည်စဉ်းစားတော်မူလျက် တစ်နေ့တည်း တစ်ချိန်တည်းမှာပင် ကိုးဆယ့်ခြောက်ကုဋေသော အသပြာငွေတို့ကို ဘဏ္ဍာတော်တိုက်မှ ထုတ်ယူစွန့်ကြဲ၍ ဆိုင်ရာအမတ်အပေါင်းတို့အား တာဝန်လွှဲအပ်ကာ မိမိ၏ အင်ပါယာအတွင်းမှာရှိသော မြို့ပေါင်းရှစ်သောင်းလေးထောင်တို့၌ တစ်မြို့လျှင် ကျောင်းတစ်ဆောင်စီ ဆောက်လုပ်စေလျက် မိမိကိုယ်တိုင်လည်း အသောကာရုံ ကျောင်းတော်ကြီးကို နေပြည်တော်၌ပင် ဆောက်လုပ်စေရန် စီစဉ်တော်မူလေတယ်။

အသောကာရုံ ကျောင်းတော်ကြီး ဆောက်လုပ်တဲ့ အခါမှာလည်း သံဃာတော်များ၏ လွှဲအပ်ချက်အရ တန်ခိုးကြီးမားတော်မူသော ရှင်ဣန္ဒဂုတ္တအမည်ရှိတဲ့ ရဟန္တာမထေရ်မြတ်သည် ကမကထပြု၍ ဆောက်လုပ်တော်မူလေရာ လူသာမန်တို့ မစွမ်းနိုင်သော နေရာများမှာ တန်ခိုးတော်ဖြင့်ဖန်ဆင်းလျက် ခဲခဲယဉ်းယဉ်း သုံးနှစ်ကြာမှ ပြီးမြောက်လေသတဲ့နော်။ ဘယ်လောက်များကြီးကျယ်တဲ့ ကျောင်းတော်ကြီးလည်းဆိုတာ စဉ်းစားသာကြည့်ကြပေတော့။

ထိုသို့ သုံးနှစ်ပြည့်၍ အသောကာရုံကျောင်းတော်ကြီး ပြီးတဲ့အခါမှာ အင်ပါယာအတွင်းရှိ မြို့များမှာလည်း ကျောင်းတော်များ ပြီးစီးကြောင်း သိရပြီးဖြစ်တဲ့အတိုင်း ကျောင်းတွင် ရေစက်ချပွဲသဘင်ကို ကြီးကျယ်ခမ်းနားစွာ ကျင်းပပြုလုပ်တော်မူလိုသည်ဖြစ်၍ လာမည့်ခုနစ်ရက်မြောက်နေ့မှာ ရှစ်သောင်းလေးထောင်သော ကျောင်းတော်များကို ရေစက်ချလှူဒါန်းသော ပွဲတော်ကြီးကျင်းပမည် ဖြစ်သောကြောင့် တိုင်းသူပြည်သားလူအများတို့သည် ရှစ်ပါးသီလကို ဆောက်တည်ကြလျက် အစစအရာရာ လိုလေသေး မရှိရလေအောင် ပြင်ဆင်ထားကြရမည်ဟု မောင်းလည်၍ ခတ်ထားလေရာ တိုင်းသူ ပြည်သားတို့သည် ဘုရင့်အမိန့်တော်အတိုင်း မြို့တော်ကြီးကို နတ်မြို့တမျှ လှပတင့်တယ်စွာ ပြင်ဆင်ကြလျက် ရှစ်ပါးသီလကို ဆောက်တည်

ကြပြီးလျှင် ခုနစ်ရက်တိုင်တိုင် ကျောင်းရေစက်ချပွဲ သဘင်ကြီးကို ဆင်ယင်ကျင်းပကြလေတယ်တဲ့။

ထိုကျောင်းရေစက်ချပွဲတော်ကြီး ဘယ်လောက်ကြီး ကျယ်သလဲဆိုတာ လုပရိသတ်မဆိုထားနှင့်၊ ရဟန်းပရိသတ်များမှာ ရဟန်းယောက်ျား ကုဋေရှစ်ဆယ်၊ ရဟန်းမိန်းမ ကိုးသန်းခြောက်သိန်းမျှရှိ၍ ရဟန္တာသက်သက် တစ်သိန်းလောက် ရှိသတဲ့နော်။ ဘယ့်ကလောက်များ ဝမ်းမြောက်ကြည်ညိုပြီး ပျော်ရွှင်စရာကောင်းသလဲဆိုတာ စဉ်းစားသာ ကြည့်ကြပေတော့။

ကဲ ကဲ... အသောကမင်းတရား၏ ကျောင်းရေစက်ချပွဲတော်ကြီးကျယ်ခမ်းနား စည်ကားလှပုံ လင်္ကာကလေး ရွတ်ပြလိုက်ဦးမယ်၊ အလိုရှိသူများ ကျက်မှတ်သား၍ ကြည်ညိုကြဖို့ပေါ့။

"ကျောင်းတဝင်ပွဲတော် နွဲပျော်ငြား၊ ရဟန်းယောက်ျား ကုဋေရှစ်ဆယ်။
ကိုးသန်းခြောက်သိန်း ရဟန်းမများ၊ ကြွရောက်ရှုစား ထေရီမယ်။
တစ်သိန်းတွက်ရေ ရဟန္တာထူးတို့ ကြွရောက်ရွှင်မြူး ချီးမြှောက်တယ်။
ကြားမြင်သူများ သဒ္ဓါပွား၊ လေးစားကြည်ညိုဖွယ်။
ဒါဒါမှ အသောကမင်း ဂုဏ်သတင်း ထင်လင်းမြို့ ပြည်နယ်။"

ထိုအခါ ရေစက်ချပွဲသဘင်လာ ရဟန္တာအရှင်မြတ် တစ်သိန်းတို့က ဘုရင်မင်းမြတ်သည် မိမိ၏ ကောင်းမှု အဆောက်အအုံများကို အကုန်လုံးမြင်မည်ဆိုလျှင် ဆတက်ထမ်းပိုး တိုး၍ ကြည်ညို ဝမ်းမြောက်သည်ဖြစ်၍ အကျိုးကျေးဇူး ပိုပြီးကြီးမြင့်ပေလိမ့်မည်ဟု ကြံစည်တော်မူချက်ဖြင့် ပတ်ဝန်းကျင် အရပ်များ၌ အကာအဆီးမရှိ ပကတိမြင်နိုင်သော လောက ဝိဝရဏခေါ်သည့် တန်ခိုးတော်ကို ဖန်ဆင်းတော်မူကြလေရာ အသောကမင်းတရားသည် ထိုင်နေသော နေရာကပင် အင်ပါယာအတွင်းရှိ မြို့များ၌ တည်ဆောက်ထားသော ကျောင်းတော် ရှစ်သောင်းလေးထောင်တို့ကို မြင်ရရုံမျှမက ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို မြင်ရသည့်အတွက် အလွန်တရာ ဝမ်းမြောက်ကြည်နူးလှသဖြင့် ဤသာသနာတော်မှာ ချီးမြှောက်ကြသည့် ကောင်းမှုရှင်များတွင် ဘယ်သူ၏ကောင်းမှုကုသိုလ်သည် အကြီးမြတ်ဆုံး ဖြစ်ပါသနည်းဟု၍ သံဃာတော်များအား လျှောက်ထားလိုက်လေတယ်။

ထိုအခါ သံဃာတော်များ၏ သဘောတူ တာဝန်လွှဲခြင်းကို ခံယူရသော ရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်မြတ်က သာသနာတော် တစ်လျှောက်မှာဖြင့် ဒကာတော်၏ ကောင်းမှုကုသိုလ်သာလျှင် အမြတ်ဆုံးဖြစ်ကြောင်း သိစေတော်မူလိုသည့်အတွက်ကြောင့် အောက်ပါဂါထာကလေးဖြင့် ဘုရင်မင်းမြတ်၏ အမေးကို ဖြေကြားတော်မူလိုက်လေတယ်တဲ့။

**အနုဂ္ဂဟာနံ မဟာရာဇ၊ တထာဂတဿ သာသနေ။**

**တဝေဝ မဟာန္တံ ဒါနံ၊ န ကောစိ သဒိသော တယာ။**

**မဟာရာဇ၊** တိုင်းကြီးသခင် ပြည်ဘုရင်ဟု ခေါ်တွင်ပညတ် အို… ဒကာတော်မင်းမြတ်။ **တထာဂတဿ၊** သုံးလူ့ထွတ်ထား ဘုရားမြတ်စွာတို့ဆရာ၏။ **သာသနေ၊** ရောင်ဝါထွန်းကြွယ် သုံးသွယ်သတ်မှတ် သာသနာတော်မြတ်၌။ **အနုဂ္ဂဟာနံ၊** စည်းစိမ်အလျောက် ချီးမြှောက်ကြသူ များဗိုလ်လူတို့တွင်။ **တဝေဝ၊** ရေမြေပိုင်စိုး ဘုန်းတန်ခိုးထင်လင်း သင် ဒကာတော်မင်း၏သာလျှင်။ **ဒါနံ၊** ရှစ်သောင်းလေးထောင် များမြောင်သချာ မြို့ပြည်ရွာတို့၌ ဘဏ္ဍာရွှေငွေ ကိုးဆယ့်ခြောက် ကုဋေအပ်နှင်း ဘုရားတည် ကျောင်းဆောက်ခြင်း ရေတွင်းရေကန် တူးဖော်စေခြင်းစသော ကောင်းမှုအဝဝ အလှူဒါနသည်သာလျှင်။ **မဟန္တံ၊** ကမ္ဘာအတွင်းဝယ် ဂုဏ်သတင်းကြွယ်၍ ကြီးကျယ်နှံ့စပ် အလွန်ပင်မြတ်လှပါပေ၏။ **တယာ၊** သင်ဒကာတော်မင်းမြတ်နှင့်။ **သဒိသော၊** တန်ခိုးအာဏာ ဘုန်းသမ္ဘာနှင့် ဂုဏ်ဝါပေါင်းစု ကောင်းမှုလီလီ စုံညီပြည့်ဝ တူညီမျှသော။ **ကောစိပုဂ္ဂလော၊** အမှတ်မထင် အကြင်တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်သည်။ **နတ္ထိ၊** ကေန်တိတိ မရှိသည်သာ ဖြစ်ပါပေသတည်း။

ဒါယကာတော်မင်းမြတ်… ဤငါတို့ ရှင်တော်မြတ်ဘုရား တည်ထားတော်မူခဲ့သော သာသနာတော်ကြီးကို လူ, နတ်, နဂါး, သိကြား, ဗြဟ္မာ, သတ္တဝါအပေါင်းတို့သည် မိမိတို့၏ စည်းစိမ်ချမ်းသာ သဒ္ဓါတရား အင်အားအလျောက် ချီးမြှောက် ထောက်ပံ့ကြပေတယ်။ ထိုကောင်းမှုရှင် သာသနာ့ဒါယကာများတွင် သင်ဒါယကာတော်မင်းမြတ်နှင့် ဥစ္စာစည်းစိမ် ရိပ်ငြိမ်ပွားတိုး တန်ခိုးအာဏာ ဖြာဖြာစုပေါင်း ကောင်းမှုကုသိုလ်အားဖြင့် တူညီမျှသော ပုဂ္ဂိုလ်တစ်စုံတစ်ယောက်မျှ မရှိခဲ့ဖူး မပေါ်ပေါက်ဖူးပေ။

သာသနာဝင်တစ်လျှောက်မှာဖြင့် ဒါယကာတော်မင်းမြတ်၏ တစ်နေ့တစ်ချိန်တည်းမှာပင် ကိုးဆယ့်ခြောက်ကုဋေ အသပြာငွေတို့ကို ထုတ်ဆောင်၍ ရှစ်သောင်းလေးထောင်စီသော ကျောင်းကန်ဘုရား တန်ဆောင်းများကို အစားစား အဆူဆူ ကြည်ဖြူရွှင်လန်း လှူဒါန်းအပ်သော ကောင်းမှုကုသိုလ်သည်သာလျှင် အမြတ်ဆုံး အကြီးကျယ်ဆုံး ဖြစ်ကြောင်းကို ပြောဆိုလိုရင်းပေါ့နော်။

ထိုအကြောင်းအရာများကို ဘုရင် အသောကမင်း ကြားသိရတဲ့အခါမှာ သာသနာဝင်တစ်လျှောက်မှာ ငါ၏အလှူသာလျှင် အကြီးကျယ်ဆုံး ဖြစ်ခဲ့ပါလျှင် ငါ၏ဒါနသည် သာသနဒါယာဒခေါ်တဲ့ သာသနာ့အမွေခံ ဓမ္မာနုဂ္ဂဟအမည်ရ ထိုက်သော ကောင်းမှုကံ အမှန်ပင် ဖြစ်မဖြစ်အရေးကို ကြံတွေးကာ စဉ်းစား၍ ထိုအကြောင်းအရာကို သံဃာတော်များအား လျှောက်ထားလေသည်မှာ–

အရှင်ဘုရားတို့... သာသနာတော်တစ်လျှောက်မှာ ဒကာတော်တစ်ယောက်သာ ကောင်းမှုရှင်အမြတ်ဆုံး ဖြစ်ခဲ့ပါလျှင် ဒကာတော်သည် သာသနဒါယာဒ ဓမ္မာနုဂ္ဂဟအမွေခံ ကေန်ပင် ဖြစ်နိုင်လောက်ပါပြီလား ဘုရားဟု လျှောက်ထားရှိလေတယ်တဲ့နော်။

သာသနာတော်မြတ်၏ တန်ဖိုးကို သိပြီးသူများကတော့ သာသနာတော်နှင့် ရင်းနှီးစွာ တော်စပ်ရေးအတွက် တကယ်ပင် လိုလားကြပေတယ်နော်။ သာသနာ့တန်ဖိုးတို့ကို မသိသူ ပေါများလှဘဲ ယခုခေတ်မှာတော့ သာသနာ့ဝန်ထမ်း ရှင်ရဟန်း ပြုရတယ်ဆိုတဲ့ ဝေ်တဲ့လူ၊ အလုပ်ပျင်းဟဲ့လူ၊ သားမယားအတွက် စိတ်ညစ်တဲ့လူ၊ ဘယ်သားသမီးကမှ မကျွေးလိုတဲ့ မိဘအို၊ အပြစ်ဒဏ်ရှိတဲ့လူ၊ ရှုးမိုက်လွန်းလို့ မိဘတို့က ပြောဆိုမရတဲ့ သားငယ်များလောက်သာ ရှင်ရဟန်း ပြုကြတယ်လို့ မှတ်ယူနေကြဟန် တူပါတယ်နော်။ ဒါကြောင့် သာသနာတော်ကို တယ်ပြီး မလေးစားတတ်ကြဘူး။ လေးစားဖို့နည်းလမ်းကိုလည်း တယ်မသိကြဘူးပေါ့နော်။ "မကောင်းကျောင်းပို့" ဆိုတဲ့ ရှေးဟောင်းစကားလေးဟာ မှန်ကန်လှပေသနော်။

ဒါတင် မကသေးဘူး။ မိန်းမများ သီလရှင်ဝတ်တဲ့ အကြောင်းကို "သားသေ လင်ဆုံး, ကုန်ရှုံး ကြွေးတင်, လိုအင်မရ, မယ်သီလ" လို့

ရှေးလူများက စီကုံးထားကြသေးတယ် မဟုတ်လား။ သို့သော်လည်း မယ်သီလတိုင်း သည့်လိုဘယ်ဟုတ်နိုင်မှာလဲနော်။ အများအားဖြင့် ဖြစ်တတ်တာကို စာစီထားကြတာနေမှာပေါ့။ ဒီနေရာမှာ ရှေးလူကြီးတွေက မိန်းမများ ဘက်ကိုသာ သီလရှင် ဖြစ်ခြင်းအကြောင်း စာစီထားခဲ့ကြတယ်။ ဦးပဥ္စင်းက ဖြည့်စွက်၍ ယောကျ်ားများ ရှင်ရဟန်းဖြစ်ကြောင်း အကြောင်းပြ လင်္ကာကလေးကိုလည်း စီကုံးလိုက် ရဦးမှာပေါ့နော်။

*"ဝတ်,ပျင်း,စိတ်ညစ်၊ အပြစ်ရှိသူ၊*
*မတူလူချင်။ အဖျင်းအ,အ၊*
*မရပြောဆို၊ သက်ကျားအို၊*
*မိုဒိုဝန်ထမ်း။ ရှင်ရဟန်း"*

မှတ်လည်းမှတ်ထားကြ။ ဟုတ် မဟုတ်ကိုလည်း ဝေဖန်ကြည့်ပေါ့။ ဒီလင်္ကာထဲမှာ လူငယ်တို့ဘာဝ အိမ်ထောင်ဘက် သဘောမတူတာကလေး တောင် ကျန်နေရစ်သေးတယ်။ ဒါကိုတော့ စိတ်ညစ်ထဲပဲ ထည့်လိုက်ရုံပေါ့ လေ။ လူငယ်ချင်းသဘောတူလို့ မိဘတို့က မတူလျှင် မိဘတွေစိတ်ညစ်ရ၍ လူငယ်ချင်း သဘောမတူဘဲ မိဘတွေက ပေးစားထားလျှင်လည်း လူငယ်တွေ စိတ်ညစ်ရတာ အထင်ရှားသားပဲနော်။ တချို့များ အဆိပ်သောက်သေ၊ ရေထဲခုန်ဆင်းသေကြနဲ့ သတင်းစာထဲမှာ ခဏခဏ တွေ့နေကြရတယ် မဟုတ်လား။

ကဲ... ဘာပဲဖြစ်ဖြစ် အသောကမင်းတရားကြီးကတော့ ကျောင်းကန်၊ စေတီဘုရား၊ ရေတွင်း၊ ရေကန်တွေ ရှစ်သောင်းလေးထောင်စီ ဆောက်လုပ် လှူဒါန်းရတာတောင်မှ အားမရသေးဘဲ သာသနဒါယဇ္ဇ သာသနာတော်နှင့် ဆွေမျိုးတော်လို ရှာသေးတဲ့နော်။ ဘယ် သာသနာတော်ကို လေးစား ချစ်ခင် အမွှန်းတင်လိုတဲ့ ဘုရင်မင်းမြတ်လဲဆိုတာ စဉ်းစားသာ ကြည့်ကြ ပေတော့။

ထိုကဲ့သို့ ဘုရင်မင်းမြတ်၏ အမေးတော်ကို သံဃာတော်များ၏ ကိုယ်စား ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်က ဖြေကြားတော်မူလိုတဲ့ အတွက် အောက်ပါဂါထာကလေးကို ရွတ်ဆိုတော်မူလိုက်လေတယ်ရဲ့။

**ယော ပိ မဟာပထဗျာ ယာဝ၊ ဗြဟ္မလောကပ္ပမာဏကံ။**
**ရာသိံ ကတွာန ဒေန္တောပိ၊ န သော လဘတိ ဒါယာဒံ။**

**မဟာရာဇ၊** ဘုန်းကံသမ္ဘာ တေဇာထွန်းလင်း သတင်းကျော်လတ် အို…ဒကာတော်မင်းမြတ်။ **ယောကောစိ၊** သာသနာ့အမွေခံ ဒါယဇ္ဇံကို အမှန်လိုလား အကြင်တစ်စုံတစ်ယောက်သော အမျိုးကောင်းသားသည်။ **ပထဝီယာ၊** မဟာပထဝီ သညီခေါ်တွင် ဤငါတို့၏ မြေအပြင်မှ။ **ယာဝ** ဗြဟ္မလောက **ကပ္ပမာဏကံ၊** ယူဇနာများစွာ ဝေးကွာစွန့်ရှည် ဗြဟ္မာ့ပြည်တမျှ ကြီးမားမြင့်မောက်လှပေသော။ **ပစ္စယာနံ၊** ရွှေငွေရတနာ ဝတ်တန်ဆာနှင့် ဥစ္စာစပါး ကျွဲ, နွား, ဆင်, မြင်း လွန်မင်းမြားမြောင် အသုံးအဆောင်အဝဝ လှူဒါန်းဖွယ်ဟူသမျှတို့၏။ **ရာသိံကတွာ၊** ရောနှောပေါင်းစပ် အရပ်အရပ် အစားစား စုပုံကာထား၍။ **ယာစကာနံ၊** သယ်ဖြာသော ရပ်မျက်နှာမှ ကြွလာသောင်းပြောင်း အလှူခံပုဂ္ဂိုလ်အပေါင်းတို့အား။ **ဒေန္တောပိ၊** သဒ္ဓါ ကွန့်မြူး စိတ်ကြည်နူး၍ အထူးရွှင်လန်း ပေးလှူဒါန်းသော်လည်း။ **သော၊** ထိုကမ္ဘာမြေအပြင်မှ မိုးကောင်းကင် ဗြဟ္မာကျအောင် ဒါနပြုပြင် ထိုကောင်းမှုရှင် ပုဂ္ဂိုလ်မျိုးသည်။ **ဒါယာဒံ၊** သာသနဒါယဇ္ဇ အမွေခံစစ် အဖြစ်ချီးကျူး ကုသိုလ်ထူးကို။ **န လဘတိ၊** အရာဌာန မဟုတ်လှ၍ မချွိုင်ပိုင် မရနိုင် တော့သည်သာတည်း။

ဒါယကာ တော်မင်းမြတ်၊ သင်မင်းကြီး၏ တစ်နေ့ တစ်ချိန်တည်းမှာပင် ကုဋေသယ့်ခြောက်ကုဋေ အသပြာငွေတို့ကို ထုတ်စေ၍ ရှစ်သောင်းလေးထောင် သော ကျောင်းကန်ဘုရား, ရေတွင်း, ရေကန်များကို ဆောက်လုပ်လှူဒါန်းသော ဒါနမျိုးကို မဆိုထားနှင့်၊ ဤငါတို့၏နေရာ ကမ္ဘာမြေကြီးမှ ယူဇနာနှစ်ကုဋေ နှစ်သန်းကျော်မျှ မြင့်မောက်ခြားကွာသော ဗြဟ္မာ့ပြည်ရောက်အောင် ပစ္စည်းဥစ္စာ ရတနာရွှေငွေ ဆန်ရေစပါး ဝတ်စားတန်ဆာ အဖြာဖြာသော လှူဖွယ်ဝတ္ထုများကို စုပုံပြီးလျှင် လာရောက်သမျှသော ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာ စသော အရိယာသူတော်စင်များနှင့်တကွ ရှိကြသောင်းပြောင်း အလှူခံပုဂ္ဂိုလ်အပေါင်းတို့အား လိုလေသေးမရှိရလေအောင်ဆိုခဲ့ပြီး လှူဖွယ် ဝတ္ထုတို့ဖြင့် လှူဒါန်းပူဇော်ငြားသော်လည်း ထိုကောင်းမှုရှင်ပုဂ္ဂိုလ်မျိုးသည်

သာသနဒါယဇ္ဇအမွေကို ခံထိုက်သော ဓမ္မာနုဂ္ဂဟ ကုသိုလ်ထူးကို မရရှိနိုင်သေးချေဟူ၍ မိန့်ဆိုပြောပြလိုရင်း ဖြစ်ပေတယ်။

*"မြေအပြင်မှ ဝေဟင်ဗြဟ္မာ၊*
*လုံးစုံပစ္စည်း ပုံပြီးထားကာ၊*
*အလှူခံကြွမြန်း မလွတ်ဟာမ်းလှူပါ၊*
*ဒါယဇ္ဇ မရမှန်ပေတာ။"*

မထေရ်မြတ်၏ မိန့်တော်သံကို နာခံမှတ်သားရသော မင်းတရားကြီးသည် လိုလားချက် မပြည့်ဝသေးတာနှင့် မရမနေ သာသနာ့အမွေကို ခံယူမည်ဆိုတဲ့ စိတ်ဆန္ဒ ပြင်းပြသည့်အတိုင်း ဆက်လက်၍ လျှောက်ထားသည်မှာ...

ဤမဟာပထဝီ မြေအပြင်မှ ဝေဟင်တည် ဗြဟ္မာရောက်အောင်ပင် ရှိသမျှပစ္စည်းအကုန်စုပုံ၍ လှူပါသော်လည်း သာသနဒါယဇ္ဇ အမွေခံ ဓမ္မာနုဂ္ဂဟ ကုသိုလ် မဖြစ်သေးပါလျှင် ဘယ်သို့ဘယ်ပုံ လှူဒါန်းပြုလုပ်မှ သာသနာ့အမွေခံ အမှန်ဖြစ်ထိုက်ပါသလဲဘုရားဟူ၍ လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ရှိခိုးကာ လျှောက်လေရာ ရှင်မဟာမောဂ္ဂလိတိဿမထေရ်ကျော်က ဒေသနာတော်လာအညီအားဖြင့် မိန့်ကြား ဖြေဆိုတော်မူလိုက်သည်မှာ-

**ယောဟိ ကောစိ မဟာရာဇ၊ အဖော့ဝါ ဒလိဒ္ဒေါပိ ဝါ။**
**သပုတ္တဉ္စ ပဗ္ဗာဇေတိ၊ အယံ ဝုစ္စတိ ဒါယာဒေါ။ ။**

**မဟာရာဇ၊** သိလိုရေးနှင့် မေးမြန်းလျှောက်လတ် အို...ဒကာတော်မင်းမြတ်။ **အဖော့ဝါ၊** ပစ္စည်းဥစ္စာ ရတနာရွှေငွေ ဆန်ရေစပါး ပေါ်များကြွယ်ဝသည်လည်းဖြစ်သော။ **ဒလိဒ္ဒေါပိ ဝါ၊** ဥစ္စာမဲ့မွဲ ဆင်းရဲနွမ်းလျ အောက်တန်းကျသူလည်းဖြစ်သော။ **ယောကောစိ၊** သာသနဒါယဇ္ဇ မွေခံကို အမှန်လိုလားအကြင်တစ်စုံတစ်ယောက်သော အမျိုးကောင်းသားသမီးသည်။ သပုတ္တဉ္စ၊ သူတစ်ပါးတို့၏ ရင်ဝယ်ပေါက်ဖွား ကိတ္တိမ သားသမီးကိုလည်းကောင်း။ **ပဗ္ဗာဇေတိ၊** ပရိက္ခရာ စုံလင်စွာဖြင့် သာသနာတော်အတွင်း သွတ်သွင်းသည့်အနေ ချီးမြှင့်ပေ၏။ **အယံ၊** ဤမိမိ သူတစ်ပါး နှစ်ဦးသားကို ထူးခြားလှစွာ

သာသနာတော်တွင်း သွတ်သွင်းချီးမြှင့်ရသည့် ရှင်ရဟန်းဒကာ, ဒကာမ မယ်တော်, ခမည်းတော်မျိုးကိုသာလျှင်။ **ဒါယာဒေါတိ၊** သာသနာ့အမွေခံ ဒါယဇ္ဇအမည်ထူးကို ချီးကျူးခံယူထိုက်သော ပုဂ္ဂိုလ်ဟူ၍။ **ဝုစ္စတိ၊** ကျမ်းဂန် အရ လမ်းမှန်ကျအောင် ဆုံးစ သိုက်မြိုက် ခေါ်ဆိုထိုက်ပါပေသတည်း။

ဒါယကာတော်မင်းမြတ်၊ ဤလူ့ပြည်လောကမှာ ဥစ္စာဓနကြွယ်ဝ ချမ်းသာသူဖြစ်စေ၊ ရှားပါးနွမ်းနယ်သူဖြစ်စေ၊ မိမိတို့၏ ရင်၌ဖြစ်သော သားသမီးများကိုဖြစ်စေ၊ သူတစ်ပါးတို့ သားသမီးများပင်ဖြစ်စေ ပရိက္ခရာ စုံလင်စွာဖြင့် သာသနာတော်တွင်းသို့ သွတ်သွင်း ချီးမြှင့်ခြင်းဟု ဆိုအပ်သော သာသနာ့ ဒါယာဒ ဓမ္မာနုဂ္ဂဟ ရှင်ပြုရဟန်းခံမင်္ဂလာ ကုသိုလ်ကောင်းမှုကို ပြုလုပ် ချီးမြှောက်သော ပုဂ္ဂိုလ်မျိုးတို့ကိုသာ သာသနဒါယဇ္ဇ အမွေခံ အမွေရ ဓမ္မာနုဂ္ဂဟကုသိုလ် ဟူ၍ ခေါ်ဆိုရပေတယ်။

ရှင်ပြုရဟန်းခံမဟုတ်ဘဲ တခြားဘာကုသိုလ် ကောင်းမှုကိုပဲပြုပြု သာသနာဒါယဇ္ဇ အမွေခံ အမွေရ ဓမ္မာနုဂ္ဂဟကုသိုလ် ဟူ၍ မခေါ်ဆိုထိုက်ပေ။ ပစ္စယာနုဂ္ဂဟ ကုသိုလ်ဟူ၍သာ ခေါ်ဆိုနိုင်ပေသည်ဟု ပြောဆိုသိစေလိုရင်း ပေါ့နော်။

***ချမ်းသာဆင်းရဲ မခွဲသူငါ၊***
***မိမိသူတစ်ပါး ချစ်သားရတနာ၊***
***သာသနဝန်ထမ်း ရှင်ရဟန်းပြုပါ၊***
***ဒါယဇ္ဇ မှချရပေတာ။ ။***

အသောကမင်းတရားလည်း မောဂ္ဂလိပုတ္တတိဿအရှင် ပြောဆိုသမျှ စကားကို ကြားသိရသဖြင့် အလွန်ပင် ဝမ်းမြောက်ဝမ်းသာ ကြည်လင်ရွှင်ပျ ဒါယဇ္ဇအမွေခံကို ကေန်ပင် ဖြစ်စေနိုင်သည့် ပဗ္ဗဇ္ဇမင်္ဂလာကုသိုလ်မြတ်ကို လျှင်စွာပင် ပြုလိုလှတာနှင့် စဉ်းဝေးရောက်လာ များစွာထောင်သောင်း မင်း ပရိသတ်အပေါင်းကို ပြန်ပြောင်းရှုစားလိုက်လေလျှင် အနီး အပါးမှာ ခစားကာ ထိုင်နေကြတဲ့ သားတော်မြတ် မဟိန္ဒ၊ သမီးလှ သဃ်မိတ္တာတို့ကို အဆင်သင့်တွေ့မြင်ရတာနှင့် ဘဝင်ဟာဒယ ရွှင်ပျကြည်နူး အထူးဝမ်းမြောက် စွာဖြင့် စဉ်းစားဆင်ခြင်လိုက်သည်မှာ–

သာသနာတော်ကို ချီးမြှောက်ဖို့ဟာ လွယ်ကူလှသည် မဟုတ်ပေ။ ကမ္ဘာသုံးထောင်ကျော်လောက်မှ ဘုရားတစ်ဆူ ပွင့်တဲ့အတွက် အလွန်ပင် တွေ့ကြုံဖို့ရန် ခဲယဉ်းလှပေသည်။ သို့အတွက် သားတော် သမီးတော်ကလေး များကို သာသနာတော်တွင်းသို့ သွတ်သွင်းချီးမြှင့်ပြီး သာသနဒါယဇ္ဇအမွေကို ခံထိုက်သူဖြစ်အောင် ကြိုးစားမှုတော်ပေမည်ဟု ဆင်ခြင်စဉ်းစား ဟော်မူလျက် သားတော် သမီးတော်တို့ကို ခေါ်ဆောင်ကာ အကျိုးအကြောင်းပြောပြ၍ သာသနာ့ဘောင်သို့ အမြန်ရောက်အောင် ချီးမြှောက်တော်မူလိုက်လေ တယ်တဲ့။

သားသမီးများကလည်း ဘုန်းကံပါရမီ စုံညီပြည့်ဝသူများ ဖြစ်ကြသည့် အကိုင်း ခမည်းတော်၏စကားကို ငြင်းဆန်မပယ် အလွယ်တကူဖြင့်ပင် လက်ခံကြ၍ ဝမ်းမြောက်ဝမ်းသာ သာသနာ့ဝန်ထမ်း ရှင်ရဟန်းပြုရန် ခေါင်းရိပ်စဉ်အတွင်းမှာပင် ကမ္မဋ္ဌာန်း ဘာဝနာအနေဖြင့် ဆံပင်များကို ပွားများဆင်ခြင်လိုက်တာ မကြာချက်ချင်းပဲ အာသဝေါကုန်ခန်း ရဟန္တာတစ်ဆူ ဖြစ်တော်မူကြရလေတယ်။

သမီးတော်ကလည်း ဘိက္ခုနီမများအထံ သွားရောက်၍ ရှင်ရဟန်း ပြုလေရာ မကြာခင်ပဲ ကိလေသာကင်းပ ရဟန္တာမဖြစ်လို့မို့ သာသနာတော် အတွင်းမှာဖြင့် ဂုဏ်သတင်းကျော်ကြားသော ရဟန္တာ မောင်နှမရယ်လို့ ယခုခေတ်တိုင်အောင် လောကရှိ လူတို့၏နှုတ်ဖျားမှာ မရပ်မနား တည်နေ တုန်းပေါ့နော်။ ဖခမည်းတော်ကြီးလည်း သားသမီးတို့ကို ရှင်ရဟန်းပြုရတဲ့ အတွက် ဝမ်းမြောက်၍မဆုံး [illegible] အားရနှစ်သက်တော်မူရလေတယ်တဲ့။

ကဲ... ဝတ္ထုကြောင်းကဖြင့် ပြီးသွားပေပြီ။ ထိုဝတ္ထု၏ ရည်ရွယ်ချက် လိုရင်းကို ထုတ်နုတ်လိုက်ပါလျှင်...

၁။ အသောကမင်းတရား၏ တစ်နေ့လျှင် သံဃာတော် ခြောက်သောင်းကျ နန်းတွင်းသို့ပင့်၍ ဆွမ်းခဲဖွယ်တို့ဖြင့် ကျွေးမွေးချီးမြှောက်ပုံ။

၂။ တရားတော်ကို ကြည်ညိုလှ၍ ဓမ္မက္ခန္ဓာတစ်ဆူလျှင် ကျောင်း တစ်ဆောင်ကျဖြင့် ကျောင်းတော်ပေါင်း ရှစ်သောင်းလေးထောင် ဆောက်လုပ်ပူဇော်ပုံ။

၃။ ကမ္ဘာမြေကြီးမှ ဗြဟ္မာပြည်ရောက်အောင် ပစ္စည်းတွေပုံ၍ လှူသော်လည်း သာသနဒါယကဖွဲ့အမွေခံ ဓမ္မာနုဂ္ဂဟ ကုသိုလ်မဖြစ် ရှင်ရဟန်းပြုပေးမှ သာသနာ့အမွေကို ခံယူထိုက်ပုံ။

၄။ အိမ်ရှေ့မင်းခန့်ပြီး သားတော်မဟိန္ဒကို ရှင်ရဟန်းပြုပေးပုံကို မြင်ရသောအားဖြင့် ရှင်ရဟန်းအဖြစ်က အိမ်ရှေ့မင်းစသည်အဖြစ်ထက် မွန်မြတ်ပုံ။

ထိုကဲ့သို့သော အကြောင်းစုံတို့ကို အကုန်ဆင်ခြင် စဉ်းစားနိုင်ကြ၍ ငါတို့ယနေ့ပြုရသော ရှင်ပြုရဟန်းခံ ကုသိုလ် မင်္ဂလာသည် အလွန်ပင်မြတ်လှသည်ဖြစ်၍ ရှေးပညာရှိ သူတော်ကောင်းကြီးများ ပြုရိုးလမ်းစဉ်မှန်ကေန်ဖြစ်ပေသည်။ ထိုသို့ မှန်ကန်ကောင်းမြတ်သော ရှင်ပြုရဟန်းခံ ဓမ္မာနုဂ္ဂဟ ကုသိုလ်ကို ကြိုးစားပြုစုရသော ကောင်းမှုကြောင့် ငါတို့တစ်စုသည် ရှေးရှေးက နိဗ္ဗာန်ကြွမြန်း အေးချမ်းကြပြီးသော ဘုရား, ရဟန္တာ, သူတော်စင်တို့နည်းတူ အောင်နိဗ္ဗူမြတ်စခန်းသို့ ဖြောင့်တန်းစွာ အမြန်ရောက်ကြရပေတော့မည်ဟု ဝမ်းမြောက်ဝမ်းသာခြင်း ရှိကြပါစေကုန်သတည်း။

# မြတ်လှကထိန် လှူချိန်ဝယ် တရားတော်

ယနေ့ အလှူရှင် အလှူမအပေါင်း သူတော်ကောင်းတို့... ယနေ့ ကထိန်လှူချိန်ဝယ် ကထိန်သင်္ကန်းနှင့်တကွ အစစ လှူဒါန်းဖွယ်ဝတ္ထုတို့ကို ဆက်ကပ် လှူဒါန်းကုန်ကြသော အလှူရှင်များသည် ဘယ်လိုမြတ်လှပြီး ကထိန်လှူချိန်ဝယ် ဘယ်လောက်အထိ အကျိုးများသလဲဆိုတော့...

**ဣဒံ ဟိ ကထိနံ့နာမ၊ ဥတ္တမံ ဗုဒ္ဓ မောဒိတံ။**
**ပေဟိဘိက္ခု(ဂ) ဘာဝိယ၊ ဣဒ္ဓိဝေသေစ ပစ္စယော။**

**ဣဒံဟိ ကထိနံနာမ၊** တစ်နှစ်မှ တစ်ကြိမ်ခါ မဟာကထိန် အမည်ထူးဖြင့် ချီးကျူးထိုက်လှ ဤကထိန်ဒါနမည်သည်ကား။ **ဥတ္တမံ၊** ဒါနထွတ်မှူး ဂုဏ်ရည်ထူးဖြင့် ချီးကျူးသင်ပ်မှ အလွန်ပင် မြတ်လှပါပေ၏။ **ဗုဒ္ဓ မောဒိတံ၊** ဗုဒ္ဓမြတ်စွာ စိန္တေယျာတို့၏ တေဇာဂုဏ်ထူး စိတ်ရည်စူး၍ ကြည်နူးမပြတ် အထပ်ထပ်အခါခါ ဝမ်းမြောက်တော် မူအပ်ပါပေ၏။ **ပေဟိဘိက္ခု ကဘာဝိယစ၊** ပေဟိဘိက္ခု ခေါ်ဆိုပြုက လူမှုပျောက်ကွယ် ဝါခြောက်ဆယ်ကျော် ထေရ်ရှင်မော်သို့ ဂုဏ်တော်ပြည့်လျှမ်း မြတ်ရဟန်းစင်စစ် ဖြစ်ရခြင်း၏လည်းကောင်း။ **ဣဒ္ဓိဝေသေစ၊** ပရိက္ခရာ လိုသောခါဝယ် မကြာခဏ ဖြစ်ပေါ်ရသည့် တေဇမောက်ဖြိုး မြတ်တန်ခိုး၏ လည်းကောင်း။ **ပစ္စယော၊** ရရှိလက်ငင်း ကြောင်းကံရင်းသည်။ **ပဟောတိ၊** သာသနာတော် အတွင်း ဂုဏ်ရောင်လင်း၍ မယွင်းမှန်စွာ ဖြစ်ရပါတော့သတည်း။

ယခု ဟောပြောလိုက်ရသော ဂါထာတော်၏ ဆိုလိုရင်းအဓိပ္ပာယ်ကို ယခု ညီညာစုဝေး ရောက်လာကြသော ဒါယကာ ဒါယိကာမများကို အစထား၍ တစ်ပြည်လုံး တစ်ကမ္ဘာလုံးမှာ ရှိကြသော ဗုဒ္ဓဘာသာဝင် သူတော်စင် အပေါင်းတို့သည် မဂ်, ဖိုလ်, နိဗ္ဗာန်ရကြောင်း ကောင်းမြတ်မှန်ကန်သော ပါရမီဖြစ်မြောက်ရေးကို ရည်စူးမှန်းထားကြလျက် တွေ့ရခဲတဲ့ သာသနာတော်အတွင်းမှာ ရခဲလှသော လူ့အဖြစ်ကို ရကြခိုက်၌ စေတနာ သဒ္ဓါတရား ထက်သန်သောအားဖြင့် ပြုစုဆောင်ရွက်နေကြသော ဤကထိန်လျှာ သင်္ကန်းဒါနမျိုးသည်ကား အခါခပ်သိမ်း လှူဒါန်းလို့ မဖြစ်နိုင်ပေ။ ကျောင်းတိုက် တစ်တိုက်အတွက် တစ်နှစ်မှ တစ်ကြိမ်တစ်ခါသာ လှူဒါန်းနိုင်ကြသည့်အပြင် ပုဂ္ဂိုလ်တစ်ဦး အနေအားဖြင့်လည်း လှူလို့မရ (သံဃိက) သံဃာတော် အပေါင်းအားသာ လှူဒါန်းရသည်ဖြစ်၍ တခြားသော ဒါနများနှင့်မတူတန် အမှန်ပင် ပြတ်လှပေတယ်တဲ့။

ရဟန်းတော်များသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တခြား ပုဂ္ဂိုလ်ကို မဆိုထားနှင့်၊ မွေးမိ မွေးဖခင်များကိုပင် တောင်းခံခြင်းမပြုရ။ အထက်ဝေဟင် မိုးကောင်းကင်က ကျလာသည့်အသွင် စင်ကြယ်သန့်ရှင်းသော သဒ္ဓါတရားဖြင့် ဒါယကာ, ဒါယိကာမများက လှူဒါန်း ဆက်ကပ်လာသော သင်္ကန်းဖြင့်သာ ခင်းထိုက်သည်ဖြစ်ရကား "ကထိယတေ သီလာသီယတေ ဗုဒ္ဓိဟီတိ ကထိန်" ဟူသော ဖျူပွတ်အရ ဘုရားစသော သူတော်စင်အပေါင်းတို့သည် ကောင်းပေစွ မြတ်ပေစွဟူ၍ အကြိမ်ကြိမ် ချီးကျူးထောမနာ ဩဘာပေးထိုက်သော ဒါနကြီးလည်း ဖြစ်ပါပေတယ်။

လှူကြရတဲ့ ကထိန်ဒါယကာ, ဒါယိကာမများမှာလည်း ပါရမီဖြည့်ရင်းမှာ မွန်မြတ်ကြီးကျယ်သော ချမ်းသာများကို ခံစား, စံစားကြရရုံမက နိဗ္ဗာန်သို့ ရောက်ရသည့်ဘဝမှာ ရဟန်းပြုရေးအတွက် (ဥပဇ္ဈာယ်ဆရာ စသည်များနှင့် ကမ္မဝါ ရွတ်ဖတ်မည့် ဆရာများကို ရှာကြံပင့်ဆောင်နေဖို့ မလိုတော့ဘဲ) မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက "**ဧဟိ ဘိက္ခု ရ ပြဟွစရိယံ သမ္မာဒုက္ခဿ သန္တကိရိယာယ။** ချစ်သား ရဟန်း၊ သင်သည် ငါဘုရားသာသနာတော်တွင်း အမြန်ဝင် ရောက်ခဲ့ပေတော့၊

ဘဝဇာတ်ငြိမ်း အေးကြောင်းဖြစ်၍ မဂ်နိဗ္ဗာန်၏ အခြေခံအကြောင်း ကောင်းမြတ်သော ပြဟ္မစရိယ ခေါ်သော ရဟန်းတရားကို ကျင့်ကြံအားထုတ် ပေတော့" ဟူ၍ လက်တော်ဆန့်တန်းကာ ခေါ်တော်မူလိုက်သည်နှင့် တစ်ပြိုင် နက်တည်းပင် လူ့အဝတ် လူ့အသွင်တွေ အကုန်ပျောက်၍ ဝါတော် ခြောက်ဆယ်ရပြီးသော ထေရ်အရှင်ရဟန်းတော်ကြီးကဲ့သို့ အလွန်တရာ က္လန္ဒြေသိက္ခာတော်ကြီးရင့်တဲ့ အသွင်အပြင်ကို ဆောင်နိုင်သည့် ဧဟိဘိက္ခု ရဟန်းအဖြစ်တို့လည်း ရစေနိုင်သော ဒါနထူး ဒါနမြတ်ကြီးလည်း ဖြစ်ပေ တယ်တဲ့။

ရှေးရှေးက ကထိန်သင်္ကန်းစသည် မလှူခဲ့ကြဖူးတဲ့ ပုဂ္ဂိုလ်များသည် ဘယ်ကလိုပင် ပါရမီပြည့်ကြသော်လည်း ရဟန်းဖြစ်ကိုမရရှိကြဘဲ လူဝတ် ဖြင့်ပင် ရဟန္တာဖြစ်ရရှာပေသည်။ သင်္ကန်းပရိက္ခရာရှားပါးမှုကြောင့် ဒါရုစိ, ပုက္ကုသာတိ စသော ပုဂ္ဂိုလ်များကဲ့သို့ သင်္ကန်း, သပိတ်, ပရိက္ခရာများကို သုသာန်, အမှိုက်ပုံစသည့် ညစ်ညမ်းသော နေရာများကို သွားရောက်၍ ရှာကြံနေစဉ်မှာပင် နွားငုံ့ခံရ၊ ကျွဲခတ်ခံကြရ စသော အသေဆိုးများဖြင့် သေကျေပျက်စီးရှာကြကာ ရဟန်းအဖြစ်မရ ဆင်းရဲပင်ပန်းစွာဖြင့် ပရိနိဗ္ဗာန် စံဝင်တော်မူကြရရှာ လေတယ်။ ပရိက္ခရာအလှူမရှိသူများမှာ ရဟန္တာဖြစ်ပြီး ကြသော်လည်း ကောင်းကောင်းမသေကြရရှာဘူးနော်။ ဝမ်းနည်းစရာပေါ့။

အေး... ကထိန်ဒကာ, ဒကာမများသည်ကား ထိုကဲ့သို့သော အဖြစ်ဆိုးမျိုး တွေ့ကြုံရခြင်းမရှိကြရတော့ဘဲ သင်္ကန်း, သပိတ်, ပရိက္ခရာများ အလိုအလျောက် မိမိတို့၏ ခန္ဓာကိုယ်မှာ ဝတ်ရုံပြီး အဆင်သင့် တန်ခိုး ဖြင့်ပြီးသော သင်္ကန်း, သပိတ်, ပရိက္ခရာများကို ရရှိနိုင်ကြလေသတဲ့နော်။ ဘယ်လောက်များ ကုသိုလ်ကောင်းမှုများ၏ အကျိုးပေးပုံ ထူးခြားသလဲဆိုတာ စဉ်းစားကြည့်ကြပါက ဝမ်းမြောက်အားရစရာပေါ့။

အဲ... ယခုပြခဲ့ပြီးသော စကားအစဉ်ဖြင့် ကထိန်သင်္ကန်း လှူရကျိုး များကို မျက်မြင်ကိုယ်တွေ့ပမာ ယုံကြည်စွာဖြင့် ချင့်မျှော်ကိုးစား ကြိုးစား အားထုတ်နိုင်ပါစေသတည်း။

(ဂါထာပြန်ရွတ် အနက်ပေး၍ လိုရာဝတ္ထုကို ဆက်နိုင်သည်။ ဝတ္ထု ဆက်ပောဖို့ရန် စကားဆက်ကို နောက်နားမှာရှု။)

ထိုမှတစ်ပါး ကထိန်ဒကာ, ဒကာမများက ကထိန် သင်္ကန်း လှူလိုက်သည့်အတွက် ထိုသင်္ကန်းကို အလှူခံကာ ကထိန်ခင်းကြရသော ရဟန်းတော်များမှာ–

*"အနာမန္တ ၁၊ အသမာနှင့်၊*
*ဂဏဘောဇ, ယာဝ, ယောတတ်၊*
*ယင်းငါးရပ်၊ မှတ်လေအာနိသင်။*

ဟူသော လင်္ကာဆောင်ပုဒ်ကလေးအတိုင်း–

၁။ အနာမန္တစာရအကျိုး။
၂။ အသမာဒါနစာရအကျိုး။
၃။ ဂဏဘောဇနအကျိုး။
၄။ ယာဝဒတ္ထစီဝရအကျိုး။
၅။ ယောစတတ္ထစီဝရုပ္ပါဒအကျိုး ဟူသော ကထိန်အာနိသင် အကျိုးများကို ရရှိနိုင်ကြလေတယ်။

၁။ ထိုအကျိုးအာနိသင်ငါးပါးတို့တွင် နံပါတ်တစ်အကျိုးကား ရဟန်းတော်များ၏ ဝိနည်းတော်ကျင့်ထုံးမှာ ရှေးဦး ပင့်ထားသော ဆွမ်းကို လက်ခံပြီးလျှင် နောက်မှပင့်သော ဒကာ, ဒကာမ၏ ဆွမ်းကိုမခံရ။ ခံယူခဲ့ပါလျှင် အာပတ်အပြစ် သင့်ရပေတယ်။ ကထိန်အာနိသင် ရခဲ့ပါလျှင် သီတင်းကျွတ် လပြည့်ကျော်တစ်ရက်မှစ၍ တပေါင်းလပြည့် နေ့အထိ ငါးလအတွင်းမှာ ဘယ်ဆွမ်းကိုပဲ လိုက်၍စားစား ထိုအာပတ် အပြစ်အတွက် သက်ရောက်ခြင်းမရှိဘူးတဲ့။

ဒါကြောင့်... **ဦးစွာရှေ့ဖျား၊ ပင့်ဖိတ်ထားအပ်၊ ဆွမ်းရှိလတ်လျက်၊ တစ်အပ်ထင်ရှား၊ ရဟန်းအားကို၊ မကြားမပန်၊ သွားနိုင်ပြန်၊ မှတ်ရန်နာမန္တ ၁။ ။**

ဟု မြန်မာဆောင်ပုဒ် လင်္ကာကလေး စီကုံးထားကြပေသနော်။

ထိုကဲ့သို့ ကထိန်ဒကာ ဒကာမများက ရဟန်းတော်များအတွက် ငါးလအတွင်းမှာဖြင့် ဝိနည်းပြစ်မသင့် ချမ်းသာခွင့်ရအောင် ဘုရားရှင်၏ အာဏာတော်ကိုပင် တားမြစ် နုတ်ပယ်နိုင်သောကြောင့် ကထိန်ဒါနကို ထူးဒါန အမြတ်ဆုံး အကောင်းဆုံး ဒါနလို့ ခေါ်ဆိုရတယ်တဲ့။

၂။ နံပါတ်နှစ်အကျိုးကလည်း ရဟန်းတော်များမှာ ဝိနည်းထုံးတမ်းအတိုင်း အမည်အသီးသီးဖြင့် အဓိဋ္ဌာန်တင်ထားသော သင်္ကန်းသုံးထည်တို့နှင့် အရုဏ်တက်စဉ်အခါ နှစ်တောင့်ထွာထက် ကွာဝေးပြီး မနေရ၊ ကွာဝေးနေခဲ့လျှင် အာပတ်အပြစ်များ သင့်နိုင်လေတယ်။ ကထိန်ခင်းလိုက်ပါလျှင် ဆိုခဲ့ပြီး ငါးလအတွင်းမှာ ဘယ်လောက်ကွာဝေးအောင်ထားထား အပြစ်မသင့်ရတော့ဘူးတဲ့နော်။

၃။ နံပါတ်သုံးအကျိုးကလည်း ရှေးနည်းအတူ– ရဟန်းတော်များမှာ နားမလည်၊ မပင့်ဖိတ်တတ်သော ဒကာ, ဒကာမများက ထမင်းဟင်းစားကြွပါ၊ မုန့်စား၊ ခေါက်ဆွဲစား၊ သစ်သီးစားကြွပါ စသည်ဖြင့် မအပ်စပ်သော ပင့်ဖိတ်ခြင်းမျိုးဖြင့် ပင့်ဖိတ်လာလျှင် လိုက်၍ မစားကောင်း။ စားလျှင် အလှူခံလျှင် အာပတ်အပြစ်များ သင့်ရောက်ရပေတယ်။ ကထိန်ခင်းလိုက်လျှင်ကား– ဆိုခဲ့ပြီးအတိုင်း ငါးလအတွင်းမှာဖြင့် ဘယ်လိုဆို၍ ပင့်သော်လည်း အလှူခံကောင်း စားကောင်းလေတယ်။ အာပတ်သင့်ခြင်းမှ လွတ်ငြိမ်းချမ်းသာခွင့်ကို ရလေတယ်တဲ့။

၄။ နံပါတ်လေးအကျိုးကား ရဟန်းတော်များမှာ အလျား တစ်တောင့်ထွာ၊ အနံ တစ်ထွာ လက်လေးသစ်ရှိသော အဝတ်မှ အထက် ဘယ်အဝတ်မျိုးမဆို ရလာပါလျှင် မိမိလက်ထဲ ရောက်ပြီးနောက် ၁၀ ရက်ထက်လွန်ပြီး ဝိနည်းအဓိဋ္ဌာန်မပြုဘဲ မထားရ မသုံးစွဲရ။ လွန်၍ထားလျှင် အာပတ်အပြစ်များ သင့်ရလေတယ်။ ကထိန်ခင်းလိုက်လျှင်ကား ဆိုခဲ့ပြီး ငါးလအတွင်းမှာ ထားချင်သလိုထား အပြစ်မှ ချမ်းသာခွင့်ရကြလေတယ်တဲ့။

၅။ နံပါတ်ငါးအကျိုးကား ရဟန်းတော်များမှာ ကျောင်း တိုက်အနေအားဖြင့် (သံဃိက) သံဃာတော်များအား လှူသော သင်္ကန်းရလာလျှင် ကျောင်းတိုက်အတွင်း ရှိနေဆဲ သံဃာတော် အားလုံးအညီအမျှ ခွဲဝေ၍ ယူထိုက်ပေသည်။ အာဂန္တုပင်ဖြစ်သော်လည်း မပေးဘဲ မနေရ။ ဒကာ, ဒကာမများအား ကထိန်လျာသင်္ကန်း လှူဒါန်းကြသည့်အတွက် ကထိန်ခင်းလိုက်လျှင်ကား အာနိသင်ကို

ရကြသော သံဃာတော်များသည် ဆိုပြီးသော ငါးလအတွင်း ဖြစ်ပေါ်လာသမျှသော သံဃိက သင်္ကန်းများကို မိမိတို့သက်သက်သာ ပိုင်ဆိုင်လေတော့သည်။ အာနိသင်မရသော တခြားရဟန်းများနှင့် ဘာမှ ပိုင်ဆိုင်ခြင်း မရှိတော့ပေတဲ့နော်။

အဲ... ယခု ပြဆိုခဲ့ပြီးသည့်အတိုင်း ကထိန်ဒကာ, ဒကာမများသည် ကထိန်လျာသင်္ကန်း လှူလိုက်တာနှင့် ရဟန်း တော်များမှာ သိက္ခာပုဒ်လေးပုဒ် အတွက် သင့်သောအာပတ် အပြစ်လေးခုမှ ကင်းလွတ်ကြ၍ သံဃိက သင်္ကန်းတို့ကို ပိုင်ဆိုင်ခြင်းဟူသော အကျိုးထူး အာနိသင်တို့ကိုရစေသည် အနေးလှူသည်မည်သောကြောင့် အလွန်တရာ တန်ခိုးထက်မြက် မွန်မြတ်သော ကောင်းမှုကုသိုလ်ကြီးကို ရကြလေသည်ဟု စိတ်ကြံမှန်းဆ ဝမ်းမြောက် ကြဖို့ပေါ့။

အဲ... ယခုဟောပြောခဲ့သည့်အတိုင်း ကထိန်လျာသင်္ကန်း စသည် တို့ လှူဒါန်းခဲ့ရသောကြောင့် နိဗ္ဗာန်မရောက်မီ စပ်ကြား၌ စည်းစိမ်ချမ်းသာ များကို ခံစားစံစားကြပြီးလျှင် နောက်ဆုံး နိဗ္ဗာန်ကို ရောက်ရတဲ့ဘဝမှာလည်း တန်ခိုးဖြင့် ပြီးသော သင်္ကန်း, သပိတ်, ပရိက္ခရာများကို အလွယ်ဖြင့်ပင် ရရှိကြ၍ မြတ်စွာဘုရားရှင်က "ဧဟိဘိက္ခု"ဟု ခေါ်ကာမျှဖြင့် အာသဝေါ ကုန်ခန်း ရဟန္တာများဖြစ်ကြ၍ နိဗ္ဗာန်ရွှေပြည်ကြီးသို့ ဝင်စံတော်မူကြသော ပုဂ္ဂိုလ်တွေကား သာသနာဝင်တစ်လျှောက်မှာ ရေတွက်မရ များပြားတော် မူကြပေကုန်သတည်း။

(ထိုပုဂ္ဂိုလ်များအနက်မှ ထင်ရှားသော ဝတ္ထုသက်သေတစ်ခုကို ထုတ်ဆောင်၍ ပြရပါလျှင် ဤနေရာ၌ "ဧဟိဘိက္ခု"ခေါ်၍ ရဟန္တာ ဖြစ်ကြသော ဝတ္ထုများတွင် နှစ်သက်ရာဝတ္ထုကို ဆက်၍ဟောနိုင်ပါသည်။)

# ကထိန်လှူဒါန်း နိဗ္ဗာန်လှမ်း တရားတော်

ယနေ့ လှူဒါန်းကြသော ကထိန်ဒကာ ကထိန်အမများ ကထိန်လှူဒါန်းတာနဲ့ နိဗ္ဗာန်အထိ ဘယ်လိုတက်လှမ်းသွားသလဲဆိုတော့...

ရှေးအခါက ဗာရာဏသီပြည် အနီးအနား၌ အိမ်ခြေ တစ်ထောင်ရှိသော ရက်ကန်းသည်များ နေထိုင်ရာ ရွာကြီးတစ်ရွာမှာ မဟာကပ္ပိနအလောင်းတော်နှင့် အနော်ဇာမိဖုရားတို့၏ အလောင်းတော်တို့သည် ရွာသူကြီးဇနီးမောင်နှံ ဖြစ်ခဲ့ကြဖူးလေတယ်။

တစ်နေ့မှာ ဝါဆိုခါနီးဖြစ်၍ ပစ္စေကဗုဒ္ဓါတစ်ထောင်တို့သည် ဝါဆိုကျောင်းရရေးအတွက် ကိုယ်စားလှယ်အဖြစ် ပစ္စေကဗုဒ္ဓါရှစ်ပါးကို ဗာရာဏသီမင်းကြီးအထံ စေလွှတ်တော်မူကြလေရာ ဗာရာဏသီမင်းတရားကလည်း လယ်ထွန်မင်္ဂလာ ဆင်နွှဲနေသော ရက်အတွင်းဖြစ်၍ အရေးမစိုက်နိုင်သောကြောင့် ပစ္စေကဗုဒ္ဓါ အရှင်မြတ်ရှစ်ပါးတို့မှာ လက်လျှော့ပြန်လည်ကြွတော်မူခဲ့ကြလေတယ်တဲ့။

ထိုအချိန်မှာ ရက်ကန်းသည် ရွာသူကြီးကတော်ကလည်း ကိစ္စတစ်ခုဖြင့် မြို့ကို သွားလေရာ လမ်းခုလတ်အကြား၌ ပစ္စေကဗုဒ္ဓါအရှင်မြတ်များနှင့်တွေ့၍ ဖူးမြော်ဝတ်ချ အကြောင်းကို သိရသဖြင့် မိမိတို့ရွာကို ကြွရောက်သီတင်းသုံး ဝါဆိုတော်မူကြရန် လျှောက်ထား ပင့်ဆောင်ခဲ့ကြလေတယ်။

ရွာကိုရောက်တဲ့အခါ ရွာသူကြီးနှင့်တကွ ရွာသူ ရွာသားအားလုံးစုဝေးခေါ်ငင်ပြီးလျှင် အကျိုးအကြောင်း ပြောပြတိုင်ပင်ပြီးလျက် ပစ္စေကဗုဒ္ဓါ

အရှင်မြတ်တစ်ထောင်တို့အတွက် တစ်အိမ်လျှင် ဝါဆိုကျောင်း တစ်ဆောင်ကျစီ ဆောက်လုပ်စေပြီးလျှင် ဆွမ်းရေး၊ ကွမ်းရေးအတွက်လည်း တစ်အိမ်လျှင် တစ်ပါးကျစီ တာဝန်ခံယူစေလျက် ပစ္စေကဗုဒ္ဓါများ ချမ်းသာတော် မူကြ စေရန်အတွက် ဘာတစ်ခုမှ မလိုရအောင် စီစဉ်၍ပေးလေတယ်။

ရှာသူ ရှာသားအားလုံးတို့ကလည်း သူကြီးကတော် စီစဉ်သည့်အတိုင်း လိုလေသေးမရှိကြရအောင် စိတ်စေတနာ ကောင်းမွန် သန့်ရှင်းစွာဖြင့် ပြုစုဆောင်ရွက် ချီးမြှောက်ကြသည့်အတွက်ကြောင့် ပစ္စေကဗုဒ္ဓါများမှာ ဝါတွင်းသုံးလပတ်လုံး စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြင့် နေထိုင်တော်မူကြရလေတယ်တဲ့။

သီတင်းဝါလ ကျွတ်တဲ့အခါမှာလည်း မိမိတို့၏လက်ဖြစ် သင်္ကန်းများကို တစ်အိမ်လျှင် တစ်ထည်ကျစီ ရက်လုပ်ကြလျက် တစ်ထောင်မျှသော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့အား ကထိန်လျာသင်္ကန်းများဖြင့် လှူဒါန်းဆက်ကပ်လိုက်ကြလေတယ်တဲ့။ တစ်အိမ်မှာ သင်္ကန်းတစ်ထည်ကျစီ လှူဖို့ဟာ သာမန်ကြည့်က တောရွာဓလေ့အလိုက် ခဲယဉ်းမည်ဟု ထင်ရသော်လည်း ထိုရွာသူရွာသားများမှာ မိမိတို့၏ လက်ဖြစ်သင်္ကန်း ဖြစ်သောကြောင့် လွယ်လွယ်ဖြင့်ပင် ကထိန်ပွဲသဘင်ကြီးကို ပျော်ရွှင်စွာ ဆင်နွှဲလိုက်ကြလေတယ်တဲ့။ စဉ်းစားကြည့်က ပျော်ရွှင် အားကျစရာကြီးပေါ့နော်။

**ကေကေသေကာဝါသေန၊ ပိဏ္ဍာဒိပစ္စယေဟိ တေ။**

**ဝဿံဝုဋ္ဌေ ဒုဿေန၊ ပဂ္ဂဟုံ သမစိတ္တကာ။ ။**

**တေ၊** ထိုမဟာကပ္ပိန, အနော်ဇာ အလောင်းအလျာနှင့်တကွ ရှစ်ထောင်ကျော်သော ရွာသူရွာသား လူအများတို့သည်။ **သမစိတ္တကာ၊** တစ်စုတစ်ရုံး စည်းလုံးစင်ဖြူ စိတ်, စေတနာ တူတော်မူကြကုန်သည်ဖြစ်၍။ **ကေကော၊** တစ်ဦး တစ်ဦးသော ပါရမီရှင်ပုဂ္ဂိုလ်ထူးသည်။ **ကေကာသေ၊** တစ်ပါးပါးသော ပစ္စေကဗုဒ္ဓါအရှင်မြတ်အား။ **အာဝါသေနစ၊** သီတင်းသုံးနေထိုင်ရာ ဝါဆိုကျောင်းဝိဟာ တစ်ဆောင်စီဖြင့်လည်းကောင်း။ **ပိဏ္ဍာဒိပစ္စယေဟိစ၊** ဆွမ်း, ဆေးစသော ပစ္စည်း လေးပါးတို့ဖြင့်လည်းကောင်း။ ပဂ္ဂဟေတွာန၊ သဒ္ဓါကြည်နူး၊ အထူးအားတက် မပျက်သုပ်ကျေး အားပေး

ချီးမြှောက်ကြကုန်သည်ဖြစ်၍။ **ဝဿံဝုဋ္ဌေ၊** သီတင်းဝါလကျွတ်ရာ ကထိန်ခေတ် အခါ၌လည်း။ **ဒုသေသနေ၊** တစ်အိမ် တစ်ထည်စာ ရက်လုပ်ကာဖြင့် ဖန်ဝါတင့်လွှမ်း ကထိန်လျာသင်္ကန်းဖြင့်လည်းကောင်း။ **ပဂ္ဂဟုံ၊** နိဗ္ဗာန်ရည်မှန်း စိတ်ရွှင်လန်း၍ လှူဒါန်းပူဇော် ချီးမြှောက်တော်မူခဲ့ကြလေကုန်သတည်း။

**အဲ...မဟာကပ္ပိန အနော်ဇာအလောင်းလျာ အမှူးရှိကြတဲ့ အိမ်ခြေ တစ်ထောင်ရှိ ရွာသူရွာသား ပါရမီရှင်ပုဂ္ဂိုလ်များသည်** ပစ္စေကဗုဒ္ဓါတစ်ထောင်တို့အား ကျောင်း, သင်္ကန်း, ဆွမ်း, ဆေး ပစ္စည်းလေးပါးတို့ဖြင့် တစ်ဝါတွင်းကာလ ပြုစု လှူဒါန်းခဲ့ကြ၍ သီတင်းဝါလ ကျွတ်တဲ့အခါမှာလည်း တစ်အိမ် တစ်ထည်စာ သင်္ကန်းလျာဖြင့် ကထိန်အလှူပွဲ သဘင်ကြီးကို နွှဲဆင်ကြကြောင်း ဖွဲ့နွဲ့ပြောဆိုလိုရင်းပေါ့နော်။

ထိုတစ်ထောင်သော အိမ်ခြေရှိ ရွာသူ ရွာသားအပေါင်းတို့သည် ထိုဘဝမှာ အသက်ထက်ဆုံး ချမ်းသာပျော်ရွှင်စွာ နေထိုင်ကြပြီး ထိုမှ စုတေရခဲ့ကြရလေသော် နတ်ပြည်ကို တစ်စုတစ်ရုံးတည်း သွားရောက်ခံစားကြရလေတယ်။ ထိုမှတစ်ဖန် လူ့ရပ်နတ်ထံ အတန်တန်သော သုခရိပ်ငြိမ် စည်းစိမ်ချမ်းသာ အဖြာဖြာတို့ကို ရရှိခံစားကြလျက် မဂ်ဖိုလ် နိဗ္ဗာန်၏ အခြေခံဖြစ်သော ဒါန, သီလ, ဘာဝနာစသော ပါရမီကုသိုလ်များကို ပြုလုပ်ဖြည့်ကျင့်ကြပြီးလျှင် ငါတို့ဘုရားရှင် လက်ထက်တော်အခါမှာ ရွာသူကြီးဖြစ်သူက ကုက္ကုဋဝတီမြို့တော်ကြီးမှာ မင်းမျိုးမင်းနွယ်မှာဖြစ်လာရ၍ အချိန်အရွယ်ရောက်တဲ့အခါ မဟာကပ္ပိနရာဇာ ဟူသောအမည်ဖြင့် တန်ခိုးထင်ရှား ဘုရင်တစ်ပါး ဖြစ်တော်မူလေတယ်တဲ့။

ရွာသူကြီးကတော်နှင့် တစ်ထောင်သော အိမ်နေလူ အပေါင်းတို့ကလည်း သင့်တော်ရာအမျိုးမှာဖြစ်ကြ၍ အချိန် အရွယ်ရောက်ကြတဲ့အခါ ရွာသူကြီးကတော်ကား မဟာကပ္ပိနမင်းမြတ်၏ ချစ်မြတ်လေးစား အနော်ဇာ ဟူသော အမည်ဖြင့် မိဖုရားဖြစ်ရလေတယ်။ ကျန်သော လူနှစ်ထောင်တို့ကလည်း မဟာကပ္ပိနမင်းကြီး၏ အမတ်တစ်ထောင်၊ အမတ်ကတော်တစ်ထောင် ဖြစ်ကြရလေတယ်တဲ့။ စိတ်တူကိုယ်မျှ ကောင်းမှု ကုသိုလ်ပြုရတာများ စဉ်းစားကြည့်က ဝမ်းမြောက်အားရစရာကြီးပေါ့။

ထိုနှစ်ထောင်ကျော်သော ပါရမီရှင်တို့သည် ကုသိုလ်ကော... ပြုစုကြတဲ့နေရာမှာ ကြည်သာရွှင်ပျ ပေါင်းစပ်ကြလျက် တစ်ဦးက တစ်ဦး ကူညီ ရိုင်းပင်းကြကာ ဖြည့်ကျင့်ခဲ့ကြသော ပါရမီကုသိုလ် အစွမ်းသတ္တိ ကြောင့် ဘုရင်မင်းမြတ် ရထားစီးလျှင် အမတ်တစ်ထောင်တို့ကလည်း ရထားစီးကြရတယ်။ ထို့အတူ မြင်း, ဆင် စသည်တို့ကိုလည်း ဘုရင်မင်းနှင့် တစ်တန်းတစ်စားတည်းသာ စီးနင်းကာ သွားလာကြရတယ်။

အနော်ဇာမိဖုရားကြီးနှင့် အမတ်ကတော် တစ်ထောင်တို့ကလည်း တစ်မိဝမ်းတွင်း ခေါင်းနင်းဆင်းခဲ့ရသော ညီအစ်မ အရင်းအချာများလို တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးကြ၍ ယာဉ်တွေ ရထားတွေ စီးနင်းကာ မကွာမကွဲ တစ်ပေါင်းတည်းသာလျှင် ပျော်ရွှင်စွာ စည်းစိမ်ချမ်းသာများကို ခံစံတော်မူကြရလေတယ်။

မဟာကပ္ပိနမင်းသည် သတင်းထူး သတင်းဆန်းများကို ရှာဖွေ စုဆောင်းမှု၌ စိတ်ပါဝင်စားသူ ဖြစ်သည့်အတိုင်း သတင်းထောက်လှမ်းရေး ခြေမြန်တော်များကို ခန့်ထားသည့်အပြင် မိမိကိုယ်တိုင်လည်း တစ်ရွာ တစ်ကျေးက လာရောက်သူများကိုတွေ့ရလျှင် သါလိုရေးနှင့် စစ်ဆေး မေးမြန်းလေ့၊ ထောက်လှမ်းလေ့ ရှိလေတယ်တဲ့။

တစ်နေ့မှာ နံနက်စောစော နောက်လိုက်အမတ်ပေါင်း တစ်ထောင် တို့နှင့် အတူတကွ မြင်းတော်များစီးနင်း၍ ဥယျာဉ်တော်သို့ ထွက်ခဲ့ကြ လေရာ လမ်းခုလတ်အကြား၌ သာဝတ္ထိပြည်မှ ကုန်သည်ရောင်းဝယ်ရေး အတွက် လာရောက်ကြသော လှည်းကုန်သည် ငါးရာတို့နှင့်တွေ့လေရာ မဟာကပ္ပိနမင်းသည် မိမိ၏ဝါသနာအလိုက် သတင်းစကားများကို မေးမြန်း တဲ့အခါမှာ လှည်းကုန်သည်များက မိမိတို့မှာ ယူဇနာတစ်ရာ့နှစ်ဆယ် ဝေးသော သာဝတ္ထိပြည်သားများ ဖြစ်ကြကြောင်း။ မိမိတို့၏ သာဝတ္ထိ ပြည်တော်ကြီးမှာ လောကထွတ်မှူး ဘုရား တည်းဟူသော ရတနာစစ် ရတနာဦးကြီး ပေါ်ပေါက်နေကြောင်း သံတော်ဦးတင်လေတယ်တဲ့။

မဟာကပ္ပိနမင်းသည် ဗုဒ္ဓဘုရား ဟူသောအသံကို ကြားရသည်နှင့် တစ်ပြိုင်နက် ဝမ်းသာလွန်မင်း သတိကင်းသော အဖြစ်မျိုးသို့ပင် ရောက်ရ ရှာလေတယ်။ အတန်ကြာမှ သတိများပြန်ရကာ ထပ်မံ၍ အပြောခိုင်းပြန်ရာ

ရှေးနည်းအတူ ကြားလိုက်တိုင်း ကြားလိုက်တိုင်း ဝမ်းသာလုံးဆို့ကာ သုံးကြိမ်တိုင်တိုင် သတိများ မေ့ပျောက်ပြီး လေးကြိမ်မြောက် ရောက်ခါမှ လောကအတွင်းမှာ ဗုဒ္ဓဘုရား ရတနာစစ်များ ပွင့်ထွန်း ပေါ်ပေါက်ကြောင်း သတင်းကောင်းကို သေချာကျန သိရှိရတာနှင့် အတိုင်းမသိ ပီတိဟုန်လွှမ်း ဝမ်းပန်းတသာ ဘုရားတည်းဟူသော ရတနာတစ်ဆူအတွက် မိန့်မြွက်ဖိုးခ တစ်သိန်းမျှသော ဆုတော်များကိုပေး၍ ပူဇော်သိုက်မြိုက် ချီးမြှောက်တော် မူလိုက်တယ်တဲ့။

ဤနည်းအတိုင်း တရားရတနာ၊ သံဃာရတနာတို့၏ သတင်းများကို ပြောပြရာ၌လည်း သုံးခါစီ ပီတိဟုန်ပြင်း မေ့မြောခြင်းဖြစ်ပြီးမှ ကျနသေချာ သိရှိရာ၍ ကြည်သာရွှင်ပျ သုံးဝရတနာ တစ်သိန်းမျှစီသော ဥစ္စာဓနတို့ဖြင့် ချီးမြှောက်ပူဇော်တော်မူပြီးလျှင် နောက်လိုက်ငယ်ကျွန်တော် အမတ်များနှင့် တိုင်ပင်ကာ ရှင်တော်မြတ်ဘုရား ထံတော်ရင်းသို့ ကပ်ချဉ်းယခု ရဟန်း ပြုကြဖို့ရန် သဘောတူညီကြတာနှင့် လှည်းကုန်သည်များမှတစ်ဆင့် ကြင်ရာ မျက်ဖျော် အနော်ဇာမိဖုရားထံ သုံးသိန်းတန် ဆုတော်ငွေများကို လှည်း ကုန်သည်တို့အား ပေးချီးမြှင့်ရန်နှင့် ကုက္ကုဋဝတီ နေပြည်တော်ကြီးနှင့် တကွ မင်းအဖြစ်ကိုပါ စွန့်လွှတ်လွှဲအပ်ခဲ့ကြောင်း၊ မိမိတို့မှာ ပွင့်ပေါ်ထွန်းပ သော ဘုရားရှင်ထံတော်၌ ရဟန်းများပြုရန် နောက်လိုက်တော်အမတ် များနှင့်တကွ တောထွက်သွားကြကြောင်းကို စာချွန်တော်ရေး၍ ပေးပို့ မှာကြားတော်မူလိုက်လေတယ်တဲ့။

အမတ်တစ်ထောင်တို့ကလည်း မိမိတို့ဆိုင်ရာ အမတ်ကတော်များ အထံ မှာရန်ရှိတာ မှာကြား၊ စာချွန်တော်များကို လှည်းကုန်သည်များမှ တစ်ဆင့် ပေးစွန့်လွှဲအပ်ခဲ့ကြ၏။ မဟာကပ္ပိကမင်းမြတ်နှင့်တကွ ဥယျာဉ် တော်ကပဲ ဗုဒ္ဓရှင်တော်ရည်မှန်း ရဟန်းများပြုကြဖို့ စိတ်ထားဖြင့် လေးစား ကြည်ရွှင် တွင်တွင်ကြီး ထွက်တော် မူလေတယ်တဲ့။

ဘယ်လောက်များ အားကျစရာ ကောင်းသလဲဆိုတာ စဉ်းစားသာ ကြည့်ကြပေတော့နော်။ ပါရမီဖြည့်ကျင့်ကြပြီး သူတော်စင်များကတော့ ကုသိုလ်ရေးဘက်ဆိုလျှင် လိုလေသေး မရှိရသည့်အပြင် ရတနာသုံးပါးနှင့် စပ်လျှင်လည်း တကယ် တမ်း လေးလေးစားစား ကြည်ညိုတတ်ကြပေတယ်။

သူလိုကိုယ်လို သာမန်လူစားများကတော့ ရတနာသုံးပါးနှင့်စပ်လျှင် တကယ် ဖျင်းကြတာကိုး။ တချို့များ တရားမနာခင် ငါးပါးသီလကလေး ယူနေ စဉ်ပင် ဝါးခနဲသမ်းတတ်ကြပေတယ်။ တရား အလယ်လောက်ရောက်တော့ လူမှန်းသူမှန်းမသိ အစင်းသား အိပ်ပျော်၍ နေတတ်ကြလေတယ်နော်။ သတိထားကြဖို့ပေါ့။

**ဗုဒ္ဓါဒိသာသနံ သုတွာ၊ တီဟိလင်္ကေဟိ ပူဇယံ။**

**ဟိတွာ တေ သကလံ ဘောဂံ၊ နာထံ ဉဒ္ဒိဿ ပက္ကမုံ။**

**တေ၊** ထိုမဟာကပ္ပိနာ မင်းရာဇာနှင့် ဂုဏ်ဝါထွန်းပြောင် ရံရွေတော် အမတ်တစ်ထောင်တို့သည်။ **ဗုဒ္ဓါဒိသာသနံ၊** ဘုရား, တရား, သံဃာ သုံးဖြာသတ်မှတ် ရတနာမြတ်၏ လူ့ရပ်ထွန်းကား သတင်းစကားကို။ **သုတွာ၊** ကုန်သည်များ အထံမှ ကြောင်းကံသင့်လျော် ကြားသိတော်မူကြ ကုန်သည် ဖြစ်၍။ **တီဟိလင်္ကေဟိ၊** ရတနာတစ်ဆူတစ်ဆူ ကြည်ဖြူမှန်းဆ တစ်သိန်းကျဖြင့် မိန့်ဟချိုသာ သုံးသိန်းသော ဥစ္စာတို့ဖြင့်။ **ပူဇယံ, ပူဇယန္တော၊** မြတ်နိုးကော်ရော် ပူဇော်ပသ ချီးမြှောက်တော်မူခဲ့ကြသည်ဖြစ်၍။ **သကလံဘောဂံ၊** ကုက္ကုဋဝတီ တိုင်းပြည်ပိုင်သ စိုးရရိပ်ငြိမ် အားလုံးသော စည်းစိမ်ချမ်းသာ အဖြာဖြာကိုလည်း။ **ဟိတွာ၊** မြောက်ဝ်သားတော်ကြင်ယာ အနော်ဇာစသား ထိပ်ထားတို့လက်တွင်း ငဲ့ကွက်ကင်း၍ အပ်နှင်းစွန့်လွှတ်တော် မူခဲ့ကြကုန်လျက်။ **နာထံ၊** လောကအတွင်း မှီတင်းကာနေ ပိုလ်ခြေများစွာ သတ္တဝါတို့၏ ကိုးကွယ်ရာမှန် ကေန်ဖြစ်ငြား မြတ်ဘုရားကို။ **ဉဒ္ဒိဿ၊** အားလုံးစုံညီ ဂုဏ်လီလီကို ယုံကြည်ဇမ်းတ စိတ်မှန်းဆကုန်လျက်။ **ပက္ကမုံ၊** ရှင်တော်ထံမှောက် အမြန်ရောက်အောင် တောက်လျှောက်ဖြောင့်တန်း မပင်ပန်းဘဲ ရွှင်လန်းမသွေ သွားရောက်တော် မူကြလေကုန်သတည်း။

ထိုကဲ့သို့ တိုင်းပြည်နှင့်တကွ စည်းစိမ်ချမ်းသာ အဖြာဖြာတို့ကို အနော်ဇာမိဖုရား ထိပ်ထားလက်တွင်း အပ်ကာနှင်း၍ အမတ်မင်းများနှင့် အတူညီမျှ မြင်းယာဉ်များကို စီးနင်းတော်မူကြလျက် ဗုဒ္ဓရည်မှန်း မြတ်ရဟန်း ဝတ်ဆင်ရေးအတွက် အပြေးကလေး ထွက်တော်မူခဲ့ကြလေရာ အတော် အတန်ခရီးသို့ ပေါက်ရောက်ခဲ့ကြတဲ့အခါမှာ အပရစ္ဆာခေါ်သော မြစ်ကြီး တစ်မြစ်သို့ ရောက်ခဲ့ကြလေတယ်တဲ့။

ထိုအပရဂ္ဂွာခေါ်သော မြစ်ကြီးမှာ နှစ်ဂါဝုတ်မျှ ကျယ်ဝန်းသော မြစ်ကြီးဖြစ်၍ ကူးခတ်စရာ လှေ, ဖောင်, သင်္ဘောကူးတို့များ မရှိဖြစ်သောကြောင့် မဟာကပ္ပိနမင်းတရားကြီးက စဉ်းစားဆင်ခြင်တော်မူသည်မှာ ငါတို့သည် ပဋိသန္ဓေတည်နေရခြင်း ဇာတိ၊ အိုရခြင်း ဇရာ၊ နာရခြင်း ဗျာဓိ၊ သေရခြင်း မရဏ ဘေးဒုက္ခတို့၏ နှိပ်စက်မှုကို မချိမဆံ့ ခံနေကြရသည် ဖြစ်ပေရာ ထိုဆင်းရဲဒုက္ခတို့၏ ကင်းလွတ်ရာ နိဗ္ဗာန်တာသောင်ကမ်းသို့ ဖြောင့်တန်းကူးခတ်ကြရန် ရည်ရွယ်ကြလျက် သုံးသွယ်သော ရတနာတော်များကို အားထားကြ၍ တိုင်းတော်ပြည်တော်မှ ထွက်ခဲ့ကြခြင်း ဖြစ်ပေတယ်။

ယခုအခါ လူသူမနီး တောမြိုင်ကြီးထဲ၌ ကူးခတ်ကြရန် လှေ, ဖောင် မရှိ ခိုင်းရမည့်သူမမြင် ဖြစ်ရကား ငါတို့အားထား ရှင်တော်မြတ်ဘုရား၏ ဂုဏ်တော်မှတစ်ပါး တခြားကြောင်းအင် အမှန်ပင်မရှိတော့ချေ။ ထိုမြတ်စွာ ဘုရားသည်သာလျှင် ငါတို့၏ ကိုယ်စားထင်လင်း လွန်မြောက်ကူးသန်းခြင်း၏ အထောက်အပံ့ အကူအညီ အတည်မလစ် ဖြစ်စေသတည်းဟု သစ္စာဓိဋ္ဌာန် ပြုပြီးလျှင် –

**"ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ"** စသော ဘုရားဂုဏ်တော်ကိုးပါးကို ပွားများဆင်ခြင် ကြင်လင်ရွှင်ပျ ကူးမြောက်ကြလေရာ မြင်းခွာပင် ရေမထိ ပကတိ ကုန်းမြေအပြင်မှာ မောင်းနှင်ကာ သွားရသည့်ပမာ လွယ်ကူစွာဖြင့် မြစ်ကမ်းတစ်ဖက်သို့ ရောက်ကြရလေ တယ်တဲ့။

ထိုအပရဂ္ဂွာမြစ်ကြီးကို ကူးမြောက်လျက် ရှေ့ဆက်လက် ခရီးသွား ကြရာ နီလဝါဟနာ အမည်ရှိသော ယူဇနာဝက်ကျယ်ဝန်းသော မြစ်ကြီးနှင့် တစ်ယူဇနာ ကျယ်ဝန်းသော စန္ဒာဘာဂါ အမည်ရှိတဲ့ မြစ်ကြီးများကို တွေ့ကြရတဲ့အခါမှာလည်း ရှေးနည်းအတိုင်း သစ္စာဓိဋ္ဌာန်ပြုကြကာ **"သွာက္ခာတော ဘဂဝတာ ဓမ္မော"** စသော တရားဂုဏ်တော်ကို ပွားများဆင်ခြင် ကြ၍လည်းကောင်း။ **"သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော"** စသော သံဃာဂုဏ်တော်များကို ဆင်ခြင် ပွားများကြ၍လည်းကောင်း ကူးမြောက် ခဲ့ကြလေရာ မြင်းခွာမျှ ရေမစွတ်မထိ ပကတိ ကုန်းမြေပြင်မှာသွားရသလို လွယ်လင့်တကူဖြင့်ပင် မြစ်ကြီးသုံးတန်ကို ကျော်လွန်ကဲ့ကြရလေတယ်တဲ့။

**ရတနာနိ အဝိဋ္ဌာယ၊ ခုရမဏ္ဍံ အနုလ္လိယံ။**
**ယထာရုပါတအသောပဒိ၊ မဟာနဒီ တိရိသု တော။**

**တော၊** ထိုမဟာကပ္ပိန မင်းရာဇာနှင့် ဂုဏ်ဝါထွန်းပြောင် အမတ်တစ်ထောင်တို့သည်။ **ရတနာနိ၊** ဘုရား တရား သံဃာ သုံးဖြာသတ်မှတ်ရတနာတော်မြတ်တို့ကို။ **အဝိဋ္ဌာယ၊** ရည်မျှော်ကိုးစား ပွားများဆင်ခြင်စိတ်တွင်မှန်းဆ အဓိဋ္ဌာန်တော်မူကြကုန်လျက်။ **ခုရမဏ္ဍံ၊** စီးတော်မြင်းများဆင်းသွားရေပြင် ခွာစင်မျှကိုသော်လည်း။ **အနုလ္လိယန္တ ၁၊** ရေတစ်ပေါက်မျှမစွတ်ဆိုစေကြကုန်သည်ဖြစ်၍။ **ယထာရုပါတအသောပဒိ၊** ပြည်တော်တွင်းမှစီးနင်းလာကြား မြင်းယာဉ်တော်များ။ **မဟာနဒီ၊** အပရစ္ဆ၊ နီလဝါဟနာ၊ စန္ဒာဘာဂါ သုံးဖြာဆီးတား မြစ်ကြီးများကို။ **တရိသု၊** ကုန်းမြေပြင်ဝယ်သွားသည့်နှယ်သို့ မဖယ်ဖြောင့်တန်း ရွှင်လန်းညီတူ ကူးမြောက်တော်မူကြကုန်သတည်း။

ထိုကဲ့သို့ မြစ်ကြီးသုံးသွယ်တို့ကို ရတနာသုံးပါး ဂုဏ်တော်များနှင့်အားထားရွှင်ပျော် ကူးမြောက်တော်မူခဲ့လေရာ နောက်ဆုံးဖြစ်သော စန္ဒာဘာဂါမြစ်ကြီး၏ တစ်ဖက်ကမ်းသို့ တက်လှမ်းတော်မူကြသည်နှင့် တစ်ပြိုင်နက်တရားရေအေး တိုက်ကျွေးမည် စိတ်မှန်းဖြင့် လမ်းခုလတ်ကြွချီ ခြောက်ရောင်ခြည်ပြောင်ဝင်းလျက် ညောင်ပင်ရင်းမှ စောင့်မျှော်နေတော်မူသော သုံးလူ့ထွတ်တင် ဘုရင်ဥက္ကဋ္ဌ ဗုဒ္ဓမြတ်စွာ စိန္တေယျာ သေချာဂန တွေ့မြင်ရတာနှင့်မဟာကပ္ပိနမင်းရာဇာသည် မိမိတို့ရည်စူး ကြည်နူးမှန်းဆ တမ်းတကိုးစားမြတ်ဘုရားအစစ် ကေန်ပင်ဖြစ်ကြောင်းကို သိရှိတော်မူသည်ဖြစ်၍ စီးတော်မြင်းမှ ဆင်းသက်တော်မူပြီးလျှင် လက်အုပ်ချီမိုး ရှိခိုးဦးတင် ခြေလျင်သာလျှောက်သွားလျက် နောက်တော်ပါး အမတ်တစ်ထောင်တို့နှင့် ထွတ်ခေါင်ထံတော်မှောက်သို့ ချဉ်းကပ်ရောက် အထူးရွှင်လျက် ဖူးမြင် ခစားကာနေကြလေတယ်တဲ့။

ထိုအခါ လောကထွတ်တင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ကရုဏာတော်ရှေ့ထား ချစ်သနားတော်မူလှသည့်အတွက် တရားရေအေး တိုက်ကျွေးဟောပြတော်မူလိုက်လေရာ မဟာကပ္ပိနမင်းကြီးနှင့်တကွ ရံရွေတော်အမတ်တစ်ထောင်တို့သည် ကိလေမှောင်ခွင်း သောတာပတ္တိမဂ်ဖိုလ်တည်းဟူသော

ဉာဏ်ရောင်အလင်းကို မယွင်းမှုချ ရတော်မူကြသည်ဖြစ်၍ သာသနာ့ဝန်ထမ်း ရှင်ရဟန်းဖြစ်လိုကြသည့်အကြောင်းကို လက်ဆယ်ချောင်း ထိပ်ထက်ချီ ရွှင်ကြည်လေးစား တောင်းပန် လျှောက်ထားကြလေတယ်တဲ့။

ရှင်တော်မြတ်ဘုရားကလည်း ထိုမင်းအမတ်တို့သည် ရှေးအတိတ်က ပစ္စေကဗုဒ္ဓါတစ်ထောင်တို့အား ကထိန်လျာ သင်္ကန်းများကို လှူဒါန်းကြဖူးသော ပါရမီရှင်များဖြစ်ကြောင်း အစုံအလင် သိတော်မူပြီး ဖြစ်သည့်အတိုင်းပဲ လက်ယာ လက်တော်ကို ဆန့်တန်းတော်မူလျက် "**ဧဟိ ဘိက္ခဝေါ စရထ ဗြဟ္မစရိယံ သမ္မာဒုက္ခဿ အန္တကိရိယာယ။** ချစ်သားရဟန်းတို့...ငါဘုရားထံ အမြန်လာကြ၊ ဘဝဇာတ်သိမ်း ဝဋ်ဒုက္ခငြိမ်းရာဖြစ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန်အကျိုး ပွားတိုးစေတတ် မြတ်သော ရဟန်းတရားခေါ် အကျင့်များကို ကျင့်ကြပေတော့" ဟူ၍ မိန့်ကြားတော်မူလိုက်သည်နှင့်တစ်ပြိုင်နက် လူ့အသွင်ဖြစ်တဲ့ လုံချည်, အင်္ကျီ, ခေါင်းပေါင်း, ပဝါ, ရောင်ဆံထုံး, မုတ်ဆိတ်ကျင်စွယ် ဗိုလ်ဆံတောက်စသည်များ အကုန်ပျောက်ကွယ်၍ သင်္ကန်း,သပိတ် ပရိက္ခရာ ရှစ်သွယ် ကိုယ်ဝတ်ဆင်မြန်း ရှင်ရဟန်းအသွင်ကို ချက်ချင်းပင် ရရှိတော်မူကြလေတယ်။

ကုသိုလ်အကျိုးပေးပုံများဟာ ဘယ်လောက်အံ့သြစရာ ကောင်းသလဲ ဆိုတာ စဉ်းစားဆင်ခြင် သိမြင်အားကျစရာပေါ့နော်။ ဒါတင်မက ရှေးဘဝက သင်္ကန်း,သပိတ်, ပရိက္ခရာ အလှူများ၏ အရေးတကြီး လိုအပ်ကြောင်း ကောင်းကောင်း သိနိုင်သည့် သက်သေသာဓကကြီး တစ်ခုပေါ့။

ဥယျာဉ်တော်အနီးမှာ ကျန်ရစ်ကြတဲ့ လှည်းကုန်သည်များလည်း မင်းကြီးမှာကြားထားခဲ့သည့်အတိုင်း အနော်ဇာ မိဖုရားကြီးအထံရင်းသို့ ကပ်ချဉ်းသွားရောက်ကြလျက် မဟာကပ္ပိန၏ စာချွန်တော်များကို ပေးဆက်ကြလေတယ်။ မိဖုရားကြီးလည်း စာချွန်တော်ပါအကြောင်းအရာများကို သိရပြီးနောက် လှည်းကုန်သည်များနှင့် စကားပြောဆိုမေးမြန်းကာ လောကဓာတ်အတွင်း ရတနာသုံးဆူ ပွင့်ထွန်းနေတော်မူကြောင်း ကြားရတဲ့အတွက် ဘုရင်မြတ်နည်းတူ သုံးကြိမ်စီ မေ့မြောတော်မူပြီးမှ ကျနထင်ထင် သိမြင်တော်မူရသည့်အတွက် ရတနာတစ်ဆူတစ်ဆူအား သုံးသိန်းစီသော ဉစ္စာ, ရွှေ,ငွေများဖြင့် ပူဇော်ချီးမြှင့်ပြီးလျှင် ဘုရင်မင်းမြတ်၏ ပေးချီးမြှင့်သော

သုံးသိန်းနှင့်တကွ ဥစ္စာ,ရွှေ,ငွေ ၁၂သိန်းတို့ကို ဘဏ္ဍာတော်တိုက်မှ ထုတ်ဆောင်ကာ လှည်းကုန်သည်များအား ရတနာသတင်း ပြောကြား သိစေခြင်းအတွက် နှစ်သက်ကြည်ဖြူ ချီးမြှင့်တော်မူပြီးလျှင်...

"ယခုအခါ မောင်တော်မဟာကပ္ပိနသည် တိုင်းပြည်ရိပ်ငြိမ် စည်းစိမ် စားစား သားမယားများကိုပင် စွန့်လွှတ်တော်မူခဲ့၍ သုံးလောကထွတ်ထား ဘုရားရှင်တော်ထံပါးသို့ နောက်ပါးတော် အမတ်တစ်ထောင်တို့နှင့်တကွ တောထွက်သွားတော်မူကြလေပြီ၊ ငါတို့လည်း သူများစွန့်ပစ်ထားခဲ့သော တံတွေးပေါက်ပမာ စည်းစိမ်ချမ်းသာများ၌ တွယ်တာခင်မင်နေ၍ မဖြစ် တော့ပေ။ သုံးလူ့ထွတ်မှူး စိတ်ရည်စူးလျက် ကြည်နူးရွှင်ပျ ထေရီမအသွင် ဝတ်ဆင်ရတော့မည်"ဟု ဆုံးဖြတ်ချက်ချပြီးလျှင် အမတ်ကတော် တစ်ထောင် တို့ကိုခေါ်စေလျက် အောက်ပါ ဂါထာကလေးဖြင့် တိုင်ပင်စကား ပြောကြား လေတယ်တဲ့။

**သာမိကာ အမ္မေ သဋ္ဌိယာ၊ လောကနာထဝသံ ဂတာ။**

**ကိဉ္စိ ဝေါ ဝသေယျာထ၊ တေသံဝါ နပဗ္ဗဇိတာ။**

**အယျော၊** အိမ်ရှင်သက်ထား စွန့်ပစ်သွား၍ ကိုးစားကင်းပ မှဆိုးမအသွင် ခုပင်ဖြစ်ငြား အို... ညီမတော်အများတို့။ **သာမိကာ၊** ကျော့မှူးထိပ်တင် ဘုရင်ကပ္ပိန မင်းရာဇနှင့် မယ်များထိပ်ခေါင် တစ်ထောင်မှူးမတ် အမြတ် တင်စား အရှင့်သားတို့သည်။ **အမ္မေ၊** အားအင်နည်းပါး မိန်းမသားစစ် အမှန်ဖြစ်ပေ ငါတို့တစ်တွေကို။ **သဋ္ဌိယာ၊** ချစ်စိတ်ကင်းကွာ မညှာမသနား စွန့်ခွာထားခဲ့ကြကုန်သည်ဖြစ်၍။ **လောကနာထ ဝသံ၊** လောကအတွင်း ထင်လင်းပွင့်ပေါ် ရှင်တော်မြတ်ဘုရား ထံတော်ပါးသို့။ **ဂတာ၊** ဘောဂရိပ်ငြိမ် စည်းစိမ်ဥစ္စာ စိတ်မပါဘဲ ဖန်ဝါဆင်မြန်း ရှင်ရဟန်းအား စိတ်မှန်းကြ၍ မှချမသွေ သွားရောက်တော်မူကြလေကုန်ပြီ။ **ဝေါ–တုမှေပိ၊** ချစ်သူသက်လျာ၊ ကင်းကွာကြတောင်း သင် ညီမတော် အပေါင်းတို့သည်လည်း။ **ဣဓေဝ၊** တံတွေးပေါက်ပမာ စွန့်ပစ်ခွာသည့် မြို့ရွာအိမ်ခြေ စိန်ရွှေပြည့်ဝ ဤဌာနဉ္ သာလျှင်။ **ဝသေယျာထ ကိံနု၊** မခွဲရက်မခွာနိုင် ငါကိုယ်ပိုင်စစ် ကေန်ဖြစ်ဟု အချစ်စိတ်စွဲ အမြဲထာဝရ နေထိုင်ကြကုန်မည်လော။ **တေသံဝါ၊** ဖန်ဝါဆင်မြန်း ရှင်ရဟန်းဘဝ စိတ်မှန်းဆ၍ မြန်းကြွရွှင်ပျော် မယ်မောင်တော်တို့ကိုသာလျှင်။

**အနုပဗ္ဗိတာ၊** အတုယူယာ ဖန်ဝါသက်နီး ဆင်မြန်းစံပယ် ထေရ်ရှိမယ်ဘဝ ကပ်ရောက်ကြကုန်သည်။ **ဘဝေယျာထက်မျှ၊** လောကထွက်မှုး စိတ်ရည်စူး၍ ကြည်နူးစင်စစ် အမှန်ပင်ဖြစ်နိုင်ကြကုန်မည်လော။

စုဝေးညီညာ ရောက်လာကြတောင်း အို...ညီမတော် အပေါင်းတို့၊ လောကသုံးခွင် ဘုံအပြင်မှာ ရှင်ပင်ထွက်ထား မြတ်ဘုရားတို့၏ မခြားနေဝန်း ပွင့်ထွန်းပေါ်ပေါက်၍ လာပေသောကြောင့် မဟာကပ္ပိန မင်းရာဇနှင့် မယ်များထိပ်ခေါင် အမတ်တစ်ထောင် အရှင့်သားတို့သည် မြတ်ဗုဒ္ဓဂုဏ်ထူး စိတ်ထားကာ ရှယ်စူးကြလျက် တိုင်းပြည်မြို့ရွာ အိမ်ဂေဟာနှင့် အဖြာဖြာအဝဝ စည်းစိမ်ချမ်းသာ ဟူသမျှတို့ကို ကြင်ယာသက်ထား မိန်းမတို့အား လက်တွင်း အပ်ကာနှင်း၍ ငဲ့ကွက်ခြင်းမဖက် တောထွက်၍ သွားကြပေပြီ။ ညီမတော် အပေါင်းတို့ကော ဘယ်လိုလုပ်ကြမှာလဲ၊ မောင်ဘုရားများ စွန့်ခွာရတနာ အဝဝဟူသမျှတို့ကို အားရညွတ်နူး စိတ်ရွှင်မြူးလျက် အထူးချစ်ခင် အစဉ် ထာဝရ အုပ်စိုးခံစား၍ နေကြမည်လော။

သို့တည်းမဟုတ် အရှင့်သားများနည်းတူ မြတ်ဘုန်းလူ ထံမှောက်သို့ အမြန်ရောက် ကြွလှမ်းကြ၍ ရဟန်းမထေရ်ရှိမယ် ကေသီပယ် ဝတ်သင်္ကန်းဖြင့် ရှင်လန်းဟာဒယ နေထိုင်ကြမည်လော စသည်ဖြင့် အနော်ဇာထိပ်ထား မိဖုရားကြီးက နောက်ငယ်သား အမတ်ကတော်တို့ကို မေးမြန်းတော် မူလိုက်လေတယ်တဲ့။

ထိုသို့ အနော်ဇာမိဖုရားကြီးက မေးမြန်းတော်မူတဲ့အခါမှာ အမတ် ကတော် တစ်ထောင်တို့ကလည်း အရှင်မိဖုရား သဘောကျအတိုင်း ပြုလုပ် စီစဉ်ပါလျှင် မသွေကြဉ် နောက်တော်ပါးက မဖောက်ပြား လိုက်နာကြမည့် အရေးကို အပြေးကလေး စကားပြန်ပေးလိုက်ကြတာနှင့် ဝမ်းမြောက်ကြည်ရွှင် အနော်ဇာထိပ်တင်မိဖုရားသည် ရထားပေါင်းတစ်ထောင်တို့ကို အမြန်စီစဉ် လျက် ဗုဒ္ဓကိုရည်စူး ကြည်နူးနှစ်သက် ရှေ့ရှုတော် အမတ်ကတော်တစ်ထောင် တို့နှင့်တကွ တောထွက်တော်မူခဲ့လေရာ အပရစ္ဆာ နီလဝါဟနာ၊ စန္ဒာဘာဂါ မြစ်ကြီးသုံးတန်သို့ ရောက်ကြတဲ့အခါမှာလည်း မဟာကပ္ပိနမင်းကြီးအတူ သုံးဆူသော ရတနာတို့၏ ဂုဏ်တော်မြတ်အတန်တန်တို့ကို ရည်သန် မိဋ္ဌာန်ချက်ဖြင့် စိတ်လက်ကြည်ဖြူ လွယ်ကူစွာ ကူးမြောက်ကြလေရာ

ရထားဘီးမျှရေမစို ကမ်းထိုထိုကုန်းပြင်ထက်သို့ ပြီးရွှင်လျက်သာ ရောက်ခဲ့ကြပြီးလျှင် ခရီးနှင့် မရပ်မနားဘဲ မြတ်ဘုရား၏ ခြေတော်ရင်းသို့သာ ဝပ်စင်းဦးတင် ဖူးမြင်၍သာ နေကြလေတယ်တဲ့။

လောကထွတ်ထား မြတ်ဘုရားကလည်း မိဖုရားနှင့်တကွ အမတ်ကတော် တစ်ထောင်များ ထံတော်ပါးသို့ ရောက်လာတဲ့အခါ မင်းအမတ်တို့ကို တွေ့ရှိခဲ့ပါလျှင် အချင်းချင်း စကားပြောဆို ပြစ်တင်ပြုနေကြလျက် ဟောပြောဆဲ တရားတော်ကို စိတ်မစူးစိုက်ဘဲနေကြကာ မဂ်,ဖိုလ်လွဲသုံးအချိန်ကုန်နေကြမည့်အရေးကို ကြိုတွေးသိမြင်တော် မူပြီးဖြစ်သည့်အတိုင်း မိဖုရားနှင့် ဘုရင်မင်း မတွေ့မြင်ရစေခြင်းအကျိုးငှာ ကိုယ်တော်၏ တန်ခိုး စွမ်းဖြင့် ဖယ်ရှားကွယ်ဝှက် ခိဒ္ဓာန်ချက် ပြုတော်မူထားလိုက်ကာ နှုတ်ဆက် မေးမြန်း ရွှင်လန်းကြည်ဖြူ။ တရားရေအေး တိုက်ကျွေးတော်မူလိုက်လေလျှင် အနော်ဇာထိပ်ထား မိဖုရားနှင့်တကွ အမတ်ကတော်တစ်ထောင်တို့သည် သောတာပတ္တိ မဂ်ဉာဏ်အမြင်ရ အရိယာသူတော်စင်ဘဝကို ရတော်မူကြ လေတယ်တဲ့။

မဟာကပ္ပိနထေရ်မြတ်နှင့် အမတ်ရဟန်းတစ်ထောင်တို့ သည်လည်း မိဖုရားများအား ဟောကြားတော်မူသော ရှင်တော်မြတ်ဘုရား၏ တရားဝမ္မကို ကျွန်မှတ်သား ထပ်မံ၍ နာကြားရလေသောကြောင့် ကိလေသာရန် ယယ်လှန်စွန့်ခွာ ရဟန္တာအရှင်မြတ်များ ဖြစ်သွားကြရလေတယ်တဲ့။

ထိုကဲ့သို့ မင်းနှင့်မိဖုရား အားလုံးသော ပါရမီရှင် ပုဂ္ဂိုလ်များသည် ရဟန္တာ, သောတာပန် အသီးသီး ဖြစ်ကြပြီးတဲ့အခါ ရှင်တော်မြတ်ဘုရားက မိမိ၏ ခိဒ္ဓာန်ချက် တန်ခိုးတော်ကို ရုပ်သိမ်းတော်မူလိုက်လေရာ မင်း, မိဖုရားအချင်းချင်းတို့သည် ဘွားခနဲ တအံ့တဩ တွေ့မြင်ကြရတဲ့အတွက် ဝမ်းမြောက်ဝမ်းသာဖြင့် နှုတ်ခွန်းဆက်သ မိဖုရားများက ဦးချမြတ်နိုး ရှိခိုးဖူးမြော်ကြလေ ယ်တဲ့။

သည်လိုနေရာမှာ... အရိယာသူတော်စင် ပါရမီရှင် ရင့်မကြီးများ ဖြစ်ကြပြီး၍သာ သက်သာရာ ရကြတာပေါ့နော်။ ပုထုဇဉ်သားတွေများ ဖြစ်ကြပါလျှင် မြတ်စွာဘုရား ကိုယ်တော်မြတ်ပင် တားမရ ဆီးမရနိုင် ထိုင်ရာကတောင် ထပြေးရမည့် အဖြစ်မျိုး အမှန်ပေါ့နော်။

အနော်ဇာ အမျိုးရှိသော အရိယာနွယ်ဝင်သူတော်စင် အမတ်ကတော် တစ်ထောင်တို့သည် ဘုရားရှင်ထံပါး ခဝပ်တွား၍ ရဟန်းများပြုရန်တောင်းပန်ကြသောကြောင့် ရှင်တော်မြတ်ဘုရားက ဥပ္ပလဝဏ်ထေရီမ၏ မြန်းကြွလာခြင်းကို တမ်းတတော်မူလိုက်သည့်အတွက် ခဏအတွင်း ထံတော်ရင်းသို့ ဥပ္ပလဝဏ်ထေရီ ကြွချီကပ်ချဉ်းလာသဖြင့် မင်းမိဖုရား တစ်ထောင်တို့သည် ထေရီမနှင့်အတူ သာဝတ္ထိပြည်သို့ လိုက်သွားကြပြီးလျှင် မကြာခင်ဘဲ ရဟန်းအဖြစ်ကိုရကြလျက် ရှေ့ကိုဆက်လက်ကာ တရားဓမ္မများကို အားထုတ်ကြိုးစားလိုက်ကြရာ ရက်ကာလအတန်ငယ်အတွင်းမှာပင် ကိလေသာရန်တွန်းလှန်ပယ်ရှား ရဟန္တာထေရီမများ ဖြစ်ကြပြီးလျှင် အမတရွှေပြည်ထူးကို ကြည်နူးရွှင်ပျ သွားရောက်တော် မူကြလေတယ်တဲ့။

မြတ်စွာဘုရားသခင် ကိုယ်ဇော်မြတ်ကြီးသည်လည်း မဟာကပ္ပိန အမျိုးရှိသော ရဟန္တာတစ်ထောင်တို့နှင့်တကွ ကောင်းကင်ခရီး ဈာန်ယာဉ်စီးလျက် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ကြီးသို့ ကြွမြန်းတော်မူခဲ့ကြလေတယ်တဲ့။ မဟာကပ္ပိနမထေရ်နှင့် အမဝါရဟန်း တစ်ထောင်တို့သည် သာသနာတော်မြတ်၏ အထွတ်အထိပ်သို့ရောက်ကြကာ သာသနာတော်တစ်လွှားမှာ ဂုဏ်ထင်ရှားကြလျက် စိတ်လက်ကြည်နူး နိဗ္ဗာန်တည်းဟူသော ရွှေပြည်အထူးသို့သာ သွားရောက်စံပျော်တော်မူကြလေတယ်တဲ့။

မဟာကပ္ပိနမင်းနှင့် အနော်ဇာမိဖုရား အမျိုးရှိသော အမတ်တစ်ထောင်၊ အမတ်ကတော် တစ်ထောင်တို့သည် ရှေးစဉ်အခါ ဒီပင်္ကရာမြတ်ဘုရား ထံတော်ပါးမှစ၍ စိတ်တူကိုယ်မျှ ရွှင်ပျညီညာ ကောင်းမှုပါရမီ အဖြာဖြာတို့ကို ပေါင်းစုကာ ဖြည့်ကျင့်ခဲ့ကြလေတဲ့ အတွက်ကြောင့် ကောင်းတူ့ဆိုးဖက် ဘဝအဆက်ဆက်တို့၌ မကွဲမကွာ တညီတညာတည်းပင် လူ့ပြည် နတ်ပြည် အလီလီသော ချမ်းသာသုခ အဝဝတို့ကို ပါရမီတော် ဖြည့်ကျင့်ကြရင်း ခံစားစံစားတော်မူခဲ့ကြ၍ နောက်ပိတ်ဆုံး ဘဝမှာလည်း တစ်ယောက်တောထွက်က တောသို့သာ ဂညီတညာတည်း ထွက်ခဲ့ကြ၍ ဖန်ဝါတပ်စွမ်းသင်္ကန်းဆင်ယင် ထေရ်အ ⸗ ထေရီအရှင်များ ဖြစ်ကြလျက် အာသဝေါကင်းကွာ ရဟန္တာကြီးများ ⸗ ဖြစ်နှင့် ဘဝဇာတ်သိမ်း အေးငြိမ်းရာမှန်လှနန်းအမတ နိဗ္ဗာန်ပြည်သို့ ကြွချီစံမြန်းတော် မူကြလေတယ်တဲ့။

**သမစိတ္တာ ကုသလာနိ၊ ကတ္တာ ကပ္ပိနအာဒယော။**
**သဟောဝ သမသရိတ္တာန၊ သဟ ခေမ်ပီ တာရယုံ။**

**ကပ္ပိနအာဒယော၊** မဟာကပ္ပိန မင်းရာဇနှင့် ကြင်ယာမျက်ဖျော် အနော်ဇာစသား နှစ်ထောင်ကျော်သော မင်းအမတ်တို့သည်။ **ပုရေ** ပါရမီဖြည့်စဉ် ရှေးယခင်ကာလ သမယဉ်။ **သမစိတ္တာ၊** တစ်ဦးနှင့်တစ်ဦး အထူးသက်ညှာ ကူညီကာဖြင့် စိတ်စေတနာဆန္ဒ တူညီတော် မူကြကုန်သည် ဖြစ်၍။ **ကုသလာနိ၊** မဂ်,ဖိုလ်,နိဗ္ဗာန် ကေန်ရောက်ကြောင်း ဒါ, သီ, ဘာ သော ကုသိုလ်ပါရမီ အပေါင်းတို့ကို။ **ကတ္တာန၊** ပေါင်းဆုံညီညာ စုဝေး ကာဖြင့် ကြည်သာရွှင်ပျ ဖြည့်ကျင့်တော်မူကြကုန်သည်ဖြစ်၍။ **သဟောဝ၊** လူဖြစ်လျှင်အတူ နတ်ဖြစ်လျှင်လည်း မကွေကွဲ ယှဉ်တွဲစုရုံး တစ်လုံး တစ်စည်းတည်းသာလျှင်။ **သံသရိတ္တာန၊** လူ့ပြည်နတ်ပြည် ဘုံထိုဤ၌ လှည့်လည်ဆိုက်ကပ် ချမ်းသာမြတ်အစုံ ခံစံတော်မူခဲ့ကြကုန်သည်ဖြစ်၍။ **ခေမံပီ၊** ဘေးအန္တရာယ် အသွယ်သွယ်တို့ ပျက်ပြယ်ကင်းပ အေးမြရာမှန် မြတ်နိဗ္ဗာန်သို့လည်း။ **သဟောဝ၊** မဂ်ရောဖိုလ်ပါ ပဋိသမ္ဘိဒါနှင့် လောကုတ္တရာ အောင်ပန်း ရွှင်လန်းညီတူ ရယူတော်မူကြကုန်ပြီးလျှင်။ **တာရယုံ၊** အရဟတ္တဖိုလ် မြတ်အောင်လံလွှင့် ဂုဏ်ရောင်တင့်၍ မလင့်မှန်စွာ ကူးမြောက်တော်မူကြပါ ပေကုန်သတည်း။

ကုသိုလ်ရေးရာ၌ စိတ်စေတနာ တူညီစွာပြုရခြင်းလည်း ဓမ္မိကတရား သဘောအညီ ရှင်ကြည်ဟာဒယ အေးမြသွတ်နူး အထူးပင် ပျော်စရာကြီး ပေါ့နော်။

အဲ... ယခုဟောပြပြီးသော ဒေသနာအစဉ်ကို လိုရင်း ချုံးလိုက် ပါလျှင်...

၁။ မဟာကပ္ပိနမင်းနှင့် အနော်ဇာမိဖုရား အမှူးရှိသော အမတ်တစ်ထောင်၊ အမတ်ကတော်တစ်ထောင်တို့၏ ဝမ်းမြောက်ညီညာ ပစ္စေကဗုဒ္ဓါ တစ်ထောင်တို့အား တစ်ဝါတွင်းကာလ ပစ္စည်းလေးပါးဖြင့် ချီးမြှောက်ခဲ့ ကြပုံ။

၂။ ဗါကျွတ်တဲ့အခါ တစ်အိမ် သင်္ကန်းတစ်ထည်ကျဖြင့် ကထိန်လျာ သင်္ကန်းလှူဒါန ပြုခဲ့ကြပုံ။

၃။ တညီတညာတည်း ကုသိုလ်ပြုခဲ့ကြ၍ မကွာမကွဲ တစ်ပေါင်းတည်းသာ လူနတ်တို့၏ ချမ်းသာကို ခံစားကြရပုံ။

၄။ ဘုရား,တရား,သံဃာ ရတနာသုံးပါးတို့၏ ဂုဏ်တော်ကို ပွားများကြ လျက် မြစ်ကြီးများကို မြင်းခွာ, ရထားဘီး ရေမစိုဘဲ ကူးနိုင်ကြပုံ။

၅။ ကထိန်သင်္ကန်းလှူရသောကြောင့် ပေဟိဘိက္ခု ခေါ်ရုံမျှဖြင့် ရဟန်း အဖြစ်ကို ရတော်မူကြပုံ။

၆။ တန်ခိုးဖြင့်ပြီးသော သင်္ကန်း, သပိတ်, ပရိက္ခရာများကို ရရှိကြကာ တညီတညာတည်း ရဟန္တာများဖြစ်ကြပြီးလျှင် မဂ်,ဖိုလ်,နိဗ္ဗာန် ချမ်းသာမှန်ကို ရကြပုံ။

ဤသို့ ဆိုအပ်ခဲ့ပြီးသော အကြောင်းအရာအစုံကို ဉာဏ်တွင်ရှုစား ထင်မြင်နိုင်ကြ၍ ကောင်းမှုကုသိုလ်၏ အရေးကြီးကြောင်းနှင့်တကွ စုပေါင်း ညီညာ ပြုလုပ်ကြရသော ကုသိုလ်သည် သံသရာတစ်ခွင် ပါရမီဖြည့်စဉ် အခါမှာလည်း ပျော်ပျော်ကြီး ခံစားကြ၍ နိဗ္ဗာန်ကို စံဝင်ကြရတဲ့အခါမှာပင် တညီတညာ တပျော်တပါးကြီး ဖြစ်ပေသည်ဟု ဝမ်းမြောက် ကြည်နူး အထူးပင် အားကျကြလျက် ပါရမီမြောက်သော ဒါန, သီလ, ဘာဝနာ အဖြာဖြာသော ကောင်းမှုတို့ကို ဖြည့်ကျင့်ပွားများနိုင်ကြ၍ ဘဝဇာတ်သိမ်း အေးငြိမ်းရာမှန် မြတ်နိဗ္ဗာန် မြန်မြန်ကြီး မျက်မှောက်ပြုနိုင်ကြပါစေသတည်း။

# သင်္ကန်းမလှူ ဟေဘိက္ခု အခေါ်မခံရ တရားတော်

ရှေးအခါက သင်္ကန်း, သပိတ်, ပရိက္ခရာ လှူဒါန်းဖူးသူများကို ရှင်တော်ဘုရားက "ဟေဘိက္ခု"ဟု ခေါ်ကာမျှဖြင့် လူ့ အသွင်ပျောက် ပရိက္ခရာရှစ်ပုံ ကိုယ်မှာရောက်၍ ဆင်မြန်းဝတ်ရုံပြီး ထေရ်ရှင်ရဟန်းအဖြစ် ရဖို့ရန် လွယ်ကူသလောက် ရှေးရှေးဘဝတို့က ပရိက္ခရာမလှူဖူးသူများမှာ အာသဝေါကုန်ခန်း ရဟန္တာရှင့်မာကြီးပင် ဖြစ်ကြရသော်လည်း "ဟေဘိက္ခု" အခေါ်ခံရဖို့ နေနေသာသာ ဝတ်ဆင်ရန် သင်္ကန်းမရှိကြ၍ ရှင်ရဟန်းအဖြစ် ကိုမျှပင် မရနိုင်ကြလေဘူးတဲ့နော်။

***"အူမတောင့်မှ သီလ စောင့်နိုင်သည်။***
***ဝမ်းရေးပြည့်မှ ဆွမ်းရေး ဖြည့်နိုင်သည်။"***

ဆိုတဲ့ လင်္ကာစကားများအတိုင်း ရှေးအခါက ဒါနမျိုးစေ့ နည်းပါးခဲ့ကြဖူးတဲ့သူများမှာ ဖြစ်လေရာ သံသရာဘဝ ပါရမီဖြည့်ကျင့်စဉ်ကာလတို့၌ ဘာမျှလိုလားချက် မပြည့်စုံ၊ နေ့ရှိတိုင်း မျက်နှာသုန်လျက် လူဘုံအလယ် ညှိုးငယ်နွမ်းလျ အောက်တန်းစားများသာ ဖြစ်ရှာကြ၍ စားသောက်ရေးအတွက် မပြည့်စုံ၊ ဝတ်ဆင်နေထိုင်ရေးအတွက်လည်း မဖူလုံရှာကြဘဲ နေ့ရှိတိုင်း ဝမ်းရေးအတွက်ကိုသာ ရှာကြံကြိုးစားမှုဖြင့် အချိန်ကုန်လွန်သွားကြရလို့မို့ ယခုဘဝ နောင်ဘဝ ကောင်းစား ချမ်းသာရေးအတွက် အလှူပေးခြင်း၊ ဥပုသ်သီတင်းဆောက် တည်စောင့်သုံးခြင်း၊ ကမ္မဋ္ဌာန်း အားထုတ်ခြင်း စသော ကုသိုလ်ရေးရာ ပါရမီများကို မဖြည့်ကျင့်နိုင်ရှာကြဘူးတဲ့နော်။

ရှေးအခါက ကဿပရှင်တော်ဘုရား၏ သာသနာတော် နောက်ပိုင်းနားဆီက သာသနာတော်ရေးအတွက် စိတ်ထက်မြက်ကြသော ရဟန်းတော်ခုနစ်ပါးတို့သည် သာမဏေ ကိုရင် ပဉ္စင်းငယ်များ၏ ဝိနည်းဒေသနာတော်ကျင့်စဉ်ကို မလေးစား ဖောက်ပြားကျိုးဖျက် သောင်းကျန်းနေကြသည်ကို တွေ့မြင်တော်မူကြရတာနှင့် သာသနာရေးအတွက် စိတ်လက်မရွှင် သံဝေဉာဏ်မြင် ရှေ့သွားပြုကြကာ လူသူဝေးလံ တောမြိုင်ယံ၌ ဝင်စံပျော်ပါး ရဟန်းတရားများကို ကြိုးစားအားထုတ်ကြဖို့ အရေး ဆွေးနွေးတိုင်ပင်ကြပြီးလျှင် ရွာနီးကျောင်းစွန့်ပယ် တောမြိုင်လယ် မြတ်စခန်းသို့ ကြွလှမ်းထွက်တော်မူလာကြလေတယ်တဲ့။

တောမြိုင်တွင်း၌ တောင်ကလာပ်ကြီးတစ်ခုကို တွေ့ကြတဲ့အခါ တောင်ထိပ်ပေါ် တက်ရောက်၍ ရဟန်းတရားများကို ကြိုးစားအားထုတ်ကြရန် လှေကားကို ဖွဲ့ချည်ကြလျက် ကတိခံဝန်ချက်တစ်ခုကို ပြုကြသည်မှာ...

"ကဲ... ငါ့ရှင်တို့၊ ကိုယ့်အသက်ကို ငဲ့ကွက် ညှာတာမှုရှိသူများ ဤနေရာကပင် ပြန်ကြရမည်။ ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ ဖွဲ့သတ္တိထက် မြက်စွာဖြင့် တရားဓမ္မ ကြိုးစားအားထုတ်လိုသော သူများသာလျှင် ဤတောင်ထိပ်ပေါ်သို့ တက်ကြရမည်" ဟု တိုင်ပင် နှီးနှောကြလေရာ ထေရ်ရှင်အားလုံးပင် နောက်ဆုတ်သူမရှိကြဘဲ မကြောက်မရွံ့ ရဲဝံ့သော စိတ်ထားဖြင့် တောင်ထိပ်ပေါ်သို့တက်ကြကာ ထောင်ထားသော လှေကားကြီးကို ဖြုတ်ပစ်ခဲ့ကြ၍ တောင်ပေါ်စခန်း၌ ရဟန်းတရားများကို မနားမနေ ကြိုးစားအားထုတ်ကြလေတယ်တဲ့။

ထိုကဲ့သို့ သက်စွန့်ကြိုးပမ်း တောင်ထိပ်စခန်း၌ ရဟန်းတရားများ ကြိုးစားအားထုတ်ကြလေရာ နံနက်အရုဏ်ကျင်း၍ အလင်းသို့ ရောက်တဲ့အခါမှာ အကြီးအကဲဖြစ်သော ထေရ်အရှင်သည် အာသဝေါကုန်ခန်း ရဟန္တာတစ်ဆူဖြစ်တော်မူ သည်ဖြစ်၍ ဈာန်အဘိညာဉ် တန်ခိုးစွမ်းဖြင့် ဟိမဝန္တာတောစခန်းသို့ သွားရောက်ကာ အနောတတ်ရေအိုင်၌ တံပူဝါး မျက်နှာသစ်လျက် မြောက်ကျွန်းမှ ဆွမ်းခံခဲ့ပြီးလျှင် ကျန်မထေရ်ရှင်အပေါင်းတို့အား ပေးကမ်းလှူဒါန်းရှာလေတယ်တဲ့။

ထိုအခါ တရားအားထုတ်ဖက်ဖြစ်ကြသော မထေရ်ခြောက်ပါးတို့က "အရှင်မြတ်ဘုရားတဲ့၊ တပည့်တော်တို့ စ၍ တရားအားထုတ်စဉ်အခါ တုန်းက ရှေးဦးစွာ ရဟန္တာဖြစ်သော သူ၏ခံယူပေးသော ဆွမ်းဘောဇဉ်ကို စားသောက်ကြကာ တရားကျင့်ကြံစတမ်းဟူ၍ ကတိခံဝန်ချက်များ ရှိပါသလားဘုရား" လို့ မေးကြ၍ ကတိခံဝန်မရှိကြောင်း မဟာထေရ်ကြီးပြောတဲ့အခါ "ထိုသို့ ဖြစ်ပါလျှင် အရှင်ပေးသော ဆွမ်းများကို တပည့်တော်တို့ မစားလိုကြပါ၊ အရှင်ကဲ့သို့ ရဟန္တာဖြစ်ကြသော ဈာန်အဘိညာဉ်တန်ခိုးဖြင့် ပျံသန်းကာ ဆွမ်းဘောဇဉ်များ ကို ကိုယ်တိုင်ခံယူပြီးမှသာ စားသောက်ကြပါမည်" ဟူ၍ ထက်မြက်လေးစား ပြင်းပြသောစိတ်ထားဖြင့် မထေရ်ကြီး၏ ဆွမ်းဘောဇဉ် များကို ပယ်ရှားလျက် ရဟန်းတရားများကို ကြိုးစားအားထုတ်ကြလေတယ်တဲ့။

နှစ်ရက်မြောက်နေ့မှာ ဒုတိယမထေရ်မြတ်လည်း အနာဂါမ်ဖြစ်ပြီး ဈာန်အဘိညာဉ် တန်ခိုးဖြင့် ဆွမ်းများကို ခံယူကာ ကျန်မထေရ်များအား ပေးလှူကျွေးမွေးပါသော်လည်း မထေရ်များက ရှေးနည်းအတိုင်း ပယ်ရှားကာ တရားအားထုတ်မြဲ အားထုတ်ကြိုးစား၍သာ နေကြလေတယ်တဲ့။

ထိုရဟန်းတော်ခုနစ်ပါးတို့တွင် ရဟန္တာဖြစ်သော မထေရ်ကြီးက အသက်ထက်ဆုံးနေကာ ပရိနိဗ္ဗာန်စံဝင်တော်မူပြီး အနာဂါမ်မထေရ်မြတ်ကြီးများကတော့ ဗြဟ္မာ့ပြည်ကို ရောက်ရပါသည်။ ကျန်မထေရ်ငါးပါး များသည်ကား ပါရမီဓာတ်ခံ မရင့်သန်ကြသေးသည့်အတွက် မဂ်ဖိုလ် တရားထူးများကို မရရှာကြဘဲ အာစာအာဟာရ ပြတ်တောက် ခုနစ်ရက် မြောက်သောနေ့မှာ ငါးပါးလုံးပင် ပျံလွန်တော်မူရှာကြ၍ နတ်ပြည်သို့ သွားရောက် စံပျော်တော်မူကြရရှာလေတယ်တဲ့။

**ဇေဋ္ဌကော နိဗ္ဗာယိ တေသု၊ ဒုတိယော ဗြဟ္မတံ ဂတော။**
**သတ္တမေ သေသာ သဗ္ဗေပိ၊ နိရာဟာရာ ဒိဝံ ဂတာ။**

**တေသု၊** အသက်ခန္ဓာ မငဲ့ညှာဘဲခေမာရောက်ကြောင်း တရားကောင်း ကို စဆောင်းကျင့်ညီ သာသနာ့အာဇာနည် ခုနစ်ဖော်တို့တွင်။ **ဇေဋ္ဌကော၊** သံဃာ့ဦးဆောင် ထိပ်ခေါင်ကျော်မှူး ဂုဏ်ထူးပေါ်ထင် ရဟန္တာထေရ်အရှင်မြတ် ကြီးသည်။ **နိဗ္ဗာယိ၊** ဝဋ်ခန္ဓာဇာတ်သိမ်း၍ အေးငြိမ်းစခန်း နိဗ္ဗာန်နန်းသို့ ကြွမြန်းမသွေ စံပျော်တော်မူရလေပြီ။ **ဒုတိယော၊** အနာဂါမ်ဂုဏ်ထူး

ဆွတ်ခူးပန်ဆင် ဒုတိယထေရ်အရှင်မြတ်ကြီးသည်ကား။ **မြဟ္မဒတ္တ၊** ကောင်းမြတ်သမုတ် သုဒ္ဓဝါသာ ဂုဏ်တေဇာဝင်းသစ် မြဟ္မာမင်း၏အဖြစ်သို့။ **ဂဝေဘ၊** ချာန်သမာပတ် တန်ခိုးမြတ်ကြောင့် ဆိုက်ကပ်မှန်စွာ ဖြစ်ရပါလေသတည်း။ **သတ္တမေ၊** နေ့ညဥ့်စဉ်ဆက် ရေတွက်ပေါက်ရောက် ခုနစ်ရက်မြောက်သော နေ့၌။ **သေသာသမ္ဘေပီ၊** ကြွင်းကျန်ကြတောင်း အားလုံးသော မထေရ်အပေါင်းတို့သည်လည်း။ **နိရာဟာရာ၊** အစာအာဟာရ မစားသောက်ရဘဲ အားဗလယွင်း ပြတ်ကင်းကြကုန်သည်ဖြစ်၍။ **ဒိဝံဂတာ၊** ခြောက်နတ်ရွာ ထက်စခန်းသို့ တက်လှမ်းရှင်ပျော် သွားရောက်တော်မူကြလေကုန်သတည်း။

"ထမင်းအသက် ခုနစ်ရက်" ဆိုသည့်အတိုင်း အစာအာဟာရ မစားဘဲ တရားအားထုတ်ကြတဲ့ မထေရ်ကျော် ငါးပါးတို့သည်လည်း ခုနစ်ရက်ထက်ပိုလွန်ပြီး အသက်မရှည် နိုင်ကြပေဘူးပေါ့နော်။ ရဟန္တာထေရ်အရှင်နှင့် အနာဂါမ်ထေရ် အရှင်များကတော့ အသက်ထက်ဆုံး နေထိုင်ကြပြီးမှ နိဗ္ဗာန်၊ ဗြဟ္မာ့ပြည်များသို့ အသီးသီး စံမြန်းတော်မူကြရမှာ ပေါ့နော်။

ထိုရဟန်းတော်ငါးပါးတို့သည် နတ်တို့၏ဘုံဌာန၌ စုံညီပြည့်ဝ အေးမြ ကြည်ရွှင် ချမ်းသာအစဉ်တို့ကို စိတ်ထင်လိုကျ ခံစားစံစားတော်မူခဲ့ကြကုန်ပြီး၍ ငါတို့၏ ဘုရားရှင်လက်ထက် တော်မှာ ဂုဏ်ပေါ်ထင်ရှားကြပေသည့် ကုမာရကဿပ, ဒဗ္ဗ, သုပ္ပိယပရိဗိုဇ်, ပုက္ကုသာတိမင်း, ဒါရုစိ–ဟူ၍ အမျိုးကောင်းသားများ အသီးသီး ဖြစ်ပေါ်လာကြကာ ရဟန္တာ, အနာဂါမ် ဟူသော တရားထူးများကို လွယ်ကူတကူ ရရှိတော်မူကြကာ ခေမာ သောင်ကမ်း နိဗ္ဗာန်နန်းသို့ တက်လှမ်းကူး မြောက်တော်မူကြရလေတယ်တဲ့။

ယခု ပြဆိုခဲ့ပြီးသော အကြောင်းအရာ ဝတ္ထုကလေးကို အကျဉ်းချုံး၍ ကြည့်လိုက်ပါလျှင် တကယ်တမ်း တရားဓမ္မ အားထုတ်ကြသော သူများမှာ ယခုဘဝမှာပင် မြင့်မြတ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ်များကို ရနိုင်ကြောင်းနှင့် ပါရမီဓာတ်ခံ မရင့်သန်ကြသေး၍ ယခုဘဝ မဂ်ဖိုလ်ကို မရနိုင်ကြစေကာမူ အပါယ်ငရဲသို့ ကျရောက်ခြင်းမရှိရဘဲ လူနတ်၌ဖြစ်သော ချမ်းသာများကို ခံစားရင်း လွယ်ကူစွာ ပါရမီများ ဆက်လက်အားထုတ်နိုင်ကြကာ နောက်ဘဝ သို့မဟုတ် ခုနစ်ဘဝ သို့မဟုတ် နောက်ဘုရားသာသနာ

တော်မှာ အမှန်ပင် မဂ်,ဖိုလ်ဉာဏ်ကို ရနိုင်ကြ၍ ရွှေပြည်နိဗ္ဗာန်ကို ဝင်စံနိုင်ကြောင်းများကို ထင်ရှားစွာ တွေ့ကြရမယ်။

ထိုဝတ္ထုအစဉ်ကို ဆင်ခြင်စဉ်းစား အကျိုးထူးများကို ရှုစားထင်မြင် ထက်သန်သော စိတ်အစဉ်ဖြင့် နိဗ္ဗာန်ကို တကယ်လိုလား အမျိုးကောင်း သားသမီးများသည် သာသနာ့ အရှိန်အဝါ ထွန်းတောက်ခိုက် ချိန်အခါမှာ "လသာတုန်း ဗိုင်းငင်" ဆိုတဲ့စကားပုံလို ဘဝသံသရာ ဝဋ်ဆင်းရဲများမှ လွတ်မြောက်ကြောင်း ဝိပဿနာဟာမ္မဋ္ဌာန်းတရားများကို ကြိုးစား အားထုတ် နိုင်ကြသည်ဖြစ်၍ သာသနာတော်၏ အဆီအနှစ်ဖြစ်သော ဝိမုတ္တိအရသာ တည်းဟူသော ရွှေပြည်နိဗ္ဗာန်ကြီးကို မဂ်,ဖိုလ်ဉာဏ်အမြင်ဖြင့် တွင်တွင်ကြီး ကူးမြောက် ခံစားနိုင်ကြပါစေဆိုတာ အထူးပဲ တိုက်တွန်း နှိုးဆော်လိုက်ရ ပါတယ်။

ထိုဆိုခဲ့ပြီးသော ပါရမီရှင် အာဇာနည်ပုဂ္ဂိုလ်ခုနစ်ဦးတို့တွင် တစ်ပါး အပါအဝင်ဖြစ်သော ဗာဟိယဒါရုစိ၏ အကြောင်းအရာတို့ကို အကျဉ်းမျှ ပြရပါလျှင်. . .

ငါတို့၏ ဂေါတမရှင်တော်မြတ်သည် သာဝတ္ထိပြည်မှန် ဇေတဝန် ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော်. စံပျော်နေတော်မူစဉ်အခါ အာဇာနည်ငါးဦးများတွင် အပါအဝင်ဖြစ်သော ဒါရုစိ၏ အလောင်းအလျာ တစ်ပါးသည် နတ်ပြည်မှ ဆင်းသက်တော်မူခဲ့၍ မဇ္ဈိမတိုင်း မြို့ငယ်ကလေး တစ်မြို့မှာ နေထိုင်သော ကုန်သည်ပုဏ္ဏားတစ်ဦး၏အိမ်၌ သန္ဓေစွဲကပ် ကိန်းဝပ်စံပျော် ဖြစ်ရရှာလေတယ်တဲ့။

ထိုကုန်သည်သားကလေး ကြီးမြင့်လာ၍ တစ်နေ့မှာ အခြားကုန်သည် များနှင့်အတူ လှေသင်္ဘောကြီး တစ်စင်းက ကုန်များ အပြည့်တင်ကြ၍ သမုဒ္ဒရာတစ်ဖက်ကမ်းသို့ ကုန်ကူးသန်းရောင်းဝယ်ရေးအတွက် သမုဒ္ဒရာ ကြီးကို ဖြတ်သန်း ကူးမြောက်ကြလေရာ သမုဒ္ဒရာအလယ်၌ သင်္ဘောကြီး ပျက်စီးပြီးလျှင် လူအများ ငါး လိပ် မကာရ်းတို့၏ အစာများဖြစ်ကြကာ ပျက်ခြင်းမလှ ပျက်စီး သေဆုံးကြရရှာလေတယ်။

ထိုသင်္ဘောစီးခရီးသည်များထဲမှ အပါအဝင်ဖြစ်သော ဒါရုစိလောင်း ကုန်သည် သတို့သားကလေးမှာ ကံအားလျော်စွာ "သေကံမရောက်

သက်မပျောက်" ဆိုတဲ့အတိုင်း ပျဉ်ချပ်ကလေးတစ်ခုကို မှီတွယ်ပြီး ရောက်လိုရာ ရောက်ပေတော့ဆိုတဲ့ စိတ်ထားဖြင့် ကူးမြောက်သွားလိုက်တာ အသက်ဘေးမှ ချမ်းသာရရှာ၍ သုပ္ပါရက ဆိပ်ကမ်းသို့ ကပ်ရောက်ခဲ့လေတယ်။

"သစ်သားစီကာ ဝတ်ရှာရဘိ ဒါရုစိ" ဆိုတဲ့ လင်္ကာအတိုင်းပဲ ဒါရုစိလောင်းလျာကလေးမှာ သုပ္ပါရကဆိပ်ကမ်းသို့ ချောမောစွာ ဆိုက်ကပ်ခဲ့ရပါသော်လည်း ဝတ်ရုံစရာ ဗလာနတ္ထိဖြစ်နေရှာ၍ ဆိပ်ကမ်းအနီးအနား၌ လိုက်လံကာ အဝတ်ပုဆိုးများကို ရှာပါသော်လည်း ဘာတစ်ခုမှ မတွေ့ရသည့်အတွက် ကြံရာမရ တုတ်စ၊ သစ်ချောင်းကလေးများကို ကြိုးငယ်ကလေးများဖြင့် ယင်းကဲ့သို့ သီကုံးပြီးလျှင် အဝတ်ပမာ ဝတ်ဆင်ကာဖြင့် ဝမ်းစာရရေးအတွက် ရွာအပြင်ဘက်ရှိ နတ်စင်တစ်ခုမှ နတ်အိုးကွဲတစ်လုံးကို ယူပြီး သုပ္ပါရကရွာအတွင်းသို့ ဝင်ရောက်ကာ ထမင်းများ လှည့်လည်လျက် တောင်းရရှာလေတယ်တဲ့။

ထိုအခါ သုပ္ပါရက ရွာသူ ရွာသားများက သစ်သား ယင်းကြီးဝတ်၍ လှည့်လည်နေသော ဒါရုစိကိုမြင်ကြလျှင် ဤသူကား လောကမှာ ထင်ရှားနေတဲ့ ရဟန္တာကြီးတစ်ဆူ ဖြစ်လိမ့်မည်ဟူ၍ စဉ်းစားတိုင်ပင် ပြောဆိုကြာက အစားအသောက် အဝတ်သင်္ကန်းအမျိုးမျိုးတို့ဖြင့် ပေးကမ်းချီးမြှင့် လှူဒါန်းပူဇော်ကြလေတယ်တဲ့။

ထိုအခါ ဒါရုစိကြီးက စဉ်းစားလိုက်သည်မှာ "ငါသည် အဝတ်ပုဆိုးကို မဝတ်ဘဲ သစ်သားစီ ယင်းကိုဝတ်ဆင်သောကြောင့် လူအများက ရဟန္တာဟူ၍ ထင်မှတ်ကာ အစားအသောက် အဝတ်သင်္ကန်း အမျိုးမျိုးတို့ကို လှူဒါန်းပေးကမ်းကြလေသောကြောင့် ဘုန်းကံကြီးမား၍ နေရခြင်းဖြစ်လေရာ သစ်သားယင်းကိုချွတ်၍ အဝတ်ပုဆိုးများကို ဝတ်ခဲ့ပါလျှင် လာဘ်လာဘများ ရနိုင်တော့မည်မဟုတ်ပေ"ဟူ၍ စဉ်းစားဆင်ခြင်ကာ မိမိ၏ လာဘ်လာဘ မဆုတ်ယုတ်ရေးအတွက် လှူလာသမျှသော အဝတ်ပုဆိုးများကို ပယ်ရှားလျက် ရှေးက ဝတ်လာခဲ့ရင်းဖြစ်သော သစ်သားချောင်းစီ ယင်းကြီးကိုသာ ဝတ်ဆင်၍ လှည့်လည်သွားလာနေလေတယ်တဲ့။

ဒါကြောင့် လူအများက ဒါရုစိကြီးကို သစ်သားစီယင်း အဝတ်ကို ဝတ်ဆင်သော ရဟန္တာကြီးဟူ၍ သမုတ်ကြကာ ပါဠိလို "ဒါရုစိ"ဟူ၍ ခေါ်ဆိုကြသောကြောင့် ယနေ့ထက်တိုင် သာသနာဝင်တစ်လျှောက်မှာ ဒါရုစိဟူ၍ နာမည်တွင်ရစ်ခဲ့လေတယ်။ ဒါရုစိသည် လူအများတို့၏ ဝိုင်းဝန်းကာ ရဟန္တာကြီးဟူ၍ ပြောဆိုကြသည်ကို ကြားရဖန်များတာနှင့် မိမိကိုယ်ကို ရဟန္တာပင်ဖြစ်နေသည်ဟု အထင်အမြင်ရောက်ကာ တကယ် ရဟန္တာဖြစ်သည့်အကြောင်း ဝန်ခံလျက် လူများအလယ်မှာ လှည့်လည် သွားလာ၍နေလေတယ်တဲ့။

ထိုကဲ့သို့ ဒါရုစိ၏ ရဟန္တာမဟုတ်ဘဲလျက် ရဟန္တာဟု ဝန်ခံကာ သွားလာနေတာကို ဟိုရှေးယခင်က တရားအတူတကွ အားထုတ်ဖက် ဖြစ်ခဲ့သော သူငယ်ချင်း အနာဂါမ်ပြဟ္မာကြီးက တွေ့မြင်ရတာနှင့် ရဟန္တာစစ် မဟုတ်ပါဘဲလျက် ရဟန္တာဟု ဝန်ခံမှားကာ အမှန်တကယ်ရလာဆဲဖြစ်သော အရဟတ္တဖိုလ်ချမ်းသာထူးမှ ဒါရုစိ၏ လွဲချော်နစ်နာမည့်အရေးကို ကြံဆ မျှော်တွေး စိတ်မအေးလှတာနှင့် ဝေးလံသော ပြဟ္မာ့ပြည်မှ လူ့ပြည်သို့ ဆင်းသက်ခဲ့၍ ညဉ့်ဦးယံအခါ သုပ္ပါရကရွာ အနားနေသော ဒါရုစိ၏အထံပါးသို့ ချဉ်းကပ်လျက် မိမိ၏ ပြဟ္မာ့အသွင်ကို ကောင်းကင်မှာ ထင်ရှားပြ၍ သတိပေးစကား ပြောကြားလိုက်သည်မှာ အောက်နားက ဂါထာအတိုင်း ဖြစ်လေတယ်တဲ့။

**နေ၀ တွံ့ ဗိဏာသဝေါ အာသိ၊ နာပိ အရဟတ္တ ကာရဏ။**
**အထ ကေန နုဝိစရိ၊ အရဟတ္တ ၁မိုတ် ဉာပယံ။ ။**

**သော၊** လူများအလယ် ဂုဏ်ဖြိုးကြွယ်၍ လှည့်လည်နေဘိ အို... ဒါရုစိ။ **တွံ၊** လူသူအများ ပင့်မြှောက်စား၍ ဖောက်ပြားအစဉ် စိတ်ကြီးဝင်ဘိ သင်ဒါရုစိ။ **ဗိဏာသဝေါ၊** ကိလေသာစက် သုံးတောင်ဝတ်ကို ပယ်ဖျက် ကင်းပြတ် ရဟန္တာမြတ် အစစ်အမှန်သည်။ **နေ၀အာသိ၊** စိတ်ကြံစဉ်းစား ယွင်းမမှားနှင့် ထင်ရှားမှုချ မဖြစ်ရသေးသည်သာတည်း။ **တော၊** သူများ မြှောက်ပင့် ဘဝင်မြင့်၍ အကျင့်မှောက်မှား တရားမရှိ သင် ဒါရုစိ၏။ **ရဏ၊** စိတ်ကြံမျှော်မှန်း အကျင့်စခန်းသည်။ အရဟတ္တကာရဏ၊ ကိလေသာ ယသတ် ရဟန္တာမြတ်ဖြစ်ကြောင်း အကျင့်ကောင်း အကျင့်မြတ်သည်။

**နာပိအာသီ၊** စိတ်ကြဲစဉ်းစား ယွင်းမမှားနှင့် ထင်ရှားကေန် မမှန်မဟုတ်သာ တည်း။ **အထ၊** ထိုကဲ့သို့ ကိုယ်တိုင်ကလည်း ရဟန္တာမဖြစ် အကျင့်ဓာလည်း မမှန်ကန် ဖောက်ပြန်ချွတ်ယွင်း နေသည်ဖြစ်လျက်။ **ကေန၊** ဘယ်သို့ ကြောင်းအင် ရည်မှန်းချက် အထင်အမြင်ဖြင့်၊ **အရဟန္တောသ္မိတိ၊** ငါရဟန္တာစစ် ကေန်ဖြစ်ပေ၏ဟူ၍။ **ဉာပယံ၊** တိုင်းသူပြည်သား လူအများတို့ကို ဝါကြွား သိစေလျက်။ **နုဝိစရိ၊** ဟိုဒီမပြတ် ကုန်နှံ့စပ်အောင် လှည့်ပတ်ပုံသေ သွားလာ၍ နေရလေသတည်း။

"**ဗာဟိယ ဒါရုစိ၊** အသင်သည်ကား ရဟန္တာလည်း မဟုတ်၊ သင် ကျင့်နေသော အကျင့်လမ်းများသည်လည်း ရဟန္တာဖြစ်ကြောင်း အကျင့်မှန် မဟုတ်ပေ။ သို့ဖြစ်ပါလျက် ဘယ်အတွက်ကြောင့် ရဟန္တာဖြစ်သည်ဟု ဝန်ခံကာ လူများအလယ် သင်လှည့်လည်သွားလာ ကြွားဝါ၍ နေရလေ သနည်း"ဟု သူငယ်ချင်း ဗြဟ္မာကြီးက သိစေလိုရင်းပေါ့နော်။

ထိုကဲ့သို့ ဗြဟ္မာကြီးက ရှေ့မျက်မှောက်ထင်ရှား ပြောဆိုသော စကားများကို ဒါရုစိကြားရလျှင် အလွန်ပင် ထိတ်လန့် တုန်လှုပ်ရှာလျက် ဗြဟ္မာမင်းကြီးအား လောကအတွင်းမှာ ရဟန္တာစစ် ရှိ,မရှိအကြောင်းကို မေးမြန်းလိုတဲ့ အတွက်ကြောင့် "အို… အရှင်ဗြဟ္မာမင်းကြီး၊ အကျွန်ုပ် ရဟန္တာစစ် မဟုတ်ခဲ့ပါလျှင် လောကမှာ ဘယ်အရာဌာန၌ ရဟန္တာအစစ်များ ရှိပါသနည်း"ဟူ၍ ရှိခိုးဦးခိုက် မေးမြန်းလိုက်ရှာလေတယ်တဲ့။

ထိုအခါ သူငယ်ချင်း ဗြဟ္မာမင်းကြီးက "အသင် ဒါရုစိ၊ ဤဇမ္ဗူဒီပါ ကျွန်း၏ မြောက်အစွန်းရှိ သာဝတ္ထိနေပြည်တော်အနီး ဇေတဝန်ကျောင်းတော် ကြီး၌ တရားဉသုံ အကုန်သိမြင် ဂေါတမအမည်တွင် သဗ္ဗညုသခင် ရှင်ပင်ဘုရားသည် လောကအတွင်း ထင်လင်းကျော်ကြား ထွန်းကား၍ နေပေပြီ၊ သင် ရဟန္တာဖြစ်လိုပါလျှင် ထိုဘုရားရှင် အထံမှောက်သို့ အမြန် ရောက်အောင်သွားကာ ကျင့်ကြံအားထုတ်လေ"ဟု မှာကြားခဲ့လေတယ်။

ဒါရုစိသည် ဗြဟ္မာမင်းကြီးအထံမှ လောက၌ သဗ္ဗညုဘုရား ပွင့်ထွန်း ပေါ်ပေါက်တဲ့အကြောင်းကို ကြားသိရသည်နှင့် တစ်ပြိုင်နက် ရှင်တော်ဘုရား အထံသို့ အမြန်သွားရောက်ကာ ရဟန္တာဖြစ်ကြောင်း တရားကောင်းများကို

နာကြားရေးအတွက် တွက်လာခဲ့ရာ အရဏ်ကျင်း၍ လင်းရောင်ခြည်လာတဲ့ အခါမှာ သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်သို့ ရောက်ခဲ့လေတယ် တဲ့။ ယူဇနာ ၁၂ဝ ဝေးသော ခရီးကို တစ်ညဥ့်တည်းဖြင့် ရောက်နိုင်ရန် မလွယ်ကူလှသော်လည်း ဗြဟ္မာမင်းကြီး၏ ဘုန်းနိုးဖြင့်သာ ရောက်နိုင်ကြောင်း၊ တချို့ဆရာများကလည်း ဘုရားရှင်၏ တန်ခိုးစွမ်းဖြင့်သာ ရောက်နိုင်သည်ဟု မိန့်ဆိုကြ ပေတယ်။

ဒါရုစိကြီး၏ ရောက်ချိန်မှာ မြတ်စွာဘုရား ဆွမ်းခံဝင်ချိန်ဖြစ်၍ ကျောင်းတော်တွင်းရှိ ရဟန်းများကို မေးမြန်းလေလျှင် မြို့တွင်း ဆွမ်းခံ ကြွတော်မူနေကြောင်း ကြားသိရတာနှင့် ကျောင်းတိုက်မှာ နားမနေတော့ဘဲ ဘုရားရှင်ထံမှောက်သို့ အမြန်ရောက်ချင်လိုဇောနှင့် သာဝတ္ထိပြည်တွင်းသို့ ...က်လက် သွားလေရာ မြို့တံခါးဝသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် တင့်တယ်ထွန်းပ ဆွမ်းခံကြွနေသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ဖူးမြင်လိုက်ရတာနှင့် အလွန်တရာ ကြည်နူး ...ီးမြောက်လျက် ဘုရားရှင်ထံမှောက်သို့ အမြန်ရောက်အောင် လက်အုပ်ချီမိုး ...ိုးဦးတင်လျက် ဘုရားရှင်၏ ခြေဖမိုးကို တအားဖက်ကိုင်ကာ အောက်ပါ အတိုင်း တရားရေအေး တိုက်ကျွေးတော်မူပါရန် တောင်းပန် လျှောက်ထား ...ရလေတယ်တဲ့။

**ဒေသေတု မေ ဘန္တေ ဘဂဝါ ဓမ္မံ၊ ဒေသေတု သုဂတော ဓမ္မံ၊ ...ယံ မမဿ ဒီဃရတ္တံ ဟိတာယ သုခါယ။**

"ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူလျက် ဆေးမြစခန်း ...နိဗ္ဗာန်နန်းသို့ ကြွမြန်းကူးမြောက်တော်မူပြီးသော မြတ်စွာဘုရား။ ယူဇနာ ၁၂ဝ ဝေးသောအရပ်မှ မျှော်လင့်ချက်ကြီးစွာဖြင့် ခြေတော်ရင်းသို့ ဝပ်စင်း ...ုးနိုက်လာသော တပည့်တော် ဒါရုစိအား နောင်သံသရာ၌ မြင့်ရှည်ကာလ အေးမြချမ်းသာ မင်္ဂလာအကျိုး ပွားတိုးကြောင်းဖြစ်သော ဒေသနာတော် အမြိုက်ဆေးကို တိုက်ကျွေးတော်မူပါဘုရား" ဟု လျှောက်ထားလိုရင်း ဖြစ်ပေတယ်။

ထိုအခါ ရှင်တော်မြတ်ဘုရားက ဒါရုစိ၏ခရီးပန်းခြင်းလည်း ငြိမ်းစေဦး၊ ...ါဘုရား ဖူးမြင်ရသည့်အတွက် အလွန်ပြင်းထန် ထက်သန်စွာ ဖြစ်နေသော

ဝမ်းမြောက်ခြင်း ပီတိအရှိန်လည်း နည်းစေဦးဆိုတဲ့ ရည်ရွယ်ချက် နှစ်ခုဖြင့် "ဒါရုစိ ယခုအခါ ဆွမ်းခံရွာတွင်းဖြစ်၍ တရားဟောဖို့ရာ အရာဌာန မဟုတ်ပေ၊ ကျောင်းရောက်ကာမှ စိတ်အေးလက်အေး နာကြားတာပေါ့"ဟူ၍ မိန့်ကြား တားမြစ်ပါသော်လည်း...

ဒါရုစိ သူ့ခမျာမှာ ဘုရားသခင်၏ စကားစဉ်ကို နားမဝင်နိုင်ဘဲ ထပ်တလဲလဲသာ တရားဟောတော်မူရေးအတွက် တောင်းပန်လျှောက်ထား လေရာ ရှင်တော်ဘုရားက နှစ်ကြိမ်မျှ ပယ်ရှား၍ သုံးကြိမ်မြောက်တဲ့အခါမှာ ဒါရုစိကြီးအား သနားတော် မူလှတာနှင့် အောက်ပါအတိုင်း တရားရေအေး တိုက်ကျွေးတော်မူလိုက်ရှာလေတယ်။

**တသ္မာတိဟ တေ ဗာဟိယ ဧဝံ သိက္ခိတဗ္ဗံ၊ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿယိ၊ သုတေ သုတမတ္တံ၊ မုတေ မုတမတ္တံ၊ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတီတိ။**

"ဗာဟိယဒါရုစိ မျက်စိဖြင့် မြင်အပ်သော အာရုံသည် မြင်ကာမျှ တစ်ခဏသာတည်၍ မကြာချက်ချင်း ချုပ်ပျောက်သွားခြင်းသဘော ရှိရကား မြင်လျှင် မြင်တယ်ဟူ၍ ရှုမှတ်ရမည်၊ ကောင်းတယ်, ဆိုးတယ် စသည်သို့ မရောက်စေနှင့်"ဟု မိန့်တော်မူလိုရင်းပေါ့နော်။

ထိုနည်းအတူ ကြားသမျှ၊ နံ့သမျှ၊ စားသမျှ၊ ထိသမျှ၊ သိသမျှ အာရုံတို့၌လည်း ကြားတယ်၊ နံ့တယ်၊ စားတယ်၊ ထိတယ်၊ သိတယ်ဟူ၍ တွင်တွင်ကြီး မှတ်ရှုရမည်ဟု ဆိုလိုပေတယ်နော်။

ထိုကဲ့သို့ ရှင်တော်ဘုရား ဟောကြားတော်မူတဲ့ တရားတော်ကလေး နာကြားရသည့်အဆုံး၌ ဗာဟိယဒါရုစိသည် သတိပဋ္ဌာန် ကျင့်စဉ်အားဖြင့် ဘုရားညွှန်တိုင်း ရှုမှတ်လိုက်လေရာ မကြာခင်ပဲ အာသဝေါကုန်ခန်း ရဟန္တာသခင် အရှင်မြတ်တစ်ဆူ ဖြစ်တော်မူရလေတယ်တဲ့။

၁။ မျက်စိမြင်ရာ၊ မရှုပါ၊ ကိလေသာဖြစ်သည်။

၂။ မြင်တိုင်းမှတ်ရှု၊ ကိလေစု၊ ဖြစ်မှုငြိမ်းတော့သည်။

၃။ နည်းတူ နားဖြင့်ကြားရာ၊ နှာခေါင်းဖြင့်နံ့ရာ၊ လျှာဖြင့် စားရာ၊ ကိုယ်ဖြင့် ထိရာ၊ စိတ်ဖြင့် သိစရာ၊ မရှုပါ၊ ကိလေသာဖြစ်သည်။

၄။ ကြားတိုင်း,နံ့တိုင်း, စားတိုင်း,ထိတိုင်း, သိတိုင်း မှတ်ရှု ကိလေသာ ဖြစ်မှုငြိမ်းတော့သည်။

၅။ ကိလေငြိမ်းကွာ၊ လူနတ်မှာ၊ ခေမာနိဗ္ဗာန် ရောက်ရသည်။

၎င်းလင်္ကာ၏အဓိပ္ပာယ်များမှာ ထင်ရှားပြီဖြစ်၍ အဓိပ္ပာယ် အကျယ်ကို ချဲ့၍ဟောရန် မလိုတော့ပါ။ လင်္ကာအစဉ်ကိုပဲ စဉ်းစား၍ သိကြ ယူကြ ကျင့်ကြပေတော့။

အဲ... ယခုပြဆိုပြီးတဲ့ လင်္ကာဆောင်ပုဒ်များအတိုင်း မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် ဟူသော ဒွါရ ခြောက်ပါးတို့မှ ဖြစ်ပေါ်လာသမျှသော အာရုံခြောက်ပါးတို့ကို သတိပဋ္ဌာန်ကျင့်စဉ်ဖြင့် တွင်တွင်ကြီး ရှုမှတ်ကြကာ ဖြစ်ပေါ် လာမည့် ကိလေသာညစ်ဆိုး တရားမျိုးတို့ကို ပယ်ချိုးညှဉ်း သတ် နိုင်ကြသည်ဖြစ်၍ တစ်စတစ်စ ဝိပဿနာဉာဏ်မြင် အရှိန်ပြင်းကြလို့မို့ မဂ်ဖိုလ်တည်းဟူသော ဉာဏ်အလင်းကို ကောင်းစွာကျန ရနိုင်ကြသည်ဖြစ်၍ ဝဋ်ဒုက္ခအတွင်းမှ လွတ်ကင်းကြကာ ခေမာသောင်ကမ်း နိဗ္ဗာန်နန်းသို့ ကြွမြန်း စံဝင်နိုင်ကြပါစေဆိုတာ အထူးပဲ တိုက်တွန်းရပါတယ်နော်။

အာသဝေါကုန်ခန်း ရဟန္တာအဖြစ်သို့ ရောက်ပြီးသော ဒါရုစိသည် ရှင်ရဟန်းအဖြစ်ကို မရရှိသေးရကား ရှင်တော်မြတ်ဘုရားထံ ရဟန်းခံ ရှင်ပြုပေးပါမည့်အကြောင်းကို ရှိခိုးလျှောက်ရှာလေတယ်။ ထိုအခါ ရှင်တော် မြတ်ဘုရားသည် ဒါရုစိ၏ ရှေးအခါက ပရိက္ခရာအလှူ ကင်းပသည်ဖြစ်၍ ဧဟိ ဘိက္ခု ခေါ်သော်လည်း သပိတ်,သင်္ကန်း,ပရိက္ခရာများ ဖြစ်ပေါ်မည့် အရေးကို မတွေ့ရတာနှင့် "ဧဟိဘိက္ခု" ခေါ်တော်မမူဘဲ။

"ဒါရုစိတဲ့၊ သာသနာ့ဝန်ထမ်း ရှင်ရဟန်းပြုရတယ်ဆိုတာ ကိုယ်ပိုင် သင်္ကန်းရှိမှ ဖြစ်ပေသည်၊ သင့်မှာ သပိတ်, သင်္ကန်းများ ရှိပါရဲ့လား"ဟု မေးတော်မူ၍ မရှိသေးကြောင်း ဒါရုစိက လျှောက်ထားလေလျှင် ရှင်ပင် ဘုရားက "သင့်မှာ သပိတ်, သင်္ကန်း မရှိသေးပါက ရရာအရပ်က သွားရောက်ရှာပေတော့" ဟု မိန့်တော်မူလိုက်လေတယ်တဲ့။

ရှေးက ပရိက္ခရာဒါန ရှိဖူးသူများ ဖြစ်ခဲ့ပါလျှင် သည်နေရာမျိုး၌ ရှင်တော်ဘုရားက "ဧဟိဘိက္ခု"ဟူသော စကားကလေး တစ်ခွန်းကို

မိန့်ကြားတော်မူလိုက်လျှင်ပဲ လူ့အသွင်တွေပျောက် ပရိက္ခရာတွေ ဝတ်ဆင်ပြီး အဆင်သင့် ပေါ်ပေါက်လာကာ ဝါတော်ခြောက်ဆယ်ကျော်ရပြီး မထေရ်ကြီး အသွင်ဆောင်သော ရဟန်းအဖြစ်ကို ရဖို့ပေါ့နော်။ သို့သော်လည်း ဒါရုစိ သူ့ခမျာမှာတော့ ရှေးအခါက ရဟန်းဖြစ်ဖူး၍ အနှစ် နှစ်သောင်းကြာအောင် ရဟန်းတရားများကို ကြိုးစားအားထုတ်ခဲ့ဖူးသော်လည်း ရဟန်းတော်များမှာ ပရိက္ခရာများကို မိမိကိုယ်တိုင်သာ သုံးဆောင်ရသည်။ သူတစ်ပါးအား မပေးကောင်းဟု အထင်အမြင်မှားမှုကြောင့် ဘယ်ရဟန်းတော်ကိုမှ သင်္ကန်း တစ်ထည် သပိတ်တစ်လုံး စသည် လှူဒါန်းခြင်း မပြုမိခဲ့ရှာဖူးတဲ့နော်။ ရဟန်းတော်များဆိုတာ ယူပက္ခန္ဓာသာရှိသည်။ ပေးပက္ခန္ဓာ ဟူ၍ မရှိတဲ့ ပုဂ္ဂိုလ်စားမျိုးပေါ့။

ထိုကဲ့သို့ ရှေးအခါကာလ၌ မိမိ၏ပရိက္ခရာဒါနမရှိခဲ့တဲ့ သူတော်ကောင်း တို့၏ ကျင့်စဉ်ပျက်ကွက်မှုကြောင့် သင်္ကန်းပရိက္ခရာ မရရှာတော့ဘဲ အားငယ်နွမ်းလျ မျက်နှာကလေး အောက်ချလျက် သင်္ကန်းတစ်ဝတ်စာ ရရှိရေးအတွက် မြို့တံခါးဝသို့ထွက်ကာ အမှိုက်ပုံပေါ်တက်၍ သူများပစ်စွန့်ထား သော ပုဆိုးထဘီ လုံချည် အင်္ကျီစုတ် အစအနကလေးတွေကို စုဆောင်း ရွေးချယ်ကောက်ယူ၍ နေရရှာလေတယ်။ အလွန်တရာ ဝမ်းနည်းစရာပေါ့နော်။

ထိုကဲ့သို့ မြို့တံခါးဝအမှိုက်ပုံပေါ်မှာ အဝတ်အစအန ကလေးများကို ရှာဖွေစုဆောင်း၍နေစဉ် ဘီလူးမကြီး တစ်ယောက်က နွားမယောင် ဖန်ဆင်း၍ ဝှေ့သတ်သိုက်လေရာ ဒါရုစိ သူ့ခမျာမှာ ပေါင်တစ်ချောင်း သွက်သွက်ခါအောင်ကျိုး၍ အမျိုးမျိုး ဝေဒနာပြင်းပြလှတာနှင့် ခန္ဓာကိုယ် ပျက်ပြုန်း၍ သေဆုံးရခင်းမလှ သေဆုံးရရှာလေတယ်တဲ့။

ဘုရားရှင်ကိုယ်တော်မြတ် ဆွမ်းခံရာမှပြန်လာတော်မူလေရာ မြို့တံခါး အထွက် အမှိုက်ပုံထက်၌ ပက်လက်သား သေနေရှာတဲ့ ဒါရုစိ၏အလောင်းကို တွေ့တော်မူရတာနှင့် မြို့ထဲက အိမ်တစ်အိမ်မှ ညောင်စောင်းတစ်ခုကို ယူငင် အလောင်းပြင်ကာ မြို့ပြင်ထုတ်၍ မီးသင်္ဂြိုဟ်ပြီးလျှင် စေတီများ တည်ထားကြဖို့ အကြောင်းကို ရဟန်းတော်များအား မိန့် ကြားတော်မူခဲ့ကြ၍ ဇေတဝန်ကျောင်းတော်သို့ ကြွရောက်ကာ ကိန်းအောင်းစံပျော် နေထိုင်တော် မူလေတယ်တဲ့။

ရဟန်းတော်များသည်လည်း ရှင်တော်ဘုရား မိန့်ကြားတော်မူသည့်အတိုင်း ဒါရုစိ၏အလောင်းကို မီးသင်္ဂြိုဟ်၍ စေတီတည်ထားခဲ့ကြပြီးလျှင် ကျောင်းတော်သို့ ပြန်ရောက်ကြသောအခါ ရှင်တော်ဘုရားအထံ သွားရောက်ကြ၍ ဒါရုစိ၏ လားရောက်ရာ ဂတိဘုံဘဝကို မေးလျှောက်ကြလေရာ ရှင်တော် မြတ်ဘုရားက ဒါရုစိ၏ ပရိနိဗ္ဗာန် စံဝင်သွားသည့်အကြောင်းကို မိန့်ကြားတော်မူပြီးလျှင်–

**တေဒဂ္ဂံ ဘိက္ခဝေ မမသာဝကာနံ ဘိက္ခူနံ**

**ခိပ္ပါဘိညာနံ ယဒိဒံ ဗာဟိယော ဒါရုစီရိယော။**

ငါ၏ချစ်သား ရဟန်းများတို့၊ ငါဘုရား၏ တပည့်ရဟန်းတို့တွင် မဂ်ဖိုလ်အဘိညာဉ်တရားထူးကို ရကြသော အရာမှာဖြင့် ဗာဟိယဒါရုစီသာလျှင် အမြတ်ဆုံးဖြစ်ပေသည်ဟူ၍ မိန့်ဆိုတော်မူကာ ဒါရုစီကို ခိပ္ပါဘိညာအရာ၌ ဧတဒဂ်ဂုဏ်ထူးဖြင့် ချီးကျူးတော်မူလေတယ်တဲ့။

ထိုအခါ ရဟန်းတော်များက “ဒါရုစီသည် ဘယ်အခါ၌ ရဟန္တာဖြစ်ခဲ့ပါသနည်း” ဟု လျှောက်ထားကြသည့်အတွက် မြို့တွင်းဆွမ်းခံဝင်စဉ် တရားဓမ္မဟောပြချက်ကို နာကြားရ၍ ရဟန္တာဖြစ်ခဲ့ကြောင်းကို ရှင်တော်မြတ်ဘုရားက တရားတော်၏ နည်းသည် များသည်မှာ ပမာဏမဟုတ်၊ အကျိုးရှိသောတရားကို နာကြားရပါလျှင် နည်းသော်လည်း ခရီးရောက်မှန်မြတ်ကြောင်းကို အောက်ပါ ဂါထာကလေးဖြင့် ဟောကြားတော်မူလေတယ်။

**သဟဿမပိ စေ ဂါထာ၊ အနတ္ထပဒ သံဟိတာ။**

**ဧကံ ဂါထာပဒံ သေယျော၊ ယံ သုတွာ ဥပသမ္မတိ။**

**အနတ္ထပဒသံဟိတာ၊** တောဖွဲ့တောင်ဖွဲ့ အမျိုးမျိုးချဲ့သည့် ကျိုးမဲ့ယုတ်လှ ပုဒ်ပါဒတို့နှင့်စပ်သော။ **ဂါထာသဟဿံအပိ၊** ရေတွက်များမြောင် ရာထောင်မကသော ဂါထာသည်သော်လည်း။ **စေဟောတိ၊** အကယ်စင်စစ် ဖြစ်ပါသော်လည်း နသေယျော၊ လောကီ, လောကုတ္တရာ နှစ်ဖြာကျိုးဆက် တိုးတက်ကောင်းသွေး မမြတ်လှချေသည်သာ၊ **သံဂါထာပဒံ၊** ကောင်းရာအကျိုး မျှော်ကိုးဟောထုတ် အကြင်ဂါထာပုဒ်ကို၊ **သုတွာ၊** လေးစားကြည်လင် စိတ်အစဉ်ဖြင့် တွင်တွင်မှတ်သား နာကြားရသည်ရှိသော်။ **ဥပသမ္မတိ၊**

ကိလေသာမီး ညီးညီးပြောင်ပြောင် တောက်လောင်မှုကင်း ငြိမ်းအေးခြင်း ရှိပေ၏။ **တံ ဂါထာပဒံ၊** တစ်ကြိမ် တစ်ခါ မိန့်မှာဟောပြ ထိုဂါထာပါဒသည်။ သေယျော၊ လောကီ၊ လောကုတ္တရာ နှစ်ဖြာကျိုးဆက် လွန်တိုးတက်သဖြင့် မပျက်ပုံသေ မြတ်လှပါပေသတည်း။

ထိုဂါထာပါဒ၏ ဆိုလိုရင်းအဓိပ္ပာယ်မှာ လောကီ၊ လောကုတ္တရာအကျိုး တစ်စုံတစ်ရာမရှိ ထင်မိရောက်ရာ ဖွဲ့ကာဟောပြ ဂါထာပါဒတို့သည် ရာထောင်မက များပြားလှပါသော်လည်း လောကပြစ်မြင် နိဗ္ဗာန်ဝင်သည့် သူတော်စင်အပေါင်းတို့ ညွတ်ပျောင်းအားထား လေ့စားကျင့်စဉ် တရားဝင် ဟု ဂုဏ်တင်မရ ယုတ်ညံ့အောက်ကျ၍ မမြတ်လှပေတဲ့။ အကြင်ဂါထာ သည်ကား တစ်ပုဒ်တစ်ဂါထာပင် ဖြစ်သော်လည်း ကြားနာရမြင် သူတော်စင် ဟူသမျှတို့ ဝဋ်ဒုက္ခလွတ်ကင်း မဂ်ဖိုလ်ဉာဏ်ရောင်လင်း၍ ကောင်းခြင်းဖြိုးလျှံ မြတ်နိဗ္ဗာန် ချမ်းသာထူးကို ဆွတ်ခူးမြိုင်မြိုင် ရစေနိုင်သည့်အတွက်ကြောင့် စိန်ကျောက်ပတ္တမြား အစားစားသော ရတနာအသွင် အလွန်ပင် မြတ်လှပေ တယ်တဲ့။

**ရာထောင်မက၊ များလှဂါထာ၊**
**ကောင်းကျိုးမရ အောက်ကျယုတ်မာ။**
**တစ်ပုပ်သော်ငြား နာကြားကျင့်ပါ၊**
**ကိလေပြုတ် လွန်မြတ်အေးချမ်းသာ။**

ကဲ… ယခု ဟောပြောခဲ့သော ဒေသနာစဉ်ကို အကျဉ်းချုံးလိုက်ပါ လျှင်…

၁။ တကယ်တမ်း ယုံကြည်ချက်ဖြင့် သက်စွန့်ကြိုးပမ်း တရားဓမ္မ အားထုတ်ခဲ့ပါလျှင် ယခုဘဝမှာပဲအနာဂါမ်, ရဟန္တာဖြစ်နိုင်ပုံ။
၂။ ယခုဘဝ မရနိုင်သေးစေကာမူ နောင်တစ်ဘဝ သို့မဟုတ် နောင် ပွင့်မည့် ဘုရားသာသနာတော်မှာ အမှန်မဂ်, ဖိုလ် ရနိုင်ပုံ။
၃။ ရဟန္တာပင်ဖြစ်သော်လည်း ရှေးက ပရိက္ခရာဒါန မရှိခဲ့မှုကြောင့် ဒါရုစိရိ၏ သင်္ကန်းပါးနှင့်မ ရှင်ရဟန်း၏အဖြစ်ကို မရှာရဘဲ မရှင်စိတ်လက် အမှိုက်ပုံထက်၌ နွားဝှေ့၍ သေရရှာပုံ။

၄။ အကျိုးမရှိသော ဂါထာတစ်ထောင် နာကြားရသည်ထက် အကျိုးရှိသော တရားဂါထာတစ်ပုဒ်ကို နာကြားရခြင်းက မြတ်ပုံ။

အလုံးစုံသော အကြောင်းအရာများကို ထင်မြင်ကျန သိနိုင်ကြ၍ ဒါန သီလ မခေါင်းပါး မနည်းစေကြဘဲ အကျိုးရှိသော တရားများကို နာကြားနိုင်ကြကာ ယခုဘဝ သို့မဟုတ် နောက်ဘဝ၊ နောက်သာသနာမှာ မဂ် နိဗ္ဗာန် ကောန်ရစေမဟဲ့ ဆိုတဲ့ စိတ်ထားဖြင့် တရားဓမ္မ ကြိုးစား အားထုတ်နိုင်ကြပါစေသတည်း။

## ကထိန်လှူခြား အကျိုးပွား တရားတော်

ယနေ့လှူဒါန်းကြသော ကထိန်ဒကာ ကထိန်အမများဟာ ကထိန် သင်္ကန်းနှင့်တကွ လှူဖွယ်ဝတ္ထု အစုစုတို့မှာ လှူဒါန်းသူ အလှူရှင်များသည် ကထိန်လှူခြား အကျိုးပွားတဲ့အကြောင်း တင်ပြရလျှင်တော့...

**သီလာဃီတံ ဗုဒ္ဓါဒီဟိ၊ ကာလိကံ ကထိနံ ထိရံ။**
**သီက္ခာပဒါပနယတ္တာ၊ ဓမ္မဒါနုန္တိ သညိတံ။ ။**

**ဣဒံကထိန**၊ ခေမာပြည်ထူး စိတ်ရည်စူး၍ ကြည်နူးလှူကြ ဤ ကထိန်လျာဒါနကို။ **ဗုဒ္ဓါဒီဟိ**၊ ဘုရား ပစ္စေကဗုဒ္ဓါ, ရဟန္တာစသား ရှေးသူတော်စင်များတို့သည်။ **သီလာဃီတံ**၊ သန့်ရှင်းစင်ကြယ် တင့်တယ် ပေစွာ့ မြတ်ပေစွာ့ဟု ထပ်ခါထပ်ခါ ချီးကျူးတော်မူထိုက်ပါပေ၏။ **ကာလိကံ**၊ တစ်နှစ်တွင်းမှာ တစ်လတာမျှ ပေးလှူခွင့်ရ၍ ကာလိကကုသိုလ် ခေါ်ဆို သတ်မှတ် လွန်ထူးမြတ်သော။ **ထိရံ စ**၊ အာနိသင်ငါးဝ ကျိုးဖလကို ငါးလတွက်တာ ကာလကြာအောင် တည်ကာနေလင့် အခြေတင့်ဟန် မြဲမြံစေခြင်းသဘော ရှိပါပေ၏။ **သီက္ခာပဒါပနယတ္တာ**၊ အဏာတော်စက် လေးချက်သိက္ခာပုဒ် ပယ်နုတ်မြစ်တား စွမ်းပကားကြောင့်။ **ဓမ္မဒါနုန္တိ**၊ ဒါနဦးသျှောင် ထိပ်ခေါင်ကျော့မှူး ဂုဏ်ထူးမြတ်လှ ဓမ္မဒါနဟူ၍။ **သညိတံ**၊ သာသနာတစ်လျှောက် ခရီးပေါက်၍ ချီးမြှောက်ဝေါဟာ ခေါ်ဆိုထိုက်ပါပေ သတည်း။

ယခုအခါ ညီညာဖြဖြ စည်းဝေးရောက်လာကြကုန်သော ရဟန်း, ရှင်,လူ အပေါင်းတို့၏ ပျော်ရွှင်ဆင်နွှဲ ဤဒါနပွဲလမ်း သဘင်ကြီးကား ဘုရားစသား ရှေးသူတော်စင် အများတို့သည် စင်ကြယ်ပေစွာ ကောင်းမြတ်ပေစွာ စသည်ဖြင့် အဖန်ဖန် အထပ်ထပ် ချီးကျူးထောမနာအပ်သော ဂုဏ်ထူးဝိသေသကြောင့် **"ကထိယတေ သီလာဃိယတေ ဗုဒ္ဓါဒီဟိ ကထိနံ"** ဟူသော ဗျုပ္ပတ်အရ ကထိနဒါန ကထိန်လျှာသင်္ကန်း အလှူဒါန ဟူ၍ ခေါ်ဝေါ်ပြောဆိုရပေတယ်တဲ့။

ထို့အပြင် တစ်နှစ်လုံးမှာမှ ကထိန်ခင်းရသည့်အချိန်မှာ သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့ တိုင်အောင်သော တစ်လအတွင်းမှာသာ ပေးလှူနိုင်ပေတယ်။ ထိုတစ်လ ရက်သုံးဆယ်အတွင်းမှာလည်း နေ့ရှိသမျှ လှူနိုင်သည်မဟုတ်ဘဲ တစ်ကျောင်းတိုက်အတွက် တစ်ရက် တစ်ကြိမ်သာ ပေးလှူနိုင်ကြလေတယ်။ ထိုတစ်ရက် တစ်ကြိမ်ထက် ပိုပြီးပြုလုပ်နိုင်တဲ့ အခွင့်အရေး မရှိပေဘူးပေါ့။

သို့ကလို တစ်နှစ်အတွင်းမှာ တစ်လ၊ တစ်လထဲမှာ တစ်ကျောင်းတိုက်အတွက်မှာ တစ်နေ့၊ တစ်နေ့လှူမှာလည်း တစ်ကြိမ်သာလျှင် ပြုလုပ်လှူဒါန်းနိုင်ကြသောကြောင့် **ကာလိကဒါန**– သူ့အချိန်ဖြင့်သာ ပြုလုပ်နိုင်တဲ့ **ကထိန်လျှာဒါန**–ဟု ခေါ်ဆိုရပေတယ်တဲ့။

ထိုမှတစ်ပါး ရဟန်းတော်များအတွက် သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့မှစ၍ တပေါင်းလပြည့်နေ့ တိုင်အောင် သောငါးလတာ အတွင်း၌ အကျိုးတရားငါးပါးကို ရစေ, ဖြစ်ထွန်းတည်မြဲစေသောကြောင့် "ထိရတ္ထေနကထိနံ" ဆိုသည့် အတိုင်း ကထိန်လျှာဒါန ဟူသော အမည်ထူးဖြင့် ချီးကျူးထိုက်ပေတယ်တဲ့။

ၕင်းအပြင် ဘုရားရှင်မှတစ်ပါး ဘယ်ရဟန်း, ဘယ်နတ်,လူ,ဗြဟ္မာမှ မနုတ်ပယ် မဖျက်သိမ်းနိုင်တဲ့ ဝိနည်းဥပဒေထုံးတမ်းအရ လေးဝသော သိက္ခာပုဒ်တို့ကို ဖျက်သိမ်းနုတ်ပယ်နိုင်သည်ဖြစ်၍ သင့်ရောက်ရသော အပြစ်ဒဏ်မှ ငါးလအတွင်းမှာဖြင့် ကင်းလွတ်ချမ်းသာစေနိုင်သော အစွမ်းသတ္တိထူးရှိသည့်အတွက် "သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ" ဟူသော ဒေသနာတော်အရ ဒါနအပေါင်းတို့ကို အောင်မြင်ထိပ်ခေါင်တင်ဒါန ခေါ်ဆိုရပေတယ်တဲ့။

**"ဘုရားစသည် သူတော်စင်များ, ချီးမွမ်းမြှောက်စား ကထိန်လျှာ။
တစ်နှစ်တွင်းမှာ တစ်ကြိမ်လှူရ, ကာလိကဟု ခေါ်တွင်ပါ။
ငါးရပ်ကျိုးအင် အမှန်ရ, မြဲမြံထိရ ခေါ်ဆိုရာ။
သိက္ခာလေးချက် နုတ်ပယ်ဖက်, ကျိုးဆက်ငါးလတာ။
ဓမ္မဒါန မြတ်လှဂုဏ်ထူး, ချီးကျူးနုတ်လှုမြဲဟွာ။"**

ထိုသို့ ဆိုအပ်ခဲ့ပြီးသော အင်္ဂါရပ်ဂုဏ်ထူး ဝိသေသတို့နှင့် ပြည့်စုံသော ကထိန်လျှာဒါနထူးကြီးကို ငါတို့ ယနေ့ယခု ပြုစုပျိုးထောင်ကြရလေပြီ။ ငါတို့၏ ယခုပြုလုပ်ဆဲ ကောင်းမှုကုသိုလ်ကြီးသည် မြတ်ပေစွာ၊ အရတော်ပေစွာ့ စသည်ဖြင့် ဆင်ခြင်စဉ်းစား အားပါးတရ ဝမ်းမြောက်ကြဖို့ပေါ့။

၁။ ထိုကဲ့သို့ မွန်မြတ်လှသော ကထိန်လျှာဒါနကြီးကို ပြုလုပ်ကြသော ကထိန်ဒကာ, ဒကာမများသည် ရဟန်းတော်များအား အနာမန္တ စသော အကျိုးထူးငါးပါးတို့ကို ရစေနိုင်ကြတဲ့အတွက်ကြောင့် နိဗ္ဗာန်ရွှေပြည်မြတ်ကို ရောက်ရသည်တိုင်အောင် သံသရာတစ်လျှား၌ အသောကမင်း စသော ပုဂ္ဂိုလ်များကဲ့သို့ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးနှင့်တကွ မိုးနှင့်မြေကြီးထဲပါ တစ်ယူဇနာ မျှစီ အာဏာတော် ပျံ့နှံ့ခြင်းစသော အနာမန္တ သဒိသအကျိုးတွေ။

၂။ မိမိအိမ်မှ ဘာမှယူမသွားရဘဲ သွားလေရာမှာ လူနတ်တွေက ဝိုင်းဝန်း၍ ပေးကမ်း ချီးမြှောက်မှုကြောင့် စားသောက်လှူဒါန်းမကုန်နိုင်သော ပစ္စည်းဥစ္စာတို့ကို ရရှိနိုင်သော စိတ္တသူကြွယ်ကဲ့သို့ ဖြစ်လေရာမှာ ဥစ္စာဓနလိုတိုင်း ရစေနိုင်ခြင်းဟူသော အသမာန–ဒါနစာရသဒိသ အကကျိုးတွေ။

၃။ တစ်နေ့တစ်နေ့ ဆန်လှည်းအစီးပေါင်း ခြောက်သောင်းတိုက်ကုန်အောင်ချက်ပြုတ်၍ အနှစ်တစ်သောင်းတိုင်တိုင် ကျွေးမွေးလှူဒါန်းသော်လည်း မကုန်ခန်းနိုင်သော အတရ မင်းသားပမာ ဥစ္စာပစ္စည်း ပေါများလှူဒါန်းနိုင်ခြင်းဟူသော ဂဏာဘောဇနသဒိသ အကျိုးတွေ။

၄။ မေဏ္ဍကသူဌေးကြီးနှင့် သူဌေးကတော် စန္ဒပဒုမ၊ သားတော် ဓနဥ္စယ၊ ချွေးမတော် သုမနဒေဝီတို့ပမာ ဥစ္စာဓန လိုတိုင်းရ၍ ပေးကမ်းစွန့်ကြဲ၍ မကုန်သော ယာဝဒတ္ထ စီဝရ သဒ္ဒိသအကျိုးတွေ။

၅။ သွားလေရာဘဝတိုင်းမှာ အလိုရှိ၍ တမ်းတလိုက်ပါလျှင် အဝတ် ပဒေသာပင်များ မြေကြီးမှာ အလိုလိုပေါက် စေနိုင်သည့် နန္ဒိယ မင်းမြတ်ပမာ နိဗ္ဗာန်မရောက်မီအတွင်း ဖြစ်လေရာ ဘုံဘဝတို့၌ အဝတ်ပဒေသာများကို ပေါက်စေနိုင်ခြင်းဟူသော ယောစတတ္ထ စီဝရရုပ္ပါဒသဒ္ဒိသအကျိုးများကို အလွယ်တကူဖြင့် ရရှိခံစားနိုင်ကြ၍ မဂ်,ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော ပါရမီကုသိုလ်များ ဖြစ်ရကား မဂ်,ဖိုလ်နိဗ္ဗာန် စံဝင်ရသည့်အခါမှာလည်း တန်ခိုးဖြင့် ပြီးသော ပရိက္ခရာရှစ်ပါးများ ပေါ်ပေါက်လာ၍ ဧဟိဘိက္ခု ရဟန္တာ အဖြစ်ဖြင့်ပင် နိဗ္ဗာန်ကို စံဝင်စေနိုင်တဲ့ ကုသိုလ်ထူးဖြစ်ကြောင်းကို ကောင်းကောင်းသိမြင် ကြည်လင်ရွှင်ပျ နှစ်သက်အားရကြဖို့ ပေါ့နော်။ ပထမဂါထာပြန်ရွတ် အနက်ပေးပြီး လိုရာဝတ္ထုသို့ ဆက်နိုင်တယ်။ ဝတ္ထုဆက်ပုံ နောက်နားမှာရှု။

**(ဝတ္ထုမထုတ်လိုက ဆက်လက်ဟောရန်အထက်)**

ထိုကဲ့သို့ ဆိုခဲ့ပြီးသော စကားအစဉ်အရ ကထိန်လျှာသင်္ကန်း လှူရခြင်း၏ ထူးကဲလွန်မြတ်ပုံကို အကုန်အစင် သိမြင်နိုင်ကြလောက်ပါပြီ။ ထိုအချက်များထဲမှ ကထိန်လျှာသင်္ကန်း လှူဒါန်းကြသော ဒကာ, ဒကာမ များ၏ ကထိန်သင်္ကန်းကို ခံယူကာ ဝိနည်းဆုံးတမ်းအရ အနုမောဒနာ ပြုတော်မူကြရသော ရဟန်းတော်များအတွက် သိက္ခာပုဒ်လေးခုကို ပယ်နုတ် ပေးခြင်း စသော ကထိန်အာနိသင်ခေါ် အကျိုးငါးပါးကို ရစေနိုင်ကြပုံကို အနည်းငယ် အကျယ်ချဲ့၍ ဟောပြောရပါလျှင်–

**"အနာမန္တ၊ အသမာနှင့်၊ တဖြာဂဏ၊ ယာဝဒတ္ထတတ်၊ ယင်းငါးရပ်၊ မှတ်လေအာနိသင်။"**

ဟူသော လင်္ကာဆောင်ပုဒ်အတိုင်း ကထိန်ဒကာ, ဒကာမများထံ သင်္ကန်းလှူလိုက်သည့်အတွက် ထိုသင်္ကန်းကို အလှူခံကြရသော သံဃာတော်

များ ဝိနည်းဒေသနာတော်အတိုင်း ကထိန်ခင်း အနုမောဒနာ ပြုတော်မူကြရသည်နှင့် တစ်ပြိုင်နက် သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့မှစ၍ တပေါင်းလပြည့်နေ့ တိုင်အောင်သော ငါးလတာကာလအတွင်းမှာ သိက္ခာပုဒ်လေးပုဒ်ကြောင့် သင့်ရောက်ရသော အာပတ်အပြစ်များမှ ကင်းလွတ်ချမ်းသာ ခွင့်ရကြ၍ ကျောင်းတိုက်အတွင်း ဖြစ်ပေါ်လာသမျှသော သံဃိကသက်န်းများကို ပိုင်ဆိုင်ခြင်း အစရှိတဲ့ အနာမန္တ ၁စာရ, အသမာဒါနစာရ, ဂဏဘောဇန, ယာဝဒတ္ထ စီဝရ, ယောစတတ္ထစီဝရုပ္ပါဒဟူသော အကျိုးအာနိသင်ငါးပါးတို့ကို ရရှိခံစားတော်မူနိုင်လေတယ်တဲ့။ ထိုအကျိုးငါးပါးတို့ကို ကထိန်ဒကာ, ဒကာမများက သံဃာတော်များအား လှူရာရောက်ပေတယ်တဲ့နော်။

ထိုကထိန်အကျိုးငါးပါးတို့တွင် **ပထမအကျိုး၌**– ရှေးဦးစွာ ပင့်ထားသော ဆွမ်းဒကာရှိလျှင် နောက်ပင့်သော ဒကာများထံမှ ဆွမ်းကို ရဟန်းတော်များ လက်ခံယူငင်ခြင်း၊ စားခြင်းမပြုရ။ ခံယူစားသောက်လျှင် အာပတ်အပြစ် သင့်ရပေတယ်။ ဒကာ, ဒကာမများက ကထိန်ခင်းလိုက်လျှင်ကား ထိုအပြစ်မှ ကင်းလွတ်ကြ၍ ရဟန်းများမှာ သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ ငါးလအတွင်းမှာ ဆိုခဲ့ပြီး အာပတ်အပြစ်မှ ကင်းလွတ်ကြရလျက် အလိုရှိသလို လွတ်လပ်စွာ သွားလာလက်ခံ စားသောက်နိုင်ကြတယ်။

ထိုကဲ့သို့ ရဟန်းတော်များအား အဆီးအတားမရှိ အလိုရှိရာကို သွားလာစားသောက်နိုင်ခြင်းဟူသော အနာမန္တ စာရအကျိုးကို ရစေသောကြောင့် ကထိန်ဒကာ, ဒကာမများမှာ နိဗ္ဗာန်ရောက်ရသည့်ဘဝတိုင်အောင် ပါရမီဖြည့်စဉ်ဘဝတိုင်း၌ အသောကမင်းကြီး စသူတို့ကဲ့သို့ အာဏာတန်ခိုး စိုးမိုးပိုင်သ ကြီးမြင့်ရခြင်းဟူသော အနာမန္တစာရသဒိသ အကျိုးကို ရနိုင်ကြလေတယ်။

ဒါကြောင့်–

❁ ***"ဖြစ်လေရာမှာ၊ ဝမ္မာသောကာ၊ မင်းရာဇသို့၊ တက်ကြွတန်ခိုး။ ဆထက်တိုး၊ အကျိုးနာမန္တ။"***

ဟူသော လင်္ကာကို မိန့်ဆိုကြတယ်တဲ့။

**ဒုတိယအကျိုးကား၊** ဝိနည်းတော်ထုံးတမ်းအတိုင်း နာမည်သီးခြားဖြင့် အဓိဋ္ဌာန်တင်ထားသော သင်္ကန်းသုံးထည်နှင့် အရုဏ်တက်ချိန်မှာ နှစ်တောင့်ထွာထက် ဝေးကွာကင်းလွတ် မနေရ၊ နေလျှင် ရဟန်းတော်များအား အာပတ်အပြစ် သင့်ပေတယ်။ ကထိန်ခင်းလိုက်ပါလျှင် ငါးလအတွင်းမှာ ကင်း၍ နေချင်သလိုနေသော်လည်း အာပတ်အပြစ် မသင့်တော့ပေ။ ထို့ကြောင့် ကထိန်ဒကာ, ဒကာမများလည်း ဘဝတိုင်းမှာ စိတ္တသူကြွယ်ပမာ သွားလေရာ၌ လူနတ်တို့က ဝိုင်းဝန်းပူဇော်ရခြင်း၊ ပေးကမ်းချီးမြှင့်ခြင်း ဟူသော အသမာဒါနစာရ သဒိသ အကျိုးကိုလည်း ရနိုင်ကြလေတယ်တဲ့။ ဒါကြောင့်–

* *"သူကြွယ်စိတ္တ၊ ပုံတမျှသို့ ဘဝတိုင်းသာ၊ လူပါနတ်များ။ ဝတ်စားနေရ၊ ပူဇော်ရ၊ အသမာဒါနခေါ်။"*

ဟူ၍ မိန့်ဆိုထားကြပေတယ်နော်။

**တတိယအကျိုးကား၊** နားမလည် မလိမ္မာမှုကြောင့် ထမင်းစားကြွပါ၊ ယာဂုစား၊ မုန့်စား၊ ခေါက်ဆွဲစားကြွပါဟု ဒကာ,ဒကာမတို့က ပင့်လျှင် ရဟန်းတော်များ လိုက်၍မစားရပေ။ စားလျှင် အလှူခံလျှင် အာပတ်အပြစ် သင့်ရပေတယ်။ ကထိန်ခင်းလိုက်ပါလျှင် ထိုအာပတ်အပြစ်မှ ကင်းလွတ်ကြ၍ ဘယ်လိုပင့်ပင့် လိုက်၍စားနိုင်ကြလေတယ်။ ဒါကြောင့် ကထိန်ဒကာ, ဒကာမများမှာ ဖြစ်လေရာဘဝတိုင်း၌ အင်္ကုရ မင်းသားကဲ့သို့ တစ်နေ့တစ်နေ့မှာ ဆန်လှည်းအစီးပေါင်း ခြောက်သောင်းတိုက် ကုန်အောင် ချက်ပြုတ်၍ အနှစ်တစ်သောင်းတိုင်တိုင် လှူသော်လည်း မကုန်ခန်းနိုင်တဲ့ ပစ္စည်းများနှင့် ပြည့်စုံရခြင်းစသော ဂဏာဘောဇနသဒိသ အကျိုးကိုလည်း ရနိုင်ကြလေတယ်တဲ့။ ဒါကြောင့်...

* *"အင်္ကုရမင်းသား၊ ပုံအလားသို့ မြားမြားရတနာ၊ ဥစ္စာနေ၊ လိုတိုင်းရ ဂဏာဘောဇဉ်ကျိုး။"*

ဟု မိန့်ဆို ကြလေတယ်။

**စတုတ္ထအကျိုးကား၊** ရဟန်းတော်များမှာ အလျားတစ်တောင့်ထွာ၊ အနံ တစ်ထွာလက်လေးသစ်ကအထက် ရသမျှသော အဝတ်သင်္ကန်းများကို

အဓိဋ္ဌာန်, ဝိကပ္ပနာ ဝိနည်းကံမပြုဘဲ ဆယ်ရက်ထက် ပို၍မထားနိုင်၊ ဆယ်ရက်ထက်ကျော်လွန်က အာပတ်အပြစ် သင့်ရလေတယ်။ ကထိန်ခင်းလိုက်လျှင်ကား ငါးလအတွင်းမှာ ထားနိုင်လေတယ်။ ဆယ်ရက်လွန်သော်လည်း အာပတ်အပြစ်မသင့်အောင် ကထိန်ဒကာ, ဒကာမများက ပြုလုပ်နုတ်ပယ်၍ ပေးလိုက်ခြင်း ဖြစ်ပေတယ်တဲ့။ ထို့ကြောင့် ကထိန်ဒကာ, ဒကာမများမှာ မေဏ္ဍကသူဌေးကြီးနှင့် သူဌေးကတော် စန္ဒပဒုမ၊ သားတော် ဓနဉ္စယ၊ ချွေးမ သုမနဒေဝီတို့လို အဆုံးအပိုင်းအခြားမရှိသော ဥစ္စာပစ္စည်းတို့နှင့် ပြည့်စုံရခြင်းဆိုတဲ့ ယာဝဒတ္ထစီဝရသဒိသ အကျိုးကိုလည်း ရနိုင်ကြလေတယ်။ ဒါကြောင့်–

❁ **"မေဏ္ဍကသူဌေးကြီး၊ ဖနီးမယား၊ သမီးသားတို့၊ သုံးစားမကုန်၊ လုံးစုံဓနေ၊ လိုတိုင်းရ ယာဝသဒိသာ။"**

ဟု မိန့်ကြားပေတယ်။

**ပဉ္စမအကျိုးကား** ကျောင်းတိုက်အတွင်းမှာ ဖြစ်ပေါ်လာသမျှသော သံဃိကသင်္ကန်းများကို ကျောင်းတိုက်အတွင်းမှာ ရှိဆဲနေထိုင်ဆဲ ရဟန်းတော်များအားလုံး ပိုင်ဆိုင်သည်ဖြစ်၍ အာဂန္တုပြင် ဖြစ်သော်လည်း ဝေပုံကျပေးရလေတယ်။ ကထိန်ခင်းလိုက်လျှင်ကား ကထိန်အာနိသင်ရသော ရဟန်းများသာ ပိုင်ဆိုင်လေသဖြင့် သူတို့သဘောအတိုင်း ဖြစ်ရလေတယ်။ ထို့ကြောင့် ကထိန်ဒကာ, ဒကာမများသည် နိဗ္ဗာန်သို့ ရောက်ရသည်တိုင်အောင် ဘဝဆက်တိုင်း၌ နန္ဒိယ မင်းကြီးနည်းတူ သွားလေရာမှာ အလိုရှိ၍ အဓိဋ္ဌာန်လိုက်ပါလျှင် အဝတ်ပဒေသာပင်များ မြေကြီးမှ ပေါက်ရောက်လာစေခြင်း ဟူသော ယောစတတ္ထစီဝရရုပ္ပါဒ အကျိုးကိုလည်း ရနိုင်ကြလေတယ်တဲ့။ ဒါကြောင့်–

❁ **"နန္ဒိယမင်းတရား၊ ပုံအလားသို့၊ နောင်သွားလေရာ၊ ပဒေသာတို့၊ မြေမှာပေါက်ရ၊ ကျိုးဖလ၊ တတ္ထစီဝရုပ္ပါ။"**

အဲ... ယခုဟောပြောခဲ့သော ဒေသနာတော်အစဉ်အရ စည်းဝေးညီညာ ရောက်လာကြသော ကထိန်ဒကာ, ဒကာမ အပေါင်းတို့သည် သံဃာတော်များအား အကျိုးငါးပါးကို ရစေနိုင်တဲ့အပြင် ဘုရားစသား

ရှေးသူတော်ကောင်းများသည် အမြဲမပြတ် နှစ်သက်မြတ်နိုး ချီးမွမ်းထိုက်သော ကထိန်လျှာသင်္ကန်းကို လှူဒါန်းဆက်ကပ်ကြရသောကြောင့် နိဗ္ဗာန်ကို အမြန်ရောက်ကြရလို့မို့ ပါရမီဖြည့်ကျင့်စဉ် အခါမှာလည်း ကောင်းမွန်ထူးမြတ်လှစွာသော အနာမန္တ စာရသဒိသစတဲ့ အကျိုးတွေကိုရကြတော့မည်ဟူ၍ အသီးသီး ဝမ်းမြောက်ဝမ်းသာ ရှိကြဖို့ပေါ့နော်။

**(ဂါထာပြန်ရွတ်၍ အနက်ပေးပြီး လိုရာဝတ္ထုသို့ဆက်ပါ။ မဆက်လိုကလည်း အဆုံးသတ်နိုင်ပါသည်။)**

ယခု ဟောပြောခဲ့သည့်အတိုင်း မွန်မြတ်စင်ကြယ်သော ကထိန်လျှာဒါန စသည်ကြောင့် ဆိုခဲ့ပြီးသော စည်းစိမ်ချမ်းသာများကို ရသွားကြတဲ့ ပါရမီရှင် သူတော်စင်အပေါင်းတို့ကား သာသနာဝင် တစ်လျှောက်မှာဖြင့် ပြော၍မကုန်လောက်အောင် များပြားတော်မူကြပါပေတယ်။ ထိုပါရမီရှင် သူတော်စင်များအနက်မှ ထင်ရှားသော ဝတ္ထုသက်သေ သာဓကတစ်ခုကို ထုတ်နုတ်၍ ပြရလျှင်–

**(လိုရာဝတ္ထုကို ဆက်ဟောလေ။)**

## သက်န်းလှူက လိုတ,ရ တရားတော်

ယနေ့ ကထိန်သင်္ကန်း လှူဒါန်းကြသော အလှူရှင် အလှူအမ အပေါင်း သူတော်ကောင်းတို့ သင်္ကန်းတစ်စုံလှူလိုက်တာနဲ့ မိမိတို့ လိုတ,ရတယ်တဲ့။ ဘယ်လို လိုတ,ရသလဲဆိုတော့...

**"နန္ဒိယမင်းတရား၊ ပုံအလားသို့၊ နောင်သွားလေရာ၊ ပဒေသာတို့၊ မြေမှာပေါက်ရ၊ ကျိုးဖလ၊ တတ္တစီဝရပ္ပါ"။**

ဟူသော လင်္ကာအတိုင်း ကထိန် ခင်းလိုက်သည့်အတွက်ကြောင့် အာနိသင်ရကြသော ရဟန်းတော်များအား မိမိတို့၏ကျောင်းတိုက်အတွင်းမှာ ဖြစ်ပေါ်လာသမျှသော သံဃိက သင်္ကန်းများကို ပိုင်ဆိုင်ခြင်းဟူသော ယောစတတ္တစီဝရပ္ပါဒ အကျိုးကိုပြီးစေသောကြောင့် ကထိန်ဒကာ ဒကာမ တို့မှာလည်း နိဗ္ဗာန်ကိုရောက်သည်တိုင်အောင် ပါရမီဖြည့်စဉ် ဘဝသံသရာ အတွင်း၌ ဖြစ်လေရာတိုင်း အရေးအခွင့်ကြုံ၍ တောင့်တ အဓိဋ္ဌာန်လိုက်ပါလျှင် အဝတ်ပဒေသာပင်များ အလိုလို မြေမှပေါက်စေနိုင်တဲ့ အကျိုးထူးများကို ရရှိကြကာ သာသနာ့ဝင်တစ်လျှောက်၌ ဂုဏ်ရောင်တောက်ကြွား ထင်ရှား ကျော်စောကာ ဥဒါန်းတွင်ရစ်ရသော ဝတ္ထုသာဓကတစ်ခုကို ထုတ်၍ပြရ ပါလျှင်...

ငါတို့ ဂေါတမရှင်တော်မြတ်ဘုရား၏ တပည့်ရင်းဖြစ်သော ပထမဆုံး သင်္ဂါယနာတင် ခေါင်းဆောင်ဖြစ်သည့် ရှင်မဟာကဿပမထေရ်မြတ်၏ အလောင်းတော်သည် ကောဏဂုံဘုရားနှင့် ကဿပဘုရားတို့၏ သာသနာ

နှစ်ခုတို့၏အကြား အခါတစ်ပါး၌ ဗာရာဏသီပြည်ကြီးမှာ သူကြွယ်မျိုး ဖြစ်ရလေတယ်။

တစ်နေ့သည် အပေါင်းဖော်များနှင့်အတူ တောကစား ထွက်ကြလေသော် တောအတွင်း၌ သခ်မ်းကျောင်းတွေ့၍ ဝင်သွားကြရာ သက်နိုင်းချုပ်နေကြသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကိုတွေ့ရတာနှင့် ဖူးမြော်မေးလျှောက်၍ အနားပတ်တင်စရာ သင်္ကန်းပိတ်စလိုနေကြောင်း သိရသည့်အတွက် မိမှာ အဆင်သင့်ပါလာသော အပေါ်ရုံတဘက်ကို သင်္ကန်းချုပ်ရာ၌ လုံလောက်သော အနားပတ်အတွက် လှူဒါန်းပူဇော်ပြီးလျှင် "ဘုရား တပည့်တော်သည် ထိုကောင်းမှုကြောင့် နိဗ္ဗာန်ကို အမြန်ရောက်ရပါစေ၊ နိဗ္ဗာန်မရောက်သေးမီ ပါရမီဖြည့်ကျင့်စဉ် ဘဝတိုင်း၌ အလိုရှိ၍ တောင့်တလိုက်ပါက မြေအပြင်မှ အဝတ်ပဒေသာများ ပေါ်ပေါက်၍ လာပါစေသတည်း" ဟု ဆုထူးပန္နက် ရိုက်နှက်ချထားလိုက်လေတယ်တဲ့။

ထိုသူကြွယ်သည် မိမိကုသိုလ်မြတ်ကို တရေးရေးကြံတွေး ဝမ်းမြောက်ခြင်း အိမ်ပြန်ရောက်တဲ့အခါမှာ မိမိ၏ဇနီးသည်အား ပြောပြ၍ သာဓုခေါ်စေတယ်။ အိမ်နေဇနီးသည်ကလည်း ထိုနေ့မှာပင် ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား တုမဠူများကို လှူဒါန်းလိုက်သည်ဖြစ်ရာ ထိုကုသိုလ်အဖို့ကိုလည်း မိမိ အိမ်သားအား ပြောပြကာ သာဓု ခေါ်စေတယ်တဲ့။ ထိုကဲ့သို့ အိမ်သူ၊ အိမ်သား ဇနီးမောင်နှံ နှစ်ဦးတို့သည် တစ်ဦးကုသိုလ်ကို တစ်ဦးက သာဓုခေါ်၍ ပျော်ရွှင်စွာ ဘဝဆုံးအောင် နေထိုင်ကြပြီးလျှင် သေလွန်ကြတဲ့အခါ နတ်ပြည်မှာ ဖြစ်ကြရလေတယ်။ ထိုနည်းအတိုင်း လူ့ပြည်၊ နတ်ပြည် အလီလီတို့၌ စည်းစိမ်ချမ်းသာများကို ခံစားခဲ့ကြလေရာ အခါတစ်ပါး၌ သူကြွယ်သည် နတ်ပြည်မှ စုတေခဲ့၍ ဗာရာဏသီပြည်နှင့် တစ်ယူဇနာမျှ ဝေးကွာသော ရွာတစ်ရွာ၌ အမတ်ကြီး၏သား ဖြစ်ရလေတယ်။ ရှုကြည့်ချင့်ဖွယ် တင့်တယ်လှပသည့် အတွက်ကြောင့် နန္ဒိယဟူသော အမည်ကို မှည့်ခေါ်ထားကြလေတယ်တဲ့။

သူဌွယ်မယားကလည်း နတ်ပြည်မှာစုတေ၍ ဗာရာဏသီမင်းကြီး၏ သမီးတော် ဖြစ်ရလေရာ တင့်တယ်လှပသောကြောင့် ဘဒ္ဒါဟူ၍ အမည် မှည့်ထားကြလေတယ်တဲ့။

ထိုနန္ဒိယအမတ်မင်းသားကလေး အရွယ်ရောက်တဲ့အခါ တစ်နေ့မှာ နက္ခတ်ပွဲလမ်းသဘင်ကြီး ဆင်ယင်ကျင်းပလေရာ နန္ဒိယသည် ထိုပွဲသဘင်ကြီး နွဲ့ယှဉ်ပျော်ပါး ကစားလိုတဲ့အတွက် မိဘများထံ ဝတ်ကောင်းစားကောင်း များကို တောင်းရမ်းလေရာ မိခင်ကြီးက အဖိုးတစ်ထောင်လောက်ထိုက်တန် သည့် ပုဆိုးကိုထုတ်ပေးလေတယ်တဲ့။ ထိုအခါ နန္ဒိယက ဤပုဆိုးသည် အလွန်ကြမ်းတမ်းသည့်အတွက် မိမိ မဝတ်ဆင်လိုကြောင်း၊ သည်ထက် ကောင်းတဲ့ အဝတ်ပုဆိုးများကို ပေးဖို့အကြောင်းပြောကာ ပယ်ရှားလိုက် လေတယ်။

မိခင်ကြီးကလည်း သားကလေး အလိုလိုက်သောအားဖြင့် နှစ်ထောင် တန်ပုဆိုးကို ထုတ်ပေးလေရာ သားတော် နန္ဒိယက ရှေးနည်းအတိုင်း ပြောဆိုပယ်ရှားနေသောကြောင့် တစ်ဆင့်ထက် တစ်ဆင့်တက်၍ ထုတ်ပေး လေရာ နောက်ဆုံးပိတ် တစ်သောင်းတန် အကောင်းဆုံးပုဆိုးကို ထုတ်ပေး ရသည့်အဖြစ်မျိုး ရောက်ရလေတယ်။

သို့သော်လည်း သားတော် နန္ဒိယက ကြမ်းတမ်းထူထဲလှသည့်အတွက် မိမိ မဝတ်ဆင်နိုင်ကြောင်း ပြောဆိုပယ်ရှားကာ သည်ထက်နူးညံ့ကောင်းမွန်တဲ့ ပုဆိုးကို ပေးပါမည့်အကြောင်း ပူဆာမြဲ ပူဆာနေသောကြောင့် မိခင်ကြီးမှာ စိတ်မရွှင်နိုင်ရှာတော့ဘဲ သားချစ်ကလေးအား ပြောပြနားလည်စေလိုတဲ့ အတွက် အောက်ပါဂါထာကလေးဖြင့် ရွတ်ဆို ပြောပြလိုက်လေတယ်တဲ့။

**ရညော နော သာဋကံ နေဝ၊ တတောပိ ဥတ္တရိတရံ။**

**ဣစ္ဆိတံ ပရိယေသေဟိ အတ္တနော တေသော ဝရံ။**

**ပိယပုတ္တ၊** တစ်သောင်းတန် ကမ္ဗလာပင် လိုအင်မပြည့် ငိုမချိပယ်ရှ အို...မယ့်ချစ်သား။ **နော၊** သားတော်အတွက် ရတက်မအေး စိတ်လ... လေး၍ ပိုက်ထွေးချစ်ခင် မိခင် ဖခင်တို့၏။ **ရညောပိ၊** ဗာရာဏသီ တိုင်းပြည်ပိုင်နင်း ဘုရင်မင်းကြီးအားသော်လည်း။ **တတော၊** ယခုဝတ်ဆင် စိတ်မရွှင်ပျ လိုမကျပါ တစ်သောင်းတန် ကမ္ဗလာထက်။ **ဥတ္တရိတရံ၊** ကောင်းမွန်သပ်ရပ် လွန်မင်းမြတ်သော။ **သာဋကံ၊** ဝတ်လဲတန်ဆာ အဖြာဖြာ အဝတ ဟူသမျှသည်။ **နေဝအတ္ထိ၊** မရှိရိုးကေန် မှန်လှပါပေ၏။ **တွံ၊** မိဘနှလုံး ပိုက်ယူကျုံး၍ ရွှင်ပြုံးမျက်ဖျော် သင်သားတော်သည်။ **အတ္တနော**

သော၊ ဘုန်းကံပါရမီ စုံညီပြည့်လျှမ်း မိမိ၏တန်ခိုးအစွမ်း သတ္တိထူးဖြင့်။ ဘုန်းရှင်ကံရှင် သမ္မာရှင်တို့ ဝတ်ဆင်သတ်မှတ် အလွန်မြတ်သော။ တို့၊ အသားအရောင် တောက်ပြောင်ထွန်းပ စိတ်လိုကျ အမျိုးမျိုး တ်ပုဆိုးကို။ **ပရိယေသေဟိ၊** မကြာမမြင့် ခါမလင့်အောင် အသင့်မှန်စွာ ားရောက်ရှာကြံ လိုက်ပါလော့။

“ဘုန်းကံပါရမီ စုံညီပြည့်ဝ သားမောင်လှ၊ ယခု သင် ချစ်သားအား င်ပေးထားတဲ့ ပုဆိုးသည် ငါတို့နေရာ ဗာရာဏသီ တိုင်းပြည်အတွင်းမှာဖြင့် ပြိုင်ဘက်ကင်း ဂုဏ်ရောင်လင်းပေသည့် ကောင်းခြင်းဖြိုးလျှံ တစ်သောင်း န် ပုဆိုးစစ်အမှန်ပင် ဖြစ်ပေသည်။ ဒီပုဆိုးထက် သာလွန်ကောင်း တ်သောပုဆိုးကား ဗာရာဏသီ တိုင်းပြည်ပိုင်နင်း ဘုရင်မင်းအားသော်မှ ကြန် မှန်လှပေသည်။ သို့အတွက် မေမေတို့မှာဖြင့် သည်ထက် ကောင်းမြတ်သော ပုဆိုးကို ရှာကြံ၍ ပေးနိုင်ကြတော့မည် မဟုတ်ပါ။ တစ်သောင်းတန် ပုဆိုးကိုမှ သင်ချစ်သား မဝတ်ဆင်နိုင်သေးလို့ ရှိလျှင်ဖြင့် မိ၏ ဘုန်းကံအားကိုး တန်ခိုးစွမ်းသတ္တိဖြင့်သာ လိုက်လံရှာဖွေ၍ ဝတ်ဆင် တော့” ဟု ပြောဆိုလိုရင်းပေါ့နော်။

သားဖြစ်သူ နန္ဒိယသည်လည်း ကိုယ့်ဘုန်း ကိုယ့်ကံ အစွမ်းသတ္တိဖြင့် ဝတ်ပုဆိုးများကို လိုက်လံ၍ ရှာလိုတာနှင့် မိဘများကို ခွင့်ပန်ခယ နှိမ်ချကာ တောင်းပန်ရှာလေတယ်။ မိခင်ကြီးကလည်း တစ်သောင်းတန်တဲ့ ဝတ်ပုဆိုးကိုပင် မဝတ်ဆင်နိုင်တဲ့ သားတော်အတွက် စိတ်လက်မကြည်ရှာ ခံချို မခံသာဖြစ်လှတာနှင့် “ကောင်းပါကြို သားတော်မောင်၊ ယနေ့ပဲ င်သားတော်မောင်၏ ဘုရင်မင်းဖြစ်အင်ကို မိခင် ဖခင်တို့က မြင်လိုကြ သည်”ဟု ခပ်ငေါ့ငေါ့ကလေး ပြောဆို ခွင့်လွှတ်လိုက်ကြလေတယ်။

နန္ဒိယမင်းသားကလေးလည်း မိဘများကို ရှိခိုးကန်တော့၍ ဘာ ည်ရွယ်ချက်ကယ်လို့ မရှိလှ၊ ဦးတည်ရာဌာနသို့ ထွက်ခဲ့လေရာ ကံအား လျော်စွာ ဗာရာဏသီမင်းကြီး၏ ဥယျာဉ်တော်ထဲရောက်ရှိကာ ကျောက်ဖျာ တစ်ခုပေါ်၌ အမော အပန်းဖြေလျက် အိပ်စက်၍ နေလေတယ်တဲ့။ ဘုန်းကံရှိသူများတော့ ပြုသလို အဆင်သင့် သွားတာပဲနော်။ သာမန် လ်များဖြင့် သူခိုးမှတ်၍ အဖမ်းခံရမှာပေါ့။

ထိုနေ့ကား ဗာရာဏသီမင်းကြီး၏ နတ်ရွာစံလွန်တော်မူပြီးနောက် ခုနစ်ရက်မြောက်နေ့ဖြစ်လေရာ မင်းမြတ်ကြီးမှာလည်း နန်းညွန့်နန်းလျာ သားတော်အဆက်မရှိဘဲ သမီးတော်ကလေး တစ်ပါးသာ ကျန်ရစ်သည့် အတွက်ကြောင့် တိုင်းပြည် ခေါင်းဆောင်ဖြစ်ကြတဲ့ မှူးကြီးမတ်ရာ သေနာပတိ အပေါင်းသည် မင်းဖြစ်ထိုက်သောသူကို ရှာကြံရွေးချယ်ကြရန် "ဖုဿရထ" ခေါ်တဲ့ မောင်းသူမပါ မင်္ဂလာရထားယာဉ်ကို လွှတ်ကြလေတယ်တဲ့။ ထိုဖုဿရထားကို လွှတ်ကြပြီးတဲ့အခါမှာလည်း မင်းဖြစ်ထိုက်သူကို အဆင်သင့် တွေ့ရှိစေရန် ရထား၏နောက်နား မလှမ်းမကမ်းမှ မှူးမတ်သေနာပတိစသော ဂုဏ်သရေရှိ ပုဂ္ဂိုလ်ကြီးများက လိုက်လံကြည့်ရှုနေကြစဉ် ဖုဿရထားသည် နန်းတော်မြို့တွင်းမှထွက်၍ မင်္ဂလာဥယျာဉ် တော်ဆီသို့ ဈေးရှုထွက်သွား လျက် နန္ဒိယသတို့သားကလေးအိပ်နေသော မင်္ဂလာကျောက်ဖျာအနီးမှာ သွားရောက် ရပ်တန့်၍နေလေတယ်။

ထိုအခါ နောက်တော်ကလိုက်ပါလာကြသော ဂုဏ်သရေရှိ ပုဂ္ဂိုလ် ကြီးများ ရထားဆိုက်ကပ်ရာနေရာကို ဝိုင်းအုံရောက်လာကြပြီး ကြည့်ရှု စုံစမ်းကြရာ ကျောက်ဖျာပေါ်၌ သူငယ်တစ်ယောက် အိပ်စက်နေသည်ကို တွေ့ကြရတာနှင့် အားလုံးပဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြလေတယ်။

အနားရောက်ကြ၍ မင်းဖြစ်ထိုက် မဖြစ်ထိုက် စိစစ်ကြတဲ့အခါမှာလည်း မင်းဖြစ်ထိုက်သော လက္ခဏာများကို တွေ့မြင်ကြရ၍ မင်းသမီးနှင့်တကွ အားလုံး တိုင်ပင် နှီးနှောကြကာ အများသဘောတူ ဆုံးဖြတ်ကြပြီးလျှင် နန္ဒိယသတို့သားအား တောင်းပန်ကြလျက် မင်းအဖြစ်ကို လွှဲအပ်ကြပြီးလျှင် ချက်ချင်းပဲ ဘိသိက်သွန်းဖျန်း နန်းအပ်ပွဲ မင်္ဂလာပွဲများကို တစ်ပေါင်းတည်း ဆင်ယင်ကျင်းပလိုက်ကြလေတယ်တဲ့။

နန္ဒိယမင်းသားလည်း စုံစမ်းမေးမြန်းကြည့်ရာ ဗာရာဏသီမင်းကြီးမှာ တခြားမင်းသားနန်းညွန့်နန်းလျာမရှိ၊ သမီးတော် တစ်ယောက်သာရှိကြောင်း အသေအချာ စစ်ဆေး မေးမြန်းကာ သိရတာနှင့် ဘုရင်မင်းအဖြစ်ကို လက်ခံတော်မူပြီးလျှင် ဘိသိက်ခံပွဲ မင်္ဂလာမဏ္ဍပ်အတွင်း၌ ဘုရင်မင်းတို့၏ ဝတ်လဲတော်ပုဆိုးကို လဲလှယ်ဝတ်ဆင်ရန် အယူခိုင်းလိုက်လေရာ အလွန် တရာ ကြမ်းတမ်းလှတာနှင့် သည်ထက်ကောင်းမွန် ချောမွေ့သောဝတ်လဲ

တော် ဆက်သရန် ပြောဆိုလေရာ မှူးကြီးမတ်ရာ သေနာပတိအပေါင်းတို့က
သည်ထက် နူးညံ့ကောင်းမွန်သော ဝတ်လဲတော်မရှိ၊ ထိုဝတ်လဲတော်သည်
သာလျှင် ဗာရာဏသီ တိုင်းနေပြည်မှာ အကောင်းဆုံးဖြစ်၍ ရှေးရှေးသော
မင်းများလည်း ထိုဝတ်လဲတော်မျိုးကိုသာ ဝတ်ဆင်ကြကြောင်း သံတော်ဦး
တင်ကြလေတယ်တဲ့။

ထိုအခါ နန္ဒိယမင်းသည် သင်တို့၏ ရှေးကမင်းများသည် ဘုန်းကံပါရမီ
နည်းပါးသူများဖြစ်ကြ၍ သည်မျှ ကြမ်းတမ်းသော ဝတ်လဲတော်များကို
ဝတ်ဆင်နိုင်ကြပေသည်။ ငါတို့ကား သည်လောက်ကြမ်းတမ်းသော
ဝတ်လဲတော်များကို မဝတ်ဆင်နိုင်ကြပေ စသည်ဖြင့် ပြောဆိုပြီးလျှင်
ရွှေကရားဖြင့် ရေထည့် ယူစေပြီး၍ "ငါသည် ဝတ်စားနေထိုင်မှုစသည်တို့ဖြင့်
ချို့တဲ့ခြင်း မရှိရဘဲ စိတ်လိုသမျှ ပြီးမြောက်နိုင်ရုံမက မဂ်,ဖိုလ်, နိဗ္ဗာန်ဆိုတဲ့
ချမ်းသာထူးကိုပင် လိုချင်ခဏ ရစေနိုင်တဲ့ ဒါန စသော ပါရမီကောင်းမှု
ကုသိုလ်များကို ဖြည့်ကျင့်စုဆောင်းခဲ့သည်မှာ များလှချေပြီ၊ ထိုပါရမီစုံ
ကောင်းမှု၏ အစွမ်းဟုန်ကြောင့် ငါ၏စိတ်လိုကျဖြစ်သော အဝတ်တန်ဆာ
များကို သီးစေနိုင်တဲ့ အဝတ်ပဒေသာပင်များ ထင်ရှားမကြာ ပေါ်ပေါက်၍
လာပါစေသတည်း" ဟု အဓိဋ္ဌာန်ပြုလျက် အရှေ့အရပ်ကိုလှည့်၍ ရွှေကရားနှင့်
ရေများကို သွန်းလောင်းလိုက်လေရာ အဖိုးအနဂ္ဃထိုက်တန်သော အဝတ်
များကို သီးလျက် အဝတ်ပဒေသာပင်ကြီးရှစ်ပင်တို့သည် ပရိသတ်အကြား
မှာ ထင်ရှားစွာ ပေါ်ပေါက်၍ လာရလေတယ်။

ထိုနည်းအတူ တောင်အရပ်, မြောက်အရပ်, အနောက်အရပ်တို့ကို
လည်း လှည့်လည်၍ အဓိဋ္ဌာန်ချက်ဖြင့် ဆက်လက်ကာ ရွှေစင်ကရားဖြင့်
ရေစင်များကို သွန်းလောင်းလိုက်လေရာ ရှစ်ပင် ရှစ်ပင်စီသော အဝတ်ပဒေသာ
ပင်ကြီးများ ပေါ်ပေါက်၍လာလေသဖြင့် သုံးဆယ့်နှစ်ဖြာသော အဝတ်ပဒေသာ
တို့ဖြင့် ဝေဆာပြီး နေတာပေါ့နော်။ ရှေးက ပြုထားတဲ့ ကုသိုလ်ကောင်းမှု
များဟာ ဘယ်ကလောက် ကျေးဇူးများ ဆန်းကြယ်သလဲဆိုတာ စဉ်းစားသာ
ကြည့်ကြပေတော့။ ဒါကြောင့်-

**ဂဟေတွာ သောဏ္ဏဘိင်္ကာရံ ပါစေတွေ့ ဥဒကံဒိသံ။**
**ကပ္ပရုက္ခာ ဥဋ္ဌဟန္တိ၊ ဝတ္ထာနဂ္ဃဖလာရော။**

**တဒါ၊** အဘိသိက်ပွဲလမ်းသဘင် ဆင်ယင်ကျင်းပ ထိုအခါကာလ၌။ **သ–သောနန္ဒိယော၊** နေလပမာ ဘုန်းသမ္ဘာထင်လင်း ထိုနန္ဒိယမင်းတရားသည်။ **သောဏ္ဍဘိက်ာရံ၊** အေးမြကြည်လင် ရေစင်ထည့်ထား ရွှေကရားကို။ **ဂဟေတွာ၊** လက်တော်ဆန့်ကာ သာယာမြဲခိုင် စွဲကိုင်တော်မူသည်ဖြစ်၍။ **ဒိသံ၊** အရှေ့, အနောက်, တောင်, မြောက်ဝဲယာ အရပ်မျက်နှာသို့။ **ဥဒကံ ပါတေသွေ၊** ရေးကကြောင်းမှန် ကောင်းမှုကံကို အဓိဋ္ဌာန်မှန်းဆ သွန်းလောင်း၍ ချလိုက်သည်ရှိသော်။ **ဝဏ္ဏာနဂ္ဃ ဖလာဝရာ၊** ဗန်ကောက်ပိုးသား နိုင်လွန်များနှင့် အစားစား အမျိုးမျိုး အဖိုးအနဂ္ဃ ထိုက်တန်ကြတောင်း အဝတ်အထည် ပေါင်းတို့ကို နှစ်ထောင်းအားရ သီးပွင့်ကြကုန်သော။ **ကပ္ပရုက္ခာ၊** သုံးဆယ့်နှစ်ဖြာ ရတနာခေါ်တွင် စုံလင်ပွင့်သီး ပဒေသာပင်ကြီးတို့သည်။ **ဥဋ္ဌဟန္တိ၊** မြေကြီးဖောက်ထွင်း ကောင်းကင်ချဉ်းအောင် လက်ငင်းမှန်စွာ ပေါ်ပေါက်၍ လာကြလေကုန်သတည်း။

အဲ... ဤကဲ့သို့ ပေါက်ရောက်လာကြတဲ့ သုံးဆယ့်နှစ်ဖြာသော ပဒေသာပင်ကြီးတို့တွင် တစ်ပင် တစ်ပင်ကသီးသော ဘန်ကောက် ပိုးဖဲမျိုးကွဲ ကမ္ဗလာ စိန်ကတ္တီပါနှင့် မှန်ဇာအစားစား နိုင်လွန်များပါမကျန် အတန်တန်သော အဝတ်အထည်များမှာ ဗာရာဏသီ တစ်တိုင်းပြည်လုံးတွင်မက ဇမ္ဗူဒိပ်တစ်ကျွန်းလုံးမှာရှိကြတဲ့ ပုဂ္ဂိုလ်အားလုံး ဆွတ်ခူး၍သုံးသော်လည်း ကုန်လျော့ခြင်းမရှိ။ ပကတိ ရေးနည်းအတိုင်း တိုးမြဲတိုင်း တိုး၍ နေလေတယ်တဲ့နော်။ ဘယ်လောက်များ အံ့သြစရာ အားကျစရာ ကောင်းသလဲ ဆိုတာ စဉ်းစားသာ ကြည့်ကြပေတော့။ ယခုကာလ အထည်ဈေးတွေကကြီး၊ လူတွေက အဆင်းကြိုက်ကြိုက်နှင့် ဒီလို ပဒေသာပင်ကြီးတွေများ တစ်မြို့ တစ်ရွာ တစ်ပင်စီလောက် ရှိလိုက်ရ ဘယ်လောက်ဟန်မလဲနော်။ နိဗ္ဗာန်ရောက်ရသည်တိုင်အောင် ဒီလိုအဖြစ်မျိုးတွေကို ရကြပါစေလို့ ရည်မှန်းချက် ထားကြလျှင်ဖြင့် လမ်းသွားရင်း ဟန်ချီဆိုတာလို နောင်လိုတဲ့အခါ အဆင်သင့်ရကြဖို့ပေါ့။

အဲ... ထိုကဲ့သို့ ပဒေသာပင်များ ပေါက်ရောက်လာပြီးနောက် နန္ဒိယမင်းတရားသည် ထိုပဒေသာပင်များမှ အလိုရှိသော အဝတ်အထည်များကို ဆွတ်ခူးစေကာ ဝတ်တော်မူလျက် ဥယျာဉ်တွင်းမှာ ခင်းကျင်းထားသော

မဏ္ဍပ်အတွင်း၌ပင် ဘဒ္ဒါမင်းသမီးနှင့် ထိမ်းမြားလက်ထပ်ကာ အဘိသိက်ပွဲ
သဘင်တော်ကို နွှဲဆင်တော်မူလျက် ဗာရာဏသီပိုင်နင်း ဘုရင်မင်း၏အဖြစ်ကို
ခံယူတော်မူပြီးလျှင် ထိုအဝတ်ပဒေသာပင်များကိုလည်း တိုင်းသူပြည်သား
လူအများတို့အား ဆွတ်ခူးသုံးစွဲကြရန် အခွင့်ပြုလှူဒါန်းတော်မူလျက် တင့်တယ်
ဖွယ်ရာသော ဗာရာဏသီရွှေမြို့တော်သို့ ကြွမြန်းတော်မူကာ နန္ဒိယမင်း
ဟုသော အမည်နာမ ဂုဏ်ထူးဖြင့် ရွှင်မြူးစွာ စိုးစံတော်မူရလေတယ်တဲ့။

ဗာရာဏသီ တိုင်းပြည်နေဗြား လူအများတို့သည်လည်း ဘုရင်
မင်းမြတ်၏အမိန့်တော်အတိုင်း အလိုရှိသမျှသော အဝတ်တန်ဆာ အဖြာဖြာ
တို့ကို ပဒေသာပင်များမှ ဆွတ်ခူးယူငင်ကြကာ ဝတ်ဆင်ကြရသောကြောင့်
ညည်းချုချည်လေ့ ဗိုင်းငင်ရက်ကန်းစင်နှင့် စပ်သမျှ အဝဝသော အလုပ်ကိစ္စတို့ကို
မပြုလုပ်ကြရတော့ဘဲ မျက်နှာလွှဲ၍သာနေကြလေတယ်တဲ့။ ဒါကြောင့်...

**တတော ပဋ္ဌာယ ရဋ္ဌိကာ၊ ပေသကမ္မ ဝိရဟိတာ။**

**ဂဟေတွာ ကပ္ပရုက္ခမှာ၊ ဘုဉ္ဇန္တိ ကုဋ္ဌိတံ ဝရံ။**

**တတော၊** နန္ဒိယမင်း၏ဘုန်းသမ္ဘာကြောင့် သုံးဆယ့်နှစ်ဖြာ ပဒေသာ
တို့ မြေမှာပေါက်ရ ထိုအခါကာလမှ။ **ပဋ္ဌာယ၊** အစပြု၍။ **ရဋ္ဌိကာ၊**
ဗာရာဏသီ တိုင်းပြည်နေဗြား လူအများတို့သည်။ **ပေသကမ္မ ဝိရဟိတာ၊**
ဗိုင်းငင် ချည်တန်းရက်ကန်းမှု အဖြာဖြာကို စိတ်မပါ ဖယ်ရှားကြကုန်သည်
ဖြစ်၍။ **ကပ္ပရုက္ခမှာ၊** ပွင့်သီးစုံစွာ ဂုဏ်သမ္ဘာထင်ရှား သုံးဆယ့်နှစ်ဖြာသော
ပဒေသာပင်များမှ။ **ဝရံ** လောကဓာတ်နယ် ဖမ္ဗူအပြင်ဝယ် တုယှဉ်ဖွယ်ရာမရ
အလွန်ပင်မြတ်လှပေထသော။ **ကုဋ္ဌိတံဝတ္ထံ၊** လိုလားတောင့်တ စိတ်
သဘောကျဖြစ်သော အဝတ်တန်ဆာ အဖြာဖြာကို။ **ဂဟေတွာ၊** ဝမ်းမြောက်
ကြည်နူး သွားရောက် ခူးဆွတ်ကြကုန်လျက်။ **ဘုဉ္ဇန္တိ၊** လူမှာအဝတ်
ကောင်းမှာအကွပ်ဆိုသည့် ရှေးစကားစဉ်ပမာ ပြည်တစ်ခွင်မှာ ဂုဏ်ထင်ရှား
ကြလျက် ဝတ်စားသုံးဆောင်နိုင်ကြလေကုန်သတည်း။

ယခုကာလ ဒီလိုဘုန်းကံပါရမီရှင်တွေ များများပေါ်ပေါက် မည်ဆိုလျှင်
တကယ်ဟန်ကျပေါ့နော်။ အမျိုးသမီး၊ အမျိုးသားကလေးတွေ ဝတ်ရေး
ဘက်က ပြည့်စုံနေမည်ဆိုတော့ တခြား မေရိကန်, အင်္ဂလန်, ဂျပန်,
အိန္ဒိယ, တရုတ်ပြည် စသော တိုင်းတစ်ပါးဖြစ် အထည်အလိပ်တွေကို

မဝယ်ကြတော့ဘဲ ကိုယ့်တိုင်းပြည်ဖြစ် အထည်အလိပ်တွေကို အလိုရှိသလို ခူးယူကြ၍ ဝတ်ဆင်ကြပြီး ပိုလျှံတဲ့ အထည်လိပ်အဆန်းတွေကိုတောင် တခြားတိုင်းပြည်များကို ဈေးနှုန်းကြီးကြီးနှင့် ရောင်းနိုင်ကြရဦးမှာပေါ့နော်။

အဲ... နန္ဒိယမင်းတရားနှင့် ဘဒ္ဒါမိဖုရားကြီးတို့သည်လည်း စိုးရိပ်ငြိမ် မင်းစည်းစိမ်ချမ်းသာ အဖြာဖြာတို့ကို အနှောင့်အယှက် အဆီးအတားမရှိ ပကတိအေးချမ်းသာယာစွာ ခံစံတော်မူကြလျက် ထိုမင်းစိမ်ချမ်းသာကလေး မျှဖြင့် အားရ တင်းတိမ် ကျေနပ်၍မနေကြသေးဘဲ ရှေ့ရေးကို တွေးတော ဆင်ခြင်တော်မူကြကာ မဂ်နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော ပါရမီ တရားတွေကို ဖြည့်ကျင့်သောအနေဖြင့် မြို့တံခါးလေးပေါက်၌ အလှူမဏ္ဍပ်ကြီး လေးဆောင်၊ မြို့လယ်၌ တစ်ဆောင်၊ နန်းတော်တံခါးဝ၌ တစ်ဆောင်အားဖြင့် မဏ္ဍပ်ကြီး ခြောက်ဆောင်တို့ကို ဆောက်လုပ်စေ၍ တစ်ဆောင်လျှင် တစ်သိန်းကျဖြင့် တစ်နေ့တစ်နေ့မှာ ခြောက်သိန်းကျ လှူဒါန်းကြကာ ဒါန ပါရမီမျိုးစေ့ကို စိုက်ပျိုးတော်မူကြလျက် ထိုဘဝမှစုတေကြကာ လူ့ပြည် နတ်ပြည် အလီလီတို့၌ ချမ်းသာစည်းစိမ်များကို ခံစံတော်မူကြရင်း ပါရမီ တရားများကို ဖြည့်ကျင့်လာခဲ့ကြရာ ငါတို့ဘုရားရှင် လက်ထက်တော်မှာ ကုဋေရှစ်ဆယ်စီ ကြွယ်ဝချမ်းသာသော သူဌေးသား သူဌေးသမီးကလေးများ ဖြစ်လာကြ၍ အရွယ်ရောက်ကြတဲ့အခါ ချဖူးသော ရေစက်၊ ပန္နက်ဖူးသော သစ္စာကြောင့် နှစ်ဦးနှစ်ဝ ဆုံစည်း၍ လက်ထပ်ထိမ်းမြားခြင်း ခံကြရကာ ပိပ္ပလိသူဌေးကလေး၊ ဘဒ္ဒကာပိလာနီ သူဌေးကတော်ဟူ၍ ဇမ္ဗူအတွင်း ဂုဏ်သတင်း ကျော်ကြားကြစေလျက် တစ်နေ့မှာ နှစ်ဦးသဘောတူ ကုဋေ တစ်ရာ့ခြောက်ဆယ်သော စည်းစိမ်ချမ်းသာများကို ပယ်စွန့် လှူဒါန်းထားခဲ့ ကြ၍ အချင်းချင်း ခေါင်းရိတ်ကြပြီးလျှင် တောထွက် ရဟန်းပြုကြလေရာ နှစ်ဦးစလုံးပင် အာသဝေါကုန်ခန်း ရဟန္တာများဖြစ်ကြလျက် ပိပ္ပိသူဌေးကလေး က ပထမသင်္ဂါယနာတင် ဦးစီးခေါင်းဆောင် ရှင်မဟာကဿပကြီး ဖြစ်၍ သာသနာတော်တစ်လျှောက်မှာ ဂုဏ်ထင်းရှားစေပြီးလျှင် ပရိနိဗ္ဗာန် စံဝင်တော် မူရလေတယ်။ သူဌေးကတော်ကလေး ဘဒ္ဒကာပိလာနီကလည်း မိန်းမ ရဟန်းများတွင် ဂုဏ်သရေရှိ ပုဗ္ဗေနိဝါသာနုဿတိအရာ၌ ဧတဒဂ်ရရှိကာ သာသနာဝင် တစ်လျှောက်၌ ဂုဏ်သတင်း ထွန်းတောက်စေတော်မူပြီးလျှင် ဘဝဇာတ်သိမ်း အေးငြိမ်းတော်မူရလေတယ်။

ဤသို့ ကမ္ဘာတစ်သိန်းထက် ပဒုမုတ္တရမြတ်စွာဘုရား လက်ထက်တော်မှစ၍ ပါရမီမျိုးစေ့ စိုက်ပျိုးကြကာ စိတ်တူညီမျှ မကွာမကွဲ တစ်ပေါင်းတည်းသာ လူနတ်တို့၏ စည်းစိမ်ချမ်းသာ အဖြာဖြာတို့ကို ခံစံတော်မူခဲ့ကြပြီး ပါရမီကုသိုလ်များကို ဖြည့်ချင့်ရခြင်း ဆင်းဆင်းရဲရဲ မရှိကြရဘဲ ချမ်းသာသုခများနှင့်သာ အများအားဖြင့် တွေ့ကြုံကြရလျက် နောက်ဆုံး မင်္ဂဖိုလ်နိဗ္ဗာန်ကိုပင် ဂုဏ်ရည်တူကြသော ရဟန္တာပုဂ္ဂိုလ်ကျော်တို့ အနေအားဖြင့် ဝင်စံတော်မူကြလေတယ်တဲ့။ ဒါကြောင့်–

**မဟာပိပ္ပလိ ဒုဝေ ဘဒ္ဒါ၊ သဟာပုညကာရာ ပုရေ၊**
**သဟောဝ သံသရိတွာန၊ သဟာခေမပ္ပိ တာရယုံ။**

**မဟာပိပ္ပလိ ဝ၊** ကဿပအလောင်း ကျော်သောင်းဝေနီး သူဌေးကြီးပိပ္ပလိသည်လည်းကောင်း။ **ဘဒ္ဒါ ဝ၊** ကောင်းခြင်းငါးသွယ် ဆန်းကြွယ်ပါလှမယ်ဘဒ္ဒါသည်လည်းကောင်း။ **ဒုဝေ၊** သာသနာတော်အတွင်း ထင်လင်းကျော်ကြား ပါရမီရှင် နှစ်ပါးတို့သည်။ **ပုရေ၊** ဟိုရှေးယခင်ကာလသမယ၌။ **သဟ ပုညကာရာ၊** စိတ်တူကိုယ်တူ ကြည်ဖြူရွှင်ပျ ပုညထူးထူး ဆည်းပူးမလင့် ဖြည့်ကျင့်ပြုလုပ်ခဲ့ကြလေကုန်သောကြောင့်။ **သဟောဝ၊** လူဖြစ်လျှင် တူတူနတ်ဖြစ်လျှင် မကွေကွဲ ယှဉ်တွဲစုရုံး တစ်လုံးတစ်စည်းတည်းသာလျှင်။ **သံသရိတွာ၊** လူ့ပြည် နတ်ပြည် ဘုံထိုဤ၌ လှည့်လည်ဆိုက်ကပ် ချမ်းသာမြတ်အစုံခံစံတော်မူခဲ့ကြကုန်ပြီး၍။ **ခေမံပိ၊** ဘေးအန္တရာယ် ရန်အသွယ်သွယ်တို့ ပျက်ပြယ်ကင်းပ အေးမြရာမှန် ပြည်နိဗ္ဗာန်သို့လည်း။ **သဟောဝ၊** မင်္ဂရောဖိုလ်ပါ ပွင့်သမ္ဘိဒါနှင့် လောကုတ္တရာအောင်ပန်း ရွှင်လန်းညီတူ ရယူတော်မူကြကုန်သည်ဖြစ်၍။ **တာရယုံ၊** အရဟတ္တဖိုလ် မြတ်အောင်လံလွှင့် ဂုဏ်ရောင်တင့်၍ မလင့်မှန်စွာ ကူးမြောက်တော်မူကြရရှာလေကုန်သတည်း။

အဲ... ဤကဲ့သို့ မဟာပိပ္ပလိနှင့် ဘဒ္ဒကာပိလာနီ ဇနီးမောင်နှံနှစ်ဦးတို့သည် ဟိုရှေးယခင် သူကြွယ်ဇနီးမောင်နှံနှစ်ဦး ဖြစ်ကြစဉ်အခါက၍ စိတ်တူကိုယ်မျှ ပုညအထူး ဆည်းပူးပြုစုပျိုးထောင်ခဲ့ကြလေသောကြောင့် လူနတ်တို့၏ ဘုံဌာနမှာ ဂုဏ်သမ္ဘာညီညီဖြင့် ပါရမီကုသိုလ်များကို ဖြည့်ကျင့်စုဆောင်းခဲ့ကြရင်း မကွာမကွဲ တစ်ပေါင်းတည်းသာလျှင် ချမ်းသာသုခအဝဝတို့ကို ခံစံတော်မူခဲ့ကြပြီးလျှင် နောက်ဆုံးပိတ် ပစ္ဆိမဘဝ၌လည်း

မဂ်ဖိုလ်နိဗ္ဗာန်ကို ကြည်ဖြူယုံကြည်စွာ တစ်ပေါင်းတည်းသာလျှင် စံဝင်တော်မူခဲ့ကြလေတယ်တဲ့။ ဉာဏ်အမြင်ရှေ့သွားပြီး စဉ်းစားဆင်ခြင်ကြည့်ပါလျှင် ပျော်စရာ အားကျစရာကြီးပေါ့နော်။

ယခု ဟောပြောခဲ့ပြီးသော တရားအစဉ်ကို ဆင်ခြင်စုရုံး အကျဉ်းချုံးလိုက်ပါလျှင်–

၁။ မဟာပိပ္ပလိနှင့် ဘဒ္ဒကာပိလာနီ ဇနီးမောင်နှံတို့သည် စိတ်တူကိုယ်မျှ ပုညအထူး ဆည်းပူးဖြည့်ကျင့်ခဲ့ကြသောကြောင့် နိဗ္ဗာန်ရောက်သည့်တိုင်အောင် မကွာမကွဲ တစ်ပေါင်း တစ်စည်းတည်း လူနတ်တို့၏ ချမ်းသာများကို ခံစံတော်မူကြရပုံ။

၂။ သင်္ကန်းအနားပတ်မျှ လှူဒါန်းခဲ့ကြတာနှင့် တကယ်တမ်း အလိုရှိတဲ့အခါ အဝတ်ပဒေသာပင်များ မြေမှ အလိုလိုပေါ်ပေါက်လာရပုံ။

၃။ စိတ်ထားဖြူစင် ကြည်လင်ရွှင်ပျ ပြုလုပ်ရသော ကောင်းမှုရှင်များသည် သံသရာတစ်လျှောက်မှာ အောက်တန်းမကျ မွန်မြတ်လှပုံတွေကို တွေ့မြင်ကြရပေမည်။

သို့အတွက်ကြောင့် ယခု ညီညာစုဝေးရောက်လာကြသော ကောင်းမှုရှင် ဒကာ,ဒကာမအပေါင်း သူတော်ကောင်းတို့သည် ရှေးယခင် သူတော်စင်များမှာ သင်္ကန်းအနားပတ် ကလေးမျှ လှူဒါန်းခဲ့ကြတာနှင့်ပင် သံသရာတစ်လွှား၌ အထက်တန်းစား စည်းစိမ်ချမ်းသာများကိုသာ ခံစံတော်မူကြပြီးလျှင် နောက်ဆုံးဘဝမှာလည်း မဂ်ဖိုလ်နိဗ္ဗာန်ကို လွယ်ကူစွာ ဆွတ်ခူးစံဝင်တော်မူနိုင်ကြပေသေးသည်။ အများအပြား လှူဒါန်း ဆောက်တည်ပွားများအားထုတ်ကြရတဲ့ ငါတို့မှာကား ဘယ်မှာလျှင် မဂ်ဖိုလ်နိဗ္ဗာန်ကို မရရှိ နေနိုင်ကြလေမည်နည်း။ အမှန်မုချ ရောက်ကြရ၊ ရကြရပေမည် အစရှိတဲ့ ယုံကြည်ခြင်း သဒ္ဓါ၊ အောက်မေ့ခြင်း သတိ၊ ဝမ်းမြောက်ခြင်း ပီတိ၊ သိမြင်ခြင်း ပညာဉာဏ် ရှေ့သွား၍ ကြိုးစားခြင်း လုံ့လဝီရိယ ငါးဝသော သူတော်စင်လက်နက်တို့ဖြင့် ကိလေစက် ရန်သူတစ်သင်းတို့ကို ပယ်ခုယ်ရှင်း အောင်ပွဲဆင်နိုင်ကြ၍ အမတပြည်နိဗ္ဗာန် ရည်စိတ်သန်ခါမလင့်ဘဲ မကြာမြင့် ဝင်စံနိုင်ကြပါစေကုန်သတည်း။

# ပေး၍မကုန် ကထိန်ဂုဏ် တရားတော်

ယနေ့ ကထိန်သင်္ကန်း လှူဒါန်းကြသော အလှူရှင် အလှူအမ အပေါင်း သူတော်ကောင်းတို့ ကထိန်လှူတဲ့ဂုဏ်ဟာ ပေး၍မကုန်နိုင်ပါဘူး။ ဘယ်လိုပေး၍ မကုန်တဲ့ ကထိန်ဂုဏ်များလဲ ဆိုတော့...

*မေဏ္ဍကသူဌေးကြီး၊ ဇနီးမယား၊ သမီးသားသို့၊ သုံးစားမကုန်၊ လုံးစုံနေ၊ လိုတိုင်းရ၊ ယာဝသဒီယာ။*

ဟူသော ဆောင်ပုဒ်လင်္ကာအတိုင်း ကထိန်အာနိသင် ၁၀သော ရဟန်းတို့အား ဆယ်ရက်ထက်ပို၍ မထားကောင်းသော သင်္ကန်းများကို ဆယ်ရက်မက ငါးလတိုင်အောင် ထားနိုင်ခြင်းဟူသော "ယာဝဒတ္ထစီဝရ" အကျိုးကို ပေးလှူသည် မည်သောကြောင့် ကထိန်ဒကာ, ဒကာမများသည် နိဗ္ဗာန်သို့ ရောက်သည့်တိုင်အောင် ဖြစ်လေရာသံသရာဘဝတိုင်း၌ မေဏ္ဍက သူဌေးကြီးနှင့် သူဌေးကတော် စန္ဒပဒုမ၊ သားတော် ဓနဥ္စယ၊ ချွေးမတော် သုမနဒေဝီ စသော ပုဂ္ဂိုလ်များကဲ့သို့ စားသောက်သုံးဆောင် ပေးကမ်း စွန့်ကြဲ၍ မကုန်နိုင်အောင် ဥစ္စာရွှေငွေ, ဆန်ရေစပါး, ကျွဲ, နွား, ဆင်,မြင်း ထမင်းဘောဇဉ် အဝတ်တန်ဆာ စသော အသုံးအဆောင်များကို အမြဲတမ်း ရနိုင်ခြင်းဟူသော ယာဝဒတ္ထစီဝရပ္ပါဒသဒိသအကျိုးထူးများကို ရစေနိုင်ရုံ မက အထူးအမြတ်ဆုံးဖြစ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန် ဟူသော အကျိုးကိုပင် အလွယ်တကူဖြင့် ရရှိနိုင်လေတယ်တဲ့နော်။

ထိုဆိုခဲ့ပြီးသော စည်းစိမ် ချမ်းသာများကို ရရှိကြတဲ့ မေဏ္ဍက သူဌေးကြီး အိမ်သားတစ်စုတို့၏ အကြောင်းအတ္တုပ္ပတ္တိ ကို ထုတ်ဆောင်၍ ဟောဖော်ပြရပါလျှင် ရှေးအခါက မေဏ္ဍက သူဌေးအလောင်းတော်သည် ဗာရာဏသီပြည်၌ သူဌေးကြီးတစ်ဦး ဖြစ်ခဲ့ဖူးလေရာ တစ်နေ့မှာ ဘုရင့် အထံသို့ အခစား အဖူးမြင် သွားရောက်စဉ် ပုရောဟိတ်ပုဏ္ဏားကြီးနှင့် လမ်းခရီးမှာ တွေ့ရတာနှင့် နက္ခတ်ဗေဒင်များကို မေးမြန်းလေရာ နောက်သုံးနှစ် ကြာတဲ့အခါမှာ ငတ်မွတ်ခေါင်းပါး အစားအသောက် ရှားပါးသောဘေးကြီး ဆိုက်ရောက်လိမ့်မည်ဟု ဟောဆိုသဖြင့်...

သူဌေးကြီးသည် ငတ်မွတ်သောဘေးမှ လွတ်မြောက် စေရန် ဆန်စပါးအများအပြားစိုက်ပျိုး၍ ရသမျှသော စပါးတို့ကို စိကြီးစိငယ်များဖြင့် သိုလှောင်ထားကာ ရှိသမျှသော ရွှေငွေ ဥစ္စာတို့ဖြင့်လည်း ဆန်စပါးများကိုသာ ဝယ်ယူသိုလှောင်၍ စပါးစိ(ကျီ)ပေါင်း ၁၂၅–ခုတို့ကို ပြည့်လျှံစေသည့်အပြင် အိုးကြီး အိုးငယ်များမှာထည့်၍ ပိုသောစပါးများကို မြေကြီးထဲတူး၍ မြှုပ်နှံ ကာ ထားခဲ့လေတယ်တဲ့။ သုံးနှစ်ကြာတဲ့အခါမှာ ဆရာ ပုရောဟိတ် ပြောသည့်အတိုင်းပဲ အငတ်ဘေးကြီး ဆိုက်ရောက်လာလေရာ သူဌေးကြီး သည် သိုလှောင်၍ထားသော ဆန်စပါးများကို စားသောက် သုံးဆောင်ရ သည့်အတွက် သူများလို ထွက်မပြေးရသေးဘဲ ချမ်းသာစွာ နေနိုင်ပေတယ်။

ကာလကြာတဲ့အခါ မိမိသိုလှောင်ထားသော ဆန်စပါးများ ကုန်ခါနီး ဖြစ်၍သွားသော်လည်း အငတ်ဘေးကြီးကား မရပ်စဲသေးသည့်အတွက် မိမိအိမ်ရှိ ကျေးကျွန်အမှုလုပ်များကို တောင်ခြေသို့ သွားရောက် နေထိုင် စေပြီးလျှင် မိမိအိမ်၌ကား သူဌေးကတော်၊ သား၊ ချွေးမ၊ အခိုင်းအစေ တစ်ယောက်အားဖြင့် ငါးယောက်သာ နေထိုင်ကြလျက် မြေကြီးထဲ မြှုပ်နှံ ထားသော စပါးများကို စားသောက်နေခဲ့ကြရာ အငတ်ဘေးကြီးကား တာရှည်လှသည့်အတွက် မြေမြှုပ်စပါးများကုန်၍ နံရံမှာ မြေနီသရွတ်ဖြင့် ရောနှော၍ လိမ်းကျံထားသော စပါးတို့ကို ထောင်းထုယူငင်ကာ စားသောက် ရသောအဖြစ်သို့ ရောက်ရလေတယ်။

ထိုနည်းဖြင့် စားသောက်အသက် ရှင်လာခဲ့ကြရာ နောက်ဆုံး ဆန်ကလေး တစ်ကွမ်းစား (တစ်ခွက်လောက်)သာ ကျန်တဲ့အဖြစ်မျိုး

ရောက်တဲ့အခါမှာ မသေခင် ထမင်းတစ်နပ်တော့ဖြင့် ဝဝစားပြီး သေကြရ
တော့မည်ဟု တိုင်ပင်ကြကာ ဆန်တစ်ခွက်ကို ထမင်းချက်၍ ငါးဦးအတွက်
ခွဲဝေကာ စားသောက်ကြတော့မည်ဟန် ပြင်နေကြတဲ့ အခိုက်အတန့်မှာ
ပစ္စေကဗုဒ္ဓါတစ်ဆူ ဆွမ်းရပ်တော်မူလာသည်ကို တွေ့ကြရလေတယ်တဲ့။

ထိုကဲ့သို့ ဆွမ်းခံရပ်လာသော ကိုယ်တော်မြတ်ကို တွေ့ကြရတဲ့အခါ
သူဌေးကြီးက စဉ်းစားဆင်ခြင်လိုက်သည်မှာ...

"ငါသည် ရှေးအခါက ဒါနမျိုးစေ့နည်းပါးမှုကြောင့် ငတ်မွတ်ခေါင်းပါး
အစာရှားသော ဘေးဆိုးကြီးနှင့် တွေ့ကြုံရပေသည်။ ယခုအခါမှ တကယ့်
အလှူခံ ပုဂ္ဂိုလ်မြတ်နှင့် တွေ့ကြုံရစဉ် အခါကောင်းဖြစ်၍ မိမိလက်ထဲမှာလည်း
လှူဖွယ်ဝတ္ထု ဆွမ်းတစ်နပ်စာ ရှိပေသည်။ ထိုကဲ့သို့ အခါကောင်းကြီး
ကြုံနေပါလျက် မလှူမှုစာန်းဘဲ မိမိသာ စားသောက်ခဲ့ပါလျှင် မလှူလို့ငတ်
တ်လို့မလှူ စသည်ဖြင့် သံသရာတစ်ကြောမှာ ဘယ်တော့မှ လွတ်မြောက်နိုင်ဖို့
လွယ်ကူလှပေ။ သို့ဖြစ်၍ သည်ဘဝကပင် မိမိ၏ အငတ်ပြဿနာ
ဖြေရှင်းရတော့မည်" ဟု ကြံစည်တွေးတော ဆင်ခြင်လျက် မိမိအတွက်
ရှိသော ဆွမ်းကလေး ယူငင်၍ ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ကြည်သာ
င်လန်း လှူဒါန်းဆက်ကပ် လိုက်လေတယ်တဲ့။

ထိုကဲ့သို့ တစ်ယောက်စာ ဆွမ်းကလေးကို လှူဒါန်းပြီးနောက်
ငတ်ဘေးကို စိတ်နာနာနှင့် သူဌေးကြီးက ဆုတောင်း ပတ္ထနာပြုလိုက်
ည်မှာ "အရှင်မြတ်ဘုရား ယခုကဲ့သို့ ဒေသ၊ ရေး ရှင်ရေးတမျှ ခဲယဉ်းလှသော
ွမ်းဘောဇဉ် တစ်နပ်စာကို ကြည်ဖြူရွှင်ပျ လှူဒါန်းလိုက်ရသော ကောင်းမှု
ုသိုလ်အစွမ်းကြောင့် ဒုက္ခကင်းရာ မင်္ဂဖိုလ်နိဗ္ဗာန်ဟူသော ချမ်းသာမြတ်ကို
မြန်ရပါစေ၊ နိဗ္ဗာန်မရောက်ရခင် ပါရမီများကို ဖြည့်ကျင့်ရသေးပါလျှင်
ဖ်လေရာ သံသရာဘဝတိုင်း၌ ထိုကဲ့သို့ ငတ်မွတ်ခေါင်းပါး အစာရှားသော
ားဒုက္ခများကို ဘယ်အခါမှ မတွေ့ကြုံပါစေနှင့် ဘုရား၊ မိမိကိုယ်တိုင်
ပ်ကိုင်၍ မစား မသောက်ရဘဲ အလိုရှိတဲ့အခါ စပါးစီ(ကျီ)များကို
ီးလင်း၍ မော်၍ကြည့်လိုက်ပါလျှင် မိုးကောင်းကင်မှ စပါးခုနစ်မျိုးတို့
ည် မိုးပေါက်၊ မိုးသီးအလား ထင်ရှားစွာ ကျရောက်လာပြီးလျှင် ရှိသမျှ
ကျီ)အားလုံး ပြည့်ပါစေသတည်း။ ဖြစ်လေရာဘဝတိုင်းမှာလည်း သည်

မယား, သည်သား, ချွေးမများနှင့်သာလျှင် မကွာမကွဲ တစ်ပေါင်းတည်းသာ ဖြစ်ရပါစေသတည်း” ဟု ဆုမွန်တောင်းလိုရင်း ဖြစ်ပေတယ်တဲ့။

**မာ မေ ဣမိနာ ဆာတော သီ၊ နု သဟတ္ထာပိ ကာရယေ။**
**သကလံ ဘောဇေတုံ သက္ကာ၊ သဟော ဓ တေဟိ သံဝသေ။**
**ဥလ္လောကေန္တော သတ္တဓေညာ၊ ဓာရာ ဝဿန္တု၊ ပုရယံ။**

**ဘန္တေ၊** အမတမြတ်နိဗ္ဗာန်ကို ပေးဝေရန် စိတ်ရင်းဖြင့် အိမ်တွင်းကြွကြား အို... အရှင်သူမြတ်ဘုရား။ **မေ၊** ဆင်းရဲဒုက္ခ လွတ်ကြောင်းတ၍ ပုည ရည်မျှော် ဘုရားတပည့်တော်တို့၏။ **ဣမိနာ၊** တစ်ယောက်စာဆွမ်း လှူဒါန်းပါရ မြတ်ပုညကြောင့်၊ **ယာဝနိဗ္ဗာနံ၊** ဒုက္ခကင်းမှန် မြတ်နိဗ္ဗာန်ဘုံနန်းသို့ စံမြန်းရသည့် ကာလတိုင်အောင်။ **ဘဝါဘဝေသု၊** ပါရမီဓာတ်ခံ ရင့်သန် စေကြောင်း ကောင်းမှုရာကြံ ကြိမ်ဖန်ဖြစ်ရ ဘဝအသွယ်သွယ်တို့၌။ **ဆာတော၊** အစားအသောက်အတွက် ရတက်ပူပြင်း ငတ်မွတ်ဆင်းရဲခြင်း ဘေးသည်။ **မာအသိ၊** ဘယ်လိုဘဝမှ မဖြစ်ရ မတွေ့ရပါစေသတည်း။ **သဟတ္ထာပိ၊** မိမိကိုယ်တိုင် လက်ဖြင့်လည်း။ **ကမ္မာနိ၊** ဥစ္စာ,ပစ္စည်း ရှာမှီးစုဆောင်း ထောင်သောင်းများလှ အလုပ်ကိစ္စတို့ကိုလည်း။ **နု ကာရယေ၊** စိတ်လက်မပါ ပင်ပန်းကြီးစွာ မလုပ်မကိုင်ရ ပါစေသတည်း။ **သကလံလောကံ၊** ဇမ္ဗူကျွန်းဝယ် မှီတွယ်စုရုံး အားလုံးသော လူအပေါင်းကို။ **ဘောဇေတုံ၊** မကျွေးမွေးပေးကမ်း လှူဒါန်း ပြုစုခြင်းငှာ။ **သက္ကာ၊** ပင်ပန်းဝန်လေးခြင်းမရှိ ပကတိအေးချမ်း ပေးစွမ်းစွန့်ကြဲနိုင်သည်။ **ဘဝေယျံ၊** ဘဝစဉ်ဆက် မပျက်ပုံသေ ဖြစ်ရပါစေသတည်း။ **ဥလ္လောကေန္တော၊** အလိုရှိ၍ မိုးပေါ်သို့ မော်၍ကြည့်လိုက်သည်ရှိသော်၊ **သတ္တဓေညာ ဓာရာ၊** စပါးခုနစ်မျိုး ပွားတိုးရေသွင် ကောက်အလျှင်တို့သည်။ **ပုရယံ–ပုရယန္တော၊** ရှိသမျှကျီစီ အကုန်ပြည့်စေလျက်။ **ဝဿန္တု၊** မိုးပေါက်မိုးသီး ပမာမိုးသို့ အပြီးရွာကာ ကျလာကြပါစေသတည်း။ **တေဟိ၊** ယခုဘဝ ဘော်စပ်ကြတောင်း သားမယားအပေါင်းတို့နှင့်၊ **သဟေဝ၊** မကွာမကွဲ တစ်ပေါင်းတည်းသာလျှင်။ **သံဝသေ၊** ချစ်ခင်ယှဉ်တွဲ တူစုံနွဲ၍ အမြဲမှန်စွာ ပေါင်းသင်း နေထိုင်ရပါစေသတည်း။

အစားအသောက် ဆန်စပါးများအတွက် အခက်အခဲ အမျိုးမျိုးတို့နှင့် ရင်ဆိုင်တွေ့နေရတဲ့အတွက်ကြောင့် ဆင်းရဲ ရခြင်းဘေးကို အမှန်တကယ်

ကြောက်ရွံ့ရွံ့မုန်း ထိတ်လန့် ငြီးငွေ့ပြီးလျှင် နောက်မတွန့် တကယ်တမ်း စွန့်စားပြီး ဆက်ကပ်လှူဒါန်းလျက် တွေ့ရဆဲ အမွဲဇာတ်ကို တစ်ခါတည်း ဖြတ်တောက်ရန် ရည်စူး၍ ဆုထူးများကို ပန်ဆင်တောင့်တခြင်း ဖြစ်ပေ သပေါ့နော်။

တကယ်တမ်း ဆင်းရဲဒုက္ခတွေနှင့် ရင်ဆိုင်တွေ့ကြုံ ထားရလေတော့ ထိတ်လန့်ကြောက်ရွံ့မယ် ဆိုလျှင်လည်း ကြောက်ရွံ့စရာပေါ့နော်။

ထိုကဲ့သို့ သူဌေးကြီးက မိမိအတွက် ဝေစုရသောဆွမ်းကို လှူဒါန်းပြီး ဆုမွန်တောင်းတာကို သူဌေးကတော်ကြီး ကြားလေလျှင် မိမိလည်း နိဗ္ဗာန်ရည်မှန်း လှူဒါန်းလိုသည်ဖြစ်၍ ဝေစုကျရသော ဆွမ်းကလေးများကို ယူငင်ကာ အရှင်ပစ္စေက ဗုဒ္ဓါ၏ သပိတ်အတွင်းသို့ လောင်းထည့်လှူဒါန်းလျက် ဆုမွန်ကောင်းများကို တောင်းတလိုက်သည်မှာ...

**မာ မေ ဣမိနာ ဆာဘာသိ၊ ထာလိ နိက္ခိပ နုဌဟံ။**

**ဘောဇံ မာ ခိယိ သဗ္ဗေသံ၊ သဟော ဝ တေဟိ သံဝသေ။**

**ဘန္တေ၊** အမတမြတ်နိဗ္ဗာန်ကို ပေးဝေရန် စိတ်ရင်းဖြင့် အိမ်တွင်းကြွငြား အို...အရှင်မြတ်ဘုရား။ **မေ၊** ဆင်းရဲဒုက္ခ လွတ်ကြောင်းတ၍ ပုညရည်မျှော် ဘုရားတပည့်တော်၏။ **ဣမိနာ၊** တစ်ယောက်စာဆွမ်း လှူဒါန်းပါရ ဤပုည ကြောင့်။ **ယာဝနိဗ္ဗာနံ၊** ဒုက္ခကင်းမှန် မြတ်နိဗ္ဗာန်ဘုံနန်းသို့ စံမြန်းရသည့် ကာလတိုင်အောင်။ **ဘဝါဘဝေသု၊** ပါရမီဇာတ်ခံ ရင့်သန်စေကြောင်း ကောင်းမှုရှာကြံ ကြိမ်ဖန်များလှ သံသရာ ဘဝတိုင်းတို့၌။ **ဆာတော၊** အစားအသောက်တွက် ရတက်ပူပြင်း ဘော်မွတ်ဆင်းရဲခြင်း ဘေးသည်။ **မာအသိ၊** ဘယ်ဘုံဘဝမှ မတွေ့ရပါစေသတည်း။ **ထာလိ၊** စားသောက်ရန် အတွက် ချက်ပြုတ်ကြရိုး ထမင်းအိုးကို။ **နိက္ခိပ၊** တစ်ကြိမ်တစ်ခါ ဖိုမှာ တင်လျက် ကျက်အောင်ချက်ကာ ရှေ့မှာထင်ရှား ချထားပြီး၍။ **အနုဌဟံ–** **အနုဌဟန္တိ၊** လှူပွဲဆင်ကာ ထိုင်နေရာမှ ဒိသာရပ်တစ်ပါး တ,မသွားဘဲ။ **သဗ္ဗေသံ၊** ဖမ္ဗူကျွန်းဝယ် မှီတွယ်နေတောင်း အားလုံးသောပုဂ္ဂိုလ် အလှူခံ အပေါင်းတို့အား။ **ဘောဇံ၊** လာလာသမျှ ကုန်စေ့ငှအောင် အဝထည့်ပေး ကျွေးမွေးလှူဒါန်း ပါသော်လည်း။ **မာခိယိ၊** အရာမထင် ခူးလျှင်ပြန်ပြည့် စုံစေ့လွှန်ဆန်း ကုန်ခန်းမရှိ ပကတိတိုင်းသာ တည်ပါစေသတည်း။

**တေဟိ၊** ယခုဘဝ ပေါင်းဖော်ကြတောင်း ခင်ပွန်းသားသမီး အပေါင်းတို့နှင့်။ **သဟေဝ၊** မကွာမကွဲ တစ်ပေါင်းတည်းသာလျှင်။ **သံဝသေ၊** ချစ်ခင်ယှဉ်တွဲ အမြဲမကွာ ပေါင်းသင်း နေထိုင်ရပါစေသတည်း။

တပည့်အများ ချစ်သနား၍ ထင်ရှားရှေ့မှောက် ကြွရောက်ပါငြား အို... အရှင်မြတ်ဘုရား၊ ဘုရားတပည့်တော်သည် တစ်ယောက်စာဆွမ်း လှူဒါန်းပါရ ဤပုညကြောင့် ယခုဘဝမှစ၍ နိဗ္ဗာန်သို့ရောက်သည်တိုင်အောင် ငတ်မွတ်ခေါင်းပါး အစာရှားသောအဖြစ်မျိုးကို ဘယ်အခါမှ မကြုံမတွေ့ရဘဲ အမြဲနိစ္စ သုခချမ်းသာ ဘဝတိုင်းမှာ တွေ့ကြုံခံစားကြရ၍ ထမင်းအိုးကလေး တစ်လုံး ချက်ပြုတ်ကာ ထိုင်ရာမထ ရှေ့နားမှာချ၍ ဇမ္ဗူကျွန်းအပြင် အရပ်ရပ်မှ မပြတ်စုဝေး စားသောက်ရေးအတွက် ရောက်လာသမျှသော အလှူခံအပေါင်းတို့အား ခူးခပ်၍ ကျွေးမွေးလှူဒါန်းပါသော်လည်း ကုန်ခန်း လျော့ပါးခြင်းမရှိဘဲ ခူးခပ်သမျှတိုင်း မဆိုင်းပြည့်ဖြိုး တိုး၍သာလာသည်ဖြစ်၍ သည်လင် သည်သားသည်သမီး အစေခံများနှင့်သာ မကွာမကွဲ တစ်ပေါင်း တည်းသာ ဖြစ်ရပါစေသတည်း စသည်ဖြင့် ဆုမွန်ကောင်းကို တောင်းတ လိုက်ခြင်း ဖြစ်ပေတယ်။

ထိုကဲ့သို့ မိဘတို့၏ အသီးသီးအတွက် ဝေစုရကြသော ဆွမ်းဘောဇဉ် များကို မစားသောက်ကြတော့ဘဲ ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား လှူဒါန်း ဆက်ကပ်ကာ ချမ်းသာရကြောင်း ဆုမွန်တောင်းတာများပါမကျန် အကုန် အစင် ကြားမြင်ရသည့်အတွက်ကြောင့် သားတော်ကလေးကလည်း မိမိ၏ ဝေစုရဆွမ်းကို မလှူဘဲ မနေနိုင်ရှာတော့သည့်အတွက် စိတ်လက်ကြည်ဖြူ ပေးလှူဆက်ကပ်လျက် အောက်ပါအတိုင်း ဆုမွန်ကောင်းကို တောင့်တ လိုက်ပေတယ်တဲ့။

**မာ မေ ကူမိနာ ဆာတောသိ၊ ဒဒ် မာဇိယိ သဗ္ဗေသံ။**

**ပဂ္ဂယှ သဟာသံ ပုဏ္ဏံ၊ သဟေဝ တေဟိ သံဝသေ။**

**ဘန္တေ၊** အမတပြည်နိဗ္ဗာန်ကို ပေးဝေရန်စိတ်ရင်းဖြင့် အိမ်တွင်းကြွငြား အို...အရှင်မြတ်ဘုရား။ **မေ၊** ဆင်းရဲဒုက္ခ လွတ်ကြောင်းတ၍ ပုညရည်မျှော် ဘုရားတပည့်တော်၏။ **ကူမိနာ၊** တစ်ယောက်စာဆွမ်း လှူဒါန်းပါရ ဤပုည ကြောင့်။ **ယာဝနိဗ္ဗာနံ၊** ဒုက္ခကင်းမှန် မြတ်နိဗ္ဗာန်ဘုံနန်း စံမြန်းရသည့်

ကာလတိုင်အောင်။ **ဘဂါဘဝေသ၊** ပါရမီဓာတ်ခံ ရင့်သန်စေကြောင်း ကောင်းမှုရှာကြံ ကြိမ်ဖန်များလှ သံသရာဘဝတို့၌။ **ဆာတော၊** အစား အသောက်တွက် ရတက်ပူပြင်း ငတ်မွတ် ခေါင်းပါးရခြင်းဟူသော ဘေးဒုက္ခ မျိုးသည်။ **မာအသိ၊** ဘယ်လိုဘဝမှ မဖြစ်ရပါစေသတည်း။ **သဟာသံပုဏ္ဏ၊** ငွေအသပြာ အခြေသာသည့် ပြည်ရွာခေါင်ချုပ် တစ်ထောင်ထုပ်ကို။ **ပဂ္ဂယှ၊** လက်ဖြင့်သာကြည် မြှောက်ကာချီ၍။ **သဗ္ဗေသံ၊** ဇမ္ဗူကျွန်းဝယ် မှီတွယ်နေ တောင်း အားလုံးသော လူအပေါင်းတို့အား။ **ဒဒံ–ဒဒန္တော ဝိ၊** လာသမျှခပင်း ကြွင်းစေရ ဝေငှလှူဒါန်း ပေးကမ်းစွန့်ကြဲပါသော်လည်း။ **မာခီယိ၊** ကုန်ခန်း လျော့ပါးခြင်းမရှိ ပကတိအသွင်သာတည်ပါစေသတည်း။ **တေဟိ၊** ယခုဘဝ တော်စပ်ကြတောင်း မိဘဆွေမျိုးအပေါင်းတို့နှင့်။ **သဟေဝ၊** မကွာမကွဲ တစ်ပေါင်းတည်းသာလျှင်။ **သံဝသေ၊** ချစ်ခင်ယှဉ်တွဲ တူစုံရှဲ၍ အမြဲမကွာ ပေါင်းသင်း နေထိုင်ရပါစေသတည်း။

တပည့်အများ ချစ်သနား၍ ထင်ရှားရေ့မှောက် ကြွရောက်လာငြား ကို...အရှင်မြတ်ဘုရား၊ ဘုရားတပည့်တော်များသည် ဤကဲ့သို့ တစ်ယောက် တဆွမ်း လှူဒါန်းကြည်သာ ပူဇော်ပါရ ပုညကြောင့် ယခုဘဝမှ အစပြု၍ က်ဖိုလ်နိဗ္ဗာန် ဝင်စံရသည့်တိုင်အောင် ယခုကဲ့သို့ ငတ်မွတ်ခေါင်းပါး အစာရှားသော ဘေးဒုက္ခမျိုးကို ဘယ်အခါမှ မတွေ့ရပါစေသတည်း။ ဝှမ်းသာသုခ ဘဝတိုင်း ခံစားရသည်ဖြစ်၍ မိမိလက်ဖြင့် ငွေတစ်ထောင်ထုပ်ကို ကိုင်ထားကာ လာလာသမျှသော အလှူခံပုဂ္ဂိုလ်အပေါင်းတို့အား နှိုက်ယူကာ ပေးကမ်းစွန့်ကြဲ လှူဒါန်းပါသော်လည်း လျော့ပါးကုန်ခန်းခြင်းမရှိ ယူသမျှအစား ပြန်ပြည့်ကာ တစ်ထောင်အဲတိုင်းသာ တည်ပါစေသတည်း။ လှူဒါန်းပေးကမ်း စွန့်ကြဲရေးအတွက် စိတ်လက်မပူ ကြည်ဖြူ ရွှင်ပျ နေထိုင်ရ၍ ဒီမိဘ သားမယား ဒီအစေခံများနှင့်သာလျှင် မကွာမကွဲ တစ်ပေါင်းတည်း ဖြစ်ရပါစေဟု ဆုတောင်း လိုရင်းပေါ့နော်။

မိဘနှစ်ပါးနှင့် ခင်ပွန်းသည်များ လှူဒါန်းဆက်ကပ်ကြ၍ ဆုမွန်ကောင်း များ တောင့်တကြသည်ကို ချွေးမဖြစ်သူ တွေ့မြင် ကြားသိရတဲ့အခါမှာ မိလည်း အားကျမခံ စိတ်ထက်သန်လှတာနှင့် မိမိအတွက် ဝေစုရ ဆွမ်းဘောဇဉ်များကို ပစ္စေကဗုဒ္ဓါအား လှူဒါန်းဆက်ကပ်ပြီးလျှင် အောက်ပါ

အတိုင်း ဆုမွန်ကောင်းကို တောင့်တလိုက်လေရာ သူတို့၏ ဆုတောင်းကြပုံ များသည် အလွန်တရာအချက်ပိုင်လှ၍ နောင်လာနောက်သားများ အတုခိုး နည်းယူကြစရာပေါ့နော်။

**မာ မေ ကုလီနာ ဆာဘာသိ၊ ထပေတွာ ဧညပိဋကံ။**

**ဒဒံ မာဝိယိ သဗ္ဗေသံ၊ သယောဝ တေဟိ သံဝသေ။**

**ဘန္တေ၊** အမတမြတ်နိဗ္ဗာန်ကို ပေးဝေရန် စိတ်ရင်းဖြင့် အိမ်တွင်းကြွငြား အရှင်မြတ်ဘုရား။ **မေ၊** ဆင်းရဲဒုက္ခ လွတ် ကြောင်းတ၍ ပုညရည်မျှော် ဘုရားတပည့်တော်၏။ **ကုလီနာ၊** တစ်ယောက်စာဆွမ်း လှူဒါန်းပါရ ဤပုည ကြောင့်။ **ယာဝနိဗ္ဗာနံ၊** ဒုက္ခကင်းမှန် မြတ်နိဗ္ဗာန်ဘုံနန်း စံမြန်းသည့်ကာလ တိုင်အောင်။ **ဘဝါဘဝေသု၊** ပါရမီစာတ်ခံ ရင့်သန်စေကြောင်း ကောင်းမှု တန်တန် ရှာကြံဖြည့်ရ သံသရာဘဝတို့၌။ **ဆာဘာ၊** အစားအသောက် အတွက် ရတက်ပူပြင်း ငတ်မွတ်ခေါင်းပါးခြင်း ဘေးသည်။ **မာအသိ၊** ဘယ်လိုဘဝမှ မဖြစ်ရပါစေသတည်း။ **ဧညပိဋကံ၊** အသက်ပမာ ရေးပါ ကောင်းစား ဆန်စပါးထည့် ကြောင်း တစ်ခုသော တောင်းကို။ **ထပေတွာ၊** မိမိအနား ချကာထား၍။ **သဗ္ဗေသံ၊** ဖမ္ဗူကျွန်းဝယ် မှီတွယ်နေတောင်း အားလုံးသော လူအပေါင်းတို့အား။ **ဒဒံ-ဒဒန္တော ပိ၊** အလိုရှိသမျှ ပြည့်စုံအောင် ကျွနပေးကမ်း လှူဒါန်းဆက်ကပ်ပါသော်လည်း။ **မာဝိယိ၊** လျော့ပါးမရှိ ပကတိစပါး ကုန်သွားသည်သာ ဖြစ်ပါစေသတည်း။ **တေဟိ၊** ယခုဘဝ တော်စပ်ကြတောင်း ထိုမိဘ လင်သားအပေါင်းတို့နှင့်။ **သယောဝ၊** မကွာမကွဲ တူယှဉ်နွဲ၍ အမြဲထာဝရ အတူတကွသာလျှင်။ **သံဝသေ၊** ချစ်ခင်ယှဉ်တွဲ တူစုံနွဲ၍ အမြဲမကွာ နေထိုင်ရပါစေသတည်း။

ချီးမြှောက်ဖို့ရန် စိတ်အားသန်၍ အမှန်ရောက်ငြား အို...အရှင် သူမြတ်ဘုရား၊ ဘုရားတပည့်တော်သည် ဤကဲ့သို့ တစ်ထပ်စာသော ဆွမ်းဘောဇဉ်ကို ကြည်လင်သော စိတ်ထားဖြင့် လေးစားကြည်ဖြူ ပေးလှူရသော ဤကုသိုလ်ဒါန၏ အစွမ်းသတ္တိကြောင့် ယခုဘဝကစ နိဗ္ဗာန်ရသည့်တိုင်အောင် ငတ်မွတ်ခေါင်းပါး အစာရှားသော ဘဝမျိုး ဘယ်အခါမှာမှ မဖြစ်ရပါစေနှင့်။ ဘဝဆက်တိုင်းမှာ ချမ်းသာသုခ လိုတိုင်းရ၍ မိမိရှေ့နားမှ စပါးတောင်းတစ်တောင်းချထားကာ နေရာမှမထဘဲ ဖမ္ဗူကျွန်း

အပြင်မှ ရောက်လာသမျှ အလှူခံအပေါင်းတို့အား အလိုရှိသမျှ စပါးတို့ကို ပေးကမ်းစွန့်ကြဲ လှူဒါန်းပါသော်လည်း ကုန်ခန်းလျော့ပါးခြင်းမရှိ၊ ပကတိ ပြည့်မြဲတိုင်းသာ ပြည့်၍ နေစေနိုင်သော တန်ခိုးစွမ်းသတ္တိတို့နှင့် ပြည့်စုံရပါစေ သတည်း။ ဖြစ်လေရာဘဝတိုင်းတို့၌ လှူဒါန်းပေးကမ်း စွန့်ကြဲရေးအတွက် စိတ်လက်မပူ ကြည်ဖြူရွှင်မျှ နေထိုင်ရ၍ ဒီမိဘ ဒီယောက်ျား ဒီအစေခံ များနှင့်သာ ဖြစ်ရပါစေသတည်း ဟူ၍ ဆုတောင်းလိုရင်းပေါ့နော်။

ထိုကဲ့သို့ မိမိအရှင်သခင်များ၏ အတွက်ကျ ဆွမ်းဘောဇဉ်ကို ယူငင်ကာ လှူဒါန်းရွှင်လန်းနေပုံ အခြင်းအရာစုံကို တွေ့မြင်ကြားသိရသော အစေခံယောက်ျားကလည်း အားပါးတရ ဝမ်းမြောက်လှတာနှင့် မိမိအတွက် ဝေစုရ ဆွမ်းဘောဇဉ်ကို အရှင်များနည်း ကြည်ဖြူရွှင်လန်း ပေးလှူဒါန်း လျက် အားတက် ရွှင်မြူး ဆုထူးများကို ပန်ဆင်တောင့်တလိုက်သည်မှာ အောက်ပါအတိုင်း ဖြစ်ပေတယ်တဲ့။

**မာ မေ ဣမိနာ ဆာတောသိ၊ သမော၀ တေဟိ သံ၀သေ။**

**သင်္ဃသိသာ ပညာယန္တု၊ ဇော် ကာသယတော မမ။**

**ဘန္တေ၊** အမတာမြတ်နိဗ္ဗာန်ကို ပေးဝေရန် စိတ်ရင်းဖြင့် အိမ်တွင်းကြွကြွား အရှင်မြတ်ဘုရား။ **မေ၊** ဆင်းရဲဒုက္ခ လွတ်ကြောင်းတ၍ ပုညရည်မျှော် ဘုရားတပည့်တော်မ၏။ **ဣမိနာ၊** တစ်ယောက်စာ ဆွမ်းဘောဇဉ်ကို ကြည့်ရွှင်လှူရ ဤပုညကြောင့်။ **ယာဝနိဗ္ဗာနံ၊** ဒုက္ခကင်းမှန် မြတ်နိဗ္ဗာန်ဘုံနန်း စံမြန်းရသည့် ဘဝတိုင်အောင်။ **ဘဝါဘဝေသု၊** ပါရမီတာတ်ခံ ရင့်သန် စေကြောင်း ကုသိုလ်အပေါင်းကို စုဆောင်းရှာကြံ ကြိမ်ဖန်များလှ ဘုံဘဝတို့၌။ **ဆာတော၊** အစားအသောက်အတွက် ရတက်ပူပြင်း ငတ်မွတ်ခေါင်းပါး အစာရှားခြင်းစသော ဘေးဒုက္ခသည်။ **မာအသိ၊** ဘယ်အခါကာလမှ မဖြစ်ရပါစေသတည်း။ **တေဟိ၊** ယခုဘဝ တွေ့ဆုံရတောင်း ထိုအရှင်သခင် အပေါင်းတို့နှင့်။ **သမော၀၊** မကွာမကွဲ တစ်ပေါင်းတည်းသာလျှင်။ **သံ၀သေ၊** ချစ်ခင်ယှဉ်တွဲ တူစုံနှဲ၍ အမြဲမကွာ နေထိုင်ရပါစေဘုရား။ **ဇော်ဝါရံ၊** တစ်ကြိမ်တစ်ခေါက်မျှ။ **ကာသယတော၊** နှင်တံတစ်ဖြာ စွဲကိုင်ကာဖြင့် လယ်ယာစစ မောင်းထွန်ရသော။ **မမ၊** အကျွန်ုပ်၏။ **သင်္ဃသီတာ၊** ဟိုဘက်သည်ဘက် ကပ်လျက်ပေါင်းစု ခုနစ်ခုသော ထွန်ရေးအကြောင်း

တို့သည်။ **ပညာယဉ္ဘူ။** မြင်သူဟူသမျှ စိတ်ရွှင်ပျအောင် မုချမုန်စွာ ထင်လာကြပါစေသတည်း။

တပည့်အများ ချမ်းသာပွားဖို့ ထင်ရှားကြွငြား အို...အရှင်မြတ်ဘုရား၊ ဘုရားတပည့်တော်သည် ယခုကဲ့သို့ အရှင်သခင်များနှင့်အတူ ကြည်ဖြူရွှင်ပျ လျှဒါန်းဆက်ကပ် လိုက်ရသော ကောင်းမှုရှိန်စော် အာနုဘော် အစွမ်းသတ္တိကြောင့် ဘေးဒုက္ခကင်းမှန် မြတ်နိဗ္ဗာန်အမြန်ရောက်ရလို့မို့ ပါရမီခတ်ခဲ မရင့်သန်စီ ထိုဤ်များလှ ဘုံဘဝတို့၌လည်း ယခုကဲ့သို့ပင် ငတ်မွတ်ခေါင်းပါး အစာရှားသော ဘေးဒုက္ခမျိုးကို ဘယ်အခါမှ မဖြစ်ရ မတွေ့ကြုံရပါစေနှင့် ဘုရား။ ဒီအရှင်သခင်များနှင့်သာ မကွာမကွဲ တစ်ပေါင်းတည်း ဖြစ်ရ၍ လယ်ယာမြေပြင် ထွန်တင်လို့ တစ်ခေါက်မောင်းလိုက်ပါလျှင် ဟိုဘက်က သုံးကြောင်း ဒီဘက်ကသုံးကြောင်း အလယ်မှာ တစ်ကြောင်းအားဖြင့် ခုနစ်ကြောင်းသော ထွန်ရေးအကြောင်းတို့သည် ကြည့်ရှု၍ ကောင်းလောက်အောင် ထင်ရှားပြီးမြောက် ခရီးရောက်စေနိုင်တဲ့ တန်ခိုးသတ္တိစွမ်းအင်ဖြင့် လူ့တစ်ခွင် ဂုဏ်ထင်လင်းအောင် မယွင်းမုချ ဖြစ်ရပါစေဘုရား ဟူ၍ ဆုတောင်းလိုရင်းပေါ့နော်။

ဤနေရာ၌ အစေခံ၏ ဆုတောင်းချက်သည် မွန်မြတ်သော ဆုတောင်းချက် မဟုတ်သည့်အတွက်ကြောင့် တောင်းဆိုထိုက်သော အရာမဟုတ်ပေ။ အမှန်တကယ်အားဖြင့် စကြာမင်း, ကေရာဇ်, ပဒေသရာဇ် စသော ဂုဏ်ထူးများကို တောင်းသော်လည်း ရနိုင်မည် ကေန်မုချဖြစ်ပေသည်။ သို့ပါသော်လည်း မိမိ၏ အရှင်သခင်များအပေါ်၌ စွဲလမ်းချစ်ခင်မှု အတွက်ကြောင့် ယခုကဲ့သို့ မှားယွင်းအောက်ကျသော ဆုမျိုးကို တောင်းမိမှားရှာလေသတဲ့နော်။ ဒါကြောင့် တရားနာနေကြသော ဒကာ, ဒကာမအပေါင်းတို့သည်လည်း ယခုကဲ့သို့ ယုတ်ညံ့တဲ့ဆုမျိုး မတောင်းမိကြစေရန် သတိထားကြဖို့ပေါ့။

အဲ... ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည်လည်း သူဌေးကြီး စသော ပါရမီရှင်ငါးဦးတို့၏ ဆွမ်းဘောဇဉ်များကို အလှူခံတော်မူပြီးလျှင်–

**"ဣစ္ဆိတံ ပတ္ထိတံ တုယှံ ခိပ္ပမေဝ သမိဇ္ဈတု"** သင်တို့၏ လိုလား တောင့်တသမျှ အကျိုးဖလတို့သည် လပြည့်ဝန်းပမာ မကြာခဏ ပြီးမြောက်ကြပါစေဆိုတဲ့ ပစ္စေကဗုဒ္ဓါတို့၏ လက်သုံးဆုပေး တရားတော်ကို ဟောပြ

တော်မူပြီးလျှင် ဂန္ဓမာဒနတောင်ဆီသို့ ရှေးရှု ဈာန်ဟုန်တက်စီး ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူလေတယ်တဲ့။

သူဌေးကြီးနှင့်တကွသော ကောင်းမှုရှင် ငါးဦးတို့သည်လည်းကောင်း၊ ကောင်းကင်မှ ဈာန်ယာဉ်စီး၍ ပြန်လည်ကြွသွား တော်မူသော ပစ္စေကဗုဒ္ဓါအား လေးစားညွတ်နူး ရွှင်မြူးမဝ ဖူးမြင်ကြလျက် မျက်စိတစ်ဆုံး လွန်မြောက်သွားတဲ့အခါမှာ မိမိတို့၏ ဒါနကုသိုလ်ကို စာဂါနုဿတိ အနေမျိုးဖြင့် ပြားများဆင်ခြင် ကြည်လင်ရွှင်ပျ နေထိုင်ကြလေတယ်တဲ့။

အတော်ကလေး ညနေစောင်းတဲ့အခါ သူဌေးကြီးသည် မနေသာ ထိုင်သာ ဆာလောင်လှတာနှင့် သူဌေးကတော်အား ပူဆာလေရာ ကြံရာမရ သူဌေးကတော်ကလည်း နံနက်ခင်းက မိမိဆေး၍ မှောက်ထားသော ထမင်းအိုးများကို လှန်လှော၍ ကြည့်ရှုလိုက်လေရာ မြတ်လေးငုံအသွင် ကြည်လင်သန့်ရှင်းသော ထမင်းများဖြင့် ပြည့်နေသည်ကို တွေ့မြင်ရသည့် အတွက် သူဌေးကြီးအား ပြောပြလေရာ အားလုံးသော သူတို့သည် ဖူးဆန်း အံ့သြစရာကောင်းတဲ့ ကုသိုလ်ကောင်းမှု၏ အကျိုးစွမ်းအင်ကို ဆင်ခြင်စဉ်းစား ရွှင်လန်းနှစ်သက် ထမင်းဟင်းများကို ခူးခပ်လျက် စားသောက် သုံးဆောင်ကြရလေတယ်တဲ့။ သို့ကလို ကောင်းမှုရှင်ငါးဦးတို့ ခူးခပ်ကာ စား သောက်ကြသော်လည်း ထမင်းအိုးသည် လျော့ပါးခြင်းမရှိ ပြည့်မြဲသာ ပြည့်၍ နေလေတယ်။ ထိုနေ့မှာပဲ ရှိသမျှသော စပါးစီ(ကျီ)များ အားလုံး ပြည့်လျှံ၍နေသည်ကို တွေ့ရလေတယ်တဲ့။

ဗာရာဏသီသူဌေးကြီးအိမ်၌ ဆန်စပါးများ ထင်ရှားစွာ ဖြစ်ပေါ်တာကြောင်း ကြားသိရတဲ့အခါ ပတ်ဝန်းကျင်ရှိ လူအပေါင်းတို့သည် ရုံးလာရောက်ကြာက သယ်ယူ၍ စားသောက်ကြရလေတယ်။ ပါရမီရှင် ငါးဦးတို့သည် မိမိတို့၏ ကုသိုလ်ကောင်းမှု၏ အစွမ်းသတ္တိကြောင့် မိမိတို့ တမက မြို့သူ မြို့သားများပါ ချမ်းချမ်းသာသာ နေထိုင်စားသောက်ကြတာ တွေ့ရှိကြရသည့်အတွက် အတိုင်းတက်အလွန် ဝမ်းမြောက်ကြရလေတယ်။

ထိုနည်းအတိုင်း တဖြည်းဖြည်း တစ်ဦးစကား တစ်ဦး ကြားဆိုတာလို သတင်းများ ပျံ့လွင့်သွားတာနှင့် ဇမ္ဗူဒိပ် တစ်ကျွန်းလုံးမှာ နေကြရသော

လူအပေါင်းတို့သည် သူဌေးကြီး၏ အိမ်ကသာ ယူငင် သယ်ဆောင်၍ စားကြရလေတယ်။ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးရှိ လူအပေါင်းတို့သည် သူဌေးကြီး အိမ်ကိုသာ အမှီပြု၍ ငတ်မွတ်ခေါင်းပါးခြင်း ဘေးဒုက္ခမှ ကင်းလွတ်ကြရသည့် အတွက်ကြောင့် အသက်သခင် ဖြစ်ကြသော သူဌေးကြီးစသော ကောင်းမှုရှင် တို့အား ကျေးဇူးတင်၍မဆုံး ဖြစ်ကြရလေတယ်။

ထိုပါရမီရှင် ငါးဦးတို့သည် ထိုဘဝ၌ မိမိတို့၏ ကောင်းမှုစွမ်းဖြစ်သော စည်းစိမ်ချမ်းသာတို့ကို မိမိတို့လည်းခံစား၊ သူတစ်ပါးတို့ကိုလည်း ပေးကမ်း စွန့်ကြဲကြလျက် အသက်ထက်ဆုံး နေထိုင်ကြပြီးလျှင် ထိုဘဝမှ စုတေကြ တဲ့အခါ နတ်ပြည်၌ တစ်စုတစ်ရုံး တပျော်တပါး ခံစံကြရလေတယ်။ ဤနည်းအတိုင်း လူ့ပြည် နတ်ပြည် အလီလီတို့၌ မကွာမကွဲ တစ်ပေါင်းတည်း ဖြစ်ကြရ၍ ချမ်းသာအမျိုးမျိုးတို့ကို ခံစားကာ ပါရမီကုသိုလ်တရားများကို စုဆောင်းကာ လာခဲ့ကြလေရာ ဤဘဒ္ဒကမ္ဘာအတွင်း ငါတို့ဘုရားရှင်၏ လက်ထက်တော်၌ ဘဒ္ဒိယမြို့တွင် သူဌေးမျိုး၌ဖြစ်လာရ၍ အချိန်အရွယ် ရောက်တဲ့အခါ ရှေးပါရမီဖြည့်ကြစဉ်က ဆုတောင်းချက်အတိုင်း မေဏ္ဍက သူဌေးကြီး၊ သူဌေးကတော် စန္ဒပဒုမ၊ သားဓနဉ္စယ၊ ချွေးမတော် သုမန ဒေဝီ၊ အစေခံ မောင်ပုဏ္ဏ၊ မြေးတော်ကလေး ဝိသာခါ စသည်ဖြင့် အသီးသီး ဖြစ်လာကြလေတယ်။

ဤနေရာ၌ စန္ဒပဒုမသူဌေးကတော်၏ အကြောင်းကို အနည်းငယ် ပြရပေမယ်။ ဒီသူဌေးကတော်ကြီး၏ စန္ဒပဒုမ အမည်ထူးရပုံမှာ ညာဘက် လက်ဖဝါး ခြေဖဝါးတို့၌ လပြည့်ဝန်းကဲ့သို့ ထင်ရှားလှပသော စက်ဝိုင်း တံဆိပ်များ ပေါ်ပေါက်၍ ဘယ်ဘက်လက်ဖဝါး ခြေဖဝါးအပြင်တို့၌ကား ပဒုမ္မာကြာပွင့် တံဆိပ်များ တခမ်းတနား ဆန်းပြားလှပစွာ ပေါ်ပေါက်ထင် လာကြသည့်အတွက်ကြောင့် **စန္ဒာ**–လ၊ **ပဒုမာ**–ပဒုမ္မာကြာပွင့်၊ **စန္ဒပဒုမ**– သရေးတံဆိပ်, ပဒုမ္မာကြာပွင့်တံဆိပ်တို့ဖြင့် ထင်ရှားလှပသော သူဌေး ကတော်ဟု ဆိုလိုရင်းပေါ့နော်။

ထိုကဲ့သို့ ဆန်းပြားလှပသော လ,ကြာတံဆိပ်တို့ ထင်ရှားလာရခြင်း၏ အကြောင်းရင်းကား ထိုသူဌေးကတော်ကြီးသည် ရှေးပါရမီ ဖြည့်စဉ်အခါ၌ ညာလက်ဖြင့် ယောင်းမတိုင်၍ ဘယ်လက်ဖြင့် ထမင်းအိုးကို ကိုင်ပြီး

ခုးခပ်လျက် ဆွမ်းလှူ ဒါန်းဆောင်ရွက်ဖူးသော ကောင်းမှုကြောင့် လက်များမှာ လ,ကြာ တံဆိပ်များ ထင်ရှားဖြစ်ပေါ်ရလေတယ်။

ရှေးကသံဃာတော်များ ဆွမ်းကပ်စဉ် ရေစစ်ရေခွက်တို့ကို ကိုင်တွယ်၍ ဟိုဟိုသည်သည် လှည့်လည်၍ ရေကပ်ခြင်း ဟူသော ဝေယျာဝစ္စကုသိုလ် ကောင်းမှုကြောင့် ခြေဖဝါးများမှာ လတံဆိပ်၊ ကြာပွင့်တံဆိပ်များ ထင်ရှား လာရလေတယ်တဲ့။

ထိုအကြောင်းအရာကို တွေ့ရသောအားဖြင့် ယခုအခါ၌ ဝေယျာဝစ္စ အမျိုးမျိုးကို ဆောင်ရွက်နေကြရသော ပုဂ္ဂိုလ်များ အားကျစရာကောင်းလှ ပေတယ်နော်။

ထိုသူဌေး၏ အိမ်ဝင်းအတွင်း ရှစ်ကရီမျှကျယ်ဝန်းသော အရပ်ဌာနမှာ ဆင်ပေါက် ကျွဲပေါက်မျှရှိသော ရွှေဆိတ်ရုပ်တို့သည် တသီတတန်းကြီး ရေတွက်မရ များပြားလှစွာ ရှေးကုသိုလ် အစွမ်းသတ္တိကြောင့် ပေါ်ပေါက်၍ လာရပေတယ်။ ထိုဆိတ်ရုပ်တို့၏ ဂုဏ်ထူးဝိသေသကား မိမိတို့ အလိုရှိတဲ့ ပစ္စည်းများကို တောင့်တ၍ ပိတ်ဆို့ထားသော အပိတ်ကို ဖွင့်လှစ်လိုက်ပါလျှင် အလိုရှိသမျှသော ရွှေ, ငွေ, ပတ္တမြား ဝတ်စားတန်ဆာ အဖြာဖြာတို့သည် ရေပြွန်မှ ရေများကျသလို မပိတ်မချင်း တသွင်သွင်နှင့်သာ ဆင်းထွက်၍ လာနိုင်လေ တယ်ဝဲ့။

ဆိတ်တစ်ကောင်ကထွက်သော ရွှေ, ငွေ, ပတ္တမြား ဝတ်စားတန်ဆာ အဖြာဖြာတို့သည် ဇမ္ဗူဒိပ်တစ်ကျွန်းလုံးမှာ ရှိကြသည့် လူအပေါင်းတို့ စုဆောင်း၍ သုံးစွဲကြသော်လည်း ကုန်ခန်းခြင်း မရှိနိုင်ဘူးတဲ့နော်။ ဘယ်လောက်ထူးဆန်းသလဲ ဆိုတာ စဉ်းစားသာ ကြည့်ကြပေတော့။ ယခုကာလ ဒီလိုသူဌေးကြီး[illegible] များများပေါ်ပေါက်လာခဲ့မည်ဆိုပါလျှင် ကမ္ဘာက ဝိုင်းပြီး ဒူးထောက် ခစားရမည့် တိုင်းပြည်ကြီး ဖြစ်မှာပေါ့နော်။ ဒါကြောင့် ထိုသူဌေးကြီးကို (မေဏ္ဍက) ရွှေ ဆိတ်ရုပ်များ ပေါ်ပေါက်လာရတဲ့ သူဌေးကြီးလို့ ခေါ်ဆိုလိုရင်းပေါ့။

၁။ ဒါတင်မကသေးဘူး။ မေဏ္ဍကသူဌေးကြီးသည် တစ်နေ့သ၌ မိမိ၏ ကုသိုလ်တန်ခိုးအစွမ်းကို လူအပေါင်းတို့အား ပြသလိုသည့်အတွက် စိတွေ(ကျီဟွေ့) အားလုံးကို သုတ်သင်ရှင်းလင်းစေပြီးလျှင် အထက်

မိုးကောင်းကင်ကို မော့၍ကြည့်လိုက်လေရာ စပါးခနစ်မျိုးတို့သည် မိုးသီး မိုးပေါက်ပမာ အလိုလို ကျရောက်၍ လာကြလေရာ စီတွေ (ကျီတွေ)အားလုံး ပြည့်လျှံ၍ သွားလေတယ်။

၂။ ထိုနည်းအတူ သူဌေးကတော်ကြီးကလည်း ဆန်ကလေးတစ်စလယ် တစ်ခွက်လောက်ကို အိုးကလေးထဲထည့်၍ ချက်ပြုတ်စေပြီး မိမိ ရှေ့နားမှာချထား၍ လာလာသမျှ ပရိသတ်တို့အား ကျွေးမွေးလေရာ ထမင်းအိုးမှာ လျော့သည်မရှိဘဲ ပကတိပြည့်မြဲသာ ပြည့်၍နေလေ တယ်။

၃။ သား ဓနဉ္စယကလည်း ငွေတစ်ထောင်ကို အိတ်တစ်လုံးထဲ ထည့်ပြီး လျှင် လာလာသမျှသော သူတို့အား ယူငင် ပေးဝေလေရာ ငွေများ သည် တစ်ထောင်မှ လျော့ပါးခြင်းမရှိဘဲ ပြည့်မြဲသာ ပြည့်၍နေလေ တယ်တဲ့။

၄။ ချွေးမဖြစ်သူ သုမနဒေဝီကလည်း စပါးကလေးတစ်ခွဲလောက်ကို တောင်းတစ်လုံးထဲထည့်၍ လာလာသမျှသော လူအပေါင်းတို့အား တောင်းကြီးတောင်းငယ် လှည်းယာဉ်စသည် ပြည့်အောင် ထည့်ပေး သော်လည်း လျော့ပါးခြင်းမရှိ ပြည့်မြဲသာ ပြည့်၍နေလေတယ်။

၅။ အစေခံဖြစ်သူ မောင်ပုဏ္ဏကလည်း ရွှေထွန်မှာ လှပသော နွားတစ်ရှည်း ကစေ၍ ရွှေကြိမ်လုံးကိုင်ကာ မောင်းနှင် ထွန်ရက်၍ ပြလေရာ ရေးဆုတောင်းအတိုင်း တစ်ခေါက်မောင်းလိုက်လျှင် ဟိုဘက် သည်ဘက် သုံးကြောင်းစီ ထင်လာသည့်အတွက် ခုနစ်ခေါက်စာ ခုနစ်ကြောင်းရာများ ထင်၍ အံ့ဩလောက်အောင် ပြီးမြောက် လေတယ်တဲ့။ ပြုစုထားရတဲ့ ကုသိုလ်ကောင်းမှုများသည် ဘယ် ကလောက် အားကိုးချီးကျူးဖွယ် ကောင်းသလဲဆိုတာ စဉ်းစားသာ ကြည့်ကြပေတော့။

ထိုကောင်းမှုလွန်ထူး ပါရမီရှင်ငါးဦးတို့သည် ကြည်နူးရွှင်ပျ သူခလုံးစုံ ခံစံကြကုန်၍ တစ်နေ့မှာ မြတ်စွာဘုရား၏ တရားတော်ကို ကြားနာကြရတာနှင့် မြေးကလေးဝိသာခါပါ ခြောက်ဦးလုံးပင် သောတာပန်ဖြစ်ကြ၍ အမတ ရွှေပြည်တော်ကို ရွှင်ပျော်ဖြောင့်တန်း စံမြန်းတော်မူကြလေတယ်တဲ့။

အဲ... ယခု ဟောပြောခဲ့ပြီးသော ကောင်းမှုရှင်များနည်းတူ ကထိန်ဒကာ,ဒကာမ စသား ကောင်းမှုရှင်များလည်း နိဗ္ဗာန်သို့ စံဝင်ရသည့် တိုင်အောင် ပါရမီဆည်းပူး ထိုထိုဘဝထူးတို့၌ ကြည်နူးရွှင်ပျ သုခအတန်တန် ခံစံနိုင်ကြ၍ နောက်ဆုံးပိတ်၌ ဘုရားရှင်များ၏ တရားဓမ္မ ကြားကာမျှဖြင့် မဂ်ရောက်ဖိုလ်ထိ အသိဉာဏ်ရောင် လင်းပြောင်ထွန်းပ ရရှိကြ၍ အမတပြည် နိဗ္ဗာန်ကို ရည်စိတ်သန်ဆုထူးနှင့်တကွ ခဏမကြာ ဝင်စံနိုင်ကြပါစေသတည်း။

## အရှင်ဉာဏဝရ(သာပေါင်း)

### ရေးသားပြုစုထုတ်ဝေသောစာအုပ်များ

| | | |
|---|---|---|
| ၁။ | ငရဲသားရဲ့ ရင်ခုန်သံ | (ထွက်ပြီး) |
| ၂။ | ကာမဂုဏ်အာရုံဆွေ့ဆွေ့ခုန် | (ထွက်ပြီး) |
| ၃။ | ဆန္ဒရာဂပယ်နိုင်သလား | (ထွက်ပြီး) |
| ၄။ | တဏှာဝလေ့ လိုမပြည့် | (ထွက်ပြီး) |
| ၅။ | သေပြီးနောက်ဝယ် | (ထွက်ပြီး) |
| ၆။ | သေမှုကြုံရ၍ရှုပ | (ထွက်ပြီး) |
| ၇။ | ကျေးဇူးသိမြင် ကျေးဇူးရှင် | (ထွက်ပြီး) |
| ၈။ | ဥပမာလေးနဲ့ တရားနာမယ် | (မကြာမီထွက်မည်) |
| ၉။ | ခန္ဓာဉာဏ်ရောက်နိဗ္ဗာန်ပေါက် | (စီစဉ်ဆဲ) |
| ၁၀။ | ဆင်းရဲမှုတရားခံ | (စီစဉ်ဆဲ) |
| ၁၁။ | မီးတစ်ပွင့်ရဲ့ စွမ်းအား | (စီစဉ်ဆဲ) |
| ၁၂။ | လူငယ်များနဲ့ ဗုဒ္ဓဘာသာ | (စီစဉ်ဆဲ) |
| ၁၃။ | ကိုယ်ယုံကြည်ရာ | (စီစဉ်ဆဲ) |
| ၁၄။ | ငရဲကြီးမှာ ကြောက်ရဲ့လား | (စီစဉ်ဆဲ) |
| ၁၅။ | ရည်မှန်းချက်ကိုယ်စီ | (စီစဉ်ဆဲ) |
| ၁၆။ | လူငယ်များရဲ့ ဘဝမှန်တိုင်း | (စီစဉ်ဆဲ) |

## ဘုရားသော်မှ မလွတ်ရ တရားတော်

ယနေ့ ရည်စူးသမှု အာရုံပြု၍ လျှုဒါန်းကြသော အလှူရှင် အလှူအမအပေါင်း သူတော်ကောင်းတို့ လောကကြီးအတွင်းမှာ နေထိုင်ကြတဲ့ သတ္တဝါမှန်သမျှတို့သည် တစ်နေ့ကြလျှင် မရဏသေမင်းမှ လွတ်ကင်းအောင် မပြေးထွက်နိုင်ခဲ့ပါဘူး။ ဒါကြောင့် ဒီသေမင်းမှ ဘုရားသော်မှ မလွတ်ရဘူးတဲ့။

**မစ္စုနာ သက်ရော နတ္ထိ၊ လဥ္စဂ္ဂါဟော န ဝိဇ္ဇတိ။**

**ယုဒ္ဓံ နတ္ထိ ဇယော နတ္ထိ၊ သဗ္ဗေ မစ္စုပရာယနာ။ ။**

**သတ္တာနံ၊** လောကအတွင်း မှီတင်းနေကြ သတ္တဝါဟူသမျှ အပေါင်းတို့၏။ **မစ္စုနာ၊** ညှဉ်းပန်းနှိပ်စက် အသက်ဖြတ်ခွင်း ရှင်သေမင်းနှင့်။ **သက်ရော၊** သေပျောက်ဖို့ရာ နေ့ရက်ခါကို ဖွေရှာရေတွက် ချိန်းအချက်သည်။ **နတ္ထိ၊** အတည်တကျ မှန်းဆပုံသေ မရှိနိုင်ချေ။ **လဥ္စဂ္ဂါဟောပိ၊** မသေဖို့အရေး ဥစ္စာပေးလည်း အလေးမမူ တံစိုးလက်ဆောင် ယူငင်ခြင်းသည်လည်း။ **နဝိဇ္ဇတိ၊** ညှာတာထောက်ထား သနားငဲ့ကွက် ဆက်ဆံပုံသေ မရှိနိုင်ချေ။ **ယုဒ္ဓံပိ၊** ဓား, လှံ, သေနတ် ယှဉ်တပ်ဖွဲ့ကိုင် ရင်ဆိုင်ပစ်ခွင်း စစ်ထိုးရခြင်းသည်လည်း။ **နတ္ထိ၊** ကမ္ဘာ့ရှိုးရာ ထင်စွာပိုင်ပိုင် မရှိချေ။ **ဇယောပိ၊** စစ်ထိုးရင်ဆိုင် ချက်လက်ပိုင်၍ မရှိနိုင်သည်သာတည်း။ **သဗ္ဗေ၊** အသက်ဇီဝ ယှဉ်မှီကြတောင်း အားလုံးသော သတ္တဝါအပေါင်းတို့သည်။ **မစ္စုပရာယနာ၊** ဖက်ပြိုင်မရ လက်မှိုင်ချ၍ အန္တကသမုတ် သေမင်းယုတ်ထံ အမှန်မုချ သွားရောက်ခြင်း ရှိကြလေကုန်သတည်း။

ယခု ရွတ်ဆိုလိုက်ရသော စတ္တာလီသနိပါတ်တော်လာ ဂါထာကလေး၏ ဆိုလိုရင်းအဓိပ္ပာယ်မှာ လောကတည်နေ မိုလ်ခြေများစွာ သတ္တဝါအပေါင်းတို့သည် အန္တကာသမုတ် သေမင်းယုတ်၏ ညှဉ်းပုတ်သတ်ခွင်းအထံရင်းသို့ ကပ်ချဉ်းဖို့ရာ ချိန်ခါနေ့ရက် ချိန်းဆိုချက်လည်း မရှိသည်ဖြစ်၍ ငှဲညှာထောက်ထား ချစ်သနားလိမ့်နိုး ရည်မျှော်ကိုး၍ တံစိုး လက်ဆောင်မြားမြောင်စွာ ထိုးသိပ် ပေးကမ်းပါသော်လည်း ယူရိုးစဉ်လာ ဘယ်အခါမှ မရှိနိုင်ဘူးတဲ့နော်။ တား, လုံ့,သေနတ် ယှဉ်တပ်ကိုင်စွဲ အားခဲအစဉ် စစ်ရေးဆင်၍ တိုက်ခိုက်ပါသော်လည်း အောင်နိုင်ခြင်းမရှိ။ မိမိကသာ အရှုံးပေးကြလျက် နောက်ဆုံးမှာ အင်အားမခိုင် လက်မှိုင်ချုံးချ အန္တကာသေမင်း၏ ခြေရင်း၌သာ ခွေစင်းနွမ်းလျ သေကျေပျက်စီးကြမြဲ ဖြစ်လေတယ်တဲ့။

သေမင်းလက်တွင်းမှ လွတ်မြောက်ရမည့် သတ္တဝါ တစ်စုံတစ်ယောက်မျှ မရှိ။ မုနိထွတ်ထား သဗ္ဗညုရှင်တော်မြတ် ဘုရားသော်မှ ရှောင်လွှဲမရ လိုက်ပါတော်မူကြရပေသည်။ သို့အတွက်ကြောင့် တစ်စုံတစ်ယောက်သော ဆွေမျိုးသားချင်း ချစ်ကျွမ်းဝင်ရှာ မိတ်သဟာတို့၏ သေကျေပျက်စီးခြင်းအစရှိသော လောကဓံတရားတို့နှင့် တွေ့ကြုံရတဲ့အခါမှာ သတိချွတ်ယွင်း ပူပင်ခြင်းအလွန်မများကြစေဘဲ သြော်... ဘယ်သူဘယ်ဝါသည် သေမင်း၏ အာဏာစက်ကွင်း လောကအတွင်းမှ မလွတ်ကင်းနိုင်ရှာသေးသည့်အတွက်ကြောင့် ဘုရားရဟန္တာတို့သော်မှ မလွဲရှောင်နိုင်သော သေမင်း၏ခံတွင်းသို့ စင်းစင်းသာ လိုပါသွားရရှာပါကလား။

ထိုသူနှင့်နည်းတူ ငါတို့လည်းပဲ အမှန်မုချ သေကျေ ပျက်စီးကြရပေဦးမည်တကား။ **"မရဏံ မေ ဘဝိဿတိ၊ မရဏံ မေ ဘဝိဿတိ"** ဟူ၍ မရဏဿတိ ကမ္မဋ္ဌာန်းလက်နက်ဖြင့် မိမိတို့၏ ခရောနောင်ပါ သက်သာရာရကြောင်းကိုသာ ကြိုးစားဆင်ခြင်တတ်ကြဖို့ပေါ့နော်။ စွမ်းနိုင်ကြလို့ ရှိလျှင်လည်း ဆွေမျိုးစသူတို့၏ ပျက်စီးခြင်း လောကဓံမှုနှင့် တွေ့ကြုံရစဉ်အခါ၌ မရဏဿတိ ကမ္မဋ္ဌာန်းကို ပွားများကြရုံမက တခြားအလွတ်နေကြတဲ့ အခါမှာလည်း မကြာမကြာ ပွားများကာ မိမိတို့၏ သေရမည့်အရေးကို ကြိုရွေးရှု ဆင်ခြင်နိုင်တတ်ရမည်တဲ့။

ဒီလို မရဏာဿသတိကို မကြာမကြာပွားများတော့ ဘာများ အကျိုးကျေးဇူးရှိပါသလဲဆိုလျှင် လောကဥပမာအားဖြင့် ထင်ရှားစွာပြရပါလျှင် တုတ်,ဓား,လှံ စသော လက်နက်တစ်စုံ တစ်ရာ ဘေးရန်ကာကွယ်ကြောင်းရှိသော ပုဂ္ဂိုလ်သည် မြွေ, ခွေးရူး စသော ဘေးရန် တစ်စုံတစ်ရာနှင့် ရင်ဆိုင်တွေ့ကြုံ ရတဲ့အခါမှာ မိမိလက်တွင်းမှာ အဆင်သင့်ရှိပြီး ကိုင်ပြီးဖြစ်သော လက်နက်ဖြင့် ကာကွယ်တားမြစ်လျက် ဘေးရန်ကင်းရှင်းချမ်းသာအောင်မြင်ခြင်းရှိသကဲ့သို့ ထိုနည်းအတူ နေ့စဉ်ဆိုသလို သေရခြင်းကို မှန်မှန်အောက်မေ့ ဆင်ခြင်ခြင်းဟူသော မရဏာဿသတိကမ္မဋ္ဌာန်းစသည်ကို ပွားများလေ့ရှိသော သူတော်စင် ဂုဏ်းဝင်ပုဂ္ဂိုလ်များသည်လည်း အဆုံးတစ်နေ့ တကာယ်သေပွဲသို့ ဝင်ရောက်ရခြင်းဟူသော ဘေးရန်နှင့် တွေ့ကြုံရသော်လည်း မိမိသန္တာန်၌ စုဆောင်းပွားများ ပြင်ဆင်ပြီးဖြစ်သော ကမ္မဋ္ဌာန်းလက်နက်ဖြင့် အဆင်သင့်ကာကွယ်တားမြစ်ကာ တစ်စုံတစ်ရာကြောက်ရွံ့ရခြင်း ဘေးရန်ဆင်းရဲဒုက္ခဖြင့် တွေ့ကြုံထိပါးမှုမရှိတော့ဘဲ ခုဘဝနောင်ဘဝ အစဉ်အဆက် ဆင်းရဲလွတ်ကင်း ချမ်းသာခြင်းသုခကို ရရှိခံစားပြည့်စုံစေနိုင်ကြလေတယ်တဲ့။

ဟုတ်ကြပါပေမည်။ မိမိကိုယ်ကို အမြဲပဲ မရဏာဿသတိ ပွားများပြီး အစဉ်မပြတ် သေခြင်းတရားနှင့် တွေ့နေကြရလေတော့ တကာယ်သေရခြင်းတရားနှင့်တွေ့ကြရသော်လည်း သူတို့၏သန္တာန်၌ အဆန်းအပြား မဟုတ်ကြလေတော့ ဘာမှ ကြောက်ရွံ့စရာ လိုကြတော့မည် မဟုတ်ကြပေဘူးပေါ့နော်။

ဒါကြောင့် တစ်စုံတစ်ခုသော လောကဓံမှုနှင့် ကြုံတွေ့ရသည်ဖြစ်စေ၊ နေ့စဉ် သွားလာလုပ်ကိုင်ကြရင်းဖြစ်စေ အခါအခွင့်ကြုံကြိုက်တိုင်း ဆိုတာလို သတိတရား မြဲစွာထားကြလျက် တတ်အားသမျှ ကြိုးစား အားထုတ်နိုင်ကြပါစေဆိုတာ အထူးပင် တိုက်တွန်းလိုက်ရပါသတည်း။

**(လိုရာဝတ္ထုကို ဆက်ဟောနိုင်သည်။)**

# သေခြင်းပူပန် မဖြစ်ရန် တရားတော်

ယနေ့ ဤဌာနသို့ စည်းဝေးညီညာ ရောက်ရှိလာကြကုန်သော အသုဘရှုပွား အို... ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့၊ သတ္တလောကကြီးတစ်ခုလုံး သေကြေ ပျက်စီးကြသောကြောင့် သေခြင်းတရားကို ပူပန်သောက မဖြစ်ရန်မှာတော့...

ရှေးအတိတ်ကာလ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းတစ်ပါးသည် တရားနှင့်အညီ အုပ်ချုပ်စိုးစံနေတော်မူစဉ် ငါတို့၏ ဘုရားအလောင်းတော်သည် ကုဋေရှစ်ဆယ်ကြွယ်ဝသော ဗာရာဏသီသူဌေး၏ သားကလေး ဖြစ်လေရာ ငယ်ရွယ်စဉ်အခါကပင် မိဘများဆုံးပါးပျက်စီး၍ သွားကြရသဖြင့် အစ်ကိုကြီးကို မှီခိုအားထားကာ နေရရှာတယ်တဲ့။

တစ်နေ့မှာ အလောင်းတော် မှီခို၍ နေထိုင်ရသော အစ်ကိုကြီးလည်း ကံမကောင်း အကြောင်းမသင့်တာနှင့် သေကျေပျက်စီး၍ သွားပြန်လေရာ အလောင်းတော် လူမမယ်ကလေးသည် “အစ်ကိုကြီး မိဘအရာ” ဆိုသည့်အတိုင်း မိဘသဖွယ် အားကိုးအားထားပြုရာ မရရှိရှာဘဲ ခိုကိုးရာမဲ့ပြီး အလွန်သနားဖွယ်ရာအဖြစ်ဖြင့် ကျန်ရစ်ရှာလေတယ်တဲ့။

ဘေးပတ်ဝန်းကျင်ရှိ ဆွေမျိုးသားချင်း မိတ်သင်္ဂဟအပေါင်းတို့သည် ကျန်ရစ်ရှာသူ အလောင်းတော် လူမမယ်ကလေးအတွက် ရတက်မအေး ပူဆွေးသောက ရောက်ကြသည်ဖြစ်၍ ဆီးတားမရ ငိုကြွေးမြည်တမ်းကြလျက် ပြုလုပ်ဖွယ်ကိစ္စများကို ဝိုင်းဝန်းကူညီ၍ နေကြလေတယ်။ အလောင်းတော်ကလေးကတော့ လူပင်ငယ်သော်လည်း ပါရမီဓာတ်ခံ ရင့်သန်ပြီးသူကလေး

ဖြစ်သည့်အတိုင်း တခြားပုဂ္ဂိုလ်များကဲ့သို့ တရားလက်လွတ် စိုးရိမ်ပူဆွေးခြင်း မရှိဘဲ တရားကိုသာ နှလုံးသွင်း၍ မှန်မှန်ပဲ နေထိုင် လုပ်ကိုင်ဆောင်ရွက် နေရှာလေတယ်တဲ့။

ထိုအခြင်းအရာကို တခြား ဆွေမျိုးမိတ်ဆွေများက တွေ့ကြတဲ့အခါမှာ မခံချိမခံသာ ဖြစ်ကြတာနှင့် ကရုဏာ ဒေါသဇောအနေဖြင့် အလောင်းတော် ကလေးအား ကဲ့ရဲ့ပြစ် တင်စကား ပြောကြသည်မှာ–

"အို...လူအပေါင်းတို့...ကြည့်ကြစမ်းပါ၊ ဤ သူဌေးသားကလေး သည် သွေးပတ်ဝန်းကျင်ရှိ ဆွေမျိုးသားချင်း မိတ်သင်္ဂဟအပေါင်းတို့ ယူကျုံးမရ အပူလုံးကြွကြကာ စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းလျက် မနေနိုင် မထိုင်နိုင် ဖြစ်နေကြရသော်လည်း နည်းနည်းကမှ မပူပင်၊ ပြုံးရွှင်၍သာ နေနိုင်ပေသည်။ နောင်တော်၏ အမွေပစ္စည်းများကို မိမိတစ်ဦးတည်း ရမည့် အရေးကို ကြံတွေး၍များ ဝမ်းမြောက်ဝမ်းသာ ရှိနေဟန်တူပေသည်" ဟူ၍ အမျိုးမျိုး အပြစ်တင်စကားကို ပြောဆိုကြလေတယ်။

ထိုသို့ အများပရိသတ်တို့ ကဲ့ရဲ့ပြစ်တင်မှုများကို အလောင်းတော်ကလေး ကြားသိ၍ ပြန်ပြောင်း၍ ချေပပြောဆိုသည်မှာ "နောင်တော်ကိစ္စ အဝဝကို ကြွရောက်လာကာ ကူညီကြတောင်း အို...လူအပေါင်းတို့၊ အသင်တို့သည် မသိမိုက်မှား ဉာဏ်အမြင် နည်းပါးကြသည့်အတွက်ကြောင့်သာလျှင် လောကဓံတရားတို့၏ နှိပ်စက် ညှဉ်းပန်းချက်ကို ခံနိုင်ရည် မရှိကြဘဲ ငါ၏နောင်တော် သေကျေပျက်စီးကြရာ၌ ယူကျုံးမရ ငိုကြွေးမြည်တမ်းကြပေတယ်။

အမှန်အားဖြင့် ကြည့်ကြမည်ဆိုပါလျှင် ငါ၏ နောင်တော်သာလျှင် သေမင်းခံတွင်းသို့ သက်ဆင်း ဝင်ရောက်ရသည်မဟုတ်ပေ။ ငါနှင့်တကွ အသင် ပရိသတ်အပေါင်းတို့သည်လည်း တစ်နေ့နေ့မှာ သေကျေပျက်စီး ရမည် ဖြစ်ကြလေသောကြောင့် ငိုချင်းငိုကြပါလျှင် ကိုယ့်ကိုယ်အတွက် သာလျှင် ငိုထိုက်ကြသည်မဟုတ်ပါလော။ အမှန်တကယ် သေရမည်ဖြစ်သော မိမိတို့အတွက်ကိုကား ဘယ်အတွက်ကြောင့် မငိုကြွေးကြပါသနည်း။

ရှိသမျှသည်သုံ အလုံးစုံသော သင်္ခါရတရားတို့သည် အစဉ်ထာဝရ မတည်မြဲကြဘဲ တစ်ခဏတာမျှ ဖြစ်ပေါ်ကြပြီးလျှင် အလျင်အမြန်သာ

ချုပ်ပျောက်ခြင်း၊ ကုန်ခန်းပျက်စီးခြင်း သဘော ရှိပေသည်။ မိမိတို့၏တည်ဆဲ သဘောဖြင့် တည်တံ့ နိုင်မြဲသောတရားဟူ၍ တစ်စုံတစ်ရာမရှိနိုင်ချေ။

ထိုကဲ့သို့ သေကျေပျက်စီးရမည့် လောကဓံတရား သဘောကို ဆင်ခြင်စဉ်းစားမိသည့်အတွက်ကြောင့် သူများတကာ ငိုကြွေးမြည်တမ်း ကြသော်လည်း ငါကား မငိုကြွေး မမြည်တမ်းပေ”စသည်ဖြင့် ပရိသတ်တို့အား တရားရေအေး တိုက်ကျွေးတော်မူလိုသည့်အတွက်ကြောင့် အောက်ပါဂါထာ ကလေးကို ရွတ်ဆိုဟောကြားတော်မူလိုက်လေတယ်တဲ့။

**မတံ မတံယေဝ ရောဒထ၊ နဟိ တံ ရောဒထ ယော မရိဿတိ။ သဗ္ဗေပိ သရီရဓာရိနော၊ အနုပုဗ္ဗေန ဇဟန္တိ ဇီဝိတံ။**

**ဘောန္တော၊** နောင်တော်ချာပန ပြုလုပ်ရာဌာနသို့ ရောက်လာကြ တောင်း အို....လူအပေါင်းတို့။ **တုမှေ၊** ရိုးပင်းကူမည် စိတ်ကြံရည်၍ ညီလာကြား သင်လူအများတို့သည်။ **မတံမတံဝေ၊** သေမင်းခံတွင်း သက်ဆင်းလိုက်ပါ သေကျေ ပျက်စီးသော သူကိုသာလျှင်။ **ရောဒထ၊** ငိုင်းဝန်းပူဆွေး ငိုကြွေးတမ်းတ ပြုလုပ်ကြပေကုန်၏။ **ယော၊** မိမိသူတစ်ပါး တ်မထားဘဲ များပြားလှအင် အကြင်အကြင် ပုဂ္ဂိုလ်သည်။ **မရိဿတိ၊** မြေကြီးလက်တင် မလွဲအင်သို့ မှန်ပင်မုချ သေကျေ ပျက်စီးရချေလတ္တံ့။ **တံပုဂ္ဂလံဝ၊** မြေကြီးလက်တင် မလွဲအင်သို့ မှန်ပင်မုချ သေကျေပျက်စီးရမည့် ထိုပုဂ္ဂိုလ်မျိုးကိုသာလျှင်။ **နဟိရောဒထ၊** သတိမပြု အမှုမဲ့သာ မငိုပါဘဲ ပျော်ကာရွှင်မြူး အထူးနေ့ည နေထိုင်ကြကုန်၏။ **သဗ္ဗေပိ သရီရဓာရိရနော၊** ကံဟောင်းစဉ်ဆက် ပြုပြင်ချက်ကြောင့် အသက်ခန္ဓာ ရလာကြတောင်း အားလုံးသော သတ္တဝါအပေါင်းတို့သည်။ **အနုပုဗ္ဗေန၊** ရှေ့နောက်မလင့် အစဉ်သင့် အလှည့်ကျအားဖြင့်။ **ဇီဝိတံ၊** ရုပ်,နာမ်နှစ်ဝ မပျက်ရအောင် က်,လရှည်ကြာ စောင့်ကာစဉ်ဆက် ကိုယ့်အသက်ကို။ **ဇဟန္တိ၊** ဘဝင်ဟာဒယ ရွှင်ပျဘဲ ထင်စွာပျက်ကြွေ စွန့်ပစ်လိုက်ရလေကုန်သတည်း။

အဲ... ယခု ရွတ်ဆို ဟောပြောလိုက်သော အလောင်းတော်မြတ်၏ တရားဂါထာကလေးကို တရေးရေး ဆင်ခြင်ကြည့်ညို နိုင်ကြသည်ဖြစ်၍ ၍သေရခြင်း သဘောတရားသည်ကား ယခု သေကျေပျက်စီးသွားသော

သူကိုသာ နှိပ်စက်သည်မဟုတ်ပေ။ ကျန်ရစ်ကြသော သူ,ငါ,စသား သတ္တဝါများကိုလည်း တစ်နေ့နေ့မှာ နှိပ်စက်ဖျက်ဆီးမှာပါတကား။

ထိုသေမင်း၏ ညှဉ်းပန်းနှိပ်စက် ပြစ်ဒဏ်ချက်များ မရောက်လာသေးမီကပင် ကြိုတင်ကြလျက် မအို,မနာ, မသေရာမှန် မြတ်နိဗ္ဗာန်သို့ ရောက်ကြောင်း ကောင်းမြတ်သော ပါရမီဒါန, ပါရမီသီလ, ပါရမီမြောက်သော ဘာဝနာတရား လက်နက်များကို တတ်စွမ်းသမျှ စုဆောင်းရှာကြံ အားထုတ်ပြုလုပ်ထားကြမှသာ သင့်တော်ချေမည်ဟု အသီးသီး အသိအလိမ္မာ ဉာဏ်ပညာ အမှန်မြင်ရကြ၍ အားလုံးသော သူတော်စင်အပေါင်းတို့သည် တရားလက်လွတ် ငှက်တောင်ကျွတ်ပမာ ငိုကြွေးမြည်တမ်း ပူဆွေးခြင်း မရှိကြပါပဲ သေရွာသို့လိုက်ပါမှာ သူပင်မက ကျန်ရစ်ကြသော မိမိတို့ပင် တစ်နေ့နေ့မှာ သေကျေပျက်စီးရမှာပါကလားဆိုတဲ့ သံဝေဂဉာဏ် ရင့်သန်စွာ ရှေ့ထား၍ သံသရာမှ လွတ်မြောက်ကြောင်း ကောင်းမှုလက်ကိုင်များကို အားကြိုးမာန်တက် ဆက်ဆက်မကွာ ပြုလုပ်နိုင်ကြပါစေသတည်း။

# အသုဘရှုပွား ရွှေငွေတိုးသွား တရားတော်

ယနေ့ နာရေးကိစ္စတစ်ခု အကြောင်းပြုပြီး အသုဘရှုပွားရန် ရောက်ရှိလာကြကုန်သော ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့ အသုဘရှုပွားတယ်ဆိုတာကို တင်ပြရလျှင် ဇာတ်တော်ခု အကြောင်းပြုပြီး ပြောရရင်တော့ အသုဘရှုပွားတာနဲ့ ဘယ်လို ရွှေငွေတွေ တိုးလာရသလဲ ဆိုတော့...

ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းတရားကြီး စိုးစံနေတော်မူစဉ် ငါတို့၏ဘုရားအလောင်းတော်သည် ဗာရာဏသီမြို့တော်၏ အနီးအနားရှိ ရွာတစ်ရွာ၌ ပုဏ္ဏားမျိုးမှာဖြစ်ရ၍ အရွယ်ရောက် အိမ်ထောင်ကျတဲ့အခါ လယ်သမားများ စိုက်ပျိုးလုပ်ကိုင်မှုဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုလုပ်ကာ နေလေတယ်တဲ့။ အလောင်းတော်မှာ သားကလေးတစ်ယောက် သမီးကလေး တစ်ယောက်အားဖြင့် သားသမီး နှစ်ယောက်သာ ထွန်းကားရလေရာ သားကလေးအချိန်အရွယ် ရောက်တဲ့အခါမှာလည်း အမျိုးဇာတ်တူညီသော သမီးကလေးတစ်ယောက်နှင့် ထိမ်းမြားလက်ထပ်ကာ မိမိအိမ်ကိုခေါ်ဆောင်ပြီး ထားလေတယ်တဲ့။

ဤသို့အားဖြင့် အလောင်းတော်သည် သား,သမီး, ချွေးမ, အနိုင်း အစေမ ဟူသော အိမ်နေသူလူပေါင်း ငါးယောက်တို့နှင့်တကွ ဝမ်းသာရွှင်ပျ ညီညွတ်ပျော်ရွှင်စွာ နေထိုင်ခဲ့ကြလေရာ အလောင်းတော်က ကျန်သူငါးဦး တို့အား ဆုံးမဩဝါဒပေးသည်မှာ သင်တို့သည် တစ်ဦးနဲ့တစ်ဦးအပေါ်မှာ

ညှာတာမှု၊ ချစ်ခင်မှု၊ သည်းခံမှု ရှေ့တားကြ၍ ရလာသော ရွှေ၊ ငွေ၊ ဥစ္စာပစ္စည်းဖြင့် အသင့်အတင့် လှူကြ၊ တန်းကြ၊ ပေးစွန့်ကြ၊ ငါးပါးသီလကိုလည်း မပျက်မကွက်အောင် စောင့်ထိန်းကြ၊ ဥပုသ်သီတင်းနေ့များမှာလည်း ဥပုသ်သီတင်း မပျက်ကွက်ကြစေဘဲ စောင့်ကြ ထိန်းကြနော်။

မိမိတို့၏ သံသရာနယ်အတွင်းမှ မလွတ်ကင်းကြသေးသည့် အတွက်ကြောင့် သေကျေပျက်စီးကြ၊ ခွဲခွာကြရမည့် အရေးကို တွေးတောဆင်ခြင်ခြင်းဟူသော မရဏာသတိ ကမ္မဋ္ဌာန်းများကိုလည်း တတ်နိုင်သမျှ ပွားများဆင်ခြင်ကြနော်။ ရှိရှိသမျှသော ရုပ်နာမ် သံခါရတရားတို့သည် ခဏချင်းဖြစ်၍ ချုပ်ပျက်ခြင်းသဘော ရှိကြကုန်လေတယ်။ တည်တံ့နိုင်မြဲသော တရားဟူ၍ တစ်စုံတစ်ရာမှ မရှိနိုင်ကြောင်းကို ဆင်ခြင်စဉ်းစားနိုင်သော သတိသမ္ပဇဉ် ရှေ့ထား၍ လေးစားသေသပ်စွာ နေတတ် ထိုင်တတ် လုပ်တတ် ကိုင်တတ် ကျင့်ကြံတတ် ရှိကြရမည်ဟု ဆုံးမထားပေတယ်။

ကျန်လူငါးဦးတို့ကလည်း အလောင်းတော်၏ ထိုဆုံးမထားချက်အတိုင်း မဖီမဆန် လိုက်နာကျင့်ကြံ ပွားများလုပ်ကိုင်၍ နေကြလေတယ်တဲ့နော်။ ထိုကဲ့သို့ အိမ်သူအိမ်သားအားလုံး လက်ချည်းညီဖြင့် လောကီရေးရာ လောကုတ္တရာရေးရာများကို ကြိုးစားအားထုတ်၍ နေကြလေရာ တစ်နေ့သ၌ အလောင်း တော်သည် သားကလေးနှင့် အတူတကွ လယ်ယာတောသို့ လယ်ယာများ ထွန်ရက်ရင်း သားကလေးက အမှိုက်တွေကို စုဆောင်း၍ မီးဖြင့် ရှို့နေခိုက် အနီးအနားရှိ တောင်ပို့တစ်ခုမှ နေထိုင်သည့် မြွေဟောက်ကြီးတစ်ကောင်က မျက်စိထဲ မီးခိုးများ ဝင်သည့်အတွက် အမျက်ဒေါသထွက် စိတ်ဆိုးကာ တောင်ပို့ခေါင်းမှ ထွက်လာ၍ တအားကုန် သားကလေးကို ပေါက်လိုက် ကိုက်လိုက်လေရာ နေရာမှာပင် အဆိပ်တက်၍ လဲကျမေ့မြောသွားရှာလေတယ်တဲ့နော်။

ထိုအခါ ဖခင်ဖြစ်သော အလောင်းတော်သည်လည်း ထွန်ရက်နေရာမှ သားကလေး လဲကျသွားတာကို တွေ့ရတာနှင့် နွားများကို ရပ်နားခဲ့ကာ အနားသို့ လာရောက်၍ ကြည့်ရှုလေရာ သားကလေး သေဆုံးနေကြောင်း တွေ့ရသည့်အတွက် သစ်ပင် တစ်ပင်အောက်မှာ အလောင်းကျင်းထား၍ အဝတ်များဖြင့် ဖုံးအုပ်ထားကာ ငိုမြည် တမ်းတခြင်းမပြုဘဲ "ဩော်...

ပျက်စီး သေပျောက်ခြင်းရှိတဲ့ သင်္ခါရ သဘောတရားတို့သည် ပျက်စီး သေဆုံးခြင်း ဖြစ်ရပါတကား။ ရှိရှိသမျှအားလုံးသော သင်္ခါရတရားတို့သည် ခိုင်မြဲတည်တံ့ခြင်းသဘော အလျဉ်းမရှိ၊ မိမိတို့ ဘာသာ ပျက်ချိန်ကျရောက်က ပျက်စီးခြင်းသာ အဆုံးသတ် သဘော ရှိသည့်အတွက်ကြောင့် ငါ၏ သားတော်မောင်ကလေးသည်လည်း ဘုရား, ရဟန္တာ, ပစ္စေကဗုဒ္ဓါတို့သော်မှ မလွန်ဆန်နိုင်သော သင်္ခါရနယ်အတွင်းသို့ သက်ဆင်း ကျရောက်သော အနေဖြင့် မရဏသေမင်း၏ အထံရင်းသို့ လိုက်ပါသွားရရှာချေပြီ” စသည်ဖြင့် အနိစ္စသဘောတရားကို ဆင်ခြင်စဉ်းစားကာ ယာထွန်မြဲသာ ထွန်ရက်၍ နေလေတယ်တဲ့။

အလောင်းတော်သည် ယာနီးချင်း လူတစ်ယောက် မိမိ အိမ်ပြန် သည်ကို တွေ့မြင်ရတာနှင့် အိမ်သူများအထံ သတင်းစကား မှာကြားလိုက် သည်မှာ “အမောင်... ရွာကို ရောက်က ငါတို့အိမ်ကိုလည်း သွားရောက်၍ ဒီကနေ့အတွက် ထမင်းတစ်ယောက်စာသာချက်၍ အိမ်သူအိမ်သားအားလုံးပဲ သန့်ရှင်းစင်ကြယ်သော အဝတ်များကို ဝတ်ဆင်ကြကာ နံ့သာတုံးများကို ယူဆောင်၍ ယာတောသို့ လာရောက်ကြရန် အကြောင်းကို မပျက်မကွက် ဆက်ဆက်ပြောကြားလိုက်ပါ” ဟူ၍ မှာကြားလိုက်ရှာလေတယ်တဲ့။

ယာနီးချင်း ယောက်ျားကလည်း အလောင်းတော် မှာကြားလိုက်သည့် အတိုင်း ပြောပြလေရာ အလောင်းတော်၏ ဇနီးသည်က “ဒီစကားကို ဘယ်သူကများ မှာကြားလိုက်ပါသနည်း”ဟု မေးမြန်းလေလျှင် “ဖခင် ဖြစ်သော ပုဏ္ဏားက မှာလိုက်ကြောင်း” ပြောပြသည်နှင့် တစ်ပြိုင်နက်တည်းပဲ မိမိ၏ သားချစ်ကလေး သေကျေပျက်စီးမှန်းသိရ၍ ခင်ပွန်းသည် မှာကြား လိုက်သည့်အတိုင်း အိမ်နေသူ လေးယောက်စလုံးပဲ အဝတ်စင်ကြယ်များ လဲလှယ်ဝတ်ရုံကြ၍ နံ့သာကုံးများကိုလည်း ယူငင်ကြကာ တစ်ဦး တစ်ယောက် မှ ငိုကြွေးမြည်တမ်း ပူပင်သောကမရှိကြဘဲ မိမိတို့၏ သေမည့်အရေးကို တွေးတော ဆင်ခြင်ကာ တောင်ယာတောသို့ သွားရောက်ကြလေတယ်တဲ့။

တောင်ယာတောရောက်တဲ့အခါ အလောင်းတော်သည် သားကလေး ၏ အလောင်းကျင်းထားသော သစ်ပင်ရင်းမှာပင် ထိုင်၍ နံနက်စာထမင်း များကို စားသောက်ပြီးလျှင် အားလုံးသော မိသားတစ်စုတို့သည် ထင်းများကို

စုပုံကြ၍ သားချစ် အလောင်းကောင်ကို တင်ကြပြီးလျှင် ပန်းများကို စိုက်ထိုးပူဇော်ကြ၍ အလောင်းကို မီးသဂြိုဟ်လိုက်ကြလေတယ်တဲ့။

ထိုသို့ သားကလေး မီးရှို့သဂြိုဟ်၍ နေကြခိုက်မှာ တစ်စုံတစ်ယောက်မှ ပူပင်သောက ငိုကြွေးမြည်တမ်းခြင်းမရှိကြဘဲ မိမိတို့၏သာလျှင် သေကြေပျက်စီးရမည့်အရေးကို တွေးတောဆင်ခြင် တရားသံဝေဂဉာဏ် ထင်မြင်ကြ၍ ဆိတ်ဆိတ်ငြိမ်ငြိမ် ကြွေ့ရရ နေထိုင်ကြလေတယ်တဲ့။

ထိုမိသားစုတို့၏ သီလတန်ခိုးကြောင့် ဝတ်သနင်း သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာကြီးသည် အသက်ပင်မရှိသော်လည်း အသက်ရှိသောလူပမာ တင်းကျပ်ခိုင်မာလျက် ထိုသူတို့၏ သီလတန်ခိုးအစွမ်းကို မိမိအရှင်သခင် သိကြားမင်းကြီးအား ထူးခြားစွာ သတိပေး သက်သေပြရာလေတယ်တဲ့။

ထိုအခါ သိကြားမင်းသည် မိမိကျောက်ဖျာ၏ သတိပေးချက်အရ အကြောင်းအရာအထူးကို ဆင်ခြင်ကြည့်ရှုလေရာ အလောင်းတော် မိသားတစ်စုတို့၏ အဖြစ်တွေကို အခြေကျကျ သိမြင်ရတာနှင့် "သူတော်ကောင်း နတ်ကောင်းမ" ဆိုတဲ့ ရှေးထုံးစဉ်လာအတိုင်း ဝမ်းမြောက်ဝမ်းသာဖြင့်ပင် သူတော်စင် အပေါင်းတို့၏ စွမ်းအင်သတ္တိဂုဏ်ကို ကြည်ညိုလေးစားသောကြောင့် မိမိကလည်း ချီးမြှောက်ထောက်ပံ့ ကူညီလိုတဲ့အတွက် ထိုအလောင်းတော်များအထ အမြန်သွားရောက်ကာ အကြောင်းစုံလင်ကို မေးမြန်းစုံစမ်းလိုက်သည်မှာ...

"အို... မိတ်ဆွေ လူအပေါင်းတို့... အသင်တို့သည် လူသူမနီး တောတောင်ကြီးထဲ၌ ဘာကိုများ ပိုင်းအုံ၍ မီးမြှိုက်နေကြပါသနည်း" ဟု မေးမြန်းလိုက်လေရာ ထိုသူတို့က လူကောင်ကို မီးသဂြိုဟ်နေကြကြောင်း ပြောပြကြတဲ့အခါ သိကြားမင်းက "အသင်တို့၏ အမူအရာကိုကြည့်ရတာ လူသားဖြစ်ဟန်မတူ၊ သမင်, ဒရယ်, ချေ, ငယ်, စိုင်, ဆတ် စသော သားကောင်ကို မီးမြှိုက်နေကြဟန်တူတယ်။ အကယ်၍ လူကိုသဂြိုဟ်တာ ဖြစ်ကြလျှင်လည်း အင်မတန်မုန်းသည့် ရန်သူပဲ ဖြစ်ရပေမည်" ဟု ထပ်၍ မေးမြန်းလေရာ အလောင်းတော်တို့က "လူသားဖြစ်ရုံမျှမက မိမိတို့၏

အင်မတန်မှ ချစ်လှစွာသော ရင်သွေးသားကလေး၏ အလောင်းကောင် ဖြစ်ကြောင်း”ကို ပြန်ပြောင်း၍ ပြောလိုက်လေရာ...

တန်ဖိုးကြီးမား မိုးသိကြားနတ်မင်းက “အသင်တို့၏ သားကလေး ဖြစ်ခဲ့ပါလျှင် ဘယ်အတွက်ကြောင့် မငိုကြွေး မမြည်တမ်းကြဘဲ ရွှင်လန်းစွာ နေထိုင်ကြလေသနည်း”ဟု ထပ်၍ မေးမြန်းလေရာ အလောင်းတော်တို့ လူစုက မိမိတို့၏ သားကလေးအတွက် ရတက်ပူပြင်း ငိုကြွေးမြည်တမ်း လွမ်းဆွတ်ခြင်းမရှိကြတဲ့ အကြောင်းကို အောက်ပါ ဂါထာကလေးဖြင့် အသီးသီး ပြန်လည်၍ ပြောဆိုကြလေတယ်တဲ့နော်။ ဘယ်လောက် အတု ယူစရာ ကောင်းသလဲဆိုတာ စဉ်းစား၍သာ နားသောတဆင်ကြပေတော့။

၁။ **ဥရဂေါဝ၊ တစံဇိဏ္ဏံ၊ ဟိတွာ ဂစ္ဆတိ သန္တနုံ။**
**ဧဝံ သရီရေ နိဗ္ဘောဂေ၊ ပေတေ ကာလင်္ကတေသတိ။**

၂။ **ဍယှမာနော န ဇာနာတိ၊ ဉာတီနံ၊ ပရိဒေဝိတံ။**
**တသ္မာ ဧတံ န သောစာမိ၊ ဂတော သော တဿ ယာဂတိ။**

၁။ **သမ္မ၊** သိလိုရေးနှင့် မေးမြန်းလာပေ အို... မိတ်ဆွေ။ **လောကေ၊** ဖြစ်ရပျက်ရ ဆုံးစမထင် သုံးခွင်သတ်မှတ် လောကဓာတ်အတွင်း၌။ **ဥရဂေါ၊** တွား၍သွားရှာ မြွေသတ္တဝါသည်။ **ဇိဏ္ဏံတစံ၊** ရက်လ ကြာညောင်း ဟောင်းနွမ်းဆွေးလျ အသုံးမကျသော မိမိ၏ခန္ဓာကိုယ် အရေခွံကို။ **ဟိတွာ၊** မငဲ့မကွက် ပယ်ဖျက်လဲလှယ် စွန့်ပစ်ခဲ့၍။ **ဂစ္ဆတိကုဝ၊** စိတ်လက်အေးချမ်း သောဘျမ်းကင်းစင် သွားရောက်သည့် အသွင်သို့။ **ပေတေကာလင်္ကတေ၊** လူတစ်ဦးတစ်ယောက်၏ တွေ့ဆဲ ဘဝ ကင်းပပျက်ကြွေ သေလေပြီးသည်ဖြစ်၍။ **သရီရေ၊** ရုပ်,နာမ်နှစ်ခု ပေါင်းစုယှဉ်စပ် မပြတ်ဖြစ်ရာ ကိုယ်ခန္ဓာသည်။ **နိဗ္ဘောဂေသတိ၊** အသုံးမကျ ကိစ္စမပြီး အချည်းနှီးစင်စစ် ဖြစ်လေသည်ရှိသော်။ **သန္တနုံ၊** ဘဝဇာတ်ဆုံး အသုံးမကျ ရှုပ်လှလှ့သောင် မိမိတို့၏ ခန္ဓာကိုယ်ကောင်ကြီးကို။ **ဟိတွာ၊** ငဲ့ကွက်ကင်းကွာ စွန့်ပစ်ခွာ၍။ **ဂစ္ဆတိ၊** နောက်နောင်ဘဝ ဘုံဌာနသို့ မုချမသွေ သွားရောက်ရရှာ လေသတည်း။

၂။ **ဥယျာမာနော၊** မီးလောင်ကျွမ်းပြီးသော။ **ပုတ္တော၊** ရင်သွေးအစစ် သားတော်ချစ်သည်။ **ဉာတီနံ၊** ကျန်ရစ်ကြတောင်း ဆွေမျိုးအပေါင်း တို့၏။ **ပရိဒေဝိတံ၊** စိုးရိမ်ပူပြင်း ငိုကြွေးခြင်းကို။ **န ဇာနာတိ၊** မုချပိုင်ပိုင် မသိနိုင်ကြတော့ချေ။ **တသ္မာ၊** ဘဝတစ်ပါး ပြောင်းသွား စင်စစ် ထိုသားချစ်၏။ **ယာဂတိ၊** လားရောက်ဖြစ်ရ အကြင်ဘုံဘဝ သည်။ **အတ္ထိ၊** ထင်ရှားမသွေ ရှိပါချေ၏။ **တံ ဂတိံ၊** တစ်ဖန်ဖြစ်ရ ထိုအသစ်ဘဝသို့။ **သောပုတ္တော၊** ချစ်၍မဝ ထိုသားလှသည်။ **ဂတော၊** မိဘမျက်နှာ မထောက်သာဘဲ သေရွာမုချ သွားရောက်ရရှာချေပြီ။ **တသ္မာ၊** ထိုကဲ့သို့ ဘာတစ်ခုမျှသိနိုင်ခြင်းမရှိ မိမိဘာသာ သေရွာသို့ လိုက်ပါသွားရရှာလေသောကြောင့်။ **တံပုတ္တံ၊** ပျက်ပြုန်းရှာရ မိဘတို့ ရင်နှစ် ထိုသားချစ်ကို။ **န သောစာမိ၊** ဘာဝနာအစဉ် တရားယှဉ်၍ ပူပင်ညှိုးမှိန် မစိုးရိမ် မငိုကြွေးရတော့သည်သာတည်း။

အို... မိတ်ဆွေကြီးခင်ဗျား၊ လောက၌ မြွေသတ္တဝါသည် မိမိ၏ ဟောင်းနွမ်းလေပြီးသော အရေကို ငဲ့ကွက်ကင်းပါး စွန့်ပစ်ထား၍ မိမိအလိုရှိရာ ကိုသာ သွားရောက်ရှာတာလို ကျွန်ုပ်၏သားကလေးလည်း အသက်မရှင် သုံးမဝင်သော ခန္ဓာကိုယ်ကောင်ကြီးကို စွန့်ပစ်ခဲ့၍ နောင်တမလွန် ဘဝ သစ်သို့ မိဘတို့မျက်နှာကိုမှ မထောက်ညှာနိုင်တော့ဘဲ လိုက်ပါ သွားရောက် ခြင်း ဖြစ်ပါတယ်။

ထိုဘဝသစ်သို့ ပြောင်းသွားရှာပြီးသော သားချစ်ကလေး၏ ကိုယ်ကောင်ပုပ်ကြီးသည်လည်း မီးလောင်ကျွမ်းပြီးဖြစ်ပါ၍ ကျန်ရစ်ကြသော ဆွေမျိုးမိဘ ဘိုးဘွားတို့၏ ငိုကြွေးပင်ပန်း သောကမီး လောင်ကျွမ်း ပူပန်ခြင်းကိုလည်း ဘယ်လိုနည်းနှင့်မှ သိနိုင်ရှာတော့မည်မဟုတ်ပါ။ မိမိ၏ ကံစီမံအတိုင်း သွားရောက်ရမည့် ဘဝသစ်၌ ဆွေသစ်မျိုးသစ် မိတ်သစ်တွေ နှင့် ပျော်၍မဆုံး တပြုံးပြုံးသာ နေထိုင်ရမည်ဖြစ်ရကား ကျန်ရစ်ကြသော ကျွန်ုပ်တို့ကိုလည်း အမှတ်ရ အံရေးစိုက်နိုင်တော့မည် မဟုတ်ပါ။

ထိုကဲ့သို့ တရားနှင့်ယှဉ် ဆင်ခြင်စဉ်းစား ဉာဏ်ရှေ့ထား၍ သေရွာ လိုက်သွား သားကလေးအတွက် ရတက်မအေး ပူဆွေးသောကမရှိ

ပကတိအနေအထား၌ တည်နေနိုင်ကြပါသည်ဟူ၍ အလောင်းတော်မြတ်က ပြောဆိုလိုရင်း ဖြစ်ပေတယ်တဲ့။

သိကြားမင်းသည် အလောင်းတော်၏ ပြောစကားများကို မှတ်သားနာယူ ကြည်ဖြူသာဓု ခေါ်ပြီးလျှင် မိခင်ဖြစ်သူအား မေးမြန်းလေသည်မှာ "ချစ်သမီး... ဖခင်ဖြစ်သူမှာ ယောကျ်ားသားဖြစ်၍ မငိုဘဲနေမည်ဆို နေနိုင်ပါတယ်။ မိခင်တို့၏ စိတ်သည်ကား မိန်းမသားဖြစ်၍ စိတ်နူးညံ့ရကား ငိုထိုက်သည်ဖြစ်ပါလျက် ဘယ်အတွက်ကြောင့် မငိုဘဲနေနိုင်ရပါသနည်း" ဟု မေးမြန်းလေသောကြောင့် မိခင်ဖြစ်သူက ရဲရင့်သာယာ ပြန်ကြား၍ ပြောလိုက်သည်မှာ အောက်ပါဂါထာအတိုင်း ဖြစ်ပေတယ်။

**အဝှိတော တတော အာဒါ၊ နာနုညာတော ဣတော ဂတော။**
**ယထာဂတော တထာဂတော၊ တတ္ထ ကာ ပရိဒေဝနာ။**

**သာမိ၊** သိလိုရေးနှင့် စစ်မေးခင်မင် အို...အရှင်။ **သော ပုတ္တော၊** သေမင်းလက်တွင်း သက်ဆင်းရှာရ ထိုသားလှသည်။ **အနဝှိတော၊** မခေါ်ဝေါ် မတောင်းပန်အပ်ပါပဲလျက်။ **တတော၊** ထိုမိမိ၏ဖြစ်ရာ ဘုံဘဝအဟောင်းမှ။ **ဣဓ၊** ဤကျွန်တော်မတို့၏နေရာ အိမ်ဂေဟာသို့။ **အာဂါ၊** မိမိအလိုအလျောက် ပေါ်ပေါက် ဖြစ်ထွန်း၍လာခဲ့ပါပြီ။ **အနာနုညာတော၊** တစ်ဦးတစ်ယောက် ကမှ ခွင့်မလွှတ်ပါပဲလျက်။ **ဂတော၊** မိဘမျက်နှာ မသက်ညှာဘဲ သေရွာသို့သာ လိုက်ပါ၍သွားခဲ့ပါပြီ။ **သောပုတ္တော၊** ထိုချစ်၍မဝ သားလှလှသည်။ **ယထာဂတော၊** မိမိဘာသာဘာဝ ကံပစ်ချ၍ ခဏမကြာ မွေးဖွားဖြစ်ပေါ် လာပြီး၍။ **တထာဂတော၊** ဘယ်သူ့မျက်နှာ မထောက်ညှာဘဲ သေရွာဌာန သစ်ဘဝတစ်ဖန် လိုက်ပါသွားရောက်ရပြန်ပါပြီ။ **တတ္ထ၊** ထိုကဲ့သို့ ရှေးကံ အလျောက် ဖြစ်မြောက်လာ၍ ကံအလျောက်မငြင်း သေပျောက်၍ သွားရခြင်း၌။ **ပရိဒေဝနာ၊** တရားမဖက် စိတ်လက်မချမ်း ငိုကြွေးမြည်တမ်းခြင်းဖြင့်။ **ကာ၊** အကျိုး တစ်စုံတစ်ရာ ဖွေရှာရှုကြည့် ဘယ်မှာလျှင် ရှိနိုင်ပါတော့ အံ့နည်း။

ချစ်လှစွာသော သားသေကောင်ကို မီးသဂြိုဟ်ရာ ကူညီညာဖို့ ရောက်လာခင်မင် အို...အရှင်။ ကျွန်မ၏ သားကလေးသည် ဘယ်သူကမှ မခေါ်ဝေါ်ရဘဲ ဘဝဟောင်းမှ ပြောင်းရွှေ့သည့်ပမာ ဤအိမ်ဂေဟာသို့

လာရောက်ဖြစ်ပေါ် မွေးဖွားၡ၍လာခဲ့ပါသည်။ တစ်ဖန် ယခုဖြစ်ရဆဲ ဘဝ ကလည်း ဘယ်သူ့ကိုမှ မပန်ကြား ခွင့်မတောင်းဘဲ ခန္ဓာဟောင်းပယ်ရှား၍ ကံအားလျော်စွာ နောင်ဘဝအသစ်သို့ သေကျေပျက်ပြား ပြောင်းရွှေ့၍ သွားခဲ့ပါပြီ။ ထိုကဲ့သို့ မိမိကံစီမံသည့်အလျောက် အလိုလိုလာတတ်၍ အလိုလိုပင် ပြောင်းရွှေ့သွားရသူအတွက် ရတက်မအေး ငိုကြွေးမြည်တမ်း စိတ်လက်ပင်ပန်းခြင်းဖြင့် ဘယ်လိုအကျိုးကျေးဇူးများ ရှိနိုင်ပါမည်နည်း။ သို့အတွက် ကြောင့် လာလမ်းကို ပြန်သွားရှာသော သားကလေးအတွက် ရတက်ပူပြင်း ငိုကြွေးမြည်တမ်းခြင်း မပြုလုပ်ပါဟူ၍ ပြန်ပြောင်းပြောဆို လိုရင်းပေါ့နော်။

သိကြားမင်းသည်လည်း ရှေးနည်းအတိုင်း ကောင်းချီးနှမော် သာဓုများ ခေါ်ဆိုပြီးနောက် ကျန်သောသေသူ၏ နှမ၊ အစေခံ၊ ဇနီးမယားဖြစ်သူများ ကိုလည်း အသီးသီး ဆက်လက်၍ မေးမြန်းလေရာ အောက်ပါ ဂါထာ ကလေးများဖြင့် မိမိတို့၏ စိတ်ထားဆင်ခြင်ပုံကို အကုန်အစင် ဖြေဆို မြွက်ကြား ကြုံးဝါးကြလေတယ်တဲ့။

**သစေ ရောဒေ ကိသာ အဿံ၊ တဿာ မေ ကိံဖလံ သိယာ။**

**ဉာတိမိတ္တသုဟဇ္ဇာနံ၊ ဘိယျော နော အရတီ သိယာ။**

**သာမိ၊** အို...အရှင်။ **အဟံ၊** ကျွန်တော်မသည်။ **ဘာတု မတေနေ၊** ချစ်လှစွာသောအစ်ကိုကြီး၏ သနားစဖွယ် ရောင်ဖယ်မငြင်း သေရွာသို့ သွားရောက် လိုက်ပါရှာရခြင်းကြောင့်။ **သစေ ရောဒေ၊** တရားမယှဉ် ဆင်ခြင်ကင်းပ အကယ်၍ ငိုမြည်တမ်းခဲ့သည် ဖြစ်ပါအံ့။ **ကိသာ အဿံ၊** အစ်ကိုကြီး၏ အသက်မရှင် မိမိသာလျှင် ပင်ပန်းဖို့ရှိခဲ့ပါ၏။ **တဿာ မေ၊** စိတ်လက်မရွှင် ပူပင်ပြင်းပြ ကျွန်တော်မအား။ **ကိံဖလံသိယာ၊** ဘယ်သို့ ကောင်းကျိုး ပွားတိုးမှန်စွာ ရှိနိုင်ပါတော့အံ့နည်း။ **နော၊** ကျွန်တော်မတို့၏။ **ဉာတိမိတ္တသုဟဇ္ဇာနံ၊** ဆွေမျိုးမိတ်ဆွေ ချစ်ခင်လေငြား လူအများတို့၏။ **ဘိယျော အရတိ၊** အလွန်အမင်း ပူပြင်းဟာဒယ စိတ်ဆင်းရဲရခြင်းသည်။ **သိယာ၊** အမှန်မသွေ ဖြစ်ရချေသည်သာတည်း။

မောင်ကြီးသင်္ဂြိုဟ်ရာ ကူညီရာဖို့ ရောက်လာခင်မင် အို...အရှင်။ ကျွန်တော်မသည် မိမိမောင်အရင်း၏ ပျက်စီးသေဆုံးခြင်းကြောင့် ငိုမြည်

တမ်းသော် မောင်ကြီး၏ အသက်သည်ကား နောက်တစ်ဖန် ပြန်၍ရှင်ရခြင်း စသော အကျိုးထူး တစ်စုံတစ်ရာ ရှိတော့မည်မဟုတ်ပါ။ ထို့ပြင်မက ကျွန်တော်မတို့၏ ဆွေမျိုးမိတ်ဆွေ ချစ်ကျွမ်းဝင်ကြသော သူများ၏ စိတ်လက်မချမ်း ပင်ပန်းဆင်းရဲရခြင်း အပြစ်သာလျှင် ဖြစ်ဖို့ရှိပါတော့သည် စသည်ဖြင့် မိမိမငိုရခြင်း၏ အကြောင်းစုံကို မတုန်မလှုပ် အဟုတ်ရဲတင်း နိုင်ခဲ့သော အာဇာနည်စိတ်ထားဖြင့် ကြှုံးဝါး ပြောဆိုလိုက်ခြင်း ဖြစ်ပေ တယ်တဲ့နော်။ အားကျစရာကြီး ကောင်းလှပါပေတယ်။

**ယထာ စ ဥဒကကုမ္ဘော၊ ဘိန္နော အပ္ပဋိသန္ဓိယော။**
**ဧဝံ သမ္ဘဒ မေ ပေတာ၊ ယော ပေတာ မနုသောစတိ။**

**သာမိ၊** အို...အရှင်။ **ဘိန္နော၊** ခုနစ်စိတ် ခုနစ်ဖြာ ယူစရာမဖက် ကွဲပျက်လေပြီးသော။ **ဥဒကကုမ္ဘော၊** ရေထည့်ကြာရိုး မြေညက်စဥ့်အိုး ကြီးသည်။ **အပ္ပဋိသန္ဓိယောယထာပိ၊** ယူငင်ဆက်စပ် နောက်ထပ်တစ်ဖန် မဖြစ်ပြန်သကဲ့သို့။ **ဧဝံ၊** ပုံစံနှိုင်းယူ ဤအတူသာလျှင်။ **ယော၊** စိတ်လက်မရွှင် အကြင်တစ်စုံတစ်ယောက်သော သူသည်။ **ပေတံ၊** ဘဝတစ်ပါး ပြောင်းသွား ရာရ ပုဂ္ဂိုလ်ဟူသမျှကို။ **အနုသောစတိ၊** အဖန်ဖန်တွေး တရေးရေးနှင့် ပူဆွေးညှိုးမှိန် စိုးရိမ်၍နေပေ၏။ **တဿ၊** တရားမယှဉ် စိတ်မရွှင်ပျ ထိုပုဂ္ဂိုလ်ဟူသမျှ၏။ **ဇကံ သမ္ဘဒံ၊** စိတ်မှာအိုးကွဲ မစပ်နဲသို့ သေပွဲဝင်ရာ သတ္တဝါ၏ ငိုကာပူပြင်း အသက်တစ်ဖန် မရှင်နိုင်ခြင်းသည်။ **ဟောတိ၊** လောကထုံးစံ မလွန်ဆန်အား ထင်ရှားမသွေ ဖြစ်ရရှာချေသတည်း။

သေရွာလိုက်သွား အရှင်သားအတွက် စိတ်လက်ကြည်သာ ကူညီညာ ဖို့ ရောက်လာခင်မင် အို...အရှင်။ အရှင်သားကလေး သေဆုံးပျက်ပြားမှု အတွက် ရတက်ပူပြင်း ကျွန်မ မငိုကြွေးရခြင်း၏ အကြောင်းကို လောက ဥပမာဖြင့် တင်ပြရပါလျှင် ရေတွေပြည့်အောင်ထည့်၍ထားသော အိုးကြီးသည် အစိတ်စိတ်အမြွာမြွာ ကွဲသွားခဲ့ပါလျှင် နောက်ထပ်တစ်ဖန် ထိုအကွဲများကို ဘယ်ပုံဘယ်နည်းနှင့်မှ ဆက်စပ်၍မရနိုင် မကောင်းနိုင်တော့တာလို ဘဝ တစ်ပါး ပြောင်းသွားရှာပြီးသော ကျွန်တော်မ၏ မြတ်နိုးခင်မင် ထိုအရှင်သား သည် သေလေကြပြီးသော သူများအတွက် ကျန်ရစ်သူများက ရတက်ပူပြင်း

ဝိုကြွေးမြည်တမ်းခြင်း ပြုလုပ်ကြသော်လည်း ဘယ်ပုံဘယ်နည်းနှင့်မှ အသက် တစ်ဖန် ရှင်ကြပြန်ရိုး မရှိနိုင်ပါ။ သို့အတွက်ကြောင့် ကျွန်မတို့သည် သေရှာပြီးသော အရှင်သားအတွက် ရတက်ပူပြင်း ငိုကြွေးမြည်တမ်းခြင်းမရှိဘဲ တရားနှင့်သာ ရှုဆင်ခြင်၍ ဖြေဖျောက်ရပါတော့သည်ဟု ပြောဆိုရှာလေတယ် တဲ့နော်။ သူလည်းပဲ အတုယူစရာပေါ့။

**ယထာပိ ဒါရကော စန္ဒံ၊ ဂစ္ဆန္တံ အနုရောဒတိ။**
**ဧဝံ သမ္ပဒ မေဝေတံ၊ ယော ပေတ မနုသောစတိ။**
**ဥယှမာနော န ဇာနာတိ၊ ဉာတီနံ၊ ပရိဒေဝိတံ။**
**တသ္မ ဧတံ န သောစာမိ၊ ဂတော သော တဿ ယာ ဂတိ။**

**သာမိ၊** ခင်ပွန်းသည်အရေး အားပေးသည့်ပမာ ရောက်လာခုပင် အို...အရှင်။ ဒါရကော၊ ရနိုင် မရနိုင် ကိုယ်ပိုင်ဉာဏ်ကင်းဝေး သူငယ် ကလေးသည်။ **ဂစ္ဆန္တံ၊** ကောင်းကင်ထက်ဝယ် လှည့်လည်သွားလာ၍ နေသော။ **စန္ဒံ၊** ဆန်းတစ်ဆယ့်ငါးပုဏ္ဏမီ စုံအညီပထွန်း လပြည့်ဝန်းကို။ **အနုရောဒတိ ယထာပိ၊** စိတ်လက်မရှှင် မိရင်ခွင်၌ ယူငင်ဖို့အရေး ငိုကြွေး မြည်တမ်း၍ နေသကဲ့သို့။ **ဧဝံ၊** ဤနည်းမခြား အလားတူသာလျှင်။ **ယော၊** အမှတ်မထင် အကြင်တစ်စုံတစ် ယောက်သောသူသည်။ **ပေတံ၊** သေမင်း ခံတွင်း သက်ဆင်း ကျရောက်ပြီးသောသူကို။ **အနုသောစတိ၊** တရားမယှဉ် စိတ်မရှင်ဘဲ ပူပင်ဆွေးမြေ့ ငိုကြွေး၍နေပေ၏။ **တဿ ပုဂ္ဂလဿ၊** ကိုယ်စိတ်မချမ်း လောင်ကျွမ်း ပူပင်၍နေသော ထိုသူ၏။ **ဧတံသမ္ပဒံဝ၊** လကိုစွဲမက် ငိုလျက်တောင်းရှာ သူငယ်ပမာသို့ သေသူရည်မှန်း ငိုမြည်တမ်း၍ ဘေးဘျမ်းပျောက်ကင်း တစ်ဖန် သက်ရှင်ခြင်းသည် မရှိသည်။ **ဟောတိ၊** မုချမှန်စွာ ဖြစ်ပါပေသတည်း။

**ဥယှမာနာ၊** မီးလောင်ကျွမ်းပြီးသော။ **သာမိကော၊** ခင်ပွန်းသည်သည်။ **ဉာတီနံ၊** ကျန်ရစ်ကြတောင်း ဆွေမျိုးအပေါင်းတို့၏။ **ပရိဒေဝိတံ၊** စိုးရိမ်ပူပြင်း ငိုကြွေးခြင်းကို။ **န ဇာနာတိ၊** မုချပိုင်ပိုင် မသိနိုင်ရှာတော့ချေ။ **တဿ၊** ဘဝတစ်ပါး ပြောင်းသွားစင်စစ် ထိုခင်ပွန်းချစ်၏။ **ယာဂတိ၊** အကြင် လားရောက်ဖြစ်ရ ဘုံဘဝသည်။ **အတ္ထိ၊** ထင်ရှားမသေ့ ရှိပါချေ၏။ **တံ**

**ဂတိ၊** ထိုသို့ တစ်ဖန်ဖြစ်ရ သစ်ဘဝသို့။ **သော သာမိကော၊** ချစ်၍မဝ ကျွန်မထိပ်တင် ထိုအရှင်သခင် လင်ယောကျ်ားသည်။ **ဂတော၊** ချစ်ဇနီးမျက်နှာ မထောက်ညှာဘဲ သေရွာမုချ သွားရောက်ရရှာချေပြီ။ **တသ္မာ၊** ထိုကဲ့သို့ ဘာတစ်ခုမျှ သိနိုင်ခြင်းမရှိ မိမိဘာသာ သေမင်းရွာသို့ လိုက်ပါသွားရရှာလေ သောကြောင့်။ **တံ သာမိကံ၊** မျက်ပြူးနှုရာရ ကျွန်မမျက်ဖျော် ထိုမောင်တော်ကို။ **န သောစာမိ၊** ဘာဝနာအစဉ် တရားယှဉ်၍ ပူပင်ညှိုးမှိန် မစိုးရိမ် မငိုကြွေး ရတော့သည်သာတည်း။

ခင်ပွန်းသည်အရေး အားပေးဝိုင်းကာ ကူညီညာဖို့ ရောက်လာခုပင် အို...အရှင် မသိမလိမ္မာ နနယ်ရှာသော ကလေးသူငယ်သည် မိုးကောင်းကင် အပြင်မှာ ကြည်လင်ထွန်းပနေတဲ့ လပြည့်ဝန်းကြီးကို လိုချင်ဇောနှင့် အမောသား တောင်းနေသော်လည်း ဘယ်ပုံဘယ်နည်းနှင့်မှ မရနိုင်တာလို သေသူအတွက် ရတက်မအေး ပူဆွေးသောက ငိုမြည်တမ်းတ ကြသော သူများမှာလည်း ငိုမြည်တမ်းသည့်အတွက်ကြောင့် သေလေပြီးသောသူ၏ အသက်တစ်ဖန် ရှင်နိုင်ပြန်ရိုး ထုံးတမ်းမရှိ မိမိသေမြဲတိုင်းသာ သေရရှာ လေတယ်။

ချစ်ဇနီးအား မထောက်ထားဘဲ သေရွာသို့ လိုက်ပါသွားလေပြီးသော ခင်ပွန်းသည်၏ အလောင်းကောင်သည် မီးလောင်ကျွမ်းပြီးဖြစ်၍ ကျန်ရစ်သူ ဆွေမျိုးတို့က မရွှင်ပူဆွေး ငိုကြွေးကြပါသော်လည်း ဘာတစ်ခုမျှ မသိနိုင်ရှာ တော့ပါ။ မိမိ၏ကံ ပြုစီမံတိုင်း သွားရောက်ရမည့် ဘဝသစ်၌ ဆွေသစ် မျိုးသစ်တွေနှင့် ပျော်၍ဆုံး တပြုံးပြုံးသာ နေထိုင်မည်ဖြစ်ရကား ကျန်ရစ်ကြ သော ကျွန်တော်မတို့ကိုလည်း အမှတ်ရ အရေးစိုက်နိုင်တော့မည်မဟုတ်ပါ။

ထိုကဲ့သို့ တရားနှင့်ယှဉ် ဆင်ခြင်စဉ်းစား ဉာဏ်ရှေ့ထား၍ သေရွာ လိုက်ရှာ ခင်ပွန်းသည်ခမျာအတွက် ရတက်မအေး ပူဆွေးသောကမရှိ ပကတိအနေအထား၌ တည်နေနိုင်ကြပါသည်ဟူ၍ ဇနီးသည် မိန်းမပြတ် ကလေးက ပြောဆိုလိုရင်း ဖြစ်ပေတယ်တဲ့။

နတ်နှစ်ပြည်စိုး တန်ခိုးကြီးမား မိုးသိကြားသည်လည်း ထိုသားမိသားဖ အိမ်သားတစ်စုတို့၏ အသီးသီး ကြုံးဝါး ပြောဟောသံကို ကြားရတာနှင့် ဝမ်းမြောက်ရွှင်မြူး အထူးပိုမို ကြည်ညိုအားရလှသည်ဖြစ်၍ အသင်တို့သည်

မမေ့မလျော့ မပေါ့မဆ မရဏာဿတိ ကမ္မဋ္ဌာန်းများကို အားထုတ်ကြိုးစားကြပါပေတယ်။ သို့အတွက်ကြောင့် "သူတော်ကောင်း နတ်ကောင်းမ" ဆိုတဲ့ ရှေးဟောင်းစဉ်လာ သူတော်စွာတို့ ကျင့်ထုံးအတိုင်း ငါသိကြားမင်း ဆုချတော်မူပေတယ်။ အသင်တို့သည် ယနေ့ကစ၍ အက်ရှင်သမျှ ကာလပတ်လုံး ကိုယ်တိုင်ကိုယ်ကျ ပင်ပန်းကြီးစွာ အလုပ်ကိစ္စများကို မပြုလုပ်ကြလေနှင့်တော့။ ငါသည်ကား နတ်ပြည်ပိုင်နင်း သိကြားမင်းဖြစ်သည့်အားလျော်စွာ အသင်တို့၏ အကျင့်မြတ် တန်ခိုးဂုဏ်အင်ကို ခံမင်ကာကြည်ညိုလှသည့်အတွက် စောင့်ရှောက်ချီးမြှင့်ရန် လာခဲ့ခြင်းဖြစ်ပေတယ်။

အသင်တို့ သည်ကပြန်သွားကြလျှင် သင်တို့၏နေရာအိမ်မှာ ရတနာခုနစ်ပါးတို့ကို ရေတွက်ပိုင်းခြားခြင်းမရှိ ပြည့်လျှံနေသည်ကို တွေ့ကြရပါလိမ့်မည်။ အားလုံးသော သင်တို့သည် မမေ့မလျော့ မပေါ့မဆ သတိ ပညာလက်ကိုင်ထားကြ၍ အလှူပေးမှုဒါန၊ သီလသီတင်းဆောက်တည်မှုစောင့်ထိန်း ခြင်းနှင့် သမထ,ဝိပဿနာ နှစ်ဖြာသော ဘာဝနာတရားတို့ကိုလည်း အားထုတ် ကြိုးစားကြပေတော့ဟု ပြောဆိုမှာကြားတိုက်တွန်းကာ ရွှေမိုး၊ ငွေမိုး၊ ရတနာခုနစ်ပါးမိုးများကို ရွာသွန်းစေလျက် တစ်အိမ်လုံးပြည့်လျှံစေပြီးလျှင် မိမိ၏ တာဝတိံသာ နတ်ရွာနန်းသို့ စံမြန်းကြွသွားတော်မူလေတယ်တဲ့။

ထိုအလောင်းတော်အိမ်သား အားလုံးတို့သည်လည်း မိမိတို့အိမ်ကို ပြန်ကြ၍ သိကြားနတ်မင်း ပေးကမ်းချီးမြှင့်အပ်သော ရတနာခုနစ်ပါးတို့ကို မိမိကိုယ်တိုင်လည်း သုံးစား၊ သူတစ်ပါးတို့ကိုလည်း ပေးကမ်းချီးမြှင့်ကြလျက် တစ်သက်တာပတ်လုံး ဒါန, သီလ, ဘာဝနာ ကမ္မဋ္ဌာန်းတရားများကို မမေ့မလျော့ ပပေါ့မဆ ကျင့်ကြံပွားများကာ သေသည်၏အဆုံး၌ ရွှင်ပြုံးကြည်သာ ထက်နတ်ရွာ သုဂတိနန်းသို့ စံမြန်းမွေ့လျော် နေထိုင်ဆိုက်ရောက်တော်မူကြလေတယ်တဲ့။

ကဲ...ဘယ်ကလောက်များ အားကျစရာ ကောင်းသလဲဆိုတာ နဖူးလက်တင် ဆင်ခြင်စဉ်းစားကြ၍ မရဏာဿတိ ကမ္မဋ္ဌာန်း၏ စွမ်းအင်သတ္တိကို ထင်မြင်မှန်းဆကြလျက် အလောင်းတော်မြတ်နှင့် အိမ်သူအိမ်သား အပေါင်းတို့၏ ကျင့်ကြံ ပြုလုပ်ကြရိုး ထုံးစံကိုလည်း စိတ်နှလုံးရွှင်ပျ

အားကျကြပြီး တစ်စုံတစ်ခုသောလောကခံမှု နှိပ်စက်သည့်အတွက် မိမိတို့၏ ဆွေမျိုးသားချင်း မိတ်ဆွေတစ်သင်းတို့တွင် တစ်စုံတစ်ယောက် ချစ်မြတ်နိုးအပ်သော သူများနှင့် "လူတစ်ခု အမှုတစ်ရာ" ဆိုတဲ့အတိုင်း လွန်ဆန်နိုင်ခြင်းမရှိ တွေ့ကြုံခြင်းနှင့် ရင်ဆိုင်ကြရတဲ့အခါမှာ တရားလက်လွတ် ငုက်တောင်ကျွတ်ပမာ ပူဆာငိုကြွေးခြင်း မရှိကြရလေအောင် သို့မဟုတ် နည်းနိုင်သမျှ နည်းကြလေအောင် ယခု ပြောခဲ့ပြီးသော ဇာတ်တော် ဒေသနာအစဉ်ကို သက်ဝင်လေးစား အားထား ကြည်ညိုကြသောအားဖြင့် ဗုဒ္ဓဘာသာ သူတော်စင်ဖြစ်ကြသည့် အားလျော်စွာ လောကခံတရားတို့၏ နှိပ်စက်မှုများကို တရားလက်နက် ကိုယ်စီကိုင်ကြ၍ မြိုင်မြိုင်ကြီး တွန်းလှန်ဖြိုဖျက် စိတ်လက် ရွှင်လန်း အေးချမ်းသာယာ သူတော်စင်တို့၏ အလေ့အလာဖြစ်သော ဒါနမှု, သီလမှု, သမထဝိပဿနာ ဘာဝနာပွားများမှုများကို အခါအခွင့် အားလျော်စွာ မလွတ်စတမ်း ကြိုးပမ်းအားထုတ်နိုင်ကြသည်ဖြစ်၍ အန္တက သမင်းယုတ်၏ စိုးအုပ်ပိုင်ဆိုင် သုံးဆယ့်တစ်ဘုံတည်းဟူသော နယ်ခရိုင် အတွင်းမှ လွတ်ကင်း ထွက်မြောက်နိုင်ကြ၍ အမတမည်မှန် မအို, မနာ, မသေရာ ဖြစ်သော နိဗ္ဗာန်နန်းသို့ ရွှင်လန်းအေးမြ ဆိုက်ရောက်ခံစံနိုင်ကြ ပါစေသတည်း။

# သေမင်းမလာခင် ကြိုတင်ပြင် တရားတော်

ယနေ့ ဤဌာနသို့ စည်းဝေးညီညာ ရောက်ရှိလာကြကုန်သော ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့ သေမင်းဆိုတာကတော့ ဘုရား ရဟန္တာတို့တောင် မလွတ်ပါဘူး။ ဒါကြောင့် သေမင်းမလာခင် ဘယ်လိုကြိုတင်ပြီးတော့ ပြင်ကြမလဲဆိုတော့...

**မဟာ သမာ နဝါ ဝုမ္မာ၊ တဒါဝုဓေဟိ တေ မတာ။**

**တထာဟမ္ပိ မရိဿာမိ၊ လေဏာံ ပုညံဝ မေ ကတံ။**

**မဟာ:** ငါနှင့်။ **သမာ၊** အသက်အရွယ် မျိုးနွယ်စစ တူမျှကြကုန်သော။ **ယေ နရာ စ၊** မိန်းမ, ယောက်ျား အကြင်လူအများတို့သည်လည်းကောင်း။ **မဟာ၊** ငါ့အောက်။ **နဝါ၊** အသက်အရွယ် **မျိုးနွယ်စစ** သေးငယ်ကြကုန်သော။ **ယေ နရာ စ၊** မိန်းမ, ယောက်ျား အကြင်လူအများတို့သည်လည်းကောင်း။ **မဟာ၊** ငါ့ထက်။ **ပုမ္မာ၊** အသက်အရွယ် မျိုးနွယ်စစ ကြီးမြင့်ကြကုန်သော။ **ယေ နရာ စ၊** မိန်းမ, ယောက်ျား အကြင်လူအများတို့သည်လည်းကောင်း။ **သန္တိ၊** လောကဓာတ်အတွင်းမှာ ထင်လင်းသေချာ ရှိ၍နေကြလေကုန်၏။ **တေ နရာ၊** ထိုအကြီးအငယ် အရွယ်အလတ် မျိုးဇာတ်သိမ်းချုံး အားလုံးသော လူအပေါင်းတို့သည်။ **တဒါဝုဓေဟိ၊** ထိုအာဏာထန်ပြင်း ရှင်သေမင်း၏ ခုတ်ညှဉ်း ပယ်ဖျက် လက်နက်အဖုံဖုံ အလုံးစုံတို့ကြောင့်။ **မတာ၊** ဘဝ ဇာတ်ဆုံး မရှင်ပြုံးဘဲ ယူကျုံးမရ သေရှာကြလေကုန်ပြီ။ **တထာ၊** သေကြေ သူများ ပုံမခြားဘဲ သနားမကူ အလားတူသာလျှင်။ **အဟမ္ပိ၊** ခန္ဓာအစု

ငါဟုသမုတ် အကျွန်ုပ်သည်လည်း။ **မရှိသောပီ၊** မြေကြီးလက်ခတ် တပ်အပ် မလွဲ ပုံတနဲ့သို့ မလွဲပုံသေ သေကျေပျက်စီးရချေလတ္တံ့။ **မေ၊** ငါသည်။ **ကတ၊** မသေခင်က ကြိုတင်လိုက်စား ပြုထားတပ်အပ် ကောင်းမှုကုသိုလ်မြတ် သည်သာလျှင်။ **လေဏ၊** ဘဝအမျိုးမျိုး ချမ်းသာတိုးပွား အားကိုးစဉ်ဆက် မပျက်ပုံသေ ဖြစ်ပါစေသတည်း။

ယခုရွတ်ဆိုလိုက်သော ဂါထာကလေး၏ ဆိုလိုရင်းအဓိပ္ပာယ်မှာ ငါနှင့် အသက်အရွယ် မျိုးနွယ်စစ တူညီကြသောသူများကား အာဏာတန်ခိုး ကဲမိုးသတ်ပုတ် သေမင်းယုတ်၏ ထိုးခုတ်ညှဥ်းဖျက် လက်နက်အဖုံဖုံ အလုံးစုံတို့ကြောင့်။ ကံကုန်ပျက်ပြုန်း သေဆုံးကြရရှာလေကုန်ပြီ။ ငါလည်းပဲ တစ်နေ့နေ့မှာ လွှဲရှောင်မရ သေကျေ ပျက်စီးရချေမည်ဟု အခါအခွင့် အားလျော်စွာ သံဝေဂဉာဏ်အမြင်ဖြင့် ဆင်ခြင်ကြရမယ်။ ထိုနည်းအတူ ကိုယ့်ထက်ကြီးသူ ငယ်သူများ၏ သေကျေပျက်စီးမှုများနှင့် တွေ့ကြုံရတဲ့ အခါမှာလည်း ဩော်... ယခု သေကြေသူများနည်းတူ ငါသည်လည်း မလွဲရှောင်သာ သေကျေပျက်စီးရဦးမှာပါကလား။ တကယ်တမ်း သေပွဲသို့ ဝင်ရောက်ရတဲ့အခါမှာ ဘယ်ဆွေမျိုး ဘယ်သားချင်း ဘယ်ရာထူး ဘယ်ပစ္စည်း စသည်ကိုမျှ အားမကိုးရချေ။ မိမိမသေခင် ရှမြော်မြင်၍ တွင်တွင်ကြိုးစား ပြုလုပ်စုဆောင်း ထားခဲ့တဲ့ ဒါနမှု၊ သီလမှု၊ ဘာဝနာမှုဆိုတဲ့ ကောင်းမှု ကုသိုလ်ကံ အတန်တန်သည်သာလျှင် တကယ်တမ်း အားကိုးအားထားရာ ရှိပါကလားဟူ၍ အသက်မသေခင် အရွယ်ကာလ ကောင်းစဉ်ကပင်လျှင် နောင်ရေးအတွက် မျှော်တွေးချက်ဖြင့် အားကိုးအားထားရာ ကေန်ဖြစ်သော အလှူပေးမှုဒါန၊ ဆောက်တည် စောင့်သုံးမှုသီလ၊ ပွားများအစဉ် ရှုဆင်ခြင်မှု ဘာဝနာတရားများကို ကြိုးစားမယုတ် အားထုတ်စုဆောင်းနိုင်ကြရမယ်လို့ ဆိုလိုတာပေါ့နော်။

**"ငါနှင့်ရွယ်တူ၊ ငယ်ကြသူနှင့်၊ ကြီးသူစားစား။ လူအများကား။ သနားမှုကင်း။ ရှင်သေမင်း၏၊ ထန်ပြင်း လက်နက်၊ ပြစ်ဒဏ်ချက်ကြောင့်၊ အသက်စွန့်ခွာ၊ သေရရှာသို့၊ ပမာတို့လည်း။ သေရမြဲပင်၊ မသေခင်က၊ ကြိုတင်စုဆောင်း။ ကုသိုလ်ပေါင်းသာ၊ အားကိုးရာသည်၊ ဒါမှအေးကြောင်း အစစ်မလွဲတည်း။"**

ယခုရွတ်ဆိုပြီးသော လင်္ကာကလေးကို နှုတ်တက်ရအောင် ကျက်မှတ်ထားကြ၍ အရေးအခွင့် ကြုံကြိုက်တဲ့အခါမှာ အရာရာ သံဝေထား၍ မိမိတို့၏သန္တာန်မှာ အားကိုး အားထားရာဖြစ်တဲ့ ဒါန, သီလ, ဘာဝနာ ကမ္မဋ္ဌာန်းများကို တိုးပွားများပြားလေအောင် ပေးလှူစောင့်သုံး ရှင်ပြုံးကြည်နူး အထူးပင် စုဆောင်းအားထုတ် အပဟုတ်မမှား ကြိုးစားနိုင်ကြဖို့ပေါ့နော်။

**(ဂါထာကိုပြန်ရွတ် အနက်ပေး။)**

အဲ... ယခုရွတ်ဆိုဟောကြားပြီးသော ဂါထာဒေသနာတော်လာ အတိုင်းပဲ အကြီး အငယ် အရွယ်အလတ်စား ပုဂ္ဂိုလ်များ၏ ပျက်စီးသေဆုံးမှု လောကဓံတရားနှင့် ရင်ဆိုင်တွေ့ရတဲ့အခါမှာ တရားလက်လွှတ် ပူဆွေး ငိုကြွေးသောက မဖြစ်ရလေအောင် သို့မဟုတ် နည်းနိုင်သမျှ နည်းကြလေ အောင် ထိန်းလန့်ခြင်း၊ ကြောက်ရွံ့ခြင်းဟူသော သံဝေဂဉာဏ်ကို မှန်မှန်ကြီး ယူနိုင်ကြ၍ မိမိတို့၏ အားကိုးအားထားရာ အစစ်ဖြစ်တဲ့ ဒါန, သီလ, ဘာဝနာတရားများကို ကြိုးစား အားထုတ်နိုင်ကြပါစေသတည်း။

**(ဝတ္ထုဆက်၍ ဟောလိုသေးလျှင်လည်း အောက်ပါစကားကို ခံ၍ လိုရာဝတ္ထုကို ဆက်လက်၍ ဟောပါ။)**

အဲ... ဤကဲ့သို့ ဒေသနာတော်လာအတိုင်း လိုက်နာ ကျင့်ကြံပွားများ အားထုတ်ကြ၍ ယခုဘဝမှာပင် သောကကင်းရှင်း ချမ်းသာခြင်းရရှိကြလျက် နောင်သံသရာတစ်လျှောက်မှာလည်း ချမ်းသာသုဂတိ ရောက်ရှိ ခံစားသွား ကြသော သူတော်စင် အပေါင်းတို့ကား ရေတွက်မရ များပြားလှပေပြီ။ ထိုသူတော်စင်အများထဲမှ ထင်ရှားသော ဝတ္ထုသတ်သေကို ထုတ်ပြရပါလျှင် လိုရာကိုဆက်ပါ။

# သားသေရှုပ္ပား နိဗ္ဗာန်သွား တရားတော်

ယနေ့ ကွယ်လွန်သွားသူအား အကြောင်းပြုပြီး လှူဒါန်းကြကုန်သော အလှူရှင် အလှူအမအပေါင်း သူတော်ကောင်းတို့ သာဝတ္ထိပြည်မှာနေတဲ့ သူဌေးကြီးတစ်ဦးကို ဥပမာပြုပြီး ဟောရမယ့်အကြောင်းက သားသေကို ဘယ်လိုရှုပွားခဲ့လို့ နိဗ္ဗာန်ကို ရောက်သွားသလဲဆိုတော့...

**"သဗ္ဗေ မစ္စု ပရာယနာ"** ဆိုတဲ့ ဒေသနာတော်အတိုင်း ဤကမ္ဘာလောကဓာတ်အတွင်းမှာ နေထိုင်ကြ ဖြစ်ကြရသော သတ္တဝါအားလုံးတို့သည် အာဏာထန်ပြင်း ရှင်သေမင်း၏ အထံသို့သာ **ဘဝ၏ အဆုံးသတ်အနေ**အားဖြင့် သွားရောက် လိုက်ပါရမြဲဖြစ်ပေရာ ဆွေညာမကောင်း သွေးသားရင်းတို့၏ကံ့ မကောင်း အကြောင်းမလှ၍ သေပျောက်ရခြင်းဆိုတဲ့ လောကဓံလေ့ ကြုံတွေ့ကြရသောအခါမှာ ဟရားလက်လွတ် ငုက်တောင်ကျွတ်ပုံအသွင် ပူပင်သောက အလွန်မပြင်းပြကြစေဘဲ တစ်နည်းတစ်လမ်းအားဖြင့် သက်သာရာရကြဖို့ရန် သတိဉာဏ်မြင် ဆင်ခြင်စဉ်းစားတတ်ကြဖို့ အရေးကြီးလှပေတယ်။

ထိုကဲ့သို့ သတိသံဝေဂရကြ၍ ချမ်းသာရာရကြသော ဝတ္ထုသက်သေသာဓကတစ်ခုကို ထုတ်ပြရပါလျှင် ရှေးလက်ထက်တော်အခါက ပါရမီရှင်သူတော်စင်များပင်သော်မှ သတိလွတ်ကင်း ဆင်ခြင်စဉ်းစားခြင်းမရှိခိုက်၌ ဆင်းရဲဒုက္ခ ရောက်ကြရသော်လည်း သတိသံဝေဂ ရကြသည်နှင့် တစ်ပြိုင်နက်ချမ်းသာသုခ ရတော်မူကြပုံဝတ္ထုမှာ...

ငါတို့ဘုရားရှင် လက်ထက်တော်အခါက သာဝတ္ထိပြည်မှာနေတဲ့ သူဌေးကြီးတစ်ဦးမှာ ရေးအကုသိုလ်ကံ ဖိစီးမှုကြောင့် ကုဋေရှစ်ဆယ်လောက်သော ဥစ္စာ, ရွှေ, ငွေ အထွေထွေသော ပစ္စည်းတွေအားလုံး မီးသွေးတုံး မီးသွေးခဲတွေချည်း ဖြစ်သွားတာနှင့် စိတ်မရွှင်ပျ ပူပင်သောက ရောက်ရပြီး ကြံရာမရ ဖြစ်၍နေစဉ် လိမ္မာကျွမ်းကျင်သော မိတ်ဆွေတစ်ဦး၏ တိုက်တွန်းအကြံပေးချက်အရ မီးသွေးတုံးတွေကို ဈေးခင်း၍ ဒီရွှေ ငွေအားလုံးကို ပိုင်ဆိုင်ထိုက်သောသူများကို တွေ့ရှိပါက ယောက်ျားဖြစ်ခဲ့ပါလျှင် မိမိသမီးနှင့် ပေးစား၍ မိန်းကလေးဖြစ်ခဲ့ပါလျှင်လည်း မိမိ၏သားများနှင့် ထိမ်းမြားလက်ထပ်ကာ ခေါ်ယူနေရာချထားရမှာပဲ ဆိုတဲ့ ရည်ရွယ်ချက်ဖြင့် ဈေးရောင်းသည့်ပမာ အနီးအနားမှ စောင့်စားမျှော်လင့်၍ နေရှာလေတယ်တဲ့။

အများလူတို့၏ အမြင်မှာ မီးသွေးပင်ထင်မှတ်ကြ၍ ဘာမှ အရေးတစိုက် မကြည့်ရှု မမေးမြန်းကြဘဲ လိုရာပစ္စည်းများ ကိုသာ ဝယ်ခြမ်း၍ သွားကြလေတယ်။ ဂေါတမီခေါ်တဲ့ ပါရမီရှင် အမျိုးသမီးကလေးတစ်ယောက်ကလည်း အများနည်းတူ ဈေးဝယ်ခြမ်းရန် သွားတဲ့အခါမှာ သူဌေးကြီး၏ ဈေးဆိုင်ရှေ့သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ရွှေတွေ ဈေးခင်းပြီးရောင်းနေတာကို တွေ့မြင်ရသည်နှင့် အလွန်ပင် အံ့သြခြင်းဖြစ်ကာ အနားသို့ သွားရောက်၍ ဝမ်းမြောက်သောအနေဖြင့် မေးမြန်း စုံစမ်းလိုသောဆန္ဒဖြင့် "အို...ဘကြီးရှင်၊ တခြားသူများမှာ ရေတ်, ကြက်သွန်,ပုစွန်, ငါးခြောက် စားသောက်ဖွယ် ပစ္စည်းများနှင့် ပုဆိုး လုံချည် အင်္ကျီ ပဝါ တန်ဆာအမျိုးမျိုး တို့ကိုသာ ဆိုင်ခင်း၍ ရောင်းကြမြဲ ဖြစ်ပါတယ်၊ ဘကြီးမှာ အဘယ်သို့သော အကြောင်းကြောင့် ရွှေစင် ရွှေတုံး ငွေတုံးများကို ဆိုင်ခင်း၍ ရောင်းချခြင်း ပြုပါသလဲ" ဟု မေးမြန်းလိုက်လျှင်ပင် ပစ္စည်းရှင် သူဌေးကြီးက အလွန်တရာ ဝမ်းမြောက် ဝမ်းသာဖြစ်ကာ အကြောင်းစုံကို ပြောပြစုံစမ်း ပြန်လည်၍ မေးမြန်းပြီးလျှင် ပိုင်ရှင်မရှိ ပကတိလွတ်ကင်းသူကလေးမှန်း သိရတာနှင့် အိမ်ကိုခေါ်ကာ မိမိ၏သားနှင့် ထိမ်းမြားလက်ထပ် ပေးစားလိုက်လေတယ်တဲ့။

ဂေါတမီ သတို့သမီးကလေးလည်း တစ်ခဏချင်းပင် ကုဋေရှစ်ဆယ် ကြွယ်ဝသော သူဌေးကတော်ကလေး ဖြစ်သွားကာ ခင်မင်မြတ်နိုးစွာ သူဌေးသားကလေးနှင့် ပျော်ပါး၍နေခဲ့ရာ ကာလ အတန်ကြာတဲ့အခါ

ကိုယ်လေးလက်ဝန်ရှိ၍ လရက်စေ့တဲ့အခါမှာ သားဦးရတနာကလေး တစ်ယောက် ဖွားမြောက်သန့်စင် ချစ်ခင်ယုယ၍မဆုံး တပြုံးပြုံးတရွှင်ရွှင်နှင့် နေထိုင်ခိုက်မှာ ရှေးကုသိုလ်ကံ အခြေမလှတာနှင့် သားရတနာ ကလေး သေဆုံး ယူကျုံးမရ ပူပင်သောကမီးနှင့် တညီးညီး လောင်မြိုက်ခြင်းကို တွေ့ရှိခံစားရရှာလေတယ်တဲ့။ သားသမီး သောကနှင့် မတွေ့ဖူးသူကလေး ဖြစ်လေတော့ ခြေမကိုင်မိ လက်မကိုင်မိနှင့် သနားစဖွယ် ငိုမြည်တမ်းလျက် သားကလေး ကို မမြှုပ်နှံ မစွန့်ရက်ရှာဘဲ ရင်ခွင်မှာပိုက်ထွေး သားကလေး ပြန်၍ အသက်ရှင်ဖို့အရေးကို လူတွေ့တိုင်းမေးမြန်း မရွှင်လန်း မကြည်သာနှင့် ကယ်ကြပါ ကူညီကြပါ ကျွန်မရဲ့သားကလေး အရေးမလှ သေဆုံးပါ၍ ပြန်ပြီးအသက်ရှင်တဲ့ ဆေးကလေးများကို ချီးမြှောက်မစတော်မူကြပါဟူ၍ အော်ဟစ်မြည်တမ်း တမ်းတကာ လျှောက်သွားလျက် အရူးမကလေးအစစ် တစ်ခဏချင်း ဖြစ်၍သွားရရှာလေတယ်တဲ့။

ငယ်ရွယ်နုနယ်သူကလေး ဖြစ်သည့်အတိုင်း အပူမီး မတွေ့ဖူးဘဲ အထူးတလည် တွေ့ကြုံရလေတော့ ပူလည်းပူရှာပေမှာပဲပေါ့နော်။ မြင်ကြ ရသူများကလည်း မိန်းကလေးကို သနားကြသော်လည်း ဘယ်သူ တစ်ဦး တစ်ယောက်မှ ကယ်ဆယ် ကုစားနိုင်သူ မရှိနိုင်ကြဘဲ သနားကြင်နာ မျက်နှာမလှ ရှောင်ဖယ်၍သာ သွားရောက်ကြလေတယ်တဲ့။

ဤကဲ့သို့ ယူပါကယ်ပါ တစာစာနှင့် ပူဗျာပါမီး တောက်လောင် နေရှာသည်ကို ပညာမြော်မြင်ရှိတဲ့ ယောကျ်ားကြီး တစ်ယောက်က "ချစ်သမီး...ဘကြီးတို့တော့ သင့်သားကလေး ရှင်နိုင်တဲ့ဆေးကို မပေးနိုင် မကုစားနိုင်ကြပါ။ ဟို... သုံးလူ့သခင် ဂေါတမဘုရားရှင်အထံ သွားရောက်၍ မေးမြန်းပါက သင်၏သားကလေး အသက်ပြန်ရှင်နိုင်တဲ့ဆေးကို ပြောပြ တော်မူပါလိမ့်မည်၊ ဘုရားရှင်အထံသာ အမြန်သွားရောက် မေးမြန်းပေ တော့"ဟူ၍ လမ်းညွှန်ကာ အကြံဉာဏ်များ ပေးလိုက်လေတယ်တဲ့။

ဂေါတမီကလေးလည်း ဘုရားရှင်ထံ အမြန်ပြေး၍ မိမိသားကလေး၏ အသက်တစ်ဖန် ပြန်၍ရှင်ရေးကို ငိုကြွေးကာ တစာစာနှင့် မေးမြန်း လျှောက်ထားရှာလေတယ်တဲ့။ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကလည်း

မိန်းကလေးကို သနား တော်မူလှတာနှင့် "ကဲ... ချစ်သမီး၊ လူတစ်ယောက်မှ မသေဖူးသော အိမ်မှ မုန်ညင်းစေ့ လက်တစ်ဆုပ်လောက်ကို ရအောင် ရှာကြံခဲ့လျှင်ဖြင့် သင့်သားကလေး၏အသက် တစ်ဖန် ပြန်၍ရှင်မည့်ဆေးကို ငါဖော်စပ်၍ပေးမည်၊ မုန်ညင်းစေ့ကိုသာ ရအောင်ရှာခဲ့ပေတော့" ဟု ပရိယာယ် အားဖြင့် မိန့်ကြားတော် မူလိုက်လေတယ်တဲ့။

ကိသာဂေါတမီကလေးလည်း ရှင်တော်ဘုရား၏ မိန့်ကြားတော် မူချက်ကို ကြားရသည်နှင့် တစ်ပြိုင်နက် သားကလေး၏ အသက်တစ်ဖန် ပြန်၍ရှင်ရေးကို တွေးဆကြံရွယ်ကာ ထံတော်ရင်းမှ ခွာလျက် အိမ်စဉ်တက်၍ လူမသေဖူးသေးသောအိမ်ကို တွေ့လိမ့်မည်အရေးနှင့် မေးမြန်းလေရာ ပထမဆုံးအိမ်မှာပဲ မေးမြန်းလိုက်လေလျှင် မိမိတို့အိမ်မှာ သားသေဖူးကြောင်း ပြောလိုက်တာကို ကြားရသည်နှင့် တစ်ပြိုင်နက် "သြော် သူတို့အိမ်မှာလည်း သားသေဖူးတယ် ဆိုပါကလား၊ ဒါကြောင့် ငါ့သားကလေးလည်း သေရှာတာ ပေပဲ စသည်ဖြင့် သတိသမ္ပဇဉ် ဉာဏ်အမြင်တရားကလေးများ ရလို့ သားကလေးအတွက် ပူပင်သောက အနည်းငယ် သက်သာပြီးတော့ သွားလေတယ်တဲ့နော်။

သို့သော်လည်း ရလိုရငြားဆိုတဲ့ စိတ်ထားဖြင့် ဒုတိယ အိမ်မှစ၍ လိုက်လံမေးမြန်းလေရာ ဟိုအိမ်ကဖြင့် သမီး သေဖူးကြောင်း၊ အမိသေဖူး ကြောင်း၊ အဖသေဖူးကြောင်း၊ ထိုနည်းအတူ ဘိုး, ဘွား, ညီ, နှမ, အစ်ကို, အစ်မ, ဦးကြီး, ဦးလေး, အဒေါ်ကြီး, အဒေါ်လေး သေဖူးကြောင်း စသည်ဖြင့် အသီးသီး ပြောဆိုကြသံကိုသာ အိမ်တိုင်းမှာ ကြားရ၍ လူ မသေဖူးသောအိမ်ကို ရှာလို့မတွေ့တာနှင့် မုန်ညင်းစေ့ကိုလည်း မရနိုင်ရှာ တော့ဘဲ တစ်စထက်တစ်စ တစ်အိမ်ထက် တစ်အိမ် သေရခြင်းသဘော တရားများက အားမနာ နှိပ်စက်နေပါကလား၊ ငါ၏ သားကလေးသာ သေရလေခြင်းဟူ၍ အစ,ပထမ ထင်မိသော်လည်း ငါထင်တိုင်း မဟုတ်မှန်၊ ရုပ်နာမ်တွေ ပျက်ပြုန်း၍ သေခြင်းသဘောသာလျှင် နောက်ဆုံး ရှိချေပါတကား စသည်ဖြင့် သံဝေဂဉာဏ်အမြင် ရင့်သန်ကြီးထွားကာ သားသေကောင်ပုပ်ကို ပစ်စွန့်ထားခဲ့၍ ရှင်တော်ဘုရား အထံမှောက်သို့ အမြန်ရောက် ပြန်လာခဲ့ လေတယ်တဲ့။

ကိသာဂေါတမီကလေး ကိုယ်တော်နားသို့ ပြန်ရောက်လာတယ် ဆိုရင်ပဲ ရှင်တော်မြတ်ဘုရားက "ဘယ့်နှယ့်ချစ်သမီး၊ လူ႕ယသေဖူးသောအိမ်က ငါအရှာခိုင်းတဲ့ မုန်ညင်းစေ့များ ရပါလေစ" ဟူ၍ မေးမြန်းတော်မူလေလျှင် အိမ်တိုင်း အိမ်တိုင်းမှာပင် သားသေရ, သမီးသေရ, မိဘသေရ, ဘိုးဘွား မြေး မြစ်များသေရ, အစ်ကို, ညီ, အစ်မ, ညီမ, ဦးရီး, ဦးလေး, အဒေါ်ကြီး, အဒေါ်လေး စသည်ဖြင့် အသီးသီး မရေတွက်နိုင်လောက်အောင် သေကျေပျက်စီးဖူးတဲ့အကြောင်းတွေကို ကြားရတာနှင့် သတိသံဝေ ဉာဏ် အမြင်တွေရလို့မို့ သားသေကောင်ပုပ်ကြီးကိုပါ စွန့်ပစ်ထားခဲ့၍ ရှင်တော်မြတ် ဘုရား ထံတော်ပါးသို့ တစ်ဖန် လာရောက်၍ ဖူးမြော်ရခြင်းဖြစ်ပါသည်ဘုရား။ သေလေပြီးသော သားကလေးအတွက်ကိုလည်း ဆေးကုဖို့ရာ မလိုတော့ပါ အရှင်ဘုရား" အစရှိသည်ဖြင့် အောက်ပါဂါထာ ကလေးဖြင့် အကြောင်းစုံ လျှောက်ထားလိုက်လေတယ်တဲ့။

**သိဒ္ဓတ္ထံ သာဟံပတ္ထိယ၊ အပါဝိသိ ဃရာဃရံ။**
**မတာဝ ဗဟုတရာ တေသု၊ တေနာဟံ ပငိုယာဂမိ။**

**ဘန္တေ၊** ဘုန်းရောင်နေဝန်း ထွန်းလင်းတောက်ကြွား အို...အရှင်မြတ် ဘုရား။ **သာဟံ၊** ကိသာဂေါတမီ နာမည်ကွင်သ ဘုရားတပည့်တော်မသည်။ **သိဒ္ဓတ္ထံ၊** သားသေအတွက် ဆေးချက်ရည်မှန်း တစ်လက်စွမ်းမျှသော မုန်ညင်းစေ့ကို။ **ပတ္ထိယ၊** ရလိမ့်မည်တောင့်တ စိတ်မှန်းဆ၍။ **ဃရာဃရံ၊** တစ်အိမ်ဆင်းတစ်အိမ်တက် အဆက်ဆက်သာလျှင်။ **အပါဝိသိ၊** သားရှင်ဖို့ အရေး စိတ်ကြီတွေး၍ မနှေးလျင်စွာ ဝင်ထွက်မေးမြန်း ရှာကြံခဲ့ပါပြီဘုရား၊ **တေသု၊** ဝင်ရောက်ခဲ့ရာ အိမ်များစွာ၌ မှီကာနေတောင်း ထိုလူအပေါင်းတို့တွင်။ **ဇီဝတာ၊** အသက်ရှင်ကာ ဤလူ့ရွာ၌ နေရှာကြငြား လူအများထက်။ **မတာဝ၊** သေမင်းလက်အောက် ကျရောက်ရှာပေ သေကြေကြတောင်း လူအပေါင်းတို့ကသာလျှင်။ **ဗဟုတရာ၊** နှိုင်းစာမရ အလွန်ပင် များပြားကြ ပါကုန်၏ အရှင်ဘုရား။ **တေန၊** အသက်မသေ ကျန်နေသူထက် သေသူ ထင်ရှား အလွန်ပင် များပြားကြပါသောကြောင့်။ **အဟံ၊** သားသေအတွက် ရတက်ပူပြင်း ဆင်းရဲခြင်းရောက်ရ တပည့်တော်မသည်။ **ပငိုယာဂမိ၊**

စိတ် လက်ချောက်ချား သံဝေပွား၍ ထံပါးသို့သာ ပြန်လာခဲ့ရပါတော့သည် အရှင်သူမြတ်ဘုရား။

ကိသာဂေါတမီကလေး၏ လျှောက်ထားသော ဂါထာကလေး၏ ဆိုလိုရင်းအဓိပ္ပာယ်မှာ ဘုန်းတော်နေဝန်း ထွန်းလင်း တောက်ပတော်မူသော အရှင်သူမြတ်ဘုရား။ ဘုရားတပည့်တော်မသည် သားကလေး၏ အသက် တစ်ဖန် ပြန်လည်ရှင်ရေးအတွက် ဆေးချက်ရည်မှန်း တစ်လက်ဆွမ်း တစ်လက်ဆုပ်မျှသော မုန်ညင်းစေ့များကို အိမ်တွေ့တိုင်းပဲ တစ်အိမ်ဆင်း တစ်အိမ်တက်နှင့် ဆက်ဆက်မှန်စွာ လိုက်၍ရှာခဲ့ပါသည်။ ထိုတပည့်တော်မ ရောက်ခဲ့သော အိမ်များ၌ နေထိုင်ကြသော လူတို့တွင် အသက်ရှင်၍ နေသူများထက် မလွဲမရှောင်သာ သေကျေရှာကြပြီးသော လူအပေါင်းတို့ ကသာ အလွန်တရာ များပြားခဲ့ပါသည်ဘုရား။ သို့ပါ၍ ဘုရားတပည့်တော်မ သည် သတိသံဝေဂရလှတာနှင့် ကလေးသေကလေးစွန့်ပစ်၍ ရှင်တော်ဘုရား အထံမှောက်သို့သာ အကြောင်းစုံလျှောက်ထားရန် ပြန်၍ လာရောက်ခြင်း ဖြစ်ပါသည်ဘုရား။

တပည့်တော်မတို့ရဲ့ သားကလေးကလည်း ကံအားလျော်စွာပဲ သွားပါရစေတော့ ပြန်လည်အသက်ရှင်ရေးအတွက် ဆေးကုဖို့ရာ မလိုတော့ပါ ဘုရား အစရှိသည်ဖြင့် လျှောက်ထားရှာလေတယ်တဲ့။

ထိုအခါ ရှင်တော်မြတ်ဘုရားကလည်း ချစ်သမီး ဂေါတမီ၊ ငါ့သား ကလေး တစ်ယောက်သာလျှင် သေရှာရပေသည်ဟူ၍ သင် အမှတ်လွဲမှား နေသည့် အတွက်ကြောင့်သာလျှင် ရတက်မအေး ပူဆွေးသောက ရောက်ရပေတယ်၊ စင်စစ်အားဖြင့် ဒီသေရခြင်းဆိုတာ သတ္တဝါဟူသမျှတို့၏ တွေ့ရကြုံရမြဲဖြစ်သော တရားဆိုးကြီး ဖြစ်ပေတယ်ဟူ၍ အဖန်ဖန် မိမိ သေချောက်ရဦးမည့် အရေးကိုပါ ဟုရေးရေး ရှုဆင်ခြင်နိုင်ရပေတယ်။

သည်လိုမှမဟုတ်ဘဲ မေ့လျော့ပေါ့ဆ တရားလက်လွတ် ငှက်တောင် ကျွတ်ပုံနှယ် ကယ်ပါ ယူပါ စသည်ဖြင့် ပူဆွေး သောက ရောက်နေခဲ့ကြပါလျှင် အိပ်ပျော်၍နေသော ရွာသူ ရွာသားအပေါင်းတို့ ရေဘလျှင်ကြီးက ဖိစီးလွှမ်းမိုး တိုက်ခတ် မြစ်ပင်လယ်ကြောမှာ မျောပါကြရတာလို ငဲ့ကွက်ခြင်းကင်း သေမင်းယုတ်ကြီးသည် အလျင်အမြန် ဆွဲယူနစ်မျောစေ၍ အပါယ်ငရဲ

ဝင့်ဒုက္ခထဲ၌ တဝဲလည်လည် ကျင်လည်ခံစား ရရှာပေတော့မည်ဟူ၍ တရားရေအေး တိုက်ကျွေးတော်မူလိုက်လေရာ တရားတော်၏ အဆုံး၌ ကိသာဂေါတမီကလေးသည် သောကပူဆွေး ငိုကြွေးခြင်း ကင်းပလျက် သောတာ ပတ္တိမဂ်ဉာဏ်တည်းဟူသော အလင်းရောင်ကို ရရှိကာ မအို, မနာ, မသေရာဖြစ်သော နိဗ္ဗာန်ရွှေပြည်မြတ်ကြီးကို မျက်မှောက်ပြုရလေ တယ်တဲ့။

ဒါတင်မက မြတ်သက်န်းစမွှယ် ထေရီမယ်ဖြစ်ကိုလည်း ရှင်တော်မြတ် ဘုရားအထံတောင်းပန်ကာ ဝတ်ဆင်မြန်းလျက် ရှေ့ဆက်လက်၍ အားထုတ် လေရာ မကြာခင်မှာပဲ အာသဝေါကုန်ခန်း ရဟန္တာမကြီးတစ်ဆူ ဖြစ်လို့မို့ သာသနာဝင် တစ်လျှောက်မှာ ကိသာဂေါတမီ ဟူသော နာမည်ဖြင့် ဂုဏ်ရည် ထွန်းပကျော်စောခြင်းရလို့မို့ အမတခေါ် နိဗ္ဗာန်နန်းသို့ စံမြန်းတော် မူရလေတယ်တဲ့။

ဤ ယခုပြဆိုပြီးသော ဒေသနာအစဉ်ကို ဆင်ခြင်စဉ်းစားလိုက်ပါလျှင် ကိသာဂေါတမီကလေးသည် မိမိသားကလေး တစ်ယောက်တည်းသာလျှင် သေလေခြင်း စသည်ဖြင့် အထင်မြင် လွဲမှားကာ မနေသာမထိုင်သာ ဆင်းရဲပူပန်ခြင်း အမျိုးမျိုးတို့နှင့် တွေ့ကြုံရရှာလေတယ်။

နောင်အခါ မုန်ညင်းစေ့ သွားရှာကာမှ လူအများ၏ သေကျေ ပျက်စီးကြကြောင်း ကြားသိရ၍ ဩော်... သေရခြင်း တရားဆိုးကြီးသည် ငါ၏သားတစ်ယောက်ကိုသာ မဟုတ်၊ လောကဘုံသား တခြားလူများကို လည်း နှိပ်စက် ဖျက်ဆီး၍နေပေသည်။ သည်သေခြင်းတရား၏ ကင်းလွတ် ရာသည် လောကစာတ်အတွင်းမှာဖြင့် ဘယ်နည်းနှင့်မှ ရှိနိုင်မည်မဟုတ်ပေ။ လောကုတ္တရာဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်တရားသည်သာလျှင် သေမင်း၏ လက်ကွင်းမှ လွတ်ကင်းချမ်းသာနိုင်ပေမည်ဟု အမြင်မှန်ကိုသိရှိရ၍ သားသေ ကလေးအတွက် ပူပင်ရသော ဆင်းရဲဒုက္ခများမှ ကင်းလွတ်ချမ်းသာမှုရရှိဘာလို ည်းဝေး ရောက်လာကြသော ပရိသတ်များသည်လည်း တစ်စုံတစ်ခု သော ဆွေမျိုးတို့၏ ပျက်စီးသေပျောက်ရခြင်းဆိုတဲ့ လောကဓံ တရားများနှင့် တွေ့ကြုံရတဲ့အခါ ကိသာဂေါတမီကလေးနည်းတူ ငါတို့၏ ဆွေမျိုးသားချင်း သာလျှင် သေရလေခြင်း စသည်ဖြင့် အထင်မှား အမြင်မှားဖြစ်ကာ

တရားလက်လွတ် ပူပင်သောက ရောက်ခြင်းမရှိကြဘဲ ချောဘ်...ဤသေချင်း တရားဆိုးကြီးကား ငါတို့၏ သားသမီး မိဘ စသည်များကိုသာ ဝကွက်၍ နှိပ်စက်သည်မဟုတ်၊ တခြားလူများအားလုံးနှင့်တကွ ငါတို့ကိုလည်း ဖိစီး နှိပ်စက်မှာ အမှန်ပါတကားဟု သတိသမ္ပဇဉ် သံဝေဂဉာဏ် ဆင်ကြလျက် မသေခင်စပ်ကြားမှာ အားကိုးအားထားရာဖြစ်တဲ့ ဒါန, သီလ, ဘာဝနာ မရဏာနုဿတိကမ္မဋ္ဌာန်း စသည်များ စီးဖြန်း အားထုတ်နိုင်ကြသည်ဖြစ်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် အမြန်ပင်ရကြလို့မို့ အမတမည်မှန် မသေရာ မြတ် နိဗ္ဗာန်သို့ မြန်မြန်ကြီး မျက်မှောက်ပြု ခံစားစံစားနိုင်ကြပါစေသတည်း။

## အရှင်ဉာဏဓဇ(သာပေါင်း)

### စီစဉ်ထုတ်ဝေစုစည်းပူဇော်သောစာအုပ်များ


| | | |
|---|---|---|
| ၁။ | ဂုဏ်ယူထိုက်သူတို့၏ မှတ်သားစရာရွှေစကား | (ထွက်ပြီး) |
| ၂။ | ယနေ့ရဲ့ မနက်ဖြန် | (ထွက်ပြီး) |
| ၃။ | စိတ်ကြိုက်ဓမ္မရသတရားတော်များ(၁–၂) | (ထွက်ပြီး) |
| ၄။ | ဓမ္မလက်ရွေးစင်တရားတော်များ (ပ–ဒု–တွဲ) | (ထွက်ပြီး) |
| ၅။ | ကြိုက်ရာရွေးသုံးအမြတ်ဆုံးတရားတော်များ(၁) | (ထွက်ပြီး) |
| ၆။ | ကြိုက်ရာရွေးသုံးအမြတ်ဆုံးတရားတော်များ(၂) | (စီစဉ်ဆဲ) |
| ၇။ | ကြိုက်ရာရွေးသုံးအမြတ်ဆုံးတရားတော်များ(၃) | (စီစဉ်ဆဲ) |
| ၈။ | စိတ်ကြိုက်ဓမ္မရသတရားတော်များပေါင်းချုပ် | (စီစဉ်ဆဲ) |
| ၉။ | တရားဆိုတိုမှလက်ရွေးစင်တရားတော်များ | (ယခု) |
| ၁၀။ | ငါးပွင့်တစ်ခိုင် တရားမြိုင် လက်ရွေးစင် တရားတော်များ | (စီစဉ်ဆဲ) |
| ၁၁။ | မေတ္တာမှန်သော မြတ်ဆရာ | (စီစဉ်ဆဲ) |
| ၁၂။ | လူငယ့်အားမာန်လမ်းညွှန်သံ | (စီစဉ်ဆဲ) |
| ၁၃။ | ဗုဒ္ဓစာပေလော နတ်ဒေဝါများ | (စီစဉ်ဆဲ) |

# ဆင်းရဲကင်းပျောက် ချမ်းသာရောက် တရားတော်

ယနေ့ စည်းဝေးညီညာ ရောက်ရှိလာကြကုန်သော ဒကာ ဒကာမ အပေါင်း သူတော်ကောင်းတို့ ဒီခန္ဓာကိုယ်ကြီး ရလာတည်းက ဆင်းရဲမှု ဝေဒနာတွေ ခံစားရခဲ့ပါတယ်။ ဒါကြောင့် ဆင်းရဲကင်းပျောက်ပြီး ဘယ်လို ချမ်းသာ ရောက်သွားသလဲဆိုတော့...

**တေသံ ပရလောကံ ဂစ္ဆန္တာနံ ထပေတွာ အတ္တနော ကတံ ကလျာဏ ကမ္မံ အညံ ပတိဋ္ဌာနာမ နတ္ထိ။**

ဆိုတဲ့ ဒေသနာတော်အရ လောကတည်နေ ဗိုလ်ခြေများစွာ သတ္တဝါ အပေါင်းတို့သည် လက်နှင့်မြေကြီး ခတ်တီးမလွဲ ပုံတူနဲသို့ သေပွဲသို့သာ ဝင်ရောက်ကြရမှာ ကေန်အမှန်ပင် ဖြစ်ပေသည်။

ထိုကဲ့သို့ မလွဲမသွေ သေပျောက်ခြင်းဆိုတဲ့ ပွဲကြီးသို့ ဝင်ရောက်လိုက်ပါ ကြရတဲ့အခါမှာလည်း ပစ္စည်းဥစ္စာ ရတနာနှင့် ဆွေဉာသားချင်း သွေးမကင်း ကြသော သူတို့တွင် တစ်စုံတစ်ယောက်မှ အားကိုးအားထား ပြုရသော အနေဖြင့် သေရွာသို့ လိုက်နိုင်ကြသည် မဟုတ်နိုင်ပါ။

"ဘယ်သူမပြု မိမိမှု"ဆိုတဲ့ စကားအတိုင်း မိမိတို့ ရှေးယခင်က ကြိုတင်၍ ပြုစုထားသော ဒါန, သီလ,ဘာဝနာ စသော ကောင်းမှုကုသိုလ် တရားသည်သာလျှင် အရိပ်ပမာ မကွာမကွဲ အမြဲတစေ လိုက်ပါ၍နေသည် ဖြစ်၍ ထိုကုသိုလ်ကောင်းမှုသည်သာ လူ,နတ်,ဗြဟ္မာ ကောင်းရာသုဂတိသို့ သွားရောက်စေနိုင်ရုံမျှမက မဂ်,ဖိုလ်,နိဗ္ဗာန်တိုင်အောင်ပင် ကောင်းကျိုး

အနန္တတို့ကို ဖြစ်ထွန်းရရှိ ခံစားစေနိုင်သည့်အတွက်ကြောင့် အားကိုးအားထားရာ မှီခိုဆောက်တည်ရာ တရားကြီးအစစ် ဖြစ်ပါပေတယ်။

အကုသိုလ် မကောင်းမှုကံသည်ကား လောက, သံသရာ နှစ်ဖြာနှစ်ဝတို့၌ပင် ကောင်းကျိုးချမ်းသာ တစ်စုံတစ်ရာကိုမှ မပေးစွမ်းနိုင်ဘဲ ကိုယ်စိတ်ဆင်းရဲ ကြေကွဲရခြင်း ဒုက္ခအမျိုးမျိုး တို့ကိုသာလျှင် ပေးတတ်ဖြစ်စေတတ်သည့် အတွက်ကြောင့် သွားလေရာ လိုက်ပါနေတဲ့တရားဖြစ်သော်လည်း ထိုအကုသိုလ်ကို လတ်တလော သေစေတတ်သောမြွေပွေး မြွေဟောက်ပမာ ကြောက်ရွံ့ကာဖြင့် ဝေးစွာရှောင်ကြဉ် ဖယ်ရှားနိုင်ကြဖို့ရာ အရေးကြီးလှပေသပေါ့နော်။

ထိုကဲ့သို့ ကုသိုလ်ကံ, အကုသိုလ်ကံ တရားတို့၏ ပြုစီမံမှုကို မသွေမလွဲလိုက်ပါ၍ ဖြစ်ကြရမြဲ ထုံးတမ်းစဉ်လာအတိုင်း ကောင်းမှုကုသိုလ်ကံစီမံမှုကြောင့် လူ,နတ်,ဗြဟ္မာ ဟူသော ကောင်းရာသုဂတိဘဝသို့ ရောက်သွားကြရသူများအတွက်မှာ ကျန်ရစ်သူများ၏ သပိတ်သွတ်ခြင်း၊ ဆွမ်းစဉ်တရားနာခြင်းစသော ကုသိုလ်ကောင်းမှုတို့သည် သေသူအတွက် ဘာမှအကျိုးတရားကို ရရှိခံစားနိုင်ခြင်း မရှိပါ။

ဘာကြောင့်လဲဆိုတော့ ကုသိုလ်ကံကြောင့် အမိဝမ်းတွင်းမှာ ပဋိသန္ဓေတည်နေရတဲ့ လူသတ္တဝါသည် ဘာတစ်ခုမှမသိနိုင်ရကား ပရိတ်ရွတ်၊ ဆွမ်းစဉ်လို့ အကျိုးထူးမရရှိ မခံစားနိုင်ဘူးဆိုတာ ထင်ရှားလှသည်ဖြစ်၍ အထူးချဲ့ထွင်ပြီး ပြောရန်မလိုတော့ပါ။

နတ်ရွာသုဂတိ ရောက်သွားကြတဲ့ သူများမှာလည်း အလွန်တရာချမ်းသာလှသော နတ်ပြည်မှာတွေ့ကာ အပေါင်းအဖော်များနှင့် ပျော်ပါးရွှင်မြူးပလူး၍နေရတာနှင့် ဘာမျှကျေးဇူးရှိနိုင်တော့မည်၊ အမှတ်ရ သာဓုနမော်ခေါ်နိုင်တော့မည် မဟုတ်သောကြောင့် ဆွမ်းစဉ်ခြင်း စသည်များကိုကျန်ရစ်သူများက အရေးတကြီး ပြုလုပ်အမျှဝေကြသော်လည်း ကျေးဇူးရှိသည်ဟူ၍ မဆိုနိုင်တော့ပါ။

ရှေးဘဝ ယခုဘဝ မိမိတို့ပြုလုပ်ထားသော အကုသိုလ် ကံအတွက်ကြောင့် အပါယ်ငရဲသို့ ကျရောက်ရသူ၊ ခွေး, ဝက်, နွား, ကျွဲ အစရှိတဲ့ တိရစ္ဆာန်ဖြစ်ရတဲ့သူ၊ လူသူမနီး တောတောင်ကြီးထဲ၌ ဖြစ်ကြရသော

အသူရကာယ်များသည်လည်း ကျန်ရစ်သူများက ပြုသော ကောင်းမှု၏ အကျိုးတို့ကို ဘယ်လိုနည်းနှင့်မှ ခံစားကြရတော့မည်မဟုတ်ပါ။

ဘယ်လိုပုဂ္ဂိုလ်မျိုးများသာ ဆွမ်းစဉ်ခြင်းစသော ကောင်းမှု၏အကျိုးကို ခံစားရလဲဆိုလျှင် လူ့ပြည်နေစဉ် မသေခင်၌ ကုသိုလ်, အကုသိုလ်ယှဉ်တွဲပြီး ပြုလုပ်ကြသူများသာလျှင် ပြုလုပ် ကျူးလွန်ပြီးသော အကုသိုလ်ကံ၏ နှိပ်စက်မှုကြောင့် မစားရ မသောက်ရ နေစရာ ထိုင်စရာ အိမ်ခြေယာခြေမရှိ ဝတ်ဆင်စရာတန်ဆာများလည်း မရှိကြသည့်အတွက် ဆင်းရဲ ဒုက္ခရောက်ကြကာ ကျန်ရစ်သူဆွေမျိုးသားချင်းတို့ကို သတိရကြ၍ ငါ၏ ဆွေတော်မျိုးတော်များသည် ဘယ်အခါများ သပိတ်သွတ် ဆွမ်းစဉ်ခြင်း၊ အဝတ်သင်္ကန်း လှူဒါန်းခြင်းဆိုတဲ့ ကုသိုလ်တရားကို ပြုလုပ်ကြကာ အမျှအတမ်းဝေခြင်းကို ဝမ်းမြောက်နမော် သာဓုခေါ်နိုင်ကြ၍ ယခုတွေ့ကြုံရဆဲ ဆင်းရဲဒုက္ခအပေါင်းမှ လွတ်ကင်းချမ်းသာရလေမည်နည်း ဟူ၍ ကျန်ရစ်ကြသော ဆွေမျိုးတို့၏ အနီးအနားမှာ တဝဲလယ်လယ်နှင့် စောင့်စား မျှော်ကိုး၍ နေကြရတာတ်လေတယ်။

ထိုကဲ့သို့ သေသူများက စောင့်စား မျှော်လင့်နေခိုက်မှာ ကျန်ရစ်သူဆွေမျိုးအပေါင်းတို့က ကောင်းမှုများပြုလုပ်ကာ အမျှအတမ်း ဝေလိုက်ပါလျှင် ဝမ်းမြောက်နမော် သာဓုခေါ်နိုင်ကြ၍ တွေ့ကြုံရဆဲ ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်ကြကာ နတ်၌ဖြစ်သော ဥယျာဉ်, ဗိမာန်, ရေကန်, ဝတ်စားတန်ဆာများကို ရရှိကြ၍ နတ်သမီး နတ်သားများ၏ စည်းစိမ်ချမ်းသာနှင့် တူသော ချမ်းသာများကို ရရှိခံစားနိုင်ကြလေတယ် တဲ့နော်။

ဒါကြောင့် **"ဣတော ဒိန္နေန ယာပေန္တိ ပေတာကာ လကံတာတဟိ"** ဟူ၍ မိန့်ဆိုတော် မူကြလေတာပေါ့နော်။

**ဣတော၊** ဤလူ့ပြည်မှ။ **ဒိန္နေန၊** သေသူကိုရည်မှန်း၍ လှူဒါန်းကြငြား ကောင်းမှုတရားကြောင့်။ **ဝါ၊** ကုသိုလ်ကောင်းမှု တွင်တွင်ပြု၍ သေသူ့ရည်မှန်း အမျှအတမ်း ပုံသေပေးဝေခြင်း ဟူသော အကြောင်းကြောင့်။ **ပေတာကာ လကံတာ၊** ကံပစ်သမျှ မှန်ဖြစ်ရ၍ ဒုက္ခတွေ့ငြား သေလွန်ပြီးသော ပုဂ္ဂိုလ်များတို့သည်။ **တဟိ၊** ဆင်းရဲဝေဆာ ထွေရာများလှ

ဝေမာနိက ပြိတ္တာဘဝ၌။ **ယာပေဋ္ဌ၊** ဝမ်းမြောက်နမော် သာစုခေါ်၍ ရွှင်ပျော်ဥယျာဉ် ပဒေသာပင်နှင့် ကြည်လင်အေးမြ တွင်းပန္နြေရဲ ဗိမာန် ဝတ်စား တန်ဆာများကို မျက်ဝါးထင်ထင် တွေ့မြင်မှုချ ခံစံမှုတကြရလေ ကုန်သတည်း။

ထိုကဲ့သို့ ကျန်ရစ်သူများ၏ သေသူအတွက် ရည်မှန်းချက်ဖြင့် ဆက်ဆက်ပေးလှူ ကြည်ဖြူအေးမြ မြတ်ပုညကြောင့် ဆင်းရဲပေါင်းစုံ တွေ့ကြုံရာငြား ဝေမာနိကပြိတ္တာများသည် ဝမ်းမြောက်နမော် သာစုခေါ် နိုင်ကြ၍ နတ်၌ဖြစ်သော ဥယျာဉ်, ဗိမာန်, ရေကန် ဝတ်စားတန်ဆာ အသုံးအဆောင်များကို ရရှိကြကာ ချမ်းသာအမျိုးမျိုး ပွားတိုးစေတတ်သော အကြောင်းမှန်ကို ပြဆို သိစေလိုရင်းပေါ့နော်။

သို့ကလို ချမ်းသာကြတဲ့ ဝေမာနိက ပြိတ္တာများဆိုတာလဲ ယခု ချက်ချင်း သေသူများသာမဟုတ်။ ဟိုရှေးယခင် ကမ္ဘာများစွာကပင် ဝေမာနိက ပြိတ္တာဖြစ်ကြရသော သူများသည်လည်း ဆွေမျိုးများ၏ ပေးလှူပြုစုကြသော ကောင်းမှုကို ဝမ်းမြောက်နမော် သာစုခေါ်နိုင်ကြမည် ဆိုပါလျှင် ဖြစ်ရာဘဝ၌ ဆင်းရဲကင်းပ ချမ်းသာသုခများကိုလည်း ရရှိနိုင် ကြလေတယ်နော်။

ဒါကြောင့် သေသူများအတွက် သပိတ်သွတ် ဆွမ်းစဉ်ကြတဲ့အခါ မှာ ယခုဘဝ သေသူများကိုသာမက အနမတဂ္ဂသံသရာမှာ ဆွေမျိုးသားချင်း တော်စပ်ဖူးသမျှ ပုဂ္ဂိုလ်များကိုပါ ရည်ညွှန်းပြီး လှူဒါန်းပြုစုကာ အမျှအတမ်း ကောင်းမှုပြုကာ အမျှအတမ်းများ ပေးဝေမှုကြောင့် ယခုဘဝ ဆွေမျိုး များသာမက ကမ္ဘာကမ္ဘာက တော်စပ်ခဲ့ကြသော ဆွေမျိုးသားချင်း မိတ် သင်္ဂဟ တစ်သင်းတို့ပါ ချမ်းသာသုခ ရရှိခဲ့ကြဖူးသော ထုံးဟောင်းသာဓက ဝတ္ထုသက်သေကို ပြရပါလျှင်...

ဤဘဒ္ဒကမ္ဘာမှာ ပြန်၍ရေသော် ကိုးဆယ့်နှစ်ကမ္ဘာကာလ ဖုဿ ဘုရားရှင် လက်ထက်တော်မှာ ဗိမ္ဗိသာရမင်းကြီး၏ ဆွေတော်မျိုးတော် ရှင်သောင်းတို့သည် မင်းညီမင်းသား ဥပုသ်သီတင်းသည် တစ်ထောင်နှင့် တကွ ကိုးသောင်းမျှသော သံဃာတော်များကို ဝါတွင်းသုံးလပတ်လုံး ဆွမ်းခဲဖွယ် ချက်ပြုတ်၍ ကပ်ခဲ့ကြလေရာ ကလေးသူငယ်များက ငိုမြည်

တမ်း၍ တောင်းရမ်းပူဆာမှုကြောင့် ပေါ့ပေါ့ထင်မြင် ဆွမ်းခဲဖွယ် ဘောဇဉ်များကို သံဃာများအား မကပ်ရသေးမီ ယူငင်၍ ပေးမိကြသောကြောင့် လည်းကောင်း။ နောင်လက်ရဲကာ မိမိတို့ကိုယ်တိုင်လဲ ယူငင်၍ စားသောက်မိခဲ့ကြသောကြောင့် လည်းကောင်း သေတဲ့အခါမှာ အားလုံးပင် ပြိတ္တာတွေဖြစ်ကြရရှာလေတယ်တဲ့။

ထိုပြိတ္တာရှစ်သောင်းတို့၏ ဆွေမျိုးခေါင်းဆောင်ဖြစ်တဲ့ ဗိမ္ဗိသာရမင်းကြီး၏ အလောင်းတော် ဘဏ္ဍာရေးဝန်ကြီးကတော့ ဘုရင်မင်းများ၏ လွှဲအပ်ချက်အရ စိတ်စေတနာဖြူစင်စွာ ပြုလုပ် ဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့် ပြိတ္တာမဖြစ်ရဘဲ နတ်ရွာသုဂတိ စရိုဖုံဖုံ ချမ်းသာစုံ ခံစား၍ နေရလေတယ်တဲ့။

ဒီနေရာမှာ သူတစ်ပါးတို့၏ အလှူအတန်း ကုသိုလ်ရေးကို အားပေးကူညီကြသော သူတော်စင်များ သတိထားကြဖို့ပေါ့နော်။ ယခုကာလကတော့ သတိထားသူနည်းပါးကြဟန် တူပါတယ်။ ဘာကြောင့်လဲဆိုတော့ "အလှူတစ်လှူပေးလျှင် ပြိတ္တာကြီးခြောက်ယောက်ပါသတဲ့"။ ဘယ်လိုညစ်ပတ်တဲ့ အလှူခေါင်းဆောင်များကို ရည်ညွှန်းပြီး ပြောထားတယ်တော့ မသိဘူး။ ဒကာကြီး, ဒကာမကြီးတွေကတော့ တွေ့မြင်နေကျ ဖြစ်မှာမို့ ဘယ်ခွင်ထိုင် ဘယ်ဆွမ်းဟင်းချက် စိမံသူ စသည်ဖြင့် ဦးပဥ္စင်းတို့ထက် ပိုပြီးသိကြမှာပေါ့နော်။

ထိုပြိတ္တာပေါင်းရှစ်သောင်းကျော်တို့သည်လည်း ကမ္ဘာများစွာ ကာလပတ်လုံး စားရမဲ့သောက်ရမဲ့ ဝေမာနိက ပြိတ္တာများ ဖြစ်ရလို့မို့ ချမ်းသာဆင်းရဲ ယှဉ်တွဲထိုက်၍ ဘုံအလီလီ၌ ဖြစ်၍လာကြကာ ဤဘဒ္ဒကမ္ဘာ၏ အစလောက်၌ ဝေမာနိကပြိတ္တာများ ဖြစ်ကြရပြန်၍ စားသောက်ဝတ်ဆင်စရာမရှိ နေထိုင်စရာ အိမ်ခြေယာခြေ မရှိကြဘဲ ဆင်းရဲဒုက္ခပူပြင်းလှ တာနှင့် ဤဘဒ္ဒကမ္ဘာတွင် အစဆုံးပွင့်သော ကကုသန်မြတ်စွာ ဘုရားထံတော်ရင်းသို့ ကပ်ချဉ်းကြ၍ မိမိတို့၏ စားသောက်ရမည့်အရေးကို မေးမြန်းလျှောက်ထားကြလေရာ ကကုသန် ရှင်တော်ဘုရားက ထိုပြိတ္တာများ၏ စားသောက်ရမည့်ဘဝကို မပြောပြသေးဘဲ သင်တို့၏ စားသောက်ရမည့်ဘဝကို ငါဘုရား ပရိနိဗ္ဗာန်စံလွန်ပြီးနောက် ကမ္ဘာမြေကြီး တစ်ယူဇနာလောက် မြင့်မောက်တိုး၍

လာတဲ့အခါ၌ ငါ၏ညီတော် ကောဏဂုံ ခေါ်သော ဘုရားတစ်ဆူ ပွင့်တော်မူလိမ့်မည်။ ထိုဘုရားရှင်က သင်တို့၏စားသောက်ရမည့်အရေးကို ဗျာဒိတ်ဟောပြပါလိမ့်မည်ဟု မိန့်တော်မူခဲ့လေတယ်။

ဘယ်လောက်များ ကြောက်စရာကောင်းသလဲ ဆိုတာ စဉ်းစားသာ ကြည့်ကြပေတော့နော်။ ကမ္ဘာမြေကြီး တဖြည်းဖြည်း မြင့်မောက်တိုးပွား၍ တစ်ယူဇနာလောက် မြင့်တောင်မှ တစ်ကြိမ်တစ်ခါမျှ မစားသောက်ကြရ သေးဖူးတဲ့။ သံဝေဂယူဉ်ကာ ရှောင်ကြဉ်တတ်ကြဖို့ပေါ့နော်။

အဲ... ထိုပြိတ္တာပေါင်း ရှစ်သောင်းကျော်တို့သည်လည်း ကောဏဂုံဘုရားရှင်ပွင့်တော်မူရာ ကာလကိုင်အောင် မိမိတို့၏ စားသောက်ဝတ်ဆင်ရေးအတွက် မျှော်လင့် စောင့်ဆိုင်း၍ နေကြကာ ပွင့်ထွန်းလာသော ကောဏဂုံဘုရားရှင်ထံ ချဉ်းကပ်၍ မေးမြန်းကြလေလျှင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက နောင်ပွင့်တော်မူလတ္တံ့သော ငါ၏ညီတော် ကဿပဘုရားရှင်ကသာ သင်တို့၏ စားသောက်ရမည့် အခါကာလကို မိန့်ဟပြောဆိုတော်မူလိမ့်မည်ဟု တစ်ဖန် လွှဲထားခဲ့ပြန်လေတော့ အားငယ်နွမ်းလျ ကဿပဘုရားရှင် ပွင့်ရာကာလတိုင်အောင် စောင့်ဆိုင်းကာ နေကြရပြန်လေတယ်။

တစ်ဖန် ကဿပဘုရားရှင်ထံ ချဉ်းကပ်၍ မေးလျှောက်ကြပြန်သော်လည်း ဂေါတမဘုရားရှင် လက်ထက်ကျမှ သင်တို့၏ ဆွေမျိုးဘဏ္ဍာရေးဝန်ကြီးဟောင်းဖြစ်သော ရာဇဂြိုဟ်ပြည်ကြီးအရှင် ဘုရင်ဗိမ္ဗိသာရမင်းကြီးသည် သင်တို့ကိုရည်စူး၍ ဆွမ်း, သင်္ကန်းလှူခြင်းစသော ကောင်းမှုကုသိုလ်များကို ပြုလုပ်ကာ သင်တို့အား အမျှအတမ်း ပေးဝေလိမ့်မည်။ ထိုအခါကျကာမှ သင်တို့အားလုံး တွေ့ကြုံနေရတဲ့ဆင်းရဲမှ ကင်းလွတ်ကြ၍ နတ်ချမ်းသာတမျှ ခံစားကြရလိမ့်မည်ဟု ဗျာဒိတ်တော်စကား ဟောကြားတော်မူခဲ့တဲ့အတွက်ကြောင့် ထိုပြိတ္တာရှစ်သောင်းကျော်တို့သည် ဂေါတမဘုရားရှင် ပွင့်တော်မူရာ ကာလတိုင်အောင် ကာလရှည်လျားစွာ စောင့်စားမျှော်လင့်၍ လွန်မြောက်ခဲ့ကြလေရာ ငါတို့ ဂေါတမဘုရားရှင် လက်ထက်၌ ရာဇဂြိုဟ်ပြည်ကြီးသခင် ဘုရင်ဗိမ္ဗိသာရမင်းကြီးသည် တစ်နေ့မှာ ဘုရားအမှူးရှိသော သံဃာတော်များကို ဆွမ်းဘောဇဉ် ကပ်လှူသော်လည်း အမျှအတမ်းဝေခြင်းမပြုမိတဲ့ အတွက်ကြောင့် သာဓုခေါ်ကာ.ချမ်းသာလိမ့်နိုး

ရည်မျှော်ကိုး၍ နေကြသော ဆွေမျိုးပေါင်း ပြိတ္တာရှစ်သောင်းကျော်တို့သည် အမျှမရ သုခနှင့်လွဲ စိတ်ကြေကွဲကြ၍ ညဉ့်အခါမှာ ကိုယ်ထင်ပြကာ ဘုရင်မင်းကြီးအား သတိပေးကြလေတယ်တဲ့။

ဘုရင်မင်းကြီးသည်လည်း ဘုရားရှင်ကို လျှောက်ထားလေလျှင် ဘုရားရှင်၏ ဟောပြချက်အရ အကြောင်းစုံကို သိရတာနှင့် နောက်ထပ် အလှူပေး၍ အမျှအတမ်းများ ပေးဝေလေရာ အားလုံးသောပြိတ္တာတို့သည် ကြည်သာရွှင်ပျ သာဓု ခေါ်နိုင်ကြ၍ ပြိတ္တာဘဝမှ လွတ်ကင်းချမ်းသာခွင့်ရရှိကြကာ နတ်သမီး၊ နတ်သားတို့၏ ချမ်းသာများကို ခံစားကြရလေတယ်တဲ့။

ကဲ... ယခုဟောကြားခဲ့တဲ့ ဒေသနာအစဉ်ကို ဆင်ခြင်နိုင်ကြ၍ ယခုဘဝ တော်စပ်ကြသော ဆွေမျိုးများသာမက ရှေးရှေးက ဆွေမျိုးများကိုပါ ရည်ညွှန်း၍ ကုသိုလ်ပုည ပြုလုပ်နိုင်ကြပါစေသတည်း။

# အချစ်သောက တရားရ တရားတော်

ယနေ့ ကွယ်လွန်သွားသူအား အကြောင်းပြု၍ လှူဒါန်းကြကုန်သော အလှူရှင် အလှူအမအပေါင်း သူတော်ကောင်းတို့ ပုထုဇဉ်ပုဂ္ဂိုလ် သတ္တဝါမှန်သမျှ အချစ်သောက မကင်းကြတာတော့ မှန်ပါတယ်။ ဒါပေမယ့် အဲဒီအချစ်သောကပေါ်မှာ တရားသဘောနဲ့ ကြည့်ပြီး တရားရဖို့လိုပါတယ်။ ဘယ်လို အချစ်သောကပေါ်မှာ တရားရသွားသလဲဆိုတော့...

**"သကတံ ဒုက္ကတံ ကမ္မံ ဆာယာဝ အနုပါယိနီ"** ဆိုတဲ့ ဒေသနာတော်အတိုင်း လောကအတွင်း မှီတင်းနေကြ သတ္တဝါ ဟူသမျှတို့သည် မိမိတို့အသက်ရှင်စဉ်အခါက ပြုစု၍ထားကြသော ကောင်းမှုကံ မကောင်းမှုကံ နှစ်ဖြာသည်သာလျှင် ခန္ဓာပစ်ချ သေကျေပျက်စီးကြတဲ့အခါမှာ မိမိတို့နောက်သို့ အရိပ်ပမာ မကွဲကွာဘဲ လိုက်ပါမြဲဖြစ်သောကြောင့် "ရေမီး နှစ်ပါးများရာကနိုင်" ဆိုတာလို ရေစင်ပမာ အေးမြစွာသော ကုသိုလ်ကိုသာလျှင် မိမိနောက်သို့ အလိုက်ခံကြ၍ မီးပုံပမာ ပူပြင်းစွာသော အကုသိုလ်ရိပ်များ မလိုက်ပါကြလေအောင် သတိသမ္ပဇဉ် ဉာဏ်အမြင်လက်နက်ဖြင့် ပယ်ဖျက်ခုတ်ထွင်း ပြုပြင်ခြင်းရှိကြဖို့ အရေးကြီးလှပေတယ်။

သည်လိုမှ မဟုတ်ဘဲ အသက်ရှင်စဉ်အခါက မေ့လျော့ ပေါ့ဆ၍ နေခဲ့ကြပါလျှင် ကုသိုလ်တရားများ အားမထုတ်နိုင်ကြတော့ဘဲ ကာမဂုဏ်တရားတွေနှင့်သာ လုံးထွေးရစ်ပတ်၍ သေကျေ ပျက်စီးသွားကြရဲပါလျှင် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် စသော အပါယ်လေးဘုံမှ ခုနစ်ကျော် လွတ်မြောက်ဖို့ရာ အလွန်ပင် ခဲယဉ်းလှကြပေတယ်။

ကျန်ရစ်သူများကလည်း ရှင်တုန်းကတော့ တယ်ပြီး အရေးမစိုက်ကြဘဲ သေကျေပျက်စီးသွားကာမှ မောင်ရဲ့၊ မယ်ရဲ့၊ မိရဲ့၊ ဘရဲ့၊ သားရဲ့၊ သမီးရဲ့ စသည်ဖြင့် ပေါက် ပေါက်ရှာရှာ ဖွဲ့နွဲ့ပြီး ငိုလေ့ရှိတယ်။ သို့သော်လည်း သေသူများ၏ ဖြစ်ရာဘဝသစ်ကို တကယ်လို့များ မြင်နိုင်ကြမည်ဆိုလျှင် ဆိုခဲ့တဲ့ ဖွဲ့နွဲ့ပြီး ငိုမြည်တမ်းမှုများသည် သေသူ့အတွက် ဘာမှအကျိုးမများ ကြောင်း သိကြကာ ငိုမိကြမည် မဟုတ်ဘူးပေါ့နော်။

ဘာကြောင့်လဲဆိုတော့ ဒီတစ်ဘဝတာကလေးမှာ မိဘရယ်၊ သား သမီးရယ်၊ လင်ရယ်၊ မယားရယ်လို့ သွေးနီး တော်စပ်ကြသော်လည်း သေသွားတဲ့အခါ၌ နောင်တစ်ဘဝခြားပြီးဖြစ်၍ ကျန်ရစ်ကြသော ဆွေဟောင်း မျိုးဟောင်းတွေကို ဘာတစ်ခုမှ အမှတ်မရကြတော့ဘဲ မိမိတို့ဖြစ်ရ သစ်ဘဝ၌ ချစ်စနှောင်ကြိုး ဆွေသစ်မျိုးသစ်တွေနှင့် မိုးမမြင် မြေမမြင် နိုင်အောင် ပျော်ရွှင်ကာ နေကြမြဲပေါ့နော်။ ဒါပေမယ့် ဒီအကြောင်းမှန်တွေကို မသိမမြင် ရလေတော့ သေကျေပြီးသား အလောင်းကောင်ကြီးကို သားသမီး၊ မိဘ၊ လင်မယားစသော အစွဲမျိုးတို့ဖြင့် မပစ်ရက် မစွန့်ရက်နိုင်ကြဘဲ တမှိုင်မှိုင် ငိုကြွေး၍ ပူဆွေးဒုက္ခ ရောက်နေတတ်ကြလေတယ်။

ရှေးအခါက အလောင်းတော် ရင့်မာကြီးတွေသော်မှ နောက်ဘဝ အကြောင်းစုံကို မသိရသေးခင်မှာ ပူပြင်းခြင်း သောကမီးနှင့် တွေ့ကြုံကြရသော် လည်း သေသသွားသူ၏ နောက်အသစ်ဘဝ၌ ဖြစ်ရသော အကြောင်းမှန်ကို သိရသည်နှင့် တစ်ပြိုင်နက် ရတက်ပူပြင်း စိုးရိမ်ခြင်း မရှိကြတော့ဘဲ ချမ်းသာရာ ရကြဖူးကြောင်း ထုံးဟောင်းသက်သေ ဝတ္ထုကလေးတစ်ခု ပြရပါလျှင်...

ရှေးအခါ၌ ကာသိတိုင်း ပါဠလိအမည်ရှိသော နေပြည်တော်ကြီးမှာ အဿက အမည်တွင်သော ဘုရင်မင်းမြတ်တစ်ပါး စိုးစံတော်မူတယ်။ ထိုအဿကမင်းကြီး၏ ဥပရိအမည်ရှိတဲ့ လူထက်မက နတ်တမျှသို့ ချောမောလှပသော မိဖုရားခေါင်ကြီးတစ်ပါး ရှိလေရာ ဘုရင်မင်းကြီးက ချစ်ခင်မြတ်နိုးတော်မူလှတာနှင့် မိဖုရားကြီးကို အရာရအလိုလိုက်ပြီး ဘာကိုမှ ဆုံးမ ပြောဆိုရက်ခြင်းမရှိဘဲ လွတ်လပ်စွာ နေထိုင် ဖျော်ဖြေတော်မူလေ စေတယ်။

တစ်နေ့မှာ ကံမကောင်း အကြောင်းမလှတာနှင့် ဖြန်းခနဲဆို မိဖုရားခေါင်ကြီး နတ်ရွာစံပြီး သွားလေရာ အဿက ဘုရင်မင်းကြီးမှာ ချစ်မေတ္တာ လွန်စွာမှ ပြင်းပြတော်မူလှတာနှင့် အလောင်းကိုသော်မှ မစွန့်ပစ်ရက်နိုင်ရှာဘဲ မစားနိုင် မသောက်နိုင် မအိပ်မနေနိုင် ပူပင်သောက စိုးရိမ်ခြင်း ပြင်းပြစွာ ငိုမြည်တမ်း၍ နေလေတယ်တဲ့။ တခြား ဆွေတော် မျိုးတော် မှူးမတ်ကြီးများက တရားကြောင်းပြ၍ ဖျောင်းဖျ အားပေးကြသော်လည်း ဘာကိုမှနားမဝင် ချစ်ခင်စိတ်တွေ မွှန်ပြီး ငို၍နေရှာလေတယ်တဲ့။

ထိုအခိုက်အခါမှာ ငါတို့၏ ဘုရားအလောင်းတော်သည် သမာပတ်ရှစ်တန် အဘိညာဉ်ဈာန်ပျော် ရသေ့ကျော်တစ်ပါးဖြစ်ကာ ဟိမဝန္တာတောစခန်း၌ စံမြန်း၍နေတော်မူစဉ် အဘိညာဉ်ဈာန်တန်ခိုးဖြင့် အဿကမင်းကြီး၏ စိုးရိမ်ပူဆွေးခြင်းကို မြင်တော်မူရတာနှင့် ဘုရင်မင်းကြီးကို တရားရေအေး တိုက်ကျွေးဆုံးမတော်မူလိုသည့်အတွက် ကောင်းကင်ခရီးဖြင့် ဈာန်ယာဉ်စီးကာ ဘုရင်မင်းကြီး၏ ဥယျာဉ်တော်တွင်းသို့ သက်ဆင်းလျက် နေထိုင်တော်မူလေတယ်။

ပါဋလိမြို့သား ပုဏ္ဏားလုလင်တစ်ယောက်လည်း တစ်စုံ တစ်ခုသော ကိစ္စဖြင့် မင်းဥယျာဉ်တော်သို့ သွားလေရာ အလောင်းတော် ရသေ့နှင့် တွေ့ဆုံဖူးမြော်ကာ ဦးချရှိခိုး၍ အလ္လာပသလ္လာပစကားများကို ပြောဆို မေးမြန်းပြီးနောက် ရှင်ရသေ့ မေးမြန်းချက်အရ မိမိ၏အရှင်သခင် ဘုရင်မင်းမြတ်၏ တရားနှင့်အညီ တိုင်းပြည်ကို စိုးအုပ်နိုင်သော်လည်း ချစ်ခင်လေးစား ဥပရိမိဖုရားကြီး၏ သေကျေမှု လောကဓံတရားများနှင့် ရင်ဆိုင်တွေ့နေရသည့်အတွက်ကြောင့် ပူဆွေးသောက ငိုမြည်တမ်းရခြင်းဒုက္ခနှင့် တွေ့ကြုံဆင်းရဲ၍ နေရရှာသည်မှာ ခုနစ်ရက်ပင် ရှိပါပြီ၊ ယနေ့ထက်တိုင် အလောင်းကောင်ကြီးကို မစွန့်ရက်နိုင်ဘဲ တမှိုင်မှိုင်နှင့် နေရှာကြောင်းကို ပြန်ပြောင်း၍ လျှောက်ထားလေလျှင် အလောင်းတော် ရှင်ရသေ့ကလည်း ဘုရင်မင်းကြီး၏ဖြစ်ပုံကို အကုန်အစင်သိကာ စိုးရိမ်မှု သက်သာစေရန် ရည်ရွယ်တော်မူ၍ "အသင်ပုဏ္ဏား သင်တို့၏ဘုရင် အဿကမင်းသည် မိဖုရားကြီး ဥပရိဒေဝီ၏ဖြစ်ရာ နောက် ဘဝကို ခေါ်၍ပြကာ မိဖုရားကြီးနှင့် စကားများ အတူတကွ ပြောဆိုရလျှင်ဖြင့် သက်သာရာရပေလိမ့်မည်"ဟု မိန့်တော်မူလေတယ်။

ပုဏ္ဏားလုလင်သည်လည်း အလောင်းတော်ရသေ့ အထံမှ အားတက်စရာအကြောင်းများကို ဘုရင်မင်းမြတ်ထံ သွားရောက်သံတော်ဦးတင်လေရာ ဘုရင်မင်းမြတ်ကြီးကလည်း မိဖုရားကြီး၏အကြောင်းကို သိလိုလှတာနှင့် အလောင်းတော် ရှင်ရသေ့အထံ အမြန်သွားရောက် မေးမြန်းလျှောက်ထားလေရာ အောက်ပါအတိုင်း မိန့်ကြားတော် မူလိုက်တယ်တဲ့နော်။

"ဒကာတော်မင်းကြီး... အသင်၏ ချစ်လှစွာသော ဥပရိ မိဖုရားကြီးသည် ရှေးကုသိုလ်ကံ ထောက်မ၍ မိဖုရားကြီး တစ်ပါး ဖြစ်ပါသော်လည်း မိမိ၏ရုပ်အဆင်းကိုသာ တပ်မက်ခင်မင် တန်ဆာဆင်၍ ပျော်ရွှင်မဆုံး တပြုံးပြုံးနှင့် မေ့လျော့ပေါ့ဆ နောင်ရေးအတွက် ကုသိုလ်တရားများကို မလိုက်စား မကျင့်မိလေသောကြောင့် သေကျေပျက်စီးရတဲ့အခါ ကုသိုလ်လက်လွတ် သတိချွတ်လို့မို့ သုဂတိဘုံဘဝနှင့် ချော်လွဲလျက် ဝမ်းနည်းစရာ နွားချေးပိုးမကြီးဖြစ်ကာ သင်၏ ဥယျာဉ်အတွင်းမှာ နောက်ဘဝသစ်၌ ချစ်စခင်စဖြစ်သော ခင်ပွန်းသည် နွား ချေးပိုးကြီးနှင့်အတူ ကြည်ဖြူရွှင်ပျနေထိုင်ကြကြောင်း" မိန့်ကြားတော်မူလိုက်လေတယ်။

သို့ကလို အလောင်းတော်ရှင်ရသေ့က ဥပရိမိဖုရားကြီး၏ နောက်ဘဝဖြစ်ရပုံကို အစုံအလင်ပြောပြသော်လည်း ဘုရင်မင်းကြီးက ယုံကြည်ခြင်းမရှိတာနှင့် မိမိ၏ အဘိညာဉ်တန်ခိုးစွမ်းဖြင့် ဥပရိမိဖုရားကြီးမှဖြစ်သောနွားချေးပိုးဇနီးမောင်နှံကို ခေါ်ဆောင်၍ မင်းကြီး၏ ရှေ့မျက်မှောက်မှာသာလျှင်ရောက်လာသော နွားချေးပိုးမကြီးကို မေးမြန်းတော် မူသည့်အတွက်ကြောင့် နွားချေးပိုးမကြီးက ပြောဆို လျှောက်ထားသည်မှာ...

"တန်ခိုးကြီးမား အရှင်မြတ်ဘုရား၊ တပည့်တော်မသည် ရှေးဘဝက မိဖုရားကြီးပင် ဖြစ်ရသော်လည်း မိမိအဆင်း ကလေးကိုသာ ခင်မင်အားရတသသနှင့် နောင်ရေးအတွက် မတွေးဆ ကုသိုလ်ပုညများကို မပြုလုပ်မကြိုးစားခဲ့လေသောကြောင့် နတ်ရွာသုဂတိမှ ရှောင်လွှဲပြီး ဆင်းရဲအောက်ကျ နွားချေးပိုးမကြီး ဖြစ်ရပါကြောင်း"ကို လူတို့၏ ဘာသာဖြင့် ပြောကြား လျှောက်ထားလေတယ်တဲ့။

နောက်တစ်ဖန် အလောင်းတော်ရှင်ရသေ့က "ရှေးဘဝ အရှင်ဘုရင်အသသကနှင့် ယခုဘဝမှ တွေ့ဆုံရသော နွားချေးပိုးကြီးတို့တွင်

ဘယ်သူ့ကိုများ သာလွန်၍ မေတ္တာသက်ဝင် ချစ်ခင်ပါသနည်း”ဟု ထပ်၍ မေးမြန်းလိုက်လေရာ နွားချေးပိုးမကြီးက မိမိ၏စိတ်မှာဖြစ်သော အကြောင်းမှန်ကို ပြန်ပြောင်း၍ လျှောက်ထားသည်မှာ...

**အယ မသဲကရာဇေနေ၊ ဒေသော ဝိစရိတော မမ။**
**အနုကာမယ မာနေန၊ ဝိယေန ပတိနာ သဟ။**
**နဝေန သုခဒုကၡေန၊ ပေါရာဏံ အပိ ဝိယတိ။**
**တသ္မာ အသဲကရညာဝ၊ ကိံရော ဝိယတရော မမ။**

**ဘန္တေ၊** တန်ခိုးတေဇော် ဂုဏ်တော်တောက်ကြွား အို... အရှင်မြတ်ဘုရား။ **အယံ၊** စိမ်းလဲ့ညိုလွင် ပျော်ရွှင်မငြီး ဤဥယျာဉ်တော်ကြီးသည်။ **ပုဗ္ဗေ၊** ရှေးဘဝမသေခင် လူဖြစ်ရစဉ်အခါ၌။ **မယှာ၊** ဥပရိဒေဝီ နာမည်တွင်သတပည့်တော်မသည်။ **အနုကာမယ မာနေန၊** နေ့ညမစဲ အမြဲမပြတ်နှစ်သက်မြတ်နိုးအပ်သော။ **ဝိယေန ပတိနာ၊** မခွဲရက်မခွာနိုင် ကာမပိုင်ချစ်လင်ဖြစ်ခဲ့ဖူးသော။ **အသဲကရာဇေန၊** အသဲကမည်တွင် မောင်တော် ဘုရင်မင်းမြတ်နှင့်။ **သဟ၊** မကွေမကွဲ တစ်ပေါင်းတည်းသာလျှင်။ **ဝိစရိတော– ဒေသော၊** ငါးပါးအာရုံ ကာမဂုဏ်ချမ်းသာများကို ခံစားစုံညီ လှည့်လည်သွားလာရာဌာနကြီး ဖြစ်ခဲ့ပါသည်ဘုရား။

**ပန၊** ထိုသို့ နေ့ညမစဲ မကွာကွဲဘဲ အမြဲချစ်ခင် ပျော်ရွှင်ခံစားခဲ့ရပါသော်လည်း။ **နဝေန သုခဒုကၡေန၊** နောက်ဘဝတစ်ဖန် တွေ့ကြုံပြန်ရနှစ်ဝယ်ဉ်တွဲ ချမ်းသာဆင်းရဲသည်။ **ပေါရာဏံ၊** ရှေးယခင်ဘဝ တွေ့ကြုံရသည့်များလှဖုံဖုံ ချမ်းသာဆင်းရဲအစုံကို။ **အပိဝိယတိ၊** စွဲလမ်းချစ်ခြင်း ပျောက်ပယ်ရှင်းအောင် ထင်းလင်းသေချာ ဖုံးကွယ်ပိတ်ဆို့၍ ထားအပ်ပါပေ၏။ **တသ္မာ၊** ထိုကဲ့သို့ ရှေးကဖြစ်အင် ကုန်အစင်ကို မျက်မြင်ဘဝ တွေ့ရမလွဲချမ်းသာဆင်းရဲတို့က တစ်စမကြွင်း ဖုံးလွှမ်းပိတ်ဆို့၍ ထားအပ်ပါသောကြောင့်။ **မမ၊** ဥပရိဒေဝီ နမည်ကျော်ကြား မိဖုရားမှ တိမ်းပါးအောက်ကျ တပည့်တော်နွားချေးပိုးမ၏။ **အသဲကရညာ၊** ဟိုရှေးဘဝ ခါကာလ၌ အသက်တမျှချစ်ခင်အသဲက အရှင်ဘုရင်မင်းမြတ်ကြီးထက်။ **ကိံရော၊** ယခုဖြစ်ရ သစ်ဘဝ၌လေးမြတ်ချစ်ခင် တွေ့မြင်အားကိုး နွားချေးပိုးကိုသာလျှင်။ **ဝိယတရော၊**

မခွဲရက် မခွာချင် ထာဝစဉ်မြတ်နိုးလျက် အားကိုးရာရာ ချစ်ခင်စုံမက် အပ်ပါသည်ဘုရား။

ဘယ်လောက်များ စိတ်နာစရာ ကောင်းသလဲဆိုတာ စဉ်းစားသာ ကြည့်ကြပါလျှင် သေသူအတွက် ရတက်မအေး ပူဆွေးသောက ရောက်ရခြင်း၏ အကျိုးမရှိပုံကို အကုန်အစင် သိမြင်စဉ်းစားတတ်ကြဖို့ပေါ့နော်။

ဘုန်းတော်ရောင်ရှိန် ထိန်ထိန်ဝင်းလျှပ် အို...အရှင်ရသေ့ မြတ်ဘုရား။ စိမ်းလဲ့ညိုပြာ သာယာကြည်နူး အထူးပျော်ရွှင်ဖွယ် ကောင်းလှပါသော ဤမင်းမြတ်၏ ဥယျာဉ်တော်ကြီးသည်ကား ဟိုရှေးယခင်ကာလ ဥပရိဒေဝီ ဖြစ်ရစဉ်တဝ၌ အချင်းချင်းမပျက် လည်ကိုဖက်၍ နေ့ရက်စုံပင် ပျော်ရွှင်ကြည်နူး အထူးပင်လျှင် ချစ်ခင်မြတ်နိုး အားကိုးသက်နှင်း ဘုရင်အသဿကမင်းကြီး နှင့် မကွာမကွဲ ယှဉ်တွဲနေ့ည ပျော်ရွှင်မြူးထူးရာ ဌာနကြီး ဖြစ်ခဲ့ပါသည် အရှင်ဘုရား။

သို့ပါသော်လည်း ကံဟုန်ပစ်ချ သစ်ဘဝ၌ ဖြစ်ရမလွဲ ဆင်းရဲချမ်းသာ ကြောင်းနှစ်ဖြာတို့က ခြားကွာမပြတ် မသိမမြင်နိုင်အောင် ဖုံးလွှမ်းပိတ်ပင်၍ ထားအပ်ပါသောကြောင့် အဟောင်းဘဝ တွေ့ခဲ့ဖန်ခါ ချမ်းသာဆင်းရဲ အနည်းနည်းအဝဝ ဟူသမျှတို့သည် တစ်စမကြွင်း ကင်းရှင်းမေ့ပျောက်မြဲ ဖြစ်လေရကား ဟိုးရှေးယခင်ဘဝ ချစ်ခင်မြတ်နိုး အားကိုးခဲ့ရဖူးသော အသဿကခေါ်တွင် မောင်တော်မင်းမြတ်ထက် ဘဝဇာတ်မပြား နွားချေးပိုးကြီး အားသာလျှင် တပည့်တော်မ၏ ချစ်ခြင်းမေတ္တာ လွန်ကဲသာ၍ စိတ်စေတနာ တွေ ပိုလွန်ခဲ့ပါပြီ ဘုရား။

နွားချေးပိုးနှင့် ဘုရင်မင်း ချစ်ခြင်းမေတ္တာ ဘယ်လောက်များ ကွာခြားပါသလဲဆိုတာကို ပရိသတ်အလယ်မှာ ဖုံးကွယ် သွယ်ဝိုက်ခြင်းမရှိ မိမိစိတ်ရင်းရှိတိုင်း ပြောပြရပါလျှင် မောင်တော်ဘုရင် အသဿကမင်းကြီး၏ လည်ပင်းကို အပိုင်းပိုင်း ဖြတ်ခုတ်၍ ထွက်လာသော လည်ချောင်းသွေးဖြင့်ပင် နောက်ချစ်လင် နွားချေးပိုး၏ ခြေဖမိုးအစုံကိုသာလျှင် ဆေးကြော၍ ပေးလိုပါကြောင်းဘုရား စသည်ဖြင့် လူတို့၏ ဘာသာစကားကို ပီသစွာ ပြောကြား လျှောက်ထားလိုက်လေတယ်တဲ့။

ဘုရင်အသသကမင်းသည်လည်း နွားချေးပိုးမ၏ ပြောဆိုလျှောက်ကြား စကားစုံကို ကြားသိရသည်နှင့် မရွှင်ဟဒယ အလွန်ပင် မခံချင်လှတာကြောင့် မိဖုရားကြီးအပေါ်၌ ချစ်မေတ္တာပျောက်ကင်း မုန်းတီးခြင်း ဒေါသ ထောင်းထောင်းထ လှတာနှင့် ချက်ချင်း ပရိသတ်အလယ်မှာပင် မပစ်ရက် မခွာချင် အလွန်ပင် ချစ်ခင်မြတ်နိုးတော်မူအပ်သော ဥပရိ မိဖုရားကြီး၏ အလောင်းတော်ကို သောင်းထောင်စပ်ဟပ် ခုတ်ဖြတ်ချေမှုန်းကြ၍ သင်္ချိုင်း သုသာန်သို့ ထုတ်ဆောင်ကာ မီးဂြိုဟ်လိုက်ကြပေတော့ဟု လက်လျှော့ ချက်ချင်း ချစ်မေတ္တာ ကင်းတော်မူကာ နောက်ထပ်မိဖုရားအသစ်တစ်ယောက် ထပ်မံတင်မြှောက်၍ ခမ်းနားသော မင်းစည်းစိမ်ကို ခံစားတော် မူနိုင်ရှာလေ တယ်တဲ့နော်။

ဒီနေရာ၌ သေသွားကြသော လင်မယား, သားသမီး, မိဘတို့အတွက် ကျန်ရစ်သူများက တရားမဖက် စိတ်လက်နွမ်းလျ ငိုကြွေးပူဆွေးကြရခြင်းဟာ ဘာမှ အကျိုးကျေးဇူးမရှိလှဘဲ မိမိတို့သာလျှင် ငိုငြင်ပင်ပန်း ဆင်းရဲဒုက္ခ ရောက်ရ ခြင်းသာ အဖတ်တင်နေကြောင်း ကောင်းကောင်းကြီး အမြင်မှန် ရကြစရာပေါ့နော်။

ကဲ... ယခုဟောပြောခဲ့ပြီးသော အသသကမင်းကြီးနှင့် ဥပရိဒေဝီ မဟေသီမြှောက်စား မိဖုရားကြီးတို့၏ အကြောင်းခြင်းရာ အစုံအလင်ကို ဉာဏ်မြော်မြင်ရှုစားကြလျက် သေသွားသော သူများအတွက် တရား လက်လွတ် မပူဂန်မိကြစေဘဲ မိဖုရားကြီးနည်းတူ မာန်မူပေါ့ဆ ပျော်ပါးမှု နှင့်သာ အချိန်မကုန်လွန်စေမိကြအောင် နောက်နောင် သံသရာအရေးကို မျှော်တွေး ဆင်ခြင်ကြကာ သံသရာတစ်လွှား၌ အားကိုးအားထားစရာ အမှန်ဖြစ်သော ဒါနမှု၊ ဥပုသ်သီတင်း စောင့်သုံးမှု၊ သမထ, ဝိပဿနာ ဘာဝနာများကို ပွားများဆင်ခြင် အားထုတ် ကြိုးစားမှုများကို စိတ်လက်ရွှင်ပျ ပြုလုပ်စုဆောင်နိုင်ကြသည်ဖြစ်၍ အမတမည်သော မသေရာနိဗ္ဗာန်နန်းသို့ မြန်မြန်ကြီး စံမြန်းနိုင်ကြပါစေသတည်း။

# သားသေသောက ဉာဏ်အမြင်ရ တရားတော်

ယနေ့ ကွယ်လွန်သွားသူအား အကြောင်းပြု၍ လှူဖွယ်ဝတ္ထု အစုစုတို့အား လှူဒါန်းကြကုန်သော အလှူရှင် အလှူအမအပေါင်း သူတော်ကောင်းတို့၊ ယခု ခန္ဓာကိုယ်ရနေကြကုန်သော လူအပေါင်းတို့မှာ တစ်နေ့ကြလျှင် သေကြမှာပဲ။ ဒီလို သေဆုံး ကွယ်လွန်ကြတဲ့နေရာမှာ အဘိုး အဘွား၊ အဖေ အမေ၊ ဇနီး ခင်ပွန်း၊ သားသမီး အားလုံးသေကြတာပါပဲ။ ဒီနေရာမှာ သားလေးသေဆုံးသွားလို့ သောကပွားနေကြကုန်သော အားလုံးသော မိဘဆွေမျိုးများ သံဝေဂပွားနိုင်အောင် တင်ပြရမှာက အဲဒီလို သားသေ သောကကို ဉာဏ်အမြင်နဲ့ကြည့်ပြီး သံဝေဂ ပွားပုံကတော့...

**“ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော”** ဆိုသည့် ဒေသနာတော်လာအတိုင်း ဖြစ်ရ့ ပျက်ရ ဘုံဘဝ၌ ကြုံရတုံငြား သတ္တဝါအများတို့သည် ချစ်ခင်မြတ်နိုးအပ်သောသူများနှင့် အလိုရှိသလောက် တူယှဉ်နွဲပြီး ပျော်ပွဲဆင်ကာ နေနိုင်ကြသည်မဟုတ်ပေ။ တစ်ဦးတစ်ယောက်ကဖြစ်စေ၊ နှစ်ယောက် လုံးပဲဖြစ်စေ သေကွဲရှင်ကွဲတို့တွင် တစ်မျိုးမျိုးနှင့် ကွဲကွာကြရမည် ကေန်ဖြစ်ရကား အခိုက်အတန့်အားဖြင့် ဆင်းရဲဒုက္ခရောက်ရကြပေမည်။ ထိုကဲ့သို့ မလွဲသာ မရှောင်သာသော လောကဓံမှုနှင့် တွေ့ကြုံရတဲ့အခါမှာ တရားလက်ကိုင်ကင်း၍ ပူပင်ခြင်းပြင်းစွာ မဖြစ်ကြစေဖို့ အရာရာ သတိတရားဖြင့် စဉ်းစား ဖြေဖျောက်နိုင်ကြရန် အရေးကြီးလှပေတယ်တဲ့။

ရှေးအခါက သူတော်စင်ရင့်မာကြီးများပင်လျှင် ပိယေဟိ ဝိပ္ပယောဂ ချစ်ခင်သူတို့နှင့် ကွဲကွာရခြင်း, ဆင်းရဲဒုက္ခနှင့် တွေ့ကြုံနေရသော်လည်း ပညာရှိသော မိတ်ဆွေခင်ပွန်းကောင်းတို့၏ ဖျောင်းဖျ သတိပေးမှုကြောင့် သတိသမ္ပဇဉ်ဉာဏ် အမြင်မှန်ရကြ၍ သက်သာဘေးပ အေးမြချမ်းသာတော် မူကြဖူးကြောင်း သက်သေဝတ္ထုမှာ ရှေးအတိတ်အခါ ဗာရာဏသီနေပြည် တော်ကြီး၌ ဗြဟ္မဒတ်မင်းကြီးတစ်ပါး စိုးစံ၍နေတော်မူစဉ် ငါတို့၏ဘုရား အလောင်းတော်သည် တာဝတိံသာနတ်ပြည်ပိုင်နင်း သိကြားနတ်မင်းကြီး တစ်ပါး ထင်ရှားစွာ ဖြစ်ရလေတယ်တဲ့။

ထိုစဉ်အခါ ကာသိရွာသား ပုဏ္ဏားတစ်ယောက်သည် ငါးပါးအာရုံ ကာမဂုဏ်တို့ကို အပြစ်ဟုထင်မြင် ရှုဆင်ခြင် မျှော်မှန်း လူ့အသွင်ခွာသန်း၍ ရသေ့ရဟန်းပြုကာ ဟိမဝန္တာတောအတွင်း၌ ဘာသဝနာကမ္မဋ္ဌာန်း အားထုတ် ခြင်းဖြင့်သာ နေထိုင်တော်မူခဲ့လေတယ်တဲ့။ တစ်နေ့မှာ တောထဲကိုသစ်သီး ရှာသွားခိုက် ဆင်ငယ်ကလေးတစ်ကောင်ကို တွေ့ရတာနှင့် သနားခြင်း ကရုဏာ မေတ္တာထုံမွှမ်း၍ ကျောင်းသင်္ခမ်းသို့ ယူဆောင်ခဲ့ကာ အစာရေစာ ကျွေး၍ မွေးမြူကာ ထားလေတယ်။

ဆင်ကလေးမှာ တိရစ္ဆာန်ပင်ဖြစ်သော်လည်း အလွန်တရာ လိမ္မာ ယဉ်ကျေးမှုရှိလှတာနှင့် ၎င်း၏အမည်ကို 'သောမဒတ္တ' လနတ်သားက ပေးထားသော သားကလေးဟူ၍ ချစ်စနိုး နာမည်ပေးထားလေတယ်တဲ့။ တစ်နေ့မှာ ထိုဆင်ကလေးသည် ရသေ့ကြီး၏ သစ်သီးရှာသွားခိုက် အစာ မကြေသောရောဂါဖြင့် သေဆုံး၍ သွားလေရကား ရသေ့ကြီး တောထဲက ပြန်လာတဲ့အခါ ရှေးကလို ခရီးဦးကြိုဆိုခြင်း၊ ရှိခိုးဝန်ချခြင်း၊ သစ်သီးခြင်း စသည်များကို လှမ်း၍ယူငင်ခြင်း စသည်များကို မပြုလုပ်နိုင်ရှာတော့ဘူး ပေါ့နော်။

ရသေ့ကြီးလည်း တောတောင်ထဲမှ သစ်သီးများကို ပင်ပန်းကြီးစွာ ရှာကြံစုဆောင်းခဲ့၍ သင်္ခမ်းကျောင်းသို့ ပြန်လာတဲ့အခါ ရှေးကလို သားချစ် ဆင်ကလေး၏ ခရီးဦးကြိုဆိုမှု စသည်များကို မပြုလုပ်တာ တွေ့ရတာနှင့် ကပျာကယာ ကျောင်းထဲသို့ဝင်၍ ကြည့်ရှုလေလျှင် သေကျေပျက်စီး၍ နေသည်ကို တွေ့ရသောကြောင့် ယူကျုံးမရ အပူလုံးတွေကြွလျက် စိုးရိမ် ငိုကြွေး ပူဆွေးသောက ရောက်၍ နေရှာလေတယ်တဲ့။

ထိုအခိုက် အလောင်းတော် သိကြားမင်းကြီးလည်း လူ့ပြည်လောက ကယ်မစောင့်ရှောက်ရမည့်သူများကို ရှုစားတော်မူလိုက်ရာ ရသေ့ကြီး၏ မွေးမြူထားသော ဆင်သေကလေး၏ ညံ့ယောဇဉ် အကုသိုလ်မှုကြောင့် စိတ်လက်မအေး ပူဆွေးသောကရောက်၍နေသည်ကို တွေ့မြင်ရတာနှင့် ခြောင်... ရသေ့ကြီး ကုဋေများစွာ ဥစ္စာရတနာတို့နှင့်တကွ မိဘဆွေမျိုး ဘိုးဘွားသောင်းထောင် လူတို့ဘောင်ပါ စွန့်ပစ်ခွာထားခဲ့၍ ဖန်ဝါသက်နိုး ဆင်မြန်းပျော်မွေ့ ရသေ့ရဟန်းပြုကာ လူသူမနီး တောမြိုင်ကြီးထဲ၌ စိတ်လက် အေးချမ်း ရှင်လန်းမှီခို တပသီ သူတော်စင်ကြီးဖြစ်ပါလျက် ဘာမဟုတ်တဲ့ တောတိရစ္ဆာန် ဆင်ကလေးအပေါ်မှာ စွဲလမ်းခြင်းဖြစ်စေလျက် သတိ လွတ်ကင်း ပူပန်ခြင်း သောကမီးနှင့် ရင်ဆိုင်တွေ့၍ နေရရှာပါကလား။

ထိုရသေ့ကြီးကို ငါမှတစ်ပါး တခြားကယ်ဆယ်သူမရှိ ဖြစ်ရကား ငါကိုယ်တိုင် သွားရောက်၍ ရှေ့နောက်မျှော်တွေး သတိပေးကယ်ဆယ်ဦးမှ တော်မည်ဟု စိတ်ကြံတော်ပေါ်ပေါက် ရသေ့ကြီးအထံမှောက်သို့ နတ်တို့၏ တန်ခိုးဖြင့် အမြန်ရောက်အောင် ချဉ်းကပ်ကျုန ကိုယ်ထင်ပြ၍ သတိပေးစကား ပြောကြားလိုက်သည်မှာ... "အို... မှင်ရသေ့၊ သင်သည် ဟိုရှေးယခင် လူဖြစ်စဉ်က သားနှင့်မယား ဆွေမျိုးများနှင့် စပါးဆန်ရေ ရွှေငွေဥစ္စာ အဖြာဖြာတို့ကိုပင် ချစ်ခင်ကင်းပါး စွန့်ပယ်၍ထားခဲ့နိုင်ပါလျက် ဘာမှမဟုတ်တဲ့ ဆင်ကလေး၏ သေကျေပျက်စီးခြင်းကြောင့် သတိမယှဉ် သမ္ပဇဉ်ကင်းပ စိုးရိမ်ငိုကြွေးခြင်းဖြစ်ရသည်မှာ မသင့်လျော်နိုင်ပါ"ဟု ပြောလိုက်လေတယ်။ ထိုအခါ ရသေ့ကြီးက "အရှင်သိကြားမင်း၊ လောက၌ လူပဲဖြစ်ဖြစ် တောတိရစ္ဆာန်ပဲဖြစ်ဖြစ် ကာလရှည်ကြာ အတူတကွ ပေါင်းသင်းဆက်ဆံခြင်း ကြောင့် ချစ်ခင်မှုဟူသော တဏှာပေမ သဘောတရားသည် ကေန်မလွဲ ဖြစ်ပေါ်ရမြဲထုံးစံရှိပါတယ်။

ထိုချစ်မြတ်နိုးအပ်သောသူ၏ ကံမကောင်း အကြောင်းမလှ၍ သေကျေ ပျက်စီးခြင်းကြောင့် ကွဲကွာ၍ နေရတဲ့အခါမှာလည်း ချစ်သူကွေကွင်း စိတ်လက်ဆင်းရဲခြင်းနှင့် တွေ့ကြုံရမြဲဖြစ်ပါ၍ မစိုးရိမ် မပူပန်ဘဲ မနေနိုင် တော့ပါ"ဟု ပြန်၍ ပြောလိုက်လေရာ အလောင်းတော် သိကြားမင်းက ရသေ့ကြီးအား ဆက်လက် ဆိုဆုံးမလိုက်သည်မှာ...

**မတံ မရိသံ ရောဒန္တိ၊ ယေ ရုဒန္တိ လပန္တိ စ။**
**တသ္မာ တွံ ဣသိ မာရောဒိ၊ ရောဒိတံ မောဃ မာဟု သန္တော။**

**ဣသိ၊** တရားပျော်မွေ့ အို...ရှင်ရသေ့။ **ယေဇနာ၊** များစွာ သောင်းသောင်း အကြင်လူအပေါင်းတို့သည်။ **မတံစ၊** ခန္ဓာကိုယ်ပျက်ပြုန်း သေဆုံးပြီး သေဆုံးဆဲဖြစ်သော လူကိုလည်းကောင်း။ **မရိသံစ၊** မြေပေါ် လက်တင် မလွဲအင်သို့ မျက်မြင်ကာ သေဆုံးရမည့် အဖြစ်တည်ငြား ပုဂ္ဂိုလ်များကို လည်းကောင်း။ **ရောဒန္တိစ၊** ငိုလည်း ငိုကြရလေကုန်၏။ **ရုဒန္တိစ၊** မျက်ရည်ဖြိုင်ဖြိုင် မဆည်နိုင်ဘဲ ကြမ်းမှိုင်ငိုကြွေး ပူဆွေးကြရကုန်လေ၏။ **လပန္တိစ၊** ဟစ်အော်တသ မြည်တမ်းကြရလေကုန်၏။

**တေသံ၊** သေပြီးသေဆဲ မလွဲသေမည် ချစ်ရည်တိုးပွား ပုဂ္ဂိုလ်များ အတွက် ရတက်မကင်း ပူပြင်းကြတောင်း ထိုလူအပေါင်းတို့၏။ **အဿု သုက္ခန ကာလော၊** မျက်ရည်ခြောက်ခန်း အေးချမ်းရမည့် အခါသည်။ **နတ္ထိ၊** ဘာတစ်ခုမှ မရှိနိုင်တော့ပေ။ **တသ္မာ၊** ထို့ကြောင့်။ **တွံ၊** အရှင်ရသေ့သည်။ **မာရောဒိ၊** သတိကင်းလွတ် တရားချွတ်ကာ မငိုကြွေးလိုက်ပါနှင့်။ **ရောဒိတံ၊** တရားလွတ်ကင်း ငိုကြွေးမြည်တမ်းခြင်းကို။ **မောဃံ၊** လောကီ, လောကုတ္တရာ နှစ်ဖြာအကျိုး ပွားတိုးမ,ပြီး အချည်းနှီး အလကားဟူ၍။ **သန္တော၊** ဘုရား, ပစ္စေကာ, ရဟန္တာစသား ပညာရှိသူတော်စင် အများ တို့သည်။ **အာဟု၊** နောင်လာနောက်သား ရှုမှတ်သားဖို့ ထင်ရှားမသေွ ဟောပြောတော်မူခဲ့ကြလေကုန်သတည်း။

တရားပျော်မွေ့ အို...ရှင်ရသေ့၊ လောကအတွင်း မှီတင်းနေငြား လူအများတို့သည် သေပြီးသေဆဲ သေရမည့်ပုဂ္ဂိုလ် ထိုထိုများလှ ချစ်ခင်သူ ဟူသမျှတို့အတွက် စိုးရိမ်ပူဆွေး ငိုကြွေး၍နေကြရမည်ဆိုပါလျှင် မျက်နှင့် မျက်ခွက် ဆက်ဆက်မပြတ် အားလပ်ခြောက်ခန်း အေးချမ်းရမည့် အချိန် ကာလပင် ရှိနိုင်ကြတော့မည် မဟုတ်သည့်အပြင် ရှေးသူတော်စင်အပေါင်း တို့ကလည်း သေသူအတွက် ငိုကြွေးမှုသည် လောကီ, လောကုတ္တရာ တစ်စုံတစ်ရာ အကျိုးပွားတိုးမှု မရှိကြောင်း မိန့်ဆိုထားသော ထုံးဟောင်း ရှိလေသောကြောင့် တရားမယှဉ် သတိသမ္ပဇဉ်လွတ်ကင်း ငိုကြွေးမြည်

တမ်းခြင်း မပြုထိုက်ကြောင်းကို သတိပေးစကား ပြောကြားလိုရင်း ဖြစ်ပေတယ်။ အတုယူနည်းခိုး၍ ကျင့်ကြံ လိုက်နာကြဖို့ပေါ့နော်။

**ကန္တိတေန ဟာဒဝ ပြပော့၊ မတော ပေတော သမုဋ္ဌဟော။**

**သဗ္ဗေ သင်္ဂမ္ဗ ရောဒါမ၊ အညမညသသ ဉာတကေ။**

**ပြပော့၊** သားဆင်သေအတွက် ရတက်မအေး ပူဆွေးသောကရောက်ရလေပြား အို...အရှင်ရသေ့ဘုရား။ **ကန္တိတေန၊** စိုးရိမ်ပူဆွေးငိုကြွေးမြည်တမ်းခြင်းဖြင့်။ **မတောပေတော၊** မျက်မှောက်ဒိဋ္ဌ ခုဘဝမှ ကင်းပသေပျောက် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည်။ **ဟာဒဝ၊** စင်စစ်ကေန် အမှန်မုချ။ **သမုဋ္ဌဟော၊** အသက်တစ်ဖန် ရှင်လာပြန်၍ ကြောင်းကံထောက်မ တကယ်ပင် ထလာနိုင်သည် ဖြစ်ပါအံ့။ **ဇဝံသတိ၊** ကျန်ရစ်ကြသူ ညီတူပေါင်းစု ငိုကြွေးမှုကြောင့် သေသူတစ်ဖန် အသက်ရှင်လာ ပြန်သည်ရှိသော်။ **သဗ္ဗေမယံ၊** သေပွဲမဝင် အသက်ရှင်ပြား များပြားစုံညီ အားလုံးသောငါတို့သည်။ **သင်္ဂမ္ဗ၊** ညီညာဝိုင်းအုံ ပေါင်းစုကြကုန်လျက်။ **အညမညသသ၊** အချင်းချင်း တစ်ဦးနှင့်တစ်ဦး၏။ **ဉာတကေ၊** အခြေမလှ သေရရှာတောင်း ဆွေမျိုးသားချင်းအပေါင်းတို့ကို။ **ရောဒါမ၊** နေ့ညမစဲ တရှုံ့ရှုံ့ဖြင့် အမြဲပုံသေ ငိုကြွေးမြည်တမ်း ကြပေကုန်တော့အံ့သတည်း။

သားဆင်သေကလေးအတွက် ရတက်ပူဆွေး ငိုကြွေးတာသ ဒုက္ခ ရောက်ပြား အို...အရှင်မြတ်ဘုရား၊ လောကနေ လူအများတို့၏ ငိုကြွေး ပူဆွေးခြင်းကြောင့် သေဆုံးကြပြီးသူများ နောက်ထပ်တစ်ဖန် အသက်ရှင်နိုင် ပြန်မည်ဆိုပါက ရှိကြသိမ်းကျုံး အားလုံးသော အကျွန်ုပ်တို့သည် ဆွေမျိုး သားချင်း ချစ်ကျွမ်းဝင်ကြသော သူအပေါင်းတို့၏ ကံမကောင်း အကြောင်း မလှ၍ သေပွဲသို့ ဝင်ရောက်တဲ့အခါမှာ ဝိုင်းကာစုပုံ ငိုကြွေးမြည်တမ်းကြ ကုန်လျက် တစ်ဦးကိုတစ်ဦး ကူညီရိုင်းပင်းကြပါမည်ဟု၍ သတိပေးပြောကြား လိုရင်းပေါ့နော်။

သို့ကလို အလောင်းတော်သိကြားမင်းက ရသေ့ကြီးအား သတိပေး စကား ဟောကြားပြောပြလိုက်တဲ့အခါမှာ တောတောင်ပျော်မွေ့ ရှင်ရသေ့ ကြီးသည် သတိသမ္ပဇဉ် ဉာဏ်အမှန်များ ရရှိလို့မို့ သားသောကပျောက်ကင်း ရှေးရယင်းဖြစ်သော ကမ္မဋ္ဌာန်းတရားတော်များကို နှလုံးသွင်းဆင်ခြင်ကာ

ရှာန်အဘိညာဉ် ဉာဏ်အမြင်တွေကို ရရှိလျက် ဝမ်းမြောက်ဝမ်းသာ ထက်ပြဟ္မာပြည်တစ်ခွင်၌ ပျော်ရွှင်ခံစားရလေတယ်တဲ့။

ကဲ... ယခုဟောပြောခဲ့သမျှသော ဒေသနာအစဉ်ကို နားသောတ ဆင်ကာ ရှင်စွာနာကြား သင်ဒကာ, ဒကာမများတို့သည်လည်း ဆွေမျိုး တို့၏ ပျက်စီးခြင်းနှင့် တွေ့ရတဲ့အခါမှာ မိမိတို့ကိုယ်တိုင် ပူပင်မှုနည်းပါးရ လေအောင် သတိသံဝေ ဉာဏ်မြင်တွေ အမှန်ရအောင် ပြုပြင်ခြင်းဖြင့် စောင့်စည်းဆင်ခြင်နိုင်ကြလျက် ပူပင်သောက ရောက်နေကြသော ဆွေမျိုး မိဘ မိတ်ဆွေ သူငယ်ချင်းများကိုလည်း နည်းမှန်လမ်းမှန် သံဝေဉာဏ်ကို ရကြစေရန် ပြောဆို ညွှန်ကြားနိုင်ကြ၍ သူတော်ကောင်း တရားများကို ကြိုးစားအားထုတ်နိုင်ကြကာ ခေမာသောင်ကမ်း နိဗ္ဗာန်နန်းသို့ စံမြန်းပျော်ရွှင် ကြည်လင်မုချ ရောက်ကြရပါစေသတည်း။

# သေမင်းလွတ်မှ ချမ်းသာရ တရားတော်

ယနေ့ ကွယ်လွန်သွားသူအား အကြောင်းပြု၍ လှူဖွယ်ဝတ္ထု အစုစုတို့အား လှူဒါန်းကြကုန်သော အလှူရှင် အလှူအမအပေါင်း သူတော်ကောင်းတို့အားလုံး ပုထုဇဉ်ပုဂ္ဂိုလ်တွေက သေမင်းကို ကြောက်ကြပါတယ်။ ဒီသေမင်းကို ကြောက်တဲ့သူများ လွတ်မြောက်ပြီး ချမ်းသာရအောင် ဘယ်လိုလုပ်ကြမလဲဆိုတော့…

**ဒဟရာစ မဟန္တာစ၊ ယေ ဗာလာ ယေစ ပဏ္ဍိတာ။**

**သဗ္ဗေ မစ္စုဝသံ ယန္တိ၊ သဗ္ဗေ မစ္စုပရာယနာ။**

**လောကေ၊** ငါတို့နေရာ ကမ္ဘာလောကဓာတ်ကြီးအတွင်း၌။ **ဝသန္တာ၊** နေထိုင်ကြကုန်သော။ **ဒဟရာစ၊** ပျိုမျစ်နုနယ် ငယ်ရွယ်ကြငြား လူအများတို့သည်လည်းကောင်း။ **မဟန္တာစ၊** အသက်စည်းစိမ် ဂုဏ်သိန်ကြီးမား လူအများတို့ကို လည်းကောင်း။ **ယေဗာလာစ၊** လောက,ဓမ္မ နှစ်ဝရေးရာ မလိမ္မာငြား အကြင်လူမိုက်များတို့သည်လည်းကောင်း။ **ယေစ ပဏ္ဍိတာ၊** ကောင်းဆိုးမြော်မြင် အကြင် ပညာရှင်အပေါင်းတို့သည် လည်းကောင်း။ **သန္တိ၊** အမှန်မုချ ရှိကြလေကုန်၏။ **တေ သဗ္ဗေ၊** ထိုသို့ ဆိုအပ်ခဲ့ပြီးသော ငယ်,ကြီး,မိုက်ပါ လူလိမ္မာနှင့် ဖြာဖြာဖုံဖုံ အလုံးစုံသော သူတို့သည်။ **မစ္စုဝသံ၊** အာဏာတန်ခိုး ပွားတိုးထင်လင်း ရှင်သေမင်း၏ ခြေရင်းခေါ်ငြား ထံတော်ပါးသို့။ **ယန္တိ၊** ချစ်သူခွဲခွာ မလွဲသာဘဲ သည်းနာလှိုက်ခုန် သွားရောက်လိုက်ပါကြရရှာလေကုန်၏။ **သဗ္ဗေ၊** လုံးစုံများစွာ သတ္တဝါဟူသမျှ

အပေါင်းတို့သည်။ **မစ္ဆုပရာယနာ၊** အာဃာတထန်ပြင်း ရှင်သေမင်း၏ ခြေရင်းသို့သာ ကျရောက်ပျက်ပြား ကြလေကုန်၏။

လူ့ပြည်လောက ဘုံဌာနတွင် နေကြမှီတွယ် လူကြီးငယ်နှင့် လူရွယ် လူမိုက် အထိုက်မြင်သိ ပညာရှိတုံ လူပေါင်းစုံကား အကုန်သေမင်း ထံတော်ရင်းသို့ မကွင်းရှောင်သာ လိုက်ပါ၍နေကြရရှာပါတယ်။ တခြား တခြားသော ဘေးရန်တွေမှာ ကြိုးစားကာ ရှောင်ကွင်းကြမည် ဆိုပါလျှင် အထိုက်အလျောက် လွတ်ကင်းသက်သာခွင့် ရနိုင်ကြသော်လည်း ဤသေမင်း ယုတ်၏ အထံသို့ သွားရောက်ရမည့် အရေးကတော့ ဘယ်ကိုပြေးလို့မှ လွတ်ငြိမ်းချမ်းသာခွင့် မရရှိနိုင်တော့ပေတဲ့။

လူကြီး လူငယ် လူရွယ် လူမိုက် လူပညာရှိရယ်လို့ ဘယ်သူ့အပေါ်ကိုမှ ဂုဏ်ကြီး မျက်နှာကြီး မျက်နှာငယ် အရာကြီး အရာငယ် စသည်ခွဲခြား၍ အတင်းအလျှော့ အညှာအတာ မျက်နှာကိုလိုက်ခြင်း ငဲ့ကွက်ခြင်းမရှိတော့ဘဲ တစ်ညီတည်းကိုပင် ယှငင်သတ်ဖြတ် မပြတ်ညှဉ်းပန်းလျက် နေပါတယ်။

သို့ဖြစ်၍ လွန်စွာကြမ်းကြုတ် သေမင်းယုတ်၏ အထံပါးသို့ မသွား မရောက်ရခင် အချိန်အရွယ် ရှိစဉ်ကပင်လျှင် နောင်လာမည့်ဘေး ကင်းဝေး ရှောင်ကြဉ်နိုင်ကြဖို့အရေးကို မျှော်တွေးသိမြင် ရှုဆင်ခြင်ကြ၍ ဒါနမှု, သီလမှု, ဘာဝနာပွားများ စီးဖြန်းမှုစသော သေမင်းအထံမှောက်မှ ယခုဘဝမှာ လွန်ပြီးဖြစ်၍ မလွဲရှောင်နိုင်ကြသော်လည်း ဒုတိယဘဝမှစ၍ ကင်းလွတ် ကြောင်းအမှန် တရားကောင်းများကို သောင်းသောင်းဖြဖြ ပြုလုပ်အားထုတ် နိုင်ကြရမယ်တဲ့နော်။

ထိုသို့မဟုတ်ကြဘဲ မေ့လျော့ပေါ့ဆကြလျက် အာရုံငါးပါး ကာမဂုဏ် တရားတို့ကိုသာလျှင် ရာကြဲလိုက်စား မော်ကာကြွား၍ ပျော်ပါး၍သာ နေထိုင်ကြပါလျှင် ဘဝဆက်တိုင်း အပါယ်ငရဲ ဝဋ်ဆင်းရဲ အပေါင်းတို့မှ ဘယ်တော့မှ လွတ်မြောက် ချမ်းသာခွင့် မရနိုင်ကြတော့ဘဲ တဝဲလည်လည် ဖြစ်ပင်လယ် သံသရာကြောဌ် အတောမသတ် မျောပါနစ်မွန်းကြလျက် ဆင်းရဲ၍မဆုံး ငိုကြွေးမြည်တမ်း ပင်ပန်း၍ မဆုံးနိုင်ကြတော့ဘဲ ယူကျုံးမရ အပုလုံးတွေကြွလို့မို့ ဒုက္ခဆင်းရဲ အမြဲတစေ တွေ့ကြုံ ခံစံကြရတတ်လေ တယ်တဲ့။

သို့ဖြစ်၍ အချိန်မလွန်ကြသေးမီ သာသနာ ခေတ်ကောင်းကြီးနှင့် တွေ့ကြုံ၍ နေကြခိုက်မှာ မေ့လျော့ပေါ့ဆခြင်းဖြင့်သာ အချိန်မကုန်လွန်ကြစေဘဲ သေမင်းတည်းဟူသော ရန်သူ့စက်ကွင်းမှ လွတ်မြောက်ကြောင်း ကေန်ဖြစ်သော ဒါန, သီလ, ဘာဝနာ အဖြာဖြာသော ကုသိုလ်လက်နက်တို့ကို ရှာကြံစုဆောင်းနိုင်ကြ၍ ရန်သူနယ်ချဲ့ သွေးစုပ်ကောင် သေမင်းယုတ်ကြီးကို တော်လှန်ကြပြီး "ဝိမုတ္တိရသ" ခေါ်တဲ့ လွတ်လပ်မှု ချမ်းသာမှန်သော ရွှေပြည်နိဗ္ဗာန်ကို မြန်မြန်ကြီး ကူးမြောက် ပျော်စံနိုင်ကြပါစေသတည်း။

ကြီး, ငယ်, ရွယ်, မိုက်၊ အထိုက်လိမ္မာ၊ ပညာရှိတောင်း၊ လူအပေါင်းကား၊ ထုထောင်းဖြတ်ညှဉ်း၊ သေမင်းယုတ်ထံ၊ သွေလှန်မဖဲ၊ လိုက်ရမြဲတည်း။ အောင်ပွဲစုံလှ တို့ဗုဒ္ဓ၏၊ ထွန်းပသာသနာ၊ ဤချိန်ခါ၌၊ သေရာလွတ်ကြောင်း၊ ကုသိုလ်ကောင်းကို၊ စုဆောင်းရှင်ပျူ၊ ပြုလုပ်ကြသော်၊ အေးမြနိဗ္ဗာန် ရောက်မည်တည်း။

(၎င်းကို အဓိပ္ပာယ်ပြောလိုက ပြောပြီးလျှင် အစဂါထာကို ပြန်ရွတ်၊ အနက်ပေးကာ အဆုံးသတ်နိုင်သည်။ တရားအဆုံးမသတ်လိုက လိုရာဝတ္ထုကို ဆက်၍ဟောနိုင်သည်။)

# သချိုင်းဟောင်းလွတ်ရာ ရှာမရ တရားတော်

ယနေ့ ကွယ်လွန်သွားသူအား အကြောင်းပြုပြီး လှူဖွယ်ဝတ္ထု အစုစုတို့အား လှူဒါန်းကြကုန်သော အလှူရှင် အလှူအမအပေါင်း သူတော်ကောင်းတို့အားလုံး ပုထုဇဉ်ပုဂ္ဂိုလ် သတ္တဝါတွေဟာ ဘဝများစွာ မရေမတွက်နိုင်အောင် သေဆုံးခဲ့ရပါတယ်။ ဒီနေရာမှာ တချို့က ဘယ် နေရာမှာ သင်္ဂြိုဟ်ကြမယ် ရွေးတတ်ကြပါတယ်။ ဒီလို သင်္ချိုင်းကိုရွေးနေ သော်လည်း သင်္ချိုင်းဟောင်း လွတ်ရာကို ရှာမရပုံကတော့...

**ကောသေ ရုဒတော အဿု၊ စတုဒ္ဒိ ဖလော ဗဟုံ။**
**ဒုက္ခံ အနမတဂ္ဂဝ၊ တံ ဟောတု တေသ ရောဒနံ။**

**လောကော၊** ဖြစ်ရပျက်ရ ဆုံးစမထင် လောကဓာတ် ဘုံအစဉ်၌။ **ရုဒတော၊** ချစ်ခင်သူ သေပျက်သည့် အတွက်ကြောင့် နေကွက်မရ ငိုခဲ့ရ ရှာသော။ **ကောသေ၊** သံသရာဝဋ်မှ မလွတ်ရ၍ ဘုံဘဝစဉ်အလျောက် သတ္တဝါတစ်ဦးတစ်ယောက်၏။ **အဿု၊** စီးကျယိုထွက် မျက်ရည်စက်သည်။ **စတုဒ္ဒိ ဖလော၊** သမုဒ်လေးထွေ ရှိသောရေထက်။ **ဗဟုံ၊** ဆထက်ထောင်နေ များခဲ့လှချေပြီ။ **တံဟောတု၊** ထိုရာဂစိတ်မိုက် သူ့အကြိုက်ကို စိုက်စိုက်မငြင်း လိုက်မိခြင်းကြောင့်။ **ပရိဒေဝနံ၊** ရှိုက်ငင်ငိုကြွေး ပူဆွေးဒုက္ခ ဆင်းရဲရခြင်းသည်။ **အနမတဂ္ဂဝ၊** အစဆုံးကျ စိတ်မှန်းဆ၍ မုချပိုင်ပိုင် မသိနိုင်တော့သည်သာ တည်း။

ယခု ရွတ်ဆိုလိုက်သော ဂါထာကလေးအရ လိုရင်းအဓိပ္ပာယ်ကို ပြောပြရပါလျှင် ဤငါတို့၏ တည်နေရာ ကမ္ဘာလောကဓာတ်အတွင်း၌ ကျင်လည် သွားလာနေထိုင်ကြသော သတ္တဝါအပေါင်းတို့သည် အလွန် ည်ညောင်း ကြာမြင့်ရကား မယားနှင့်လင်, ဘ,မိခင်နှင့် သားလျှင်သမီး ဆွေနီးမျိုးစပ် အထပ်ထပ်သာ ဖြစ်ခဲ့ကြရရှာပေပြီ။ ထိုသို့ ဆွေမျိုးတော်စပ် ရပေါင်းကား ဘယ်မျှများပြားခဲ့ကြောင်းကို လောကထင်ရှားလ ဥပမာ ကားဖြင့် ပြောကြား၍ပြရပါလျှင် ချစ်ခင်မြတ်နိုး ငိုကြွေးမြည်တမ်းခဲ့ရသော သတ္တဝါတစ်ဦးတစ်ယောက်၏ ကျမျက်ရည်သည် လေးထွေသော သမုဒ္ဒရာ ရေမက များပြားလှပေတယ်တဲ့။

ထိုကဲ့သို့ ချစ်စနှောင်ကြိုး အမျိုးမျိုးဆက်သွယ်ခြင်းဟူသော တဏှာ ပေမ ရာဂသမုတ် တရားယုတ် အစွဲလမ်းကြောင့် ဆင်းရဲဒုက္ခ ရောက်ခဲ့ရ သည်မှာလည်း ဆုံးမစထင် အလွန်ပင်များပြားလှပေပြီလို့ ဆိုလိုရင်းပေါ့နော်။ ယခု ပြောခဲ့တဲ့ စကားအစဉ်ကို မယုံမရှိကြလေနှင့်နော်။ ရှင်တော်ဘုရား မိန့်ကြားဆတ်ဆတ် ပါဠိတော်စကားမြတ် ဖြစ်ပေတယ်။ ဒါတင်မက ဗောဓိဗုဒ္ဓမြတ်ဘုရားကြီး၏ မိန့်ကြားချက်တစ်ခုကို ပြရပါလျှင်...

**န သော ဘိက္ခဝေ သတ္တော သုလဘရူပေါ။**
**ယော န မာတာပိတု ပုဗ္ဗော ဣမိနာ ဒီဃေန အဒ္ဓုနာ။**

**ဘိက္ခဝေ၊** ချစ်သား, ချစ်သမီးများတို့။ **ယော သတ္တော၊** အကြင် ခွေး,ဝက်,ပြိတ္တာ အဖြာဖြာနှင့် ဗြဟ္မာလူနတ် များလတ်တုံစွာ သတ္တဝါတစ်ဦး တစ်ယောက်သည်။ **ဒီဃေန၊** နှိုင်းစာမရ ရှည်လျားလှစွာသော။ **ဣမိနာအဒ္ဓုနာ၊** ဤဆုံးစမထင် သံသရာလောကအစဉ်၌။ **န မာတာပိတု ပုဗ္ဗော၊** မိဘ သားချင်း ဆွေရင်းမျိုးနွယ် မဆက်သွယ် မတော်စပ်ခဲ့ဖူးပေ။ **သော သတ္တော၊** မိဘဆွေရင်း တော်စပ်ခြင်းမရှိဖူးသော ထိုသတ္တဝါသည်။ **န သုလဘရူပေါ၊** လွယ်ကူကျန ရရှိခြင်းသဘော မရှိနိုင်တော့သည်သာတည်း။

ရှည်လျားလှစွာ သံသရာပြင်ကျယ် မြစ်ပင်လယ်ကြီးအတွင်း၌ မိဘသားချင်း ဆွေမျိုးရင်း မတော်စပ်ဖူးတဲ့ တိရစ္ဆာန်, ပြိတ္တာ, ဗြဟ္မာ, လူ,နတ် တပ်အပ်ပုံသော မရှိနိုင်တော့ပေဟူ၍ ဆိုလိုရင်းပေါ့နော်။

ကဲ... လွှန်ပင်ရှည်လျား သံသရာဘုံတစ်လွှား၌ ဆွေသား မျိုးဇာတ် မစပ်တော်ခဲ့သူ လိုက်၍ရှာမှ အလွန်ရှားတဲ့အကြောင်းကို ထင်ရှားအောင် ကျမ်းဂန်များမှ ခွဲခြားထုတ်နုတ်၍ ပြရပါလျှင်...

ငါတို့၏ဘုရားရှင်လက်ထက် ရာဇဂြိုဟ်ပြည်တော်ကြီးမှာ ဥပသာလက အမည်ရှိသော ပုဏ္ဏားကြီးတစ်ယောက်သည် သက်ရွယ်ကြီးမြင့် သေခါနီး အချိန် ကျရောက်သည့်အခါမှာ မိမိ၏သားချစ်ကလေးကို အနားမှာခေါ်ယူ၍ အတွင်းစကား မှာကြားခဲ့သည်မှာ "သားတော်မောင်... ဖခင်သည် သူတစ်ပါးတို့၏ သင်္ချိုင်းဟောင်းများကို အလွန်ပင် စက်ဆုပ်ရွံရှာလှသည့် အတွက်ကြောင့် ဖခင်ကြီး ခန္ဓာကိုယ် ပျက်ပြုန်း၍ သေဆုံးတဲ့အခါမှာ သင်္ချိုင်းဟောင်းနေရာမှ လွတ်မြောက်သောအရပ်မှာ မြှုပ်နှံသင်္ဂြိုဟ်ရစ်ပါ" ဟူ၍ မှာကြားရှာလေတယ်တဲ့။

လိမ္မာရေးခြား ပုဏ္ဏားကြီး၏ သားကလေးကလည်း "ဖခင်... ကျွန်တော်တို့မှာ ငယ်ရွယ်သူများဖြစ်ပါ၍ သင်္ချိုင်းဟောင်းနေရာ လွတ်ကင်းရာ ဌာနကို မသိရှိနိုင်ကြပါ၊ ဖခင် သွားလာနိုင်စဉ်ကပင် မြှုပ်နှံရမည့် နေရာ ကောင်းကို သဘောတော်ကျ ညွှန်ပြခဲ့ပါလျှင် အလိုတော်ကျအတိုင်း မဆိုင်းမလင့် လိုက်နာပြုကျင့်နိုင်ကြပါမည်" ဟူ၍ တိုက်တွန်းလေတော့ ဖခင် အိုပုဏ္ဏားကြီးသည် သားငယ်ကို ခေါ်ယူလျက် ဂိဇ္ဈကုဋ်တောင်ထိပ်သို့ တက်ရောက်ကာ တောင်ထိပ်စွန်း သုံးခုတို့၏ အလယ်ကြားမှာ ရပ်တန့်၍ "ဤနေရာသည် သင်္ချိုင်းဟောင်း မရှိ၊ ပကတိ စင်ကြယ်သော အရပ်ဌာန ဖြစ်ပေသည်၊ ဖခင် သေလျှင် ဤ နေရာပင် သင်္ဂြိုဟ် မြှုပ်နှံရစ်ပေတော့" ဟူ၍ အတွင်းစကား အနေမျိုးဖြင့် ပြသညွှန်ကြားမှာထား၍ နေလေတယ်တဲ့။

ထိုစဉ်အခါ သုံးလူ့ထွတ်ထား ရှင်တော်မြတ်ဘုရားကြီးက ပုဏ္ဏား သားအဖတို့၏ ကြောင်းအင်ကို စုံအလင်သိရတာနှင့် ကြောင်းမှန်ညွှန်ပေး တရားတည်းဟူသော ရေအေးကို တိုက်ကျွေးတော်မူရန် စိတ်တော်မှန်းထား၍ ပုဏ္ဏားကြီးတို့အထံ အမြန်သွားရောက်ကာ မိမိကိုယ်တော်တိုင် သိပြီး ဖြစ်သော်လည်း စကားစပေါ်စေရန် အကြောင်းမှန်ကို မေးမြန်းတော် မူလိုက်လေရာ ပုဏ္ဏားကြီးသားအဖတို့က မဖုံးဖုက် မကွယ်သာ ကြောင်းခြင်းရာ အစုံတို့ကို အကုန်အစင် လျှောက်ထားကြသည့်အတွက်ကြောင့် ဘဂဝါရှင်ပင် ဘုရားက ဆက်လက်၍မိန့်ကြားသည်မှာ-

"ပုဏ္ဏားကြီးတို့... သင်တို့သည် ရှေးကဖြစ်ခဲ့ဖူးသော ဘဝအစဉ်ကို မသိရှိ၊ မထင်မြင်နိုင်ကြသောကြောင့်သာလျှင် ဤနေရာမှာ လူသေကောင် မြှုပ်နှံ မသင်္ဂြိုဟ်စဖူး ဟူ၍ ထင်မှတ်နေကြပါတယ်။ အမှန်တကယ် တရားနှင့်ယှဉ်၍ ဆင်ခြင်ကြည့်လိုက်မည် ဆိုပါလျှင် ဇမ္ဗူဒိပါကျွန်းအပြင်၌ ဘယ်နေရာ ဘယ်ဌာနမှာ သင်္ချိုင်းဟောင်းနေရာ လွတ်ကင်းသည်ဟူ၍ မရှိနိုင်ပါ။

တခြားသူများ၏ သင်္ချိုင်းဟောင်း နေရာကိုထားပါဦး၊ သင် ပုဏ္ဏားကြီး တစ်ဦးတည်းမှာပင် ဥပသာလကအမည်တစ်မျိုးတည်းဖြင့် ဒီသား ဒီမယား တွေနှင့် အတူတကွဖြစ်၊ ဤယခု တောင်သုံးလုံးတို့၏အကြား အရပ်ဌာန၏ အလောင်းကောင် မြှုပ်နှံခဲ့ရသော ဘဝအပေါင်းသည်ပင်လျှင် ရေတွက်မရ များပြားလှခဲ့ပေပြီ၊ သင် အထင်လွဲမှားပြီး သင်္ချိုင်းဟောင်းရာ လွတ်လိမ့်မည့် အနေနှင့် ထူးအထွေ မှာကြား၍မနေလေနှင့်" ဟူ၍ ဘဝသံသရာရှည်လျားတဲ့ အကြောင်းအရာစုံကို တရားဒေသနာ အမြိုက်ဆေးဖြင့် အောက်ပါအတိုင်း ဂိုက်ကျွေးတော်မူလေတယ်တဲ့။

**ဥပသာလက နာမာနိ၊ သဟဿာနိ စတုဒ္ဒသ။**
**အသ္မိံ ပဒေသေ ဍဍ္ဎာနိ၊ နတ္ထိ လောကေ အနာမတံ။**

ဗြာဟ္မဏ၊ အို...ပုဏ္ဏားကြီး။ **အသ္မိံ ပဒေသေ၊** ဤယခု ညွန်ပြ တောင်သုံးလုံးတို့၏အကြားဌာန၌။ **ဥပသာလက နာမာနိ၊** ဥပသာလက ခေါ်တွင် နာမည်တစ်ခုတည်းဖြင့်ပင် အစဉ်ဖြစ်ရ အလောင်းကောင်ဟူသမျှ တို့ကို။ **သဟဿာနိ စတုဒ္ဒသ၊** ရေတွက်မြားမြောင် ဘဝပေါင်းတစ်သောင်း လေးထောင်တို့ပတ်လုံး။ **ဍဍ္ဎာနိ၊** သင်မှာစကားအရ မီးသင်္ဂြိုဟ်လောင် ကျွမ်းခဲ့လေပြီ၊ **လောကေ၊** ငါတို့နေရာ ဤကမ္ဘာလောက မာတ်ကြီးအတွင်း၌။ **အ နာမတံ၊** လူသေကောင်ပုပ် မမြှုပ်နှံရဖူးသော နေရာဌာနမျိုးသည်။ **နတ္ထိ၊** ဒေသနာအစဉ် သေအချာသိမြင်ခဲ့လျှင် အမှန်ပင်မုချ မရရှိနိုင်တော့ သည်သာ တည်း။

အို... ပုဏ္ဏားကြီး၊ တခြားသူတွေ တခြားအမည်များဖြင့် နေရာဌာန၌ သင်္ဂြိုဟ်မြှုပ်နှံခဲ့ရသည့် ဘဝအကြိမ်တွေကို ဖယ်ရှားလိုက်ပါဦး။ သင်ပုဏ္ဏား

တစ်ဦးတည်းပင်လျှင်သည် အမည်၊ သည်သား၊ သည်မယားနှင့်အတူ ယခုဘဝ အနေအထားအတိုင်းဖြစ်ကာ သေရွာသို့ လိုက်ပါကာနီး သင်၏ မှာကြားချက်အရ ဤဌာန၌ မြှုပ်နှံသဂြိုဟ်ခဲ့ရဖူးသော ဘဝခန္ဓာအပေါင်း သည်ပင် တစ်သောင်းနှင့်လေးထောင် ရှိခဲ့လေပြီ။

သံသရာတစ်လွှားမှာ ဒေသနာလာ သဘာတရားနှင့် စဉ်းစားဆင်ခြင်၍ သိမြင်နိုင်ကြပါလျှင် မမြှုပ်နှံ မသဂြိုဟ်ဖူးသော အရပ်ဌာနဟူ၍ ကမ္ဘာမြေပြင် အတွင်း၌ ရှာကြံစဉ်းစား ခွဲခြားရွေးချယ်၍ မရနိုင်ဘူးတဲ့နော်။ အထက်ပါဂါထာ ကလေးဖြင့် ဒေသနာရေအေး တိုက်ကျွေးတော် မူလိုက်တယ်ဆိုလျှင်ပဲ ဥပသာလကပုဏ္ဏားကြီးသည် ရှေးဘဝက ဖြည့်ကျင့်ပြီးသော ပါရမီဓာတ်ခံ ရင့်သန်ပြီး ဖြစ်သည့်အတိုင်း သောတာပတ္တိ မဂ်ဖိုလ်ဉာဏ်ကို ရရှိကာ မသေရာနိဗ္ဗာန်ဓာတ်ကို တပ်အပ်သေချာ မျက်မှောက်ပြုရရှာလေတယ်တဲ့။

ထို့နောက်တစ်ဖန် ရှင်ပင်ဘုရားက ရှေ့ဆက်လက်၍ ဟောကြားလို သည်ဖြစ်၍ အောက်ပါ ဂါထာတော်ကလေးဖြင့် မိန့်ကြားတော်မူလိုက် လေတယ်တဲ့။

**ဧဝံ မစ္စုဋ္ဌ သန္တိဋ္ဌ၊ ဝိဇယနဋ္ဌ ဘောရဝံ။**
**ပဿံ နိဗ္ဗိဒန္တော သန္တော၊ ဝိရဇ္ဇေယျ ဘဝန္တုကော။**

**ဧဝံ၊** ဤယခုညွှန်ပြခဲ့သည့်အတိုင်း။ **မစ္စုဋ္ဌ၊** အိုနာသေရေး ဒုက္ခဘေးကို လည်းကောင်း။ **ဘောရဝံ၊** စိုးထိတ်အားငယ် ကြောက်ရွံ့ဖွယ်ဖြစ်သော။ **သန္တိဋ္ဌ၊** ပဋိသန္ဓေတည်နေရခြင်းကိုလည်းကောင်း။ **ဝိဇယနဋ္ဌ၊** အမိဝမ်းတွင်းမှ ထွက်မြောက် ကျဆင်း ဖွားမြင်ရခြင်းကိုလည်းကောင်း။ **ပဿံ၊** သတိ သမ္ပဇဉ် ဉာဏ်အမြင်စေစား ထင်ရှားပိုင်နိုင် သိရှိထင်မြင်သည်ဖြစ်၍။ **သန္တော၊** ကလျာဏပုထုဇဉ် အရိယာ သူတော်စင်အပေါင်းသည်။ **ဘဝန္တုကော၊** ဒုက္ခမီးရှိန် ထိန်ထိန်ပဝင်း ဘုံသုံးပါး တည်းဟူသော ဝဋ်မြို့အတွင်း၌။ **ဝိရဇ္ဇေယျ၊** သံဝေဂဉာဏ် အမြင်သန်လျက် လျင်မြန်မယုတ် စက်ဆုပ်ရွံမုန်း နိုင်ရာလေသတည်း။

ထိုသို့ ဆိုလိုရင်းအဓိပ္ပာယ်မှာ ကြောက်လန့်ရွံ့ထိတ်ဖွယ်ဖြစ်သော အိုနာသေပျောက် ကပ်ရောက်ခန္ဓာ တည်နေမွေးဖွား အစားစားအဖုံဖုံ

ဆင်းရဲစုံကို အကုန်အစင် ဉာဏ်ဝယ်ထင်ရှား၍ ကလျာဏပုထုဇဉ် အရိယာသူတော်စင်အပေါင်းသည် ဘုံသုံးပါးဌာန ဝဋ်ဘဝဋ် ချစ်စမသွင်း ကြောက်ရွံ့ထိတ်လန့် ငြီးငွေ့ခြင်း ရှိသည်ဖြစ်၍ ဝဋ်ဘဝ လွတ်ကင်းရာ မြိုက်ရသာကို သွေမကွာရကြောင်း ကောင်းမြတ်သော ပါရမီဒါန သီလဘာဝနာ သုံးဖြာသော ကုသိုလ်များကို ကြိုးစားအားထုတ်နိုင်ကြရမည်ဟု ဆိုလိုပေတယ်နော်။

ကဲ... ယခုဟောပြောခဲ့ပြီးသော ဒေသနာတော်များကို ရှုဆင်ခြင်လိုက်ပါလျှင် သတ္တဝါတစ်ဦးတစ်ယောက်၏ သဂြိုဟ် မြှုပ်နှံဖူးသော သင်္ချိုင်းဟောင်းမှ ကင်းလွတ်ရာဌာန ရှာကြံ၍ မရနိုင်လောက်အောင် သံသရာတစ်လွှားမှာ တဖွားဖွား သေကျေ ပျက်စီးခဲ့ရဖူးပေပြီဟု သံဝေဂဆင်းပွားကြောက်အားရွံ့ဖွယ် ဉာဏထင်မြင်လွယ်ကြ၍ သံသရာဝဋ်ဒုက္ခ၏ ကင်းပလွတ်ငြိမ်းကြောင်း ကောင်းမြတ်သော ဒါန, သီလ,ဘာဝနာ ကုသိုလ်အဖြာဖြာတို့ကို ဖွေရှာကြိုးကုတ် အားထုတ်နိုင်သည်ဖြစ်၍ ဘဝဇာတ်သိမ်းအေးငြိမ်းရာ နိဗ္ဗာန်နန်းသို့ စံမြန်းပျော် ရွှင်နိုင်ကြပါစေသတည်း။

# တွေ့ဆုံကြုံကွဲ ဝမ်းမနည်းနဲ့ တရားတော်

ယနေ့ ရောက်ရှိလာကုန်သော ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့... ယခုတွေ့နေကြပေမယ့် တစ်ချိန်ကျတော့ ကွဲကြရမှာပဲ၊ ဒါပေမယ့် တွေ့ဆုံပြီး ကြုံတွေ့တဲ့နေရာမှာ လမ်းကွဲသွားတဲ့အခါ ဝမ်းမနည်းဖို့ အရေးကြီးပုံကတော့...

**"ဇာတဿ မရဏံနာမ ဓေဝ္ဂ်ုကံ"** ဆိုတဲ့ ဒေသနာတော် လာအတိုင်း ပဋိသန္ဓေတည်နေရခြင်းဆိုတဲ့ ဇာတိတရား အရင်းခံရှိသော သတ္တဝါဟူသမျှတို့သည် သေရခြင်းဆိုတဲ့ စက်ကွင်းသို့ မငြင်းဖယ်သာ လိုက်ပါကြရမြဲဖြစ်ရကား ကံမကောင်း အကြောင်းမလှ၍ မိဘသားချင်း ဆွေမျိုးရင်းတို့၏ ပျက်စီးသေဆုံးမှုများနှင့် အကြောင်းတွေ့ကြုံရတဲ့အခါမှာ တရားလက်လွှတ်မပူပန်မိကြစေဘဲ ရှေးသူတော်စင် အပေါင်းတို့၏ ထုံးဟောင်းစဉ်လာများကို ဉာဏ်မြင်မှာ ရှုစား၍ တရားနှင့်လျော်အောင် ကျင့်ကြံနေထိုင်တတ်ကြဖို့ ဖျော်ဖြေတတ်ကြဖို့ အရေးကြီးလှပေတယ်နော်။

ရှေးအခါ ဗာရာဏသီနေပြည်တော်ကြီး၌ ဗြဟ္မဒတ်မင်း တစ်ပါးသည် တိုင်းနှင့်ခရိုင် နိုင်ငံတော်တစ်ဝန်းကို အေးချမ်းသာယာစွာ အုပ်ချုပ်စိုးစံတော်မူနေစဉ် ငါတို့၏ဘုရားအလောင်းတော်သည် ရတနာရွှေငွေ ကုဋေရှစ်ဆယ် ကြွယ်ဝချမ်းသာသော ပုဏ္ဏားသူဌေးကြီးအိမ်၌ အမျိုးကောင်း သားကလေး တစ်ယောက် ဖြစ်ရလေတယ်။

အလောင်းတော်ကလေး အချိန်အရွယ် ရောက်တဲ့အခါမှာ မိဘများက အမျိုးသမီးကလေး တစ်ယောက်နှင့် နေရာချ ပေးစား၍ ထိမ်းမြားကြရန်

သားကလေးအား နားချလေတယ်တဲ့။ အလောင်းတော် သူဌေးသားကလေးကလည်း အိမ်ယာတည်ထောင် လူတို့ဘောင်၌ လုံးဝနေထိုင်လိုစိတ်မရှိ။ မိဘများကိုသာ အသက်ရှင်နေကြသမျှ ကာလပတ်လုံး လုပ်ကျွေးပြုစုကာနေ၍ မိဘများ အသက်တမ်းကုန်၍ သေလွန်ကြတဲ့အခါမှာ ဖန်ဝါဆင်မြန်း ရသေ့ရဟန်းသာ ပြုလိုသည်ဖြစ်သောကြောင့် အိမ်ထောင်ရေးကို ဖြည်းဖြည်းမှ စီစဉ်ကြပါရန် အကြောင်းမှန်ပြကာ ပယ်ရှားလိုက်လေတယ်။

ဤသို့ အလောင်းတော်ကလေးက ပယ်ရှားပါသော်လည်း မိဘများ နားမဝင် အတင်းပင် နေရာချပေးကြလိုကြောင်း ထပ်လောင်း၍ ပူဆာမြဲ ပူဆာနေကြသောကြောင့် အကြောင်းပရိယာယ် တစ်ခုခုဖြင့် အိမ်ထောင်စက်ကွင်းမှ လွတ်ကင်း၍ မိဘများ၏စကားကို ပယ်ရှားရာ မရောက်လေအောင် အလွန်တရာ လှပတင့်တယ်သော ရွှေစင်ရုပ်တစ်ခုကို ပြုလုပ်ခိုင်းလျက် မိဘများကိုပြကာ ဤရွှေစင်မိန်းမ ရုပ်တမျှ လှပတင့်တယ်တဲ့ မိန်းကလေးကို ရမှသာလျှင် မိဘများ၏စကားကို လိုက်လျောနိုင်မည်ဖြစ်ကြောင်း ပြောလိုက်လေတယ်။

မိဘများကလည်း အားရဝမ်းသာကြ၍ "ငါတို့၏ သားကလေးသည် ဘုန်းကံရှိသူတစ်ယောက်ဖြစ်ရကား ရွှေစင်ရုပ်တမျှ လှပချောမောသည့် ပါရမီဖက်မိန်းမကို တွေ့ရှိရမည်မှာ အမှန်ဖြစ်ပေသည်" ဟု ယုံကြည်ချက်ဖြင့် စားနပ်ရိက္ခာများနှင့်တကွ ရွှေစင်ရုပ်တုကိုပါ ရထားလှည်းပေါ်မှာ တင့်ဆောင်ကြလျက် အစောင့်အရှောက်လူများကို အကြောင်းစုံပြောပြ၍ အလောင်းတော်ကလေး၏ အိမ်ထောင်ဖက် ရှာပုံတော်ခင်း စေလွှတ်ခြင်း ပြုလုပ်ကြလေတယ်။

စေလွှတ်အပ်သော လူများသည်လည်း မှာထားချက်အတိုင်း ရထားလှည်းတစ်စီးဖြင့် လိုက်လံရှာဖွေကြလေရာ ကံအားလျော်စွာ ကာသိတိုင်းအတွင်းရှိ ရွာကြီးတစ်ရွာသို့ ဆိုက်ရောက်ကာ သွားကြ၍ သင့်တော်ရာ ရေဆိပ်နားက ဇရပ်တစ်ဆောင်ပေါ်မှာ ရွှေရုပ်တုကို တင်ထားကြလျက် တစ္စန်တနားက စောင့်စားချောင်းမြောင်း၍ နေကြလေတယ်တဲ့။

ထိုကာသိရွာကြီးမှာလည်း ကုဋေရှစ်ဆယ် ဥစ္စာကြွယ်ဝသည့် ပုဏ္ဏားကြီးတစ်ဦးမှာ လွန်စွာလှပချောမော တင့်တယ်သော သမီးကလေးတစ်ယောက် ဖွားမြင်ရရှိကာ နတ်သမီးတမျှ လှပရွှင်ပြုံး၍သာ နေတဲ့အတွက်

ကြောင့် "သမ္ဗိလ္လဟာသိနီ" ဟူသော နာမည်ထူးကလေးဖြင့် ချီးကျူးမှည့်ခေါ်ကာ ထားကြလေတယ်တဲ့။

**သမ္ဗိလ္လဟာသိနီ** (မပြုံးချို) ကလေး၏ အထိန်းတော်ကြီးသည်လည်း သူဌေးသမီးလေးကို ရေချိုးပေးပြီး၍ မိမိတို့လည်း ရေချိုးဖို့ရာ ရေချိုးဆိပ်ကို ဆင်းအလာမှာ ဇရပ်ပေါ်၌တင်ထားသော ရွှေစင်ရုပ်တုကလေးကို မြင်ရတာနှင့် မိမိ၏ အရှင်သခင်ကလေးအထင်နှင့် ဝင်ရောက်ဆွဲငင် အပြစ်တင်စကားပြောကြားရေရွတ် ရိုက်နှက်လိုက်လေရာ သခင်မကလေးမဟုတ်ဘဲ ရွှေစင်ရုပ်တုကလေး ဖြစ်နေသောကြောင့် အံ့အားသင့်၍နေစဉ် စောင့်မျှော်ချောင်းမြောင်း၍နေကြသော လူများက ထွက်လာကြကာ အကျိုးအကြောင်းကို မေးမြန်းကြလေလျှင် ရွှေစင်ရုပ်တုမကာ လှပတင့်တယ်သော မိန်းကလေးရှိကြောင်း ကြားသိရတာနှင့် ဝမ်းမြောက်ဝမ်းသာ အထိန်းတော်နှင့်တစ်ပါတည်း ပုဏ္ဏားသူဌေးကြီးအိမ်ကို လိုက်သွားကြ၍ အကျိုးအကြောင်းစုံကို ပြောပြကြလေလျှင် သူဌေးကြီးတို့ကလည်း သဘောတူကြည်ဖြူကြတာနှင့် ဝမ်းမြောက်ဝမ်းသာ လက်ခံကြလျက် သမီးချစ်ကလေး သမ္ဗိလ္လဟာသိနီကို ခေါ်ငင်၍ အိမ်ထောင်ရေးအတွက် နားချကြပြန်လေတယ်တဲ့။

သမီးကလေး သမ္ဗိလ္လဟာသိနီလည်း ဗြဟ္မာ့ပြည်က ဆင်းသက်လာသော ပါရမီရှင်ကလေးဖြစ်သည့်အတိုင်း အိမ်ထောင်ရေးကို ကြံတွေး၍ မရတာနှင့် အမျိုးမျိုးအဖုံဖုံ ပယ်ရှား ငြင်းဆန်ပါသော်လည်း မိဘများက အထပ်ထပ် မရမက တိုက်တွန်းနားချကြတာနှင့် နောက်ဆုံးမှာ မလွှဲရှောင်မပယ်ရှားတော့ဘဲ မိဘများ၏စကားကို လိုက်နာရရှာလေတယ်တဲ့။ မိဘများကလည်း သမီးကလေး၏ အလိုဆန္ဒ သဘောတူညီချက်ကို ရကြတာနှင့် ဝမ်းမြောက်ဝမ်းသာ ရွှေစင်ရုပ်တုကို လက်ခံသိမ်းပိုက်ကြလျက် ရှာပုံတော်ခင်းလာကြသော သူများနှင့် အတူတကွ အခြံအရံများပါ တစ်ပါတည်း ထည့်လိုက်ကြလေတယ်တဲ့။

အလောင်းတော်ကလေးသည်လည်း ရွှေစင်ရုပ်တုမျှ လှပတင့်တယ်သော မိန်းကလေးမရှိနိုင်ဘူး အနေနှင့် ပရိယာယ် ဆင်လိုက်ပါသော်လည်း ရွှေစင်ရုပ်ထက်မကာ လှပတင့်တယ်သော ဇနီးလောင်းကလေးကို ရလာကြောင်း ကြားရတာနှင့် စိတ်လက်မရွှင် ဘဝင်ဟာဒယ မကြည်သာလှ

သော်လည်း မိဘများ၏ စကားကို ပယ်ရှားခြင်းငှာ မစွမ်းနိုင်ရှာတော့ဘဲ လက်မှိုင်ချကာ ဇနီးသည်ကလေးကို သိမ်းပိုက်လက်ခံရရှာလေတယ်တဲ့နော်။

အလောင်းတော်ကလေး၏ မိဘများကလည်း ချွေးမလောင်းကလေး ရလာတာနှင့် ကြည်သာရွှင်ပျ လက်ထပ်ပွဲ မင်္ဂလာသဘင်ကြီးကို တခမ်းတနား ဆင်ယင်ပြုလုပ်ကြလေတယ်တဲ့။

အလောင်းတော်နှင့် သမ္ဗိလ္လဟာသိနီ ဇနီးမောင်နှံကလေးတို့သည် မိဘတို့စကားကို မပယ်ရှားသာ အားနာကာဖြင့် လက်ထပ်ထိမ်းမြားလိုက်ကြ ရပါသော်လည်း အိမ်ထောင်ရေးဘက် စိတ်လက်မပါ ရွံရှာစက်ဆုပ်ကြသော စိတ်သဘောချင်း တူညီကြသော ပါရမီရှင်သူတော်စင်ကလေးများဖြစ်ကြသည့် အတိုင်း တိုက်တစ်ခန်းတည်းမှာ တူယှဉ်နွဲ၍ နေထိုင်ကြရသော်လည်း ကိုယ်ထိလက်ရောက် ကျူးလွန်ကြဖို့ နေနေသာသာ ကိလေသာစိတ်ထားဖြင့် တစ်ဦး တစ်ဦးကိုတောင်မှ တစ်ခါမျှ မကြည့်ရှုကြဘူးတဲ့နော်။

တိုက်အခန်းတစ်ခုတည်းမှာ အတူတကွ နေထိုင်ကြကာ ကမ္မဋ္ဌာန်း ဘာဝနာတရားကို ပွားများဆင်ခြင် အားထုတ်တော်မူကြသော အရိယာ သူတော်စင်ထေရ်အရှင် ရဟန်းတော်ကြီး နှစ်ပါးတို့နှင့်တူစွာ ကြည်သာရွှင်ပျ နေထိုင်ကြလေတယ်တဲ့။ ဘယ်လောက်များ အံ့သြချီးမွမ်းစရာ ကောင်းသလဲ ဆိုတာ စဉ်းစားဆင်ခြင် အတုခိုး နည်းယူစရာပေါ့နော်။

**ကောဂဗ္ဘေ ဝသန္တာ ဝ၊ ဒွေ ဘိက္ခူ ပြဟ္မာစာရယော။**
**မေတ္တာပုပ္ဗင်္မာ တောပိ၊ ဝိသယျံ့ သုဒ္ဓစေတသာ။**

**ကောဂဗ္ဘေ** နေ့စဉ်ညဆက် မပျက်စံမြန်း နေထိုင်ရာ တိုက်ခန်းတစ်ခု တည်း၌။ **ဝသန္တာ၊** တရားနှင့်ပျော် နေထိုင်တော် မူကြကုန်သော။ **ပြဟ္မာ စာရယော၊** မဂ်ဖိုလ်နိဗ္ဗာန် ရည်စိတ်သန်၍ ကျင့်ကြံမပြတ် မြင့်မြတ်သော တရားကို အားထုတ်ကြိုးစားကာ နေကြကုန်သော။ **ဒွေ ဘိက္ခူ ဝ၊** သာသနာတွင် ပျော်ရွှင်နေငြား ရဟန်းတော်အရှင်မြတ်ကြီး နှစ်ပါးတို့ကဲ့သို့။ **တောပိ၊** ပါရမီတော်ခံ ရင့်သန်လေငြား အလောင်းတော်နှစ်ပါးတို့သည်လည်း။ **မေတ္တာပုပ္ဗင်္မာ၊** တစ်ဦးနှင့် တစ်ဦးတို့၏ ကောင်းကျိုးလိုလား မေတ္တာတော် ရှေ့သွား ရှိကြကုန်သည်ဖြစ်၍။ **သုဒ္ဓစေတသာ၊** ကာမဂုဏ် ညစ်ထေး

အပြစ်ဘေးမှ လွတ်ဝေးရှင်းပါး မြင့်မြတ်သော စိတ်ထားဖြင့်။ **ဝါသယျ၊** မိဘတွက်တာ မလွဲသာ၍ ဖဲခွာမငြင်း အိမ်နှောင်တွင်း၌ မှီတင်းကာသာ နေထိုင်တော် မူကြရှာလေကုန်သတည်း။

အလောင်းတော်တို့ ဇနီးမောင်နှံ ပါရမီရှင်နှစ်ဦးတို့သည် ကာမဂုဏ်ဖက် စိတ်လက်မပါ ဖြစ်ကြသော်လည်း မိအို၊ ဖအိုတို့ကို ငဲ့ညှာထောက်ထား သနားညှာတာသောအားဖြင့် အေးမြကြည်လင် စိတ်အစဉ်ရှေ့ထား မေတ္တာတော်ပွားကြကာ တစ်မိသားချင်း မောင်ရင်းနှမ ခေါင်းနှင်းဆင်းကြရသော သူများပမာ ကြည်နူး စင်ကြယ်သော စိတ်အစဉ်ဖြင့် ချစ်ခင် မြတ်နိုးစွာ နေကြရလေတယ်တဲ့။

မိဘများ ကွယ်လွန်သွားကြတဲ့အခါမှာ အလောင်းတော်မြတ်သည် ပူပင်စိုးရိမ်ခြင်းမရှိဘဲ ဝတ္တရားအတိုင်း မိဘတို့၏ ကျန်ရစ်ခဲ့သော အလောင်းကောင်များကို မီးသဂြိုဟ်ခြင်းကိစ္စ ပြုလုပ် ဆောင်ရွက်ကြပြီးနောက် ဝမ်းမြောက်ကြည်သာ နှမတော် သမ္မိလ္လကာသိနီကလေးကို ခေါ်ငင်၍ တိုင်ပင်သည်မှာ "နှမတော် သမ္မိလ္လဟာသိနီတဲ့၊ မောင်တော်ဘက်မှရသော အမွေဥစ္စာ ကုဋေရှစ်ဆယ်၊ နှမတော်ဘက်မှရခဲ့သော အမွေဥစ္စာ ကုဋေရှစ်ဆယ်၊ အမွေဆိုင်ဥစ္စာ ပစ္စည်းနှစ်ခု ပေါင်းစုသောအားဖြင့် ကုဋေတစ်ရာ့ခြောက်ဆယ်တို့ကို နှမကလေးအားသာလျှင် အားလုံးကုန် အပ်နှင်းပေးစွန့်ခဲ့ပါ့မယ်။ မောင်တော်သည်ကား မိဘများရှိစဉ်ကပင် တောရပ်ပျော်မွေ့ ရသေ့ရဟန်း ဝတ်ဆင်မြန်းလိုသော်လည်း မိဘအိုနှစ်ပါးတို့ကို ငဲ့ကွက်ကာ သည်းခံပြီးနေခဲ့ရာ ယခုအခါ၌ကား မိဘများ ကွယ်လွန်ကြပြီဖြစ်သောကြောင့် ရှေးက စိတ်ထားရင်း ရှိသည့်အတိုင်း ငါးပါးအာရုံ ကာမဂုဏ်တွေကို ပယ်စွန့်ခဲ့၍ တောရပ်ပျော်မွေ့ ရသေ့ရဟန်းများ ပြုလုပ်ပါတော့မည်။

နှမတော်သည် ကုဋေတစ်ရာ့ခြောက်ဆယ်ကျော်သော ဥစ္စာပစ္စည်းများကို လက်ခံသိမ်းပိုက်၍ မိမိလိုလား သဘောကျဖြစ်သော သတို့သားနှင့် နောက်အိမ်ထောင်များ ဆက်လက် ထူထောင်လျက် လူတို့ဘောင်မှာ လွတ်လပ်စွာ ပျော်ရွှင်၍ နေရစ်ပေတော့"ဟူ၍ မှာကြားတိုင်ပင် လွှဲအပ်တော်မူရှာ လေတယ်တဲ့။ သည်နေရာမျိုး၌ သူလိုကိုယ်လို သာမန်လူစားမျိုးများဆိုလျှင်ဖြင့် **"ဝိယောဟိ ဝိပ္ပယောဂေါ ဒုက္ခော"** ဆိုတဲ့ အတိုင်း

ချစ်သူနှင့် ခွဲခွာရမည့်အရေးကို မျှော်တွေးပြီး ပူပုံတော်ခင်းကြဖို့ပေါ့နော်။ သို့သော် သမ္ဗိလ္လဟာသိနီ ဖနီးသည် ကလေးမှာတော့ ပါရမီခာတ်ခံ ရင့်သန်ပြီးသော သူတော်စင် မိန်းမမြတ်ကလေး ဖြစ်သည့်အတိုင်း စိုးရိမ် ပူပန်ခြင်းမရှိ၊ ပီတိထုံမွမ်း ရွှင်လန်းအားရသော စိတ်ထားဖြင့် ပြန်ကြား၍ ပြောဆိုသည်မှာ...

"မောင်တော်ဘုရားသည် အိမ်ထောင်ရေးဖက် စိတ်လက်မပါ စွန့်ပယ်ခွာ၍ ဖန်ဝါတပ်စွန်း ဝတ်သင်္ကန်းကို ဆင်မြန်းယခု ရသေ့ရဟန်း ပြုခဲ့ပါလျှင် ဒီလောက်များပြားလှတဲ့ ပစ္စည်းဥစ္စာတွေကို နှမတော်လည်း သိမ်းပိုက်ကာ မနေလိုတော့ပါ၊ မကွာမကွဲ မောင်တော်ဘုရားနှင့် တစ်ပါတည်း သာလျှင် ဖန်ဝါသင်္ကန်း ဝတ်ဆင်မြန်းလျက် ရသေ့ရဟန်း ပြုပါရစေတော့" ဟု ပြန်ပြောင်း ခွင့်ပန်တောင်းပြီးလျှင် ပါရမီရှင်နှစ်ဦးတို့သည် ကြည်နူးရွှင်ပျ စိတ်ဆန္ဒ တူညီတော်မူကြသည်ဖြစ်၍ များပြားလှစွာ ကုဋေ တစ်ရာ ခြောက်ဆယ်သော ဥစ္စာတွေကို တိုင်းပြည်နေလူအများတို့အား စွန့်ပယ်ရှား ပေးလှူခဲ့ကြ၍ ဟိမဝန္တာတောမြိုင်ရပ်သို့ ချဉ်းကပ်ကာ ရွှင်ကြည်လန်းကြ၍ ကမ္မဋ္ဌာန်းတရားတော်ကို နေ့မနား ညမကွာ ကြိုးစားကာ စီးဖြန်းကြလျက် ရွှင်လန်း စံပျော်တော်မူကြလေတယ်တဲ့။

**သမစိတ္တာ မဟာပုညာ၊ သဒ္ဓေတွာ နေကကောဋိယော။**
**နိက္ခန္တာ ဣသိဘာဝေန၊ ဟိမဝန္တ မုပါဂမုံ။**

**မဟာပုညာ၊** ဘုန်းကံပါရမီ စုံညီပြည့်ဝ ကြီးမားတော် မူကြပေကုန် သော အလောင်းတော်မြတ် နှစ်ပါးတို့သည်။ **သမစိတ္တာ၊** ကာမဂုဏ်စက် ရွံ့ညှနိုးဖွက်မှ ဖဲတွက်တွန်းလှန် အာသာဆန္ဒ တူညီတော်မူကြကုန်သည်ဖြစ်၍။ **အနေကကောဋိယော၊** ကုဋေများစွာ ရတနာရွှေငွေ အထွေထွေ အဝဝ ဥစ္စာဟူသမျှတို့ကို။ **ဆဒ္ဒေတွာ၊** တံတွေးပေါက်ပမာ စွန့်ခွာပေးကမ်း လှူဒါန်းတော်မူခဲ့ကြကုန်ပြီး၍။ **နိက္ခန္တာ၊** လူတို့နေရာ မြို့နယ်ရွာမှ ငှဲညှာမရှိ ဖဲခွာစွန့်ကြကုန်လျက်။ **ဣသိဘာဝေန၊** လူတို့အဝတ် ပယ်ခွာ ဖန်ဝါဆင်မြန်း ရသေ့ရဟန်းတို့၏အဖြစ်ဖြင့်။ **ဟိမဝန္တံ၊** အလောင်းအလျာ သူတော်စွာတို့ ပျော်ရာဖြစ်လတ် ဟိမဝန္တာ တောမြိုင်ရပ်သို့။ **မုပါဂမုံ၊** ဘာဝနာကမ္မဋ္ဌာန်း

ပွားစီးဖြန်းလျက် ရှင်လန်းမွေ့လျော် ကပ်ရောက်စံပျော်တော် မူကြလေကုန်သတည်း။

ယခု ရွတ်ဆိုပြီးသော ဂါထာကလေး၏ အဓိပ္ပာယ်သွားကတော့ ရှေ့နားကပြဆိုခဲ့ပြီးသော စကားစဉ်အတိုင်းဖြစ်၍ အထူးထပ်မံ၍ ပြောစရာလိုတော့မည် မဟုတ်တော့ပေ။ ရှေးအတိုင်းသာ သိကြပေတော့။ ထိုကဲ့သို့ အလောင်းတော်မြတ် နှစ်ပါးတို့သည် ဟိမဝန္တာတောမြိုင်တွင်း၌ နှစ်ပေါင်းများစွာ သစ်သီးသစ်ဥ စသည်များကို ရှာကြံစားသောက်ကာ ဘာဝနာကမ္မဋ္ဌာန်းများကို အားထုတ်၍ နေကြပြီးနောက် ချဉ်ဆားမှီဝဲဖို့ရာ ဗာရာဏသီ နေပြည်တော်ကြီးသို့ ပြန်လည်ကြွရောက်ကြလျက် မင်းဥယျာဉ်အတွင်းမှာ တည်းခို၍ နေကြလေတယ်တဲ့။

ထိုသို့ ဗာရာဏသီပြည်မှာနေကြစဉ် မျိုးစုံရောနှော၍ လောင်းလှူကြသော ဆွမ်းကြမ်း ဟင်းကြမ်းများကို စားသောက် ရသည့်အတွက်ကြောင့် အလွန်တရာ နုနယ်သိမ်မွေ့ရှာသော ရသေ့မ သမ္ဘိလ္လဟာသိနီကလေးမှာ အစာမကြေ သွေးလေမမျှ ဝမ်းလျှော ဓာတ်သက်ခြင်း ရောဂါများကို ရရှိခံစားရရှာလေရာ အားအင်ကုန်ခန်း ပင်ပန်းလှသည်ဖြစ်၍ ဆွမ်းခံရွာကိုပင် မဝင်ရောက်နိုင်တဲ့ အဖြစ်မျိုးသို့ပင် ရောက်ခဲ့ရလေတယ်။

တစ်နေ့မှာ အလောင်းတော် ရသေ့ကလေးက ရသေ့မကလေးကို ဆွမ်းခံရန် တွဲခေါ်လာ၍ မြို့တံခါးဝ ဇရပ်တစ်ခုပေါ်ထားခဲ့ကာ မြို့တွင်းသို့ ဆွမ်းခမဝင်ရှာတယ်တဲ့။ သမ္ဘိလ္လဟာသိနီ ရသေ့မကလေး ရောဂါပြင်းထန် နှိပ်စက်ဒဏ်ကို မခံရပ်နိုင်ရှာတာနှင့် အလောင်းတော် ရသေ့ကလေး၏ ဆွမ်းခံရာမှ ပြန်လာအောင်ပင် မစောင့်မျှော်နိုင်ရှာတော့ဘဲ သက်ဇီဝိန် ဖြတ်ညှဉ်း ရှင်သေမင်း၏အထံသို့ လိုက်ပါ သေပျက်ရရှာလေတယ်တဲ့။

ဇရပ်ပေါ်မှာ လွန်စွာချောလှ ရသေ့မကလေး၏အလောင်းကို မြင်မြင် သမျှသော လူအပေါင်းတို့သည် ချုပ်တည်း၍မရနိုင် မျက်ရည်ဖြိုင်ဖြိုင် ကျဆင်း၍ ငိုမြည်တမ်းတခြင်း ပြုကြရရှာတယ်တဲ့။ အလောင်းတော် ရသေ့ကလေးလည်း ဆွမ်းခံရာမှ ပြန်လာတဲ့အခါ ဇနီးသည် ရသေ့မကလေး သေ ကျေပျက်စီးနေတာကို တွေ့ရသည်တွင် ပူပင်သောက မရှိရှာဘဲ ခြော်... သင်္ခါရ သဘောတရားကို မလွန်ဆန်နိုင်တဲ့ ပုဂ္ဂိုလ် သတ္တဝါတွေ

ဟူသမျှ ဤကဲ့သို့ သေပျက်ရခြင်းတရားနှင့် ကောက်မုချ တွေ့ကြရမြဲ ဖြစ်ပေတယ်ဟူ၍ မရဏသဘောတရားကို ဆင်ခြင်စဉ်းစား သံဝေဂဉာဏ် ဆင့်ပွားလျက် ရသေ့မကလေး၏အလောင်း အနီးအနားမှာပင် နေထိုင်၍ ဆွမ်းများကို ဘုဉ်းပေးတော်မူလေတယ်တဲ့။

ထိုအခါ အနားမှာ ဝိုင်းဝန်းကာနေကြတဲ့ လူအပေါင်းတို့က အလောင်း မြတ်နှင့် ရသေ့မယ် ဘယ်လိုများ စပ်သွယ်ကြပါသနည်းဟူ၍ မေးမြန်းကြရာ ဇနီးမောင်နှံ ရှေးက တော်စပ်ခဲ့ဖူးကြောင်း အလောင်းတော်၏ ပြောပြချက်တို့ ကြားရတာနှင့် အံ့ဩ၍မဆုံး မရှင်းပြီးနိုင်သော မျက်နှာဖြင့် အကြောင်းမှန်ကို သိလိုရေးအတွက် မေးမြန်းကြသည်မှာ "အို...အရှင်ရသေ့ကလေးဘုရား၊ တပည့်တော်တို့မှာ ဆွေနီးစပ်မတော်ကြပါဘဲလျက် ရတက်မအေး ပူဆွေး သောက ရောက်ကြရပါသေးသည်၊ အရှင်ရသေ့ကလေးကား သွေးနီးတော်စပ် ဇနီးမြတ်ကလေးဖြစ်ပါလျက် ဘယ်သို့သော အကြောင်းအင်ကြောင့် မပူပင် မငိုကြွေးဘဲ ခိုင်မြဲသော စိတ်ထားဖြင့် နေထိုင်ပါသနည်း" ဟု မေးမြန်းကြလေ တယ်တဲ့။

ထိုအခါ အလောင်းတော် ရသေ့ကလေးက သိလိုရေးနှင့် ဝိုင်းဝန်းကာ မေးမြန်းကြသော လူများအပေါင်းအား မိမိ၏ဇနီးသည် ရသေ့မကလေး အတွက် စိတ်လက်မအေး ငိုကြွေး မြည်တမ်းခြင်း မပြုလုပ်တဲ့အကြောင်းကို တရားသဘော ဓမ္မလမ်းစဉ်ဖြင့် ဟောညွှန်ကာ ပြလိုတဲ့အတွက်ကြောင့် အောက်ပါဂါထာတော်များကို ဟောကြား မိန့်ဆိုတော်မူလိုက်လေတယ်တဲ့။

**ဗဟူနံ ဝိဇ္ဇတိ ဘောတိ၊ တေဟိ မေ ကိံ ဘဝိဿတိ။**
**တသ္မာ ဧတံ န သောစာမိ၊ ပိယံ သမ္မိလ္လဟာသိနိံ။**

**ဘောန္တော၊** သိလိုရေးနှင့် မေးမြန်းကြတောင်း အို... လူပေါင်းတို့။ **ဘောတီ၊** ရှုချင်စဖွယ် မိုးနတ်မယ်သို့ တင့်တယ်လှပပေး ရသေ့မကလေးသည်။ **ဒါနိ၊** သေပွဲသို့ ဝင်ပြီးရာ ယခုအခါ၌။ **အမေ့၊** ကျန်ရစ်ကြရှာ သူငါစသား လူအများတို့ကို။ **ဆဍ္ဍေတွာ၊** မငဲ့မညှာ စွန့်ပစ်ခွာလျက်။ **အညေသံ၊** ငါတို့မှတစ်ပါး သေရှာသို့ သွားကြပြီးသော လူအပေါင်းတို့၏။ **အန္တ ဓေ** ပုပ္ပရွှ စုကြပိုင်းအုံ လူပုံတို့အလယ်၌။ **ဝိဇ္ဇတိ၊** ကံဟုန်ပစ်ချ သစ်ဘဝ၌

ချစ်စတီထွင် ပျော်ရွှင်ခံစား၍နေပေ၏။ **တေဟိ၊** သေကြပြီးသူ များမိုလ်လူ တို့နှင့်။ **သဒ္ဓိံ၊** မကွာမကွဲ ယှဉ်တွဲပျော်မြူး၍နေသော။ **သာ၊** သမ္ဘိလ္လဟာသိနီ နာမည်တွင်သ ထိုရသေ့မသည်။ **မယ့်၊** တရားပျော်မွေ့ ငါ ရသေ့အား။ **ကိံ့ဒ့ဝိသာတိ၊** ဇနီးခင်ပွန်း ချစ်ကျွမ်းဝင်ဖွယ် ဆွေမျိုးနွယ်သည့် အကယ်စင်စစ် ဘယ်မှာလျှင် ဖြစ်တော့အံ့နည်း။ **တသ္မာ၊** ထိုသို့ သေပြီးသူ ဇနီးမြတ်နှင့် သွေးနီးစပ်တော်ခြင်း မရှိသောကြောင့်။ **ဝိယံ၊** သေပွဲမဝင် ဟိုရှေးစဉ်က ချစ်ခင်ဇနီး ဖြစ်ခဲ့ပြီးသော။ **စေတံသမ္ဘိလ္လဟာသိနိံ၊** သမ္ဘိလ္လဟာသိနီ သည်ညီ ခေါ်သ ထိုရသေ့မကလေးကို။ **န သောစာမိ၊** တရားဖြစ်အင် စိတ်မှာထင်၍ ပူပင်မဖက် စိတ်လက်ကြည်သာ နေနိုင်ခဲ့ပါသတည်း။

အို...လူအပေါင်းတို့၊ ဤသမ္ဘိလ္လဟာသိနီ နာမည်တွင်သ ရသေ့မ ကလေးသည် ဘဝတစ်ပါး သေပြောင်းသွားပြီဖြစ်လေရာ နောင်ဘဝသစ်၌ အတူဖြစ်နေကြသော သူများအလယ်မှာ ရွှင်ပြုံးကျီစယ် ပျော်ရွှင်ကာနေပြီး ဖြစ်၍ မိမိနှင့် ဘာမှ စပ်တော်ပိုင်ဆိုင်ခြင်း မရှိနိုင်တော့ပေ။ ထိုသို့သော အကြောင်းအရာကြောင့် ရှေးယခင် မယားဖြစ်ခဲ့ဖူးသော သမ္ဘိလ္လဟာသိနီ ရသေ့မကလေးအတွက် ရတက်မအေး ပူဆွေးစိုးရိမ်ခြင်း မပြုတော့ပေလို့ ဆိုလိုတယ်နော်။

**တဉ္စ အနုသောစေယျ၊ ယံယံ တဿ န ဝိဇ္ဇတိ။**
**အတ္တာနမ နုသောစေယျ၊ သဒါ မစ္စုဝသံ ပတံ။**

**ယံယံ၊** စိတ်ပျက်ကြွေ အကြင်ကြင် သေလွန်ပြီးသော ဆွေမျိုးမိဘ မိတ်သင်္ဂဟ အပေါင်းတို့သည်။ **တဿ သော စန္တဿ၊** စိုးရိမ်ပူဆွေး တရေးရေးနှင့် ငိုကြွေးအော်ဟစ် ကျန်ရစ်ကြတောင်း ထိုလူအပေါင်းအား။ **န ဝိဇ္ဇတိ၊** မျက်မြင်မရှိ စုတိပျက်ပြုန်း သေဆုံး၍ သွားပေ၏။ **တံတံ၊** ထိုထိုစုတေ သက်သေကြတောင်း ဆွေမျိုးအပေါင်းကို။ **စေအနုသောစေယျ၊** နေ့စဉ်ရက်ဆက် ပူရတက်ဖြင့် မပျက်ညှိုးမှိန် စိုးရိမ်ပူဆွေး၍သာ နေခဲ့ပါအံ့။ **သဒါ၊** နေ့ညမစဲ အမြဲမပြတ် ကာလပတ်လုံး။ **မစ္စုဝသံ၊** အာဏာထန်ပြင်း ရှင်သေမင်း၏ ခြေရင်းခေါ်ငြား ထံတော်ပါးသို့။ **ပတံ၊** နေ့ညမနား တဖွားဖွား သာ လိုက်ပါ၍နေရသော။ **အတ္တာနံဝေ၊** ခဏိကအနေ ချုပ်ပျက်ကြွေ၍

မြဲသေရပါ မိကိုယ်ကိုသာလျှင်။ **အနုသောစေယျ၊** နေ့ညမစဲ ပူကြေကွဲ၍ အမြဲပုံသေ ငိုကြွေးမြည်တမ်း၍ နေထိုက်ပါပေသတည်း။

အို… လူများအပေါင်းတို့၊ မိမိတို့နှင့် ဆွေမျိုးတော်စပ်သူတို့ သေကျေပျက်စီးတိုင်းသာ ငိုကြွေးပူဆွေး၍ နေကြမည်ဆိုပါလျှင် နေ့စဉ်မပြတ် ထပ်တလဲလဲ သေပွဲသို့ ဝင်ရောက်နေရသော မိမိကိုယ်အတွက်သာလျှင် ရတက်မအေး ငိုကြွေး၍ နေထိုင်ကြပါပေတယ်တဲ့နော်။

**နဟောဝ တိဋ္ဌံ နာသီနံ၊ န သယာနံ န ပဒ္ဒဂုံ။**
**ယာဝ ဗျာတိနိမီသတိ၊ တတြာပိ ပတတိဝယော။**

**သောဓ္ဓေ၁၊** စဝေးလာတောင်း အို…လူအပေါင်းတို့၊ **အာယုသင်္ခါရော၊** သေမင်းထံမှောက် အမြန်ရောက်ဖို့ တောက်လျှောက်ပို့ဆက် အသက်ခေါ်ရ အာယုသင်္ခါရသည်။ **တိဋ္ဌံဝေ၊** မလှုပ်မယှက် ရပ်လျက်နေသော သတ္တဝါသို့ သာလျှင်။ **န ဝေတိ၊** တူယှဉ်ပူးကပ် ညှဉ်းသတ်၍သာ လိုက်ပါနေသည် မဟုတ်ပေ။ **အာသီနံ ဝေ၊** ထိုင်နေကြတောင်း သတ္တဝါအပေါင်းသို့သာ လျှင်လည်းကောင်း။ **သယာနံ ဝေ၊** လက်ခြေဆန့်တန်း မှောပန်းဖျော်ဖြေ အိပ်စက်၍နေသော သတ္တဝါအပေါင်းတို့သာလျှင် လည်းကောင်း။ **ပဒ္ဒဂုံဝေ၊** ဟိုဒီမပြတ် လှည့်ပတ်ခါခါ သွားလာနေတောင်း သတ္တဝါအပေါင်းသို့သာ လျှင် လည်းကောင်း။ **န ဝေတိ၊** လိုက်ပါ၍ နေသည်မဟုတ်ပေ။ **ယာဝ၊** အကြင်ရွေ့မျှ ကာလပတ်လုံး။ **ဗျာတိနိမီသတိ၊** မျက်စိမှိတ်ဖွင့် မလင့်ကိစ္စ ဏာမသွေ ပြုလုပ်ပေ၏။ **တတြာပိ၊** တိုတောင်းပေလှ ထိုမျက်စိမှိတ်ဖွင့်သော ကာလ၌သော်လည်း။ **သတ္တာနံ၊** ကြီးငယ်ဟူသမျှ သတ္တဝါ အနန္တတို့၏။ **ဝယော၊** သက်ရှယ်ဟုတွင် လူ့ခွင်ခေါ်ကြ အာယုသင်္ခါရသည်။ **ပတတိ၊** အစဉ်မပြတ် တူယှဉ်ကပ်လျက် ညှဉ်းသတ်အိုဟောင်း ဆိုးစကောင်းအောင် တိုတောင်းပျက်ပြား၍ နေပါပေသတည်း။

သေမင်း၏အထံသို့ အမြန်ရောက်အောင် ပို့ဆောင် ပျက်ပြား၍ နေသော အာယုသင်္ခါရသည် ရပ်တန့်၍နေသူကိုသာ အစဉ်ကပ်ရောက်၍ ပိပ်စက်နေသည် မဟုတ်ပေ။ ထိုနည်းတူစွာ ထိုင်နေသောသူ၊ အိပ်နေ သောသူ၊ ဟိုဟိုဒီဒီ လှည့်ပတ် သွားလာနေသော သူများကိုသာ အစဉ်

ကပ်ရောက်၍ နှိပ်စက်နေသည်မဟုတ်ပေ။ မျက်စိများကို ဖွင့်နေခိုက် မှိတ်နေခိုက်အခါများကိုပင် မချန်မလှပ် ထက်ကြပ်မကွာ လိုက်ပါနှိပ်စက်၍ နေပေတယ်တဲ့။

**တတ္ထတ္ထနိ ဝတာ ဗဒ္ဓေ၊ ဝိနာဘာဝေါ အသံသယော။**
**ဘူတံ သေသံ ဒယိတဗ္ဗံ၊ မတန္တံ နာနုသောစိယံ။**

**တတ္ထ၊** ညှဉ်းသတ်အိုတောင်း ဆိုစကောင်းအောင် တိုတောင်းပျက်ပြား ထိုအရွယ်တည်းဟူသော အာယုသင်္ခါရ တရား၌။ **အတ္ထနိ၊** ရုပ်,နာမ်နှစ်ဖြာ ပေါင်းကာယှဉ်စပ် မရပ်ပျက်ပြို ဤခန္ဓာကိုယ်ကြီးသည်။ **ဝတာကေဗဒ္ဓေနာ၊** မှချကေန် အမှန်ထင်ရှား စင်စစ်အားဖြင့်။ **ဗဒ္ဓေ၊** မလွဲပူးကပ် ယှဉ်စပ်တည်နေရသည့်ရှိသော်။ **ဝိနာဘာဝေါ၊** ချစ်ခင်ပေါင်းသင်း ဆွေသားချင်းနှင့် ကွေကွင်းသည်းနာ ကွဲကွာပျက်စီးရခြင်းသည်။ **အသံသယော၊** လက်နှင့်မြေပြင် ရိုက်ခတ်သွင်သို့ အစဉ်မှချ တွေ့ကြုံရမည်သာတည်း။ **တသ္မာ၊** ထိုသို့တွေ့ကြုံဆုံကွဲ လောကထဲဝယ် မလွဲဖယ်သာ ဖြစ်ပျက်ရခြင်းသဘော ရှိပါသောကြောင့်။ **သေသံ ဘူတံ၊** သေပွဲမဝင် အသက်ရှင်၍ ပူပင်ရာတောင်း ကြွင်းကျန်ရစ်သော ပုဂ္ဂိုလ်အပေါင်းကိုသာလျှင်။ **ဒယိတဗ္ဗံ၊** ဘေးရန်ကင်းပျောက် ချမ်းသာရောက်အောင် စောင့်ရှောက်အစဉ် ချစ်ခင်မေတ္တာ ပွားများအပ်ပါပေ၏။ **မတန္တံ၊** သေမင်းထံမှောက် ကပ်ရောက်ကြပေ သေကျေပြီးပျက် ထိုထိုများစွာ သတ္တဝါကို။ **နာနုသောစိယံ၊** တရားလွတ်ကင်း ပူရှိန်ပြင်း၍ လွန်မင်းညှိုးမှိန် မစိုးရိမ် မပူဆွေးထိုက်သည်သာတည်း။

ထိုကဲ့သို့ သတ္တဝါများကို မပြတ်မလပ် အထပ်ထပ်အခါခါ သေမင်း၏ အထံရင်းသို့ အမြန်ရောက်ရအောင် ပို့ဆောင်စဉ်ဆက် နှိပ်စက်သတ်ဖြတ်၍ နေသော အာယုသင်္ခါရခေါ် အရွယ်သုံးပါးနှင့် မလွှဲရှောင်သာ စပ်ယှဉ်ပူးကပ်၍ နေကြရရှာသော သူငါကစ များလှထောင်သောင်း သတ္တဝါကြီးငယ် ဟူသမျှ အပေါင်းတို့၏ သေကျေပျက်စီးရခြင်း တရားကြီးကား မချွတ်မလွဲ အမြဲမှချ တွေ့ကြုံရမည်သာ ဖြစ်ပေတော့သည်။

ထို့ကြောင့် ကံမကောင်း အကြောင်းမသင့်လို့မို့ မိမိတို့နှင့် ဆွေနီးမျိုးစပ်ကြပေသော မိဘ, သားသမီး, ဇနီး, ခင်ပွန်း ချစ်ကျွမ်းဝင်ရာ

သတ္တဝါတို့၏ မငြင်းဆန်နိုင်အား ရှင်သေမင်း၏ထံပါးသို့ လိုက်ပါသေဆုံး ကြရသည်ရှိသော် တရားလက်လွတ် ငှက်တောင်ကျွတ်အသွင် ပူပင်သောက မပြင်းပြကြစေဘဲ ကြွင်းကျန်ရစ်ခဲ့သော ဆွေမျိုး မိတ်သင်္ဂဟများကိုသာ ဘေးမသီ ရန်မခ အေးမြချမ်းသာခြင်း ရှိလေအောင် စောင့်ရှောက်ကူမ ပြုစုကြ၍ ကရုဏာရှေ့ထား ချစ်သနားနိုင်ကြဖို့ပေါ့နော်။

ကဲ... အလောင်းတော်၏ဟောပြချက် ဒေသနာအစဉ်ကို ထင်မြင်အောင် စဉ်းစားကြ၍ စုဝေးရောက်လာ များစွာသောင်းသောင်း သူတော်စင် အပေါင်းတို့သည် **"တွေ့ကြုံဆုံကွဲ ဖြစ်ရမြဲ မလွဲမြင်အောင်ရှု"** ဆိုတဲ့ ဆောင်ပုဒ်ဒေသနာအတိုင်းပဲ ကံမကောင်း အကြောင်းမလှ၍ ဆွေမျိုးသားချင်း တို့၏ တစ်စုံတစ်ခုသော ပျက်စီးမှု လောကဓံတရားတို့နှင့် တွေ့ကြုံရတဲ့ အခါမှာ သင့်လျော်စွာ စိတ်ထားတတ်ကြသည်ဖြစ်၍ သေပြီးသူအတွက် ရတက်ပူပြင်း စိုးရိမ်ခြင်း မဖြစ်မိကြစေဘဲ အသက်မသေ လူ့ပြည်ကျန်ရှာ ဆွေဉာတသား ပုဂ္ဂိုလ်များကိုသာလျှင် အရာရာ မလစ်ဟင်းရလေအောင် စောင့်ရှောက်ကူညီကာ ချစ်မေတ္တာရှေ့ထား၍ သနားညှာတာ ကရုဏာမိုး ရွှေဖြိုးမြိုင်မြိုင် ရွာသွန်းနိုင်ကြပါစေသတည်း။

# နေ့ညမကွာ သေကြမှာ တရားတော်

ယနေ့ ကွယ်လွန်သွားသူအား အကြောင်းပြုပြီး ရောက်လာကြကုန်သော ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့ သေခြင်းတရားဆိုတာက အချိန်သတ်မှတ်ခြင်း မရှိပါဘူး။ ဒါကြောင့် သေခြင်းတရား ဆိုတာက ဘယ်လိုသေကြမှာလဲ ဆိုတော့...

**သာယ မေကေ န ဒိဿန္တိ၊ ပါတော ဒိဋ္ဌာ ဗဟူဇနာ။**
**ပါတော ဧကေ န ဒိဿန္တိ၊ သာယံ ဒိဋ္ဌာ ဗဟူဇနာ။**

**ပါတော၊** ယနေ့နံနက် အရုဏ်တက်လာ ချိန်အခါ၌။ **ဒိဋ္ဌာ၊** သွားလာနေထိုင် လုပ်ကိုင်ပြုံးရွှင် တွေ့မြင်ကြရကုန်သော။ **ဗဟူဇနာ၊** ကြီးငယ်သောင်းပြောင်း များစွာသော လူအပေါင်းတို့ကို။ **ဝါ၊** လူအပေါင်းတို့တွင်။ **ဧကေ၊** အချို့အဝက် သေပျက်ရှာတောင်း လူအပေါင်းတို့ကို။ **သာယံ၊** သူရိန်နေဝန်း ထွန်းလင်းပြီးရာ ညနေချိန်အခါ၌။ **နဒိဿန္တိ၊** သေမင်းချေဖျက် ပြစ်ဒဏ်ချက်ကြောင့် သေပျက်လွင့်စဉ် မတွေ့မြင်နိုင်ကြရတော့ ချေတကား။ **သာယံ၊** ရောက်ဆဲနေ့ရက် ကုန်ပျက်နီးလာ ညနေချိန်အခါ၌။ **ဒိဋ္ဌာ၊** သွားလာနေထိုင် လုပ်ကိုင်ပြုံးရွှင် တွေ့မြင်ကြကုန်သော။ **ဗဟူဇနာ၊** ကြီးငယ်သောင်းပြောင်း များစွာသော လူအပေါင်းတို့ကို။ **ဝါ၊** လူအပေါင်းတို့တွင်။ **ဧကေ၊** အချို့အဝက် သေပျက်ရှာတောင်း လူအပေါင်းတို့ကို။ **ပါတော၊** နောက်ထပ်နေ့ရက် **နံနက်စောစွာ** ချိန်အခါ၌။ **န ဒိဿန္တိ၊** သေမင်းခေါ်ရာ

ကောက်ကောက်ပါသဖြင့် ဖွေရှာလူ့ခွင် မတွေ့မြင်နိုင်ကြရတော့သည်သာ လျှင်တည်း။

## ❁ "နံနက်ချိန်တွင်၊ တွေ့မြင်ရတုံ၊ လူပေါင်းစုံလျှ၊ ညနေကျ၊ ချို့ကာမရှိပေ။"

ဟူသော ဆောင်ပုဒ် ဒေသနာအရ ဤလောကကြီး အတွင်း၌ သေကျေပျက်စီးရခြင်း သဘော၏ လျင်မြန်ပုံကို ပြလိုရင်း ဖြစ်ပေတယ်။ သေပျက်ရခြင်း၏ လျင်မြန်ပုံက ယနေ့ နံနက်ခင်းမှာ သားသမီးနဲ့ မိဘနဲ့ ဘိုးဘွားနဲ့ မြေးမြစ်နဲ့ လင်နဲ့မယားနဲ့ ဆရာနဲ့တပည့်နဲ့ မိတ်နဲ့ဆွေနဲ့ အတူတကွ သွားလာနေထိုင် လုပ်ကိုင်စားသောက် ဝမ်းမြောက်ဝမ်းသာ အတူတကွ နေထိုင်ကြသည်ကို တွေ့မြင်ကြရသော်လည်း ညနေချမ်းလောက် ရောက်သွားသောအခါ၌ အချို့သူများက သေကျေပျက်စီးကြ၊ အချို့သူများက နာကြဖျားကြ၊ ဒိုက်ရန်ဒေါသ ဖြစ်၍ကွဲကြ၊ ထွက်သွားပုန်းရှောင်ကြနှင့် ဖြစ်ပျက်ချင်သလို ဖြစ်ပျက်နေကြရသော ရှေးက ပင်ကိုအတိုင်း မတွေ့မမြင် ကြရတော့ပေတဲ့။

## ❁ "ညနေချမ်းတွင်၊ တွေ့မြင်သူမှ၊ မနက်ကျ၊ ချို့က မရှိတော့ပေ။"

ဟူသော ဒေသနာ ဆောင်ပုဒ်အတိုင်း ရှေးကနည်းအတူ ယနေ့ ညနေချမ်းအချိန်မှာ တွေ့မြင်နေကြရသော မိဘ သားသမီး စသည်များ ကိုလည်း နောက်တစ်နေ့ နံနက်မိုးသောက် အလင်းသို့ ရောက်သောအခါ အချို့သူများကို မတွေ့မြင်နိုင်ကြတော့ဘဲ ပျောက်ပျက်တိမ်းရှောင် အလောင်း ကောင် စသည် ဖြစ်သွားတတ်ကြသဖြင့် ပကတိအခြေ ပြိုးရှင်လှုပ်ရှား၍ နေသည်ကို မတွေ့မြင်နိုင်ကြတော့ပေဟူ၍ ဆိုလိုရင်းဖြစ်ပါတယ်။

ထို့ကြောင့် နံနက်ချိန်ခါ ခန္ဓာကိုယ်နှင့်အသက် ယှဉ်တွဲလျက် ရှိနေကြသော်လည်း ညနေချမ်းအချိန်မှာ ခန္ဓာနှင့်အသက် အိုးစားကွဲ၍ သေပွဲသို့ ဝင်ရောက်ရမည့်အရေးကို လည်းကောင်း၊ ယနေ့ညနေချမ်းမှာ သားသမီးနဲ့မိဘနဲ့ လင်နဲ့မယားနဲ့ ဆရာနဲ့တပည့်နဲ့ မိတ်နဲ့သင်္ဂဟနဲ့

စသည်ဖြင့် ယှဉ်တွဲပြီးရှင် ခင်မင်လေးစား နေထိုင်ကြငြားသော်လည်း နောက်တစ်နေ့နံနက် ရောက်သောအခါ အချို့သူက သေကျေ ပျက်စီးသွား တတ်ပါသဖြင့် မရှင်မလန်း ပင်ပန်းငိုကြွေး ကွဲကွာရတတ်သည့် အရေးကို လည်းကောင်း အဖန်ဖန် တွေးတော ဆင်ခြင်ကြလျက် နံနက်နေ့ည ခဏမစဲ အမြဲမပြတ် ဖြစ်တတ်ပျက်တတ်သော ရုပ်နာမ်အစဉ် သံသရာ ဝဋ်ဒုက္ခတို့၏ ပြတ်စဲရာ နိဗ္ဗာန်ချမ်းသာရကြောင်း ကောင်းမြတ်သော ပါရမီကုသိုလ်များကို ဆိုးစားမယုတ် အားထုတ်နိုင်ကြပြီးလျှင် လိုလားအပ် သော ဆုထူးဆုမြတ်နှင့်တကွ မဂ်ဖိုလ်ဉာဏ်ဆင့်ဆင့်ကူး၍ မြင့်မြတ်သော နိဗ္ဗာန်ထူးကို ဆွတ်ခူးလှမ်းတက်နိုင်ကြပါစေ ကြောင်း ဆုတောင်းအာသီသ ပြုလိုက်ရပါသတည်း။

(လိုရာဂါထာ၊ လိုရာဝတ္ထု ဆက်နိုင်ပါသည်။)

# သေရေးဆင်ခြင် နိဗ္ဗာန်မြင် တရားတော်

ယနေ့ ကွယ်လွန်သွားသူအား အကြောင်းပြုပြီး ရောက်ရှိလာကြကုန် အလှူရှင် အလှူအမအပေါင်း သူတော်ကောင်းတို့ သေရေးကို ဆင်ခြင်ပြီး နိဗ္ဗာန်ကိုမြင်သွားပုံကို တင်ပြရလျှင်တော့...

ငါတို့၏ ဘုရားရှင် ကိုယ်တော်မြတ် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေထိုင်တော်မူစဉ်အခါ သာဝတ္ထိပြည်၌ ဂဟာပတိမဟာသာလသူဌေးတစ်ဦးမှာ ဥဗ္ဗိရီ အမည်ရှိသော သမီးချောကလေး တစ်ယောက် ပေါက်ရောက် ထွန်းကားလာလေတယ်တဲ့။

ထိုသူဌေးသမီးကလေး ဥဗ္ဗိရီမှာ ရှေးရှေးမဆွ ပွင့်သွားကြသော မြတ်စွာဘုရားရှင်တို့၏ အထံတော်၌ ဝိဝဋ္ဋူပနိဿိတ ခေါ်တဲ့ ဝဋ်မြစ်ပြတ်ရာ နိဗ္ဗာန်ချမ်းသာကို ရည်မှန်းဆ၍ ဒါန, သီလ, ဘာဝနာ စသား ပါရမီ ကုဏ်းဝင် ကုသိုလ်များကို စိတ်လိုဆန္ဒ ပြင်းပြကြည်လင် အစဉ်ထာဝရ ပြုစုခဲ့ရ၍ ပဒုမုတ္တရ ဘုရားရှင် လက်ထက်တော်မှာလည်း ဆွမ်းခံကြွလာ သံဃာတစ်ပါး အိမ်အနီးအပါး ကြွသွားသည်ကို တွေ့ရှိရသဖြင့် အိမ်အတွင်းသို့ ပင့်တင်ကာ မိမိအတွက် ခင်းထားအပ်သော နေရာမြတ်၌ သီတင်းသုံး နေထိုင်စေကာ ရှိသေလေးမြတ် ချဉ်းကပ်ဝပ်လျှိုး ရှိခိုးဦးတင် ဆွမ်းဘောဇဉ် များကိုပါ လှူဒါန်းလိုက်လေတယ်တဲ့။

ထိုကဲ့သို့ နေရာထိုင်ခင်းနှင့် ဆွမ်းဘောဇဉ်လှူရ မြတ်ပုည တို့ကြောင့် ထိုအမျိုးသမီးကလေးသည် အသက်ထက်ဆုံး ဝမ်းမြောက်ချမ်းသာ

နေထိုင်ပြီးနောက် သေလွန်ရတဲ့အခါမှာ တာဝတိံသာနတ်ပြည်စခန်းသို့ ရောက်ရကာ မွန်မြတ်လှသော စည်းစိမ်ချမ်းသာများကို ရရှိခံစားရလေတယ်။

ထိုမှတစ်ဖန် စုတေပြန်သော် မွန်မြတ်လှစွာသော လူ့ရပ်နတ်ထံ အတန်တန်သော သုဂတိဘုံဘဝတို့၌သာ ဖြစ်ရလျက် စည်းစိမ်ချမ်းသာ အဖြာဖြာတို့ကို ခံစားခဲ့ရပြီး နောက် ယခုဘဝ သာဝတ္ထိပြည်မှာ ဥဗ္ဗိရီဘဝသို့ ရောက်ခဲ့ရ လေတယ်။

ထိုဥဗ္ဗိရီအမျိုးသမီးကလေး အချိန်အရွယ်ရောက်လာ သောအခါ သာဝတ္ထိပြည်ရှင် ဘုရင်ကောသလမင်းကြီးက မြတ်နိုးလှသဖြင့် ရွှေနန်းတော်သို့ ခေါ်ဆောင်သိမ်းပိုက်၍ ထားတော်မူလေတယ်။ နှစ်အနည်းငယ်ကြာသော အခါ ဥဗ္ဗိရီမှာ ကောသလမင်းကြီးကို အစွဲပြု၍ ဇီဝန္တီမည်သော သမီးကလေး တစ်ယောက် ဖွားမြောက်ရရှိခဲ့လေတယ်။ သမီးကလေးကို မြင်ရသောအခါ ဘုရင်မင်းမြတ်ကြီးက အလွန်တရာ ဝမ်းမြောက် နှစ်သက် မြတ်နိုးတော်မူလှသဖြင့် ဥဗ္ဗိရီကို အဘိသိက်မြှောက်ကာ မိဖုရားအရာဌာနကို ပေးတော်မူလေတယ်တဲ့။ သမီးကလေးမှာ ပါဠိဘာသာအားဖြင့် ဇီဝန္တီ ဟူ၍ ခေါ်သဖြင့် မြန်မာဘာသာအားဖြင့်ကား အသက်ရှည် သို့မဟုတ် "ခင်ခင်သက်" ဟူ၍ ခေါ်ဆိုရမှာပေါ့နော်။

ထိုသမီးကလေး ဇီဝန္တီ မခင်ခင်သက် ဟိုဟိုဒီဒီ ပြေးလွှားနိုင်သည့် ချစ်ခင်စဖွယ် အရွယ်ရောက်သောအခါ အကြောင်းကံ မလှသဖြင့် ရုတ်တရက် သေကျေပျက်စီး၍ သွားရရှာတယ်။ မိခင်ဖြစ်တဲ့ ဥဗ္ဗိရီ မိဖုရားကလေးမှာ သမီးကလေးအတွက် ပူပြင်းဆင်းရဲခြင်းဒုက္ခ တွေ့ကြုံရလျက် တသဒိုကြွေး သမီးကလေး၏ အလောင်းကို လှပတင့်တယ်စွာ ဂူသွင်းသင်္ဂြိုဟ်လိုက်ပြီး နေ့စဉ်မပြတ် သင်္ချိုင်းဂူကို သွားရောက်၍ ငိုကြွေးနေရှာလေတယ်တဲ့။

တစ်နေ့မှာ ဥဗ္ဗိရီ မြတ်စွာဘုရားအထံတော်သို့ သွားရောက်၍ ဖူးမြော်ပြီး ခေတ္တမျှနေထိုင်ကာ ဘုရားရှင်အထံတော်မှ ပြန်ခဲ့၍ အစိရဝတီ မြစ်ကမ်းအနီး သမီးကလေး၏ မြှုပ်နှံရာ သုသာန်သို့ သွားရောက်၍ ငိုကြွေး မြည်တမ်းနေလေတယ်။

ထိုအခြင်းအရာကို ဘုရားရှင်ကိုယ်တော်မြတ် မြင်တော်မူသဖြင့် ဂန္ဓကုဋိကျောင်းတော်မှာ သီတင်းသုံးနေထိုင်လျက်ပင် မိမိကိုယ်တော်ကို

ဥဗ္ဗိရိအား မျက်ဝါးထင်ထင် မြင်စေတော်မူလျက် "ဥဗ္ဗိရိ သင် ဘယ်အတွက် ကြောင့် ငိုမြည်တမ်းတနေရပါသနည်း" ဟု မေးမြန်းတော်မူလေတယ်။ မြတ်စွာဘုရား တပည့်တော်မ၏ လတ်တလော သေသွားရှာသော သမီး ကလေး ဇီဝန္တီကို လွမ်းဆွတ်တသ သတိရသဖြင့် သုသာန်သချိုင်းသို့ နေ့စဉ် သွားရောက်ကာ ငိုကြွေး မြည်တမ်းနေရပါကြောင်း ဥဗ္ဗိရိက လျှောက်ထားလေလျှင်...

မြတ်စွာဘုရားရှင်က "ဥဗ္ဗိရိ... သင် သတိထားပါလော၊ ဤသုသာန် ၌ပင် ဇီဝန္တီ ဟူသော နာမည်တူဖြင့် သေလွန် သေလွန်သွားကြတဲ့ သင်၏ သမီး အလောင်းပေါင်းများပင် ရှစ်သောင်းလေးထောင်မျှ ရှိခဲ့ပေပြီ၊ တခြားအမည်နှင့် သင်၏ သမီးများနှင့် တခြားသော သေလွန်ပြီးသည့် ပုဂ္ဂိုလ်တို့၏ အလောင်းကောင်များကား ရေတွက်မရ အလွန်တရာပင် များပြားလှချေတော့တယ်။ ထိုရှစ်သောင်း လေးထောင်မျှသော ဇီဝန္တီ မည်ကြသော သမီးများမှ သင် ယခု ဘယ်ဇီဝန္တီသမီးကို ရည်ရော်မှန်းကာ ငိုကြွေး၍ နေဘိသနည်း" ဟူ၍ မေးမြန်းတော် မူလိုက်သည့်အတွက် အောက်ပါ ဂါထာဖြင့် မိန့်ကြား ဆုံးမတော်မူလိုက်လေတယ်။

**အမ္မ ဇီဝါတိ ဝနမှိ ကန္ဒသိ၊ အတ္တာနံ အဓိဂစ္ဆ ဥဗ္ဗိရိ။**

**စုလ္လာသီတိ သဟဿာနိ၊ သဗ္ဗာ ဇီဝ သနာမိကာ။**

**တေမှာ ဉာဟာနေ အမှာ၊ တာသံ ကမနုသောစသီတိ။**

**ဥဗ္ဗိရိ** သမီးလေးအတွက် ရတက်မအေး ငိုကြွေးပူသည်း အို... ဥဗ္ဗိရိခေါ် ချစ်သမီးတော်။ **တွံ၊** အဖော်မဲ့မိုး သင် ချစ်သမီးသည်။ **ဝနမှိ၊** လူသူမနီး တောမြိုင်ကြီး၌။ **အမ္မ ဇီဝါတိ၊** အို...ချစ်သမီး ဇီဝန္တီ ဟု နာမည် တွင်ခေါ် ဟစ်ကြွေးကြောက်လျက်။ **ကန္ဒသိ၊** ဘယ်လိုကျိုးဆက် စိတ်မှန်း ချက်ဖြင့် ရတက်ပွေလည် ငိုမြည်၍ နေဘိသနည်း။ **တွံ၊** သင် ဥဗ္ဗိရိသည်။ **အတ္တာနံ၊** မိမိကိုယ်တိုင် မစိုးပိုင်ဘဲ မြဲနိုင်ကင်းပ သေကျေပျက်စီးရမည့် အရေးကို။ **အဓိဂစ္ဆ၊** တရားသဘော သိဉာဏ်နှော၍ လျင်ဆောမှန်စွာ ဆင်ခြင် ရှုပွားလိုက်ပါလော။ **ဥဗ္ဗိရိ၊** ချစ်သမီး ဥဗ္ဗိရီ။ **တဝ၊** သင်၏။ **သဗ္ဗာ၊** လုံးစုံထင်ရှား များပြားကြကုန်သော။ **ဇီဝသနာမိကာ၊** ဇီဝန္တီ ဟု နာမည်တူ ဖြစ်ကြကုန်သော။ **စုလ္လာသီတိသဟဿာနိ၊** ရှစ်သောင်းလေးထောင်မျှ

ရှိကြကုန်ပေသော။ **ဝိတရော၊** ရှုံ၍မငြိး ချစ်သမီးတို့ကို။ **တေမှိအာဥာ ဟနေ၊** သင် ယခုနေထိုင် ကြံမှိုင်ပူဆွေး ငိုကြွေးထပ်ထပ် ဤသုသာန်အရပ်၌။ **အမှာ၊** ဆုံးရှုံးသွားရ မရှင်ပျာဘဲ ငိုတ,ဖန်ဖန် မြှုပ်နှံခဲ့ရလေပြီ။ **တာသံ၊** ထိုသို့များမြောင် ရှစ်သောင်းလေးထောင်မျှ သေဆုံးကြသော ဇိဝန္တီဟူ နာမည်တူငြား သမီးများတို့တွင်။ **ကံ ဝိတရံ၊** ဘယ်သို့ရည်စူး သမီးထူးကို။ **တွံ၊** ဥဗ္ဗိရီခေါ် သင် သမီးတော်သည်။ **အနုသောစသိ၊** မရှင်မလန်း လွှန်ပင်ပန်း၍ မြည်တမ်းငိုကာ နေဘိပါသနည်း။

ဤသည့်ဂါထာ ဒေသနာ၏ ဆိုလိုရင်းကတော့ ချစ်သမီး ဥဗ္ဗိရီ... သင်သည် လူသူမနီး တောကြီးမြိုင်ယံ မြေသုသာန်သို့ နေ့စဉ်မနား အရောက်သွားလျက် ရှင်အားမနိုင် လက်မှိုင်ချကာ ဘယ်အရာကို ရည်မှန်း၍ ငိုကြွေး မြည်တမ်းကာ နေခဲ့ပါသနည်း။ ဒီသေရခြင်း တရားမျိုးဆိုတာ သူတစ်ပါးတို့ကို မဆိုထားဘိ၊ မိမိကိုယ်ကိုပင် မပိုင်နင်းနိုင်ကြဘဲ သေမင်း၏ ထံပါးသို့ လိုက်သွား အပ်နှံကြရမည့် အရေးကိုလည်း တရားသဘော ဉာဏ်မြင်နှော၍ အဆောတလျင် ဆင်ခြင်စဉ်းစား လေးနက် ထင်မြင်အောင် ရှုပွားထိုက်လှပေတယ်။

"ချစ်သမီး ဥဗ္ဗိရီ... ယခု သင်ငိုနေသော သုသာန်မှာ မြှုပ်နှံထားသော အလောင်းကောင်များမှာ တခြားပုဂ္ဂိုလ်၊ တခြားနာမည်ရှိသူများကို မဆိုထားဘိ၊ ဇိဝန္တီဟု နာမည်တူ သင်သမီးရင်းများ၏ အလောင်းများပင်လျှင် ရှစ်သောင်းလေးထောင်မျှ ရှိခဲ့လေပြီ။ အဲဒီကဲ့သို့ ဇိဝန္တီ အမည်တူ သေလွန် ပြီးသော သင်၏သမီးရင်း ရှစ်သောင်းလေးထောင်ထဲမှ ဘယ် သမီးကိုများ အထူးတလည် ချစ်မြတ်နိုးပြီးတော့ တရားမယှဉ် နေ့စဉ်သွားကာ ငိုမြည် တမ်း၍ နေခဲ့ပါသနည်း" ဟူ၍ မေးမြန်း သတိပေးလိုရင်းပေါ့နော်။

ဤကဲ့သို့ ဘုရားရှင်ကိုယ်တော်မြတ်က တရားရှိရင်း ရှင်းလင်းကျန ဟောညွှန်ပြလိုက်လျှင်ပဲ ဥဗ္ဗိရီမိဖုရားကလေးသည် ရှေးရှေးက ဖြည့်ဆည်း ဖူးခဲ့ပြီးသော ပါရမီဓာတ်ခံ ရင့်သန်ပြီး ပုဂ္ဂိုလ်ထူးဖြစ်သည့်အတိုင်း ဒေသနာ တော်အစဉ်ကို ဉာဏ်မြင်ရှေ့သွား စဉ်းစားဆင်ခြင်လိုက်သည်မှာ...

"ဩော်... အမှတ်မဲ့ သာမန်အားဖြင့် စဉ်းစားကြည့်လျှင်တော့ ငါ၏ သမီးချစ် ဇိဝန္တီကလေးကိုမှ အာဏာထန်ပြင်း ရှင်သေမင်းကြီးက

အလျှင်းငဲ့ညှာ မရှိပါဘဲ သေရွာထင်ရှား ခေါ်ဆောင်၍ သွားလေခြင်းစသည်ဖြင့် ထင်မြင်တွေးဆ သောကလှိုင်းဆူ အပူကြီး ပူခဲ့ရပေတယ်။ သို့ပါသော်လည်း ရှင်တော်ဘုရား၏ ညွှန်ကြားချက် ဒေသနာအစဉ်ကို ဆင်ခြင် စဉ်းစားလိုက်ပါလျှင် ဇိဝန္တီ သမီးတစ်ယောက်မက ဇိဝန္တီပေါင်း ရှစ်သောင်းလေးထောင်မျှ ဤသုသာန်၌ မြှုပ်နှံပစ်ချခဲ့ရလေပြီတဲ့။ ဒီသမီးများ သေတိုင်း သေတိုင်းပဲ သမီးများ၏ မိခင်ဖြစ်သော ငါလည်း အကြိမ်ကြိမ် အထပ်ထပ် သေကျေပျက် စီးခဲ့ရလေပြီ။ ယခုဘဝမှာလည်း သေရဆဲ၊ နောက်နောင်ဘဝများမှာလည်း နိဗ္ဗာန်မရသေးသမျှ **"မရဏံမေ ဘဝိဿတိ၊ မရဏံ မေ ဘဝိဿတိ"** ငါလည်းပဲ ကေန်မုချ သေရချေဦးမည် ဟူ၍ မရဏာဿတိ ကမ္မဋ္ဌာန်းကို ဦးတည်လျက် ဝိပဿနာ အဆင့်ဆင့်တို့ဖြင့် အရဟတ္တမဂ်ဖိုလ် နိဗ္ဗာန်ကိုပင် ရရှိလျက် အာသဝေါကုန်ခန်း ရဟန္တာမကြီး ဖြစ်ရလေသတည်း။

ဤဝတ္ထု၌ ဥဗ္ဗိရီ အမျိုးသမီးကလေးသည် သေခြင်းတရားကို မမြင်ခင်က ဆင်းရဲဒုက္ခရောက်ရသော်လည်း သေခြင်းတရားကို မြင်ရသောအခါ ဝိပဿနာဉာဏ်များ အဆင့်ဆင့်တက်၍ နိဗ္ဗာန်ကို မဂ်ဖိုလ်ဉာဏ်ထူးများဖြင့် မျက်မှောက်ပြုကာ ချမ်းသာရကြောင်း အားကျ၍ သေခြင်းတရားကို မြင်အောင်ရှု ဆင်ခြင်နိုင်ကြပါစေကုန်သတည်း။

**(ဥဗ္ဗိရီထေရီမ ဝတ္ထု၊ ထေရီဂါထာ အဋ္ဌ-၅၅)**

## သီလစွမ်းအား နိဗ္ဗာန်သွား တရားတော်

ယနေ့ သီလယူရန် ရောက်ရှိလာကြကုန်သော ဒကာ ဒကာမ အပေါင်း သူတော်ကောင်းတို့ သီလရဲ့စွမ်းအားဟာ ဘယ်လောက်အထိ ရောက်သွားသလဲဆိုတော့...

**သဂ္ဂါရောဟန သောပါဏံ၊ အညံ သီလသမံ ကုတော။**
**ဒွါရံဝါ ပန နိဗ္ဗာန၊ နဂရဿ ပဝေသနေ။**

**သီလသမံ၊** ငါး,ရှစ်,ကိုး,ဆယ် အသွယ်သွယ်အဝဝ ကျင့်ဝတ်သီလနှင့် စစဂုဏ်ရည် စုံညီတူမျှသော။ **အညံ၊** အခြားတစ်ပါးသော။ **သဂ္ဂါရောဟန သောပါဏံ၊** နတ်ပြည် ခြောက်တန် တက်ရန်အကြောင်း စောင်းတန်းလှေကား ကောင်းသည်။ **ကုတောအတ္ထိ၊** လှည့်လည်ရှာကြံ အမှန်တိတိ အဘယ်မှာလျှင် ရှိတော့အံ့နည်း။ **နိဗ္ဗာန နဂရဿ၊** ဝါနတဏှာ ကိလေသာကင်း နိဗ္ဗာန မည်ခေါ် ရွှေပြည်တော်ကြီးသို့။ **ပဝေသနေ၊** အေးမြကြည်သာ သွားလာ ဝင်ရောက်ခြင်း၌။ **ဒွါရံဝါ ပန၊** ထွက်ဝင်ရကြောင်း တံခါးကောင်းသည်လည်း။ ကုတောအတ္ထိ၊ လှည့်လည်သွားလာ ရှာကြံပါလည်း သေချာတိတိ မရှိနိုင်တော့ သည်သာတည်း။

❁ ***"နတ်ပြည်တက်ရန်၊ လှေကားမှန်၊***
***ကောန်မုတ်ကြ၊ ကျင့်သီလ။"***

ဆိုတဲ့အတိုင်းပဲ အထက်ပါ ရွတ်ဆိုလိုက်ရသော ဂါထာ၏ လိုရင်း အချုပ်ကို ပြောရပါလျှင် ချမ်းသာသုခ အမျိုးမျိုးတို့နှင့် ပြည့်ဖြိုးစုံလင် ပျော်ရွှင်ဖွယ် အလွန်ကောင်းလှသည့် စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တီ–ဟု ဆိုအပ်သော နတ်ပြည်ခြောက်ထပ် မြင့်မြတ်သော ဘုံဌာနသို့ အလီလီအဝဝ ရောက်ကြ ရသော သူတော်စင်အပေါင်းတို့သည် သီလ တည်းဟူသော ကျင့်ဝတ် တရားကြောင့်သာလျှင် ရောက်ကြရပေတယ်။ သီလတရားကို ထား၍ နတ်ပြည်ကို မရောက်နိုင်ကြပေ။ ဒါ့ကြောင့် ကျင့်ဝတ် သီလတရားသည် နတ်ပြည်တက်ရန် ထူထောင်၍ထားအပ်သော စောင်းတန်းလှေကားကြီးနှင့် တူတယ်လို့ ဆိုရပေသနော်။

*"နိဗ္ဗာန်ဝင်ရန်၊ တံခါးမှန်၊ ကောန်မှတ်ကြ၊ ကျင့်သီလ။"*

ဆိုတဲ့ လင်္ကာအတိုင်း ဘုရားတစ်ဆူတစ်ဆူ လက်ထက်တော်မှာ ၂၃–သချေင် ကုဋေ ၆၀၊ မိုလ်ခြေတစ်သိန်းမျှသော ဝေနေယျသတ္တဝါများ ကျွတ်တမ်းဝင်ကာ ပြည်ခေမာသို့ ရောက်ကြရလေတယ်။ ထိုဆိုခဲ့ပြီးသော ဝေနေယျ အပေါင်းတို့သည် ကျင့်ဝတ်သီလ ဖြူစင်မှသာလျှင် နိဗ္ဗာန် တည်းဟူသော ရွှေပြည်မြတ်သို့ ဆိုက်ကပ်ဝင်စံကြရလေတယ်။ ကျင့်ဝတ် သီလ ပျက်ကွက် ယွင်းမှားနေလျှင် နိဗ္ဗာန်ကို မဝင်စံနိုင်ကြ ပေဘူးတဲ့။ ဒါကြောင့် ကျင့်ဝတ်သီလကို နိဗ္ဗာန်ရွှေပြည်မြတ်သို့ ဝင်စံဖို့ရာ တံခါးဝ တံခါးပေါက်ကြီးနှင့် တူတယ်လို့ ဆိုရပါ့မယ်။

*"နတ်ရွာနိဗ္ဗာန်၊ ရောက်ကြောင်းမှန်၊ ကောန်မှတ်ကြ၊ ကျင့်သီလ။"*

ဆိုတဲ့အတိုင်း နတ်ပြည်ရောက်ရ၊ နိဗ္ဗာန် ရောက်ရတယ် ဆိုတာ လည်းပဲ အခြေခံအကျင့်သီလ ပြည့်စုံမှသာလျှင် ရောက်နိုင်ပေတယ်။ အကျင့်သီလက ပျက်ကွက် ချွတ်ယွင်းနေမည် ဆိုပါက ဘယ်လိုဒါန၊ ဘာဝနာတွေရှိစေကာမူ နတ်ရွာနိဗ္ဗာန်ကို မရောက်နိုင်ဘူးတဲ့နော်။ ကဿပ ဘုရား လက်ထက်တော်က ရဟန်းကလေးတစ်ပါး တောထွက်၍သွားစဉ် ဖိန်းရွက်ကလေး တစ်ရွက်ကို ဖြတ်မိ၍ အာပတ်သင့်သွားသောကြောင့်

တောထဲမှာ အနှစ် နှစ်သောင်းတိုင်တိုင် တရားအားထုတ်သော်လည်း တရားထူးကို မရသည့်အပြင် သေလွန်တဲ့အခါမှာ မြွေနဂါးကြီး သွား၍ဖြစ်ရှာလေတယ်တဲ့။

ထိုကဲ့သို့ အကျင့်သီလနှင့်မပြည့်စုံလျှင် ဘယ်လိုပင် ဒါန, ဘာဝနာ တရားတို့ကို ကြိုးစားသော်လည်း နတ်ပြည် နိဗ္ဗာန်ကို မရောက်နိုင်သောကြောင့် အကျင့်သီလတရားကို နတ်ပြည်နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းအစစ်ကေန် ဖြစ်တဲ့အကြောင်းကို ရှင်တော်ဘုရား ဟောကြား သိစေတော်မူလိုရင်းပေါ့နော်။

ယခု ဟောပြခဲ့တဲ့ဂါထာအရ အကျင့်သီလ၏ နတ်ပြည် တက်ရန်စောင်းတန်း လှေကားကောင်းနှင့် တူကြောင်း၊ နိဗ္ဗာန် ရွှေပြည်မြတ်သို့ ဝင်ရောက်ရန် တံခါးပေါက် တံခါးဝနှင့် တူကြောင်းများနှင့် အကျင့်သီလနှင့် ပြည့်စုံမှသာလျှင် နတ်ပြည်နိဗ္ဗာန်သို့ ရောက်နိုင်ကြောင်းများကို ကောင်းစွာ သိရှိကြ၍ နတ်ရွာနိဗ္ဗာန်ကို လိုလားကြတဲ့ သူတော်စင် အပေါင်းတို့သည် ကိုယ်ကျင့်သီလများကို မကျိုးမပေါက်အောင် စောင့်ရှောက်ကြ၍ ဒါန သမထ, ဝိပဿနာ, ဘာဝနာများကိုလည်း ကြိုးစားကြကာ နိဗ္ဗာန်ရွှေပြည်မြတ်သို့ အမြန်ရောက်နိုင်ကြပါစေသတည်း။

**(အစဂါထာကို ပြန်ရွတ် အနက်ပေးပြီး တရားချလိုက ချနိုင်သည်။ မချသေးလိုက လိုရာဝတ္ထုဆက်ဟောပါ။)**

# နေ့ဝက်သီလ အကျိုးပြ တရားတော်

ယနေ့ သီလဆောက်တည်ရန် ရောက်ရှိလာကြကုန်သော သူတော်ကောင်း အပေါင်းတို့… သီလဟာ မိမိတို့ စောင့်နိုင်သလောက် အကျိုးပေးပါတယ်။ ဒါကြောင့် နေ့တစ်ဝက်သီလ စောင့်ပေမယ့် အကျိုးများတဲ့ အကြောင်း တင်ပြရလျှင်တော့…

ငါတို့ဘုရားရှင် လက်ထက်တော်က ကုဋေပေါင်းများစွာ ချမ်းသာကြွယ်ဝသည့် ဇေတဝန် ကျောင်းဒါယကာကြီးဖြစ်သော အနာထပိဏ်သူဌေးကြီးသည် ဒါနရေးရာ သီလရေးရာ၌ အလွန်တရာ ကြိုးစားချီးမြှောက်လေ့ရှိသည့်အတိုင်း ဇေတ မင်းသား၏ ဥယျာဉ်တော်ကြီးကို ကျောင်းဆောက်ရန် ငွေ တစ်ကုဋေပေးပြီး ဝယ်ယူသည့်အပြင် ၅၄–ကုဋေတန်ကျောင်းတော်ကြီးကိုလည်း ဆောက်လုပ်၍ မြတ်စွာဘုရားအား လှူဒါန်းခဲ့လေတယ်။ ရှေးက သောတာပန်များကတော့ သာသနာရေးနှင့် စပ်လာလျှင် အိတ်သွန်ဖာမှောက် လှူဒါန်းလေ့ ရှိကြတယ်နော်။

ယခုကာလ သောတာပန်များကတော့တစ်မျိုးကြီးတွေပဲ။ သောတာပန် အဆင့်အတန်းလောက် ရောက်လာလျှင် ဒါနကိုမပြုဘဲ သံသရာရှည်တယ်၊ ဝဋ်ဒုက္ခမှာ လည်စေတတ်တယ်နှင့် ဘယ်လိုသောတာပန်တွေမှန်း မသိပါဘူးနော်။ ရှင်ဒေဝဒတ်ရဲ့ ဂိုဏ်းတော်သား သောတာပန်တွေလား မသိပါဘူး။ သတိထားကြ၊ သောတာပန် အစစ်ဆိုတာ အမြဲ လှူနေရမှ ကျေနပ်လေ့ရှိကြသတဲ့နော်။

အနာထပိဏ် သူဌေးကြီးသည် ဒါနဘက်ကသာ ဝါသနာပါတာ မဟုတ်သေးဘူး။ သီလဘက်ကလည်း ဘယ်တော့မှ မပျက်ကွက်စေရဘူး တဲ့နော်။ ဥပုသ်နေ့များမှာဆိုလျှင် မိမိအိမ်မှာ ရှိသမျှ ကျေးကျွန်အစေခံမှစ၍ ကလေး လူကြီးမကျန် အားလုံးသောလူများကို မိမိက ကျောင်းတော်သို့ ရှေ့ဆောင် ခေါ်သွားကာ ဥပုသ်သီတင်းများကို အစောင့်ခိုင်းလေ့ရှိသတဲ့ နော်။ ဒါတင်မက နို့စို့ကလေးများကိုပင် ဥပုသ်နေ့ မွန်းလွဲသောအခါ နို့မတိုက်ရတော့ဘဲ ထောပတ်တို့၊ စတုမဓုတို့ကို ကျွေးစေကာ ဥပုသ်သည် ဖြစ်အောင် လုပ်လေ့ရှိသတဲ့။ ဘယ်လောက် ကြည်ညိုစရာကောင်းတဲ့ သောတာပန်သူဌေးကြီးလဲဆိုတာ စဉ်းစားကြည့်က သိစရာပေါ့။

ဥပုသ်နေ့ညများ သူဌေးကြီးအိမ်ကိုသွားပြီး နားထောင်လျှင် အိမ်ရှိ လူအားလုံးတို့သည် သံဃာတော်များနေသည့် ကျောင်းကြီးပမာ စာပေရွတ်သံ၊ ကမ္မဋ္ဌာန်းရွတ်သံ၊ ဘုရားရှိခိုး ဝတ်တက်သံတွေဟာဆူညံနေသတဲ့။ ရှေးက သောတာပန်များကတော့ ဥပုသ်သီလဘက်ကလည်း အထူးပဲ ကြိုးစားလေ့ ရှိကြပါပေတယ်။ လူကြီးများသာမက နို့စို့ကလေးများကိုပဲ ဥပုသ်စောင့်ခိုင်း တယ်ဆိုတော့ အထူးပြောစရာ မလိုတော့ဘူးပေါ့။

ထိုကဲ့သို့ ဥပုသ်သီတင်းဘက်က ဝါသနာပါတဲ့ အနာထပိဏ် သူဌေးကြီးသည် တစ်နေ့မှာ နောက်ထပ်ရောက်လာတဲ့ စာရင်းငှားတစ်ယောက် ကို ဥပုသ်စောင့်ရန် မပြောမိသည့်အတွက်ကြောင့် နံနက်စောစော တောင်ယာ တောသို့ ထွန်ရက်ဖို့ရာ စာရင်းငှားသစ်တစ်ယောက်သွားသည်ကို တွေ့ရနှင့် ထိုစာရင်းငှားအတွက် သူဌေးကြီးက ထမင်းချက်ရန် ခိုင်းထားလေတယ်တဲ့။

စာရင်းငှားသစ်လည်း မည်သူမှ ထမင်းပို့မလာတာနှင့် တစ်နေ့လုံး တောင်ယာတောမှာပဲ နေထိုင် လုပ်ကိုင်ပြီး ညနေချမ်းကျမှ အိမ်ကို ပြန်လာလေတယ်။ အိမ်ပြန်ရောက်တဲ့အခါ တခြားနေ့များလို လူပေါင်းများစွာ ထမင်းဝိုင်းစားခြင်းမရှိ၊ တစ်အိမ်လုံး ကမ္မဋ္ဌာန်းရွတ်သံတွေဖြင့်သာ ဆူညံနေ သည်ကို တွေ့မြင်ရတာနှင့် အကျိုးအကြောင်း မေးမြန်းလေရာ ဥပုသ်နေ့ ဖြစ်၍ အားလုံး ဥပုသ်စောင့်ထားကြကြောင်း၊ သင့်ကိုလည်း နံနက်က မပြောလိုက်မိသည့် အတွက်ကြောင့် ဥပုသ်စောင့် မခိုင်းရဘဲ ယခု သင်

တစ်ယောက်အတွက်သာ ထမင်းများ ချက်ထားကြောင်း ပြောပြသည်ကို ကြားရသည်နှင့် စာရင်းငှားလည်း သူများနည်းတူ ဥပုသ်စောင့်လိုသည့် အတွက်ကြောင့် ယခုနေ ဥပုသ်စောင့်တည်လျှင် ဖြစ်,မဖြစ် မေးမြန်းလေရာ ယခုလည်းပဲ ထမင်းမစားဘဲ ဥပုသ်ဆောက်တည်လျှင် ရသည့်အကြောင်း သူဌေးကြီးက ပြောတာနှင့် ထိုစာရင်းငှားသည် ညစာကိုလည်း မစားတော့ဘဲ နေ့တစ်ဝက်ဥပုသ်ကို ဆောက်တည်ကာ စောင့်ထိန်းလေတယ်တဲ့။

ထိုစာရင်းငှားယောက်ျားသည် သူများနည်းတူ စိတ်အား ထက်သန်စွာ ဥပုသ်စောင့်နိုင်သော်လည်း တစ်နေ့လုံး ထမင်း အစာအာဟာရ ဘာတစ်ခုမှ မစားသောက်ရသည့်အတွက်ကြောင့် ညသန်းခေါင်အချိန် ကျရောက်သော အခါ ဝမ်းထဲမှ လေများ တအားတိုး၍လာခြင်း ဆိုတဲ့ ရောဂါဝေဒနာကို ခံစားရရှာလေတယ်တဲ့။ ထိုအခါ သူဌေးကြီးက ထောပတ်၊ စတုမဓုရများကို ပေးကာ လေနာပျောက်အောင် စားသောက် နိုင်ကြောင်း ပြောပါသော်လည်း စာရင်းငှားက အကျွန်ုပ်သည် သူများနည်းတူ တစ်နေ့ပြည့်အောင် ဥပုသ်မရ၊ နေ့ဝက်မျှသာ ရရှိသည်ဖြစ်၍ မစားလိုကြောင်း ပြောဆိုကာ မစားဘဲ နေလေတယ်တဲ့။

နောက်တစ်နေ့ လင်းအားကြီးအချိန်မှာ လေနာရောဂါများက ပြင်းထန်ပြီး လာသည့်အတွက်ကြောင့် စာရင်းငှားယောက်ျားသည် လေဖြတ် သော ရောဂါဖြင့် သေလွန်၍ သွားရကာ နေ့တစ်ဝက်မျှ စောင့်သုံးရသော သီလကုသိုလ် အစွမ်းသတ္တိကြောင့် ဟိမဝန္တာတောတွင်းရှိ ကြီးမားစည်ကား သော ညောင်ပင်ကြီးမှာ ရုက္ခစိုးနတ်မင်းကြီး ဖြစ်ရလေတယ်တဲ့။

ထိုကဲ့သို့ ရုက္ခစိုးမင်းကြီး ဖြစ်ရတဲ့အခါမှာ နေ့ထက်ဝက်မျှ စောင့်ထိန်း ရသော ဥပုသ်သီလ တန်ခိုးကြောင့် ဘာမဆို ဖန်တီး၍ပေးနိုင်သော တန်ခိုးစွမ်းအင်များကို ရရှိလေသတဲ့နော်။ သီလကုသိုလ်များဟာ နည်းသော် လည်း အားကိုးစရာ အားကျစရာကြီးပေါ့နော်။

**ဝါတရောဂေန သော စုတော၊ တဒါ ဟောသိ မဟာဝနေ။**

**မဟိဒ္ဓိကော ဒေဝပုတ္တော၊ သမ္ဘေသံ ကာမဒါယကော။**

**တဒါ၊** နံနက်မိုးသောက် အလင်းရောက်သော ထိုအခါ၌။ **သော** **ဒုဂ္ဂတော၊** ထိုဆင်းရဲကြီးလှ ဒုဂ္ဂတမြည်ငြား စာရင်းငှားသည်။ **ဝါတရောဂေန၊**

အစာအာဟာရ မစားရ၍ ဆိုးလှထန်ပြင်း လေဖြတ်ခြင်း ဟူသော ရောဂါကြောင့်။ **စုတော၊** လူတို့ပြည်ရွာ မနေသာ၍ သေခွာရှောင်လွဲ သေပွဲဝင်ကာ စုတိရှာသည်ဖြစ်၍။ **မဟာဝနေ၊** ဟိမဝန္တာ သညာလှိုင်သင်း တောမြိုင်ကြီးအတွင်း၌။ **သဗ္ဗေသံ၊** လာလာသမျှ များလှဖုံဖုံ အလုံးစုံသော လူအပေါင်းတို့အား။ **ကာမဒါယကော၊** လိုအင်ဆန္ဒ ကုန်ပြည့်ဝအောင် ခဏချက်ချင်း ပေးစွမ်းနိုင်ခြင်းရှိသော။ **မဟိဒ္ဓိကော ဒေဝပုတ္တော၊** တန်ခိုး အာဏာ လွန်စွာကြီးမား ညောင်ပင်စောင့် ရုက္ခစိုးနတ်သားသည်။ **အဟောသိ၊** ကွေးထားလက်ပင် ဆန့်သည်အင်သို့ ဆောလျင်မကြာ ဖြစ်ရရှာလေသတည်း။

ထိုဂါထာ၏အဓိပ္ပာယ်မှာ ရှေ့နားကပြခဲ့တဲ့အတိုင်း နေ့ဝက် ဆောက် တည်သည့် ဥပုသ်သီလ တန်ခိုးကြောင့် ဟိမဝန္တာတောတွင်းမှ ကြီးကျယ် စည်ကားသော ညောင်ပင်ကြီးမှာ တန်ခိုးကြီးလှသော ရုက္ခစိုးနတ်မင်းကြီး ဖြစ်ရကြောင်းကို ပြဆိုလိုရင်းပေါ့နော်။

ထိုစဉ်အခါ၌ ဟိမဝန္တာတောတွင်းမှာ နေကြကုန်သော ရသေ့ငါးရာ တို့သည် တောင်ပေါ်မှ လူတို့နေရာသို့ ဆင်းသက်ကြလေရာ နေကလည်း အလွန်တရာ ပူပြင်းလှတာနှင့် ထိုရသေ့ ငါးရာတို့သည် ပင်ပန်းလှစွာ လာကြရရှာလေတယ်တဲ့။ ခရီးအတော်ကလေး ရောက်ကြတဲ့အခါမှာ အလွန်တရာ ကြီးမား စည်ကားလှသည့် ညောင်ပင်ကြီးကို တွေ့ရတာနှင့် အမော အပန်းဖြေကြရန် ညောင်ပင်ကြီးအရိပ်သို့ ဝင်ရောက် နေထိုင် ကြလေတယ်တဲ့။

ထိုအခါ အကြီးအကဲဖြစ်သော ရသေ့ကြီးက ညောင်ပင်ကြီး၏ စည်ကားပုံကို ကြည့်ရှုကာ ဤညောင်ပင်စောင့် နတ် ကြီးလည်း တန်ခိုး ကြီးပေလိမ့်မည်၊ ငါတို့လည်း အလွန်ဝေးလံ ကြမ်းတမ်းသော တောင်ပေါ် ခရီးကို လာခဲ့ကြရသည့်အတွက် အလွန်တရာ ပင်ပန်းနေကြကာ အစာရေစာ များကို ဆာလောင် မွတ်သိပ်လှကြပေပြီ၊ သို့အတွက်ကြောင့် ညောင်ပင်စောင့် နတ်မင်းကြီးအထံ အလှူခံတောင်းရမ်းကြမှ တော်ပေမည်ဟု ကြံစည်ကာ ထမင်းရေစာများကို တောင်းကြလေတယ်တဲ့။

ထိုကဲ့သို့ ရသေ့များက တောင်းကြတဲ့အခါ ရုက္ခစိုး နတ်မင်းကြီးက သောက်ရေ၊ ချိုးရေ၊ အစားအသောက်မျိုးစုံတို့ကို လိုလေသေးမရှိအောင်

ဖန်ဆင်းရှာကြ၍ ပေးရှာလေတယ်တဲ့။ ငါးရာမျှသော ရသေ့တို့သည် နတ်မင်းကြီးဖန်ဆင်း ပေးသမျှသော အစားအသောက် အမျိုးမျိုးတို့ကို စားသောက်ကြပြီးနောက် မိမိတို့အား ပေးလှူဒါန်းသော ဆွမ်း,ရေဒကာ ရက္ခစိုးနတ်မင်းကြီးကိုလည်း မြင်လို ရှုလိုကြသည့်အတွက်ကြောင့် နတ်မင်းကြီးအား ကိုယ်ထင်ပြနိုင်းကြစေရာ နတ်မင်းကြီးကလည်း လွယ်ကူစွာပဲ မိမိကိုယ်ကို ရသေ့တို့အား ပြသလေရာ အားလုံးသော ရသေ့တို့သည် ဝမ်းမြောက်ဝမ်းသာနှင့် ရက္ခစိုးနတ်မင်းကြီးနှင့် စကား ပြောဆိုကြကာ နတ်မင်း၏ တန်ခိုးစွမ်းများကိုလည်း ချီးကျူးကြပြီးနောက် ရက္ခစိုးနတ်မင်းကြီး၏ ရှေးကပြုခဲ့သော ကုသိုလ်ကောင်းမှုကို မေးမြန်းကြလေတယ်တဲ့။

ထိုအခါ ရက္ခစိုးနတ်မင်းကြီးက မိမိကုသိုလ်ကို ပြောရမှာ ရှက်သော်လည်း ရသေ့တို့က အထပ်ထပ် မေးမြန်းနေကြတာနှင့် မလွှဲမရှောင်သာတော့ဘဲ ဤဝတ္ထုအစနားက စကားစဉ်အတိုင်း နေ့ဝက်မျှ ဥပုသ်သီတင်းစောင့်သုံးခဲ့ရတဲ့ ကုသိုလ်ကြောင့် ဤမျှတန်ခိုးကြီးသော ရက္ခစိုးနတ်မင်းဖြစ်ရကြောင်းကို မချန်မခြွင်း လျှောက်ထား လိုက်ရှာလေတယ်တဲ့နော်။ နေ့ဝက်မျှ စောင့်သုံးရတဲ့ ဥပုသ်သီလတန်ခိုးဟာ ပြော၍ မကုန်လောက်အောင် အကျိုးကျေးဇူးကြီးလှကြောင်း သိရပေပြီ။

**အပ္ပမတ္တကသ သီလဿ၊ မဟန္တံ ဝိဝိဓံ ဖလံ။**
**သမ္မဿံ အတ္ထကာမေန၊ ရက္ခိတံ သီလမုတ္တမံ။**

**အပ္ပမတ္တကဿ၊** နည်းငယ်သေးလှ တစ်နေ့ဝက်မျှ စောင့်ထိန်းအပ်သော။ သီလဿ၊ စောင့်သုံးကျင့်ရ မြတ်သီလ၏။ **မဟန္တံ၊** ရေတွက်မကုန် ကောင်းဂုဏ်နှံ့စပ် လွန်ကြီးမြတ်သော။ **ဝိဝိဓံ ဖလံ၊** အမျိုးမျိုး အဖုံဖုံ ကောင်းကျိုးထူးအစုံကို။ **သမ္မဿံ၊** ကောင်းစွာထင်ထင် တွေ့မြင်သိရှိသည့်ဖြစ်၍။ **အတ္ထကာမေန၊** လောကီ,လောကုတ္တရာ မင်္ဂလာသုခ အဝဝ,ကိုတောင့်တလိုလား အမျိုးကောင်း သမီးသားသည်။ **သီလ မုတ္တမံ၊** ဘုရား, ရဟန္တာ သူတော်စွာတို့ ကျင့်လာလမ်းကြောင်း ကောင်းမြတ်ပေလှ ဥပုသ်သီလကို။ **ရက္ခိတံ၊** မကျိုးမပေါက် မပြောက်မကျားရအောင် လေးစားကြည်သာ ဖြည့်ကျင့်စောင့် ထိန်းအပ်သည်သာတည်း။

အဲ…ယခုရွတ်ဆို တိုက်တွန်းအပ်သော ဂါထာလာအတိုင်း အကျင့်သီလ၏ အနည်းငယ်ပင် ဖြစ်သော်လည်း စည်ပင်ပွားတိုး အကျိုးများမြတ်ပုံ အလုံးစုံကို မိမိဉာဏ်အမြင်မှာ ဆင်ခြင်ကာ ရှုမှတ်သားကြလျက် မြတ်သီလ အကျင့်တရားတို့ကို လေးစားအမှန် ကျင့်ကြံအားထုတ်နိုင်ကြကာ ခေမာ သောင်ကမ်း နိဗ္ဗာန်နန်းသို့ ရက်လုမ်းကူးမြောက် နိုင်ကြပါစေသတည်း။


## အရှင်ဉာဏဝရ(သာပေါင်း)

**ရေးသားပြုစုထုတ်ဝေသောစာအုပ်များ**

| | | |
|---|---|---|
| ၁။ | ငရဲသားရဲ့ ရင်ခုန်သံ | (ထွက်ပြီး) |
| ၂။ | ကာမဂုဏ်အာရုံဆွဲ့ဆွဲ့ခုန် | (ထွက်ပြီး) |
| ၃။ | ဆန္ဒရာဂပယ်နိုင်သလား | (ထွက်ပြီး) |
| ၄။ | တဏှာခလေ့ လိုမပြည့် | (ထွက်ပြီး) |
| ၅။ | သေပြီးနောက်ဝယ် | (ထွက်ပြီး) |
| ၆။ | သေမှုကြုံ(ရ)၍ရှုပ | (ထွက်ပြီး) |
| ၇။ | ကျေးဇူးသိမြင် ကျေးဇူးရှင် | (ထွက်ပြီး) |
| ၈။ | ဥပမာလေးနဲ့ တရားနာမယ် | (မကြာမီထွက်မည်) |
| ၉။ | ခန္ဓာဉာဏ်ရောက်နိဗ္ဗာန်ပေါက် | (စီစဉ်ဆဲ) |
| ၁၀။ | ဆင်းရဲမှုတရားခံ | (စီစဉ်ဆဲ) |
| ၁၁။ | မီးတစ်ပွင့်ရဲ့ စွမ်းအား | (စီစဉ်ဆဲ) |
| ၁၂။ | လူငယ်များနဲ့ ဗုဒ္ဓဘာသာ | (စီစဉ်ဆဲ) |
| ၁၃။ | ကိုယ်ယုံကြည်ရာ | (စီစဉ်ဆဲ) |
| ၁၄။ | ငရဲကြီးမှာ ကြောက်ရဲ့လား | (စီစဉ်ဆဲ) |
| ၁၅။ | ရည်မှန်းချက်ကိုယ်စီ | (စီစဉ်ဆဲ) |
| ၁၆။ | လူငယ်များရဲ့ ဘဝမှန်တိုင်း | (စီစဉ်ဆဲ) |

# စောင့်ကြသီလ အကျိုးပြ တရားတော်

ယနေ့ သီလဆောက်တည်ရန် ရောက်ရှိလာကြကုန်သော သူတော်ကောင်း အပေါင်းတို့... သီလစောင့်တဲ့နေရာမှာ ဘယ်လိုစောင့်လို့ ဘယ်လိုအကျိုးများသလဲဆိုတော့...

ဤကမ္ဘာမှ ပြန်၍ရေသည့်ရှိသော် ကိုးဆယ့်တစ်ကမ္ဘာထက်၌ ဝိပဿီမြတ်စွာဘုရား သာသနာတော်ဝယ် ဗန္ဓုမတီပြည်ကြီး၌ မင်းမြတ်ကြီးနှင့်တကွ မှူးကြီးမတ်ရာ သေနာပတိ သူဌေးလေးသူကြွယ် ကုန်သည်မှစ၍ အားလုံးသော လူအပေါင်းတို့သည် ဥပုသ်နေ့များ၌ သူ့ထက်ငါ ကျောင်းတော်သို့ သွားရောက်ကြ၍ ဥပုသ်သီတင်းများကို မပျက်မကွက် **စောင့်ထိန်း**လေ့ရှိကြလေတယ်တဲ့။ ထိုအခါမှာ ရှေးကုသိုလ်နည်း ဆင်းရဲနွမ်းပါးသော အမျိုးသမီးကလေး ဘစ်ယောက်သည် မင်းနှင့်တကွ မြို့သူမြို့သားအားလုံးတို့၏ အားတက်သရော ဥပုသ်စောင့်ထွက်ကြသည်ကို တွေ့မြင်ရသည်နှင့် စဉ်းစားဆင်ခြင်သည်မှာ–

**ရာဇာပိ ရဋ္ဌံ သဓေ့တွာ၊ ဥပဂန္တွ ဥပေါသထံ။**

**သဖလံနူန တံကမ္မံ၊ ဇနကာယော ပမောဒိတော၊**

**ရာဇာပိ၊** ဗန္ဓုမတီ တိုင်းပြည်သနင်း ဗန္ဓုမာမင်းကြီးသည်လည်း။ **ရဋ္ဌံ** ကြီးကျယ်ခမ်းနား များပြားလှစွာ မင်းတို့၏စည်းစိမ်ချမ်းသာ အဖြာဖြာကို။ **သဓေ့တွာ၊** ငဲ့ကွက်မထား စွန့်ငယ်ရှား၍။ **ဥပေါသထံ၊** ဥပုသ်သီတင်းစောင့်သုံးခြင်းသို့။ **ဥပဂန္တွ၊** ခြွေရံများစွာ ကျောင်းတော်သာသို့ ထွက်ကာကပ်ရောက် ဝမ်းမြောက်ရွှင်ပြုံး စောင့်သုံးတော်မူပါပေ၏။ **ဇနကာယော၊**

မှူးကြီးမတ်ရာ အဖြာဖြာနှင့် ဂုဏ်ဝါပုံ့မွေး သူဌေးသူကြွယ် ကုန်သည်စသား လူများအပေါင်းသည်လည်း။ **ပမောဒီတော၊** စည်းစိမ်ဥစ္စာ စွန့်ပစ်ခွာ၍ ဝိဟာကျောင်းမြတ် ချဉ်းကပ်သွားလာ ကြည်သာရွှင်ပြုံး ဥပုသ်စောင့်သုံးပေ၏။ **တံကမ္မံ၊** ဘုရင်မင်းတရား တိုင်းသားပြည်သူ များဗိုလ်လူတို့ ကြည်ဖြူအားကျ ထိုဥပုသ်စောင့်သုံးခြင်း ကိစ္စသည်။ **သဖလံနူန၊** ခုရောနောင်ပါ ချမ်းသာအကျိုး ပွားတိုးစင်စစ် မလစ်မှန်စွာ ဖြစ်ထိုက်ပါပေသတည်း။

ဗန္ဓုမတီ တိုင်းပြည်ကြီးသခင် ဘုရင်မင်းမြတ်ကြီးသည် မိမိ၏ ရွှေနန်းတော်တွင်း၌ လွန်မင်းစွာ ကောင်းမြတ်သည့် အရပ်ရပ်သော ကာမဂုဏ်ချမ်းသာကို စွန့်ခွာပစ်ရှောင် မြားမြောင်လှစွာသော အခြွေအရံ ပရိသတ်နှင့်တကွ ကျောင်းတော်သို့ သွားရောက်ကာ ဥပုသ်သီတင်း စောင့်သုံးခြင်းအမှုကို ထင်စွာပြုတော်မူလေသည်။

မှူးကြီးမတ်ရာ သေနာပတိ အရာရှိ, အရာခံ အပေါင်းနှင့် သူဌေး သူကြွယ် ကုန်သည်မှစ များလှသောင်းသောင်း လူအပေါင်းတို့ကလည်း မိမိတို့ဆိုင်ရာ စည်းစိမ်ချမ်းသာများကို မက်မောခင်တွယ်ကာ မနေကြဘဲ သူ့ထက်ငါ ကျောင်းတော်တွင်းသို့ ချဉ်းနင်းဝင်ရောက်ကြကာ ကြည်သာရွှင်ပြုံး ဥပုသ်သီတင်းများကို စောင့်သုံးကြလေတယ်တဲ့။

ထိုကဲ့သို့ ဘုရင်မင်းနှင့်တကွ တိုင်းနေပြည်သူများ ဗိုလ်လူတို့၏ အမြတ်တနိုးထားကာ ပြုလုပ်ကြပေသည့် ဥပုသ် သီတင်း စောင့်သုံးရခြင်းဆိုတဲ့ အလုပ်ကိစ္စသည် လောကမှာ ထင်ရှားရှိကြသည့် ရွှေ, ငွေ, ပတ္တမြား, သမီးသားနှင့် ဇနီးမယား အဖြာဖြာ စည်းစိမ်ချမ်းသာတို့ထက် မွန်မြတ်၍ သာလျှင် ထိုကဲ့သို့ သူ့ထက်ငါ ပြုလုပ် စောင့်သုံးကြခြင်း ဖြစ်ရကား နောင်အရှည်သဖြင့် ချမ်းသာသုခကို ပေးနိုင်တဲ့ အလုပ်ကိစ္စ ဖြစ်ပေလိမ့်မည် အစရှိသည်ဖြင့် ကြံစည်စဉ်းစား၍ ထိုသူဆင်းရဲ အမျိုးသမီးကလေးသည် ဥပုသ်သီတင်း တစ်ကြိမ်မျှ စောင့်သုံးခဲ့ရှာလေတယ်တဲ့နော်။

ထိုကဲ့သို့ တစ်ကြိမ်တစ်ခါမျှ စောင့်သုံးခဲ့ရသော ဥပုသ်သီလကုသိုလ်၏ အစွမ်းသတ္တိကြောင့် ထိုဆင်းရဲသူ အမျိုးသမီးကလေးသည် ကိုးဆယ့် တစ်ကမ္ဘာတိုင်တိုင် အပါယ်လေးပါး ဆင်းရဲဒုက္ခများနှင့် တစ်ခါတစ်ခေါက်မျှ မသွားရောက် မတွေ့ရှိခဲ့ရဘဲ လူ့ပြည်နတ်ရပ် ကောင်းမြတ်သော ဘုံဌာန

တို့၌သာ ချမ်းသာသုခ အမျိုးမျိုးတို့ကို ခံစားခဲ့ရသည့်အပြင် ဖြစ်လေရာ ဘဝတိုင်း၌ ရွှေအဆင်းကဲ့သို့ ဝါဝင်းလှပသော အဆင်းအင်္ဂါနှင့် ပြည့်စုံရကာ သူတကာတို့ထက် မွန်မြတ်တဲ့ လူနတ်အဖြစ်တို့ကိုသာ ရရှိလျက် သိကြားမင်း၏ မိဖုရားအဖြစ်က ၆၄–ကြိမ်၊ စကြာမင်း မိဖုရားအဖြစ်က ၆၃–ကြိမ် ဖြစ်ခဲ့ရ ခံစားခဲ့ရ၍ ငါတို့ဘုရားရှင် လက်ထက်တော်မှာ အမျိုးကောင်း သမီးကလေး ဖြစ်လာရ၍ ခုနစ်နှစ်အရွယ်က တောထွက်ရဟန်းပြုကာ ရဟန္တာထေရီမ ဖြစ်လေပြီးလျှင် မိမိ၏ ရှေးကုသိုလ်ကံ ကောင်းမှုကို နောင်လာနောက်သားများ သိရှိနာခံ ကျင့်ကြံ နည်းယူကြစေခြင်းငှာ ဂါထာများဖြင့် ဟောကြားကာ ကိုယ်ရည်သွေး ဥဒါန်းတင်ထားတော် မူလေတယ်။

**ကောနာဂဝ တိတောကပေ့၊ ကမ္ဗုံ မကာရိ တဒါ။**

**ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဥပေါသထဿိဒံ ဖလံ။**

**က္ကတော၊** ဘဒ္ဒမည်သာ ဤကမ္ဘာမှ။ **ကောနာဂဝ ကပ္ပေ၊** တွက်ရေများစွာ ကိုးဆယ့်တစ်ကမ္ဘာထက်၌။ **တဒါ၊** ဝိပဿီဘုရား သာသနာဝယ် ဆင်းရဲသူ အမျိုးသမီးကလေးဖြစ်ရာ ထိုအခါ၌။ **ယံကမ္မံ၊** တစ်ကြိမ်တစ်ခါမျှ ဥပုသ်သီတင်း စောင့်သုံးခြင်းအမှုကို။ **မကာရိံ** စဉ်းစားဆင်ခြင် ကျိုးမျှော်မြင်၍ ကြည်လင်ရွှင်ပျ ပြုလုပ်ခဲ့ရပေပြီ။ **တေန ကမ္မေန၊** ထိုကဲ့သို့ တစ်ကြိမ်တစ်ခါမျှ ဥပုသ်စောင့်သုံးရသော ကောင်းမှုရှိန်စော် အာနုဘော်ကြောင့်။ **အဟံ၊** ကျေပေါသထိကာ ဘိက္ခုနီ နာမည်တွင်သ အကျွန်ုပ်ထေရီမသည်။ **ဒုဂ္ဂတိံ၊** ဆင်းရဲကြီးလှ ဒုဂ္ဂတိဘဝကို။ **နာဘိဇာနာမိ၊** တစ်ခါတစ်ခေါက်မျှ မလာရောက် မခံစားရဖူးပေ။ **ဣဒံ၊** ဤကဲ့သို့ ကိုးဆယ့်တစ်ကမ္ဘာတိုင်တိုင် ဆင်းရဲဒုက္ခ မတွေ့ရဘဲ လူနတ်တို့၏ ချမ်းသာကိုသာ ခံစား ရခြင်းသည်။ **ဥပေါသထဿ၊** တစ်ကြိမ်တစ်ခါမျှ ဥပုသ်သီတင်း စောင့်သုံးရခြင်း၏။ **ဖလံ၊** အကျိုးကျေးဇူး အစစ်မှန်ပင် ဖြစ်ပါပေသတည်း။

**စတုသဋ္ဌိစ ကတ္တနံ၊ မဟေသိတ္တံ လဘာမဟံ။**

**တိသဋ္ဌိ စက္ကဝတ္တီနံ၊ ဝိဝိဓံ ပဝရံ သိရိံ။**

**အဟံ၊** အကျွန်ုပ်သည်။ **ကတ္တနံ၊** နတ်နှစ်ပြည်စိုး တန်ခိုးကြီးမား နတ်သိကြားတို့၏။ စတုသဋ္ဌိ၊ ခြောက်ဆယ့်လေးကြိမ်တို့ ကာလပတ်လုံး။ **မဟေသိတ္တံ၊** ထွတ်မှူးဦးသျှောင် မိဖုရားခေါင်၏ အဖြစ်ကို။ **လဘာမိ၊**

မုချမှန်စွာ ရခဲ့ပါပေ၏။ **တိသဠ္ဌိ၊** ခြောက်ဆယ့်သုံးကြိမ်တို့ ကာလပတ်လုံး။ **စတုရာသီနံ့၊** လေးကျွန်းပိုင်သ အစိုးရပြား စကြာမင်းတရားတို့၏။ **မဟာ သိတ္တံ၊** ကျော့မှူးထိပ်ခေါင် ဂုဏ်ရောင်တောက်ကြွား မိဖုရား၏ အဖြစ်ကို။ **လဘာမိ၊** မုချမှန်စွာ ရခဲ့ပါပေ၏။ **ဝိဝိဓံ၊** ရေတွက်မရ များပြားလှစွာ အပြာပြာသော။ **ပဒေသိနိ၊** ပဒေသရာဇ်၊ ကေရာဇ် စသည်တို့၏ မိဖုရားခေါင် အစရှိသော မွန်မြတ်လှစွာ လူနတ်တို့၏ စည်းစိမ်ချမ်းသာကို။ **လဘာမိ၊** ကျင့်သီလမြတ် တန်ခိုးကြောင့် ပွားတိုးမှန်စွာ ရရှိခဲ့ပါပေသတည်း။

*"ကိုးဆယ့်တစ်ကမ္ဘာအတွင်း မဆင်းပါယ်ရွာ၊*
*ခြောက်ဆယ့်လေးပါး သိကြားကြင်ယာ၊*
*ခြောက်ဆယ်သုံးပ ကြင်ယာ့စကြာ၊*
*လူနတ်များ ခံစားမြတ်ချမ်းသာ။"*

ယခုပြဆိုခဲ့တဲ့ ဂါထာလင်္ကာများအတိုင်း ကေ့ပေါ်သထိကာ ဘိက္ခုနီ အလောင်းတော်ကလေးသည် ဥပုသ်တစ်ကြိမ်မျှ စောင့်ထိန်းခဲ့ရသော ကုသိုလ်ကြောင့် ကိုးဆယ့်တစ်ကမ္ဘာ ကာလပတ်လုံး အပါယ်ဒုက္ခ မကျရောက် မခံစားရဘဲ လူ့ပြည် နတ်ပြည် အလီလီတို့၌ ချမ်းသာများကို ခံစားခဲ့ရ သည်မှာ သိကြားမင်း မိဖုရားကြီးအဖြစ်က ခြောက်ဆယ့်လေးကြိမ်၊ စကြာမင်း မိဖုရားကြီးအဖြစ်က ခြောက်ဆယ့်သုံးကြိမ် တိုင်တိုင်ဖြစ်ရ၍ ပဒေသရာဇ်၊ ကေရာဇ်၊ မင်းမိဖုရားကြီး အဖြစ်များနှင့် သူဌေး သူကြွယ် စသည်တို့၏ ကြင်ယာအဖြစ်ကား မရေတွက်နိုင်အောင် များပြားလှသော ချမ်းသာများကို ခံစားခဲ့ရပြီးနောက် ငါတို့ဘုရားရှင် လက်ထက်တော်မှာ အာသဝေါကုန်ခန်း ရဟန္တာမကြီးဖြစ်ရကာ ခေမာသောင်ကမ်း နိဗ္ဗာန်နန်းသို့ ကြွမြန်း စံပျော်တော်မူရလေတယ်တဲ့။

အဲ... ဒေသနာအစဉ်ကို ဆင်ခြင် မှတ်သားကြရသော အားဖြင့် ဥပုသ်သီလကုသိုလ်၏ အကျိုးအမြတ်ကြီးပုံကို ယုံကြည်လေးစားသောစိတ် ထားကြလျက် မဂ်၊ဖိုလ်၊နိဗ္ဗာန်ကို ရည်စူးကာ ဥပုသ်သီတင်းသီလများကို ကြိုးစား အားထုတ်နိုင်ကြ၍ အမတမည်တွင် ကြည်လင်အေးမြ နိဗ္ဗာန မြတ်စခန်းသို့ တက်လှမ်း ကူးမြောက်နိုင်ကြပါစေသတည်း။

# သီလစောင့်က ချမ်းသာရ တရားတော်

ယနေ့ သီလဆောက်တည်ရန် ရောက်လာကြကုန်သော ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့... ဒီနေ့ သီလဆောက်တည်ကြတာ သီလစောင့်လို့ ဘယ်လိုချမ်းသာသုခ ရသလဲဆိုတော့...

**အတ္တာနုဝါဒါဒီဘယံ၊ ဝိဇ္ဇံသယသီ သဗ္ဗသော။**
**ဓနေတိ ကိတ္တိ ဟာသဥ္စ၊ သီလံ သီလဝတံ သဒါ။**

**သီလံ၊** စောင့်ထိန်းပါရ ကျင့်ဝတ်သီလသည်။ **အတ္တာနု ဝါဒါ ဒီဘယံ၊** မိမိကိုယ်ပင် လိုအင်မကျ နှိမ့်ချထင်လွှဲ စွပ်စွဲခြင်းအစရှိသောဘေးကို။ **သဗ္ဗသော၊** ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ **ဝိဇ္ဇံသယသိ၊** တစ်ရံ တစ်ဆစ်မျှ မပေါ်ရအောင် နိစ္စမှန်စွာ ဖျက်ဆီးတတ်ပါပေ၏။ **သီလံ၊** မကျိုးမပေါက် စောင့်ရှောက်ကျင့်ရ မြတ်သီလသည်။ **သီလဝတံ၊** ကိုယ်ကျင့် သီလ ဖြူစင်ကြတောင်း သူတော်စင်အပေါင်းတို့အား။ **သဒါ၊** နေ့ရောညဥ့်ပါ ဘယ်ခါမစဲ အမြဲမပြတ် ကာလပတ်လုံး။ **ကိတ္တိဥ္စ၊** ကောင်းမြတ်ဂုဏ်သတင်း ကျော်ကြားခြင်းကို လည်းကောင်း။ **ဟာသဥ္စ၊** ဘေးရန်မသန်း ရွှင်လန်း နှစ်သက်ခြင်းကို လည်းကောင်း။ **ဓနေတိ၊** ရောက်ရာဘဝ ချမ်းသာရအောင် မုချပိုင်ပိုင် ဖြစ်စေနိုင်တော့သည်သာတည်း။

✦ **ကိုယ့်ကိုယ်ထင်လွဲ၊ စွပ်စွဲဘေးရန်၊ တွန်းပယ်လှန်၊ ကျင့်ကြံမြတ်သီလ။**

ဟူသော ဆောင်ပုဒ်လင်္ကာကလေးအတိုင်း ကိုယ်ကျင့်တရား မဖောက်ပြားရအောင် ကြံဆောင်နေ့ည စောင့်ထိန်း ဆောက်တည်ရသော အကျင့်သီလသည် ကိုယ့်ဟာကိုယ် စွပ်စွဲခြင်းဟူသော အတ္တာနုဝါဒဘေး, အပါယ်ဘေးစသည့် ဘေးရန်အတန်တန်တို့ကို တွန်းလှန်ပယ်ဖျက် နိုင်သည်ဖြစ်၍ နောက်နောင်ဘဝ ပြောင်းရွှေ့ရသည့်တိုင်အောင် ဆင်းရဲပေါင်းစုံ အပါယ်ဘုံ ဒုဂ္ဂတိဘဝသို့ မကျရောက်နိုင်ဘူးတဲ့နော်။

✦ **ကျော်စောရွှင်ပျ၊ အေးမြကြည်လင်၊ နိဗ္ဗာန်ခွင်၊ ပြေးဝင် ကျင့်သီလ။**

ဆိုတဲ့ ဆောင်ပုဒ်ကလေးအတိုင်း ယခုမျက်မြင် လူ့လောကတစ်ခွင်၌ အကျင့်သီလပြည့်စုံကြတဲ့ သူများမှာ ဂုဏ်ရောင်ထင်လင်း ကောင်းသတင်းများ ကျော်စောထင်ရှား ခြင်းတို့ကို ရရှိကြသည်ဖြစ်၍ စုတိမနေ သေလွန်ကြရသည့်တိုင်အောင် သီလအတွက်ကြောင့် စိတ်လက်အေးချမ်း ရွှင်လန်း နှစ်သက်ခြင်းများကို ရရှိသည့်အပြင် လူ့ရပ်နတ်ဌာန် အတန်တန်သော ချမ်းသာများကို ခံစားစံစားရသည်ဖြစ်၍ ဒုက္ခကင်းပ အေးသုခစုံညီ နိဗ္ဗာန်တည်းဟူသော ရွှေပြည်နန်းသို့ စံမြန်းပျော်ရွှင် ကြရလေတယ်တဲ့။

အဲ... ယခုပြောပြခဲ့သော ဂါထာလင်္ကာများအရ အကျင့်သီလ၏ မြင့်မြတ်သောအဖြစ် ခုရောနောင်ပါ ကြည်သာအေးမြ ဘေးရန်ပရှင်း ကျော်ကြားခြင်းနှင့် ကိုယ်စိတ်သုခ လောက်ပြေည့်စုံ ရွှေဘုံကြငှန်း နိဗ္ဗာန်နန်းသို့ပင် စံမြန်းဝင်ရောက်စေနိုင်ကြောင်း ကောင်းကောင်းကြီး သိရသည်ဖြစ်၍ ကိုယ်ကျင့်တရား မဖောက်ပြားမိကြစေဘဲ အမြဲနေ့ည ဖြည့်ကျင့်နိုင်ကြပါစေသတည်း။

(အစဂါထာပြန်ရွတ်၊ လိုရာဝတ္ထုသို့ ဆက်ဟောပါ။)

အကျင့်သီလများသည် **ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယသံဝရသီလ၊ ပစ္စယသန္နိဿိတသီလ၊ အာဇီဝပါရိ သုဒ္ဓိသီလ**–ဟူ၍ ရဟန်းတော်များအတွက် လေးမျိုးရှိပေသည်။ ထိုသီလများကိုတော့ အကျယ်မဟောတော့ပါဘူးနော်။ လူများအတွက်ကတော့ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလဟူ၍ အမျိုးမျိုး ရှိပေတယ်။ ထိုသီလများထဲမှ ရှစ်ပါး, ကိုးပါး, ဆယ်ပါးသီလများမှာတော့ ဥပုသ်သီတင်း နေ့များမှသာ လူများကျင့်သုံးလေ့

ရှိကြပေတယ်နော်။ ဒါကြောင့် ထိုသီလများအတွက် အထူးချဲ့ထွင်ပြီးတော့ မဟောတော့ဘဲ ငါးပါးသီလအကြောင်းကိုပဲ ဟောပါရစေတော့။

ငါးပါးသီလ ဟူသည်ကား ပါဏာတိပါတာ ဝေရမဏီ စသော သိက္ခာပုဒ်ငါးပါးကို စောင့်ထိန်းမှုပေတည်း။ ထိုငါးပါးသီလကို ဗုဒ္ဓဘာသာတို့ ထုံးစံအလျောက် ကိစ္စကြီးငယ်ရှိတိုင်း ဘုရားဝတ်တက်ကြတိုင်းပဲ ဆောက်တည် ရွတ်ဆိုလေ့ ရှိကြပေတယ်။ သို့သော်လည်း ထိုငါးပါးသီလကို ကွင်းလုံးကျွတ် လုံခြုံသူကား ရှာမှရှားပါလိမ့်မည်ဟုထင်ရပေတယ်။ ဆောက်တည်လွယ်သလောက်ပဲ ဖျက်ဆီးကျူးလွန် လွယ်တတ်ကြတယ်နော်။

ထိုငါးပါးသီလသည် ဆောက်တည်သည် ဖြစ်စေ၊ မဆောက်တည်သည်ဖြစ်စေ သတ္တဝါမှန်သမျှ လုံခြုံစေရမည့် နိစ္စသီလ ဖြစ်ပေတယ်။ လူတွေ, နတ်,ဗြဟ္မာတွေမက ခွေး, ဝက်, ကြက် စသည့် တိရစ္ဆာန်များကိုပင် ထိုသီလကို ကျူးလွန်ခြင်းဟူသော သူများအသက်သတ်မှု စသည်ပြုလျှင် အပြစ်သင့်သည်သာတည်း။

ထိုသီလကို ကျူးလွန်သူတို့ကား အပြစ်များလှပေတယ်။ ထိုသီလကို တကယ်တမ်း လုံခြုံအောင် စောင့်စည်းနိုင်သူများသည် ခရေနောင်ပါ ဖြာဖြာပွားတိုး အကျိုးဖလ ကြီးမြင့် များပြားလှပေတယ်။ ထိုငါးပါးသီလကို ကျူးလွန်သူများ၏ အပြစ်ကို လက်ာဆောင်ပုဒ်ကာလေးများဖြင့် အကျဉ်းမျှ ပြလိုပေတယ်။ ယုံကြည်စွာ မှတ်သား လိုက်နာကြဖို့ပေါ့နော်။

**(လိုရာကို ဆက်ဟောပြောနိုင်ပါသည်။)**

# သီလကျိုးလွန် အပြစ်ရှု တရားတော်

ယနေ့ သီလဆောက်တည်ရန် ရောက်လာကြကုန်သော သူတော်စင် ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့ သီလကို ကျိုးလွန်ပြန်လျှင် လည်း ဘယ်လိုအပြစ်ရှိသလဲဆိုတော့...

❁ *ပါဏာတိပါတ်၊ သူ့သက်သတ်က ချို့တတ်အင်္ဂါ၊ မွဲပြာရုပ်သွင်၊ အားအင်ယိုယွင်း၊ လျင်ခြင်းလည်းဝေး၊ ဘေးကိုကြောက်တတ်၊ အသတ်ခံရာ၊ အနာများလျက်၊ ခွေရုံပျက်၍၊ အသက်လျှတို ဖြစ်များစွာသည် ရှောင်က အပြန်အကျိုးတည်း။*

ဟူသော ဆောင်ပုဒ်လင်္ကာအတိုင်း သူများအသက် သတ်ခြင်း ပါဏာတိပါတ ကျိုးလွန်သူများသည်...

၁။ မျက်စိ၊ နား၊ နှာ၊ အင်္ဂါခြေလက်တို့ ချွတ်ယွင်းတတ်ခြင်း။

၂။ ဖြစ်ရာဘဝ၌ ရုပ်သွင်မွဲပြာ ခြောက်ညှိုးဆိုးရွားခြင်း။

၃။ အားအင်နည်းပါးယိုယွင်းခြင်း။

၄။ လျင်မြန်မှုကင်းခြင်း (လေးလံခြင်း)။

၅။ ဘေးရန်ပေါ်ပေါက်လျှင် ကြောက်ရွံ့တတ်ခြင်း။

၆။ သူများအသတ်ခံရခြင်း၊ ကိုယ်တိုင် အဆိပ် စသည် သောက်၍ သေတတ်ခြင်း။

၇။ အနာရောဂါများတတ်ခြင်း။

၈။ အခြွေအရံပျက်စီးတတ်ခြင်း။
၉။ အသက်တိုရခြင်း (အသက်တမ်းစေ့အောင် မနေရခြင်း)။
ဤသို့ စသည်ဖြင့် မကောင်းပြစ်များကို ဘဝတိုင်း တွေ့ရှိရလေတယ်။

❁ ***အင်္ဂါပြည့်ဝ၊ လှပအားသန်၊ လျင်မြန်ရဲရင့်၊ သတ်ခွင့်မရ၊ ကင်းပအနာ၊ များစွာခြွေရံ၊ သက်ရှည်ပြန် ကိုးတန်သတ်ဖြတ် ရှောင်ကျိုးတည်း။***

ဆိုတဲ့ဆောင်ပုဒ်အတိုင်း သူ့အသက်သတ်မှုမှ ရှောင်ကြဉ်သူများသည် ကောင်းရာသုဂတိဘုံတို့၌သာ ဖြစ်ရ၍
၁။ အင်္ဂါခြေလက်ပြည့်စုံခြင်း။
၂။ လှပရခြင်း။
၃။ အားဗလသန်စွမ်းရခြင်း။
၄။ လျင်မြန်ဖျတ်လတ်မှုရှိခြင်း။
၅။ ရဲရင့်ခြင်း။
၆။ သူတစ်ပါး သတ်ဖြတ်ညှဉ်းဆဲမခံရခြင်း။
၇။ အနာရောဂါကင်းခြင်း။
၈။ အခြွေအရံများခြင်း။
၉။ အသက်ရှည်ခြင်း
စသော ကောင်းကျိုးများကို တွေ့ရှိခံစားရတတ်လေတယ်တဲ့။

❁ ***အဒိန္နာဒါ၊ ခိုးမိပါမူ၊ ဥစ္စာနည်းမွဲ၊ ဆင်းရဲ၊ ငတ်ဘိ၊ လိုရှိမရ၊ ဘောဂပျက်စီး၊ ရေ မီး သူခိုး၊ မင်းဆိုးအမြဲ၊ ရန်မျိုးငါးကြောင့်၊ ပျက်ပြားဥစ္စာ၊ ပြစ်များစွာသည် ရှောင်ကာ အပြန်အကျိုးတည်း။***

ဆိုတဲ့ လင်္ကာအတိုင်းပဲ သူများဥစ္စာပစ္စည်းကို ခိုးခြင်း တိုက်ခြင်း ဟူသော အဒိန္နာဒါနမှုကို ကျူးလွန်သူများသည်–
၁။ ဥစ္စာပစ္စည်းမွဲတတ်ခြင်း။
၂။ ဆင်းရဲတတ်ခြင်း။
၃။ ငတ်မွတ်တတ်ခြင်း။
၄။ အလိုရှိသောအရာကို မရနိုင်ခြင်း။

၅။ ကူးသန်းရောင်းဝယ်မှုစသည်တို့ကြောင့် စည်းစိမ်ပျက်စီးတတ်ခြင်း။
၆။ ရေ,မီး,မင်း,သူခိုး, အမွေခံသားဆိုး, သမီးဆိုးတို့ကြောင့် ဥစ္စာပျက်စီးရခြင်း။

ဤသို့ စသည်ဖြင့် အပြစ်များစွာ တွေ့ကြုံ ခံစားရတတ်လေတယ်။

***ဥစ္စာဝနေ၊ ပြည့်ဝလျှံစွာ၊ စိတ္တ,ကာယ၊ နှစ်ဝကြွယ်ဝ ချမ်းသာ၊ စားစာပေါလှ၊ လိုတာရ၍ ဘောဂတိုးပွား။ ရန်မျိုးငါးတွက်၊ မပျက်ဥစ္စာ၊ တည်တံ့ပါ၊ ခိုးတာ ရှောင်ကြဉ်ကျိုးတည်း။***

ဆိုတဲ့ဆောင်ပုဒ်အတိုင်းပဲ သူများဥစ္စာပစ္စည်းကို ခိုးခြင်း၊ တိုက်ဖျက်သိမ်းပိုက်ခြင်းမှ ရှောင်ကြဉ်သူများသည် ကောင်းရာသုဂတိ ဘဝတို့၌သာ ဖြစ်ရ၍ ဖြစ်လေရာတိုင်း-

၁။ ဥစ္စာကြွယ်ဝပေါများခြင်း။
၂။ ကိုယ်စိတ် ချမ်းသာရခြင်း။
၃။ အစားအစာပေါများခြင်း။
၄။ လိုလားတောင့်တသမျှရရှိခြင်း။
၅။ ရောင်းဝယ် ဖောက်ကားမှု စသည်အတွက် ဥစ္စာပစ္စည်း တိုးတက်ကြီးပွားရခြင်း။
၆။ ရန်သူမျိုးငါးပါးအတွက် ဥစ္စာပစ္စည်း မပျက်စီးတည်တံ့ရခြင်း

အစရှိသော ကောင်းကျိုးတရားများကို ရရှိခံစားနိုင်လေတယ်တဲ့။

***မိစ္ဆာစာရ၊ ကျူးလွန်ကလည်း။ မုန်းကြသူများ။ ရန်သူပွား၍၊ ရှားပါးလာဘ်တိတ်၊ ချမ်းသာဆိတ်၏ ဣတ္ထိ, ပဏ္ဍုက်၊ မျိုးယုတ်ခါခါ၊ မျက်နှာမလှ၊ အရှက်ရလျက်၊ လက္ခဏာမြွေ၊ ပွင်းသွေချို့သိမ်၊ စိုးရိမ်များစွာ၊ ချစ်သူကွာသည်၊ ရှောင်ကာအပြစ် အကျိုးတည်း။***

ဆိုတဲ့အတိုင်းပဲ ကာမေသုမိစ္ဆာစာရခေါ်တဲ့ သူ့အိမ်ရာ ကျူးလွန်မှုပြုသူများသည်-

၁။ မလိုမုန်းသူပေါခြင်း။
၂။ ရန်သူ ပေါများခြင်း။

၃။ လာဘ်ပစ္စည်းရှားပါးခြင်း။
၄။ ကိုယ်စိတ် ချမ်းသာမှု ကင်းဆိတ်ခြင်း။
၅။ မိန်းမသားဖြစ်ရတတ်ခြင်း။
၆။ မ–ကျား မဟုတ် ပဏ္ဍုက်ဖြစ်ရခြင်း။
၇။ အမျိုးယုတ်၌ ဖြစ်ရခြင်း။
၈။ မျက်နှာပျက်၍အရုက်ကွဲတတ်ခြင်း။
၉။ မျက်စိ, နား, နှာ–စသော ကိုယ်အင်္ဂါလက္ခဏာကလေးတို့ ယွင်းချွတ် သေး သိမ်ရခြင်း။
၁၀။ စိုးရိမ်ပူပန်မှုအားကြီးခြင်း။
၁၁။ ချစ်သူနှင့်မမြဲ ကွဲကွာရတတ်ခြင်း။
အစရှိသည်ဖြင့် အပြစ်များစွာ တွေ့ကြုံရ တတ်လေတယ်တဲ့။

**မုန်းသူရှားပါး ချစ်သူများ၍ လာဘ်များ ချမ်းသာ၊ ဖြစ်ရာယောကျ်ား။ ရှောင်ရှားပဏ္ဍုက်၊ မျိုးယုတ်ကင်းပ၊ မျက်နှာလှ၍ ပြည့်ဝက္ခနြေ၊ စိုးရိမ်သွေဖဲ ချစ်သူမြဲသည်၊ ရှောင်လွဲကာမေသုအကျိုးတည်း။**

ဆိုတဲ့အတိုင်းပဲ... ကာမေသုမိစ္ဆာစာရမှ ရှောင်ကြဉ်သူများသည် သုဂတိဘဝ ဖြစ်ရတိုင်း၌...
၁။ ရန်သူရှားပါးခြင်း။
၂။ ချစ်သူများခြင်း။
၃။ လာဘ်ပစ္စည်းပေါခြင်း။
၄။ ချမ်းသာခြင်း။
၅။ ယောကျ်ားဖြစ်ခြင်း။
၆။ ပဏ္ဍုက်စသည်မဖြစ်ရခြင်း။
၇။ အမျိုးမြတ်ခြင်း။
၈။ မျက်နှာရွှင်ပျခြင်း။
၉။ က္ခန္ဓြေပြည့်စုံရခြင်း။
၁၀။ စိုးရိမ်ပူပန်မှုမရှိခြင်း၊
၁၁။ ချစ်သူနှင့် ရာသက်ပန် တည်မြဲစွာ နေရခြင်း။

စသော ကောင်းကျိုးများကို ရစေနိုင်တယ်တဲ့။

✿ ***မုသာစကား။ ပြောဆိုငြားမူ၊ စကားမပြီ၊ သွားမညီတည်။ ပုပ်ညှီပါးစပ်၊ ခြောက်ကပ်ကိုယ်ရေ၊ ဣန္ဒြေနောက်၊ ပုံပျွင်းဖောက်၏၊ မရောက်ဩဇာ၊ နှုတ်လျှာကြမ်းထော်၊ လျှပ်ပေါ်လော်လည်၊ စိတ်မတည်သည်၊ ရှောင်ကြဉ် အပြစ်အကျိုးတည်း။***

ဆိုတဲ့အတိုင်းပဲ လိမ်ညာလှည့်ဖြားခြင်း မုသာဝါဒကို ကျူးလွန်သူများသည်...

၁။ စကားမပြီသခြင်း။

၂။ သွားများ မညီမညွတ်ရှိခြင်း။

၃။ ခံတွင်းပါးစပ်ပုပ်ညှီခြင်း။

၄။ ကိုယ်ရေ အသား ပွရှိန်ခြောက်ကပ်ခြင်း။

၅။ မျက်စိ, နား,နှာ စသည် နောက်ကျူခြင်း။

၆။ ပုံဟန်မလှ အချိုးမကျခြင်း။

၇။ သူများအပေါ် ဩဇာမရှိခြင်း။

၈။ အပြောအဆို နှုတ်လျှာများ ကြမ်းတမ်းခြင်း။

၉။ စိတ်လက်မတည် လျှပ်ပေါ်လော်လည်တတ်ခြင်း။

ဤသို့ စသည်ဖြင့် အပြစ်များစွာ တွေ့ကြုံရတတ်လေတယ်တဲ့။

✿ ***စကားပီသ၊ သွားညီလှ၍ မွှေးရခံတွင်း၊ ဖွံ့ရှမ်းကိုယ်ရေ၊ ဣန္ဒြေရှင်ပျ၊ ပုံဆင်းလှလျက်၊ ကောင်းရဩဇာ၊ နှုတ်လျှာနူးလှ၊ ဣန္ဒြေရသည်၊ ကိုးဝမုသား ရှောင်ကျိုးတည်း။***

ဆိုတဲ့အတိုင်း မုသာဝါဒ ရှောင်ကြဉ်သူများသည် သုဂတိ ဘဝတို့၌ သာဖြစ်၍...

၁။ ကစားပြီသခြင်း။

၂။ သွားညီလှပခြင်း။

၃။ ခံတွင်းပါးဝပ်များ မွှေးကြိုင်သင်းပျံ့ခြင်း။

၄။ ကိုယ်သား ကိုယ်ရေ စိုပြည်ခြင်း။

၅။ မျက်စိစသည့် ဣန္ဒြေရွှင်ပျခြင်း။
၆။ ပုံပန်းကျနလှပခြင်း။
၇။ ဩဇာဏကောင်းခြင်း။
၈။ နှုတ်လျှာနူးညံ့ ပြေပြစ်ရခြင်း။
၉။ တည်ကြည်ကျန ဣန္ဒြေရခြင်း။

အစရှိကုန်သော အကျိုးတရားတို့ကို ဘဝဆက်တိုင်း ရရှိခံစားနိုင်လေတယ်တဲ့။

***သေရည်သောက်လင့်၊ သင့်မသင့်၌ ရေးခွင့်မသိ၊ ပျင်းရိမေ့ရှု၊ ကျေးဇူးမဆပ်၊ ဟိရော-တ္တပ်ကင်း၊ စပင်းများထို၊ အကုသိုလ်ကို၊ မငြိုလွယ်စွာ၊ ပြုကျင့်ရာသည်၊ ရှောင်ကာအပြန် အကျိုးတည်း။***

ဟူသော ဆောင်ပုဒ်လင်္ကာအတိုင်း သေရည်သေရက် သောက်စားကျူးလွန်သူများသည်...

၁။ အရေးအခွင့် သင့်,မသင့်ကို မသိတတ်ခြင်း။
၂။ ပျင်းရိတတ်ခြင်း။
၃။ မေ့လျော့ မူးရူးတတ်ခြင်း။
၄။ သူများက ပြုဖူးသော ကျေးဇူးကို မသိတတ်ခြင်း။
၅။ ဟိရီ, ဩတ္တပ္ပဟူသော အရှက်အကြောက်မှကင်းခြင်း။
၆။ အလုံးစုံသော မကောင်းမှုအကုသိုလ်ကို ပြုမိလွယ်ခြင်း။

ဤသို့ စသည်ဖြင့် မကောင်းပြစ်များစွာ တိုးပွားခံစားရတတ်ပေတယ်။

***ရေးခွင့်မြင်သိ၊ မပျင်းရိဘဲ၊ သတိဉာဏ်ထူး ကျေးဇူးသိလျှင်း၊ ရှက်ကြောက်ခြင်းများ၊ ပယ်ရှားအကျ၊ ဤခြောက်ခု ရှောင်မှုသေရည် အကျိုးတည်း။***

ဆိုတဲ့အတိုင်း သံသရာမေရယခေါ် သေရည်အရက် သောက်စားမှုမှ ရှောင်ကြဉ်သူများသည်...

၁။ အရေးအခွင့် သင့်မသင့်သိတတ်ခြင်း။
၂။ မပျင်းမရိခြင်း။

၃။ သတိဉာဏ် ပညာထက်မြက်ခြင်း။
၄။ သူပြုဖူးသော ကျေးဇူးကို သိတတ်ခြင်း။
၅။ အရှက်အကြောက်များခြင်း။
၆။ မကောင်းမှု အကုသိုလ်မှ ရှောင်ကြဉ်ခြင်း
စသော အကျိုးများကို ဘဝတိုင်း တွေ့ရှိခံစားရတယ်။

ဤယခုပြဆိုခဲ့ပြီးသော စကားစဉ်အဖြစ် ငါးပါးသီလကို ကျူးလွန်ကြသောသူများ၏ ကြောက်မက်ဖွယ်ရာ တွေ့ကြုံရမည့် အပြစ်များကား ဝင့်လိုက်သော အနေအားဖြင့် တွေ့ကြုံရသော အပြစ်များသာတည်း။ ထိုထက်ဆိုးသွမ်းသော ငရဲကျခြင်း အစရှိသော ဘေးဒုက္ခ အမျိုးမျိုးတို့ကိုလည်း ခံရတတ်သေး၏။ ထိုအပြစ်များကိုကား နောက်မှ ဝတ္ထုသက်သေများနှင့်တကွ ပြဆိုရပေတော့မည်။

ငါးပါးသီလ ရှောင်ကြဉ်ကြသည့်အတွက် ပြည့်စုံ ခံစားရသည့် အကျိုးများလည်း သာမန်အကျိုးများသာတည်း။ ထိုထက်မက မွန်မြတ်လှသော လူနတ်တို့၏ စည်းစိမ်ချမ်းသာများကိုလည်း ရရှိခံစားရတတ်သေးသည်သာတည်း။ သည်ထက်မက မဂ်ဖိုလ်နိဗ္ဗာန်တိုင်အောင်သော အကျိုးများကိုပင် ရရှိပေသည်ဟူ၍ ယုံကြည်ကြဖို့ပေါ့နော်။

အဲ... ဤကဲ့သို့ ငါးပါးသီလ၏ အပြစ်အကျိုးများကို သေချာကျန သိရှိကြပြီးသည့်အတိုင်း အပြစ်လွတ်ကင်း ချမ်းသာခြင်း သုခအမျိုးမျိုးတို့ကို လိုလားတောင့်တကြကုန်သော သူတော်စင်အပေါင်းတို့သည် ငါးပါးသီလကို ကျူးလွန်ခြင်းမှ ဝေးစွာရှောင်ကြဉ် ကြည်လင်ရွှင်ပျ ဖြည့်ကျင့်နိုင်ကြသည်ဖြစ်၍ နိဗ္ဗာန်သို့ ရောက်ရှိသည်တိုင်အောင် လောကီ, လောကုတ္တရာ မင်္ဂလာသုခအဝဝတို့ကို လွယ်ကူစွာ ရရှိခံစားနိုင်ကြပါစေသတည်း။

# သီလပစ်က ဒုက္ခပြ တရားတော်

ယနေ့ သီလဆောက်တည်ရန် ရောက်လာကြကုန်သော သူတော်စင် ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့ သီလကိုပစ်ပယ်လျှင်လည်း ဘယ်လိုဒုက္ခဖြစ်ရသလဲ ဆိုတာကို တင်ပြရလျှင်တော့...

ရှေးအခါက အိမ်ရှင်မတစ်ယောက်သည် မိမိအိမ် ရောက်လာသော ဧည့်သည်များအတွက် ချက်ဖို့ရာ ဟင်းလျာ အဆင်သင့်မရှိသောကြောင့် အိမ်မှာ မွေးထားသည့် သိုးမကလေး တစ်ကောင်ကို သတ်၍ ချက်ကာ ကျွေးရသည့်အတွက်ကြောင့် သေသည့်အခါ ထိုသိုးမကလေး၏ အမွေးပင် အရေအတွက်နှင့်အမျှ နှစ်ပေါင်းများစွာကြာအောင် ငရဲမှာ ကျခံခဲ့ရတယ်။ ငရဲမှလွတ်သည့်အခါလည်း ဘဝပေါင်းများစွာ သူတစ်ပါး အသတ်ခံရ၍ သေခဲ့ရလေတယ်တဲ့။

ရှေးအခါက ဈေးသည်မ လေးယောက်တို့သည် အလေးချိန်ခွင် စဉ်းလဲခြင်း၊ ခိုးခြင်း အစရှိသည်ဖြင့် ပစ္စည်းများ စုဆောင်း ရှာကြံကြပြီးနောက် အရွယ်ကောင်းတုန်းမှာပင် သေကျေပျက်စီးကြ၍ ပြိတ္တာများ ဖြစ်နေကြလေရာ မိမိတို့၏ရှေးဟောင်းနှောင်းဖြစ်များကို မြင်ကြရရုံသာမက ကျန်ရစ်သော ယောကျ်ားများက နောက်မယား ယူကြပြီးလျှင် မိမိတို့ စုဆောင်းထားခဲ့ရသော ပစ္စည်းဥစ္စာတွေကို သုံးဖြုန်းနေကြတာ တွေ့ကြ၍ မခံနိုင်ကြသောကြောင့် "ငါတ တရားရော, မတရားရော စုဆောင်းရှာဖွေထားခဲ့တဲ့ ပစ္စည်းတွေကို နောက်သား နောက်မယားတွေ အပင်းဆို့နေကြပြီဟဲ့၊

ငါတို့တော့ ဒုက္ခရောက်ကုန်ကြပြီ”ဟု မြို့ရိုးပေါ်ကနေပြီး ဟစ်အော်နေကြ ရရှာလေသတဲ့။

ရှေးအခါက ရှင်အာနန္ဒာ အလောင်းတော်သည် ရွှေပန်းထိမ်သည်၏ သားကလေးဖြစ်ရစဉ် လူတေ, လူလည်တို့နှင့် ပေါင်းမိ၍ ကာမေသု မိစ္ဆာစာရအမှုကို ကျူးလွန်မိခဲ့လေတယ်။

ထိုကဲ့သို့ ကာမေသုမိစ္ဆာစာရကို ကျူးလွန်မိခြင်းကြောင့် ရောရုဝငရဲ၌ နှစ်ပေါင်းများစွာ ကျခံခဲ့ပြီးနောက် လွတ်မြောက်လာသည့်အခါမှာ မျောက် ဖြစ်လာရ၍ ဝှေးစေ့ကို ကိုက်ဖောက်ခြင်း ခံခဲ့ရပါတယ်။ ထိုနောက်ဘဝ၌ နွားဖြစ်လာ၍ ဝှေးစေ့ သင်းကွပ်ခြင်း ခံခဲ့ရပါတယ်။ ထိုနောက်ဘဝ လူဖြစ်လာရသော်လည်း ယောကျ်ားမဟုတ် မိန်းမ မဟုတ် ပဏ္ဍုက်ဖြစ်ရ ပါတယ်။ ထို့နောက် ငါးဘဝတိုင်တိုင် ကာမေသုမိစ္ဆာစာရ အတွက်ကြောင့် နတ်သမီးဖြစ်ခဲ့ရတယ်။ ထိုနောက်မှ လူ့ပြည်မှာ ဘုရင့်သမီးတော် တစ်ကြိမ် ဖြစ်ခဲ့ရပြန်လေတယ်။ ထိုနောက်မှ ယောကျ်ား ပြန်၍ဖြစ်ရရှာလေတယ်တဲ့။

ဤသို့လျှင် ပါရမီတော် ရင့်မာပြီးသူဖြစ်သော်လည်း ကျူးလွန်မိသော ကာမေသုမိစ္ဆာစာရ အတွက်ကြောင့် အောက်တန်းစားဖြစ်ရရုံမျှမက ငရဲပင် ကျရောက်ရရှာလေတယ်တဲ့။ ကြောက်ရွံ့ကာ ရှောင်ကြဉ်ကြဖို့ပေါ့နော်။

ဤကမ္ဘာ၏ အစနားဆီက စေတိယပြည်ဝယ် ဥပဝရ ခေါ်သော စေတီယမင်းသည်–

၁။ ကောင်းကင်ပျံနိုင်ခြင်း။

၂။ နတ်သားလေးယောက်သက်တော်စောင့်ရခြင်း။

၃။ ကိုယ်မှ စန္ဒကူးနံ့ မွှေးကြိုင်ခြင်း။

၄။ ခံတွင်းမှ ကြာညိုနံ့မွှေးကြိုင်ခြင်း

ဟူသော တန်ခိုးလေးပါးနှင့် ပြည့်စုံပေတယ်။ ထိုအခါ တက္ကသိုလ် ပညာသင်ဘက် ကောရကလမ္ဗ ခေါ်သော ပုရောဟိတ် ပုဏ္ဏားကြီး၏ ညီတစ်ယောက်နှင့် မိတ်ဆွေဖြစ်ခဲ့သည့်အလျောက် မိမိဘုရင်ဖြစ်လျှင် မိတ်ဆွေ ကောရကလမ္ဗအား ပုရောဟိတ် ရာထူးကိုပေးမည်ဟု တာဝန်ခံ ချက်ရှိသည့်အတိုင်း မိမိ ဘုရင်ဖြစ်လာတဲ့အခါ ကောရကလမ္ဗကို ပုရောဟိတ် ရာထူး ပေးလိုက်သော်လည်း ပုရောဟိတ်ဟောင်းကို ရာထူးမှ မချနိုင်ပေတဲ့။

ပုရောဟိတ်ပောင်းကား မိမိသားကို ရာထူးလွှဲခဲ့၍ ရသေ့ရဟန်း ပြုသွားခဲ့လေတယ်။ ကောရကလမ္ဗသည် နောင်တော် လက်တွင်းရှိသော ရာထူးကို လိုချင်သောလည်း လုယူ၍မရသောကြောင့် အခက်ကြုံရလေတယ်။

တစ်နေ့မှာ သူငယ်ချင်းဘုရင် စေတိယမင်းနှင့် တိုင်ပင်ကြရာ ပုရောဟိတ်ရာထူး ရဖို့အရေးမှာ နောင်တော် ပုရောဟိတ်ပောင်းကို ညီငယ်ဖြစ်အောင် လိမ်၍မုသားပြောရန် သဘောတူညီချက် ရကြလေတယ်။

သို့တိုင်ပင်ကြသည့်အတိုင်း ခုနစ်ရက်မြောက်သောနေ့မှာ မုသား ပြောမည်ဟု ရသေ့ကြီး ကြားတာနှင့် ဘုရင့်ထံ လာရောက်မေးမြန်းရာ ဘုရင်က ကြားတိုင်း ဟုတ်မှန်ကြောင်း၊ ကောရကလမ္ဗက အကြီးဖြစ်၍ သင်ရသေ့က အငယ်ဖြစ်ကြောင်း ပြောလေတယ်။ ထိုသို့ မုသားပြောဆို လိုက်သည်နှင့် တစ်ပြိုင်နက် ယခင်က မိမိမှာရှိသော တန်ခိုးလေးပါး ပျောက်ကွယ်သွားကြလေတယ်တဲ့။

ဒုတိယအကြိမ် မုသားပြောတဲ့အခါ ခြေမျက်စိရောက်အောင် မြေမျို ပါတယ်။ ထိုနည်းအတူ ရသေ့က သနား၍ မုသားမပြောရန် တားသော်လည်း နားမထောင်ဘဲ မုသား ခုနစ်ကြိမ် ပြောလိုက်လေရာ တတိယအကြိမ် ဒူးဆစ်ထိအောင် မြေမျိုတယ်။ စတုတ္ထအကြိမ် ခါးထိမျိုတယ်။ ပဉ္စမအကြိမ် ချက်ထိအောင် မျိုတယ်။ ဆဋ္ဌမအကြိမ် သားမြတ်ထိအောင် မျိုပါတယ်။ သတ္တမ ခုနစ်ကြိမ်မြောက် မုသားပြောတဲ့အခါမှာ အဝီစိမှ မီးလျှံများတက်လာ၍ အားလုံးကုန်မျိုကာ အဝီစိငရဲကြီးသို့ ကျရောက် ခံစားရရှာလေတယ်တဲ့။ ဘယ်လောက် ကြောက်စရာကောင်းသလဲဆိုတာ စဉ်းစားပြီး ကြောက်ရွံ့ကာ မုသားပြောဆိုမှုမှ ရှောင်ကြဉ်ကြဖို့ပေါ့နော်။

ရှေးအခါက ဘုရင်တစ်ပါးသည် အရက်မူးပြီးနေခိုက် အသားဟင်း မပါသော ပွဲတော်ကို ဆက်သလာသဖြင့် စိတ်ဆိုးကာ မိမိရင်ခွင်မှာ ချီနေသော သားချစ်ကလေးကို ကိုယ်တိုင်သတ်ဖြတ်၍ ဟင်းလျာ အချက် ခိုင်းပြီး စားသောက်ဖူးလေသည်။ နံနက်လင်း အရက်မူးပြေမှ ကိုယ့်ရင်သွေး သားချစ်ကို သတ်၍ ချက်စားမိကြောင်း သိရကာ ယူကျုံးမရ ဆင်းရဲဒုက္ခ ရောက်ရဖူးသတဲ့။

ဒေဝဒတ်, ယသောဓရာတို့၏ ဖခင်လည်းဖြစ်၊ ဘုရားရှင်၏ ဦးရီးတော်လည်းဖြစ်၊ ယောက္ခမလည်းဖြစ်သော သုပ္ပဗုဒ္ဓမင်းကြီးသည် ဘုရားရှင်ဆွမ်းစားသွားရာလမ်းကို အရက်မူးပြီး ပိတ်ပင် တားမြစ်မိသောကြောင့် ခုနစ်ရက်အတွင်းမှာပဲ မြေမျို၍ အဝီစိငရဲကြီးသို့ ကျခံရဖူးလေတယ်တဲ့။ ထိုကြောင့် ထန်းရည်, အရက်သောက်စား မူးယစ်ခြင်းကို အပြစ်ကြောက်ကာ ရှောင်ကြဖို့ပေါ့နော်။

အဲ... ယခုပြခဲ့သော စကားစဉ်များမှာ အမြွက်မျှသာ ဖြစ်ပေတယ်။ ငါးပါးသီလ ကျူးလွန်မှုကြောင့် အပြစ်ခံရသောသူများကား ရေတွက်မရများပြားလှပေတယ်။ ထိုကဲ့သို့ ငါးပါးသီလ၏ အပြစ်ကြီးလေးပုံကို ဉာဏ်ဝယ်ထင်မြင် ဆင်ခြင်နိုင်ကြ၍ ငါးပါးသီလမှု ကျူးလွန်ခြင်းမှ ရှောင်ကြဉ်နိုင်ကြပါစေသတည်း။

# သီလလုံခြုံ အကျိုးထူး တရားတော်

ယနေ့ သီလဆောက်တည်ရန် ရောက်လာကြကုန်သော သူတော်စင် ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့ သီလ လုံခြုံလျှင် ဘယ်လို အကျိုးထူးသလဲဆိုတော့ . . .

မြောက်ကျွန်းသူ၊ မြောက်ကျွန်းသားများသည် ငါးပါးသီလကို အမြဲတမ်းလုံခြုံကြလေတယ်။ အကြီးအငယ် ဘယ်သူ တစ်ဦးတစ်ယောက်မျှ ငါးပါးသီလကို ချိုးဖောက်လေ့ မရှိကြဘူးတဲ့နော်။

ထို့ကြောင့် မြောက်ကျွန်းသူ၊ မြောက်ကျွန်းသားများမှာ အသက် (၁၀၀၀)တန်းမှ မယုတ်လျော့ကြဘဲ အသက်တစ်ထောင်ကြာမှ သေကျေပျက်စီးကြလေတယ်တဲ့။ ထိုအပြင် မြောက်ကျွန်းမှ သေကျေပျက်စီးကြရသေ သူများမှာ အပါယ်လေးဘုံသို့ ကျရောက်ဆင်းရဲခြင်း မရှိကြဘဲ လူ့ဘုံ, နတ်ဘုံစသည့် ချမ်းသာရာ ဘုံတို့၌သာ ဖြစ်လေ့ရှိကြလေတယ်တဲ့။

ပဒေသာပင်များမှ လိုသမျှ အစားအသောက်၊ အဝတ် စသည် အစုံအလင် ဆွတ်ခူး သုံးစွဲနေကြရသည် အတွက်ကြောင့် မြောက်ကျွန်းသူ မြောက်ကျွန်းသားများသည် ပစ္စည်းဥစ္စာများ၌ ခင်တွယ်စွဲလမ်းမှု လောဘ တရားများလည်း အလွန်နည်းပါးကြလေတယ်တဲ့။

ပစ္စည်းဥစ္စာ စွဲလမ်းခင်တွယ်မှုကင်းပုံမှာ မြောက်ကျွန်းသူ ကျွန်းသား များသည် ယောကျ်ားတစ်သန့် မိန်းမတစ်သန့် ခွဲခြား၍ အုပ်စုလိုက် နေကြသည်ဖြစ်ရာ ရေချိုးတဲ့အခါ မြစ်,ချောင်း စသည်များတွင် ဆင်း၍

ချီးကြသောအခါ ရေလဲစသည် မထားကြဘဲ ဝတ်ထားသော လုံချည် အကျီ စသည်များကို ချွတ်ပုံထားကာ ချီးလေ့ရှိကြလေတယ်တဲ့။

ရေချိုးပြီး၍တက်ကြတဲ့အခါ အဝတ်များကို ဝတ်ရာ၌လည်း သူ့ဟာ ကိုယ့်ဟာပဲ စသည်ဖြင့် ခွဲခြားမှုမရှိကြတော့ဘဲ အရင်တက်သူက အထက် ဆုံးက လုံချည် အကျီကိုသာ ဝတ်ရုံလေ့ရှိကြသတဲ့။ နောက်တက်လာသူများ ကလည်း အပေါ်ဆုံးက အဝတ်ကိုသာ ဝတ်ပြီး အောက်အောက်အဝတ် များကို ရွေးချယ်လေ့မရှိကြဘူးတဲ့နော်။ ဒါကြောင့် မြောက်ကျွန်းများမှာ ဥစ္စာပစ္စည်းလုမှု၊ ခိုးမှု မရှိကြသည့်အတွက် တရားရုံးများ၊ ခရိုင်ဝန်၊ ရဲဝန်၊ ရဲမှူး၊ ရဲကြပ်၊ ရဲသား စသည်ဖြင့် ဘာမှမရှိကြဘူးတဲ့နော်။

ဦးပဥ္စင်းတို့ တောင်ကျွန်းဆီမှာဖြင့် ပုံထားတဲ့ပစ္စည်းကို မဆိုထားနှင့်၊ အိမ်ထဲ တိုက်ထဲမှာ သိမ်းထားသည့် ဥစ္စာပစ္စည်းများကိုပင် ခိုးတိုက်လုယူလေ့ ရှိကြပေတယ်။ ဒါကြောင့်လည်း တောင်ကျွန်းမှာ အစိုးရတွေ၊ ဥပဒေပုဒ်မ တွေဟာ မရေတွက်နိုင်အောင် ရှုပ်ထွေးများပြားပြီးတော့ ရုံးတွေ၊ ထောင်တွေ၊ အချုပ်ခန်းတွေ စသည်ဖြင့် အမျိုးမျိုး ထားရသည့်အပြင် ဖမ်းလား၊ ဆီးလား၊ ချုပ်လား၊ ရိုက်နှက်စစ်ကြောလား၊ ထောင်ချလား၊ သတ်ဖြတ်လား စသည်ဖြင့် ဆင်းရဲဒုက္ခ အမျိုးမျိုးတို့ကို တွေ့ရှိခံစားပြီး နေကြရပေတယ်နော်။

မြောက်ကျွန်းများ၌ သစ်သီး၊ သစ်ပွင့်၊ သစ်ရွက် စသည်များလည်း အလွန်သြဇာအဆီအနှစ် ပြည့်ဝသည့်အတွက်ကြောင့် သစ်သီးတစ်လုံး လောက် တစ်ကြိမ်လောက် စားထားလျှင် ခုနစ်ရက်လောက် မစားဘဲ နေနိုင်သည့်အတွက်ကြောင့် စားရေးသောက်ရေးအတွက်လည်း တယ်ပြီး ပူပန်မှု၊ ရှာကြံမှု မရှိကြတော့ဘဲ အေးအေးဆေးဆေး နေထိုင်ကြလေတယ်တဲ့။

ဦးပဥ္စင်းတို့ တောင်ကျွန်းမှာတော့ဖြင့် တစ်နေ့ သုံးခါလောက် စားတာတောင် ကြားထဲမှာ ဆာကြသေးတယ်နော်။ ဒါကြောင့်လည်း အစားအသောက်အတွက် နေ့ညမနား ရှာကြံစုဆောင်းရခြင်းဆိုတဲ့ ဒုက္ခတွေ အမျိုးမျိုးတို့ကို တွေ့ကြုံရလေတယ်တဲ့နော်။

တစ်ခါတစ်ခါလည်း စားသောက်မှုအတွက် မလုံလောက်ဘာနှင့် ခိုးရ, ဝှက်ရ, လိမ်ရ, ညာရ, ညစ်ရ, လုရ, တိုက်ရခြင်း စသည်ဖြင့် အကုသိုလ်မှုတွေကို ကျူးလွန်မိကြသည့် အတွက်ကြောင့် ထောင်ကျခံရ၊

အသတ်ခံရ၊ ငရဲကျရ၊ ပြိတ္တာဖြစ်ရခြင်း အစရှိတဲ့ ဆင်းရဲဒုက္ခအမျိုးမျိုးတို့ကို တွေ့ကြုံ ခံစားကြရလေတယ်။

မြောက်ကျွန်းသူများမှာ သားမွေးခြင်းကိစ္စများကိုလည်း ခဲခဲယဉ်းယဉ်း မပြုလုပ်ကြရဘဲ အချိန်တန်လျှင် ရောက်ရာနေရာမှာပဲ မွေးဖွားပြီး ထိုမွေးဖွားတဲ့နေရာမှာပဲ ပစ်စွန့်ထားခဲ့ကြလေတယ်တဲ့။ တောင်ကျွန်းမှာလို နို့တိုက် ထိန်းသိမ်း မွေးမြူလေ့မရှိကြဘူးတဲ့။ ပစ်ထားခဲ့သော ကလေးများကလည်း မိမိတို့ကံအားလျော်စွာ နို့ဆာခြင်းမရှိတော့ဘဲ မြင်သူယောက်ျား မိန်းမများက လက်ညှိုးကလေး ပါးစပ်ထဲ ထည့်လိုက်လျှင် ကလေးများ၏ ကုသိုလ်စွမ်း၊ လူကြီးများ၏ မေတ္တာအစွမ်း သတ္တိကြောင့် လက်ညှိုးများမှ နို့ရည်များ အလိုလို ထွက်ရလေတယ်တဲ့နော်။

ဦးပဥ္ဇင်းတို့ တောင်ကျွန်းမှာဖြင့် ကလေးများဟာ ရောဂါကလည်း ပေါလိုက်တာ၊ ဆေးတိုက်ရ၊ ဆေးထိုးရ၊ ဒီအထဲကပဲ သေကြရနဲ့ မိဘများကလည်း ဘယ်လောက် မေတ္တာကြီးသလဲ ဆိုတာလေ လက်ညှိုးက မပြောနဲ့ နို့ကလည်း နို့ရည်မထွက်လွန်းလို့ နို့ဘူးဝယ်ပြီး ဆိတ်နို့ နွားနို့များ တိုက်လိုက်ကြရတာ မပြောပါနှင့်တော့။

ပြီးတော့ မြောက်ကျွန်းသူ မြောက်ကျွန်းသားများမှာ ဆွေမျိုးသားချင်း ထဲက တစ်ဦးတစ်ယောက် ပျက်စီးသွားလျှင် စိုးရိမ်ပူဆွေး ငိုကြွေးမှု မရှိကြဘဲ သေသူ၏အလောင်းကို အဝတ်အစားသစ်များ ဝတ်ဆင်ပြီးလျှင် ကြည်သာရွှင်ပျ နေထိုင်လေ့ ရှိကြလေတယ်တဲ့။ ထိုကဲ့သို့ အလောင်းကောင် ကြီးကို အဝတ်အစားသစ်များ ဆင်ပြင်ပြီး ထားတဲ့အခါမှာ လူများ၏ ကုသိုလ်ကံအလျောက် ငှက်ဆင်ကြီးများက လာရောက်ကာ အလောင်း ကောင်များကို ချီဆောင်၍ လူသူမနေထိုင်သော တောတောင် ချောက်ကြား များဆီသို့ ပစ်စွန့်လေ့ရှိကြသတဲ့နော်။

သူတို့ကျွန်းရဲ့ မသာချနည်းများ တယ်သန့်ရှင်းကြပေတယ်။ ဦးပဥ္ဇင်းတို့ တောင်ကျွန်းမှာဖြင့် လူတစ်ယောက်သေလျှင် ခေါင်းစပ်ရ၊ တလားပြာသာဒ် လုပ်ရ၊ ငှားရ၊ ခုတင်ဆင်ရ၊ ပြင်ရနှင့် ရှုပ်လို့ပဲ။ ဒါတင်မကသေးဘူး၊ မသာတစ်လောင်း သေလျှင် မသာကို အကြောင်းပြုပြီး ဖဲဝိုင်းထောင်ရ၊ ကက်ဝိုင်းထောင်ရ ရှုပ်ပွေလို့ပေါ့နော်။

ကောင်းတဲ့ဘက်ကလည်း ဘုန်းကြီးပင့်ရ၊ သပိတ်သွတ်ရ၊ တရားနာရ၊ ဆွမ်းစီစဉ်ရနှင့် ရှုပ်လို့ပွေလို့ပေါ့နော်။

အဲ...ယခုပြခဲ့တဲ့အတိုင်း မြောက်ကျွန်းသူ မြောက်ကျွန်းသားတို့၏ ငါးပါးသီလလုံခြုံမှုကြောင့် အသက်တမ်း၏ တက်ကျမရှိ တည်တံ့ခြင်း၊ အပါယ်မကျခြင်း၊ အစားအသောက် ချမ်းသာခြင်း၊ အချင်းချင်း မေတ္တာရှိခြင်းစသော အကျိုးများကို ဆင်ခြင် သိရှိကြကာ ငါးပါးသီလများကို မကျိုးမပေါက်အောင် စောင့်ရှောက်နိုင်ကြပါစေသတည်း။

## အရှင်ဉာဏာဝရ(သာပေါင်း)

### စီစဉ်ထုတ်ဝေစုစည်းပူဇော်သောစာအုပ်များ

| | | |
|---|---|---|
| ၁။ | ဂုဏ်ယူထိုက်သူတို့၏ မှတ်သားစရာရွှေစကား | (ထွက်ပြီး) |
| ၂။ | ယနေ့ရဲ့ မနက်ဖြန် | (ထွက်ပြီး) |
| ၃။ | စိတ်ကြိုက်ဓမ္မရသတရားတော်များ(၁-၂) | (ထွက်ပြီး) |
| ၄။ | ဓမ္မလက်ရွေးစင်တရားတော်များ (ပ-ဒု-တွဲ) | (ထွက်ပြီး) |
| ၅။ | ကြိုက်ရာရွေးသုံးအမြတ်ဆုံးတရားတော်များ(၁) | (ထွက်ပြီး) |
| ၆။ | ကြိုက်ရာရွေးသုံးအမြတ်ဆုံးတရားတော်များ(၂) | (စီစဉ်ဆဲ) |
| ၇။ | ကြိုက်ရာရွေးသုံးအမြတ်ဆုံးတရားတော်များ(၃) | (စီစဉ်ဆဲ) |
| ၈။ | စိတ်ကြိုက်ဓမ္မရသတရားတော်များပေါင်းချုပ် | (စီစဉ်ဆဲ) |
| ၉။ | တရားဆိုတိုမှလက်ရွေးစင်တရားတော်များ | (ယခု) |
| ၁၀။ | ငါးပွင့်တစ်ခိုင် တရားမြိုင် လက်ရွေးစင် တရားတော်များ | (စီစဉ်ဆဲ) |
| ၁၁။ | မေတ္တာမှန်သော မြတ်ဆရာ | (စီစဉ်ဆဲ) |
| ၁၂။ | လူငယ့်အားမာန်လမ်းညွှန်သံ | (စီစဉ်ဆဲ) |
| ၁၃။ | ဗုဒ္ဓစာပေလော နတ်ဒေဝီများ | (စီစဉ်ဆဲ) |

# သီလစွမ်းအင် နိဗ္ဗာန်မြင် တရားတော်

ယနေ့ သီလ ဆောက်တည်ရန် ရောက်လာကြကုန်သော သူတော်စင် ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့ သီလစောင့်တဲ့ သီလစွမ်းအင်ဟာ ဘယ်လောက်အထိ စွမ်းအားကြီးသလဲ ဆိုတော့...

ဤကမ္ဘာမှ ပြန်၍ရေသည်ရှိသော် တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ထက်ကာလ အနောမဒဿီ ရှင်တော်မြတ်ဘုရား လက်ထက်တော်၌ စန္ဒဝတီမြို့မှာ စာရင်းငှားအလုပ်ကို ပြုလုပ်ကာ အသက်မွေးမြူရသော ဆင်းရဲသားတစ်ယောက်သည် အနောမဒဿီရှင်တော်ဘုရား၏ တပည့် သာဝကဖြစ်သော နိသဘမထေရ်မြတ်၏ အထံဝယ် လှူဖွယ်ဝတ္ထုများကို မလှူဒါန်းနိုင်သည့်အတွက် ငါးပါးသီလကိုသာ ခံယူကာ အနှစ် တစ်သိန်း တိုင်တိုင် စောင့်ထိန်းခဲ့လေတယ်တဲ့။

ထိုသူဆင်းရဲ သေကာနီးမှာ တာဝတိံသာနတ်ပြည်မှ နတ်မြင်း တစ်ထောင်ကသော နတ်ရထားကြီး ဆိုက်ရောက်လာ၍ တာဝတိံသာ နတ်ပြည်သို့ ခေါ်ဆောင်သွားလေတယ်တဲ့။ ထိုဆင်းရဲသားလည်း တာဝတိံသာ နတ်စည်းစိမ်ကို ခံစားရ၍ အပေါင်းအဖော် နတ်သမီးများနှင့် ပျော်၍မဆုံး တပြုံးပြုံး နေထိုင်ရလေတယ်တဲ့။

ထိုနည်းအတိုင်း တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး အပါယ်ဆင်းရဲများနှင့် မတွေ့ရှိ မကျခံရဘဲ လူ့ဘုံနတ်ဘုံတို့၌ ချမ်းသာစုံတို့ကို ခံစားခဲ့ရသည်မှာ ရေတွက်မရ များပြားလှပေတယ်။ တခြားချမ်းသာများကို

အပထား၍ ထင်ရှားသော ချမ်းသာများပင် နတ်သိကြားမင်းအဖြစ် အကြိမ်သုံးဆယ်၊ စကြာမင်းအဖြစ်ကား အကြိမ် ခုနစ်ဆယ့်ငါးကြိမ်၊ ပဒေသရာဇ်၊ ကောရာဇ်မင်းအဖြစ်တို့ကား မရေတွက်နိုင်အောင်ပင် ခံစားခဲ့ရ၍ နောက်ဆုံးဘဝ၌ နတ်ပြည်မှစုတေခဲ့၍ ဝေသာလီပြည်ဝယ် ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာသော သူဌေးသားဖြစ်လာ၍ ဝါဆိုခါနီး မိဘများ၏ ငါးပါးသီလဆောက် တည်သံကို ကြားရသည်နှင့် တစ်ပြိုင်တည်း မိမိရှေးက ဆောက်တည်ခဲ့သော ငါးပါးသီလကို အမှတ်ရလာကာ တစ်နေရာမှာ ထိုင်ပြီးဆင်ခြင်စဉ်းစားလျက် အာသဝေါကုန်ခန်း ရဟန္တာ ဖြစ်ရလေတယ်တဲ့။

ထိုအခါမှာ ငါးနှစ်သားအရွယ်သာ ရှိသေးသည်ဖြစ်လေရာ ရှင်တော်မြတ်ဘုရားက ရဟန်းပြု၍ပေးလိုက်သည့် အတွက်ကြောင့် ငါးနှစ်သားအရွယ်ကပဲ ပဋိသမ္ဘိဒါလေးပါး သမာပတ်ရှစ်ပါး အဘိညာဉ်ခြောက်ပါးနှင့်တကွ အာသဝေါကုန်ခန်း ရဟန္တာအဖြစ်ကို ရရှိ၍ မိမိ၏ အကြောင်းအရာကို ဂါထာပေါင်း များစွာဖြင့် ဥဒါန်းတင်ခဲ့ကာ နိဗ္ဗာန်ရွှေပြည်မြတ်သို့ ကြွမြန်းစံပျော်တော် မူရလေတယ်တဲ့။ ထိုမထေရ်မြတ် ဟောတော်မူခဲ့သော ဂါထာအများအပြားပင် ဖြစ်သော်လည်း ဂါထာတစ်ပုဒ်မျှကို အောက်ပါအတိုင်းထုတ်ပြလိုက်ရပေတယ်နော်။

**အပရိမေယျေ ကပ္ပတောကမ္မေ၊ ပဥ္စသီလာနိ ဂေါပယိံ။**
**ဒုဂ္ဂတိံ နာဘိ, ဇာနာမိ၊ ပဥ္စသီလာနိဒံ ဖလံ။**

**ကပ္ပတော၊** ဘဒ္ဒမည်သာ ဤငါတို့ကမ္ဘာမှ။ **အပရိမေယျေ ကမ္မေ၊** ရေတွက်မရ များပြားလှစွာ တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းမျှသော အခါကာလ၌။ **အဟံ၊** ပဥ္စသီလာ သမာဒါနိယ–နာမတွင်ခေါ် ငါမထေရ်ကျော်သည်။ **ပဥ္စသီလာနိ၊** ငါးပါးသီလတော်မြတ်တို့ကို။ **ဂေါပယိံ၊** အနှစ်တစ်သိန်းကာလကြာအောင် ကြည်သာရွှင်ပျ စောင့်ထိန်း ဆောက်တည်ခဲ့ရလေပြီ။ **တေနကမ္မေန၊** ထိုကဲ့သို့ ငါးပါးပဥ္စသီ ဆောက်တည်ပါရ မြတ်ပုညကြောင့်။ **ဒုဂ္ဂတိံ၊** ဆင်းရဲကြီးလှ ဒုဂ္ဂတိဘဝကို။ **နာဘိဇာနာမိ၊** တစ်ခေါက်တစ်ခါမျှ မလာရောက် မတွေ့ရှိခဲ့ ဖူးပေ။ **ကပ္ပံ၊** ဤကဲ့သို့ တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလ ပတ်လုံး အပါယ်လေးပါးသို့ မကျမရောက် မတွေ့ရှိရဘဲ

လူနတ်တို့၏ ချမ်းသာစုံကို ခံစားကာ ခေမာသောင်ကမ်း နိဗ္ဗာန်နန်းသို့ စံမြန်းရခြင်းသည်။ **ပဥ္စသီလာနိ၊** တစ်ကြိမ် တစ်ခါမျှ ဆောက်တည် စောင့်ထိန်းခဲ့ရသော ငါးပါးသတ်မှတ် သီလတော်မြတ်တို့၏။ **ဖလံ၊** အကျိုးထူးစင်စစ် အမှန်ပင် ဖြစ်ပါပေသတည်း။

ယခု ရွတ်ဆိုခဲ့သော ဂါထာ၏အဓိပ္ပာယ်မှာ ရှေ့နားက ပြခဲ့တဲ့အတိုင်း ပါပဲ။ ငါးပါးသီလကို တစ်ကြိမ်မျှ ဆောက်တည် စောင့်ရှောက်ခဲ့ရသော ကောင်းမှုကြောင့် တစ်သချေ်နှင့်ကမ္ဘာ တစ်သိန်းတို့ကာလပတ်လုံး အပါယ် မကျရဘဲ လူနတ်တို့၏ ချမ်းသာများကို ခံစံရပြီးနောက် ရဟန္တာဖြစ်ရကာ နိဗ္ဗာန်သို့ ရောက်ရကြောင်းကို သိစေလိုရင်းပေါ့နော်။

ကဲ... ယခု ပြဆိုခဲ့ပြီးသော ဝတ္ထုဒေသနာတော်အရ ငါးပါးသီလ၏ အကျိုးကြီးမြတ်ပုံကို သိရှိနားလည်ကြ၍ ရှိသေလေးစား ယုံကြည်သော သဒ္ဓါတရားဖြင့် ငါးပါးသီလ စသည်များကို မကျိုး မပေါက်ရအောင် စောင့်ထိန်းနိုင်ကြကာ မဂ်ဖိုလ်ဉာဏ် ရောင်အလင်းဖြင့် နိဗ္ဗာန်တည်းဟူသော ရွှေပြည် မြတ် အတွင်းသို့ ချဉ်းနင်းဝင်ရောက်စံပျော်တော် မူနိုင်ကြပါစေ သတည်း။

# သံသရာဝဋ်တွင်း လွတ်ကင်းအောင် တရားတော်

ယနေ့ စုဝေးညီညာ ရောက်ရှိလာကြကုန်သော သူတော်စင် ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့၊ သံသရာဝဋ်တွင်းမှာ ဘယ်လို လွတ်ကင်းအောင် လုပ်ကြမလဲ ဆိုတော့–

**ဒါနတော ဘောဂဝါ ဟောတိ၊ သီလတော ပနသုခိတာ။**
**ဘာဝနာတော စ ပညဝါ၊ ပဏ္ဍိတာ ယာဝ ခေမိကာ။**

**ဒါနတော၊** သဒ္ဓါကြည်ဖြူ ပေးလှူပါရ မြတ်ဒါနကြောင့်။ **ဘောဂဝါ၊** နိဗ္ဗာန်မရမီ လူနတ်ပြည်တို့၌ အလီလီ အဝဝ ဘောဂရိပ်ငြိမ် စည်းစိမ်ဥစ္စာ အမြှာမြှာတို့ကို လိုဘောစစ ရရှိထင်လင်း ပေါများချမ်းသာရခြင်းသည်။ **ဟောတိ၊** မုချစင်စစ် မလစ်ပုံသေ ဖြစ်နိုင်ပါပေ၏။ **သီလတော ပန၊** ငါး, ရှစ်, ကိုး, ဆယ် အသွယ်သွယ် အဝဝ ကျင့်ဝတ် သီလကြောင့်ကား။ **သုခိတာ၊** နိဗ္ဗာန်မရောက်မီ ထိုဤများလှ ဘုံဘဝတိုင်းတို့၌ ကိုယ်စိတ်နှစ်ဖြာ အေးကြည်သာ၍ ပူစရာကင်းရှင်း ချမ်းသာ ခြင်းကို ရရှိစေနိုင်သည်။ **ဟောတိ၊** ဖြစ်ပါပေသတည်း။ **ဘာဝနာတော စ၊** သမထ, ဝိပဿနာ, ဘာဝနာပေါင်းစု မြတ်ကောင်းမှုကြောင့်လည်း။ **ပညဝါ၊** လောကီ, လောကုတ္တရာ ဉာဏ်ပညာ အဝဝတို့ကို ရရှိထင်လင်း သိမြင်ရခြင်းသည်။ **ဟောတိ၊** မုချစင်စစ် မလစ်ပုံသေ ဖြစ်ပါပေသတည်း။ **ပဏ္ဍိတာ၊** ပဒေသရာမှန် မြတ်နိဗ္ဗာန်ရည်စူး၍ ကြည်နူးရွှင်ပျ လှူဒါန်းကျင့်ကြံ ကြိမ်ဖန်များလှ

ပွားများရှုဆင်ခြင်ရသော ဒါန, သီလ, ဘာဝနာပေါင်းစု အဖြာဖြာသော ပါရမီကောင်းမှု တို့သည်။ **ယာဝဓေမိကာ၊** ဘေးမသီ ရန်မခ အေးမြချမ်းသာ ခေမာသောင်ကမ်း နိဗ္ဗာန်နန်းသို့ စံမြန်း ဝင်ရောက်ရခြင်း အကျိုးရှိကုန်သည်။ **ယောဠ္ဌိ၊** မုချကေန် အမှန်စင်စစ် မလစ်ပုံသေ ဖြစ်ကြလေကုန်သတည်း။

ယခု ပြဆိုခဲ့ပြီးသော ဂါထာ၏ ဆိုလိုရင်းအဓိပ္ပာယ်မှာ–

✦ ***“ပေးလှူပါရ၊ မြတ်ဒါနကြောင့်၊ ဘဝတိုင်းဝယ်၊ ဥစ္စာကြွယ်၊ တင့်တယ် ချမ်းသာရာ”***

ဆိုတဲ့ လင်္ကာအတိုင်း သူတစ်ပါးတို့အား ကောင်းစားစေလိုသော စိတ်ထားဖြင့် စွန့်ကြဲပေးကမ်း လှူဒါန်းဆက်ကပ်ရသော ဒါနကုသိုလ်ကောင်းမှုသည် နိဗ္ဗာန်သို့ မရောက်သေးမီ ပါရမီဖြည့်ကျင့်စဉ်အကြား သံသရာဘုံ တစ်လွှားမှာ ရွှေ,ငွေ,ပတ္တမြား အစားစားသော ဥစ္စာပစ္စည်းများကို ရရှိပေါများကြွယ်ဝချမ်းသာကြသည်ဖြစ်၍ လူမင်းမိဖုရား, နတ်မင်းမိဖုရား သူဌေးသူကြွယ်ကုန်သည်သီးသီး မှူးကြီးမတ်ရာ သေနာပတိ အစရှိသော ချမ်းသာအမျိုးမျိုးတို့ကို ရရှိခံစားနိုင်ကြလေတယ်တဲ့။

✦ ***“စောင့်ထိန်းပါရ၊ မြတ်သီလကြောင့်၊ ဘဝတိုင်းဝယ်၊ ချမ်းသာကြွယ်၊ တင့်တယ်အေးမြရာ”***

ဆိုတဲ့ လင်္ကာအတိုင်း ငါးပါး, ရှစ်ပါး, ကိုးပါး, ဆယ်ပါး အစရှိတဲ့ ကျင့်ဝတ်သီလ ဖြူစင်ကြတဲ့ သူတော်စင်များမှာတော့ နိဗ္ဗာန်ရောက်ရသည် တိုင်အောင် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသုခရရှိကြသည်ဖြစ်၍ စိတ်လက် အေးချမ်း ဘေးအန္တရာယ်မရှိ တရားတည်းဟူသော ပီတိဖြင့် နေထိုင်ကြရလေတယ်တဲ့။ လောက မျက်မြင်အားဖြင့် တချို့ပုဂ္ဂိုလ်များမှာ ဒါန၏ အစွမ်းသတ္တိကြောင့် ဥစ္စာပစ္စည်းပေါများကြွယ်ဝကြသော်လည်း အေးချမ်းသာယာမှု တယ်မရှိကြဘဲ ဟိုအရေး ဒီအရေးကြောင့် ပူဆွေးသောက ရရှိကြလေတယ်။

ဒါဟာ သီလအကျင့်တရား၏ မပြည့်စုံမှုပေါ့နော်။ တချို့ပုဂ္ဂိုလ်များမှာတော့ ပစ္စည်းဥစ္စာ မကြွယ်ဝကြသော်လည်း ကိုယ်,စိတ် အေးချမ်းသာယာစွာ

နေထိုင်နိုင်ကြလေတယ်။ ဒါဟာ သီလ၏ စွမ်းအင်ပေါ့နော်။

✦ ***"သမထ ဝိပဿနာ၊ ဘာဝနာကြောင့်၊ ဘဝတိုင်းဝယ်၊ ပညာကြွယ်၊ တင့်တယ်မြင့်မြတ်ရာ"***

ဆိုတဲ့ လင်္ကာအတိုင်း သမထ, ဘာဝနာ, ဝိပဿနာ ဘာဝနာကို ပွားများကြတဲ့ သူများမှာတော့ နိဗ္ဗာန်ရောက်ရသည့် တိုင်အောင် လောကီ, လောကုတ္တရာ ဉာဏ်ပညာအမျိုးမျိုးတို့နှင့် ပြည့်ဖြိုး စုံလင်ရသည်ဖြစ်၍ တင့်တယ်ကျော်စောခြင်း ဆိုတဲ့ အကျိုးထူးများကို ရရှိနိုင်လေတယ်တဲ့။

✦ ***"နိဗ္ဗာန်တောင့်တ၊ ပြုလုပ်ကြမှု၊ ဝဋ်ဘဝခပ်သိမ်း။ ကင်းလွတ်ငြိမ်း။ အေးကိန်းဆိုက်နိုင်ပါ"***

ဆိုတဲ့ လင်္ကာအတိုင်း မဂ်,ဖိုလ်,နိဗ္ဗာန်ကို ရည်စူး၍ ပြုလုပ်ကြရသော ဒါန, သီလ, ဘာဝနာကောင်းမှုကုသိုလ်များကိုတော့ သံသရာ ဘုံဘဝတို့၌ သာမက အဆင့်ဆင့်အားဖြင့် မဂ်,ဖိုလ်,နိဗ္ဗာန်တိုင်အောင် ကောင်းကျိုးထူး များကို ဖြစ်ထွန်းစေနိုင်ကြလေတယ်တဲ့နော်။

ယခု ပြဆိုခဲ့တဲ့ ဂါထာ, လင်္ကာများအရ ဒါန, သီလ, ဘာဝနာတို့၏ အကျိုးစုံများကို သိရှိကြပြီး ဖြစ်သည့်အတိုင်း သံသရာဝဋ်အတွင်း၌သာ ချမ်းသာကို ရရှိ ခံစားရရုံမျှဖြင့် အားရနှစ်သိမ့်၍ မနေကြဘဲ နိဗ္ဗာန်ကို ရည်စူး၍ ဝိဝဋ္ဋနိဿိတ ဒါန, သီလ, ဘာဝနာဖြစ်အောင် ကြိုးစားနိုင်ကြသည် ဖြစ်၍ လိုလားသည့်အတိုင်းလည်း ရရှိခံစားနိုင်ကြပါစေဆိုတာ အထူးပဲ ဆုတောင်း တိုက်တွန်းလိုက်ရပေသတည်း။

နေထိုင်နိုင်ကြလေတယ်။ ဒါဟာ သီလ၏ စွမ်းအင်ပေါ့နော်။

✦ *"သမထ ဝိပဿနာ၊ ဘာဝနာကြောင့်၊ ဘဝတိုင်းဝယ်၊ ပညာကြွယ်၊ တင့်တယ်မြင့်မြတ်ရာ"*

ဆိုတဲ့ လင်္ကာအတိုင်း သမထ, ဘာဝနာ, ဝိပဿနာ ဘာဝနာကို ပွားများကြတဲ့ သူများမှာတော့ နိဗ္ဗာန်ရောက်ရသည့် တိုင်အောင် လောကီ, လောကုတ္တရာ ဉာဏ်ပညာအမျိုးမျိုးတို့နှင့် ပြည့်ဖြိုး စုံလင်ရသည်ဖြစ်၍ တင့်တယ်ကျော်စောခြင်း ဆိုတဲ့ အကျိုးထူးများကို ရရှိနိုင်လေတယ်တဲ့။

✦ *"နိဗ္ဗာန်တောင့်တ၊ ပြုလုပ်ကြမူ၊ ဝဋ်ဘဝခပ်သိမ်း။ ကင်းလွတ်ငြိမ်း။ အေးကိန်းဆိုက်နိုင်ပါ"*

ဆိုတဲ့ လင်္ကာအတိုင်း မဂ်,ဖိုလ်,နိဗ္ဗာန်ကို ရည်စူး၍ ပြုလုပ်ကြရသော ဒါန, သီလ, ဘာဝနာကောင်းမှုကုသိုလ်များကိုတော့ သံသရာ ဘုံဘဝတို့၌ သာမက အဆင့်ဆင့်အားဖြင့် မဂ်,ဖိုလ်,နိဗ္ဗာန်တိုင်အောင် ကောင်းကျိုးထူးများကို ဖြစ်ထွန်းစေနိုင်ကြလေတယ်တဲ့နော်။

ယခု ပြဆိုခဲ့တဲ့ ဂါထာ, လင်္ကာများအရ ဒါန, သီလ, ဘာဝနာတို့၏ အကျိုးစုံများကို သိရှိကြပြီး ဖြစ်သည့်အတိုင်း သံသရာဝဋ်အတွင်း၌သာ ချမ်းသာကို ရရှိ ခံစားရရုံမျှဖြင့် အားရနှစ်သိမ့်၍ မနေကြဘဲ နိဗ္ဗာန်ကို ရည်စူး၍ ဝိဝဋ္ဋနိဿိတ ဒါန, သီလ, ဘာဝနာဖြစ်အောင် ကြိုးစားနိုင်ကြသည် ဖြစ်၍ လိုလားသည့်အတိုင်းလည်း ရရှိခံစားနိုင်ကြပါစေဆိုတာ အထူးပဲ ဆုတောင်း တိုက်တွန်းလိုက်ရပေသတည်း။



အရှင်ဉာဏဝရ(သာပေါင်း)
စုစည်းပူဇော်သည်

သမားဆိုဒို့မှ သကြားဆိုချို့မှ

# တရားဆိုတို့မှ

ဆိုတဲ့ ......

# လက်ရွေးစင်

တရားတော်များ

